မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေ သတင်း - စာမျက်နှာ ၂

မြန်မာတိုင်း(မ်)
THE MYANMAR TIMES
ကျပ် ၃၀၀
သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင်
www.mmtimes.com
အတွဲ ၃၁၊ အမှတ် ၆၀၅ (၂၅ - ၃၁၊ ၁၊ ၂၀၁၃)

ငြိမ်းချမ်းရေးအတွက် KIA ကို သမ္မတက ထပ်မံကမ်းလှမ်း

ကချင်ရှိ ဒုက္ခသည်အမျိုးသမီးများနှင့် ကလေးများသို့ ဒေါ်အောင်ဆန်းစုကြည် အားပေးအမှာစကား ပေးပို့

ကချင်ပဋိပက္ခနှင့် ပတ်သက်သော သတင်းများ သတင်း၊ စာ- ၃၊ ၄

ကချင်ပြည်နယ်၌ အကူအညီပေးနိုင်ရေးအတွက် သမ္မတထံ တင်ပြထားသည်ဟု နိုင်ငံတကာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌ ပြော

ကချင်ပြည်နယ်၊ မန်စီမြို့နယ်ရှိ မန်ဝန်ကြီးရွာ ဘုရားကျောင်း ဒုက္ခသည်စခန်းရှိ မြင်ကွင်းကို ယခုလ ၁၉ ရက်နေ့က တွေ့ရစဉ်။ ဓာတ်ပုံ-ကောင်းထက်

နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC)က တိုက်ပွဲများမြင့်တက်လာကာ ခန့်မှန်းခြေ စာရင်းများအရ စစ်ပြေးဒုက္ခသည်ပေါင်း တစ်သိန်းကျော်ရှိသော ကချင်ပြည်နယ်၌ လူသားချင်း စာနာထောက်ထားသည့် အကူအညီများပေးနိုင်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တင်ပြထားကာ ခွင့်ပြုချက်အား စောင့်ဆိုင်းနေသည်ဟု ကော်မတီ၏ ဥက္ကဋ္ဌက ပြောသည်။

"ကချင်ဟာ ပဋိပက္ခတွေကို စည်းမျဉ်းစည်းကမ်းနဲ့ ကူညီပေးတတ်တဲ့ ICRC လို အဖွဲ့အစည်းတစ်ခုအတွက် လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးဖို့ သင့်တော်တဲ့နေရာတစ်ခုပါ"ဟု မစ္စတာ Peter Maurer က ဇန်နဝါရီလ ၁၇ ရက်နေ့က ရန်ကုန်၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အကူအညီပေးရာတွင်လည်း ပဋိပက္ခအခြေအနေများတွင် ကြားနေနှင့် ဘက်မလိုက်ရေးမူကို ကိုင်စွဲသောမူအရ အစိုးရနှင့် ကေအိုင်အိုထိန်းချုပ်သည့် နယ်မြေနှစ်ခုစလုံး ပါဝင်သောနေရာတွင် စတင်လုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့ရဲ့ စိတ်ဝင်စားမှုက ပဋိပက္ခရဲ့ အပေါ်ယံမဟုတ်ဘဲ ပဋိပက္ခဇာစ်မြစ်ပါ။ အဲဒီနေရာတွေကို ကျွန်တော်တို့ ရောက်တာနဲ့ ဘာလုပ်ချင်တယ်ဆိုတာ၊ ကျွန်တော်တို့ ဘာလုပ်မယ်ဆိုတဲ့ တိကျတဲ့စိတ်ကူး ကျွန်တော်တို့ဆီမှာ ရှိပါတယ်"ဟု မြန်မာနိုင်ငံ၏ ဌာနေကိုယ်စားလှယ်ဖြစ်သော မစ္စတာ Georges Paclisanu က ပြောသည်။

ကချင်ပြည်နယ်နှင့်အတူ မြန်မာနိုင်ငံ၏ ရှေ့ပိုင်းနယ်စပ်ဒေများကိုပါ အကူအညီပေးသွားမည်ဖြစ်သည်ဟု ICRC ၏ ဥက္ကဋ္ဌဖြစ်သော မစ္စတာ Maurer က ပြောသည်။

နေပြည်တော်၌ သမ္မတဦးသိန်းစိန်နှင့်အတူ အခြားသောဝန်ကြီးများနှင့် တွေ့ဆုံခဲ့စဉ် တင်ပြခဲ့ရာ အပေါင်းလက္ခဏာဆန်သော တုံ့ပြန်မှုများရရှိခဲ့ကြောင်းလည်း ၎င်းကပြောသည်။

မြန်မာနိုင်ငံအတွက် ICRC ၏ အသုံးစရိတ်မှာ ၂၀၁၂ မှ ၂၀၁၃ အတွင်း ခန့်မှန်းခြေ ဒေါ်လာငါးသန်းမှ ခုနစ်သန်းအထိ တိုးမြင့်လာခဲ့ကာ လုပ်ငန်းများအဆင်ပြေသည်နှင့်အမျှ သုံးစွဲငွေများ တိုးမြင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၁၉၉၉ ခုနှစ်က စတင်ခါ လုပ်ငန်းများလုပ်ဆောင်ခဲ့ရာ ၂၀၀၅ ခုနှစ်တွင် အစိုးရနှင့် သဘောထားကွဲလွဲမှုဖြင့် လုပ်ငန်းများရပ်ဆိုင်းခဲ့ရပြီး လွန်ခဲ့သည့်နှစ်တွင် ပြန်လည်စတင်ခွင့်ရရှိခဲ့သည်။

နန်းတင်ထွေး

တွေ့ဆုံမေးမြန်းခြင်း
တိုးတက်လာသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့်ပတ်သက်၍ ဝန်ကြီး ဦးဌေးအောင်အား တွေ့ဆုံမေးမြန်းခဲ့သည်
စာမျက်နှာ ၂ သို့

ဆောင်းပါး
"သမိုင်းမှတ်တမ်းတင်ရမယ့် အကြောင်းအရာတွေ"၊ ၁၉၈၈ အရေးအခင်းကာလ အလွန် အကြောင်းအရာထဲမှ တချို့
စာမျက်နှာ ၁၆ သို့

စီးပွားရေး
မြန်မာ့ရွှေနှင့် သတ္တု ကုန်ပစ္စည်းဈေးကွက်များကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဖွင့်နိုင်ရန် ပြင်ဆင်လျက်ရှိ
စာမျက်နှာ ၂၅ သို့

✷ အသိပေးကြေညာခြင်း ✷
မြန်မာတိုင်း(မ်)မှ ငွေကောက်ခံသော ငွေရရှိကြောင်းပြေစာ အမှတ် (၂၈၅၇၆၅ မှ ၂၈၅၀၀၀) ပါ ပြေစာများသည် ပျောက်ဆုံးသွားပါသဖြင့် မြန်မာတိုင်း(မ်)တစောင်အား လပေးအတ်ရှုရန် ငွေပေးသွင်းသူများသည် ယင်းနံပါတ်များအား လက်မခံခြင်း မပြုရန် အသိပေးကြေညာအပ်ပါသည်။
မြန်မာတိုင်း(မ်)

အထူးတွေ့ဆုံမေးမြန်းကဏ္ဍ

'ရွှေဥ ဥတဲ့ငန်းကို လောဘကြောင့် မသတ်မိဖို့ပဲ'

ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့်အတူ တိုးတက်လာသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာတိုင်း(မ်)သတင်းထောက် ယုယုမော်က ဟိုတယ်နှင့် ခရီးသွားလာရေး ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်အား တွေ့ဆုံမေးမြန်းခဲ့သည်။

✻ ၂၀၁၂ မှာ ခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်း တစ်မှုဟုတ်ချင်း တိုးတက်လာတာ ဘာကြောင့်လို့ သုံးသပ်ပြောနိုင်ပါသလဲ။

ဒါကတော့ တိုင်းပြည်ရဲ့အခြေအနေတွေ သိသိသာသာပြောင်းလဲသွားလို့ပါ။ နိုင်ငံရေး၊ စီးပွားရေးတွေပြောင်းလဲသွားတဲ့အပြင် တိုင်းပြည်မှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေအားလုံးအပေါ်မှာထားရှိတဲ့ သဘောထားတွေလည်း တော်တော်လေး ပြောင်းသွားတယ်။ အထူးသဖြင့် နိုင်ငံရေးပြောင်းလဲသွားတဲ့အတွက် နိုင်ငံတကာကလည်း ပွင့်ပွင့်လင်းလင်း ဆက်ဆံလာတယ်။ ဒီလိုရင်းနှီးပွင့်လင်းစွာဆက်ဆံလာတဲ့အတွက် တိုင်းပြည်မှာ ပထမဆုံးအကျိုးရှိလာတာက ခရီးသွားလုပ်ငန်းပဲ။ ဒါကြောင့် ခရီးသွားလုပ်ငန်း တက်လာတာပါ။

✻ ဒီလို တစ်ဖက်က ခရီးသွားလုပ်ငန်း တက်လာတာနဲ့အမျှ တိုင်းပြည်မှာ ဒီလုပ်ငန်းကို ပံ့ပိုးပေးဖို့ လိုအပ်ချက်တွေ အများကြီးရှိနေတာကို တွေ့ရပါတယ်။ အဲဒီလိုအပ်ချက်တွေကို ဘယ်လိုဖြည့်တင်းသွားမလဲ။ ဘယ်အခန်းကဏ္ဍကို ဦးစားပေးလုပ်ဆောင်သွားပါမလဲ။

ခရီးသွားလုပ်ငန်းလို့ပြောတဲ့အတွက် ကဏ္ဍတစ်ခုတည်းလုပ်လို့မရဘူး။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာတာနဲ့အမျှ အဲဒီလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းတွေ အကုန်လုံး ဖွံ့ဖြိုးလာဖို့ အဓိကလိုအပ်တယ်။ တခြားနိုင်ငံတွေ ခရီးသည်အများကြီးလက်ခံရရှိနေတယ်ဆိုတာ သူတို့ကို လက်ခံနိုင်တဲ့ အခြေအနေ တစ်ခုကို အဲဒီနိုင်ငံက ဖန်တီးထားနိုင်လို့ပါ။ ခရီးသည်တွေရဲ့ နေထိုင်စားသောက်ရေး၊ သွားလာရေးကို အဆင့်မီမီနဲ့ဝန်ဆောင်မှုပေးနိုင်နေတဲ့အခြေအနေရှိတဲ့အတွက် ခရီးသည်တွေပိုလာကြတယ်။ ကိုယ်တွေ ခရီးသည်များများလိုချင်ရင် ဒီလိုမျိုးအခြေအနေဖြစ်အောင် ဖန်တီးသွားရဦးမယ်။ အခုလတ်တလောပဲ ကျွန်တော်တို့ ဟိုတယ်အခန်း ၅၀,၀၀၀ လောက်ရှိတဲ့မြို့ကြီးမှာ အခန်းခ ဈေးနှုန်းပြဿနာတွေ ခံစားနေရတယ်။ မျှော်လင့်ထားတဲ့ဝင်ရောက်မှုနှုန်းနဲ့ ရှိနေတဲ့ဈေးကွက် မမျှတဲ့အတွက်ဖြစ်တာပါ။ ထင်တာကို ကိုယ်လိုချင်တာတစ်မျိုးတည်းပဲ ဖိပြီးသွားရင်၊ လောဘကြီးရင် ခက်သွားလိမ့်မယ်။ ဒါကြောင့် ခရီးသည်တွေ ဝင်လာနိုင်တဲ့လမ်းကြောင်းတွေ အဆင်ပြေချောမွေ့ဖို့၊ နေထိုင်စားသောက်ရေး အဆင့်မြင့်ဖို့ ဆိုတာတွေကို တစ်ပြိုင်နက်တည်းလုပ်မှရမယ်။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်။

✻ အဲ့ဒီလို ပြင်ဆင်တဲ့နေရာမှာ ၁၉၉၀ ပြည့်နှစ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ခရီးသွားဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ရှိသလား။

၁၉၉၀ မှာ ချမှတ်လိုက်တဲ့ ခရီးသွားဥပဒေကို ၁၉၉၃ မှာ ထပ်မံပြင်ဆင်ခဲ့တယ်။ အဲဒီကတည်းက ချမှတ်ထားတဲ့ ဥပဒေဆိုတော့ အတော်ဟောင်းနေပါပြီ။ ဒီဘက်ခေတ်နဲ့လည်း မလျော်ညီတော့တဲ့အတွက် ဥပဒေကိုပြန်လည်ပြင်ဆင်နေပါတယ်။ အခုဆို တာဝန်သိခရီးသွားလုပ်ငန်းပေါ်လစီကို ချမှတ်ပြီးတဲ့အပြင် အဲဒီနောက်ဆက်တွဲအနေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေ နိုင်ငံတွင်းလှည့်လည်တဲ့နေရာမှာ အခက်အခဲမရှိအောင် သတိထားသင့်တာတွေအတွက် Dos and Dont's အသိပညာပေးစာစောင်ကို နိုင်ငံတကာက ပညာရှင်တွေနဲ့ ထုတ်ဝေခဲ့ပါတယ်။ နောက်ပြီး ခရီးသွားလုပ်ငန်းအပြင် တစ်နိုင်ငံလုံးကို အထောက်အပံ့ပေးမယ့် ပင်မစီမံကိန်း Tourism Master Plan ကို ရေးဆွဲနေတယ်။ ဒီအလေ့အကျင့်လေးတွေရလာတဲ့အခါမှာ လက်ရှိရှိနေတဲ့ ဟိုတယ်နဲ့ ခရီးသွားဥပဒေကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်သွားချင်တယ်။

✻ အဲ့ဒီဥပဒေမှာ ဘယ်လိုအချက်တွေ အဓိကထား ထည့်သွင်းပြင်ဆင်ရေးဆွဲသွားမလဲ။ ပြင်ဆင်ရေးဆွဲချိန် ဘယ်လောက်ကြာမလဲ။

အရင်ဥပဒေမှာ လုပ်ငန်းလုပ်ဖို့အတွက်ပဲပါတယ်။ အခုကျတော့ ခရီးသွားလုပ်ငန်းရဲ့ ဘေးထွက်ဆိုးကျိုးတွေကိုလည်း လေ့လာပြီး ဘယ်လိုကြိုတင်ကာကွယ်သင့်သလဲ စတဲ့အချက်တွေကို ထည့်သွင်းရေးဆွဲသွားမယ်။ သဘာဝပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှုတွေကို မထိခိုက်စေအောင် ဘယ်လိုဂရုစိုက်ရမလဲစတာတွေပေါ့။ ယဉ်ကျေးမှုထိန်းသိမ်းဖို့အတွက် သူ့မှာ ဥပဒေသီးခြားရှိတယ်။ ဒါကို အခြေခံပြီး ဒီဥပဒေနဲ့ဆက်စပ်ပြီး လိုအပ်တာတွေ ထည့်သွင်းရမယ်။ တချို့အချက်တွေက လုံးဝကို ပြင်ဆင်သွားရမှာတွေရှိတယ်။ ဥပမာ ရှိပြီးသားပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေမှာ ခရီးသွား လုပ်ငန်းနဲ့ ဆက်စပ်တဲ့ အချက်အလက်တွေကို ဒီဟိုတယ်ခရီးသွားဥပဒေမှာ ထည့်သွင်းသွားရမယ်။ နောက်ပြီး အိမ်နီးချင်းနိုင်ငံတွေမှာရှိနေတဲ့ ဥပဒေကိုလည်း သုံးသပ်ပြီး ဒီမှာ ဘာလိုလဲ. . ကိုက်ညီနိုင်မယ့်ဟာတွေ ထည့်သွင်းရဦးမယ်။ အဲဒါအပြင် ဥပဒေနဲ့တွဲပြီး နည်းဥပဒေကိုလည်း ပေါ်လာအောင်လုပ်ရမယ်။ ဒါတွေကို တစ်နှစ်အတွင်းလောက် အပြီးလုပ်နိုင်အောင်ကြိုးစားလုပ်သွားမယ်။

✻ အခုဆို ခရီးသည်ဝင်ရောက်မှုနှုန်းက ဘယ်လောက်လဲဆိုတာသိပေမယ့် ဒီဘက်ကထွက်သွားတဲ့ ခရီးသည်စာရင်းတွေမရှိဘူး။ အဲဒါကို ကောက်ခံသွားဖို့ရှိလား။ နောက်ပြီး အဲဒီ outbound ခရီးစဉ်တွေကို ခရီးသွားလုပ်ငန်းတွေအတွက် တရားဝင်လုပ်ကိုင်ခွင့်ပြုသွားမလား။

အရင်တုန်းက အဲဒီ outbound ခရီးသွားလုပ်ငန်းကို နည်းနည်းစဉ်းစားနေ

စာမျက်နှာ ၄ သို့

ဆက်သွယ်ရေးကဏ္ဍ၏ ဂယက်များက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို မထိခိုက်နိုင်ဟု အိုင်တီ လုပ်ငန်းရှင်များ သုံးသပ်

ထူးအောင်

မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေမှုများသည်နှင့် ပတ်သက်၍ မှန်ကန်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ယခုလ ၂၃ ရက်နေ့က အတည်ပြုပြောကြားခဲ့သည်။

"မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို စုံစမ်းစစ်ဆေးမှုတွေလုပ်နေတာ မှန်ပါတယ်။ ဒါပေမယ့် စုံစမ်းဆဲကိစ္စဖြစ်လို့ အသေးစိတ် ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိသေးပါဘူး"ဟု ၎င်းကပြောသည်။

အဆိုပါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား စုံစမ်းမေးမြန်းမှုများ ပြုလုပ်နေသည်ဆိုသည့် ကောလာဟလများမှာ ထွက်ပေါ်ခဲ့ပြီး ဆိုရှယ်မီဒီယာဖြစ်သည့် ဖေ့ဘုတ် (Facebook) တွင်လည်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရာထူးမှ နုတ်ထွက်သွားသည်ဟု တရားဝင်ကြေညာပြီးချိန်တွင် ဦးသိန်းထွန်းနာမည်နှင့် ဖုန်းနံပါတ်ပါဝင်သည့် ငွေလွှဲဘဏ်ချလန် ဓာတ်ပုံများ ထွက်ပေါ်လာခဲ့သည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသိန်းဦး၊ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းနှင့် ဒုတိယ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးစိုးအောင်တို့အား ဖုန်းဖြင့်ဆက်သွယ်မေးမြန်းရာ ဖုန်းပိတ်ထားသဖြင့် ဆက်သွယ်မရခဲ့သည်ကို တွေ့ရသည်။

အဆိုပါဂယက်များနှင့် ပတ်သက်၍ ဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်လာလျှင် နိုင်ငံတကာ၏ လုပ်ထုံးလုပ်နည်း သဏ္ဌာန်ပြောင်းဖို့ လိုအပ်ကြောင်း၊ ယခင်က အစိုးရ၏ မူဝါဒမှာ တံခါးပိတ်မူဝါဒဖြစ်ပြီး ယခုအခါ နိုင်ငံတကာနှင့် ညှိနှိုင်းလုပ်ကိုင်ရသောကြောင့် ပူးပေါင်းရေးဝါဒကဲ့သို့ Regulatory Body လို နေရာမျိုးတွင် ဝင်ရမည်ဖြစ်သဖြင့် ၎င်းအတွက် အဆင်သင့် မဖြစ်နိုင်သေးသည်လည်း ဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ အလုပ်အမှုဆောင်ဖြစ်သူ ဦးရဲမြတ်သူက ပြောသည်။

"ဒီ ရင်းနှီးမြှုပ်နှံမှုတွေက လူပေါ်မူတည်ရတဲ့ စနစ်မဟုတ်ဘူး။ System ပေါ် မူတည်ရတဲ့စနစ်ပေါ့။ System ကောင်းကောင်း Institution ကောင်းကောင်းရှိဖို့နဲ့ ဒါကိုလက်တွေ့အလုပ်လုပ်ဖို့ပဲ အရေးကြီးပါတယ်"ဟု ဦးရဲမြတ်သူက ပြောသည်။

ရွှေပြည်တံခွန်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးလွင်နိုင်ဦးက ၎င်းတို့အနေဖြင့် လတ်တလောအချိန်တွင် EOI (Expression of Interest) တင်ရန် စီစဉ်နေကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် Teledensity မှာ နိမ့်နေသဖြင့် ရင်းနှီးမြှုပ်နှံမှု ပိုပြီးများလာနိုင်ကြောင်း၊ ယခုလက်ရှိဆက်သွယ်ရေးကဏ္ဍတွင် ဖြစ်ပေါ်နေသော အခြေအနေများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်နိုင်မည်မထင်ကြောင်း ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြောသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးဇော်မင်းဦးက "ဆက်သွယ်ရေးလုပ်ငန်းက ဘီလျံချီပြီးလုပ်ရတဲ့ စီးပွားရေးပါ။ တရင်းတနှီးလုပ်ရတဲ့ စီးပွားရေးပါ။ နဂိုကတည်းက ဝင်မယ်လို့ ဆုံးဖြတ်ချက်ချထားရင် ဒီဆက်သွယ်ရေးကဏ္ဍရဲ့ အချက်အလက်ကို ကြိုလေ့လာပြီးမှ လုပ်လာတာဖြစ်တဲ့အတွက် ဒီရက်ပိုင်းလောက်နဲ့တော့ သူတို့ရဲ့ဆုံးဖြတ်ချက်ဟာ ပြောင်းလဲသွားစရာမရှိပါဘူး။ တကယ့်ဆက်သွယ်ရေးဥပဒေ ပြီးသွားတဲ့အချိန်ကိုပဲ ကြည့်ရမှာပါ။ ဆက်သွယ်ရေး ဥပဒေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုသာကြည့်ပြီး ဆုံးဖြတ်မှာပါ" ဟု ပြောသည်။ ■

ကေအိုင်အေအား ငြိမ်းချမ်းရေးအတွက် သမ္မတ ထပ်မံကမ်းလှမ်း

ကချင်ပြည်နယ်ရှိ ဒုက္ခသည် အမျိုးသမီးများနှင့် ကလေးများထံ ဒေါ်အောင်ဆန်းစုကြည် ပထမဦးဆုံး အားပေးစကားပေးပို့

ဝင်းကိုကိုလတ်နှင့် ဆိုင်းမိုင်

၁၇ နှစ် ကြာ ငြိမ်းချမ်းရေးယူပြီးနောက် ၂၀၁၁ ခုနှစ်၊ ဇွန်လမှစ၍ မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများပြန်လည်ဖြစ်ပွားနေသည့် အေအိုင်အေအား ငြိမ်းချမ်းရေးဆောင်ရွက်ရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယခုလ ၁၉ ရက်မှစတင်ခါ နေပြည်တော်၌ နှစ်ရက်တာ ကျင်းပခဲ့သည့် ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်း ဆောင်ရွက်ရေးဖိုရမ် ပထမနေ့ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားလိုက်သည်။

"ကေအိုင်အိုကိုလည်း ငြိမ်းချမ်းရေးဆောင်ရွက်ဖို့ ဆက်လက်ကမ်းလှမ်းထားပြီး အခုလည်း ဒီနေရာကနေ ထပ်မံ ဖိတ်ခေါ်လိုက်ပါတယ်"ဟု သမ္မတဦးသိန်းစိန်က ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ဖြစ်သည့်မိမိကိုယ်မိမိ ခုခံကာကွယ်ရန်မှအပ ပစ်ခတ်တိုက်ခိုက်မှုများ မပြုလုပ်ရန်ဆိုသည့်အချက်ကို တိကျစွာလိုက်နာသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထပ်မံအတည်ပြုပြောကြားသည်ဟု ယခုလ ၁၈ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကေအိုင်အို၊ ကေအိုင်အေနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်မည်ဖြစ်ပြီး နောင်တွေ့ဆုံဆွေးနွေးမှုများတွင် ကေအိုင်အို၊ ကေအိုင်အေအဖွဲ့မှ တပ်ပိုင်းဆိုင်ရာများကို အဆုံးအဖြတ်ပေးနိုင်သည့်ပုဂ္ဂိုလ်များက တပ်မတော်နှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် လိုအပ်သည်ဟု ဆက်လက်ဖော်ပြထားသည်။

တပ်မတော်က အကန့်အသတ်ဖြင့် ဆောင်ရွက်နေသည့် စစ်ရေးကိစ္စဆောင်ရွက်မှုများ ရပ်ဆိုင်းရန် အမိန့်ပေးထားပြီးဖြစ်ပြီး တစ်ဖက်မှလည်း အလားတူရပ်ဆိုင်းပေးသွားရန် လိုအပ်ကြောင်း သမ္မတဦးသိန်းစိန်က တိုက်တွန်းခဲ့သည်။

"မကြာမီ ငြိမ်းချမ်းရေးကို လက်ကမ်းလာနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး ၎င်း၏အစိုးရလက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရန်၊ သာမန်မခိုင်မြဲသည့် ငြိမ်းချမ်းရေးအဆင့်မှ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရန် ကြိုးစားရမည်ဟု ကတိပြုခဲ့သည်။

"ရွှေ့ပြောင်းနေထိုင်ခဲ့ရသူတွေ ငြိမ်းချမ်းရေးရယူခဲ့တဲ့ အဖွဲ့တွေရဲ့ လူမှု - စီးပွားအခြေအနေများ တိုးတက်ကောင်းမွန်စေရေး၊ အဆိုပါဒေသများမှာ စီးပွားရေးအခွင့်အလမ်းနဲ့ အလုပ်အကိုင်ဖန်တီးရေးတို့အတွက် အလွန်အရေးပါလျက်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် ရန်ကုန်မြို့၌ ငြိမ်းချမ်းရေးဖွံ့ဖြိုးမှုဗဟိုဌာန ထူထောင်ပြီးဖြစ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများမှာ ပါဝင်လှူဒါန်းထားသည့် အလှူရှင်နိုင်ငံများကိုလည်း ကျေးဇူးအထူးတင်ရှိသည်ဟု သမ္မတက ပြောသည်။

"အလျဉ်းသင့်လို့ အေအိုင်အိုအဖွဲ့နဲ့ ငြိမ်းချမ်းရေးကိစ္စ ပြောပြလိုပါတယ်။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိသည်အထိ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အေအိုင်အိုကလွဲပြီး ကျန်အဖွဲ့ ၁၀ ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲကိစ္စရပ်တွေကိုယခု ၂၀၁၃ နှစ်ဦးပိုင်းမှာ စပြီးဆောင်ရွက်ဖို့ ပြင်ဆင်ပြီးဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ကချင်ပြည်နယ် ဗန်းမော်မြို့၊ မန်ဝိန်းကြီးရှိ စစ်ရှောင်ဒုက္ခသည်စခန်း၌ ယခုလ ၂၀ ရက်နေ့က ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲတစ်ခုတွင် ဒေါ်အောင်ဆန်းစုကြည်က ကချင်ရှိဒုက္ခသည် အမျိုးသမီးများနှင့် ကလေးများထံ ပထမဦးဆုံး အားပေးစကားကို ပေးပို့ခဲ့သည်။

အသံသွင်းပေးပို့သည့် အဆိုပါ အမှာစကားတွင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသမီးများကို စိတ်အားမငယ်ရန်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ထဲတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရန် အားပေးစကားပြောကြားခဲ့သည်။

"စစ်ပွဲများရဲ့ အနိဋ္ဌာရုံကို အဓိကခံစားရတာကတော့ အမျိုးသမီးများနဲ့ ကလေးတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းရေး ဖြစ်စဉ်မှာဆိုလို့ရှိရင် အမျိုးသမီးများပိုမို ပါဝင်လာဖို့လိုပါတယ်" ၎င်းက ပြောကြားသည်။

"တကယ်လက်တွေ့ကျကျ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်မတို့မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ အမျိုးသမီးတွေ ပါဝင်မှုက အင်မတန်မှနည်းပါတယ်။ ဒီလိုပါဝင်နိုင်မယ့် အခွင့်အရေးတွေကလည်း နည်းပါတယ်။ အဲဒီလိုအခွင့်အရေးနည်းတာကို ဘယ်လိုပြုပြင်နိုင်မလဲဆိုတာ အားလုံးဝိုင်းပြီးစဉ်းစားရပါမယ်။ အမျိုးသမီးများအနေနဲ့ စုစည်းမှုဟာ အင်အားဖြစ်တယ်ဆိုတာ သိဖို့လိုပါတယ်။

"အမျိုးသမီးအချင်းချင်း ညှိနှိုင်းပြီးတော့၊ တိုင်ပင်ပြီးတော့၊ ဆွေးနွေးပြီးတော့ ငြိမ်းချမ်းရေးလမ်းပေါ် ဘယ်လိုလျှောက်နိုင်မလဲ။ ငြိမ်းချမ်းရေးဘက်ကို ဘယ်လိုဦးတည်နိုင်မလဲဆိုတာကို အဖြေရှာကြရမှာပါ"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ထို့ပြင် နောင်ကြီးလာမည့် ကလေးများ

စာမျက်နှာ ၄ သို့

> ဆန္ဒတွေ. . .
>
> မျှော်လင့်ချက်တွေ
>
> * **ကမ်းလင့်**
> လှမ်းဆင့်
> ပန်းပွင့်ဖို့ ချိန်တန်ပြီ. . .။
>
> * ယမ်းခိုးဝေရာ
> ပန်းမိုးစွေရာ
> လွှမ်းဖြိုး ပြည်မြန်မာ. . .။
>
> * ညီအောင်သာ
> ရည်ဆောင်ပါ
> ပြည်ထောင် သာယာစေဖို့. . .။
>
> * သွေးနှံ့ကင်း
> မွေးပျံ့ခြင်း
> (ကွယ်. . .)
> အတွေးဆန့်ရင်း ပျော်ပါရစေ။
>
> **မျိုးမြတ်မြတ်မြင့်မောင်**

ငြိမ်းချမ်းရေးဖော်ဆောင်ရေး လမ်းလျှောက်ခရီးစဉ် စတင်

စိုးစန္ဒာဦး၊ ထူးအောင်နှင့် တိုးဝေအောင်

ကချင်ပြည်နယ်၌ ဖြစ်ပွားနေသည့် ပြည်တွင်းပဋိပက္ခများကို ရည်ညွှန်း၍ မြန်မာလူငယ် ၁၀ ဦးအမာခံသော အဖွဲ့သည် ရန်ကုန်မြို့မြို့တော်ခန်းမရှေ့မှ ကချင်ပြည်နယ် လိုင်ဇာမြို့ထိ တစ်လခွဲခန့်ကြာမြင့်မည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ခြေလျင်ခရီးစဉ်ကို ယခုလ ၂၁ ရက်တွင် စတင်ထွက်ခွာလာပြီဖြစ်ကြောင်း အဆိုပါအဖွဲ့ခေါင်းဆောင် ကိုရန်နိုင်ထွန်းက မြန်မာတိုင်း(မ်) ကို ပြောသည်။

"ကျွန်တော်တို့ငြိမ်းချမ်းရေးကို လိုလားတယ်။ တိုင်းပြည်မှာ ငြိမ်းချမ်းရေးထွန်းကားစေချင်လို့ အခုလို ခြေလျင်ခရီးစဉ်ကိုစီစဉ်ခဲ့တာပါ။ အချိန်တစ်လခွဲလောက်ကြာမယ်လို့ မှန်းပေမယ့် လက်တွေ့မှာ ဘယ်လိုဖြစ်လာမလဲဆိုတာ မပြောနိုင်သေးဘူး" ဟု ၎င်းက ပြောသည်။

ကိုရန်နိုင်ထွန်းသည် အင်န်အယ်လ်ဒီ ပါတီဝင်တစ်ဦးဖြစ်သော်လည်း ခရီးစဉ်သည် ပါတီအနေဖြင့် ပြုလုပ်ခြင်းမဟုတ်ကြောင်း၊ အမာခံလူငယ် ၁၀ ဦးမှာလည်း မည်သည့် နိုင်ငံရေးအဖွဲ့အစည်းကိုမှ ကိုယ်စားမပြုကြောင်း ပြောသည်။

" ဒါက ငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့ လမ်းလျှောက်ခရီးစဉ် သက်သက်ပါ။ ကြွေးကြော်သံတို့၊ အလံထောင်တာတို့ လုပ်မှာ မဟုတ်ပါဘူး ။ စုစုပေါင်းတော့ အယောက် ၃၀ နီးပါးလောက် ပါမှာပါ။ အမာခံကတော့ လူငယ် ၁၀ ယောက်ပါပဲ" ဟု ပြောသည်။

ထိုခရီးစဉ်အတွက် သမ္မတရုံး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်နယ်ငြိမ်းချမ်းရေးကော်မတီ၊ လွှတ်တော်တိုင်းရင်းသားရေးရာကော်မတီနှင့် ရဲဌာနချုပ်နှင့် ပြည်ထဲရေးတို့ကို စာတင်ထားပြီးဖြစ်ကြောင်း ကိုရန်နိုင်ထွန်းက ပြောသည်။

"တစ်နေ့ကို နားချိန်အပါအဝင် ၁၄ နာရီလောက် လမ်းလျှောက်သွားမယ်။ ဘယ်မှာနားမလဲဆိုတာက ကျွန်တော်

စာမျက်နှာ ၄ သို့

ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရန် လွှတ်တော်၌ ဆွေးနွေးမည်

ဝင်းကိုကိုလတ်

မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် နှစ်ပေါင်း ၆၀ ကျော်ကြာပြည်တွင်းစစ် အဆုံးသတ်ရေးနှင့် ပတ်သက်၍ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန်၊ နှစ်ဦးနှစ်ဖက်ယုံကြည်မှုရရှိမည့်ခိုင်မာသော အခြေခံမှုများ ချမှတ်ပေးရန် ပြည်ထောင်စုလွှတ်တော်အား တိုက်တွန်းကြောင်းအဆိုကို အမျိုးသားလွှတ်တော်ကယခုလ၁၈ရက်က ဆုံးဖြတ်ခဲ့သည်။

အဆိုကို ကချင်ပြည်နယ်၊ အမှတ်(၁) မဲဆန္ဒနယ်မှ ဦးခက်ထိန်နန်က တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်က ကန့်ကွက်သူမရှိ ထောက်ခံခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အဆင့် အမိအဖများ၊ ပြည်ထောင်စုလွှတ်တော်မှ အားကိုးအားထားထိုက်သူများ၊ လူထုမှ တိုင်းရင်းသားခေါင်းဆောင်ကြီးများ ပါဝင်သော ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့၊ သို့မဟုတ် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးရေးအဖွဲ့ကိုဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းကြောင်းဆိုသည့် အရေးကြီးသည့်အချက်၊ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ပါဝင်လက်တွဲကူညီ ဆောင်ရွက်ရန်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေ နှစ်ဖက်တပ်များ အပစ်ရပ်ရန်နှင့် လွှတ်တော်က စစ်ရှောင်ဒုက္ခသည်များအား အတတ်နိုင်ဆုံးကူညီရန် အဆိုရှင်က တိုက်တွန်းခဲ့သည်။

"ကနေ့ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ စစ်ရှောင်ဒုက္ခသည် တစ်သိန်းကျော်ဟာလည်း စိုးရိမ်ထိတ်လန့် အားငယ်ပြီး ဒုက္ခရောက်နေကြပါတယ်"ဟု တိုင်းရင်းသားရေးရာကော်မတီ၊ အတွင်းရေးမှူးလည်းဖြစ်သူ ဦးခက်ထိန်နန်က ပြောသည်။

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော်ကော်မတီများ ပူးပေါင်း၍ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုသို့ ပဉ္စမ လွှတ်တော်အပြီး ကွင်းဆင်းလေ့လာစဉ် ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးဆောင်ရွက်ပေးရန်နှင့် တိုက်ပွဲများကို အမြန်ဆုံးရပ်တန့်ပေးရန် ပြည်သူများက တောင်းဆိုကြသည်ဟု ၎င်းက ပြောသည်။

"ကျွန်တော်တို့ လွှတ်တော်နားတိုင်း စစ်ဘေးရှောင်ဒုက္ခသည်စခန်းတွေကို သွားရောက်အားပေးလေ့ရှိပါတယ်" ဟု ၎င်းက ပြောသည်။

စာမျက်နှာ ၄ သို့

MCM

MYANMAR CONSOLIDATED MEDIA Ltd.

အမှုဆောင်အရာရှိချုပ်နှင့် စာတည်းမှူးချုပ် (မြန်မာ) ဒေါက်တာတင်ထွန်းဦး
management@myanmartimes.com.mm
drtto@myanmartimes.com.mm
စာတည်းမှူးချုပ် (အင်္ဂလိပ်) ရော့(စ်)ဒန်ကလီ
rsdunkly@gmail.com
စီမံခန့်ခွဲမှုအရာရှိချုပ် ဝေလင်း
wailin@myanmartimes.com.mm
စီမံခန့်ခွဲမှုကော်မတီ ဒေါက်တာတင်ထွန်းဦး (ဥက္ကဋ္ဌ)
စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဒေါက်တာခင်မိုးမိုး၊ ရော့စ်ဒန်ကလီ၊ ဘေလ်ကလောက်၊ ဦးမင်းစိန်၊ ဦးဝေလင်း၊ သောမတ်စ်ကင်း(န်)၊ ဦးဇော်မြင့်
စာတည်းမှူး (မြန်မာ) ဇော်မြင့်
editormtm@myanmartimes.com.mm
စာတည်းမှူး (အင်္ဂလိပ်) သောမတ်စ်ကင်း(န်)
စာတည်းမှူး (အထူးအချပ်ပို) မျိုးလွင်
myolwin@myanmartimes.com.mm
ဒု-စာတည်းမှူး ဆန်းဦး
sannoo@myanmartimes.com.mm
အကြီးတန်းစာတည်း မြင့်စိုး၊ မောင်သွေးသစ်
အတိုင်ပင်ခံစာတည်း မသိင်္ဂီ
ဒု-သတင်းစာတည်း ကျော်ဆုမွန်
စီးပွားရေးစာတည်း (အင်္ဂလိပ်) စတူးဝပ်ဒ်
အကြီးတန်းလက်ထောက်စာတည်း စန္ဒာလွင်
အိမ်ခြံမြေစာတည်း ထားထားခင်
property@myanmartimes.com.mm
အားကစားစာတည်း ထွန်းနေအောင်
sports@myanmartimes.com.mm
လူမှုဘဝစာတည်း (အင်္ဂလိပ်) ဒေါက်ကလပ်လောင်း
လူမှုဘဝစာတည်း မို့မို့သော်
timeout2@myanmartimes.com.mm
နိုင်ငံတကာစာတည်း တင်စိန်
ဘာသာပြန်ဌာနတာဝန်ခံ ကိုကို
ဓာတ်ပုံဌာန (မန်နေဂျာ) ကောင်းထက်
ဓာတ်ပုံသတင်းထောက်များ ရတနာ၊ ဘူးသီး၊ ကိုတိတ်
မန်နေဂျာ (အထူးစီမံကိန်းများ) ဝေလင်း
wailin@myanmartimes.com.mm
စာအုပ်ထုတ်ဝေရေးအတိုင်ပင်ခံစာတည်း လှမိုး
စာအုပ်ထုတ်ဝေရေးစာတည်း ဝင်းထွန်း
မန္တလေးရုံးခွဲ
mdybranch@myanmartimes.com.mm
နေပြည်တော်ရုံးခွဲမန်နေဂျာ စိုးသန်းလင်း
capitalbureau@myanmar.com.mm
ထုတ်လုပ်ရေးမန်နေဂျာနှင့်
စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ အောင်ကျော်ဦး
production@myanmartimes.com.mm
လ/ထ စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ ရဲမင်းသူ
ကြော်ငြာဒီဇိုင်းတာဝန်ခံ တင်ဇော်ထွေး
ပုံနှိပ်ဌာနမှူး ဌေးမောင်
printing@myanmartimes.com.mm
ကုန်လှောင်ရုံမန်နေဂျာ ရဲလင်းဌေး
မန်နေဂျာ (ပုံနှိပ်စက်) ခင်မောင်
ကြော်ငြာဌာနဒါရိုက်တာ ခင်သန္တာဌေး
advertising@myanmartimes.com.mm
ကြော်ငြာအရောင်းတာဝန်ခံ ညီညီထွန်း
အရောင်းမန်နေဂျာ (Classies) ခင်မွန်မွန်ရည်
ငွေစာရင်းမန်နေဂျာ မွန်မွန်သာဆိုင်
finance@myanmartimes.com.mm
စီမံရေးရာမန်နေဂျာ နန်းမေစီကျော်
administration@myanmartimes.com.mm
ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး (မြဲ-၀၄၁၄၂)
အိုင်တီမန်နေဂျာ ခင်မောင်သော်
webmaster@myanmartimes.com.mm
ဖြန့်ချိရေးဒါရိုက်တာ ဂျက်ဆီဂေ့ချ်
distmgr@myanmartimes.com.mm
မန်နေဂျာ ကိုကိုအောင်
circulation@myanmartimes.com.mm
ကြော်ငြာနှင့် လပေးဝယ်ယူရေး ကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
Email: management@myanmartimes.com.mm

မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) က ပိုင်ဆိုင်ပြီး ရွှေစင်ပုံနှိပ်တိုက် (၀၃၆၈) နှင့် စွယ်စုံမီဒီယာ (၀၈၁၀၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(မ်)ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(မ်)၏အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကိုလည်းကောင်း၊ စာစောင်များတွင် ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) ၏ စာဖြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူဖော်ပြခြင်း မပြုကြရန်။

MCM
Myanmar Consolidated Media Ltd.
www.mmtimes.com
၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈။ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
မန္တလေးရုံးခွဲ- အမှတ် ၁၇၈၊ ၇၄ လမ်း(၃၁ နှင့် ၃၂ လမ်းကြား)၊ ချမ်းအေးသာဇံ၊ မန္တလေး။ ဖုန်း (၀၂) ၂၄၄၅၀၊ ၆၅၃၉၁၊ ၆၅၃၉၂။ ဖက်စ် (၀၂) ၂၄၄၆၀
နေပြည်တော်ရုံးခွဲ- အမှတ် ၁၀/၇၂၊ ဗိုလ်တောက်ထိန်လမ်း၊ ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား။ တယ်လီဖုန်း (၀၆၇) ၂၃၀၆၄၊ ၂၃၀၆၅။

ကေအိုင်အေအား ငြိမ်းချမ်းရေး အတွက် . . .

စာမျက်နှာ ၃ မှ

ငြိမ်းချမ်းရေးကို တန်ဖိုးထားချစ်မြတ်နိုးတတ်အောင် သင်ကြားပေးရန်မှာ မိခင်များ၏တာဝန်ပင်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

"ချက်ချင်းလက်ငင်းမှာတော့ အမျိုးသမီးများ စုစည်းပြီးတော့ ကိုယ်တတ်နိုင်သမျှ ခံနိုင်ရည်ရှိအောင် ဒီပြဿနာတွေကို အတူတူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျော်လွှားနိုင်အောင်လို့ ကြိုးစားကြပါ"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ထိုဆွေးနွေးပွဲကို ကချင်ပြည်နယ် စစ်ပြေးဒုက္ခသည် အမျိုးသမီး ၅၀၀ ကျော် တက်ရောက်ကြပြီး ၎င်းတို့၏ ရင်တွင်းခံစားချက်များကို စာဖြင့် ပြောကြားခဲ့ကြသည်။

ဒုက္ခသည်အမျိုးသမီးများကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေးအတွက် ကူညီပေးရန် တောင်းဆိုခဲ့ကြသည်။

ဒုက္ခသည် အမျိုးသမီး ဒေါ်ဒါရှီကိုင်က "ကျွန်မတို့တောင်ပေါ်သားတွေ အရမ်းခက်ခဲနေပါပြီ။ အခုလိုမျိုး ကလေးနဲ့ မိအိုဖအိုတွေနဲ့ တအားခက်ခဲနေရတဲ့အကြောင်းတွေကြောင့် ဒေါ်အောင်ဆန်းစုကြည်က နှစ်ဖက်စလုံးကို ရပ်ခိုင်းပြီး ကျွန်မတို့အိမ်ကို အမြန်ဆုံးပြန်ချင်ပါတယ်"ဟု ပြောပါသည်။

ဒုက္ခသည် အမျိုးသမီးတစ်ဦးဖြစ်သူ ဒေါ်နန်တောင်ကလည်း "ဒုက္ခသည်အမျိုးသမီးတွေ ငြိမ်းချမ်းရေးမှာ အမျိုးသမီးတွေ ပါဝင်ရမယ်လို့ ဆိုတဲ့ အားပေးစကားကြားလို့ ဝမ်းသာတယ်။ ကျွန်မတို့ ကချင်လူမျိုးတွေကို ပစ်ထားဘဲနဲ့ ငြိမ်းချမ်းရေးအတွက် ကူညီပေးပါလို့ အကူအညီ တောင်းချင်ပါတယ်" ဟု ပြောသည်။ ■

ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရန် . . .

စာမျက်နှာ ၃ မှ

ကချင်ပြည်နယ်ရှိ တိုက်ပွဲများအမြန်ရပ်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရန် တောင်းဆိုလာပြီဖြစ်သည့်အတွက် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်ကို ကချင်စစ်ပွဲများက စိန်ခေါ်လာနေသည်ဟု ၎င်းက ပြောသည်။

ကိုယ်စားလှယ်များသည်လည်း ပြည်သူများထဲမှ ပြည်သူများဖြစ်သည့်အတွက် ပြည်သူများ၏ခံစားချက်နှင့် တစ်သားတည်း ဖြစ်နေပြီး ကချင်ပြည်နယ်တွင် တိုက်ပွဲများအမြန်ရပ်ရန်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် လွှတ်တော်ကိုယ်စားလှယ်များကလည်း ဆန္ဒရှိမည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောသည်။

၁၉၈၉-၁၉၉၀ တွင် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့များ၏ ကြိုးစားမှုကြောင့် ၁၉၉၄ ခုနှစ်တွင် တပ်မတော်အစိုးရနှင့် ကေအိုင်အေ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့သည်။ ၁၇ နှစ်လုံး တည်ဆောက်ခဲ့သည့် ငြိမ်းချမ်းရေးသည် ၂၀၁၁ ခုနှစ်၌ပျက်ခဲ့သည်ဟု ၎င်းကပြောသည်။

"၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်မှာ နိုင်ငံတော်အစိုးရက ဒီမိုကရေစီအကူးအပြောင်းများနဲ့ နေ့နေ့ညည အလုပ်များ လုံးပန်းနေချိန်၊ ကေအိုင်အေဘက်ကလည်း ဒီမိုကရေစီအစိုးရပေါ် ပေါက်လာပြီဖြစ်လို့နိုင်ငံရေးအရဖိတ်ခေါ် မလားစောင့်မျှော်နေချိန်မှာ မရည်ရွယ် ဘဲနဲ့ မိုးမောက်မြို့နယ်၊ ဆန်ဂန်အနီး တစ်ဝိုက်မှာ တပ်မတော်နဲ့ ကေအိုင်အေ နှစ်ဖက်တပ်များ အောက်ခြေမှာ တိုက်ပွဲတွေ စဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် ပဋိပက္ခဖြစ်နေကြသည့် အစိုးရနှင့် ကေအိုင်အေကြားတွင် ယုံကြည်စိတ်ချအားကိုးရမည့် စေ့စပ်ညှိနှိုင်းပေးမည့်သူမရှိဘဲ ထိပ်တိုက်ရင်ဆိုင်နေရသည့် ပဋိပက္ခများကြောင့် ပိုမိုဆိုးရွားလာသည်ဟု ၎င်းက ပြောသည်။ ■

ရွှေဥ ဥတဲ့ငန်းကို လောဘကြောင့် . . .

စာမျက်နှာ ၂ မှ

ရတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံခြားငွေမှာ deficit တွေရှိတယ်။ ခရီးသွားလုပ်ငန်းမှာလည်း deficit ရှိတာပဲ။ Balance of trade တို့ ပြောသလို Balance of tourism ဆိုတာလည်း ရှိတာပဲ။ deficit တွေ များနေသလား၊ surplus တွေ များနေသလား ဆိုတာတွေကို တိုင်းတာရတယ်။ တကယ်ဆို တခြားနိုင်ငံတွေမှာ ခရီးသည် အဝင်အထွက်စာရင်းကို အမြဲတိုင်းတာကြည့်နေတယ်။ အဲဒီလို လုပ်ကြည့်လိုက်ရင် tourism deficit ဆိုတာပေါ်လာတယ်။ အဲဒါတွေအပြင် တိုင်းပြည်ရဲ့ စီးပွားရေးကောင်းလာတာနဲ့အမျှ ပြည်တွင်းခရီးသွား (domestic tourism) တွေရဲ့ အရေအတွက်ကလည်း အရမ်းများလာမယ်။ အခုလည်း ကျွန်တော်တို့တိုင်းပြည်က outbound ခရီးသွားတွေ တကယ်လည်းသွားနေကြတယ်။ ဒီလုပ်ငန်းကို ကျွန်တော်တို့ ခိုင်ခိုင်မာမာလေးဖြစ်လာအောင် လုပ်သွားမယ်။ ဒီအတွက် ကျွန်တော်တို့မှာ ဈေးကွက် သုတေသနပြုဖို့လိုပါတယ်။ ဒါမှ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းရဲ့ deficit ကို သိလာမှာပါ။ ကျွန်တော်တို့ အခုလည်း ဗုဒ္ဓဂယာဘုရားဖူးအတွက် တောင်းဆိုထားပါတယ်။ လုပ်ဖြစ်မယ်ဆိုရင် ကျွန်တော်တို့ဘက်က legislation (ဥပဒေ)တွေပြင်ဆင်ရပါဦးမယ်။

✱ အဲဒီလို ပြင်ဆင်တဲ့နေရာမှာ ခရီးသွားလုပ်ငန်းတွေက ခရီးသည်တွေအတွက် အသက်အာမခံကြေးလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်တယ်ထင်တယ်။ အဲဒီအတွက် ဘယ်လိုစဉ်းစားထားပါလဲ။

အာမခံလုပ်ငန်းနဲ့လည်းဆိုင်ပါတယ်။ နောက်ပြီး အဲဒီခရီးသည်တွေကို အပြည့်အဝတာဝန်ယူပေးနိုင်မယ့် ခရီးသွားလုပ်ငန်းမျိုးကို ရွေးချယ်ပြီး ချပေးဖို့လုပ်ရမယ်။ ဒါကို သပ်သပ်ရပ်ရပ်နဲ့ ပိုင်ပိုင်နိုင်နိုင်လုပ်သွားနိုင်မယ့် လုပ်ငန်းတွေပေါ်လာရင် အာမခံကိစ္စက အဆင်ပြေသွားမှာပါ။

✱ အရင်ဝန်ကြီးတုန်းက ချမှတ်ခဲ့တဲ့ ဟိုတယ်အခန်းခအခြေခံ ဒေါ်လာ ၁၅၀ စည်းမျဉ်းက အခုအချိန်အထိ အကျုံးဝင်သေးသလား။ အဲဒီစည်းကမ်း မလိုက်နာတဲ့ ဟိုတယ်တွေလည်းရှိတဲ့အတွက် ဘယ်လိုကိုင်တွယ်သွားမလဲ။

ရောင်းလိုအားက ဝယ်လိုအားကို မမီတဲ့အခါမှာ ဈေးနှုန်းမြင့်တက်သွားတယ်။ အဲဒီအချိန်မှာ အရည်အသွေးတွေ၊ ဝန်ဆောင်မှုတွေကို ဦးစားမပေးပဲ ရချင်တာကို လုပ်နေကြတယ်။ ဟိုတယ်အခန်းခတွေ ဈေးကြီးတယ်ဆိုတဲ့ ပြဿနာက ခရီးသွားလုပ်ငန်းနဲ့ ဟိုတယ်လုပ်ငန်းအချင်းချင်းစဖြစ်ကြတယ်။ နိုင်ငံခြားပိုင်ဟိုတယ်ရဲ့ အရင်တုန်းက ဟိုတယ်ဈေးနှုန်းတွေက ပြည်တွင်းဟိုတယ်ဈေးနှုန်းတွေနဲ့ မတိမ်းမယိမ်းတွေ။ အခုတော့ဈေးကွက်အရ ဈေးနှုန်းတင်လာကြတယ်။ သူ့ရဲ့ပြောင်းလဲမှုကလည်း ရုတ်ခြည်းတက်သွားတဲ့အတွက် ခရီးသွားလုပ်ငန်းတွေ အခက်တွေ့တယ်။ စာချုပ်တွေမပေးတော့ဘူး။ စတာတွေဖြစ်လာတယ်။ ဒါကို ဘယ်သူမှ မထိန်းနိုင်ကြဘူး။ ဒါကြောင့် နောက်ဆုံး ဝန်ကြီးဌာနက ဝင်ပြီး အမျိုးမျိုးညှိနှိုင်းပေးရတော့တာပါ။ အခုလည်း နိုင်ငံခြားဟိုတယ်တွေကို အမျိုးမျိုးခေါ်ပြောဆွေးနွေးနေရတုန်းပဲ။ ဒီကနေ့ဖြစ်နေတဲ့ အဓိကဟာက ပြည်တွင်းဟိုတယ်တွေက ထင်သလောက် လိုက်မလာတာပဲ။ ဒါပေမဲ့အခုနောက်ဖွင့်မယ့် ပြည်တွင်းပိုင်ဟိုတယ်တွေက အဆင့်မြင့်မြင့်ဖြစ်လာပြီ။ ဒါလေးတွေကိုတော့ အချိန်ယူစောင့်ရတာပေါ့။ ဒီပြောင်းလဲမှုတွေကလည်း ဖြစ်တတ်တဲ့အရာတွေပဲ။ တစ်နှစ်နှစ်နှစ်လောက်တော့ ခံစားကြရမှာပဲ။ ဒါကို ဝန်ကြီးဌာနကလည်း ထိန်းပေးရင်း တစ်ဖက်ကလည်း ဖွံ့ဖြိုးအောင်လုပ်ရင်း သွားရမှာပါပဲ။ တစ်ခုတော့ရှိတယ်၊ ဟိုတယ်မှာရှိသင့်တဲ့ majority ကိုတော့ ဒေါ်လာ ၁၅၀ အဖြစ် သတ်မှတ်ထားတယ်။ ပြောချင်တာတစ်ခုပဲ 'ရွှေဥ ဥတဲ့ငန်းကို လောဘကြောင့် မသတ်မိဖို့ပဲ'။

✱ လာမယ့် နှစ်တွေရဲ့ ခရီးသွားလုပ်ငန်းအတွက် ဘာတွေပြင်ဆင်လုပ်ဆောင်သွားမလဲ။ ဘယ်လိုသုံးသပ်လဲ။

ကိုယ်က တကယ့်ကို proper management ရှိဖို့နဲ့ သင့်တင့်တဲ့ ပေါ်လစီရှိနေဖို့ ဆက်လုပ်သွားရမယ်။ ခိုင်မာတဲ့မူဝါဒတွေနဲ့ တိကျတဲ့ သုတေသန စီမံခန့်ခွဲမှုတွေ လုပ်မယ်ဆိုရင် ဒီဒေသက သန်းပေါင်းမြောက်မြားစွာ ခရီးသည်တွေ လက်ခံနိုင်မှာပါ။ ဒီထက် ခရီးသည်တွေများလာရင် တခြားနေရာတွေကို ဖြန့်ကြက်ဖို့လုပ်ရဦးမယ်။ အဲဒါတွေအတွက် ဦးဆောင်ကော်မတီ လိုအပ်ပါတယ်။ ခရီးသွားလုပ်ငန်းစနစ်တကျဖွံ့ဖြိုးဖို့၊ လျင်လျင်မြန်မြန်ဖြစ်ဖို့အတွက် ဝန်ကြီးဌာနတွေ အကုန်စုထားတဲ့ ပြည်နယ်တိုင်းဒေသကြီးတွေကပါ ပါဝင်တဲ့ ကော်မတီတစ်ခုလိုတယ်။ ဒီလူတွေတွေ့ပြီး မူဝါဒတွေ ချပေးမယ်၊ လမ်းညွှန်မှုတွေ၊ တိုးတက်မှုတွေကို အမြဲ လေ့လာသုံးသပ်နေမယ်ဆိုရင် တိုင်းပြည်အနေနဲ့ ပိုတိုးတက်ပြီး ခရီးသွားလုပ်ငန်းအတွက် ပိုကောင်းလာမယ်။ ဒါကို ကျွန်တော်တို့ စဉ်းစားလုပ်ဆောင်သွားသင့်တယ်။

✱ အဲဒီလိုအဖွဲ့မျိုး အရင်တုန်းက ဖွဲ့ဖူးတယ်လို့ သိထားပါတယ်။ အခု ဝန်ကြီးလက်ထက်မှာ ပြန်လည်ဖွဲ့စည်းသွားမှာပေါ့။

ဟုတ်ပါတယ်။ အရင်က၊ ၁၉၉၆ ခုနှစ် မတိုင်ခင်က ဖွဲ့စည်းဖူးသေးတယ်။ အဲဒီတုန်းကတော့ ဝန်ကြီးဌာနတွေနဲ့မြို့တော်ဝန်တွေပါတယ်။ အဲဒါလေးသာ အခုအချိန်အထိ ပီပီပြင်ပြင်လုပ်သွားရင် အရမ်းကောင်းတဲ့ စီမံမှုတွေဖြစ်လာမှာ။ အခုလတ်တလောမှာနိုင်ငံခြားသား သွားလာမှု လွယ်ကူချောမွေ့ရေးကော်မတီဆိုပြီး ဝန်ကြီးဌာနတွေနဲ့ ပြည်နယ်၊ တိုင်းကိုယ်စားလှယ်တွေ ပူးပေါင်းဖွဲ့ထားတာရှိတယ်။ ဒါဒီအဖွဲ့ကို ဒီထက် ပိုပီပြင်လာအောင် higher level တွေကပါ ပါဝင်လာရင် ပိုကောင်းမယ်။ ■

ငြိမ်းချမ်းရေးဖော်ဆောင်ရေး. . .

စာမျက်နှာ ၃ မှ

တို့အတွက် အဓိကအခက်အခဲပါပဲ။ ဖြတ်သန်းသွားလာရာ အရပ်မှာတော့ ပြည်သူက စားဖို့၊ နားဖို့ စီစဉ်ပေးထားတာမျိုးတော့ ရှိပါတယ်။ သေချာတာကတော့ ဖြစ်သလိုပဲ နေသွားမှာပါ" ဟု ၎င်းကပြောသည်။

အဆိုပါအဖွဲ့သည် ယခုလ ၂၁ ရက်နေ့တွင် ရွှေတိဂုံစေတီတော်ရင်ပြင်တွင် အောင်မြေနင်းပြီး ဆုတောင်းအဓိဋ္ဌာန်ပြုကာ တောင်ဘက်စောင်းတန်းရှိ သခင်ကိုယ်တော်မှိုင်းဂူဗိမာန်တွင် ဒဂုန်တာရာ၏ ကဗျာကိုရွတ်ဖတ်က ယခုလ ၂၂ ရက် နံနက် ၇ နာရီခွဲခန့်မှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်သည်။

လမ်းခရီးတစ်လျှောက်တွင် သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရဲတပ်ဖွဲ့များက စုံစမ်းမေးမြန်းမှုများရှိခဲ့ပြီး ပဲခူးမြို့အဝင်တွင် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက အလံများကိုင်၍မလျှောက်ရန် တားမြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မှ လိုင်ဇာသို့ စုစုပေါင်း မိုင် ၈၀၀ ကျော်ခန့် ကွာဝေးပြီး အဆိုပါ ခရီးစဉ်တွင် ဘုန်းတော်ကြီးအချို့နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းအချို့လည်း ပါဝင်မည်ဖြစ်သည်။

ကချင်ပြည်နယ်၊ လိုင်ဇာမြို့သို့ ငြိမ်းချမ်းရေးအလံ စိုက်ထူရန်သွားရောက်မည့်သူများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့စခန်းများမှ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေအရ ဇန်နဝါရီလ ၂၁ ရက်နေ့က အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ခွင့်ပြုချက် တောင်းခံခြင်းမရှိဘဲ စီတန်းလှည့်လည်ခြင်းမှာ ဥပဒေနှင့်မညီကြောင်း ပြောဆိုတားဆီးသော်လည်း အဆိုပါအဖွဲ့မှ ဒဂုန်တာရာ၏ ငြိမ်းချမ်းရေးသဝဏ်လွှာကို ဖတ်ကြားခြင်း၊ ငြိမ်းချမ်းရေးလိုလားသူများ လမ်းလျှောက် ဆန္ဒဖော်ထုတ်ရာတွင် လိုက်နာရမည့်အချက်များကို ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကျောက်တံတားမြို့နယ် ရဲစခန်းက (ပ) ၂၈/၁၁ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ အရ အမှုဖွင့် အရေးယူထားသည်။ ■

TIGER BALM
နာချင်ရာ နာစမ်း... TIGER BALM®
Tiger Balm (White) သည် မူးဝေခြင်းနှင့် အင်းဆက်ပိုးမွှားများကိုက်ခံရခြင်းဝေဒနာ တို့ကိုပျောက်ကင်းစေပါသည်။
Reg No. 1308AA599
Tiger Balm (Red) သည် ကြွက်သား နာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်း တို့ကိုအလျင်မြန်ဆုံးသက်သာစေပါသည်။
Reg No. 1402AA1320
Tiger Balm (Liniment) သည်ခေါင်းကိုက်ခြင်း၊ ကြွက်သားတောင့်တင်းခြင်း၊ နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။
Reg No. 1308AA643

TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည့်
TIGER BALM® PLASTER
Cool သည်ထိခိုက်နာကျင်မှုများ၊ ကြွက်သားဒဏ်ဖြစ်ခြင်းများ အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Reg No. 1407AA1733
TIGER BALM PLASTER
TIGER BALM PLASTER-RD
RD Warm သည် ကြွက်သားနာကျင်ခြင်း၊ ဇက်ခိုင်(ဦးလှဲ)ခြင်း နှင့် ခါးနာခြင်းဒဏ်ရာများအတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Reg No. 1407AA1734
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်၌ ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုအတွက် အမှုဖွင့်ထား

စိုးသန်းလင်း

ကျောက်မဲမြို့နယ်၌ ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်၍ နယ်မြေခံ တပ်ရင်း တပ်ဖွဲ့များနှင့် ဒေသခံပြည်သူများအကြား ညှဉ်းပန်းမှုများ၊ အကြောက်တရားများ ကင်းရှင်းမှသာ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးရေး၊ နယ်မြေငြိမ်းချမ်းမှုများ ထွန်းကားနိုင်စေရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော်က ယခုလ ၂၃ ရက်နေ့က မြန်မာတိုင်း(မ်)ကိုပြောကြားခဲ့သည်။

"ဒေသခံ ကျိန်ကိုင်ရွာသားတွေကို နယ်မြေခံစစ်တပ်က ရိုက်နှက်ညှဉ်းပန်းပြီး ဖမ်းဆီးခေါ်ဆောင်သွားတာတွေပြီးခဲ့တဲ့အပတ်မှာ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနဲ့ သက်ဆိုင်ရာဌာနတွေအားလုံးကို ဖုန်းဆက်ပြီး ပြန်လွှတ်ပေးဖို့ တောင်းဆိုပါတယ်။ ရွာသူကြီးနဲ့ အတွင်းရေးမှူးအပါအဝင် ရွာသားရှစ်ယောက်ကို ဖမ်းခေါ်သွားပြီး နောက်တစ်နေ့မှာ ပြန်လွှတ်ပေးတယ်။ ဒဏ်ရာပြင်းတဲ့ ရွာသားတွေကို အရေးယူဖို့ ကျောက်မဲမြို့မရဲစခန်းမှာ ပုဒ်မ ၃၂၅ နဲ့ အမှုဖွင့်ထားပါတယ်"ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ဖြေကြားခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၁၄ ရက်နေ့ ညနေပိုင်း ၆ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ ဟူးဆွန်ကျေးရွာအုပ်စု၊ ကျိန်ကိုင်ရွာ၌ ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုကြောင့် တပ်မတော်သားတစ်ဦး သေဆုံးခဲ့သည့် ဖြစ်ရပ်နှင့် အခြားမလိုလားအပ်သော နောက်ဆက်တွဲ ဆိုးကျိုးများကို ရည်ညွှန်းလျက် ၎င်းက ပြောဆိုခြင်းဖြစ်သည်။

"ကျိန်ကိုင်ရွာသား ဦးဝိယျက ညနေ ၆ နာရီခွဲမှာ တောင်ယာကနေ ရွာကို ပြန်လာတယ်။ မိုင်းငေါ်နယ်မြေခံ တပ်ရင်းကို ပြန်မဲ့စစ်ကြောင်းက ရွာထဲကနေ ထွက်လာတယ်။ အဲဒီမှာ ဦးဝိယျက အမှောင်ထဲမှာ မည်း မည်းတွေပဲတွေ့တော့ ရွာစပ်က လယ်ခင်းထဲကို အရင်လိုပဲ နွားတွေဝင်လာသလားထင်ပြီး လက်နှိပ်မီးနဲ့ လှမ်းထိုးကြည့်တယ်။ စစ်ကြောင်းက သူ့ကိုလှမ်းပစ်တယ်။ အကျီမှာနှစ်ချက်၊ ဘောင်းဘီမှာတစ်ချက် ကျည်ဆန်ဖောက်သွားတယ်၊ လူကိုတော့ မမှန်ဘူး။ သူလည်းကြောက်လန့်ပြီး ထွက်ပြေးသွားတယ်၊ စစ်ကြောင်းက ဆက်ပစ်တော့ အချင်းချင်းပစ်မိပြီး တပ်သားတစ်ဦး သေနတ်မှန်တယ်။ အဲဒီတပ်သားကို ရွာထဲပြန်ခေါ်သွားပြီး ၁၅ မိနစ်လောက်မှာပဲ ဆုံးသွားတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ သေဆုံးခဲ့သော တပ်သားအတွက် ရွာသားတို့အား အခေါင်းလုပ်ခိုင်းကြောင်း၊ ဘုန်းကြီးပင့်ခိုင်းကြောင်း၊ နောက်တစ်နေ့တွင် ရွာသူကြီးနှင့် အတွင်းရေးမှူးတို့ကို ရိုက်နှက်ပြီး ခေါ်သွားကြောင်း၊ ကျန်ကိုင်ရွာသား ခြောက်ဦးတို့က စိတ်ပူကြသဖြင့် နောက်မှ ဆိုင်ကယ်ဖြင့် အဆိုပါစစ်ကြောင်းတပ်စွဲရာ မိုင်းငေါ်မြို့နယ်ခွဲတပ်စခန်းသို့ လိုက်သွားခဲ့ရာ စစ်ကြောင်းမရောက်ခင် အရင်ရောက်နှင့်ကြကြောင်း၊ တပ်စခန်းက ရွာသားတို့လာရင်းကိစ္စကို မေးသဖြင့် အဖြစ်မှန်ကို (တပ်အချင်းချင်းပစ်၍ ရွာသားတစ်ဦး သေဆုံးခြင်းကို) ပြောပြရာ ရွာသားတို့အား ထိုးကြိတ်ရိုက်နှက်ပြီး တစ်ညလုံးစစ်ဆေးကြောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ မိုင်းငေါ်မြို့နယ် SNDP ပါတီဥက္ကဌလည်းဖြစ်သည့် ဦးစိုင်းခမ်းကျော်က ဇန်နဝါရီလ ၁၆ ရက်နေ့တွင် သိရှိပြီး သက်ဆိုင်ရာ ဌာနများသို့ ဆက်သွယ်တောင်းဆိုသည့်အတွက် ၎င်းနေ့ညနေ ၅ နာရီခွဲတွင် ဖမ်းဆီးခံရွာသားတို့ ကျန်ကိုင်ရွာသို့ ပြန်ရောက်ခဲ့သည်။

"စဖြစ်တဲ့ညနေမှာ သေနတ်ပစ်ခံရလို့ ကြောက်လန့်ပြီး ထွက်ပြေးသွားတဲ့ ဦးဝိယျက တိမ်ရှောင်နေတယ်။ ကျွန်တော်တို့ SNDP မြို့နယ်ရုံးခွဲကို မိုင်းငေါ်မြို့နယ်မှာ ၂၀ ရက်နေ့က မဖွင့်တော့ ညနေပိုင်းမှာ ကျိန်ကိုင်ရွာကို ကျွန်တော်သွားပြီး ဦးဝိယျကို တွေ့တယ်။ သူအရမ်းကြောက်နေတယ်။ အခုတော့ ဆေးရုံတင်ထားရတယ်။ ဒဏ်ရာကတော့ ခြေထောက်ကို ကျည်ရှပ်သွားတဲ့ ခြစ်ရာပွန်းရာပဲရှိတယ်။

"ဒါပေမဲ့ သူ့နှလုံးခုန်နှုန်းက အရမ်းမြန်နေလို့ ဆရာဝန်ကဆေးရုံတင်ပို့ ပြောလို့ တင်ထားရတာ၊ အမှုကိုတော့ ရွာသူကြီးပဲ ကျောက်မဲမြို့မ ရဲစခန်းမှာ ဖွင့်တာပါ၊ ကျွန်တော်ကတော့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အနေနဲ့ ဒီကိစ္စကို ကာကွယ်ရေး ဦးစီးချုပ်ဆီကို တိုင်စာပို့ထားပါတယ်။ နိုင်ငံတော်သမ္မတကိုရော၊ ပြည်သူ့လွှတ်တော်ကိုရော၊ နယ်စပ်ရေးရာဝန်ကြီးဆီကိုရော၊ ပြည်နယ်စစ်ဆင်ရေးမှူးဆီကိုရော အားလုံးကို မိတ္တူပို့ထားပါတယ်။ စာတွေ့ပို့တာ ဇန်နဝါရီ ၂၁ ရက်နေ့ကပါ။ ဒီနေ့ထိတော့ ဘယ်ကမှ၊ ဘယ်သူ့ဆီကမှ အကြောင်းမပြန်သေးပါဘူး"ဟုလည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော်က ပြောသည်။ ■

ကေအိုင်အိုက UNFC အနေဖြင့်သာ အစိုးရနှင့် ဆွေးနွေးမည်

အိအိတိုးလွင်

လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီနှင့် ကေအိုင်အို (ကချင်လွတ်မြောက်ရေးတပ်မတော်)တို့ သီးခြားတွေ့ဆုံဆွေးနွေးမှု မပြုလုပ်ဘဲ UNFC (ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ)၏ ဆုံးဖြတ်ချက်အတိုင်း အစိုးရနှင့် UNFC တို့ ဆွေးနွေးသွားလျှင် ပိုမိုသင့်တော်မည်ဖြစ်ကြောင်း အစိုးရ၏ ကမ်းလှမ်းချက်အပေါ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြန်လည်အကြောင်းပြန်ခဲ့သည်။

အစိုးရအနေဖြင့် UNFC အား ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးကိစ္စများ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းထားရာ ယခု ဇန်နဝါရီလအတွင်း တွေ့ဆုံနိုင်ရန်မူအားဖြင့် သဘောတူထားသည်။

"ဦးအောင်မင်းဘက်ကတော့ နိုင်ငံရေးအရ ဆွေးနွေးဖို့ UN FC ကို ကမ်းလှမ်းပြီးသားပါ။ UN FC ကတော့ ဒီလ ၂၇၊ ၂၈ မှာ သူတို့ အစည်းအဝေးလုပ်မယ် ပြောတယ်။ အစည်းအဝေးပြီးတော့ အစိုးရနဲ့တွေ့ဖြစ်မယ်ထင်တယ်။ ဇန်နဝါရီလမကုန်ခင်တော့ ဆွေးနွေးပွဲ ဖြစ်မှာပါ" ဟု ငြိမ်းချမ်းရေးအကျိုးဆောင် ဦးလှမောင်ရွှေက ပြောသည်။

ကေအိုင်အိုအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော UNFC သည် စစ်မှန်သော ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ပူးပေါင်းဆောင်ရွက်ရန် ၂၀၁၁ ခုနှစ်တွင် ထိုင်းနိုင်ငံနယ်စပ်မြို့၌ စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အစိုးရသည် လက်ရှိတွင် ကေအိုင်အေမှလွဲ၍ အခြားလက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီးကာ ယခုတစ်ဖန် UNFC အနေဖြင့် နိုင်ငံရေးအရဆွေးနွေးရန် ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း သိရသည်။ UNFC သည် အစိုးရ၏ ကမ်းလှမ်းချက်အား လက်ခံကာ တတိယနိုင်ငံတွင် တွေ့ဆုံဆွေးနွေးနိုင်ရန် အကြောင်းပြန်ထားပြီး ကချင်အရေးကိစ္စများကို ဦးစားပေးဆွေးနွေးမည်ဖြစ်သည်။ ■

'အကောင်းဆုံး မျှော်လင့်ထား သလို အဆိုးဆုံးအတွက် ပြင်ဆင်ထားတယ်'

အိအိတိုးလွင်

ပဋိပက္ခများစွာ ဖြစ်ပွားပြီးနောက် နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းလိုက်သော လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်းဆုံး မျှော်လင့်ထားပြီး အဆိုးဆုံးအတွက်လည်း ကြိုတင်ပြင်ဆင်ထားကြောင်း ဒေသခံများနှင့် လက်ပံတောင်းတောင် စီမံကိန်း ဆန့်ကျင်သူများက တညီတညွတ်တည်း ပြောသည်။

၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား စတင်ဆောင်ရွက်ခဲ့သည်။ သို့သော် အဆိုပါစီမံကိန်းနှင့်စပ်လျဉ်း၍ မြေယာသိမ်းဆည်းမှုများ၊ မြေလျော်ကြေးပြဿနာများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ၊ စီးပွားရေးနှင့်လူမှုရေးထိခိုက်မှုများကြောင့် ဒေသခံများ၏ မကျေနပ်မှုများ ကြီးထွားလာပြီး စီမံကိန်းရပ်ဆိုင်း ပေးရေးအတွက် သပိတ်စခန်းများ ဖွင့်လှစ်ကာ ဆန္ဒပြတောင်းဆိုခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါ လက်ပံတောင်းတောင် အရေးကိစ္စများသည် ပြည်ထဲရေးဝန်ကြီးဌာနမှ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သပိတ်စခန်းများအား ပြင်းထန်စွာဖြိုခွဲပြီးနောက်ပိုင်းတွင် ပိုမိုပြင်းထန်လာကာ နိုင်ငံတစ်ဝန်း၌ ဆန္ဒပြမှုများ ထပ်မံပေါ်ပေါက်လာခဲ့သည်။

သို့ဖြစ်၍ အငြင်းပွားဖွယ် အဆိုပါ လက်ပံတောင်းတောင် ကြေးနီးစီမံကိန်းအား ဆက်လက်လုပ်ဆောင်ရန်နှင့် သင့်၊ မသင့်ဆုံးဖြတ်ရန် နိုင်ငံတော်သမ္မတသည် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဌအဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဒီဇင်ဘာလ ၃ ရက်နေ့တွင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

"အခု ကျွန်မတို့ အမေစုကို လေးစားလို့ သပိတ်မှောက်၊ ဆန္ဒပြတာတွေကို ရပ်ထားတာပါ။ ကော်မရှင်က ထွက်လာတဲ့အဖြေဟာ ဘယ်လိုပဲဖြစ်ပါစေ၊ ကျွန်မတို့ အမေစုကို မမုန်းပါဘူး။ စာချုပ်ကို အမေစုချုပ်ခဲ့တာ မဟုတ်ဘူးလေ။ အမေစုတစ်ယောက်တည်းလည်း စီမံကိန်းကို ရပ်တန့်ဖို့ အာဏာမရှိဘူးဆိုတာ ကျွန်မတို့နားလည်ပါတယ်။ ကျွန်မတို့ သဘောကတော့ စီမံကိန်းကို လုံးဝရပ်ဖို့ပဲ။ ဆက်လုပ်သင့်၊ မလုပ်သင့်ဆိုတာလည်း တစ်ကမ္ဘာလုံးက သိနေပြီးသားပဲ။ မရပ်ဘူးဆိုရင်တော့ ကျွန်မတို့ဘက်က ဆက်လုပ်စရာတွေတော့ ရှိပါတယ်။ ဒါပေမဲ့ အခုတော့ ဖွင့်ပြောလို့မရသေးဘူး"ဟု ဝက်မွေးကျေးရွာသူ မသွဲ့သွဲ့ဝင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

ထို့ပြင် အခြားဒေသခံများကလည်း လက်ပံတောင်းတောင် စီမံကိန်းရပ်တန့်ရေးကိုသာ လိုလားပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ထပ်မံညှိနှိုင်းရန်မှု လုံးဝ လက်ခံတော့မည် မဟုတ်ကြောင်း ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ကမူ ၎င်းဦးဆောင်သော ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုအရ ပေါ်ထွက်လာမည့်အဖြေသည် လူတိုင်းကျေနပ်မည်မဟုတ်သော်လည်း နိုင်ငံနှင့် ပြည်သူလူထုအတွက် အကောင်းဆုံးအဖြေတစ်ခုကို အမှန်တရားအပေါ် အခြေခံကာ ရဲရဲဝံ့ဝံ့ တင်ပြသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကော်မရှင်၏ ပထမဆုံးအကြိမ် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးကလည်း ကော်မရှင်၏ ဆုံးဖြတ်ချက်သည် မျှတမှန်ကန်ပြီး နှစ်နိုင်ငံ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဆိုပါက လက်ခံမည်ဖြစ်ပြီး စီမံကိန်းရပ်ဆိုင်းလိုက်မည်ဆိုပါက အနာဂတ်မြန်မာနိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထိခိုက်စေမည်ဖြစ်ကြောင်း ၎င်း၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ■

COTTO 2nd STEP Thank You Party ကို အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးခဲ့သော (Organizer) ကိုဂျွန်လွင်၊ (The Rich Gems) မလုလု၊ (မိတ်ကပ်) လင်းလင်း၊ (Designer) မမဥ္ဇူ၊ ရွှေသုန္ဒရီ ပိုးထည်တိုက်၊ (MC) ကိုဆန်းထွဋ် နှင့် နန်းမြတ်ဖြိုးသင်း၊ (ပန်းအလှဆင်) ကိုခင်မောင်ဝင်း၊ (International Fashion ဝတ်စုံ) Yes I do၊ (Designer) ပြည်စိုးအောင်၊ (Designer) ဖြိုးပြည့်၊ (ခါတ်ပုံ) ဝဏ္ဏခွါနီး၊ Lazy Club (တေးဂီတ)အဖွဲ့နှင့် စိုင်းစိုင်းခမ်းလှိုင်၊ ဂရေဟမ်၊ သားစိုး၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း နှင့် ချမ်းချမ်း၊ (Star & Models Int'l) မှ Super Models များ၊ ယဉ်ကျေးမှု တက္ကသိုလ်မှညီအစ်မများ၊ Sedona Hotel မှ တာဝန်ရှိသူများအားလုံးကို အရမ်းအရမ်း ကျေးဇူးတင်ပါသည်။

၂၀၁၂ တွင် ကမ္ဘာလှည့်ခရီးသည် စံချိန်တင် လာရောက်

ဇော်ဝင်းသန်း

မြန်မာနိုင်ငံ၏ ၂၀၁၂ ခုနှစ် တစ်နှစ်လုံးစာ နိုင်ငံခြားခရီးသွားဧည့်သည် အဝင်မှာ ခရီးသွားလုပ်ငန်း သမိုင်းတစ်လျှောက် အများဆုံးဖြစ်ပြီး စုစုပေါင်းခရီးသည် တစ်သန်းကျော်အထိ ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော နိုင်ငံတကာခရီးသွားဧည့်သည် အဝင်စာရင်းအရ သိရှိရသည်။

လက်ရှိမြန်မာနိုင်ငံ၌ ဟိုတယ်အခန်းဈေးနှုန်းမြင့်တက်နေခြင်း၊ အခန်းလုံလောက်မှုမရှိခြင်းနှင့် ကျွမ်းကျင်လုပ်သားလုံလောက်မှုမရှိခြင်း စသည့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး လိုအပ်ချက်များစွာရှိနေသေးသည့်တိုင်အောင် ယခု ၂၀၁၃ ခုနှစ်တွင် ခရီးသည်အဝင်မှာ ၃၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်များပြားလာနိုင်ကြောင်းနှင့် ၂၀၁၂ ခုနှစ် မြန်မာ့ခရီးသွားလုပ်ငန်းသည် ထိတ်လန့်ဖွယ်ကောင်းသည့် အောင်မြင်မှုဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက ပြောသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် ခရီးသွားဒေသအဖြစ်သာမက စီးပွားရေးရင်းနှီးမြှုပ်နှံရန်အတွက်ပါ အထူးစိတ်ဝင်စားခြင်းခံခဲ့ရသည်။

ဝန်ကြီးဌာန စာရင်းအရ နိုင်ငံခြားခရီးသွားဧည့်သည်အများစုသည် အဓိကဝင်ပေါက်ဖြစ်သော နိုင်ငံတကာလေကြောင်းလိုင်းအများဆုံး အဓိကပျံသန်းပြေးဆွဲသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်သည်။ ထို့ပြင် မန္တလေး၊ ညောင်ဦး၊ နေပြည်တော်နှင့် နယ်စပ်ဂိတ်များမှလည်း ခရီးသည်အနည်းစု ဝင်ရောက်ကြသည်။

စာရင်းအရ ၂၀၁၂ တစ်နှစ်လုံးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် နိုင်ငံခြားခရီးသွားဧည့်သည် စုစုပေါင်း ၅၅၄,၅၃၁ ဦးဝင်ရောက်ခဲ့ရာ လွန်ခဲ့သော ၂၀၁၁ တစ်နှစ်လုံးစာနှင့် နှိုင်းယှဉ်ပါက ၅၄ ဒသမ ၃၁ ရာခိုင်နှုန်းကျော် မြင့်တက်သွားသည်။

ရန်ကုန်အဝင်စာရင်းများအနက် အာရှတိုက်မှခရီးသည် စုစုပေါင်း ၃၄၇,၂၄၁ ဦးဝင်ရောက်ခဲ့ရာ စုစုပေါင်း၏ ၆၂ ရာခိုင်နှုန်းဖြစ်သည်။ အာရှတိုက်ခရီးသည်များအနက် အများစုမှာ ထိုင်း ၉၁,၈၁၇ ဦး၊ ဂျပန် ၄၇,၅၀၁ ဦးနှင့် တရုတ် ၄၁,၅၄၂ ဦးတို့ဖြစ်သည်။ ထို့ပြင် အမေရိကန် ခရီးသွားဧည့်သည် ၃၆,၅၀၀ ဦး ဝင်ရောက်ခဲ့သည်။

ဥရောပတိုက်မှ ဝင်ရောက်လာသော ခရီးသည် စုစုပေါင်း ၁၃၅,၆၉၂ ဦးရှိရာ စုစုပေါင်းအဝင်၏ ၂၄ ဒသမ ၄၅ ရာခိုင်နှုန်းရှိသည်။ ဧည့်သည်အများစုမှာ ပြင်သစ်က ဦးဆောင်ပြီး ၂၉,၆၈၄ ဦး၊ ဗြိတိန် ၂၃,၂၉၁ ဦးနှင့် ဂျာမနီမှ ၂၁,၈၅၆ ဦးတို့ဖြစ်သည်။

ထို့ပြင် တစ်ကိုယ်ရည် ခရီးသွားဧည့်သည်အဝင်မှာလည်း သိသိသာသာ တိုးတက်များပြားလာရာ ၂၃၂,၇၁၅ ဦး ဝင်ရောက်ခဲ့သည်။ အုပ်စုဖွဲ့ခရီးသည် အဝင်မှာ ၁၂၆,၀၆၃ ဦး၊ စီးပွားရေး ခရီးသည်အဝင် ၁၁၄,၄၅၆ ဦးနှင့် လူမှုရေးဗီဇာဖြင့် ၃၇,၇၇၈ ဦး ဖြစ်သည်။

အလားတူ မန္တလေး၊ ညောင်ဦးနှင့် နေပြည်တော်လေဆိပ်တို့မှ ခရီးသည် ၃၃,၇၇၁ ဦးဝင်ရောက်ခဲ့သည့်အပြင် ထိုင်း၊ အိန္ဒိယနှင့် တရုတ်နယ်စပ်ဂိတ်တို့မှတစ်ဆင့် ခရီးသည် ၄၆၅,၆၁၄ ဦး ဝင်ရောက်ခဲ့သည်။

သို့ဖြစ်၍ ရန်ကုန်လေဆိပ်အဝင် ခရီးသည်ဦးရေ၊ မန္တလေး၊ ညောင်ဦးနှင့် နေပြည်တော်လေဆိပ် အဝင်ဦးရေနှင့် နယ်စပ်ဂိတ်မှ ဝင်ရောက်လာသော ခရီးသည် ဦးရေ အားလုံးပေါင်းပါက ၂၀၁၂ တစ်နှစ်လုံးအတွက် နိုင်ငံခြားခရီးသွားဧည့်သည်အဝင်မှာ တစ်သန်းကျော်သွားပြီဖြစ်သည်။

ခရီးသွားလုပ်ငန်းမှ ကျွမ်းကျင်သူများက ၂၀၁၃ ခုနှစ် ခရီးသည်အဝင်မှာ ၂၀၁၂ ခုနှစ်ကကဲ့သို့ပင် ဧည့်သည်အဝင် ၃၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းကြသည်။

မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ၂၀၁၃ ခုနှစ်သည် ပြည်တွင်းခရီးစဉ်များ ဝန်ဆောင်မှုပေးနေသည့် ခရီးသွားလုပ်ငန်းရှင်များအတွက် စိန်ခေါ်မှုနှစ်ဖြစ်ကြောင်း ပြောသည်။

"တောင်းဆိုချက်ထက် အခြေခံလိုအပ်ချက်က အဆမတန် ကွာခြားနေတဲ့အတွက် ၂၀၁၃ ဟာ ခရီးသွားလုပ်ငန်းရှင်တွေအတွက် တကယ့်စိန်ခေါ်မှုပဲ ဖြစ်ပါတယ်"ဟု ဦးဖြိုးဝေရာဇာက ပြောသည်။

ထို့ပြင် Seven Star ခရီးသွားလုပ်ငန်း ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူမာကလည်း ၂၀၁၃ ခုနှစ်သည် ခရီးသွားလုပ်ငန်းရှင်များအတွက် ထိတ်လန့်ဖွယ်ကောင်းမည့် ခရီးသွားနှစ်ဖြစ်ကြောင်း ပြောသည်။

"၂၀၁၂ ခုနှစ်မှာ အဆမတန် တက်သွားတဲ့ ဟိုတယ်ဈေးနှုန်းနဲ့အတူ ခရီးသည်တစ်သန်း ဝင်ရောက်ခဲ့တဲ့အတွက် ကျွန်မတို့ ခရီးသွားလုပ်ငန်းရှင်တွေအတွက်တော့ တကယ့်ကို ရုန်းကန်လှုပ်ရှားခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်မှာလည်း မနှစ်ကထက် ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မတို့ ခရီးသွားလုပ်ငန်းအတွက် အဓိက လိုအပ်နေတာက ကောင်းမွန်တဲ့ ဟိုတယ်တွေနဲ့ ကျွမ်းကျင်တဲ့ လုပ်သားတွေပဲ ဖြစ်ပါတယ်"ဟု ဒေါ်ဖြူဖြူမာက ပြောသည်။ ■

ရဲတံခွန် (မြောက်) စတုတ္ထမြောက် ရေနံတူးစင်ဆောက်ရန်စာချုပ်ချုပ်

မြတ်ငြိမ်း

ရဲတံခွန် ကမ်းလွန်ရေနံတူးဖော်ရေး လုပ်ကွက်အတွင်း စတုတ္ထမြောက် သဘာဝဓာတ်ငွေ့ တူးဖော်စင် တည်ဆောက်ရန်အတွက် အဆိုပါ ရဲတံခွန်ရေနံတူးဖော်ရေးအား တာဝန်ယူဆောင်ရွက်နေသော PC Myanmar (Hong Kong) Ltd နှင့် အဆိုပါ သဘာဝဓာတ်ငွေ့တူးဖော်ရေးစင်အား တည်ဆောက်ပေးမည့် LARSEN & TOUBRO LTD တို့အကြား သဘောတူစာချုပ်ချုပ်ဆိုပွဲကို ယခုလ ၂၃ ရက်နေ့က ParkRoyal ဟိုတယ်၌ ကျင်းပခဲ့သည်။

ရဲတံခွန် ကမ်းလွန်ရေနံတူးဖော်ရေး လုပ်ကွက်အတွင်းတွင် လက်ရှိ သဘာဝဓာတ်ငွေ့ တူးဖော်ရေးစင် A, B နှင့် C ဟု သုံးခု တည်ဆောက်ပြီး ဖြစ်ပြီး ယခုထပ်မံတည်ဆောက်မည့်စင်သည် ရဲတံခွန် သဘာဝဓာတ်ငွေ့ တူးဖော်ရေးစင် D ဖြစ်သည်။ အဆိုပါ သဘာဝဓာတ်ငွေ့ တူးဖော်ရေးစင် D အား အိန္ဒိယကုမ္ပဏီဖြစ်သော LARSEN & TOUBRO Ltd က တည်ဆောက်ပေးမည်ဖြစ်သည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ သဘာဝဓာတ်ငွေ့ တူးဖော်ရေးစင်တည်ဆောက်မှုမှာ အတွေ့အကြုံရှိပြီးသားဖြစ်ပါတယ်။ လက်ရှိလည်း ဇောတိက ရေနံတူးဖော်ရေးပိုက်လိုင်းအတွက် ရေနံတူးဖော်စင် သုံးခုကို တည်ဆောက်ပေးနေပါတယ်။ အဆိုပါ ရေနံတူးဖော်စင် သုံးခုအနက် တစ်ခုကို တပ်ဆင်ပြီးဖြစ်ပါတယ်။ အခု ကျွန်တော်တို့အနေနဲ့ တည်ဆောက်နေ တဲ့ ဇောတိကသဘာဝဓာတ်ငွေ့ တူးဖော်ရေးစင်တည်ဆောက်ချိန်က အချိန် ၁၄ လနီးပါး အချိန်ယူရပါတယ်။ ဒါပေမဲ့ ဒီရဲတံခွန်စီမံကိန်းအတွက်တော့ အချိန် ၁၃ လပဲရပါတယ်"ဟု ရဲတံခွန်ရေနံတူးဖော်စင် D အား လက်ခံတည်ဆောက်မည့် LARSEN & TOUBRO LTD မှ စီမံကိန်းခေါင်းဆောင် Mr. Ahmad Lutpi Haron က မြန်မာတိုင်း(မ်)ကို ပြောသည်။

"ရဲတံခွန်သဘာဝဓာတ်ငွေ့ တူးဖော်ရေးစင် D က ရေအောက်ကို မီတာ ၁၀၀ အနက်ပေ တည်ဆောက်ပေးရမှာပါ။ ပရောဂျက် အချိန်နည်းပေမဲ့ ဇောတိက ရေနံတူးဖော်စင်ထက်တော့ အရွယ်အစား သေးပါတယ်။ ရေနံစင်ကို အိန္ဒိယမှာ တည်ဆောက်ပြီး မြန်မာပြည်မှာလာရောက် တပ်ဆင်မှာပါ။ အခုနောက်တိုးချဲ့တည်ဆောက်မဲ့ ဓာတ်ငွေ့ တူးဖော်ရေးစင်က နဂိုမူလရှိပြီးသား တူးဖော်ရေးစင် သုံးခုရဲ့ ၁၁ ကီလိုမီတာ အဝေးမှာ ထပ်မံတည်ဆောက်သွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ သဘာဝဓာတ်ငွေ့ တူးဖော်ရေးစင် ထပ်မံတည်ဆောက်ခြင်းအားဖြင့် ရေနံတူးဖော်မှုပမာဏကို မြှင့်တင်သွားနိုင်မှာ ဖြစ်သည်။

ရဲတံခွန်(မြောက်) စီမံကိန်းသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ထုတ်လုပ်မှု ခွဲဝေခံစားရေး သဘောတူညီထားသည့် M12, M13 နှင့် M14 လုပ်ကွက်များဖြစ်သည်။

ယခုထပ်မံတည်ဆောက်မည့်ရဲတံခွန် (မြောက်) သဘာဝဓာတ်ငွေ့ တူးဖော်ရေးစင်အသစ်သည် ရေအောက်ပိုက်လိုင်း တည်ဆောက်ခြင်းနှင့် ကမ်းလွန် သဘာဝဓာတ်ငွေ့တူးဖော်ရေးစင် အပါအဝင် စီမံကိန်းအား တာဝန်ယူတည်ဆောက်နေသော PETRONAS ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါရေတံခွန်(မြောက်) စီမံကိန်းသည် PETRONAS Carigali Myanmar Inc၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း PTTEP International Ltd နှင့် JX Nippon Oil Exploration (Myanmar) Ltd တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သော စီမံကိန်းဖြစ်ပြီး မလေးရှားရေနံကုမ္ပဏီ PETRONAS က ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် PC Myanmar (Hong Kong) Limited မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ ■

တောင်ကုတ် ကားမှောက်မှု ၁၄ ဦးသေဆုံး

နန်းတင်ထွေး

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၌ ဇန်နဝါရီလ ၂၃ ရက်နေ့က ခရီးသည်တင်ဖူဆိုအမှတ်တံဆိပ် လေအိတ်ကား တစ်စီး ဘရိတ်ပေါက်၍ ချောက်ထဲသို့ ကျဆင်း တိမ်းမှောက်ခဲ့ရာ လူ ၁၄ ဦး သေဆုံးကာ ၁၃ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ထိုယာဉ်လိုင်း၏ တောင်ကုတ်မြို့မှတာဝန်ရှိသူက မြန်မာတိုင်း(မ်)အားတယ်လီဖုန်းဖြင့် ပြောသည်။

"သေဆုံးသူက အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ခုနစ်ဦးပါ။ ဒဏ်ရာပြင်းထန်သူက နှစ်ဦးပါ။ သူတို့ထဲက တစ်ယောက်ကို မနက်ဖြန် ရန်ကုန်ကို လေယာဉ်နဲ့ပို့ဖို့ စီစဉ်ထားတယ်"ဟု ၎င်းက ပြောသည်။

"သေဆုံးနဲ့ ဒဏ်ရာရှိသူတွေအားလုံးအတွက် ကျွန်တော်တို့ တာဝန်ယူလုပ်ဆောင်ပေးသွားမှာပါ"ဟု ရန်ကုန် ဂိတ်မှူး ဦးမောင်မောင်နိုင်က ပြောသည်။

ရန်ကုန်မှ သံတွဲသို့ ပြေးဆွဲသည့် အောင်သစ္စာယဉ်လိုင်းမှ ကားနံပါတ် ၉ခ\၃၅၁၆ သည် တောင်ကုတ်မြို့နှင့် မိုင် ၂၀ အကွာတွင်တည်ရှိသော နေပူတောင် အဆင်းတွင် ဘရိတ်ပေါက်၍ ဘေးရှိပေ ၆၀ ခန့်ရှိသော ချောက်ထဲသို့ နံနက် ၁ နာရီခွဲခန့်တွင်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရှိသူများအား တောင်ကုတ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်းလည်း ၎င်းက ပြောသည်။

စုစုပေါင်းခရီးသည် ၃၄ ဦး ပါဝင်ကာ ဒရိုင်ဘာ ဦးဇော်မြင့်နိုင်နှင့် စပယ်ယာ ကိုဇော်မင်းတို့လည်း သေဆုံးသူစာရင်းတွင် ပါဝင်ခဲ့ကြောင်းနှင့် ဒရိုင်ဘာမှာ အတွေ့အကြုံရှိသော ကျွမ်းကျင်ကားမောင်းသမားတစ်ဦးဖြစ်ကြောင်းလည်း ဦးမောင်မောင်နိုင်က ပြောသည်။

"ကျွန်တော်တို့ယာဉ်လိုင်း အဲဒီဘက်မှာ ဆွဲလာတာ နှစ် ၄၀၊ ၅၀ လောက်ရှိပါပြီ။ ကျွန်တော်တို့အပါအဝင် အဲဒီဘက်က ယာဉ်လိုင်းတွေအားလုံး သုံး၊ လေးယောက် သေတဲ့ကားမှောက်တာလိုမျိုး ကြုံဖူးပေမဲ့ ဒီလောက်ဆိုးတာမျိုး မကြုံဖူးပါဘူး"ဟု ၎င်းက ပြောသည်။ ■

အင်န်အယ်လ်ဒီ ပါတီဝင်များအကြား အငြင်းပွားမှုများ ဆက်လက် ဖြစ်ပေါ်နေ

ကျော်ဆုမွန်၊ ဖြိုးဝေကျော်နှင့် သန်းနိုင်စိုး

အင်န်အယ်လ်ဒီပါတီတွင်း၌ အာဏာရှင်စနစ်ကို ကျင့်သုံးနေသူများ၊ ဆရာမွေးတပည့်မွေး ပြုလုပ်နေသူများရှိနေပြီး ပါတီဝင်များအတွင်း မမျှတမှုနှင့် ပဋိပက္ခများကို ပါတီထိပ်ပိုင်းခေါင်းဆောင်များ သိရှိနိုင်ရန် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်လေးမြို့နယ်မှ ပါတီဝင်များစုပေါင်းကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ရန် စီစဉ်နေကြောင်း သိရသည်။

မန္တလေးမြို့ရှိ အန်န်အယ်လ်ဒီပါတီတိုင်းရုံးရှေ့၌ ပါတီဝင်များစုဝေးကာ ဆန္ဒဖော်ထုတ်သွားရန် ရည်ရွယ်သည့် အဆိုပါအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ မြင်းခြံမြို့နယ်၊ တံတားဦးမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့မှ ပါတီဝင်များစုပေါင်းပါဝင်မည်ဖြစ်ကြောင်း ပါတီဝင်တစ်ဦးဖြစ်သူ ဦးကိုကိုအောင်က ယခုလ ၂၃ ရက်နေ့တွင် ပြောသည်။ ဦးကိုကိုအောင်အပါအဝင် ပြည်ကြီးတံခွန်မြို့နယ်မှ ပါတီဝင်ခုနစ်ဦးမှာ မကြာမီက ပြည်ကြီးတံခွန်မြို့နယ်အတွင်း ကျင်းပပြီးခဲ့သော ရပ်/ကျေးညီလာခံများတွင် ညီလာခံ ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခံခဲ့ရပြီးနောက် ပါတီတွင်းပဋိပက္ခများကြောင့် ပါတီဝင်အဖြစ်မှ ခေတ္တရပ်ဆိုင်းခံထားရသူများဖြစ်သည်။

“ဆန္ဒဖော်ထုတ်ကြမဲ့ အဓိကအကြောင်းအရင်းကတော့ ပါတီတွင်းမှာ အာဏာရှင်စနစ်ထက်ဆိုးတဲ့ စနစ်တွေကို ကျင့်သုံးနေတဲ့သူတွေကို ကျွန်တော်တို့ အောက်ခြေပါတီဝင်တွေက မကျေနပ်လို့ပါ။ မညီမျှမှုတွေကို ပါတီထိပ်ပိုင်းခေါင်းဆောင်တွေကို သိစေချင်ပါတယ်။ ဒီကိစ္စတွေကို ပါတီတွင်း ထိပ်ပိုင်းကခေါင်းဆောင်တွေကို အသိပေးခဲ့ပေမဲ့ လက်မခံခဲ့ကြပါဘူး”ဟု ဦးကိုကိုအောင်က ပြောသည်။

ဆန္ဒဖော်ထုတ်ခွင့်ရပါက ပါတီဝင်အင်အား ၂,၀၀၀ ကျော်ရှိနိုင်မည်မှန်းသော်လည်း ချမ်းအေးသာစံမြို့နယ်ရဲစခန်းသို့ ဆန္ဒဖော်ထုတ်ခွင့်အတွက် ယခုလ ၂၃ ရက်နေ့က သွားရောက်လျှောက်ထားရာ၌ တာဝန်ရှိသူများက လူ ၁၀၀ သာပါဝင်ခွင့်ပြုနိုင်မည်ပြောကြောင်း ဆက်လက်ပြောသည်။

“ဆန္ဒဖော်ထုတ်ရမဲ့ နေရာက ကျွန်တော်တို့ပြချင်တဲ့နေရာမှာ ပြခွင့်မရဘဲ မန္တလေးဘူတာကြီးအနောက်မှာပဲ ပြလို့ရမယ်ပြောပါတယ်။ အချိန်က နှစ်နာရီပဲ ပြရမယ်။ ကျွန်တော်တို့ လျှောက်ထားတဲ့ အပေါ်မှာ အာဏာပိုင်တွေက သုံးသပ်စဉ်းစားပေးမယ်လို့လည်း ပြောတယ်။ အဲဒီခွင့်ပြုပေးချက်အပေါ် မူတည်ပြီး ကျွန်တော်တို့က ဆက်အကောင်အထည်ဖော်သင့်မဖော်သင့် စဉ်းစားသွားမှာပါ။ ဆန္ဒဖော်ထုတ်ခွင့်ကတော့ တင်သွားမယ် ဒီလ ၂၅ ရက်နေ့မှာ ဖော်ထုတ်ခွင့်တောင်းမှာပါ”ဟု ဦးကိုကိုအောင်က ပြောသည်။

မြင်းခြံမြို့နယ်မှ ပါတီဝင် ဒေါက်တာဝင်းနိုင်ကမူ မြင်းခြံမြို့နယ် အင်န်အယ်လ်ဒီ ပါတီရုံးရှေ့တွင် ယခုလ ၂၄ ရက်(ယနေ့) မွန်းလွဲတစ်နာရီ၌ လူအင်အား ၁,၀၀၀ ခန့်ဖြင့် စုဝေးဆန္ဒဖော်ထုတ်သွားမည်ဖြစ်ကြောင်း ယခုလ ၂၃ ရက်တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ၌ ပြောသည်။

“ကျွန်တော်တို့က ပါတီကို ဆန္ဒပြတာ မဟုတ်ပါဘူး။ ပါတီတွင်းမှာ ဒီမိုကရေစီနည်းလမ်းတကျ မလုပ်တဲ့သူတွေကို မကျေနပ်တာကြောင့်ပါ။ ဒီမှာ ရပ်/ကျေးညီလာခံကျင်းပရာမှာလည်း တရားမျှတမှုမရှိတာကို တိုင်းကော်မရှင်က အတည်ပြုလိုက်တယ်။ အဓိကမကျေနပ်တာက တိုင်းအဆင့်ကိုပါ။ မြို့နယ်ညီလာခံကို ဒီလ ၂၇ ရက်နေ့မှာ ဆက်ကျင်းပတော့မှာဖြစ်တာကြောင့် အဲဒီနေ့အထိ ဆက်ပြီး ဆန္ဒဖော်ထုတ်သွားမယ်”ဟု ဒေါက်တာဝင်းနိုင်က ပြောသည်။

မြင်းခြံမြို့နယ်၌ မမျှတမှုများကို မကျေနပ်သည့် ပါတီဝင်အင်အား ၇,၀၀၀ ကျော်ရှိကြောင်းနှင့် မန္တလေးမြို့တွင် ဆန္ဒဖော်ထုတ်ပွဲဖြစ်မြောက်ပါက ဆက်လက်ပူးပေါင်းမည်ဖြစ်ကြောင်း ပြောသည်။

နိုင်ငံလုံးဆိုင်ရာ အထွေထွေညီလာခံကြီးပြုလုပ်ရန် တစ်လခန့်သာလိုတော့သည့်အချိန်တွင်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအတွင်း ပါတီဝင်အချင်းချင်း မညီညွတ်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည့် သတင်းများ ဆက်လက်ထွက်ပေါ်လာသည်။

လာမည့် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ကျင်းပရန်ပြင်ဆင်ထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမဆုံးအကြိမ် နိုင်ငံလုံးဆိုင်ရာ အထွေထွေညီလာခံ မကျင်းပမီကာလတွင် မြို့နယ်များ၌ အကြိုညီလာခံများ ကျင်းပလျက်ရှိနေရာ ထိုညီလာခံများပြုလုပ်ရန်အတွက် ကော်မရှင်အဖွဲ့များ ရွေးချယ်ခန့်ထားမှုတွင် ပါတီဝင်အချင်းချင်းအကြား အငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလ ၁၇ ရက်နေ့ကလည်း ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်တွင် ညီလာခံကျင်းပရေးကော်မရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ လုပ်ဆောင်ချက်များကို ကျေနပ်မှုမရှိသောကြောင့် ပါတီဝင်အချို့က ဆန္ဒထုတ်ဖော်ပြပွဲ ဖြစ်ပေါ်ခဲ့သည်။

မအူပင်မြို့နယ်နှင့် အနီးဝန်းကျင်ရှိ ရွာပေါင်း ၅၀ နီးပါးခန့်မှ ပါတီဝင် ၈၀၀ နီးပါးခန့်ပါဝင်ပြီး အခြားလေ့လာသူ ၈၀၀ ခန့်ပါဝင်သည့်ဆန္ဒပြမှုသည် ထိုနေ့ညနေ ၆ နာရီခွဲခန့်မှ ပြီးဆုံးသွားခဲ့ကြောင်း မအူပင်မြို့ခံများက ပြောသည်။

ထိုနေ့က ဖြစ်ပေါ်ခဲ့သော ဆန္ဒထုတ်ဖော်ပြသပွဲမှာ မအူပင်မြို့ပေါ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆန္ဒထုတ်ဖော်သူများက ပိုစတာများကိုင်စွဲကာ တစ်နေကုန် ဆန္ဒထုတ်ဖော်နေခဲ့ခြင်းဖြစ်ကြောင်း၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအဖွဲ့ ၁၀ ဖွဲ့ကျော်က ဖြေရှင်းပေးခဲ့ရသည်။

ပြီးခဲ့သည့် အောက်တိုဘာလကုန်ပိုင်းခန့်ကလည်း အလားတူ မြို့နယ်ညီလာခံများပြုလုပ်ရန် ကော်မရှင်အဖွဲ့ဝင်များ ရွေးချယ်ရာတွင် အမှန်တကယ် အလုပ်လုပ်သူများ မပါဝင်ဘဲ ဗဟိုဦးစီးစနစ်ဖြင့် ရွေးချယ်သွားသည်ဟူသော အချက်များဖြင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့်အနီးမှ ပါတီဝင် ၁၅၀ ကျော်ခန့် နုတ်ထွက်သွားခဲ့သည်။ ■

စလစ်မပါ ဝယ်ယူခွင့်ရရှိပါက စိတ်ကြိုက်ယာဉ်လိုင်း ရွေးနိုင်

သီဟတိုး

ယာဉ်အို၊ ယာဉ်ဟောင်းအပ် စနစ်ဖြင့် ကားအရောင်းစင်တာများတွင် တင်သွင်းထားသော ခရီးသည်တင်ယာဉ်စီအင်န်ဂျီကားများအား စလစ်မပါ ဝယ်ယူခွင့်ရရှိပါက မိမိစိတ်ကြိုက် ပြေးဆွဲလိုသည့် ယာဉ်လိုင်းကို သက်ဆိုင်ရာ ယာဉ်လိုင်းအဖွဲ့အစည်းတွင် လည်းကောင်း၊ မထသ (ဗဟို)၌ လည်းကောင်း စာရင်းပေးသွင်း၍ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟို ကော်မတီမှ ဥက္ကဋ္ဌ ဦးလှအောင်က ယခုလ ၂၃ ရက်နေ့က မီဒီယာများနှင့် တွေ့ဆုံစဉ်ပြောသည်။

“ယာဉ်ဟောင်းအပ်စနစ်နဲ့ ကားအရောင်းစင်တာတွေမှာ တင်သွင်းထားပြီး ရောင်းမထွက်ဘဲကျန်နေတဲ့ခရီးသည်တင်ယာဉ်ကားတွေကို စလစ်မလိုဘဲ စီအင်န်ဂျီရအောင် ပြည်ထောင်စု အစိုးရက စီအင်န်ဂျီ ကုဗပေတစ်သန်း အသုံးပြုခွင့်ပေးထားပါတယ်။ စလစ်မလိုဘဲ ဒီခရီးသည်တင် ယာဉ်တွေကို ဝယ်ယူနိုင်မယ်ဆိုရင် ကားဈေးနှုန်းက ပိုပြီးသက်သာသွားမှာဖြစ်တဲ့အတွက် ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူတွေအတွက် ခရီးသည်တင်ယာဉ် အရေအတွက် တိုးလာမှာဖြစ်ပါတယ်။

“အရင်ကတော့ ကားအရောင်းစင်တာတွေက အပ်ကုန်စနစ်နဲ့ ကားတင်သွင်းခွင့်ကို ကုန်သွယ်ရေးမှာ တောင်းရတယ်။ တင်သွင်းထားတဲ့ ကားတွေကို အရောင်းစင်တာတွေမှာ တင်ပြီးတော့ တစ်နှစ်အတွင်း မရောင်းရရင် ပြန်ပေးရတယ်ဆိုပြီး သဘောတူညီချက်ရှိတယ်။ တင်သွင်းထားပြီး ကျန်ရှိနေတဲ့ ခရီးသည်တင်ယာဉ် ကားတွေကို စာရင်းကောက်တယ်။ ယာဉ်ဟောင်းအပ်စလစ်နဲ့ ရောင်းချဖို့ရာ တင်သွင်းထားတဲ့ ခရီးသည်တင်ယာဉ် ကားတွေကို စလစ်မလိုဘဲ ပြောင်းလဲ ရောင်းချပေးဖို့ ကုန်သွယ်ရေး ဝန်ကြီးဥက္ကဋ္ဌပါဝင်တဲ့ မော်တော်ယာဉ်ကြီးကြပ်ရေး တင်သွင်းမှုကော်မတီမှာ တင်ပြပြီး ခွင့်ပြုချက် တောင်းခံထားပါတယ်”ဟု ဦးလှအောင်က ပြောသည်။

ယာဉ်ဟောင်းအပ်စလစ်မပါဘဲ ခရီးသည်တင်ယာဉ်ကားများအား ဝယ်ယူခွင့်ရရှိပါက စွမ်းအင်ဝန်ကြီးဌာနမှ ချပေးထားသော စီအင်န်ဂျီ ကုဗပေ တစ်သန်းမှ စီအင်န်ဂျီရရှိမည်ဖြစ်ပြီး အဆိုပါခရီးသည်တင်ယာဉ်များ အနေဖြင့် ရန်ကုန်မြို့တွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင်သာ အသုံးပြုခွင့်ပြုသွားမည်ဟု သိရသည်။

“လက်ရှိမှာ မော်တော်ယာဉ် ကြီးကြပ်ရေး တင်သွင်းမှု ကော်မတီကို တင်ပြထားပါတယ်။ ကော်မတီကနေ စလစ်မလိုဘဲ ရောင်းချခွင့်ပေးမှသာ ဝယ်ယူလိုတဲ့ ယာဉ်ပိုင်ရှင်တွေက ယာဉ်ကိုဝယ်ပြီး၊ ယာဉ်နံပါတ်ထွက်ပြီး အုံနာဘုတ်ရ၊ လိုင်းဆွဲဖို့ပြင်၊ ပြီးတော့မှ စီအင်န်ဂျီရရှိရေးကို ဆောင်ရွက်မှာပါ။ အဲဒီစနစ်တွေကို သက်ဆိုင်ရာကနေ တစ်ဆင့်ချင်းစီ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် ဘယ်တော့လောက် ပြေးဆွဲမယ်ဆိုတာ ပြောလို့မရသေးပါဘူး”ဟု ဦးလှအောင်က ပြောသည်။

“စလစ်မပါဘဲ စီးတီးဘတ်စ်တွေကို ဝယ်ယူပြီး စီအင်န်ဂျီရတဲ့အခါ ကြိုက်နှစ်သက်ရာ ယာဉ်လိုင်းကို ရွေးချယ်ခွင့် ရှိပေမဲ့ အထူးကားအဖြစ် ပြေးဆွဲခွင့် မပြုပါဘူး။ ရိုးရိုးကားအဖြစ်ပဲ ပြေးဆွဲခွင့်ပြုသွားမှာပါ”ဟု မထသ(ဗဟို)မှ စည်းကမ်းထိန်းသိမ်းရေးဌာနခွဲမှူး ဦးကာကျော်က ပြောသည်။ ■

အမေရိကန် ပညာရှင်များ မြေငလျင်ဆိုင်ရာ ဆွေးနွေးပွဲချ

အေးစပယ်ဖြူ

မြန်မာနိုင်ငံ၏ မြေငလျင်ဘေးအန္တရာယ် လျော့ပါးရေးအတွက် ရည်ရွယ်သည့် အမေရိကန်ဘူမိတိုင်းတာရေး (US Geological Survey)မှ ပညာရှင်များ၏ ငလျင်ဆိုင်ရာ ဆွေးနွေးပွဲချမှုကို ရန်ကုန်နှင့် နေပြည်တော်တို့တွင် ဇန်နဝါရီလ ၃၁ ရက်နေ့ထိ ပွဲချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ သိရသည်။

“မြန်မာနိုင်ငံမှာ ငလျင်ဘေးအန္တရာယ် လျော့ပါးရေးအတွက်ကို အရင်ကတော့ ရှိတဲ့အဖွဲ့တွေပဲ တစ်နိုင်တစ်ပိုင်လုပ်နေရတာမျိုးပေါ့။ အခုလာတဲ့အဖွဲ့တွေဆိုရင် ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံး သိပ္ပံပညာရှင်တွေ လာပြီးပြောတာဆိုတော့ တကယ်အဖိုးတန်တဲ့အခွင့်အလမ်းပါ။ မြေစမ်းခရမ်းပျိုးလုပ်နေရတာကနေ ဦးဆောင်မှုကောင်းကောင်းနဲ့ လုပ်နိုင်မဲ့ အခြေအနေပေါ့။ ဒီလိုမျိုးတွေ များများလုပ်နိုင်လေ ကျွန်တော်တို့ တိုင်းပြည်မှာ ပိုအကျိုးရှိလာမှာပါ။ ကိုယ့်ဟာကို လေ့လာပြီးလုပ်နေရတာထက် ဒီလိုစနစ်တကျ သင်တန်းတွေပေးနိုင်ရင် အချိန်တိုတိုအတွင်း အသုံးချနိုင်မယ်”ဟု ငလျင်ကော်မတီ၏ အတွင်းရေးမှူး ဦးစောထွေးဇော်က ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြောသည်။

မြန်မာနိုင်ငံမှ အစိုးရဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အင်ဂျင်နီယာများ၊ သဘာဝဘေး စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဘူမိဗေဒလေ့လာသူများ ပါဝင်သည့် အဆိုပါ ဆွေးနွေးပွဲချမှုများကို ရန်ကုန်မြို့၌ ဇန်နဝါရီလ ၂၁ ရက်မှ ၂၅ ရက်ထိ လည်းကောင်း၊ နေပြည်တော်၌ ၂၈ ရက်မှ ၃၁ ရက်ထိလည်းကောင်း အသီးသီးကျင်းပမည် ဖြစ်သည်။

၎င်းဆွေးနွေးပွဲချမှုများအား United States Agency for International Development, USGS, မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ■

သန်းခေါင်စာရင်းတွင် ကိုယ်ရေးအချက်အလက် ထုတ်ဖော်မည်မဟုတ်

ယမုံဖူးသစ်နှင့် မာညင်

သန်းခေါင်စာရင်း ကောက်ယူရာတွင် ကောက်ယူရရှိသည့် နိုင်ငံသားတိုင်း၏ ကိုယ်ရေးအကြောင်းအရာများကို လုံခြုံစိတ်ချရစေရန်အလေးထား ဆောင်ရွက်မည်ဟု နိုင်ငံတကာသန်းခေါင်စာရင်း ကျွမ်းကျင်သူများက ဇန်နဝါရီလ ၁၈ ရက်နေ့က ရန်ကုန်မြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

မကြာမီထွက်ရှိလာမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေနှင့်အညီ စာရင်းကောက်ယူ ရရှိသည့် အချက်အလက်များကိုတစ်ဦးတစ်ယောက်ချင်းအနေဖြင့် ထုတ်ဖော်မည်မဟုတ်ဘဲ အခြေခံစာရင်းဇယားအနေဖြင့်သာ အသုံးပြုသွားမည်ဟု အပြည်ပြည်ဆိုင်ရာနည်းပညာ အကြံပေးဘုတ်အဖွဲ့ (ITAB)မှ သန်းခေါင်စာရင်းကျွမ်းကျင်သူများက ပြောသည်။

"ကောက်ယူရရှိတဲ့ အချက်အလက်တွေကို နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ စာရင်းဇယားအနေနဲ့ပဲ အသုံးပြုသွားမှာပါ" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာညီညီက ပြောသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် တည်နေရာပြ အကြောင်းအရာများ၊ အိမ်ထောင်စုအခြေအနေ၊ အိမ်ပိုင်ဆိုင်မှု အခြေအနေများ အစရှိသဖြင့် မေးခွန်း ၄၁ မျိုးကို အခြေခံ၍ ကောက်ယူမည်ဖြစ်သည်။

လူဦးရေနှင့် သန်းခေါင်စာရင်း ဥပဒေကြမ်းကို ဒီဇင်ဘာလ ၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ဥပဒေအရ ကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခွင့်၊ သို့မဟုတ်စစ်ဆေးခွင့် မရှိစေရဟု ပါရှိသည်။

မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကျင်းပနိုင်ရန် နည်းပညာအကြံပေး ဘုတ်အဖွဲ့ဖြစ်သည့် ITAB အဖွဲ့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေးနမ်ဘီယားတို့ အပြန်အလှန် စာဆက်သွယ်ခဲ့ကြပြီး ၂၀၁၂ ဧပြီလတွင် ဖွဲ့စည်းခဲ့သည်။

နိုင်ငံတကာအဖွဲ့ဝင် ၁၄ ဦးပါဝင်သော အဆိုပါဘုတ်အဖွဲ့က သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတကာ အဆင့်မီစေရန်နှင့် အားလုံးပါဝင်နိုင်စေရန် ဆောင်ရွက်မည်ဟု ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် နေပြည်တော်၌ ဇန်နဝါရီလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် တွေ့ဆုံခဲ့အပြီး ပြောသည်။

"သန်းခေါင်စာရင်းကောက်တယ်ဆိုတာ တစ်နိုင်ငံလုံးကို အုပ်စုလိုက် ဓာတ်ပုံရိုက်လိုက်သလို ဖြစ်မှာပါ။ ဘာကိုဆိုလိုတာလဲဆိုတော့ စာရင်းကောက်ယူမယ့်အချိန်အတွင်း မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းမှာရှိနေသူတွေအားလုံး ပါသွားမှာပါ"ဟု ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံ ကိုယ်စားလှယ် Mohamed Abdel-Ahad က ပြောသည်။

UNFPA ၏ နည်းပညာအကြံပေး အရာရှိချုပ် Mr. Fredrick Okwayo က မြန်မာနိုင်ငံ၌ နောက်ဆုံးပြုလုပ်ခဲ့သော သန်းခေါင်စာရင်းကောက်ယူမှုမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က ဖြစ်၍ ပြည်သူများ၏ သန်းခေါင်စာရင်းဆိုင်ရာ ဗဟုသုတများ အားနည်းနေသေးသည်ဟု ဆိုသည်။

"သန်းခေါင်စာရင်း ကောက်ယူဖို့ ပြင်ဆင်ထားပြီးတဲ့ အခြေအနေတွေကို ကျွန်တော်တို့ကျေနပ်မိပါတယ်။ အထူးသဖြင့် အကြိုသန်းခေါင်စာရင်းကောက်ယူဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ" ဟု UNFPA ၏ အရှေ့ဥရောပဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Werner Haug က ပြောသည်။

အကြိုသန်းခေါင်စာရင်း ကောက်ယူခြင်းကို ယခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ မြို့နယ်ပေါင်း ၂၀ တွင် ပြုလုပ်မည်ဖြစ်သည်။ ■

စက်ရုံမြေနေရာ လေလံအောင်သော်လည်း လက်ဝယ် မရရှိသေးခြင်းကို နိုင်ငံတကာသို့ အသိပေးရန်စီစဉ်နေ

နိုနိုအောင်

သာကေတမြို့နယ်ရှိ စည်သွတ်စက်ရုံနေရာအား လေလံအောင်နိုင်ထားသော်လည်း အချိန်ကာလ နှစ်နှစ်ကျော်ကြာသည်အထိ လက်ဝယ်မရရှိခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာနများမှ ထိရောက်သော တာဝန်ယူဖြေရှင်းမှု မရှိခြင်းတို့ကို နိုင်ငံတကာသို့ အသိပေးရန် စီစဉ်နေကြောင်း မီဂါမရင်း (Mega Marine) ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ယခုလ ၂၂ ရက်၌ မြန်မာတိုင်း(မ်)ကို ပြောသည်။

"အချိန်သာကြာလာတယ်။ ထိရောက်တဲ့ ဖြေရှင်းမှုမျိုးမရှိသေးပါဘူး။ ဌာနဆိုင်ရာတွေက ဟိုပြောလိုက်၊ ဒီပြောလိုက်နဲ့။ ကျွန်တော်တို့လည်း ဖြေရှင်းပေးမှာကို စောင့်ရင်းနဲ့ နှစ်နှစ်ကျော်ကြာသွားပါပြီ။ အဲဒီအတွက် ပြည်ပမီဒီယာတွေကတစ်ဆင့် နိုင်ငံတကာကို အသိပေးဖို့စီစဉ်ရတာပါ" ဟု ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရန်မျိုးအောင်က ပြောသည်။

ကုမ္ပဏီမှ ဒေါ်မေအေးမွန်သည် စားသောက်ကုန် ထုတ်လုပ်ရေး လုပ်ငန်းလုပ်ရန်အတွက် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလအတွင်းက သာကေတမြို့နယ်၊ မြမာလာလမ်းရှိ စည်သွတ်စက်ရုံ နေရာကို ကျပ်ငွေသိန်း ပေါင်း ၃၃,၀၀၀ ကျော်ဖြင့် လေလံရရှိခဲ့သော်လည်း အဆိုပါနေရာတွင် လက်ရှိလုပ်ကိုင်နေသူ Myanmar Macro Industry မှ နေရာဖယ်မပေးသည့်အတွက် စာရင်းအရ မြေကွက်ရထားပါသော်လည်း လက်ဝယ်မရရှိသေးသည့်အတွက် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ အစောပိုင်းက သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်၍ ပြောကြားခဲ့သည်။

အဆိုပါ မြေကွက်ကို နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင်က လေလံတင်ခဲ့ခြင်းဖြစ်ပြီး မြေကွက်၏ မူလပိုင်ရှင်ဖြစ်သူ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှတစ်ဆင့် Myanmar Macro Industry ကို လုပ်ငန်း သဘောတူစာချုပ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားခဲ့ခြင်း ဖြစ်သည်။

Myanmar Macro Industry ၏ စာချုပ်သက်တမ်းကလည်း ၂၀၁၇ ခုနှစ်တွင်မှ ပြည့်မည်ဖြစ်သည့်အတွက် စာချုပ်ပြည့်မှ ဖယ်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာဦးစိုးမိုးကျော်က ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက မြန်မာတိုင်းမ်မှ ဆက်သွယ်မေးမြန်းစဉ် ပြောကြားခဲ့သည်။

"အခုက ကော်မရှင်ကရော၊ မွေး/ရေကရော နှစ်ဘက်လုံးက တာဝန် မယူနိုင်ဘူး။ တစ်ဖက်နဲ့တစ်ဖက် လွှဲချနေကြတယ်။ ဒီလိုပုံစံနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင် ဘယ်လိုလုပ်မလဲ။ ကျွန်တော်တို့က ပြည်တွင်းလုပ်ငန်းအနေနဲ့ သိန်းပေါင်း သောင်းနဲ့ချီ ရင်းနှီးထားရတယ်ဆိုပေမယ့် နိုင်ငံတကာလုပ်ငန်းတွေနဲ့ ယှဉ်ရင်နည်းသေးတယ် ပြောရမယ်။ ဒီ့ထက်မက ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားကလုပ်ငန်းကြီးတွေလာရင် ဒီလိုတာဝန်မယူနိုင်မှုမျိုး နဲ့ ဘယ်လိုရင်ဆိုင်မှာလဲ။ ဒါနိုင်ငံတော် အစိုးရအဖွဲ့အနေနဲ့ အင်မတန်မှ သိက္ခာကျပါတယ်။ ဌာနဆိုင်ရာတွေရဲ့ လွဲမှားမှုကြောင့် နစ်နာသွားရပြီး တာဝန်ယူမှုမရှိတာမျိုးတွေကို လုပ်ငန်းရှင်တွေအနေနဲ့ သိထားသင့်တယ်ထင်လို့ပါ" ဟု ဦးရန်မျိုးအောင်က ပြောသည်။

> စည်သွတ်စက်ရုံနေရာကို ကျပ်ငွေသိန်း ပေါင်း ၃၃,၀၀၀ ကျော်ဖြင့် လေလံရရှိခဲ့ ”

"အခုကိစ္စမှာ ကျွန်တော်တို့နဲ့ Myanmar Macro နဲ့ ထိပ်တိုက်တွေ့စရာမရှိတဲ့အတွက် ဒီကြားထဲမှာ ဘယ်လိုညှိနှိုင်းမှုမျိုးမှ မလုပ်ခဲ့ပါဘူး။ ကျွန်တော်တို့က ထိရောက်တဲ့ ဖြေရှင်းမှုမျိုးကိုပဲ လိုချင်တာပါ" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံ မြန်မာတိုင်း(မ်)က ဆက်သွယ်မေးမြန်းရာတွင် ကော်မရှင်အနေဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဦးစီးဌာန၊ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်တို့နှင့် ပူးပေါင်းကာ တရားမျှတစွာ ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးသိန်းစိန်ကြိုင်က ဖြေကြားခဲ့သည်။ ■



အလုပ်ကြော်ငြာ

Save the Children

Local Call for Tender

For the Procurement of Basic Health Products

Project: **Global Fund Round 9 Phase 2 Year 1**

Tender Ref: SCI/GF/ITT/13/001

Save the Children, acting as Principal Recipient, has received 3 Grants from the Global Fund to fight AIDS, TB and Malaria and intends to apply part of the Grants to payments under the contract for which the Call for Tender is published.

Save the Children now invites eligible bidders to indicate their interest in providing the **Basic Health-Product (Laboratory, Surgical and consumable items).** Interested Bidders can collect complete set of hard copy of bidding documents at the address below during office hours from **9am** to **5pm** from the **21st of January 2013** or by email to **myatkaykhine.oo@savethechildren.org**

(C/C to: **myatkay.khine@savethechildren.org**)

A pre-bidding meeting will be organized for the interested Bidders at **Save the Children Office, Wizaya Plaza, 226 U Wizara Road, 3rd floor, Bahan Township, Yangon, Myanmar,**

Tel : (95-1) 375 739 Ext:318 the **28th of January 2013** at **10am.**

Deadline for submission of bidding document is **13th February 2013 by 12:00 hour.**

SA SOUTH ASIA LAW

www.southasia-law.com

CAREER OPPORTUNITIES FOR LAWYERS

International law firm specializing in Commercial law.

We seek Myanmar lawyers who will initially train in our Bangkok office and then develop a real career with us in Myanmar.

If you are young, energetic and ambitious send your CV to: **careers@southasia-law.com**

Interviews in English will be in Yangon in February.

မြန်မာတိုင်း(မ်)
THE MYANMAR TIMES

ADVERTISING
HOTLINE
392676
392928

SATIRE

မှန်တာပြောရဲလို့လား

မာဂျေ

ဘာပွင့်လင်းမြင်သာတဲ့ လူ့အဖွဲ့အစည်းလဲ၊ ဘာသတင်းအမှန်တွေ ထုတ်ပြန်နေလဲ၊ ဘာပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တွေလဲ။ အလကား၊ အားလုံး လိမ်ညာနေကြတာ၊ ထွီ ဆိုတဲ့ စည်းမဲ့ကမ်းမဲ့တံထွေးထွေးသံနဲ့အတူ တစ်ပတ်ကျော်ပျောက်နေတဲ့ မောင်ဆိတ်သိုးတစ်ယောက် ရောက်လာပါတယ်။

“ဒေါသကိုထိန်း၊ ဒေါသကိုထိန်း၊ ဒေါသထက် စည်းကမ်းမဲ့ တံတွေးထွေးတာကိုထိန်း၊ မင်းတံတွေးမှာ တီဘီပိုးရှိရင် ငါပါအချောင်ကူးနေဦးမယ်”လို့ ပြောလိုက်တော့ မောင်ဆိတ်သိုးက

“တံတွေး တကယ်မထွက်ပါဘူးဗျ။ ရုပ်ရှင်ထဲမှာ စိတ်ဆိုးရင် ထွီဆိုပြီး တံတွေးထွေးပြတာမြင်ရလွန်းလို့ အကျင့်ပါနေတာပါ။ ခင်ဗျားကလည်း လူမြင်တာနဲ့ နှိပ်ကွပ်ဖို့ပဲ ကြည့်နေတော့တယ်”

“ကဲ ပြောစမ်းပါဦး၊ မင်း ဘာကြောင့် ဒေါသထွက်နေတာလဲ”

“ဒီလိုဗျ၊ ပြည်တွင်းကုမ္ပဏီတချို့ကို ဆေးဝါးထုတ်လုပ်ခွင့် ယာယီလိုင်စင်တွေ ချပေးလိုက်တယ်။ တချို့ဆို စက်ရုံဆောက်တာတောင် ပြီးတော့မယ်။ အဲဒီသတင်းကို ပြောရေးဆိုခွင့်ရဆိုတဲ့သူတွေကို လိုက်မေးတာ ဟိုလွှဲချ၊ ဒီလွှဲချနဲ့ တယ်လီဖုန်းဖိုးသာ အတော်ကုန်သွားတယ်၊ ဘာအဖြေမှမရဘူး။ တချို့ဌာနဆိုရင် တယ်လီဖုန်းတောင်မကိုင်ဘူး။ ဒီတော့ ကိုယ့်ဟာကိုယ် ကောက်ချက်ချပြီး ရေးရရင် ခရိုနီတွေနဲ့ အစိုးရတာဝန်ရှိသူတွေ လက်ဝါးချင်းရိုက်ပြီး လိုင်စင်ကို သေချာပေါက် ချပေးမယ်၊ မင်းတို့က သူများထက်ဦးအောင် စက်ရုံတွေ ဆောက်ထား၊ နိုင်ငံခြားအဆက်အသွယ်ရှာထား၊ ဒါမှလိုင်စင်လည်းရ ဆေးလည်း တစ်ခါထည်းထွက်။ တစ်နိုင်ငံလုံးရဲ့ ဈေးကွက်ကို လက်ဝါးကြီးအုပ်ပြီးစားကြပေတော့ဆိုတဲ့အဖြေ ထွက်နေတယ်”

“ဟာ ဟာ ဟ၊ ဒါလေးများ၊ ငါ့အဖြစ်က မင်းထက်ဆိုးသေးတယ်။ ဖွဘုတ်ထဲမှာ ပြောရေးဆိုခွင့်ရဆိုတဲ့ပုဂ္ဂိုလ်က သတင်းထုတ်ပြန်ရေးအဖွဲ့အနေနဲ့ရော၊ အခြားဝန်ကြီးဌာနများကပါ သတင်းထုတ်ပြန်ချက်များ ဖြန့်ဝေပေးနိုင်ရန်အတွက် Media List တစ်ခုပြုစုဖို့ ပြင်ဆင်နေပါတယ်။ ဒ့ါကြောင့် ပုံနှိပ်ရေးနဲ့ စာအုပ်ထုတ်ဝေရေးလုပ်ငန်းက သတင်းဂျာနယ်တိုက်များကို ဆက်သွယ်ပြီး အောက်ပါအချက်များကို တောင်းခံပါလိမ့်မယ်။ ကူညီ ဖြည့်ဆည်းပေးကြပါ။ ဂျာနယ်အမည်၊ ဆက်သွယ်ရမည့် တာဝန်ခံ အယ်ဒီတာ၊ သို့မဟုတ် အကြီးတန်း သတင်းထောက်၊ ဆက်သွယ်ရမည့် ဖုန်း၊ ဂျာနယ်တိုက်၏အီးမေးလ်လိပ်စာဆိုပြီး။ ဒါပေသိ အဲဒီအထဲမှာ သတင်းဂျာနယ် ချမပေးလို့ ကျန်းမာရေးဂျာနယ်ထုတ်နေရတဲ့ ငါတို့လိုဂျာနယ်တွေနဲ့ တခြားဂျာနယ်တွေမပါဘူး။ ဒါနဲ့ ငါက သတင်းဂျာနယ်လျှောက်ပါလျက် ချမပေးလို့ တခြားဂျာနယ်ထုတ်နေရတဲ့ သူတွေကိုရော လူရာမသွင်းတော့ဘူးလား။ ကျန်းမာရေးသတင်းတွေ ဖော်ပြချင်ရင် ဘယ်လိုဆက်သွယ်ရမလဲဆိုပြီး ကွန်းမန့်ရေးလိုက်တာကို အဲဒီကျေးဇူးရှင်ကြီးက သူ့စာမျက်နှာမှာ ချက်ချင်းဖျက်ပစ်သကွ”

“ဟုတ်လား၊ ခင်ဗျားရေး လိုက်တာကို သူက ဘာနာစရာရှိသွားလဲမှ မသိတာ”

“မသိပါဘူးကွာ။ တစ်ခေတ်တစ်ခါက ငါတို့ကို ဂျာနယ်ထုတ်ခွင့်မရအောင် လုပ်ခဲ့တဲ့အထဲမှာ သူလည်းပါနေလို့ နေမှာပေ့ါ။ ဒါပေသိ သူ့ကိုထောက်ခံတဲ့ကွန်းမန့်တွေကိုတော့ မဖျက်ဘူးကွ။ ဘယ်လောက်များသလဲဆိုတာ အလှပြထားတယ်။ ငါရေးတာတစ်ခုကိုပဲ ဖျက်ပစ်တာ”

“ထားလိုက်ပါတော့ဗျာ။ အခု ကျွန်တော် ဆွေးနွေးချင်တာက လူမြင်ကောင်းအောင်၊ လူကြားကောင်းအောင် ဝန်ကြီး ဌာနအလိုက် ဆက်သွယ်ရမဲ့ ပုဂ္ဂိုလ်တွေ၊ စာရင်းတွေ၊ နာမည်တွေ ထုတ်ပြန်ထားပေမဲ့ တကယ်အလုပ်ဖြစ်သလားဆိုတော့ မဖြစ်ဘူး။ တချို့ဌာနဆိုရင် အဲဒီလူက မူလနေရာမှာမရှိတော့ဘူး၊ သေတဲ့သူနဲ့၊ ပင်စင်ယူတဲ့သူနဲ့၊ ပြုတ်တဲ့သူနဲ့၊ ပြောင်းရွှေ့တဲ့သူနဲ့။ ဘယ်ကိုလိုက် ဆက်သွယ်ရမလဲ မေးပြန်တော့ မသိဘူးတဲ့ ဟာ ဟာ ဟ”

“အဲဒီရယ်သံကလွဲရင် တခြားအသံနဲ့ ရယ်ကွာ။ ဒီရယ်သံက ငါ့မူပိုင်”

“သူများကျတော့ပြောပြီး ခင်ဗျားကိုယ်တိုင်လည်း အရေမထူတဲ့အထဲ၊ မောက်မာချင်တဲ့ထဲမှာပါတယ်။ အဲ ပြောနေတဲ့စကားတောင် ဘယ်ရောက်သွားပါလိမ့်။ ပြီးခဲ့တဲ့နှစ်ကသတ္တုတွင်းဝန်ကြီးဌာနကကိစ္စလေးတစ်ခု သိချင်လို့ မေးလိုက်တာ အဲဒီရုံးထဲတင် ဖုန်းလေးငါးလုံးလွှဲချပြီး နောက်ဆုံးဖုန်းကျတော့ ကိုင်ကို မကိုင်တော့ဘူး။ ဒါနဲ့ ကျွန်တော်လည်း သိတဲ့ ကြားတဲ့အတိုင်း ရေးလိုက်တော့လည်း စိတ်ဆိုးပြန်သဗျ”

“မင်းလိုပဲ၊ ငါက အစိုးရကျန်းမာရေးဝန်ကြီးဌာနရဲ့ နောက်ဆုံးစာရင်းဇယားတွေသိချင်လို့ ဖက်စ်ပို့ပြီး မေးတာကို အဖက်လုပ်ပြီးတောင် ပြန်မဖြေဘူး။ အထက်က ပြောကြ၊ ဖြေကြဆိုလို့ သာ ကုလားထိုင်ပျောက်မှာစိုးလို့ သတင်းထုတ်ပြန်ရေးအဖွဲ့တို့၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်တို့ စာရင်းတွေထုတ်ပြန်ထားတာ။ ဒီအစိုးရတက်ပြီးမှ ငါ့အနေနဲ့ သူတို့ကို မေးလို့ တစ်ခါမှအဖြေမရဖူးဘူး”

“အဲဒီထက်ဆိုးတာတွေလည်းရှိသေးတယ်လေ၊ အခုပဲ ကြေညာချက်ထုတ်၊ အခုပဲပြန်ရုပ်သိမ်းနဲ့”

“ဒါတွေက ဘာကိုပြနေလဲဆိုတော့ စာရွက်ပေါ်မှာပဲ ပွင့်လင်းပြနေ၊ မြင်သာပြနေတာ။ အင်း. . . သမ္မတတော့ အလိမ်ခံနေရပြီ ထင်တာပဲ”

“အလိမ်ခံနေရတာလား၊ သိသိကြီးနဲ့ အလိမ်ခံနေတာလားဆိုတာလည်း ရှိသေးသဗျ။ သမ္မတကိုယ်တိုင်က ကျန်းမာရေးမကောင်းဘူး၊ နှလုံးထဲမှာ စက်ထည့်ထားရတယ်။ သမ္မတသက်တမ်း တစ်ကြိမ်ပဲလုပ်မယ်ပြောလိုက်၊ ပြည်သူတွေတောင်းဆိုရင် နောက်ထပ်လုပ်မယ်ပြောလိုက်၊ ဘာယုံရမှန်းတောင်မသိတော့ဘူး။

ဂျာနယ်တွေက တစ်ဖက်စောင်းနင်းရေးတယ်၊ အမှန်တွေမရေးဘူးလို့လည်း စွပ်စွဲသေးတယ်။ တရားဝင်တောင်းတော့လည်း ဘာသတင်းမှမရဘူး။ ငါ့အသိတစ်ယောက်ကတော့ ကျွန်တော်တို့က ပြောရေးဆိုခွင့် မရှိပါဘူး။ ပြောခိုင်းဆိုခိုင်းတာတွေကိုပဲ ပြောနေရတဲ့ သူတွေပါလို့ ရင်ဖွင့်သကွ” ဆိုပြီး မာဂျေပေါက်ကွဲပြနေတာနဲ့ တပည့် မောင်ဆိတ်သိုးက “အစ်ကိုကြီး စိတ်ကိုထိန်းပါဗျာ၊ ခင်ဗျားမှာ သွေးတိုးကလည်းရှိသေးတယ်၊ စိတ်လျှော့၊ စိတ်လျှော့ဆိုပြီး ပြန်ချော့နေတာရတော့တယ်။ ကိုယ်ကချည်း သူ့ကိုချော့နေရတာကြာပြီ။ အခုမှပဲ ဒီကောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့တယ် ဟာဟာဟ။ ■

ဆီးဂိမ်းအကြိုဆန်းစစ်ပွဲကို ဖေဖော်ဝါရီ ၁၉ တွင် ကျင်းပမည်

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မကျင်းပမီ နိုင်ငံတွင်းရှိတိုင်းနှင့်ပြည်နယ် ၁၄ ခုအပါအဝင် နေပြည်တော်တိုင်းဒေသကြီးတို့ရှိ အားကစားသမားများ အကြိုလက်ရည်စမ်းပွဲကိုဖေဖော်ဝါရီ၁၉ ရက်နေ့မှ ၂၆ နေ့အထိ ကျင်းပသွားမည်ဟု အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောသည်။

ဆီးဂိမ်းအကြို ဆန်းစစ်ပွဲတွင်လည်း နိုင်ငံတကာနှင့် ယှဉ်ပြိုင်မည့် အားကစားနည်းများအတိုင်း ၂၉ နည်းခန့် ကစားသွားမည်ဖြစ်သည်။ ထိုအားကစားပွဲကို ပြည်ထောင်စုအစိုးရဖလားအဆင့်ဟု သတ်မှတ်ကစားမည်ဟု ဇန်နဝါရီ၉ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြောသည်။

“အားလုံး အတွေ့အကြုံရှိအောင် စီစဉ်ထားပါတယ်။ စားသောက်နေထိုင်မှုတွေကအစ ဆီးဂိမ်းကျင်းပစဉ်မှာ နေရမယ့်အတိုင်း ထားသွားမယ်”ဟု ဦးတင့်ဆန်းက ပြောသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာရွှေတံဆိပ်ဆုအများဆုံးရရှိရေးအတွက် နယ်မြေကျွမ်းကျင်မှု၊ ရာသီဥတုကျွမ်းဝင်မှုများ ရရှိရေးကိုဦးတည်ကျင်းပခြင်းဖြစ်သည်။ နေပြည်တော်တွင် ကျင်းပမည့် အကြိုဆီးဂိမ်းကို ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ဖွင့်ပွဲ၊ ပိတ်ပွဲများကို ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲများကိုမူ လေ့ကျင့်ရေးစင်တာများတွင် ယှဉ်ပြိုင်မည်ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အမည်စာရင်းပေးထားတဲ့ ကစားသမား ၅,၀၀၀ ဝန်းကျင်လောက်ရှိတယ်။ ဒီကြားထဲ အရည်ချင်းစစ်ပြီး အလျှော့အတင်းတော့ ရှိပါဦးမယ်။ ကစားသမားတွေနေထိုင်ရေးကိုလည်း အားကစားရွာမှာ ထားသွားပါမယ်”ဟု အဆိုပါ အရာရှိက ပြောသည်။ **စုလှိုင်ထွန်း** ■

ELEMENTS
WORKING FURNITURE
by centure

Showroom
No. 797, MAC Tower II, Room-004, Ground floor, Bogyoke Aung San Road, Lanmadaw Township, Yangon, Myanmar. Tel: (951)-212914 Ext: 303
Email : smd.centuremyanmar@gmail.com www.centure.in.th

မြေမြှုပ်မိုင်းကြောင့် မသန်စွမ်းဖြစ်သူများအား ကူညီမည်ဟု ဒေါ်အောင်ဆန်းစုကြည် ကတိပြု

ငြိမ်းချမ်းရေးမရှိခြင်း၏ အကျိုးဆက်အဖြစ် တိုက်ပွဲများအတွင်း မြှုပ်နှံထားခဲ့ကြသည့် မြေမြှုပ်မိုင်းများကြောင့် မသန်စွမ်းဖြစ်နေကြသူများအား ကူညီမည်ဟု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က ယခုလ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီးသို့ သွားရောက်စဉ် ကတိပြုလိုက်သည်။

"အားလုံးပူးပေါင်းပြီး ကူညီဖို့လိုပါတယ်။ ဘယ်လိုကူညီနိုင်မလဲဆိုတာ လာလေ့လာတာပါ" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌလည်း ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က မုန်းမြို့နယ်၌ ကျင်းပသည့် အခမ်းအနားတွင် ပြောသည်။

အဆိုပါအခမ်းအနားသို့မသန်စွမ်းသူ ၂၅၅ ဦး၊ ဖိတ်ကြားထားသူပြည်သူ ၁၆၁ ဦး၊ အင်န်အယ်လ်ဒီပါတီဝင် ၂၃၀ နှင့် ဌာနဆိုင်ရာများမှ ၁၄ ဦး တက်ရောက်ပြီး မသန်စွမ်းသူများ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ မိုင်းကြောင့်ဖြစ်ခဲ့သူများဖြစ်သည်ဟု မုန်းအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မသန်စွမ်းသူများအား လိုအပ်သည့် ခြေတု၊ လက်တု၊ ချိုင်းထောက် စသည့်တို့သာမက ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနိုင်ရေးကိုပါ လုပ်ဆောင်ပေးသွားမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

"အဲဒီလိုလုပ်ရင် မသန်စွမ်းသူတွေ ကိုယ်တိုင်လည်း ပါဝင်ဖို့လိုပါတယ်" ဟု ၎င်းက ပြောသည်။

၂၀၁၂ ခုနှစ်က တိုက်ပွဲတစ်ခုတွင် မြေမြှုပ်မိုင်းကြောင့် ပေါင်ရင်းဖြတ်ခဲ့ရသူ အငြိမ်းစား တပ်မတော်သားတစ်ဦးက "တပ်မတော်ကထုတ်ပေးတဲ့ ခြေတုတော့ ရှိတယ်။ အဆင်မပြေတော့ ချိုင်းထောက်နဲ့ပဲ သွားနေရတယ်။ မြေပြန့်ဆိုရင် စက်ဘီးနဲ့သွားတယ်။ အမေစုက ကူညီမယ်ဆိုလို့ အတိုင်းမသိဝမ်းသာပါတယ်။ အမေစုကို မြင်ရတာနဲ့တင် အတိုင်းမသိ ဝမ်းသာနေပါပြီ"ဟု ပြောသည်။

ဒေသနှင့်ကိုက်ညီသည့် လက်သမားပညာ၊ တစ်နိုင်တစ်ပိုင် ရင်းနှီးနိုင်သည့် စက်မှုလက်မှုပညာများကို သင်ကြားပေးရန်လည်း လိုလားသည်ဟု ၎င်းက ပြောသည်။

အဆိုပါလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရန်ပုံငွေများရရှိရေးအတွက် အာမခံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရရှိသည့်ငွေများကိုလည်း မှန်မှန်ကန်ကန် အကျိုးရှိရှိ အသုံးချရန် လည်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

ပြည်သူများအနေဖြင့်လည်း မသန်စွမ်းသူများအား အလုပ်ပိုအဖြစ်မမြင်ကြဘဲ ကူညီခြင်းဖြင့် မိမိတို့၏ကိုယ်ရည်ကိုယ်သွေးများ၊ အရည်အချင်းများ မြင့်တက်အောင် ကြိုးစားစေလိုသည်ဟုလည်း တိုက်တွန်းခဲ့သည်။

"အားနည်းတဲ့သူကို ကူညီတာ နိုင်ငံအတွက် တန်ဖိုးပါ"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

မြန်မာ့တပ်မတော်နှင့်ငြိမ်းချမ်းရေးယူခဲ့သည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်သည့် ကေအင်န်ယူ၏ တပ်မဟာ(၃)တပ်မဟာမှူး ဗိုလ်မှူးချုပ် စောအယ်ကလူသိန်းက "ကျွန်တော့်တပ်မဟာ(၃)ဒေသမှာတော့ မိုင်းဆိုတာ မရှိသလောက် နည်းသွားပါပြီ။ တချို့နေရာတွေမှာ ကျန်နေပါသေးတယ်"ဟု ပြောသည်။ **ဝင်းကိုကိုလတ်** ■

နိုင်ငံရေးစားပွဲဝိုင်း ဆွေးနွေးပွဲအတွက် ပူးပေါင်းဆောင်ရွက်ရန် KNU တာဝန်ရှိသူ တိုက်တွန်း

ဝင်းကိုကိုလတ်

နိုင်ငံတွင်းဖြစ်ပွားနေသည့် ပဋိပက္ခများအဆုံးသတ်ရန်နှင့် နိုင်ငံရေးစားပွဲဝိုင်းများ စတင်နိုင်ရန် အစိုးရ၊ ပါတီများသာမက အဖွဲ့အစည်းပေါင်းစုံမှ ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်ကြရန် ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)မှ တာဝန်ရှိသူတစ်ဦးက ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့ရှိ ကေအင်န်ယူ ဆက်ဆံရေးရုံး၌ ယခုလ ၂၀ ရက်က ပြောကြားသည်။

ဗိုလ်မှူးချုပ် စောအယ်ကလူသိန်း။ ဓာတ်ပုံ - ဝင်းကိုကိုလတ်

"ငြိမ်းချမ်းရေးဆိုတာ တစ်နိုင်ငံလုံးနဲ့ ပတ်သက်တယ်။ ငြိမ်းချမ်းရေးစားပွဲဝိုင်းပေါ်မှာ ဖြေရှင်းဖို့ဆိုတာ လက်ရှိအုပ်ချုပ်နေတဲ့ နိုင်ငံတော်အစိုးရကော၊ တိုင်းရင်းသားအဖွဲ့အစည်းတွေကော တက်ညီလက်ညီဆောင်ရွက်မှ ကျွန်တော်တို့မျှော်မှန်းထားတဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို ခံစားရမယ်" ဟု ကေအင်န်ယူတပ်မဟာ(၃)မှ တပ်မဟာမှူး၊ ဗိုလ်မှူးချုပ် စောအယ်ကလူသိန်းက ပြည်တွင်းမီဒီယာအချို့ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း စစ်မှန်သည့်ငြိမ်းချမ်းရေးရသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများကို ယခုနှစ်ဆန်းပိုင်းတွင် စတင်ဆောင်ရွက်ရန်ပြင်ဆင်ထားပြီးဖြစ်သည်ဟု ယခုလ ၁၉ ရက်က နေပြည်တော်၌ နှစ်ရက်တာကျင်းပခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်တော်ကတော့ တံခါး(ငြိမ်းချမ်းရေး)ဖွင့်ထားတယ်။ တစ်ဖွဲ့ချင်းနဲ့လည်း ဆွေးနွေးမယ်။ အကုန်လုံးနဲ့လည်း ဆွေးနွေးမယ်။ ယူအင်န်အက်ဖ်စီနဲ့လည်း လုပ်မယ်လို့ ကြေညာထားပါတယ်"ဟု ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဆိုပါအခမ်းအနားဖွင့်ပွဲအပြီး မြန်မာတိုင်း(မ်)၏မေးမြန်းချက်ကို ဖြေကြားခဲ့သည်။

ကချင်ပြည်နယ်၌ မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့များကြားဖြစ်ပွားနေသည့်တိုက်ပွဲများသည် ငြိမ်းချမ်းရေးယူထားသည့် ၎င်းတို့ကေအင်န်ယူကဲ့သို့သော အဖွဲ့အစည်းများအတွက် သက်ရောက်မှုအတိုင်းအတာတစ်ခုရှိသော်လည်း ဝိုင်းဝန်းညှိနှိုင်းဖြေရှင်းကြရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ ၁၇ နှစ်ကျော်ကြာ အပစ်အခတ်ရပ်စဲခဲ့သော်လည်း ယခုကဲ့သို့နှစ်နှစ်နီးပါးကြာ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခြင်းသည် နှစ်ဖက်တာဝန်ရှိသူများတွင် တာဝန်ရှိသည်ဟု ၎င်းက ပြောကြားလိုက်သည်။

"ကချင်ကိစ္စကလည်း ညှိနှိုင်းပြီး လုပ်ရမယ်။ နိုင်ငံတော်အစိုးရကတော့ အုပ်ချုပ်သူဖြစ်တဲ့အတွက် ကျွန်တော်တို့ထက် ပိုလုပ်နိုင်မယ်ထင်ပါတယ်"ဟု ၎င်းက ပြောသည်။

နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားခဲ့သည့်တိုက်ပွဲများအတွင်း မြန်မာ့တပ်မတော်နှင့် ကေအင်န်ယူတို့သည် တစ်ဖက်နှင့် တစ်ဖက် အနိုင်မတိုက်နိုင်ကြဘဲ စစ်ပွဲများကြောင့် တိုင်းပြည်သာ နစ်နာခဲ့ရသည်ဟု ၎င်းကပြောသည်။

"ဒီလောက်တိုက်ပွဲတွေ တိုက်လာခဲ့တာ၊ သေလာခဲ့တာ၊ ဒါဆို အဖြေတစ်ခုရှာရတော့မယ်။ အဖြေက ဘာလဲဆိုတော့ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းခြင်းပါ"ဟု ၎င်းက ပြောသည်။

တိုင်းပြည် ပြုပြင်ပြောင်းလဲရေးနှင့် သားစဉ်မြေးဆက်တည်တံ့မည့် စစ်မှန်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖြစ်ရန်မှာ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရှိရန်လည်း လိုအပ်သည်ဟု ၎င်းက ထောက်ပြခဲ့သည်။

တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိပါက ၎င်းတို့အနေဖြင့် လက်နက်ကိုင်စရာမလိုဘဲ တိုင်းပြည်တိုးတက်ရေးကိုသာ လုပ်ကြမည်ဖြစ်ပြီး ကေအင်န်ယူအနေဖြင့် နိုင်ငံရေးပါတီတစ်ခုအဖြစ်သာ ဆက်လက်ရှင်သန်ရမည်ဟု ၎င်းက ပြောသည်။

"တစ်တိုင်းတစ်ပြည်လုံးက ရွေးချယ်ရမဲ့ အခြေခံဥပဒေကို အဖွဲ့အစည်းတစ်ခုတည်းက ရေးဆွဲလို့ ပြည့်စုံမှာ မဟုတ်ပါဘူး"ဟု စောအယ်ကလူသိန်းက ပြောသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုသည်မှာ ဖက်ဒရယ်စနစ်နှင့် အနှစ်သာရတူညီသော်လည်း နိုင်ငံအတွက် မရှိမဖြစ်ဖြစ်သည့် တပ်မတော်သည် ပြည်ထောင်စုတပ်မတော်ဖြစ်ရန် လိုအပ် သည်ဟု ၎င်းက ပြောသည်။

"ပြည်ထောင်စုတပ်မတော်မဖြစ်ရင် ပြည်ထောင်စုသမ္မတနိုင်ငံရဲ့ အနှစ်သာရပေါ်လွင်မှာ မဟုတ်ပါဘူး" ဟု ၎င်းက ပြောသည်။ ■

စပစ်ဖိုင်းယားများ အမှန်တကယ်ရှိနေဟု ယုံကြည်နေဆဲ

ကျော်ဆုမွန်

ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှစစ်တပ်မှ စပစ်ဖိုင်းယားတိုက်လေယာဉ် ရှာဖွေရေးအဖွဲ့က ထိုလေယာဉ်များ မရှိနိုင်ဟူသော သတင်းများထွက်ပေါ်လာနေသော်လည်း ရန်ကုန်မင်္ဂလာဒုံလေဆိပ်အနီးတွင် ရှာဖွေမှုများအတွက် စူးစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်ဦးမည်ဖြစ်ကြောင်း ရွှေတောင်ပေါ်ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးထွန်းကျော်က မြန်မာတိုင်း(မ်)ကို ဇန်နဝါရီလ ၂၂ ရက်နေ့ကပြောသည်။

ကချင်ပြည်နယ်၊ မိတ္ထီလာနှင့် ရန်ကုန်မင်္ဂလာဒုံလေဆိပ်အနီး မြေကြီးအတွင်း စပစ်ဖိုင်းယား တိုက်လေယာဉ် အစင်း ၆၀ ခန့်ကို မြှုပ်နှံထားခဲ့သည်ဟူသော သတင်းအချက်အလက် အချို့ကို အခြေခံကာ စပစ်ဖိုင်းယား တိုက်လေယာဉ်တူးဖော်မှုကို ကချင်ပြည်နယ် မြစ်ကြီးနား၌ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းကလည်းကောင်း၊ ရန်ကုန်တွင် ယခုလပထမပတ် အတွင်းကလည်းကောင်း စတင်ဆောင်ရွက်ခဲ့သည်။

ရွှေတောင်ပေါ်ကုမ္ပဏီနှင့် ဗြိတိန်နိုင်ငံမှ ဒေးဗစ်ကန်ဒယ်လ် ဦးဆောင်သည့်အဖွဲ့သည် လွန်ခဲ့သည့်ဒီဇင်ဘာလအတွင်းက ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အနီးတွင် စပစ်ဖိုင်းယားဟု မစ္စတာကန်ဒယ်လ်က ယူဆသည့်အရာတစ်ခုကို ပေ ၃၀ နက်သည့်နေရာ၌ တွေ့ရှိပြီးနောက် တူးဖော်ခဲ့ရာတွင် ရေများထွက်ရှိလာသဖြင့် လုပ်ငန်းကို ရပ်နားထားပြီး ဆက်လက် တူးဖော်ခြင်းမရှိဘဲ ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မင်္ဂလာဒုံလေဆိပ်အနီးတွင် ဆက်လက်တူးဖော်ရန် စူးစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သည်။

ထိုသို့ ပြုလုပ်နေစဉ်ကာလတွင်ပင် အဆိုပါစီမံကိန်းအတွက် ငွေကြေးထောက်ပံ့မှုများ ပြုလုပ်နေသော ဘီလာရုစ်နိုင်ငံအခြေစိုက် ကမ္ဘာစစ်အခြေခံဂိမ်းများ ထုတ်လုပ်နေသော အဖွဲ့ဖြစ်သည့် ဝါးလ်ဂိမ်းမင်းက တူးဖော်မှုတွင် မည်သည့် စပစ်ဖိုင်းယားမှ တွေ့ရှိခဲ့ခြင်းမရှိကြောင်း ဘီဘီစီသတင်းဌာနအား ပြောဆိုခဲ့မှုကိုအခြေခံပြီး ထိုနေရာတွင် စပစ်ဖိုင်းယားများမရှိဟု သတင်းများထွက်ပေါ်လာခဲ့သည်။

"အမှန်က သူတို့သတင်းထုတ်ပြန်တာ စောလွန်းပါတယ်။ တစ်နေရာတည်းကို တူးဖော်တာနဲ့ မတွေ့တာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ကန့်သတ်ချက်တွေ ရှိနေသေးလို့ ဖြစ်ပါတယ်။ မစ္စတာကန်ဒယ်လ်ကလည်း အခုချိန်ထိ စပစ်ဖိုင်းယားရှိနေတယ်ဆိုတာကို ယုံကြည်နေပါသေးတယ်"ဟု ဦးထွန်းကျော်က ပြောသည်။

မင်္ဂလာဒုံလေဆိပ်အနီးတွင် စူးစမ်းစစ်ဆေးမှုပြုလုပ်ရန် မြေတူးဖော်ရာ၌ ရေပိုက်များ၊ လျှပ်စစ်ကြိုးများ၊ မြေအောက်တယ်လီဖုန်းကြိုးများ အများအပြားရှိနေကြောင်း၊ ထိုနေရာများကို ရှောင်ကွင်းရသည့်အပြင် လေယာဉ်အတက်အဆင်း ပြုလုပ်သည့်အချိန်ကိုလည်း ငဲ့ရကြောင်း၊ မြေနေရာ အခက်အခဲနှင့် လုံခြုံရေးအခက်အခဲတို့ရှိနေခြင်းကြောင့် ဖြစ်ကြောင်း ဆိုသည်။

ရန်ကုန်လေဆိပ်ဝင်းအတွင်း၌ ပြုလုပ်နေသည့် တူးဖော်ရှာဖွေရေးလုပ်ငန်းခွင်တွင် ဒေးဗစ်ကန်ဒယ်လ်က စပစ်ဖိုင်းယားပုံစံငယ်ကို ပြသနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

"သိက္ခာရှိရှိပြောရမယ်ဆိုရင် ဝါးလ်ဂိမ်းမင်းအဖွဲ့က သတင်းထုတ်တာ စောလွန်းပါတယ်။ သူတို့အကြောင်းနဲ့ သူတို့ ရှိပါလိမ့်မယ်။ မြန်မာဘက်က ပညာရှင်တွေအဆိုအရလည်း စပစ်ဖိုင်းယားတွေရှိတယ်ဆိုတာ ဖြစ်နိုင်ခြေရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

ဒုတိယကမ္ဘာစစ်အတွင်းက နာမည်ကျော်ခဲ့သည့် စပစ်ဖိုင်းယားတိုက်လေယာဉ်များကို ဗြိတိသျှလေတပ်က ၁၉၄၅-၄၆ ခုနှစ်ဝန်းကျင်တွင် မြှုပ်နှံထားခဲ့သည်ဟု အဆိုပါတူးဖော်သည့်အဖွဲ့ကဆိုခဲ့ရာ ယင်းအချိန်ကာလသည် မြန်မာနိုင်ငံကို ဗြိတိသျှတို့ ပြန်လည်အုပ်စိုးနေသည့်ကာလဖြစ်နေသဖြင့် ထိုကာလတွင် မည်သည့်အတွက်ကြောင့် လေယာဉ်စင်းရေပမာဏ တော်တော်များများကို မြေကြီးအတွင်း မြှုပ်နှံထားခဲ့ပါသနည်းဟူသည့် အချက်သည် တွေးတောစရာဖြစ်လာခဲ့ပြီးနောက် ဝါးလ်ဂိမ်းမင်းအဖွဲ့က မည်သည့်အရာမျှ မတွေ့ရဟု သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စပစ်ဖိုင်းယားလေယာဉ်များ မြန်မာနိုင်ငံအတွင်း အမှန်တကယ် မြှုပ်နှံထားခဲ့ပါက ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနတွင် အဆိုပါ ၁၉၄၅ နှင့် ၄၆ ခုနှစ်ကာလအတွင်းက စစ်မှတ်တမ်းများရှိနိုင်မည်ဖြစ်သောကြောင့် မြန်မာတိုင်း(မ်)က လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသို့ ဖုန်းဖြင့် မေးမြန်းဆက်သွယ်ခဲ့ရာတွင် ဌာနမှ ပြောရေးဆိုခွင့်ရှိသူ မစ္စတာဘေလ်ကင်ဆန်က ထိုမှတ်တမ်းများမရှိကြောင်း ပြောဆိုခဲ့သည်။

"အဲဒီကာလ(၁၉၄၅-၄၆)ဝန်းကျင်က မြန်မာနိုင်ငံမှာ စပစ်ဖိုင်းယားတွေ မြှုပ်ခဲ့တယ်ဆိုတဲ့ မှတ်တမ်း ကျွန်တော်တို့မှာ မရှိပါဘူး။ အဲဒီတူးဖော်တာကို အလွတ်တန်းအဖွဲ့တစ်ဖွဲ့က လုပ်နေတာဖြစ်တယ်"ဟု ၎င်းက ပြောသည်။

ရွှေတောင်ပေါ်ကုမ္ပဏီကမူ စူးစမ်းစစ်ဆေးဆဲကာလသာဖြစ်ကြောင်း၊ ယခုချိန်အထိ စပစ်ဖိုင်းယားများ အမှန်တကယ်ရှိနေကြောင်း အကောင်းမြင်နေဆဲဖြစ်ကြောင်း ဦးထွန်းကျော်က ပြောသည်။ ■

ထောင်တွင်း ကိုယ်ဝန်ဆောင်နှင့် သားသည် မိခင်များအား ထောက်ပံ့မည်

ထောင်တွင်း အကျဉ်းကျခံနေရသော ကိုယ်ဝန်သည် မိခင်များ၊ သားသည် မိခင်များ၊ ကလေးများ၏စာရင်း တိတိကျကျရသည်နှင့် တစ်ပြိုက်နက် လိုအပ်သည့်ပစ္စည်းများကို ကူညီထောက်ပံ့ပေးသွားမည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (နိုင်ကျဉ်းရေးရာကော်မတီဝင်) ဦးထွန်းကြည်က မြန်မာတိုင်း(မ်)သို့ ပြောသည်။

ထို့ပြင် ကိုယ်ဝန်သည်ဆိုသည်မှာလည်း အရပ်သူဖြစ်စေ၊ နိုင်ကျဉ်းဖြစ်စေ လူသားချင်း စာနာထောက်ထားသော အဖွဲ့ဖြစ်သဖြင့် ကူညီမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မြန်မာပြည်သို့ ရောက်ရှိနေသည့် ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာမှ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က ၎င်းတို့အဖွဲ့အနေဖြင့် နိုင်ငံရေးအကျဉ်းသားနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများကိုသာ ထောက်ပံ့မည်ဖြစ်ကြောင်းပြောသည်။

"အခုလောလောဆယ် ဇန်နဝါရီ ၂၃ ရက်နေ့ မန္တလေးမှာ နိုင်ငံရေးအကျဉ်းသားဟောင်းမိသားစုရဲ့ ကလေးစုစုပေါင်း ၃၃ ယောက်ကို တစ်ယောက်တစ်သိန်းနှုန်းနဲ့ ပညာရေးထောက်ပံ့ကြေးပေးခဲ့ပါတယ်"ဟု ၎င်းကပြောသည်။ **နော်စေးဖောဝါး** ■

ယာဉ်ကြောပိတ်ဆို့မှုများကို စတင်ဖြေရှင်း ဆောင်ရွက်နေ

ရွှေကူသစ္စာ

ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ ဖြေရှင်းရန် တစ်ဖွဲ့လျှင် အဖွဲ့ဝင် ၃၆ ဦး ပါဝင်သော ယာဉ်ထိန်းတပ်ဖွဲ့ပေါင်း ၃၈ ဖွဲ့ဖြင့် ရန်ကုန်မြို့တော်အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က ယခုလ ၂၂ ရက်နေ့မှစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသာဋ္ဌေးက ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်ပင်သာယာ ဧရိယာဖြစ်တာက ၃၁ မြို့နယ်၊ စည်ပင်သာယာအပြင် ၁၄ မြို့နယ်တွေမှာ တပ်ဖွဲ့စုအလိုက် ဖွဲ့စည်းဆောင်ရွက်မှာဖြစ်ပါတယ်။ ရန်ကုန်မြို့ပေါ်မှာတော့ တစ်မြို့နယ်ကို တပ်ဖွဲ့တစ်စုနှုန်းနဲ့ ၃၁ ဖွဲ့၊ မြို့ဧရိယာအပြင်မှာဆိုရင်တော့ နှစ်မြို့နယ်ကို တပ်ဖွဲ့တစ်စုနှုန်းနဲ့ ခုနစ်ဖွဲ့၊ အားလုံးပေါင်းတပ်ဖွဲ့ ၃၈ စုနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တပ်ဖွဲ့တစ်စုမှာ ဒုရဲမှူးတစ်ယောက်၊ ရဲအုပ်လေးယောက်၊ ဒုရဲအုပ် သုံးယောက်၊ အရာရှိရှစ်ယောက်နဲ့ တခြားအဖွဲ့ဝင် ၂၈ ယောက် အားလုံးပေါင်း တစ်စုမှာ ၃၆ ယောက် ပါဝင်ပါတယ်"ဟု ၎င်းက ပြောသည်။

ပညာပေးကာလအဖြစ် တစ်ပတ်တိတိ ပြုလုပ်သွားမည်ဖြစ်ပြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် အများပြည်သူ ပူးပေါင်းပါဝင်လာရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"ဒီနေ့ ရန်ကုန်မြို့တော် အများပြည်သူ သွားလာရေးနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားမဲ့ အစီအစဉ်တွေကို ဒီနေ့စတင်ဆောင်ရွက်နေပြီဆိုတာနဲ့ ဒီလိုလုပ်ဆောင်ရာမှာ အများပြည်သူကလည်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့ မျှော်လင့်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုတွေနဲ့ ပတ်သက်လို့လည်း လမ်းဆုံတွေမှာ ယာဉ်ကြောပြောင်းပြန်မောင်းနှင်မှုတွေနဲ့ လူအများသွားလာနေတဲ့လမ်းမှာ မဆင်မခြင်ဝင်ရောက်မှုကြောင့် လမ်းပိတ်ဆို့ခြင်းတွေ ဖြစ်ပေါ်နေပါတယ်။ ပညာပေးကာလအဖြစ် တစ်ပတ်ပြုလုပ်မှာ ဖြစ်ပါတယ်။ ဒီနေ့မနက်ကနေစပြီး တကယ့်ယာဉ်ကြောကျပ်တဲ့ နေရာတွေမှာ အင်အားတိုးချပြီး ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

"ရန်ကုန်တိုင်း ယာဉ်ထိန်းတပ်ဖွဲ့က ဆိုရင် အရာရှိ ၂၈၃ ယောက်၊ အဖွဲ့ဝင် ၁,၁၁၄ ယောက်နဲ့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီနေ့လက်ရှိမှာတော့ ယာဉ် ကြောပိတ်ဆို့မှု အများဆုံးဖြစ်တဲ့ နေရာခုနစ်နေရာမှာ စတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။ စမ်းချောင်းမြို့နယ်မှာဆိုရင်တော့ မြေနီကုန်း၊ ကမာရွတ်မြို့နယ်မှာဆိုရင်တော့ လှည်းတန်းနဲ့ ဟံသာဝတီ၊ မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်းနဲ့ ဘုရင့်နောင်၊ ဗဟန်းမြို့နယ်မှာဆိုရင်တော့ ရွှေဂုံတိုင်နဲ့ ဦးထောင်ဗိုလ်လမ်းစတဲ့ နေရာတွေမှာ ပြုလုပ်နေပါတယ်"ဟုရဲမှူးသာဋ္ဌေးက ပြောသည်။ ■

လာရောက်မဆောင်ရွက်သည့် အမှု ၃,၀၀၀ ခန့် က. ည. န ၌ ကျန်ရှိ

သီဟတိုး

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် တင်သွင်းလာသည့် မော်တော်ယာဉ်စီးရေတစ်သိန်းကျော်ကို မှတ်ပုံတင်ပေးပြီးဖြစ်ကာ ယာဉ်ပိုင်ရှင်များက လာရောက်ဆောင်ရွက်ခြင်းမရှိသည့် အမှုတွဲများလည်း ၃,၀၀၀ ကျော်ရှိသည်ဟု အဆိုပါဌာနမှ သိရသည်။

ကနဦးမှတ်ပုံတင်ခ၊ FEC မြန်မာကျပ်ငွေတွက်ချက်ပြီးသော်လည်း ကုမ္ပဏီသို့မဟုတ် ပိုင်ရှင်များမှ လာရောက်ငွေပေးသွင်းခြင်းမရှိသည့် အမှုတွဲ ယာဉ်စီးရေ ၂,၀၀၉ စီး၊ ယာဉ်စစ် တွေ့ရှိချက်အရ အကောက်ခွန်သို့ မေးမြန်းပြီး ပြန်ကျအမှုတွဲများအား ယာဉ်ပိုင်ရှင်များမှ လာရောက်ဆောင်ရွက်ခြင်းမရှိသည့် ကြန့်ကြာ အမှုတွဲယာဉ် ၅၀၁ စီး၊ ဌာနအားလုံး ဆောင်ရွက်ပေးပြီးသော်လည်း ကမ-၃ အဝိုင်း လာရောက်ထုတ်ယူမှုမရှိသည့် ယာဉ်စီးရေ ၉၈၇ စီး ရှိပြီး ကနဦးမှတ်ပုံတင်ပြီးသည့် ယာဉ်စီးရေပေါင်း ၁၀၉,၅၈၈ စီးရှိသည်ဟု ယခုလ ၁၂ ရက်နေ့အထိ က. ည. န မှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။

"အချိန်မီ ငွေပေးချေမှုမရှိတဲ့ သူတွေကိုလည်း ဒဏ်ကြေးအနေနဲ့ ယာယီမှတ်ပုံတင်လုပ်တဲ့ ယာဉ်တွေကို တစ်ရက်ကို ကျပ်သုံးထောင်၊ ယာယီမဟုတ်တဲ့ ယာဉ်တွေကို တစ်ရက်ကို ကျပ်ငါးထောင်ဆိုပြီး သတ်မှတ်ထားပါတယ်"ဟု ရွာသာကြီးရုံးခွဲ၊ (နှစ်တန်နှင့် အထက်ကားကြီးများ ကနဦး မှတ်ပုံတင်ဌာန) မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းထွဋ်က ပြောသည်။ ■

Golden
Golden Myanmar Airlines
ရန်ကုန် ⇄ မန္တလေး
၂၇၀၀၀ ကျပ်++
FREE AIRPORT SHUTTLE BUS
တံတားဦးလေဆိပ် မှ မန္တလေးကျုံးထောင့်သို့ အဆင့်မြင့်ကားများဖြင့် အသွားအပြန် အခမဲ့
ရန်ကုန်/မန္တလေးလေဆိပ်နှင့် အရောင်းကိုယ်စားလှယ်များထံတွင်ဝယ်ယူရရှိနိုင်ပါပြီ။
ရွှေမြန်မာ လေယာဉ်လက်မှတ်အရောင်းကောင်တာ —
ဆရာစံပလာဇာ၊ တက္ကသိုလ်ရိပ်သာ လမ်းနှင့်ဆရာစံလမ်းထောင့်၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ရန်ကုန် ၊ ၀၉—၇၃၂၅၆၀၆၇၊ ၀၉—၄၀၀၄၄၆၉၉၉၊ ၀၉—၄၀၀၄၄၇၉၉၉၊ ၀၁—၈၆၀၄၀၃၅—၃၈
မန္တလေး ၊ ၀၉—၄၀၂၆၄၃၉၁၄၊ ၀၉—၅၀၇၁၈၇၃၊ ၀၉—၉၁၀၄၀၃၆၇၊ ၀၂—၂၇၀၇၃

သတင်းတို

MBA **သင်တန်းအား** IBSS, Denmark **နှင့် ပူးပေါင်းဖွင့်**

PS Business school နှင့် IBSS, Denmark တို့မှ ပူးပေါင်းကာ MBA သင်တန်းအား မတ်လ ၇ ရက်နေ့တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ IBSS, Denmark သည် ဒိန်းမတ်နိုင်ငံအစိုးရဝန်ကြီးဌာနမှ အသိအမှတ်ပြုခံထားရကာ ယူကေ၊ အမေရိကန်၊ ပြင်သစ်၊ ဆွစ်ဇာလန်နိုင်ငံတို့၌ ကျောင်းခွဲများ ဖွင့်လှစ်ထားသောကျောင်းလည်းဖြစ်သည်။ ဝင်ခွင့်ကိုမူ abe (Graduade Diploma) ပြီးသူများ တက်ရောက်နိုင်ပြီး အခြားနယ်ပယ်မှ ဘွဲ့ရကျောင်းသားများအတွက်မူ အကြိုသင်တန်းသုံးလ တက်ရောက်ရမည်ဖြစ်သည်။ ကျောင်းဝင်ချိန်မှာ ငါးလတစ်ကြိမ် ဖွင့်လှစ်မည်ဖြစ်ပြီး စုစုပေါင်း ၁၅ လကြာမြင့်မည်ဖြစ်ကာ သင်တန်းကြေးအား သိန်း ၈၀ သတ်မှတ်ထားသည်။ abe တက်ရောက်ပြီးသူများမှာ Foundation သင်တန်းတက်ရောက်ရန်မလိုသဖြင့် ၆၈ သိန်းကျသင့်မည်ဖြစ်ပြီး၊ အခြားနယ်ပယ်မှ ကျောင်းသားများမှာ ၇၂ သိန်းဖြင့် ၁၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။ MBA (Foundation) ကိုမူ ဧပြီလ ၇ ရက်နေ့တွင်ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၅၀၀၅၃၃ နှင့် ၀၉၇၃၁ ၄၂၅၆၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ယွန်းနွင်း

THAI

THAI AIRWAYS INTERNATIONAL
VACANCY ANNOUNCEMENT

Thai Airways International Public Co., Ltd (Yangon) welcome you to join our team with the following qualified of local applicants to fill the under (2) post of:

1. SALES REPRESENTATIVES (1 POST)

Qualifications and Requirements

- Must be single and female (or) male
- Healthy and good personality appearance
- Age between (22) years and (27) years
- University degree holder or any other degree holders(from abroad is more advantage)
- Fluency in english communication (reading , speaking, writing) plus any other languages will have more advantage)
- Advanced computer skill in it and office computer usage (excel/word/power point)
- Work experience in sales and marketing skill will preferable
- Available to travel other cities (local/abroad) if necessary
- Energetic and willing to perform company's matters on priority

2. ADMINISTRATIVE OFFICER (AND/OR)SECRETARY (1 POST)

Qualifications and Requirements

- Must be single and female (or) male
- Healthy and good personality appearance
- Age between (22) years and (27) years
- University degree holder or any other degree holders(from abroad is more advantage)
- Fluency in english communication (reading , speaking, writing) plus any other languages will have more advantage)
- Advanced computer skill in it and office computer usage (excel/word/power point)
- Work experience and knowledge in administrative skill will be more preferable
- Available to travel other cities (local/abroad) if necessary
- Energetic and willing to perform company's matters on priority

Interested and qualified applicants are requested to submit to Thai Airways International Office not later than 8 February 2013 at MON - FRI 9:00 AM to 5:00 PM together with the following items.

Curriculum vitae, qualification paper including Criminal Clearance from police department, one recent color full-length photograph, one passport size photograph and NRC copy.

Please send your application to

Thai Airways International Public Company Limited

#1101 Sakura Tower, Bogyoke Aung San Street Kyauktada T/S 11182, Yangon, Myanmar.

Phone: 255497, 255491- 6

ကွမ်းငုံခြင်းအလေ့အထကြောင့် ပါးစောင်အမြှေးပါးတွင် ခံတွင်းကင်ဆာရောဂါဖြစ်ပွားမှု များပြားနေ

ကမ္ဘာပေါ်တွင် ဆေးရွက်ကြီးပါဝင်သည့် ကွမ်းယာစားသုံးမှုအများဆုံးနိုင်ငံ ရှစ်နိုင်ငံတွင် မြန်မာနိုင်ငံသည် စားသုံးမှုနှုန်း အမြင့်ဆုံးဖြစ်နေ

ယမုံဖူးသစ်

မြန်မာနိုင်ငံ၌ ကွမ်းငုံခြင်းအလေ့အထကြောင့် ပါးစောင်အမြှေးပါးသည် ခံတွင်းကင်ဆာရောဂါဖြစ်ပွားမှု အများဆုံးနေရာဖြစ်သည်ဟု သုတေသနပြုချက်တစ်ခုအရ သိရသည်။

သုတေသနအရ ခံတွင်းကင်ဆာအမျိုးအစားတစ်မျိုး ဖြစ်သော Squamous Cell Carcinoma အမျိုးအစားကြောင့် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။

အဆိုပါသုတေသနကို ဇန်နဝါရီလ ၇ ရက်မှ ၁၁ ရက်နေ့အထိ ပြုလုပ်ခဲ့သော မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် တင်သွင်းခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ပြုလုပ်ခဲ့သော အဆိုပါသုတေသနကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့် အသားအစားထိုး ခွဲစိတ်ပြုပြင်မှုဌာနမှ ခံတွင်းကင်ဆာ လူနာ ၁၂၀ ၏ ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် ရောဂါဗေဒဆိုင်ရာ အချက်အလက်များကို လေ့လာခဲ့ခြင်းဖြစ်သည်။

ခံတွင်းကင်ဆာသည် အာဆီယံဒေသ၌ အဖြစ်အများဆုံးကင်ဆာရောဂါငါးခုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း အလေ့အထများ အလွန်များပြားသဖြင့် ၎င်းအလေ့အထများနှင့် ဆက်နွှယ်သော ခံတွင်းကင်ဆာရောဂါဖြစ်ပွားမှုအန္တရာယ် မြင့်မားသော နိုင်ငံများတွင် အပါအဝင်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြုလုပ်ခဲ့သည့် စစ်တမ်းများအရ ကမ္ဘာပေါ်၌ ဆေးရွက်ကြီးပါဝင်သည့် ကွမ်းယာစားသုံးမှုအများဆုံးနိုင်ငံ ရှစ်နိုင်ငံတွင် မြန်မာနိုင်ငံရှိ အမျိုးသားများ၏ဆေးရွက်ကြီးပါဝင်သော ကွမ်းယာစားသုံးသည့်နှုန်းသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ စသော နိုင်ငံများကိုကျော်လွန်၍ ၅၁ ဒသမ ၄ ရာခိုင်နှုန်းဖြင့် စားသုံးမှုနှုန်း အမြင့်ဆုံးဖြစ်နေသည်။

"မြန်မာနိုင်ငံမှာ ကွမ်းစားတဲ့နှုန်းက အရမ်းတက်နေတယ်။ လူနှစ်ယောက်မှာ တစ်ယောက်နှုန်း စားနေတာကို တွေ့ရတယ်"ဟု အရှေ့တောင်အာရှဒေသ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ် ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းဝေးရေးဆိုင်ရာ ဒေသဆိုင်ရာ အကြံပေးအရာရှိ ဒေါက်တာညိုညိုကြိုင်က ပြောသည်။

"တချို့က ဆေးလိပ်ကို ကွမ်းနဲ့အစားထိုးပြီး ဖြတ်ဖို့ကြိုးစားရင်း ကွမ်းကိုပါ စွဲသွားကြတယ်။ အဓိကကတော့ ကွမ်းစားတာက ဆေးလိပ်သောက်တာလောက် အန္တရာယ်မများဘူးလို့ ထင်နေကြတယ်"ဟု ၎င်းက ပြောသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မေးရိုးနှင့် ခံတွင်း ဆေးပညာဌာနတို့မှ ပြုလုပ်သော သုတေသနအရ ခံတွင်းကင်ဆာကို ကွမ်းယာဝါးခြင်းတစ်မျိုးတည်း အလေ့အထရှိသောသူများတွင် တွေ့ရကာ ၂၈ ဒသမ ၃၃ ရာခိုင်နှုန်း ရှိနေသည်။ ကွမ်းယာဝါးခြင်းနှင့် ဆေးလိပ်သောက်ခြင်း နှစ်မျိုးစလုံး အလေ့အထရှိသူ ၁၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဆေးလိပ်တစ်မျိုးတည်း သောက်သုံးသူ ၁၅ ဒသမ၈ ၃ ရာခိုင်နှုန်းတို့ အသီးသီးရှိကြောင်း တွေ့ရှိရသည်။

ခံတွင်းကင်ဆာဝေဒနာရှင် အများစုမှာ ရောဂါနှင့်ပတ်သက်သော ဗဟုသုတနည်းပါးခြင်းကြောင့် ကုသမှုခံယူရာတွင် နောက်ကျကြောင်း တွေ့ရှိရသည်။ ဝေဒနာရှင်များ၏ ၆၀ ရာခိုင်နှုန်းသည် ခံတွင်းကင်ဆာအဆင့်(၄)သို့ ရောက်ရှိနေကြသည်။

သုတေသနအရ ခံတွင်းကင်ဆာဝေဒနာရှင်များတွင် အမျိုးသား ၁ ဒသမ ၆ ဦးတွင် အမျိုးသားတစ်ဦးမှာ ခံတွင်းကင်ဆာရောဂါ တွေ့ရှိရကြောင်း သိရသည်။ ရောဂါအဖြစ်များဆုံး အသက်အုပ်စုမှာ ၄၅ နှစ်မှ ၆၅ နှစ်အတွင်းဖြစ်ပြီး ဖြစ်ပွားသူများ၏ ၅၄ ရာခိုင်နှုန်းကျော်တွင် တွေ့ရသည်။

မြန်မာနိုင်ငံ၌ ၂၀၀၉ နှင့် ၂၀၁၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့သော ကူးစက်ရောဂါမဟုတ်သောရောဂါများ ဖြစ်ပွားစေသည့် အကြောင်းအချက်များဆိုင်ရာ အမျိုးသားအဆင့်လေ့လာခြင်း စစ်တမ်းအရ အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း အမျိုးသားများတွင် နေ့စဉ်ပုံမှန် စားသုံးသူမှာ ၃၇ ဒသမ ၇ ရာခိုင်နှုန်း၊ ပုံမှန်မဟုတ်ဘဲ စားသုံးသူမှာ ၁၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် လုံးဝစားသုံးခြင်းမရှိသူ ၄၈ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများတွင် နေ့စဉ်ပုံမှန် စားသုံးသူ ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ ပုံမှန်မဟုတ်ဘဲ စားသုံးသူ ၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် လုံးဝမစားသုံးသူ ၈၃ ဒသမ ၉ ရာခိုင်နှုန်းတို့ ဖြစ်ကြောင်း သိရသည်။

စစ်တမ်းအရ အမျိုးသားများတွင် အသက် ၂၅ နှစ်မှ ၃၄ နှစ်အတွင်းနှင့် အမျိုးသမီးများတွင် အသက် ၄၅ နှစ်မှ ၅၄ နှစ်အတွင်းသည် ကွမ်းယာစားသုံးမှု အများဆုံးဖြစ်သည်ဟု သိရသည်။ ■

ရန်ကုန်မြို့ ဘုရားပွဲဈေးတန်းတစ်ခု၌ ဖွင့်လှစ်ထားသော ကွမ်းယာဆိုင်တစ်ဆိုင်။ ဓာတ်ပုံ-ကောင်းထက်

ခွေးလေခွေးလွင့် ၇၅ ရာခိုင်နှုန်းတွင် ခွေးရူးရောဂါပိုးတွေ့ရှိ

ရွှေရည်စောမြင့်

ခွေးရူးဟု သံသယရှိသည့်ခွေးများ၏ ဦးနှောက်ကို မြန်မာနိုင်ငံ မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာနက ဓာတ်ခွဲစမ်းသပ်ရာခဲ့တွင် ၇၅ ရာခိုင်နှုန်းသည် ခွေးရူးရောဂါပိုးရှိနေသည်ကို စမ်းသပ်တွေ့ရှိခဲ့သည်ဟု သိရသည်။

ခွေးရူးရောဂါပိုးကို မြန်မာနိုင်ငံ မွေးမြူရေးနှင့် ဆေးကုသရေးဌာနမှ စစ်ဆေးပေးလျက်ရှိနေရာ ပြီးခဲ့သည့်နှစ်တွင် ခွေးကိုက်ခံရသည့်လူများမှ ယူဆောင်လာသည့် ခွေးအကောင် ၂၀ တွင် ၇၅ ရာခိုင်နှုန်း (၁၅ ကောင်ခန့်)တွင် Negri Bodies ခေါ် ခွေးရူးရောဂါပိုးကို တွေ့ရှိသည်ဟု အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက မြန်မာတိုင်း(မ်)ကို လွန်ခဲ့သည့် ရက်သတ္တပတ်က ပြောသည်။

"ဒီပိုးရှိတဲ့ခွေး အကိုက်ခံရမယ်ဆိုရင် တစ်ပတ်အတွင်း ဖျားလာမယ်၊ ကိုယ်လက်တွေ ကိုက်ခဲလာမယ်။ ပြီးတော့ အသက်အန္တရာယ် ထိခိုက်နိုင်တယ်"ဟု ဒေါက်တာအောင်ကြီးက ပြောသည်။

အဆိုပါပိုးကို လူ့ခန္ဓာကိုယ်ထဲတွင် စစ်ဆေးတွေ့ရှိသည့်အချိန်၌ ပျောက်ကင်းအောင်ကုသရန်ဆေးဝါး ယနေ့မရှိဘဲ အဆိုပါရောဂါကြောင့် လူအများအသက်ဆုံးရှုံးရသည်ဟု ဒေါက်တာအောင်ကြီးက ပြောသည်။

"ဒါပေမဲ့ ခွေးကိုက်ခံရပြီး ချက်ချင်းကာကွယ်ဆေးထိုးမယ်ဆိုရင်တော့ ဒီရောဂါကို ကာကွယ်လို့ရပါတယ်။ ခွေးကိုလည်း ကြိုတင်ကာကွယ်ဆေးထိုးပေးလို့ရပါတယ်"ဟု ၎င်းကပြောသည်။

မွေးမြူရေးနှင့် ကုသရေးဌာနအနေဖြင့် ခွေးရူးရောဂါကာကွယ်ဆေးကို တစ်နှစ်လျှင် တစ်ကြိမ်သာ အိမ်မွေးခွေးအချို့ကိုသာ အခမဲ့ထိုးပေးနိုင်ပြီး ခွေးလေခွေးလွင့်များကို ခွေးရူးရောဂါကာကွယ်မှုများ မပြုလုပ်နိုင်ကြောင်း ဒေါက်တာအောင်ကြီးက ပြောသည်။

သို့ရာတွင် လာရောက်စစ်ဆေးကြသည့်ခွေးအများစုသည် အိမ်မွေးခွေးများထက် ခွေးလေခွေးလွင့်များ များပြီး ခွေးလေခွေးလွင့်များတွင်ရှိသည့် ခွေးရူးရောဂါပိုးကို ထိန်းချုပ်ရန်ခက်သည်ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်၌ ခွေးလေခွေးလွင့် ပေါက်ဖွားမှုများကို ရန်ကုန်မြို့တော်စည်ပင်မှ ထိန်းချုပ်လျက်ရှိရာ ၂၀၁၂ ခုနှစ်တွင် ခွေးလေခွေးလွင့် အကောင်နှစ်သောင်းကျော် သုတ်သင်ခဲ့သည်ဟု ရန်ကုန်မြို့တော်စည်ပင် တိရစ္ဆာန်နှင့် သားသတ်ရုံများဌာနမှ စုံစမ်းသိရှိရသည်။ ■

စာချသံဃာနှင့် သီလရှင် ၄၈၅ ပါး အား ဗုဒ္ဓဂယာသို့ ပို့ဆောင်မည်

ချယ်ရီသိန်း

မြန်မာနိုင်ငံအတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၌ စာပေပို့ချတာဝန်ယူနေသောစာချသံဃာတော်များနှင့် သီလရှင် စုစုပေါင်း ၄၈၅ ပါးအား ဗုဒ္ဓဂယာသို့ ဘုရားဖူးကာလအတွင်း ဓမ္မဒူတ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒက အလှူ့ဒါနျ ပင့်ဆောင်မည်ဖြစ်သည်။

"ပရိယတ္တိနဲ့ ပရိပတ္တိဝန်ကိုဆောင်နေကြတဲ့ စာသင်တိုက်ကြီးတွေက စာချသံဃာ၊ သီလရှင်တွေကို အလှူ့ဒါနျ ဘုရားဖူးပို့ဆောင်ပေးတာပါ" ဟု အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပရိယတ္တိဌာနမှူး ပါမောက္ခ ဒေါက်တာအရှင်ဆေကိန္ဒက မိန့်သည်။

"ပြီးခဲ့တဲ့ဘုရားဖူးရာသီမှာ စာချဆရာတော် အပါး ၁၈၀ ကို ပင့်ဆောင်ပေးနိုင်ခဲ့တယ်။ အခုနှစ်မှာတော့ စာချသံဃာ ၃၆၅ ပါးအပြင် စာချသီလရှင်အပါး ၁၂၀ ကိုပါ စတင်တိုးမြှင့်ပင့်ဆောင်ဖို့ စီစဉ်နေတယ်"ဟု ခရီးစဉ်များအားစီစဉ်နေသည့် ကမ္ဘာအေးတိပိဋက မဟာဂန္ဓရုံကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးဉာဏိဿရက မိန့်သည်။

ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်သို့ လိုက်ပါလိုသော သံဃာတော်များနှင့် သီလရှင်များသည် ပရိယတ္တိစာသင်တိုက်ကြီးများတွင် ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသူများဖြစ်၍ အိန္ဒိယသို့ ဘုရားဖူး မကြွဖူးသေးသော နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများဖြစ်ရမည်။

သတ်မှတ်ချက်များနှင့်ပြည့်မီသူများသည် ကမ္ဘာအေးတိပိဋက မဟာဂန္ဓရုံကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးဉာဏိဿရထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ■

လုပ်ငန်းသုံး ဂျပန်ဘာသာစကား သင်တန်းဖွင့်မည်

ချယ်ရီသိန်း

အလုပ်အကိုင် ရှာဖွေရေးအတွက် အထောက်အပံ့ရစေရန် လုပ်ငန်းသုံး ဂျပန်ဘာသာစကားကို J-SAT မှ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် စာသင်ချိန်နာရီပေါင်း ၂၀ ပို့ချပေးသွားမည်ဖြစ်ပြီး လက်တွေ့လုပ်ငန်းသုံး ဂျပန်ဘာသာစကားကို ဝါရင့်ဂျပန်ဆရာ၊ ဆရာမများက သင်ကြားပေးသွားမည်ဖြစ်ကြောင်း J-SAT မှ မန်နေဂျာ တာကာရှီမမီနက ပြောသည်။

"ဂျပန်ကုမ္ပဏီတွေက ဂျပန်ဘာသာ ကျွမ်းကျင်တဲ့လုပ်သား လိုချင်တယ်။ ဂျပန်ဘာသာတတ်မြောက်ထားသူတွေကလည်း ဂျပန်ကုမ္ပဏီမှာ အလုပ်လုပ်ချင်ပေမဲ့ ဘယ်လိုချိတ်ဆက်ရမှန်းမသိဖြစ်နေကြတယ်။ အခု J-SAT က လုပ်သားလိုတဲ့ ဂျပန်ကုမ္ပဏီတွေနဲ့ အလုပ်လုပ်ချင်တဲ့ လုပ်သားတွေကို အရင်ဆုံး ချိတ်ဆက်ဆောင်ရွက်ပေးသွားမယ်။ လုပ်ငန်းသုံးဘာသာစကားဟာလည်း တကယ်လိုအပ်တဲ့အတွက် ဘာသာစကားကိုလည်း သင်ပေးသွားမှာပါ" ဟု မန်နေဂျာ တာကာရှီမမီနက ပြောသည်။

သင်တန်းတွင် လုပ်ငန်းခွင်နှင့် ကိုက်ညီသော လုပ်ငန်းအတွင်း စာရွက်စာတမ်း၊ သတင်းစာ စသည်များကို သင်ထောက်ကူပစ္စည်းများအဖြစ်အသုံးပြု၍ ဂျပန်တို့၏ လုပ်ငန်းခွင်ယဉ်ကျေးမှု၊ ပြောဆိုဆက်ဆံရေးအတွက် လိုအပ်သောစွမ်းရည်ကို အလေးပေးလေ့ကျင့်ပေးသွားမည်။ စကားလုံးသိရုံသာမက လုပ်ငန်းသုံးဝါကျများကို အသုံးချမှုစွမ်းရည်၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ■

တစ်ကွက်ကာတွန်း

ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာ ကွန်ရက်၌ ပညာရေးနှင့်သက်ဆိုင်သူများ ပါဝင်နိုင်

ယွန်းနှင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးစီမံကိန်းနှင့် ဥပဒေဖော်ဆောင်ရန် ရည်ရွယ်ကာ ပညာရေးပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (National Network for Education Reform -NNER) ကို ဖွဲ့စည်းပြီး ယင်းကွန်ရက်တွင် ပညာရေးနှင့်ဆက်နွယ်သူများ ပါဝင်နိုင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ ပညာရေးကွန်ရက်အဖွဲ့ဝင် ဒေါက်တာ သိန်းလွင်က ဇန်နဝါရီလ ၁၁ ရက်နေ့က ပြောကြားသည်။

အဆိုပါကွန်ရက်ကို ပညာရေးနှင့် သက်ဆိုင်သူအားလုံးနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရန်ရည်ရွယ်ပြီး ဇန်နဝါရီနှင့် မတ်လများတွင် ဒေသအသီးသီးရှိပညာရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်ကာ ပိုမိုကျယ်ပြန့်စွာ ဖွဲ့စည်းမည်ဖြစ်သည်။

ဧပြီနှင့်ဇွန်လများတွင် ဒေသဆိုင်ရာ ဆွေးနွေးပွဲများကိုကျင်းပကာ ပညာရေးမူဝါဒဆိုင်ရာ အကြံပြုချက်များရယူမည်ဖြစ်သည်။ အဓိကအားဖြင့်ပညာရေးဆိုင်ရာ အခြေခံမူများ၊ တာဝန်ခံမှု၊ စီမံခန့်ခွဲမှု၊ ရည်မှန်းချက်၊ အကြံပြုချက်၊ စာမေးပွဲဆိုင်ရာများ၊ ဘာသာစကားသင်ကြားမှု၊ မူလတန်း၊အထက်တန်း၊ အသက်မွေးဝမ်းကျောင်း၊ တက္ကသိုလ်ပညာရေး အပြင် အခြားလိုအပ်သောကဏ္ဍများကိုပါ အခြေခံဆွေးနွေးမည်ဖြစ်သည်။

ပညာရေးပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်၊ Thinking Classroom Foundation၊ EducationalistNetwork၊ ၈၈ မျိုးဆက်၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ Generation Wave၊ ဗ. က. သ၊ တ. က. သ၊ ဖောင်တော်ဦးနှင့် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ခရစ်ယာန်အခြေပြု တက္ကသိုလ်၊ ကျောင်းများ ကနဦး ပါဝင်ဖွဲ့စည်းထားသည်။

"ဒီနှစ်ထဲမှာ ကွန်ရက်တွေအနေနဲ့ ဒေသအသီးသီးမှာရှိတဲ့ ပညာရေးအဖွဲ့အစည်းပေါင်းစုံရဲ့ အကြံဉာဏ်တွေ ရယူပြီး၊ ပညာရေးမူဝါဒတစ်ခု ချမှတ်နိုင်တဲ့အထိ လုပ်ဆောင်ပါမယ်။

"တစ်နိုင်ငံလုံးမှာရှိတဲ့ အတိုင်းအတာအထိ ကိုယ့်နယ်ပယ်အလိုက် ချိတ်ဆက်ပြီး ဆွေးနွေးကြမယ်။ နောက်နှစ်မှာလွှတ်တော်အထိတင်နိုင်အောင်ကြိုးစားသွားမယ်။ အခုတော့ အဖွဲ့ ၆၅ ဖွဲ့လောက်အထိ ချိတ်ဆက်နိုင်တယ်။ အဓိက ဦးဆောင်ပြီးလုပ်နေတာက ၁၀ ဖွဲ့လောက် ရှိပါတယ်။ ကိုယ်နဲ့သက်ဆိုင်ရာ နယ်ပယ်ဒေသအသီးသီးမှာ ချိတ်ဆက်ပြီး လုပ်ဆောင်ကြမယ်"ဟု ၈၈ မျိုးဆက်အဖွဲ့မှ ကိုစိုးထွန်းက မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

ဇူလိုင်လတွင် NNER နှင့် ပညာရေးဝန်ကြီးဌာနမှ ဦးစီးပြီး ပြင်ပပညာရှင်များနှင့် ဖွဲ့စည်းထားသော CESR (Comprehensive Education Sector Review) တို့ ပူးပေါင်းကာ နိုင်ငံလုံးဆိုင်ရာ ပညာရေးဆွေးနွေးမည်ဖြစ်ကာ ယင်းမှနိုင်ငံလုံးဆိုင်ရာ ပညာရေးမူဝါဒ ပထမမူကြမ်းရရှိရန် အကောင်အထည်ဖော်ပြီး ပြည်သူလူထုထံမှ အကြံပြုချက်များ ရယူမည်ဖြစ်သည်။ ထိုမှ ဒုတိယမူကြမ်းရရှိမည်ဖြစ်ကာ ပြည်သူ့လွှတ်တော်သို့ တင်ပြဆွေးနွေးမည်ဖြစ်သည်။

"၂၀၁၄ မကုန်ခင် အမျိုးသားပညာရေး အက်ဥပဒေရေးဆွဲဖို့အတွက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒေါက်တာသိန်းလွင်က ဦးဆောင်ပြီး စိတ်ဝင်စားသူတွေကိုဖိတ်ခေါ်ပြီး ကွန်ရက်ဖွဲ့တာပါ။ အကြမ်းဖျင်းပေါ့။ ပြည်နယ်နဲ့တိုင်းအလိုက် ဆွေးနွေးပွဲလေးတွေ လုပ်မယ်။ ပြည်နယ်နဲ့တိုင်း ၁၄ ခုကနေပြီး အကြိုဆွေးနွေးပွဲတွေလုပ်ပြီးတော့မှ အားလုံးပါဝင်တဲ့ ပညာရေးဆွေးနွေးပွဲကြီးလုပ်မယ်။ ဥပဒေကြမ်းအတွက် လိုအပ်မယ်ထင်တဲ့ အချက်အလက်တွေကိုပြန်ပြီးဆွဲတဲ့အထဲမှာထည့်မယ်" ဟု ဗ. က. သမှ NNER တာဝန်ခံ ကိုဖြိုးတင်ဦးက ပြောကြားသည်။

ကွန်ရက်သို့ချိတ်ဆက်ကာ ဆက်သွယ်လိုသူများသည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ၀၉၇၃၂ ၅၅၅၆၉၊ ၀၉၅၀ ၇၇၄၅၇ နှင့် ၈၈ မျိုးဆက် ဖုန်း ၀၉၇၃ ၄၉၄၃၆၇၊ ၀၉၇၃၀ ၃၇၀၇၇ တို့သို့ ဆက်သွယ်နိုင်သည်။ ■

သမိုင်းမှတ်တမ်းတင်ရမယ့် အကြောင်းအရာတွေ
(၁၀(ခ)အစ အစ်မက)

မိုယ်းလင်း

(ယခင်တစ်ပတ်မှအဆက်)

တိုက်ခန်းရုံးခန်းမှာ စစ်ဆေးခံရပြီးတဲ့နောက် အားလုံးကို တန်းစီခေါ်သွားပြီး ရုံးခန်းနဲ့နီးတဲ့ တိုက်ခန်းတွဲတစ်ခုထဲ ဝင်ရပါတယ်။ တိုက်ခန်းမှာ သံတိုင်တံခါးတစ်ခုအပြင် အရှေ့ကနေ သစ်သားတံခါး ထပ်ပြီးကာထားတော့ ကောင်းကင်ကို မမြင်ရပါ။ အလုံပိတ်ပုံစံသဘောပါ။ (နောက်မှ (၆)တိုက်လို့ခေါ်ကြောင်း သိရပါတယ်)။ ခဏသာနေရပြီး အားလုံးပြန်ထွက်ပါဆိုလို့ ပြန်ထွက်ရပါတယ်။

နောက်တစ်ခါ ခပ်မှောင်မှောင်တိုက်ခန်းရှည်တစ်ခုရှိတဲ့နေရာခေါ်သွားပြီး တစ်ခန်းကို လူလေးယောက်နှုန်း၊ ငါးယောက်နှုန်းနဲ့ ဝင်ခိုင်းပြီး အခန်းစေ့ဝင်ရတဲ့အခါ ကျွန်တော်တို့က အခန်း ၁၅ မှာ နေရပါတယ်။ ကိုတင်ဆွေမိုး၊ ကိုမော်၊ ကိုအောင်၊ မောင်မောင်ဦး၊ သိန်းလွင်နဲ့ကျွန်တော်ပါခြောက်ယောက်နေပါတယ်။ နောက်မှ ((၅)တိုက်ခေါ် ကြီးတိုက်လို့ခေါ်ကြောင်း သိရပါတယ်။) ဟိုယခင် အင်္ဂလိပ်ခေတ်က ကြိုးပေးမယ့်သူတွေကို နောက်ဆုံးထားရတဲ့တိုက်ဖြစ်ပါတယ်။ အခန်း(၁)ကနေ အခန်း(၂၂)အထိ ရှိပါတယ်။ တစ်ခန်းကို လူမထားဘဲ အလွတ်ထားပါတယ်။ ကြိုးပေးရမယ့်လူတစ်ယောက်ကို အခန်း(၁)ကနေ အခန်း(၂၂)အထိ ထားပြီး နံနက်အရုဏ်တက်ချိန်မှာ အခန်း(၂၂)က ခေါ်ထုတ်ပြီး ကြိုးပေးကြတယ်လို့ ဆိုပါတယ်။ (ဂျူနီဦးစောလည်း နေသွားခဲ့ဖူးမှာပါ။ တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့တဲ့ သူရဲကောင်းကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးနဲ့ ဗိုလ်ကြီးအုန်းကျော်မြင့်တို့လည်း နေသွားဖူးမှာပါ။) ဟာ ဒါဆို ငါတို့ကိုလည်း ကြိုးများပေးမလားမသိဘူးဆိုတဲ့ အတွေးစိတ်လေးတော့ ဝင်မိသား။ အို ငါတို့က ၁၀(က) သတ်မှတ်ထားတာပဲဆိုတဲ့စိတ်နဲ့ ပြန်ဖြေမိပါတယ်။ (၅)တိုက်ဟာ နေ့ခင်းဘက်တောင်မှ အေးစိမ့်နေပါတယ်။ အခန်းတွေရဲ့အောက်မှာ ရေလှောင်ကန်သဘောမျိုးထားတဲ့အတွက် အေးစိမ့်နေခြင်းဖြစ်ပါတယ်။ အောက်မှာ ရေတိုက်ရှိတယ်လို့လည်း ပြောကြပါတယ်။ ဟုတ်မဟုတ်တော့မသိပါ။ အခန်းကျယ်ကြီးထဲမှာ နေလာရတော့ ၁၀ ပေပတ်လည် အခန်းကျဉ်းလေးထဲမှာ လူခြောက်ယောက်လောက် နေရတော့ ကျဉ်းကျပ်ပါတယ်။ (ဟိုးအရင်တုန်းကတော့ တစ်ခန်းကို တစ်ယောက်နှုန်းထားတာလို့ ပြောကြတာပဲ။) အခု လူကများလာပြီလေ၊ များဆို၊

မဟာဗျူဟာအရ ၁၉၉၀ မှာ ရွေးကောက်ပွဲလုပ်ဖို့ ကြံစည်ထားကြတယ်။ နည်းဗျူဟာအရ ပါတီတွေ လွတ်လပ်စွာတည်ထောင်ခွင့်ကို ဘယ်သူတွေပါလာမလဲဆိုတဲ့ မက်လုံးပေးလိုက်တယ်။ တယ်လီဖုန်းတစ်လုံးနဲ့ ဓာတ်ဆီပေပါလိုက် ပေးမယ်ဆိုတဲ့ မက်လုံး၊ အရွယ်စုံပါတီထောင်ကြတယ်။ ဝါရင့်တဲ့သူတွေရော၊ ဝါမရင့်တဲ့သူတွေရော ပါတီပေါင်း ၂၀၀ ကျော်၊ ကိုယ့်လူသူ့ဘက်သားပါတီရော၊ သူ့သျှိုဒလန်ပါတီတွေရော စုံလို့ပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းသမီး အစ်မကလည်း ပညာသင်ယူကတည်းက နိုင်ငံရေးသိပ္ပံဘာသာကို သင်ယူထားတာ ရိပ်မိကြရမှာပေါ့။ အခုမှ ပေါ်ပင်နိုင်ငံရေးဝင်လုပ်တာမဟုတ်ဘူး။ တော်လှန်ရေးကောင်စီခေတ်က ကြားဖူးနားဝစကားလေး ပြောပါရစေ၊ မှတ်ထားကြပါ။

အခါတော်ပေး ဟူးရားဖြူ ဟူးရားညိုတွေက မင်းလောင်းပေါ်မယ်လို့ နိမိတ်ဖတ်တယ်။ ထင်ရှားကျော်ကြားတဲ့ မိသားစုထဲကဆိုတော့ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ရော။ မဖြစ်ခြေဘူးဆိုပြီး ကိုယ်တိုင်ကို တကူးတက သွားကိုမေးတာ။ "စုစု နိုင်ငံရေးမလုပ်ဘူးလား၊ စိတ်မဝင်စားဘူးလား" ဆိုပြီး တီးခေါက်တာ။ "ဒီနိုင်ငံမှာနေနေတာ၊ နိုင်ငံရေးမလုပ်ပါဘူး"လို့ ပြန်ပြောတော့ သေချာပြီ၊ သူတော့မဖြစ်နိုင်ဘူး၊ စိတ်ချရပြီပေါ့၊ အိုကေဆိုပြီး နေလာခဲ့တာ။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့လည်းရောက်ရော နိုင်ငံတော်ကောင်စီသို့ အိတ်ဖွင့်ပေးစာဆိုပြီး အစ်မနဲ့ ဘီဘီစီဦးထွေးမြင့်တို့က တိုင်းပြည်မှာ ဖြစ်ပေါ်နေတာနဲ့ပတ်သက်ပြီး အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းပြီး ဖြေရှင်းဖို့ အကြံပြုလွှာရေးပို့ခဲ့တာပါ။ အဲဒီမှာ မခံချိမခံသာဖြစ်ပြီး နာယကကြီး(ခေါ်) ဘဲလ်အဲယားကို ခြေမြန်တော်စေလွှတ်ပြီး မေးခွန်းထုတ်တယ်။

"အင်္ဂလန်မှာတွေ့တုန်းကမေးတော့ စုစုက နိုင်ငံရေးမလုပ်ပါဘူးလို့ပြောတယ်လေ။ အခု ဘာလို့နိုင်ငံရေး (ဩဂုတ်လ ၁၅ ရက်နေ့ အိတ်ဖွင့်ပေးစာ) လုပ်တာလဲလို့ မေးခိုင်းလိုက်ပါတယ်"လည်းပြောရော "ကျွန်မ ဟိုနိုင်ငံမှာနေတုန်း နိုင်ငံရေးမလုပ်ဘူးလို့ ပြောတာလေ၊ ဒီနိုင်ငံမှာနေပြီး နိုင်ငံရေးမလုပ်ပါဘူးလို့ ပြောတာမှမဟုတ်ဘဲ"လို့ အစ်မက ပြန်ဖြေလိုက်ပါတယ်။ နောက်တော့ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနဲ့ အစ်မတို့ ဖုန်းနဲ့ စကားပြောကြပါတယ်။ ကားလွှတ်ပေးပြီး လူချင်းလည်း ဆွေးနွေးကြပါတယ်။

အနောက်ဘက်မုခ်မှာ သမိုင်းဝင်မိန့်ခွန်းပြောပြီ။ ဘေးမှာက လေးလေး (မင်းသားကြီး ဦးထွန်းဝေ)နဲ့။ ဖအေ့ရဲ့ နိုင်ငံရေးဇပါလာတာ သိသွားကြပြီ။ မဖြစ်တော့ဘူး၊ အပုပ်ချမှုဖြစ်တော့မယ်ဆိုပြီး စီမံချက်နဲ့ ကုလားမယား ဘာညာဆိုပြီး စာရွက်စာတမ်းတွေ ရိုက်နှိပ်ပြီး ဖြန့်ဝေတယ်။ ဟိုမှာလိုက်ကပ်၊ ဒီမှာလိုက်ကပ် လုပ်တယ်။ ညကြီးသန်းခေါင် အနော်ရထာလမ်းနဲ့ ရွှေဘုံသာလမ်းထောင့်မှာ စာရွက်စာတမ်းအပြည့်နဲ့ ကားတစ်စီးမိတယ်။ ရွှေဘုံသာလမ်းက ဓမ္မာရုံမှာစစ်ဆေးတော့ အရာရှိတစ်ယောက် ပါဝင်နေတယ်။ သရက်တောကျောင်းတိုက်ကို လွှဲပေးတယ်။ အစ်မဆီ အကြောင်းကြားတယ်။ စာရွက်စာတမ်းတွေပါ ပြတယ်။ တပ်မတော်ဖခင်ကြီးသမီး ပီသစွာ တပ်မတော်သားတွေလက်ထဲမှာ ကြီးပြင်းလာတဲ့သူဖြစ်တော့ တပ်မတော်သားတွေအပေါ်မှာ သံယောဇဉ်ရှိတယ်။

> **မိန်းမသားတစ်ယောက်ကို သေနတ်နဲ့ချိန်ပြီး မပစ်လိုက်ရလို့ တားဆီးတဲ့သူကို ဒေါ်နဲ့ မောနဲ့ စောဒကတက်သတဲ့...**

နောက်ဆုံး သမ္မတဖြစ်ခဲ့တဲ့သူနဲ့လည်း တွေ့ဆုံဖို့ စီစဉ်ပြီးမှ သမ္မတလျာထားတဲ့ စာရင်းမှာပါတော့ တွေ့ဆုံဖို့ အစီအစဉ် ဖျက်သိမ်းလိုက်ပါတယ်။ (အဲလို အဲလို အတိတ်နိမိတ်နဲ့ နိုင်ငံတော်အဆင့်က စခဲ့တာပါ။ ရိပ်မိကြဖို့ ကောင်းပါတယ်)။

ဩဂုတ်လ ၂၃ ရက်နေ့ ရန်ကုန် ဆေးရုံကြီးမှာ အစ်မထွက်လာပြီး သွေးတိုးစမ်း မိန့်ခွန်းနဲ့ စခဲ့တယ်။ သံရေတိုင်ကီကြီးကို စင်လုပ်ထားတဲ့အပေါ်မှာက ဘကြီးသော်(မောင်သော်က)နဲ့ ခင်သီတာထွန်း၊ စင်ရှေ့မှာက ကဗျာဆရာ မောင်သွေးသစ်၊ စာပေလောက ကိုမျိုးညွန့်၊ ကိုမျိုးမြင့်ညိမ်း၊ မဟာနန္ဒာ ကိုမျိုးဝင်း၊ ဝတ်ရည်ကိုလေးတို့ စာပေသမဂ္ဂအဖွဲ့နဲ့။ နောက် ဩဂုတ်လ ၂၆ ရက်နေ့ကျတော့ ရွှေတိဂုံအားလုံးကို ပြန်လွှတ်ပေးဖို့ အစ်မက မေတ္တာရပ်ခံတယ်။ အဲဒီအရာရှိအမည်ဟာ ထိုစဉ်တုန်းက နာမည်ကြီးခဲ့ပါတယ်။ အစ်မနဲ့ အဲဒီအရာရှိဟာ ရေစက် ဘယ်လောက်ဆုံလဲဆိုရင် ၁၀ နှစ်အကြာ၊ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ လှိုင်သာယာ-ညောင်တုန်းသွား ကားလမ်းမပေါ်က ကြည်စုရွာနားက တံတားလေးပေါ်မှာ ပြန်ဆုံကြတယ်။ အဲဒီအရာရှိက နာမည်လွှဲပြောတော့ အစ်မက မင်းနာမည် အဲဒီနာမည်မဟုတ်ဘူး၊ သရက်တောကျောင်းတိုက်မှာ ပြောတုန်းက နာမည်ကို ပြန်ပြောလိုက်ပါတယ်။ (အဲဒီအရာရှိလေးလည်း ခုတော့ အငြိမ်းစားဖြစ်သွားပါပြီ။) မကောင်းပြောချင်ကြတဲ့လူတွေ၊ နာမည်တွေက ပျောက်ပျောက်သွားကြပြီး ဗိုလ်ချုပ်အောင်ဆန်းသမီး အစ်မကတော့ နာမည်ရှိနေတုန်းပါပဲ။

နည်းဗျူဟာအရ ပါတီတွေပေါ်လာပြီ၊ လက်စလက်နရှိတဲ့သူတွေစာရင်းယူထားပြီး နိုင်ငံရေးဘိုးဘိုးကြီးတွေက တစ်အုပ်စု၊ သူတို့နဲ့ပတ်သက်တာတွေက သတ်သတ်၊ လက်ဝဲသမားတွေက တစ်အုပ်စု၊ ဗကပ အုပ်စုဝင်တွေက သတ်သတ်၊ ကျောင်းသားနဲ့ ပတ်သက်တဲ့ ပါတီတွေက သတ်သတ် စာရင်းပြုစုထားပြီ။ နောက် နည်းဗျူဟာတစ်ခုက ပါတီတွင်း ဖြိုခွဲဖို့ စီမံချက်ပါတီတွေ တည်ထောင်ကတည်းက ကိုယ့်လူတွေ ထည့်ထားပြီးသား။ အဲဒီလူတွေကနေတစ်ဆင့် ပါတီတွင်းပြိုကွဲအောင် ဇာတ်လမ်းလေးတွေ ဖန်တီးတယ်။ ပါတီတွင်းမှာ ကွန်မြူနစ်တွေ ရှိနေပါပြီဆိုပြီး ဖန်တီးတယ်။ (တောတွင်းလွှတ်ထားတဲ့ သူလျှိုတချို့ကို ပြန်လာခိုင်း) ပါတီတွေထဲဝင်ပြီးရင် ဒီပါတီက တောတွင်းနဲ့ဆက်သွယ်ပါတယ်၊ ဘယ်သူဟာ တောတွင်းကလာတဲ့သူကို လက်ခံထားပါတယ်ဆိုပြီး အမှုဆင်ပြီး ဖြိုခွဲတယ်။ မဟာဗျူဟာအရ ၁၉၉၀ မှာ ရွေးကောက်ပွဲလုပ်မယ်ဆိုတော့ နည်းဗျူဟာအရ ၁၉၈၉ မှာ အပြတ်ရှင်းထားမှ ၁၉၉၀ အတွက်က စိတ်ချရမှာလေ။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလမှာ ပါတီတွင်းဖြိုခွင်းမှု စတင်တယ်။ မပြိုကွဲတဲ့အပြင် ကာနယ်ဦးကြည်မောင်တောင် အစစ်ရလိုက်တယ်။ ပိုပြီး စည်းလုံးညီညွတ်လာတယ်။ အင်အားတွေ တောင့်လာတယ်။ အစ်မပါတီမှာ ဘရီဂေးဒီးယားဂျင်နရယ် ဦးအောင်ရွှေ(နိုင်ငံစုံသံအမတ်ကြီးဟောင်း)၊ တော်လှန်ရေးကောင်စီဝင်ဟောင်း၊ ဝန်ကြီးဟောင်း၊ ကာနယ်ဦးရွှေ၊ နမခတိုင်းမှူးဟောင်း ကာနယ် လွန်းတင်၊ တော်လှန်ရေးကောင်စီဝင်ဟောင်း၊ လပခတိုင်းမှူးဟောင်းနဲ့ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး သူရဦးတင်ဦး၊ ဒု-ဝန်ကြီးချုပ်ဟောင်း ကာနယ်ဦးလွင်၊ နတခတိုင်းမှူးဟောင်း ကာနယ်ဦးကြည်မောင်၊ ရပခတိုင်းမှူးဟောင်း ကာနယ်လှဖေတို့နဲ့ မဟာမိတ်ပူးပေါင်းပါတီ 'မ. ခ'လို့ ခေါ်တဲ့ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့က ကာနယ်ချစ်ခိုင်၊ ကာနယ်စိုးသိဏ်း၊ ကာနယ် စီဗင်ကြူး၊ ကာနယ် ခင်မောင်ထွန်း၊ ကာနယ် စောမြသိန်း (စောမြတ်မာဖခင်)၊ ကာနယ် တင်ကိုကို၊ ကာနယ် မင်းညီတို့ကို မှတ်မိခဲ့ပါတယ်။ (အဲဒီအထဲမှာ လက်ဖ်တင်နင်ကာနယ်တွေ ပါရှိပါတယ်။ ခေါ်ရမှာရှည်လို့ တစ်ဆင့်တိုးပြီး ကာနယ်တွေလို့ခေါ်လိုက်တာပါ။) ဗိုလ်မှူးဟောင်း ဦးဘသော် (မောင်သော်က)နဲ့ ဗိုလ်ကြီးဟောင်း ဦးဝင်းထိန် (ယခုလွှတ်တော်အမတ်မင်း)တို့ကတော့ အမာခံတွေပေါ့။

အစ်မက တိုင်းနဲ့ပြည်နယ် စည်းရုံးရေးတွေ ဆင်းတယ်။ ဖခင်ခေတ်ကအတိုင်း ပြည်သူလူထုက ကြိုဆိုကြတယ်။ ဆက်ဆံကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပုံစံတူဖြစ်လာတယ်။ မိန့်ခွန်းပြောရင်လည်း ဗိုလ်ချုပ်အောင်ဆန်းအတိုင်း လက်တန်းပြောတယ်။ စာရွက်ငုံ့ဖတ်ပြီး နှစ်နာရီကြာတဲ့ မိန့်ခွန်းပြောတာမျိုး မဟုတ်ဘူး။ နိုင်ငံခြားသားနဲ့ စကားပြောရင် အလယ်လူ (စကားပြန်) မပါဘူး။ ဂျပန်လာမလား၊ ဂျပန်လိုပြောတယ်။ ပြင်သစ်လာမလား၊ ပြင်သစ်လိုပြောတယ်။ အိန္ဒိယစကား၊ ကူတန်စကားလည်း ပြောတတ်တယ်။ (အဲဒီလို ပညာတွေတတ်အောင် မိခင်ရဲ့ဆိုဆုံးမမှုအောက်မှာ ကြီးပြင်းလာတာပါ။ ကိုယ်တိုင်ကလည်း ဖခင်သွေးပါတော့ ဖခင်လိုမျိုး ပညာကို ကြိုးစားသင်ယူထားခဲ့တာပါ။ ကမ္ဘာ့အရေး၊ မြန်မာ့အရေးကိုလည်း ဘက်စုံထောင့်စုံက လေ့လာထားပြီး ဖခင်လိုမျိုး တိုင်းပြည်ကောင်းစားစေချင်တဲ့ စေတနာအပြည့်နဲ့ နိုင်ငံ့အကျိုးအတွက် နိုင်ငံရေးတာဝန် ထမ်းရွက်တာပါ။ ဖခင်အရှိန်အဝါယူပြီး နားမလည်ပါးမလည်နဲ့ ပွဲလန့်တုန်း ဖျာခင်းတာမဟုတ်ပါဘူး။ ဖခင်အရှိန်အဝါနဲ့ မြန်မာ့ရေမြေ တောတောင် တွင်းထွက် သယံဇာတတွေကို ရှယ်ယာလည်း မယူခဲ့ပါဘူး။ တိုင်းပြည်အရေးနဲ့ မိသားစုအရေးယှဉ်ရင် မိသားစုအရေးကို စွန့်လွှတ်ထားသူပါ။ဖအေ့သွေးအပြည့်ပါတယ်နော့။)

စည်းရုံးရေးဆင်းတာတွေက ဖခင်နဲ့ တစ်ပုံစံတည်း။ လူထုကလည်း ဖခင်ကိုယ်စား ချစ်ခင်လေးစားကြတယ်။ ၂၆ နှစ်လုံးလုံး မျက်စိပိတ်၊ နားပိတ်နဲ့ တံခါးတွေ ပိတ်ထားကြတော့ ဟလာတဲ့တံခါးကြားကနေ ထိုးထွက်လာကြတာပါ။ အနာဂတ်ရဲ့ မျှော်လင့်ချက်ရောင်ခြည်ပါ။ ဒါကို မဖြစ်ချေဘူးဆိုပြီး နည်းဗျူဟာတစ်မျိုးပြောင်းလာတယ်။ အကြမ်းဖက်ခြိမ်းခြောက်တဲ့နည်း၊ ကန့်သတ်တဲ့နည်း၊ ဟိုမသွားရ ဒီမသွားရ၊ ဒီနေရာမှာ မလုပ်ရဆိုပြီး ကန့်သတ်တဲ့နည်းကို သုံးတယ်။ အကြမ်းဖက်ခြိမ်းခြောက်တဲ့ နည်းကတော့ ဤနေရာ ဤစည်းကမ်းကကျော်ရင် ပစ်ရပါမယ်တဲ့။ လက်နက်ဆိုလို့ အပ်တိုလေးတစ်ချောင်းတောင် မပါတဲ့သူတွေကို ပစ်မယ်တဲ့။ မိန်းမသားတစ်ယောက်ကို သေနတ်နဲ့ချိန်ပြီး မပစ်လိုက်ရလို့ တားဆီးတဲ့သူကို ဒေါ်နဲ့ မောနဲ့ စောဒကတက်သတဲ့။ သူတို့ဘက်မှာတော့ သူဟာ သူရဲကောင်းတဲ့။

ဒီလိုနဲ့ နည်းဗျူဟာတစ်မျိုးပြောင်းလာတယ်။ အကိုင်း၊ အခက်၊ အရွက်အလက်အရင် စခုတ်မယ်။ ပင်စည်ကြီးပဲ ထားခဲ့မယ်ဆိုတဲ့သဘော။ ဒါကြောင့် ၁၉၈၉ မတ်လကစပြီး သွေးတိုးစမ်းကြည့်တယ်။ မြတ်စံနဲ့ ပေါ်ဦးကို စဆွဲတယ်။ အိုကေ၊ ဇွန်လမှာ သုံးရောင်ခြယ်နဲ့ အစ်မကို ခွဲထုတ်လိုက်တယ်။ ဘဘဦးဝင်းတင်နဲ့ စိုးသိန်းကို အကြောင်းရှာလိုက်တယ်။ သူရဦးငွေလှိုင်ပါ ပါအောင် လုပ်တယ်။ ပစ်မှတ်က အဓိကနေ့ဖြစ်ရမယ်ဆိုတော့ (အာဇာနည်နေ့ဟာ ပစ်မှတ်) အာဇာနည်နေ့ဟာ အစ်မဖေဖေရဲ့ အဓိကနေ့။ အစ်မဟာ အာဇာနည်နေ့မှာ ဘာလုပ်ပါတယ်၊ ညာလုပ်မလို့ဆိုပြီး အကြောင်းပြလိုက်ပြီး ပင်စည်ရော၊ အကိုင်းအခက်အလက် အရွက်တွေကိုပါ ဖြိုလှဲပစ်ဖို့ ကြိုးစားလာတယ်။ အစ်မဘက်ကလည်း "မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ" လို့ ကြွေးကြော်ထားတယ်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့နဲ့လည်း အစ်မကို ရန်တိုက်ပေးလိုက်တယ်။ ဗကပယူဂျီတွေကို ကောက်သင်းကောက်ဖမ်းတယ်။ အရုဏ်ဦးစာစောင်ကိစ္စ၊ ပါတီစုံကအိုဂျီ၊ ယူဂျီအားလုံးပါပဲ။

(ဆက်လက်ဖော်ပြပါမည်။)

YOUR PARTNER FOR THE E&P PROJECT IN MYANMAR
M&S Co., Ltd
MACHINERY AND SOLUTIONS CO.LTD
MACHINERY AND SOLUTIONS COMPANY LIMITED
M&S CO.,LTD. is a wholly-owned Myanmar company incorporated under the Myanmar Companies Act. We are a national company having strong strategic alliances/ joint ventures with a number of internationally renowned engineering and construction companies to provide services and supplies in the areas of multidisciplinary Oil and Gas Engineering (Onshore and Offshore), Civil Engineering and Project Management in Myanmar.


- Civil/ Structural Engineering & Construction
- Agency & Representation
- E & P Services
- Logistics, Transportation, Meet & Greet Services
- Office/ Accommodation Container Repair, Rental & Sale
- Pumps for Oil and Gas, HPI, Power
- API 6D Ball/Gate Valves
- Provision of Onshore/ Offshore Manpower Supply
- Drilling Tools and Equipment
- Process Equipment and Systems
- Geochemical and Petrophysical Analysis Services
- Consultancy Services (Production Sharing Contract, Contract Negotiation, Business Development)
146-L/2, Shwe Hnin Si Street, Mayangone Township, Yangon, Myanmar. Tel : +(95-1) 667110, +(95-9) 5014287
Fax : + (95-1)667110 Email : info@mandsenergyservices.com Website : http//www.mandsenergyservices.com
mir VALVE
GLOBAL PROCESS SYSTEMS
PENSPEN
PHOENIX
SULZER
Intertek GEOTECH

ကလေးများ လူကုန်ကူးခံရမှု မြင့်တက်လျက်ရှိ

ယခင်နှစ်များက တစ်လလျှင် တိုင်ကြားမှု ၁၀ မှုခန့် လက်ခံခဲ့ရရာမှ ယခုနှစ်အတွင်း အမှု ၂၀ ခန့်အထိ မြင့်တက်လာ

ရွှေရည်စောမြင့်

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် လူကုန်ကူးခံရသော ကလေးသူငယ် အရေအတွက်သည် လွန်ခဲ့သည့်နှစ်နှစ်မှ စတင်ပြီး ပိုမိုများပြားလာသည်ကို တွေ့ရသည်ဟု ပြည်တွင်း၌ ကလေးလူကုန်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့်အဖွဲ့များက ပြောသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNIECF)မှထုတ်ပြန်ထားသော ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ ကလေးသူငယ်များ အခြေအနေသုံးသပ်ချက်အရ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း လူကုန်ကူးခံရသည့် မြန်မာကလေးငယ်အရေအတွက် များပြားလာပြီး ပြဿနာကြီး တစ်ရပ်ဖြစ်လာသည်ဟု ဖော်ပြထားသည်။

"မြန်မာနိုင်ငံက ဒီပြင်နိုင်ငံတွေထက် နယ်စပ်ထိစပ်မှုကလည်း ကျယ်တယ်၊ ဒေသတွင်းလုံခြုံမှုနဲ့ဥပဒေအရ အရေးယူတာဆီးမှုတွေကလည်း အားနည်းတယ်။ စီးပွားရေး အခြေအနေကလည်း မကောင်းဘူး။ ဒါကြောင့်လူတွေက အသက်ရှင်နေထိုင်ဖို့ ထိုင်းနိုင်ငံကို ခိုလှုံကြရာကနေပြီး လူကုန်ကူးခံရတာတွေ ပိုဖြစ်လာရတယ်"ဟု လူ့အခွင့်အရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် လူ့အခွင့်အရေးပညာပေးရေးအဖွဲ့ (HREIB) မှ ဒါရိုက်တာ ဦးအောင်မျိုးမင်းက မြန်မာတိုင်း(မ်)ကို လွန်ခဲ့သည့်ရက်သတ္တပတ်က ပြောသည်။

အထူးသဖြင့် ထိုင်းနိုင်ငံ၌ တောင်းစားရန်အတွက် လူကုန်ကူးခံရသည့် ကလေးငယ်များသည် ကမ္ဘောဒီးယား ကလေးငယ်များ ဖြစ်ခဲ့သော်လည်း လွန်ခဲ့သည့် နှစ်နှစ်ခန့်တွင် ကမ္ဘောဒီးယား အစိုးရက ကလေးငယ်များအား ထိန်းချုပ်ရန် ထိုင်းအစိုးရနှင့် သဘောတူညီချက်ရေးထိုးပြီးသည့်အချိန်မှ စတင်ပြီး ထိုင်းနိုင်ငံရှိ လမ်းများပေါ်တွင် မြန်မာစကားပြောပြီး တောင်းစားသည့် ကလေးငယ်များ များပြားလာသည်ကို တွေ့ရသည်ဟု ၎င်းကပြောသည်။

လူ့အခွင့်အရေးပညာပေးရေးအဖွဲ့ (HREIB) ကို ထိုင်းနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ အခြေစိုက်ပြီး ကလေးကုန်ကူးရောင်းဝယ်မှု ကာကွယ်ပေးရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့သည်။

လူကုန်ကူးမှုအများစုသည် ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိသဖြင့် ၎င်းတို့အဖွဲ့အနေဖြင့် လူကုန်ကူးခံရသည့် ကလေးသူငယ်များ၏အမှုများကို လက်ခံကာ ဖြေရှင်းပေးလျက်ရှိသည်။

"ကျွန်တော်တို့အဖွဲ့ကို လာတိုင်တဲ့ လူကုန်ကူးခံရတဲ့ ကလေးသူငယ်အမှုက တစ်လကို ၂၀ လောက်ရှိပါတယ်။ အဲဒီထဲမှာအသက်၁၃နှစ်နဲ့၁၇နှစ်ကြား ကလေးငယ်တွေကတော့ တိုင်ကြားလို့ ရောက်လာတဲ့အမှုတွေဖြစ်ပြီး ၁၀ နှစ်အောက် ကလေးငယ်အမှုတွေကတော့ လိုက်ဖမ်းရတဲ့အမှုတွေပါ"ဟု ဦးအောင်မျိုးမင်းက ပြောသည်။

ယခင်နှစ်များက တစ်လလျှင် အမှု ၁၀ မှုခန့် လက်ခံခဲ့ရရာမှ ယခုနှစ်အတွင်း အမှု ၂၀ ခန့်အထိ မြင့်တက်လာသည်ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံ၌ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့က ပြုလုပ်ခဲ့သော ကလေးသူငယ် လူကုန်ကူးမှုတိုက်ဖျက်ရေး အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရ ကလေးလူကုန်ကူးမှုသည် လူကုန်ကူးခံရမှုများအားလုံး၏ လေးရာခိုင်နှုန်းရှိပြီး ၂၀၀၆ မှ ၂၀၁၂ ခုနှစ်အထိ အမှုပေါင်း ၂၂ မှုသာ ရှိသည်ဟု ဖော်ပြထားသည်။

သို့သော် ဦးအောင်မျိုးမင်းက ကလေးကုန်ကူးခံရသည်အမှုသည် ထို ၂၂ မှုထက် ပိုမိုများပြားသည်ဟု အခိုင်အမာ ပြောသည်။

လူကုန်ကူးခံရသည့် ကလေးငယ်အများစုသည် စက်ရုံလုပ်ငန်းများ၊ လိင်လုပ်ငန်းများနှင့် တောင်းရမ်းစားသောက်သူများလုပ်ငန်းများ ပြုလုပ်ရန်အတွက် လူကုန်ကူးခံရခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

"ထိုင်းကို သူတို့ရောက်လာတဲ့ပုံစံက နှစ်မျိုးရှိတယ်။ တချို့ကလည်း မိဘတွေက ရွှေ့ပြောင်းအလုပ်လုပ်ဖို့ ရောက်ရင်းကနေ ကလေးငယ်တွေက ကြုံရာကျပန်းလုပ်ကြရင်းနဲ့ လူကုန်ကူးခံရတယ်။ တချို့ကျတော့လည်း အုပ်စုလိုက် ပွဲစားနဲ့ ရောက်လာကြတယ်"ဟု ဦးအောင်မျိုးမင်းက ပြောသည်။

ကလေးသူငယ်အများစုသည် ကရင်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အများစုဖြစ်သည်ကို UNIECF အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် မဲခေါင်မြစ်ဝှမ်းဒေသ ခြောက်နိုင်ငံအတွင်း လူကုန်ကူးခံရမှုပြဿနာ အမြင့်မားဆုံးဖြစ်ပြီး ပြည်တွင်းစစ်ပွဲများနှင့် အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာတွင် ပူးပေါင်းဆောင်ရွက်လှုပ်ရှားမှု အားနည်းသောကြောင့်ဖြစ်သည်ဟု ပြည်တွင်းလူ့အခွင့်အရေး စောင့်ကြည့်ရေးပညာရှင်များက သုံးသပ်ကြသည်။

ပြည်တွင်းပြည်ပဖြတ်ကျော်ပြီး လုပ်ဆောင်သည့် လူကုန်ကူးမှုများသည် ရာဇဝတ်မှုမြောက်သော်လည်း အမြတ်အစွန်းများသည့်လုပ်ငန်းတစ်ခု ဖြစ်သောကြောင့် အုပ်စုလိုက် ဂိုဏ်းဖွဲ့လုပ်ဆောင်ကြပြီး အစိုးရတာဝန်ရှိသူများက လာဘ်စားမှုများရှိပါက ပပျောက်ရန် မလွယ်ကူနိုင်ဟု ဦးအောင်မျိုးမင်းက သုံးသပ်သည်။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ခန့်မှန်းချက်များအရ မြန်မာနိုင်ငံ လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ကလေးသူငယ်များ ဖြစ်သည်။ ■

သတင်းတို

၃၈ လိုင်းတွင် စီအန်ဂျီ ရရှိပြီး လေးစီး စတင်ပြေးဆွဲ

ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစနစ်များအရ မထသ(ဗဟို)တွင်ပြေးဆွဲနေသော စစ်ကျန်ဘတ်စ်များကို အစားထိုးရန် ကိုရီးယားနိုင်ငံထုတ် ဟွန်ဒိုင်းစီးတီးဘတ်စ် လေးစီးဖြင့် မထသ ၃၈ ယာဉ်လိုင်းတွင် ပြေးဆွဲလျက်ရှိသည်။ မထသ ၃၈ ယာဉ်လိုင်းအတွက် တင်သွင်းယာဉ်စီးရေ ရှစ်စီး တင်ပြပြီးဖြစ်ပြီး စီအင်န်ဂျီ ခွင့်ပြုချက် လေးစီးရထားပြီးဖြစ်ရာ လက်ရှိတွင် စီအင်န်ဂျီရရှိထားသော စီးတီးဘတ်စ်များကို အစားထိုး ပြေးဆွဲခြင်းဖြစ်သည်။ ''စီအင်န်ဂျီ မရသေးတဲ့ ကျန်တဲ့ယာဉ်လေးစီးကိုတော့ ဆောင်ရွက်နေဆဲပါ။ အမြန်ဆုံးပြေးဆွဲနိုင်အောင် ဆောင်ရွက်သွားမှာပါ။ ယာဉ်စီးခအနေနဲ့ကတော့ အပ်နှံအစားထိုး တင်သွင်းပြေးဆွဲတဲ့ ခရီးသည်တင်ယာဉ်တွေ အကုန်လုံးကို အထူးယာဉ်အဖြစ် မပေးပါဘူး။ ရိုးရိုးယာဉ်စီးခဈေးနှုန်း ခရီးစဉ်တစ်ပိုင်းကို ကျပ် ၅၀ နဲ့သာ ကောက်ခံမှာ ဖြစ်ပါတယ်'' ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။ စစ်ကျန်ဘတ်စ်ယာဉ်လိုင်းများဖြစ်သော မထသ ၃၁ ယာဉ်လိုင်း၊ မထသ ၅၇ ယာဉ်လိုင်းနှင့် မထသ ၃၆ ယာဉ်လိုင်းတို့အား စီးတီးဘတ်စ်များအဖြစ် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် အစားထိုး ပြေးဆွဲခဲ့သည်။ **သီဟတိုး**

'RIVERORCHID' မှ အာရှပစိဖိတ်ဒေသတွင် ကြီးမားသော အောင်မြင်မှုများရရှိ

'RIVERORCHID' သည် အင်ဒိုချိုင်းနားဒေသ၏ ပထမဦးဆုံးသော "Creative Agency of the Year" နှင့် "Media Agency of the Year" အမြင့်ဆုံး (၂) ဆုအား (၂၀၁၂)ခုနှစ် အာရှပစိဖိတ်ဒေသတစ်နှစ်တာအကောင်းဆုံးကြော်ငြာအေဂျင်စီများ ဆုပေးပွဲတွင် ဆွတ်ခူးရရှိခဲ့ပါသည်။ ယင်းဆုရရှိခဲ့ခြင်းသည် riverorchid ၏ အင်ဒိုချိုင်းနားဒေသတွင် အကောင်းဆုံးဦးဆောင်နိုင်သော ဆက်သွယ်ရေးကြော်ငြာအေဂျင်စီအဖြစ်ရပ်တည်နိုင်အောင် ကြိုးပမ်းမှုများအတွက် အသိအမှတ်ပြုခြင်းခံခဲ့ရသော ဆုတံဆိပ်လည်းဖြစ်ပါသည်။

ရန်ကုန် ၊ (၂၁) ရက် ဇန်နဝါရီလ ၊ ၂၀၁၃ ။ ။ riverorchid သည် (၂၀၁၂) ခုနှစ် အာရှပစိဖိတ်ဒေသတွင် တစ်နှစ်တာအကောင်းဆုံးကြော်ငြာအေဂျင်စီများဆုပေးပွဲတွင် ရွှေတံဆိပ်ဆု (၂)ဆု ရယူကာ (၂၀၁၂)ခုနှစ်အား အကောင်းဆုံးအဆုံးသတ်နိုင်ခဲ့ပါသည်။ riverorchid သည် "ထူးခြားဆန်းသစ်မှု" ဆုအတွက် အမြင့်ဆုံးသော ဆုတံဆိပ်အား riverorchid Cambodia မှရရှိခဲ့ပြီး မီဒီယာပိုင်းဆိုင်ရာဆုတံဆိပ်ကိုလည်း riverorchid Media မှရရှိခဲ့သည်။ ယခုကဲ့သို့ အလွန်ဂုဏ်ယူဖွယ်ရာကောင်းသည့် ဆုတံဆိပ်များအား ဆွတ်ခူးရရှိခဲ့ခြင်းကြောင့် riverorchid ၏ အင်ဒိုချိုင်းနားဒေသတွင် အကောင်းဆုံးသောကြော်ငြာအေဂျင်စီအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။

"Agency of the Year" ဆုပေးပွဲအား (၁၉၉၄)ခုနှစ်မှစတင်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း လူတစ်ဦးခြင်းဖြစ်စေ၊ ကုမ္ပဏီအနေနှင့်ဖြစ်စေ မီဒီယာနယ်ပယ်အတွက် ထူးခြားပြောင်မြောက်သော စွမ်းဆောင်မှုများကိုပြုလုပ်နိုင်သူများအား ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။ အကောင်းဆုံး စွမ်းဆောင်နိုင်သော ဒေသတွင်းအေဂျင်စီများအား 'PricewaterhouseCooper' မှ လွန်ခဲ့သည့် (၉)နှစ်အတွက် ဆန်ကာတင်ရွေးချယ်ခံရာမှ ယခုအခါ အာရှပစိဖိတ်ဒေသတွင်းရှိ ဩစတေးလျနှင့် နယူးဇီလန်အပါအဝင် မီဒီယာ၊ ဆက်သွယ်ရေး၊ ကြော်ငြာ ၊ ထူးခြားဆန်းသစ်မှု ၊ ဒီဂျစ်တယ် အေဂျင်စီများအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။

riveorchid သည် (၂၀၁၂) ခုနှစ်အတွင်းရရှိခဲ့သော ရွှေတံဆိပ်(၂)ခုသာမကဘဲ နိုင်ငံတကာမှ စွမ်းဆောင်ရည်ဆိုင်ရာတံဆိပ်များကိုလည်း ဆွတ်ခူးရရှိခဲ့ပါသည်။ ယင်းဆုများထဲတွင် ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပခဲ့သော 'Viso' လှုပ်ရှားမှုအတွက်'Guiness World Record' မှ ပေးအပ်ခဲ့သည့်ဆု၊ PMMA (Promotion Marketing Award Asia) မှပေးအပ်သော Best Brand Awareness & Trial Campaign (၂၀၁၂) ခုနှစ်အတွက် ဆုအပါအဝင် အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် တစ်နှစ်တာအကောင်းဆုံး Communicator ဆုပေးပွဲတွင် ရွှေတံဆိပ် (၅) ခုနှင့် ငွေတံဆိပ် (၅)ခု ဆွတ်ခူးရရှိခဲ့သည်။

ယခုကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်များအပါအဝင် တစ်နှစ်တာအတွက် "ထူးခြားဆန်းသစ်မှု" နှင့် "မီဒီယာအေဂျင်စီ" ဆုများကို ရရှိခဲ့သောကြောင့် 'riverorchid' သည် ကမ္ဘောဒီးယား ၊ လာအိုနှင့် မြန်မာနိုင်ငံအပါအဝင် အင်ဒိုချိုင်းနားဒေသတွင် အကောင်းဆုံးအရည်အသွေးအမြင့်မားဆုံးနှင့် အထူးချွန်ဆုံးမီဒီယာအေဂျင်စီအဖြစ် ကြော်ငြာများ၊ ကုန်တံဆိပ်မိတ်ဆက်ကြော်ငြာပွဲများ၊ မီဒီယာမှတဆင့်ထိုးဖောက်ခြင်း ဝန်ဆောင်မှုများအား ဆောင်ရွက်လျှက်ရှိသည်။

riverorchid ၏ CEO ဖြစ်သော Santiphong Pimolsaengsuriya (Pick) မှ "ကျွန်တော်တို့ riverorchid အနေနှင့် ယခုကဲ့သို့ အမျိုးအစားစုံလင်သည့် ဝန်ဆောင်မှုများပေးရာတွင် အကောင်းဆုံးလေ့လာမှုများပြုလုပ်ပြီးမှသာ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်အောင် ကြိုးပမ်းလေ့ရှိပါတယ်။ ကျွန်တော်တို့ရဲ့ကြိုးစားမှုကို အခုလိုမျိုး နိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်များဆွတ်ခူးရရှိတဲ့အတွက်လဲ အရမ်းပဲ ဂုဏ်ယူမိပါတယ်။ "ထူးခြားဆန်းသစ်မှု" ဆုအတွက်အပြင်" မီဒီယာ"ဆုအတွက်ပါရရှိခဲ့တာကတော့ ကျွန်တော်တို့ဟာ ဒေသတွင်း အကောင်းဆုံး Planning Tools များကိုလည်း ရရှိပိုင်ဆိုင်ထားနိုင်လို့ပဲဖြစ်ပါတယ်" ဟုပြောကြားသွားခဲ့သည်။

riverorchidသည် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့တွင် ရုံးခွဲများဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံရုံးခွဲအား (၂၀၀၆) ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ကာ AirAsia ၊ SAMSUNG ၊ KoreanAir ၊ Asia foods ၊ Cobra Energy Drink နှင့် City Mart အပါအဝင်အခြားအမှတ်တံဆိပ်ကုမ္ပဏီများအား ဝန်ဆောင်မှုပေးလျှက်ရှိသည်။ riverorchid ၏ မြန်မာနိုင်ငံရုံးခွဲသည် သိရိမင်္ဂလာလမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်တွင်တည်ရှိပြီး ဖုန်းနံပါတ်မှာ ၀၁-၆၅၃၅၃၀ (သို့မဟုတ်) robert@riverorchid.com သို့ဆက်သွယ်ကာကြော်ငြာဆိုင်ရာဝန်ဆောင်မှုများအတွက် ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

" ၂၀၁၂ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး အေဂျင်စီဆုပေးပွဲတွင် riverorchid မှ ဆုများလက်ခံရယူစဉ်"

ဆက်သွယ်ရန် - Robert Pulido, Head of Agency (robert@riverorchid.com)

မသန်စွမ်းသူများ၏ အနုပညာပွဲတော် ကျင်းပမည်

ယမုံဖူးသစ်

မသန်စွမ်းသူများအားလုံး ပါဝင်နိုင်မည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော်ကို ယခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ရာ တစ်နိုင်ငံလုံးရှိ အနုပညာကို စိတ်ပါဝင်စားသော မသန်စွမ်းသူများအား ဖိတ်ခေါ်ထားသည်။

အဆိုပါ အနုပညာပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ ပထမဆုံး မသန်စွမ်းများပြုလုပ်သည့် အနုပညာပွဲတော်ဖြစ်လာမည်ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ အစီအစဉ်ဒါရိုက်တာ ဦးနေလင်းစိုးက ပြောသည်။

"ဒီပွဲက အနုပညာမှာ ပါရမီရှိတဲ့ မသန်စွမ်းတွေကို မွေးထုတ်ပေးဖို့နဲ့ သူတို့ရဲ့ စွမ်းဆောင်နိုင်မှုတွေ၊ အားသာချက်တွေကို အနုပညာကတစ်ဆင့် ပြသပြီး မသန်စွမ်းတွေအပေါ် လူတွေရဲ့အမြင်တွေကို ပြောင်းလဲဖို့ ရည်ရွယ်ပါတယ်"ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

"မသန်စွမ်းသူတွေရဲ့ စွမ်းဆောင်ရည်၊ အခွင့်အရေးတန်းတူရရှိမှုနဲ့ အနုပညာရပ်ဝန်းကို ပေါင်းကူးပေးနိုင်ဖို့ အဓိပ္ပာယ်ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အနုပညာပွဲတော်တွင် မသန်စွမ်းသူများကိုယ်တိုင် ဖန်တီးထားသော ပန်းချီ၊ ပန်းပု၊ ကာတွန်း၊ ပုံတူရုပ်ပြောင်၊ အဆို၊ အက၊ ကဗျာ၊ အတီး၊ ပြဇာတ်၊ ဝတ္ထု ဆောင်းပါး၊ ဓာတ်ပုံ၊ အငြိမ့် ရုပ်သေး အစရှိသည့် အနုပညာလက်ရာများကို ပြခန်းများ၊ တင်ဆက်မှုများအနေဖြင့် ပြုလုပ်ပြသသွားမည်ဖြစ်သည်။

အောက်တိုဘာလတွင် ပြုလုပ်မည့် ပွဲတော်အတွက် ပဏာမအဆင့် လူရွေးချယ်ပွဲကို ဧပြီလတွင် ကျင်းပသွားမည်ဖြစ်သည်။ ရွေးချယ်ခြင်းခံရသည့်မသန်စွမ်း အနုပညာရှင်များသည် မိမိကျွမ်းကျင်ရာ ပညာရပ်တွင် သုံးလခန့် မွမ်းမံသင်တန်းပေးကာ ပြသခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့နှင့် ဂျပန်နိုင်ငံ အခြေစိုက် နီပွန်ဖောင်ဒေးရှင်းတို့၏ ငွေကြေးပံ့ပိုးမှုဖြင့် လုပ်ဆောင်သွားမည်ဖြစ်သည်။ ပွဲတော်ကျင်းပရန် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၇၀,၀၀၀ ခန့် ကုန်ကျမည်ဟု ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ မဇင်မာဖြူက ပြောသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့သည် အာဆီယံဒေသအဆင့် မသန်စွမ်းသူများအနုပညာပွဲတော်ကိုလည်း ၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာများကို မတ်လ ၂၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ဖုန်း ၀၉-၄၃၁ ၂၃၇၄၂၊ ၀၉-၅၁၀ ၂၁၁၈ နှင့် www.myanmarili.org တို့တွင် ရယူနိုင်သည်။

မြန်မာနိုင်ငံ၌ မသန်စွမ်းသူဦးရေ ၁ ဒသမ ၃ သန်းခန့်ရှိသည်ဟု စစ်တမ်းများအရ ဖော်ပြထားသည်။ လက်ရှိ မြန်မာနိုင်ငံ၌ မသန်စွမ်းအဖွဲ့အစည်းပေါင်း ၁၈ ဖွဲ့ရှိပြီး မသန်စွမ်းသူများအတွက် အရေးကိစ္စများကို ဆောင်ရွက်နေသည်။ ■

မက်သဒစ် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ကျင်းပသည့် ခြောက်ကြိမ်မြောက် မက်သဒစ် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲတွင် ကျောင်းသူဟောင်းတစ်ဦးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကို ကျောင်းသားဟောင်းများအဖွဲ့က ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်နေစဉ်။ မက်သဒစ်ကျောင်း (Methodic English High School) ကျောင်းသားကျောင်းသူဟောင်းများတွေ့ဆုံပွဲကို ယခင်နှစ်များက ပြည်ပနိုင်ငံများတွင်သာကျင်းပခဲ့ပြီး ယခုနှစ်အတွက် ဇန်နဝါရီလ ၅ ရက်နှင့် ၆ ရက်နေ့ များတွင် ရန်ကုန်မြို့ ရှိုင်ရယ်ဂါးဒင်း၌ ကျင်းပခဲ့သည်။ ခုနစ်ကြိမ်မြောက်တွေ့ဆုံပွဲကိုလည်း မြန်မာနိုင်ငံ၌ပင်ကျင်းပမည်ဖြစ်သည်။သတင်းနှင့်ဓာတ်ပုံ-စောဝင်း

အစိုးရ၏ မော်တော်ယာဉ်တင်သွင်းသည့်မူဝါဒ အပြောင်းအလဲကြောင့် ကားတင်သွင်းရောင်းချသည့် လုပ်ငန်းရှင်များ ဦးမမော့နိုင်ဟုဆို

မြတ်မေဇင်

မော်တော်ယာဉ် တင်သွင်းထုတ်လုပ်သူပိုင်ရှင်နှင့် လုပ်ငန်းရှင်များအနေဖြင့် ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသော မော်တော်ယာဉ်များကို ထုတ်ယူရာတွင် အစိုးရ၏ မူဝါဒအပြောင်းအလဲများ မြန်ဆန်နေမှုကြောင့် ကားတင်သွင်းရာတွင် အခက်အခဲနှင့် နစ်နာမှုများ ဖြစ်ပေါ်နေသည်ဟု ကားပြခန်းပိုင်ရှင်များနှင့် ကားတင်သွင်းသော လုပ်ငန်းရှင်များ ဦးစီးပြီး လွန်ခဲ့သည့် ရက်သတ္တပတ်က ပြုလုပ်သည့် သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

"CIF (ဆိပ်ကမ်းအရောက်တန်ဖိုး) တန်ဖိုးတွေကို ပြီးခဲ့လက ပြောင်းလဲသတ်မှတ်ပေးခဲ့တယ်။ ပြောင်းလဲသတ်မှတ်ခဲ့တဲ့အထဲမှာ မြင်းကောင်ရေ ၃၈၀ အထိပဲဈေးနှုန်းကန့်သတ်ပေးထားတော့ ၃၈၀ မြင်းကောင်ရေအထက် အင်ဂျင်နဲ့ ကားတွေကို ဆိပ်ကမ်းက ထုတ်မရဘူးဖြစ်နေတယ်။ ဆိပ်ကမ်းမှာထားတော့ ဆိပ်ကမ်းခတွေတက်တယ်။ အဲဒီ ဆိပ်ကမ်းခတွေကို ဘယ်သူတွေကပေးမှာလဲ"ဟု Sarkura car show room ပိုင်ရှင်ဦးဌေးအောင်က အဆိုပါတွေ့ဆုံပွဲတွင် ပြောခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ခါ တင်သွင်းလာသောကားများ၏ CIF တန်ဖိုးကိုပြောင်းလဲသတ်မှတ်ခဲ့ပြီး အဆိုပါ ကား CIF တန်ဖိုးအပြောင်းအလဲတွင် ကားတင်သွင်းသူအချို့ ဈေးနှုန်းအဆမတန် ကျဆင်းသွားမှုကြောင့် ဂျပန်မှတင်သွင်းပြီးသော ကားများအား ဆိပ်ကမ်းမှမထုတ်ယူတော့ဘဲ အဆုံးခံလိုက်သည်များနှင့် မူဝါဒအပြောင်းအလဲနှင့် ငြိစွန်းနေသဖြင့် ဆိပ်ကမ်းမှထုတ်မယူနိုင်ဘဲ ဖြစ်နေသည်ဟု ပြည်တွင်းကားတင်သွင်းသူများနှင့် လုပ်ငန်းရှင်များက ပြောသည်။

"၂၀၁၂ ခုနှစ်၊ ၁၁ လပိုင်းလောက်ကတည်းက ကိစ္စတွေပါ။ ကားတင်သွင်းတယ်ဆိုတာ နေ့ချင်းညချင်း တင်သွင်းလို့ရတာမဟုတ်ဘူး။ ဂျပန်ဘက်က ကားတင်ပို့မယ့်သူကိုလည်း ငွေကြိုချေရတယ်။ တင်ပို့မယ့်သင်္ဘောကအစ အားလုံး ကြိုတင်စီစဉ်ရတယ်။ အခုလို ရုတ်တရက် မူဝါဒပြောင်းလဲတဲ့အခါမှာ ကျွန်တော်တို့မှာ အများကြီး နစ်နာပါတယ်"ဟု ဦးဌေးအောင်ကပြောသည်။

ဆိပ်ကမ်းသို့ရောက်ရှိလာပြီးသော ကားများအား ရက်ပေါင်း ၆၀ အတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက လေလံတင်ရောင်းချနိုင်ကြောင်း၊ အချို့ကားများမှာ ဆိပ်ကမ်းသို့ရောက်ရှိလာပြီး မော်ဒယ် အနိမ့်အမြင့်၊ ဈေးနှုန်းကွာဟချက်၊ သတ်မှတ်ချက်စံနှုန်းများ မပြည့်မီခြင်း၊ လိုအပ်သော စာရွက်စာတမ်းများမပြည့်စုံခြင်း တို့ကြောင့် ဆိပ်ကမ်းမှထုတ်ယူရန် ကြာမြင့်သောအခါတွင် ကားအစိတ်အပိုင်းများ ပျက်စီးပျောက်ဆုံးမှုများရှိသည်ဟုလည်း လုပ်ငန်းရှင်များက ပြောသည်။

"မော်ဒယ် တစ်နှစ်ဒေါင်းရင် (၂၀၀၈ ခုနှစ်အထက် မော်ဒယ်ကားများအား တင်သွင်းခွင့်ပြုထား) Free tax လို့ ပြောခဲ့တယ်။ အဲဒါကြောင့်လည်း လုပ်ငန်းရှင်တွေက မော်ဒယ် တစ်နှစ်ဒေါင်းတာတွေ တင်သွင်းလာတယ်။ ဒါ စီးပွားရေးလုပ်ငန်းရှင်တွေအပြစ် မဟုတ်ဘူး။ မူဝါဒကိုက အဲလိုမျိုးဖြစ်အောင် လမ်းကြောင်းပေါ် တင်ပေးခဲ့တာ။ အခုမှ ရုတ်တရက် မော်ဒယ်ဒေါင်းတဲ့ကားတွေ အခွန်ဆောင်ရမယ်ဆိုတော့ မှာပြီးသားကားတွေကို ဘယ်လိုလုပ်ရမလဲ"ဟု ဦးဌေးအောင်က ပြောသည်။

ဟံသာဝတီကားဝင်းအတွင်း ကားအရောင်းဝယ်လုပ်နေသူများ၏ ပြောကြားချက်အရ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း ကားဈေးနှုန်းများ ကျဆင်းလာခဲ့သည်။

"CIF ဈေးတွေ ပြောင်းလဲသတ်မှတ်မယ်ဆိုတုန်းက ဦးဌေးအောင်တို့အဖွဲ့ကိုခေါ် ယူဆွေးနွေးပြီးမှ ဈေးသတ်မှတ်တာလို့ သိရပါတယ်။ ကားမှာပြီးသားလူတွေကလည်း ကားဈေးနှုန်းအပြောင်းအလဲကို စောင့်ကြည့်တဲ့သဘောနဲ့ ၁၁ လပိုင်းကတည်းက ရောက်နေတဲ့ကားတွေကို မထုတ်ခဲ့ကြဘူး၊ CIF ဈေးထွက်လာတဲ့အချိန်မှာ Surf ကား တစ်စီးကို သိန်း ၃၅၀ ဝန်းကျင်က နေ ၂၈၀ အထိ ရုတ်တရက် ဈေးကျသွားတယ်။ ဆိပ်ကမ်းမှာ ရောက်နေတဲ့ကားတွေက အခွန်အဆင့်ဆင့် ဆောင်ပြီး ထုတ်လာမယ်ဆိုရင်တော့ စရိတ်က သိန်း ၃၂၀ လောက်ရှိတယ်။ အဲဒီတော့ သွားထုတ်လည်း ရှုံးမယ့်အတူတူ ဆိုပြီး မထုတ်ကြတော့ဘူး။ အခုဆိုဈေးကွက်ထဲမှာ သိန်း ၁၀၀ ဝန်းကျင်ကနေ ၃၀၀ ဝန်းကျင်ကားလောက်ပဲ အရောင်းအဝယ်ဖြစ်တယ်။ ကျန်တာတွေက သိပ်မထိရဲကြဘူး။ ပြီးခဲ့တဲ့လကဆို အရောင်းအဝယ်မရှိသလောက်ပဲ။ CIF ဈေးအသစ်ထွက်လာမှာကို စောင့်ကြတာ။ ထွက်လာတော့လည်း တချို့ကားမော်ဒယ်တွေအတွက် CIF ဈေးကျသွားပေမယ့် တချို့မော်ဒယ်တွေအတွက်လည်း ဈေးကမြင့်သွားတယ်"ဟု ဟံသာဝတီ ကားဝင်းအတွင်း ကားဝယ်ရောင်း ဦးဇာထက်မြင့်က ပြောသည်။

"ကားသွင်းခွင့်မူဝါဒ စပြောင်းလဲခါစကတော့ ကားအရောင်းပြခန်းတွေနဲ့ ကာတင်သွင်းတဲ့လူတွေ အမြတ်အစွန်းရခဲ့ပေမယ့် နောက်ပိုင်းမှာ တောက်လျှောက် မူဝါဒပြောင်းလဲမှုတွေက ကားတင်သွင်းတဲ့သူတွေ ဦးမမော့နိုင်အောင်ကို ဖြစ်နေတယ်။ မူဝါဒအပြောင်းအလဲတွေက ငွေအလုံးအရင်းနဲ့ဝင်တဲ့လူတွေကိုအလုံးအရင်းနဲ့ ထိစေတယ်"ဟု၎င်းက ပြောသည်။ ■

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်ခင်လေးစားအပ်ပါသော သုခုမ္မပဏ္ဍိတဓာတုဗေဒ ဒေါက်တာလှဝင်းအောင်
(BA SOE AU GEMS & JEWELLERY CO.,LTD.) အား
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ (၂၀၁၃) ခုနှစ်တွင်
ချီးမြှင့်သော "သီဟသုခုမ္မပဏ္ဍိတဓာတုဗေဒ" ဘွဲ့တံဆိပ်ကို
ထိုက်တန်စွာ ချီးမြှောက်ခြင်း ခံရသည့်အတွက်
အထူးပင် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါသည်။
အမျိုးဘာသာ သာသနာအကျိုး ဆထက်ထမ်းပိုး
သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အနုတ်ဇီချို (IDEA GEMS ART & FRAME)

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဓိကလိုအပ်သောကဏ္ဍများအတွက် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ရန် သဘောတူ စာချုပ်ချုပ်ဆို

မေလမှ စက်တင်ဘာလအတွင်း ညှိနှိုင်းဆွေးနွေးပွဲသုံးခုကို ကုန်သည်စက်မှုအသင်းချုပ်နှင့် ပူးပေါင်း စီစဉ်ကျင်းပသွားမည်ဖြစ်

ဇော်ဝင်းသန်း

စင်ကာပူနိုင်ငံ အခြေစိုက် Sphere Conferences နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းလက်တွဲပြီး လုပ်ငန်းကဏ္ဍတစ်ခုချင်းစီအလိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရန် ဇန်နဝါရီလ ၁၁ ရက်နေ့က နှစ်ဖက်သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။

စာချုပ်အရ လာမည့် မေလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ မြန်မာမြို့ပြ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၊ မေလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ မြန်မာဘဏ်နှင့် ငွေကြေးကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲနှင့် မြန်မာ Logistic and Supply Chain ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတို့အား စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်အထိကျင်းပမည်ဖြစ်သည်။

"မြန်မာနိုင်ငံဟာ ခေတ်မီနိုင်ငံတော်အဖြစ် ကူးပြောင်းနေတဲ့ကာလမှာ ဒီကဏ္ဍအသီးသီးမှာ နိုင်ငံတကာကပါဝင် စေချင်ပါတယ်။ အခုလိုလာမယ့် ညှိနှိုင်းဆွေးနွေးပွဲတွေအတွက် Sphere Conferences နဲ့ ပူးပေါင်းဆောင်ရွက်ရတာကိုလည်း ဝမ်းသာပါတယ်။ ဒီလိုပူးပေါင်းလိုက်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ မြို့ပြအစီအစဉ်တွေ၊ ဘဏ်လုပ်ငန်းနဲ့ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွေကို ထုတ်ဖော်ပြသလိုက်ရာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒု-ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

"ပြည်တွင်းနဲ့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေအကြား တန်ဖိုးရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဖြစ်ပေါ်ဖို့အတွက် ဒီဆွေးနွေးပွဲတွေက အထောက်အကူဖြစ်ပါလိမ့်မယ်။ အခုဆို ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာ အသိုင်းအဝိုင်းတွေနဲ့ တစ်ဖန်ပြန်လည်သင့်မြတ်လာတဲ့အတွက် ကျွန်တော်တို့နိုင်ငံကို လူမှုရေးနဲ့ စီးပွားရေးအရ ဆွဲဆောင်မှုရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေ လက်ခံလာတဲ့အထိ ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် မြန်မာအစိုးရက ၂၀၁၅-၁၆ ခုနှစ်တွင် ပျမ်းမျှ ဂျီဒီပီ ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားရာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းကောင်းနှင့် အလားအလာကောင်းများရှိသည်ဟု ယုံကြည်ကြောင်း Sphere Conferences ၏ဥက္ကဋ္ဌဖြစ်သူ Chua Wee Phong ကပြောသည်။

"ကျွန်တော်တို့ နှစ်ဖက်အကျိုးတူ သဘောတူညီချက်အရ မြန်မာနိုင်ငံရဲ့ အစိုးရ-ပုဂ္ဂလိက ကဏ္ဍတွေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဆက်သွယ်လက်တွဲလုပ်ကိုင်နိုင်စေဖို့နဲ့ ဆက်သွယ်နိုင်မယ့် အခွင့်အလမ်းတွေရရှိစေဖို့ ဒီလိုဆွေးနွေးပွဲတွေ ကျင်းပဖို့စီစဉ်ရခြင်းဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ထို့ပြင်၎င်းက နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားသည့် မြန်မာ့စီးပွားရေးကဏ္ဍများအပေါ် မူတည်ပြီးမှသာ ဆွေးနွေးပွဲခေါင်းစဉ်များဖြင့် Sphere Conferences မှ ဆုံးဖြတ်ကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့ရဲ့ ပထမဆုံး မြန်မာနိုင်ငံက မိတ်ဖက်အဖွဲ့အစည်းက မြန်မာခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ပဲဖြစ်ပါတယ်။ သူတို့နဲ့ လာမယ့်ဖေဖော်ဝါရီလမှာ ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကို ပြုလုပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပွဲတစ်ခုကျင်းပတယ်ဆို အဲဒီပွဲက နိုင်ငံတကာ အဖွဲ့အစည်းကြီးတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ ဘာလုပ်ချင်တယ်။ ဘယ်အပိုင်းက ပိုပြီးစိတ်ဝင်စားမှု ပိုများလဲဆိုတဲ့အချက်တွေပေါ် မူတည်ပြီးမှ လုပ်တာပါ။ လိုအပ်ချက်တွေ တစ်ခုချင်းစီမှာ မေးခွန်းများစွာရှိပါတယ်။ မြန်မာနိုင်ငံကို ဘယ်လိုလာပြီး ဘယ်လိုစီးပွားရေးလုပ်ရမှာလဲ။ ဘယ်သူနဲ့ ချိတ်ဆက်ဆောင်ရွက်ရမှာလဲ စသဖြင့်ပေါ့။ အခုဆို မြန်မာနိုင်ငံက ဘဏ်လုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေး၊ မြို့ပြနဲ့ တည်ဆောက်ရေးကဏ္ဍတွေကို နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေက မျက်စိကျနေကြပါတယ်။ ဆိုတော့ ဒီလိုဆွေးနွေးပွဲတွေ ကျင်းပလိုက်တဲ့အတွက် ပြည်တွင်းနဲ့ နိုင်ငံတကာက စိတ်ဝင်စားတဲ့ ရင်းနှီးမြှုပ်နှံမယ့်သူတွေ တိုက်ရိုက်တွေ့ဆုံပြီး လုပ်ငန်းတွေကို အကျိုးတူပူးပေါင်းလုပ်ကိုင်ဖို့ အလားအလာရှိတဲ့အတွက် အခုလို နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပြီး ဆွေးနွေးပွဲတွေ စီစဉ်ရခြင်းသာဖြစ်ပါတယ်"ဟု Chua Wee Phong က ပြောသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးများနှင့် သက်ဆိုင်သည့် လုပ်ငန်းကဏ္ဍများသည် ၂၁ ရာစုအတွင်း မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အဓိကလိုအပ်သော ကဏ္ဍများဖြစ်သည်။

Sphere Conferences သည် စင်ကာပူနိုင်ငံမှ နာမည်ကြီး စထရိတ်တိုင်း(မ်) သတင်းစာကြီး ပုံနှိပ်ထုတ်ဝေသည့် စင်ကာပူ Press Holding ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည်။ ■

သတင်းတို

အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ

စင်ကာပူနိုင်ငံရှိ PSB Academy တွင် BE (Electrical and Electronic) ဘာသာရပ်ကို အင်္ဂလန်နိုင်ငံရှိ Manchester Metropolitan University နှင့် ချိတ်ဆက်ထားပြီး တက်ရောက်နိုင်ပြီဖြစ်သည်။ ယင်းဘာသာရပ်သည် Institute of Mechanical Engineers နှင့် The Institution of Engineering and Technology (UK) တို့က အသိအမှတ်ပြုခံထားရပြီး၊ Diploma in Electrical/ Mechnical ဘာသာရပ်မှာ ယူကေတက္ကသိုလ် ပထမနှစ်နှင့် ညီမျှပြီး BE အတွက်အချိန် ၁၆ လခန့်သာ ကြာမြင့်မည်ဖြစ်သည်။ စင်ကာပူ၌ ယင်းဘာသာရပ်ကို သုံးနှစ်အတွင်း တက်ရောက်နိုင်ပြီး နောက်ဆုံးကျန်သော ရှစ်လကို အင်္ဂလန်တွင် Exchange Program ဖြင့် တက်ရောက်နိုင်မည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်ပြီး ဇန်နဝါရီ ၂၅ ရက်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ Summit Parkview Hotel တွင် ဟောပြောမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက Crown Education အမှတ်၂၇၀၊ ပထမထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ ဖုန်း ၀၉၇၃၂၇၃၂၇၇ သို့ မေးမြန်းနိုင်သည်။

ယွန်းနှင်း

THE MYANMAR TIMES နေပြည်တော်

Capital News

■ နေပြည်တော်သတင်း

သောကြာနေ့၊ ဇန်နဝါရီ ၂၅ – ၃၁၊ ၂၀၁၃

အောင်ချမ်းသာရွာ တောင်သူများ ဆန္ဒမဖော်ထုတ်မီ ညှိနှိုင်းပြေလည်

စုလိုင်ထွန်း

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ တောင်ဖီလာ ဘိလပ်မြေစက်ရုံ အနီး၊ အောင်ချမ်းသာရွာရှိ တောင်သူများ စက်ရုံပိုင်နယ်နိမိတ် ချဲ့ထွင်သိမ်းဆည်းမှုများကို ဆန္ဒဖော်ထုတ်သွားရန် သက်ဆိုင်ရာသို့ ခွင့်ပြုမိန့်လျှောက်လွှာတင်ပြီးနောက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပြေလည်မှု ရရှိခဲ့သည်ဟု တောင်သူများက ပြောသည်။

အထက်ပါဘိလပ်မြေစက်ရုံအတွက် ၂၀၀၆ ခုနှစ်က လယ်မြေ ၃၉၅ ဧက သိမ်းယူခဲ့ပြီး ယခုအခါ ထိုစက်ရုံပိုင်မြေဧက မပြည့်သည့်အတွက် ထပ်မံသိမ်းဆည်းခြင်းဖြစ်သည်ဟု လယ်သမားများက ဆိုသည်။ နေပြည်တော်ကောင်စီနယ်မြေတွင် လယ်မြေများလျော်ကြေးပေးရာ၌ ယခုအောင်ချမ်းသာရွာရှိ လယ်မြေများ၊ ယာမြေများ ပေးချေမှုသည် တန်ဖိုးအမြင့်ဆုံးဖြစ်သည်။

အငြင်းပွားဖွယ်ဖြစ်နေသည့် မြေဧက ၁၇၀ ခန့်တွင် လယ်မြေတစ်ဧကကို ကျပ် ၁၂ သိန်းနှင့် ယာမြေတစ်ဧကလျှင် ကျပ် ၁၀ သိန်းဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘိလပ်မြေစက်ရုံက ပေးချေခဲ့သည်။ အောင်ချမ်းသာရွာတစ်ဝိုက်ရှိ လယ်မြေဧက ၄၀ နှင့် ကျန်ရှိသည့် ယာမြေများကို အထက်ပါဈေးနှုန်းအတိုင်း ပေးချေခြင်းဖြစ်သည်။

"သူတို့တွေက လိုချင်နေမှတော့ ပေးရတော့မှာပေါ့။ အရင်ကတော့ ဆန္ဒဖော်ထုတ်တဲ့အထိကို ဥပဒေဘောင်အတွင်းက လုပ်သွားမယ်ဆိုပြီး လုပ်ထားတာပါ" ဟု ဒေသခံတောင်သူတစ်ဦးဖြစ်သူ ကိုအောင်က ဇန်နဝါရီလ ၂၁ ရက်တွင် မြန်မာတိုင်း(မ်)ကို ပြောသည်။

၂၀၀၆ ခုနှစ်တွင် စက်မှု(၁)ဝန်ကြီးဌာနက ဘိလပ်မြေစက်ရုံအတွက် လယ်မြေများသိမ်းဆည်းစဉ်က ကြေးတိုင်နှင့် မြေစာရင်းမှ တာဝန်ရှိသူများပါဝင်မှုဖြင့် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လပိုင်းက ထိုဘိလပ်မြေစက်ရုံကို နေပြည်တော်စည်ပင်သာယာရေးအဖွဲ့ပိုင်အဖြစ် လွှဲပြောင်းယူခဲ့သည်။

ထိုဧရိယာထဲတွင် ကျောင်းဆောက်လုပ်ရန် ဧက ၂၀ လျာထားပြီး တည်ဆောက်နိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ယခုအခါ ထိုမြေနေရာအစား မြေဧက ၁၅၀ ကို ထပ်မံသိမ်းဆည်းရာတွင် အငြင်းပွားဖွယ်ကိစ္စရပ်များ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု တောင်သူများက ဆိုသည်။

"ဆန္ဒဖော်ထုတ်ဖို့ စာတင်ပြီး နောက်ရက်မှာပဲ ရဲစခန်းက စက်ရုံကတာဝန်ရှိသူတွေနဲ့ ထပ်မံညှိနှိုင်းဖို့ လာပြောပါတယ်။ ဒီမှာပဲ ညှိနှိုင်းတာကိုမှ လက်မခံရင်တော့ ဘယ်ပုဒ်မမှန်း မသိတာတွေနဲ့ တရားစွဲမယ်လို့ ပြောသွားပါတယ်"ဟု တောင်သူများနှင့်မတွေ့ဆုံမီ ဇန်နဝါရီ ၁၉ ရက်နေ့က မြန်မာတိုင်း(မ်)၏ ဆက်သွယ်မေးမြန်းမှုကို တောင်သူတစ်ဦးက ပြောသည်။

အဆိုပါစက်ရုံဧရိယာဟု သတ်မှတ်သိမ်းဆည်းထားသည့် လယ်မြေများထဲတွင် စက်ရုံအပြင်ကြံ၊ မတ်ပဲ စသည့် သီးနှံများ စိုက်ပျိုးထားကြောင်း သိရသည်။

"တောင်သူတွေက လယ်နဲ့ ယာပဲ လုပ်တတ်တာပါ။ ခုလည်း တချို့တောင်သူတွေက သူတို့ဆီမှာလယ်စာရင်းငှားပြန်လုပ်နေရပြီ။ ထပ်သိမ်းပြီဆိုလည်း တောင်သူတွေက လုပ်စားစရာ မြေကွက်မရှိတော့ လယ်စာရင်းငှားခေါ်တာတွေပဲ လုပ်ရတော့မှာပေါ့"ဟု ၎င်းက ပြောသည်။

ယခုလယ်ယာမြေများ ပေးချေမှုတွင် စည်ပင်သာယာရေးကော်မတီက စက်ရုံကို လွှဲပြောင်းယူပြီးသည့်နောက်ပိုင်း ရယူသည့်မြေများကိုသာ ပေးချေခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်က မြေပိုင်ရှင်များ ပါဝင်ခြင်းမရှိချေ။

"ဒီနောက်ပိုင်းမြေတွေသာ သူတို့နဲ့ဆိုင်တာမို့ ရှင်းပေးတာပါ။ အရင်သိမ်းတာတွေ မပါဘူး။ အဲဒီတောင်သူတွေကလည်း တန်ရာတန်ကြေးရဖို့ ထပ်ကြိုးစားဦးမယ်လို့ ပြောပါတယ်"ဟု ယခုလျော်ကြေးရရှိမည့် ကိုအောင်က ပြောသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီဘိလပ်မြေစက်ရုံက ယခင်သိမ်းဆည်းထားသည့် လယ်မြေများအပြင် ထပ်မံသိမ်းဆည်းသည့်မြေများကို အုတ်တိုင်သံစည်းရိုးများ ခတ်ထားမှုကြောင့် တောင်သူများက ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ကို လယ်ဝေးမြို့နယ်၊ ရဲစခန်းသို့ ဇန်နဝါရီ ၁၈ ရက်နေ့က လျှောက်ထားခဲ့သည်။

ဘိလပ်မြေစက်ရုံစတင်တည်ဆောက်စဉ် ၂၀၀၆ ခုနှစ်က တောင်သူ ၃၂ ဦးကို တစ်ဧက ကျပ် ၁၀၀,၀၀၀ ဖြင့် ၃၂ သိန်းကို သီးနှံကြေးဟုပြော၍ စာချုပ်ထဲတွင်မူ ထောက်ပံ့ကြေးဟု ထည့်သွင်းရေးသားခဲ့သည်ဟု လယ်မြေသိမ်းဆည်းခံ တောင်သူတစ်ဦးက ဆိုသည်။ ■

ရှေးဟောင်းဟု ယူဆရသော လှေတစ်စင်းကို တူးဖော်

ရှေးဟောင်းသုတေသနဦးစီးဌာနကမူ သက်တမ်း နှစ် ၅၀ ခန့်သာ ရှိနိုင်သေးသည်ဟု ခန့်မှန်းထား

ပြည့်သက်ဖြိုး

တူးဖော်ထားသည့် လှေကြီးကို ရွာသူရွာသားများ လှေလာကြည့်ရှုနေစဉ်။ ဓာတ်ပုံ-ပြည့်သက်ဖြိုး

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နှင့် ခုနစ်မိုင်ခန့်အကွာ ဝန်တဲကူးကျေးရွာအုပ်စု၊ သစ်တောကျေးရွာမြောက်ဘက်ရှိ ပုလွေးချောင်းအတွင်းမှ အရှည် ၆၅ ပေ၊ လုံးပတ် ၈ ပေ ၃ လက်မ ရှိသော ရှေးဟောင်းဟု ယူဆရသည့် လှေတစ်စင်းကို ဖော်ယူလျက်ရှိသည်ဟု ဇန်နဝါရီလ ၁၅ ရက်နေ့က ဒေသခံဖြစ်သူ ဦးသစ်လွင်က ပြောသည်။

"တွေ့တာကြာပြီ။ ဒါပေမဲ့မဖော်ရဲဘူး။ အခုမှ အငြိမ်းစားဗိုလ်မှူး ဦးခင်မောင်ဝင်းကို ဆက်သွယ်တယ်။ အဲဒါနဲ့ သူက လှေကို ဆယ်ယူဖို့အတွက် ငွေကြေးထောက်ပံ့တယ်။ ပြီးတော့ သူက တာဝန်ယူတယ်ပြောလို့ ဆယ်ယူဖြစ်တာ"ဟု ၎င်းက ဇန်နဝါ ရီလ ၁၈ ရက်က မြန်မာတိုင်း(မ်)ကို ပြောသည်။

အဆိုပါလှေ စတင်တွေ့ရှိပုံမှာ ၂၀၁၂ ခုနှစ်၊ မိုးရာသီကာလအတွင်း နွားကိုချောင်းစပ်၌ ရေတိုက်နေစဉ် ရေမျက်နှာပြင်အထက်တွင် ပေါ်နေသည့် လှေဦးပိုင်းကို စတွေ့ခြင်းဖြစ်ကြောင်း ရွာခံဖြစ်သူ ဦးကျော်သိန်းက ပြောသည်။

"လှေကို တွေ့တွေ့ချင်း ဖော်ကြည့်သေးတယ်။ ရွာက လူအယောက် ၂၀ လောက်နဲ့ပေါ့။ အဲဒီအချိန်မှာ ဝန်တဲကူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဆက်မဖော်နဲ့၊ သိမ်းလိမ့်မယ်လို့ပြောလို့ ဆက်မဖော်ရဲတော့ဘူး"ဟု၎င်းကပြောသည်။

ထိုကဲ့သို့ ဆက်လက်မဖော်တော့သည့်အတွက် လှေသည် ချောင်းရေကျလာ၍ သဲများဖြင့် ပြန်လည်ဖုံးအုပ်သွားခဲ့ရာမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအကုန်တွင် ပြန်လည်တွေ့ရှိခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

ပုလွေးချောင်းအတွင်း နစ်မြုပ်နေသည့် အဆိုပါလှေကို လွန်ခဲ့သည့်နှစ်နှစ်ခန့်ကတည်းက လှေလာရေးလာရင်းမှ သိရှိထားကြောင်းနှင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်က စတင်ဆယ်ယူခဲ့ပြီး ကုန်ကျစရိတ်မှာ ငွေကျပ် သိန်း ၁၀၀ ကျော် ရှိပြီဖြစ်ကာ သက်ဆိုင်ရာ အစိုးရဌာနများကိုလည်း အကြောင်းကြားထားသည်ဟု ဦးခင်မောင်ဝင်းက ဇန်နဝါရီလ ၁၈ ရက်က ပြောသည်။

သက်ဆိုင်ရာ အစိုးရဌာနများကို တရားဝင်အသိပေး အကြောင်းကြားထားသော်လည်း အကြောင်းပြန်ကြားခြင်း မရှိသေးသောကြောင့် ယင်းလှေကို လာရောက်၍ သယ်ဆောင်ခြင်း မပြုတော့ပါက ရန်ကုန်-မန္တလေး အမြန်ကားလမ်းဘေး မိုင်တိုင်အမှတ် ၂၀၄ မိုင်တွင် ရှိသော မိမိ၏ စိုက်ပျိုးရေးဥယျာဉ်ခြံအတွင်း မည်သူမဆိုလာရောက်လေ့လာရန် သေချာစွာထိန်းသိမ်းစောင့်ရှောက်သွားမည်ဟုလည်း ၎င်းက ပြောသည်။

"ဒီလှေက ရေပန်းဥယျာဉ်မှာပြထားတဲ့လှေထက် ပိုရှည်တယ်။ ရှေးဟောင်းဟုတ်၊ မဟုတ်ကိုတော့ ရှေးဟောင်းသုတေသနအဖွဲ့နဲ့ သေချာစစ်ဆေးရဦးမယ်"ဟု ၎င်းက ပြောသည်။

ယခုတွေ့ရှိသော လှေကို သက်န်းသားဖြင့် ပြုလုပ်ထားပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ ခန့်က ပဲခူးရိုးမဘက်တွင် လှေများပြုလုပ်ကာ မြန်မာပြည်အောက်ပိုင်းသို့ ရေမျော၍ ပို့ကြလေ့ရှိခြင်းကြောင့် ဖြစ်နိုင်သည် ဟုလည်း သစ်တောရွာတွင် နေထိုင်သူ အသက် ၈၅ နှစ်အရွယ်ရှိ အဘွားအိုတစ်ဦးက ပြောသည်။

သို့ရာတွင် လှေ၏သက်တမ်းသည် လွန်ခဲ့သည့်နှစ် ၅၀ ခန့်ကဟု ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီလ ၂၂ ရက်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"စစ်ဆေးချက်အရကတော့ လွန်ခဲ့တဲ့နှစ် ၅၀ လို့တော့ သိရှိထားပါတယ်၊ ရှေးဟောင်းလှေဆိုတာ လုံးဝ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရှေးဟောင်းဖြစ်ဖို့က ကနုတ်ပန်းတွေပါမှပဲ သတ်မှတ်လို့ရမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါလှေကို စတင်တွေ့ရှိစဉ်အချိန်က ရွာခံများအနေဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်ခန့် သက်တမ်းရှိနိုင်သည်ဟု မှန်းဆထားခဲ့ကြသည်။

"ဒီလှေက သစ်ထွင်းလှေပါ။ နောက်ပြီး လှေမှာ ဘာလက်ရာမှ မပေါ်ဘူး "ဟု ၎င်းက ပြောသည်။ ■

သတ္တုတွင်း ခွင့်ပြုမိန့်သက်တမ်း ငါးနှစ်အထိ တိုးပေးရန်လိုအပ်

စုလိုင်ထွန်း

မြန်မာနိုင်ငံ၌ တူးဖော်လုပ်ကိုင်နေသည့် သတ္တုတွင်းလုပ်ကွက်များကို ခွင့်ပြုမိန့် သက်တမ်း သုံးနှစ်မဟုတ်ဘဲ ငါးနှစ်ဖြင့် ဆောင်ရွက်ချိန် လုံလုံလောက်လောက် ချထားပေးရန်လိုအပ်ကြောင်း အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက သတ္တုတွင်းဝန်ကြီးဌာနတွင် ကျင်းပသည့် မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ရွေးကောက်ပွဲတွင် ပြောသည်။

"သုံးနှစ်အတွင်းမှာ အလုပ်တွေကို တက်သုတ်ရိုက်ပြီး အမြန်ဆောင်ရွက်ရတော့ တွင်းကြံ့ခိုင်မှုကအစ စနစ်တကျ မလုပ်နိုင်ဘူး။ ရှေ့ကိုစားရင်းနဲ့ နောက်ပြန်လှည့်မကြည့်နိုင်ကြဘူး"ဟု ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌလည်း ဖြစ်သည့် ဦးနေဝင်းထွန်းက ပြောသည်။

ခွင့်ပြုထားသည့် သုံးနှစ်အချိန်အတွင်း အလုပ်လုပ်နိုင်သည့်ကာလသည် တစ်နှစ်ခွဲခန့်သာ ရရှိသည့်အတွက် နှစ်တိုးပေးရန် လိုအပ်သည်ဟု ၎င်းကဆိုသည်။ ထို့အတူ ခွင့်ပြုမိန့်ကို ငါးနှစ်အထိနှင့် အလားတူအလတ်စား ထုတ်လုပ်မှုအဆင့်ထားရှိပြီး သက်တမ်း ၁၀ နှစ်အထိ၊ အကြီးစားထုတ်လုပ်မှုအဆင့်ကို တစ်ဆက်တစ်စပ်တည်းနှစ် ၂၀ သက်တမ်းအထိ တိုးမြှင့်လုပ်ကိုင်ခွင့်ပြုပါက လုပ်ငန်းခွင်တွင် ပရမ်းပတာမဖြစ်ဘဲ ပိုမိုစနစ်ကျနိုင်ကြောင်း ပြောသည်။

"နိုင်ငံတော်ရဲ့ ဦးစားပေးစီးပွားရေးလုပ်ငန်းထဲမှာ သတ္တုလုပ်ငန်းလည်းပါပါတယ်။ ဒါပေမဲ့ အနာဂတ်မျိုးဆက်သစ်တွေအတွက်လည်း သဘာဝရင်းမြစ်များနဲ့ သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးမှုမရှိစေရေးကို အလေးထားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လည်း အစိမ်းရောင်စီးပွားရေး (Green Mining) အဖြစ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ပြောသည်။

သတ္တုသယံဇာတများ တူးဖော်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် အဆင့်မြင့်နည်းပညာများ၊ စက်ကိရိယာများ မသုံးစွဲနိုင်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်လျက်ရှိကြောင်း သိရသည်။

"ခေတ်မီ တိုးတက်လာတာနဲ့အမျှ စနစ်တကျ အသုံးပြုနိုင်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင် ထိခိုက်စရာမရှိပါဘူး။ တချို့က ခွင့်ပြုမိန့်မရဘဲ တရားမဝင် ပုန်းရှား၊ ပုန်းဝှက်တူးကြတာတွေကြောင့် ကြွက်တွင်းတွေလို ပရမ်းပတာဖြစ်နေတာတွေ မြင်နေရပါတယ်"ဟု တစ်ပိုင်တစ်နိုင်တွင်းသမားများနှင့် ပတ်သက်သည်ကို ဦးနေဝင်းထွန်းကပြောသည်။

ထို့ပြင် အများပြည်သူများအနေဖြင့် သတ္တုသယံဇာတ ရင်းမြစ်ဆိုင်ရာ လုပ်ငန်းဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိသည့်အတွက် ရှေးရိုးစွဲ အယူအဆများနှင့် သတ္တုလုပ်ငန်းကို အမှန်တကယ် သိတတ်နားလည်ခြင်း မရှိဘဲ ပြောဆိုသည့် ဘေးစကားများကြောင့် ဆန့်ကျင်ကန့်ကွက်မှုပြုလုပ်လာခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

"သူတို့တွေကိုလည်း အပြစ်တင်လို့မရဘူး။ အရင့်အရင်လူတွေရဲ့ ချို့ယွင်းချက်တွေ၊ အားနည်းချက်တွေကြောင့် စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်နေကြတာပါ" ဟု ၎င်းကပြောသည်။

"သတ္တုဆိုတဲ့ပစ္စည်းက နုတ်ပြီးရင် ပြန်ပေါက်တဲ့ မြက်ပင်တွေလိုမဟုတ်ဘူး။ သစ်ပင်တွေလို ပြန်စိုက်လို့လည်းမရပါဘူး။ နှစ်ပေါင်းသန်းနဲ့ချီပြီး သူ့သဘာဝအရ ဖြစ်ပေါ်လာကြတာပါ။ ကိုယ်တွေမှာ နှစ် ၁၀၀ လောက်လည်း ထုတ်သုံးပြီးသွားပြီ။ ဒါကြောင့် တန်ဖိုးကြီးတဲ့သတ္တုတွေက ရှားပါးတဲ့အဆင့်ရောက်နေပါပြီ။ တွင်းအရည်အသွေးတွေလည်း ကျဆင်းနေပါပြီ"ဟု အမှုဆောင်နာယကဖြစ်သည့် ဦးကိုကိုသန်းက ပြောသည်။ ■

သတင်းတို

ဖောက်ထွင်းမှု၊ လုယက်မှုများ ဖမ်းဆီးရမိ

နေပြည်တော်ကောင်စီနယ်မြေတွင်း နေ့ညမရှောင် ခိုးမှုများ၊ လုယက်မှုများ ကျူးလွန်နေသည့် တရားခံများစွာကို ယခုလအတွင်း ဖမ်းဆီးနိုင်ခဲ့သည်။ ဝန်ထမ်းအိမ်ရာများတွင် ဖြစ်ပွားခဲ့သည့် မော်တော်ဆိုင်ကယ်ခိုးယူမှုများ၌ တရားခံ ၁၃၂ ဦးထံမှ ဆိုင်ကယ်စီးရေ ၁၃၂ ဦးကိုပြန်လည်ဖမ်းဆီးရမိခဲ့သည်ကို နိုင်ငံပိုင်ကြေးမုံသတင်းစာ၌ ဖော်ပြထားသည်။ နေ့ခင်းပိုင်းတွင် တာဝန်ထမ်းဆောင်နေသည်ကို အခွင့်ကောင်းယူ ပြစ်မှုများ ကျူးလွန်ခဲ့သည့် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံကော်အိမ်ရာ အမှုတွင်လည်း အခန်းသော့ဖျက်ဝင်ရောက်၍ ကျပ်သိန်း ၃၁၅ ကျော်ခိုးယူသူ တရားခံနှစ်ဦးအား လက်ကျန်ပစ္စည်းများနှင့်အတူ အမှတ်(၂)ရဲစခန်းက ဖော်ထုတ်နိုင်ခဲ့ပြီး ဆက်လက်စစ်ဆေးရာ ထိုမြို့နယ်အတွင်းရှိ သုခသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာမှ ကျပ် ၁၇ သိန်းကျော် ဖောက်ထွင်းခိုးယူခဲ့မှုကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ ဇန်နဝါရီလ ၅ ရက်နေ့က ဖြစ်ပွားခဲ့သည့် သမ္မတစံပြစပါးစိုက်ကွင်းနှင့် ကပ်လျက် ညောင်ပင်ကြီးစု စံပြစိုက်ကွင်းအနီး ဖြစ်ပွားသည့် ဓားထောက်လုယက်မှုကိုလည်း သက်ဆိုင်ရာရဲစခန်းက ၄၈ နာရီအတွင်း ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ **စလိုင်းထွန်း**

နိုင်ငံဧရိယာ ၁၀ ရာခိုင်နှုန်းကို သဘာဝနယ်မြေအဖြစ် သတ်မှတ်တည်ထောင်ရန် ရည်မှန်းချက် နီးကပ်လာ

ပြည့်သက်ဖြိုး

နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝနယ်မြေအဖြစ် သတ်မှတ်တည်ထောင် ရန် ရည်မှန်းချက်နီးကပ်လာပြီဟု ဇန်နဝါရီလ ၁၆ ရက်နေ့က ကျင်းပသည့် မြန်မာနိုင်ငံရှိ သဘာဝနယ်မြေများ စီမံအုပ်ချုပ်မှု ရေရှည်တည်တံ့စေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စီမံကိန်း ညှိနှိုင်း အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။

"နိုင်ငံဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းကို သဘာဝနယ်မြေတွေအဖြစ် တည်ထောင်သွားဖို့ ရည်မှန်းချက်ထားရှိပြီးဖြစ်ပါတယ်။ ဒီရည်မှန်းချက် ပေါက်ရောက် အောင်မြင်အောင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဇီဝမျိုးစုံ မျိုးကွဲများ တန်ဖိုးမြင့်မားတဲ့ နေရာတွေကို ကွင်းဆင်းဖော်ထုတ် မှတ်တမ်းတင်ပြီး သဘာဝနယ်မြေအဖြစ် တည်ထောင်နေပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ၌ လက်ရှိ တည်ထောင်ထားသည့် သဘာဝနယ်မြေ ၃၆ ခုသည် နိုင်ငံဧရိယာ၏ ၅ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အဆိုပြု သဘာဝနယ်မြေများကို အပြီးသတ် တည်ထောင်ပြီးပါက နိုင်ငံဧရိယာ၏ ၆ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည့်သဘာဝနယ်မြေသည် စုစုပေါင်း ၄၄ ခု အထိရှိလာမည်ဖြစ်သည်။

သဘာဝနယ်မြေအဖြစ် တည်ထောင်ရန် ပဲခူးရိုးမ၌ရှိသော မြောက်ဇာမရီ သစ်တောကြိုးဝိုင်းကို ဆင်ထိန်းသိမ်းရေးအတွက် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့က ကြေညာစာထုတ်ပြန်ခဲ့သည်။

"ဒီလို ထုတ်ပြန်လိုက်တာကြောင့် မြန်မာနိုင်ငံမှာ လက်ရှိအဆိုပြု သဘာဝနယ်မြေရှစ်ခုရှိလာပြီး နိုင်ငံဧရိယာရဲ့ ၁ ဒသမ ၂၁ ရာခိုင်နှုန်း ရှိလာပြီဖြစ်ပါတယ်" ဟု ဦးဝင်းထွန်းက ပြောကြားသည်။

ယင်းသို့ သဘာဝနယ်မြေများအဖြစ် ကမ္ဘာ့ကုန်းမြေနှင့် ကုန်တွင်းပြင် ဧရိယာ ၁၇ ရာခိုင်နှုန်း၊ ပင်လယ်ရေပြင်နှင့် ကမ်းရိုးတန်းဧရိယာ၏ ၁၀ ရာခိုင်နှုန်း တိုးမြှင့်တည်ထောင်ရန်အတွက် ဂျပန်နိုင်ငံ၊ နာဂိုယာမြို့၌ ကျင်းပခဲ့သော ဇီဝမျိုးစုံ မျိုးကွဲ ကွန်ဗင်းရှင်း၏ (၁၀)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများညီလာခံ၌ တညီတညွတ်တည်းသဘောတူခဲ့သည်။

မကြာမီ ကချင်ပြည်နယ်အတွင်းရှိ ပူတာအို၊ ဟုမ္မလင်း၊ မချမ်းဘော၊ ခန္တီး၊ နန်းယွန်း၊ နောင်မွန်း စသည့်မြို့များ၌ စတင်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်း စောင့်ရှောက်မှုစီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ ထောက်ပံ့မှုဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် အဆိုပါစီမံကိန်းအတွက် အထက်ပါမြို့နယ်များ၌ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများကိုလည်း ဖိတ်ခေါ်ထားသည်ဟု ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(ယူအင်န်ဒီပီ)မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဦးမင်းရဲထွဋ်က ယခုလ ၁၆ ရက်က ပြောသည်။ ■

မြို့များအလိုက် မိုးလေဝသခန့်မှန်းချက်များ ထုတ်ပြန်နိုင်ရန် စီစဉ်

အေးစပယ်ဖြူ

မြန်မာနိုင်ငံရှိ မြို့များအလိုက် မိုးလေဝသ အခြေအနေများကို ထုတ်ပြန်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစီမံကိန်းအား နော်ဝေနိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုး/ဇလဌာနမှ ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

"လက်ရှိခန့်မှန်းချက်က ပြည်နယ်နဲ့တိုင်းအလိုက် ထုတ်တယ်။ မြို့တစ်မြို့ချင်းကို ထုတ်ပြန်ပေးနိုင်ရင် ပြည်သူလူထုအတွက် ပိုအဆင်ပြေမယ်။ ဒါအတွက် နော်ဝေနိုင်ငံက နည်းပညာပိုင်းဆိုင်ရာ ကူညီမှုနဲ့ ဆောင်ရွက်နိုင်ဖို့ စီစဉ်နေပါတယ်။ ဒီလိုခန့်မှန်းချက်ထုတ်ပေးနိုင်ရင် အဲဒီမြို့နယ်ထဲမှာရှိတဲ့ တောင်သူလယ်သမား၊ မွေးမြူရေး၊ ကျန်းမာရေးဆောင်ရွက်သူတွေ အားလုံးအတွက် အကျိုးရှိမယ်"ဟု ၎င်းကပြောသည်။

နော်ဝေအမျိုးသား မိုးလေဝသဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းကာလမှာ ၂၀၁၃ မှ ၂၀၁၆ ခုနှစ်အထိဖြစ်ကြောင်း ၎င်းကပြောသည်။

"မြို့တွေရဲ့ မိုးလေဝသအချက်အလက်တွေကို သူတို့ကူညီမယ့် မိုးလေဝသ ဆော့ဖ်ဝဲထဲမှာ ထည့်သုံးနိုင် မသုံးနိုင် စမ်းသပ်နေတယ်"ဟု၎င်းကပြောသည်။

ကနဦးအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိသက်တမ်းကြာမြင့်သော မိုးလေဝသစခန်း ၃၇ ခုရှိ နှစ်ပေါင်း ၃၀ စာ မိုးလေဝသအချက်အလက်များဖြင့် စမ်းသပ် စစ်ဆေးလျက်ရှိသည်။ ■

ဘားကမ့် ရန်ကုန်၊ လူ ၆,၀၀၀ ကျော်တက်ရောက်

ဇန်နဝါရီလ ၁၉ နှင့် ၂၀ ရက်နေ့များက BarCamp Yangon 2013 ကို ကျင်းပနေစဉ်။ ဓာတ်ပုံ - ဘူးသီး

ထူးအောင်

ဘားကမ့်ရန်ကုန် ၂၀၁၃ ကို ဇန်နဝါရီ ၁၉ နှင့် ၂၀ ရက်နေ့များတွင် ရန်ကုန်မြို့ MICT ၌ ကျင်းပရာ တက်ရောက်သူပေါင်း ၆,၀၀၀ ကျော်ရှိခဲ့ပြီး ခေါင်းစဉ်ပေါင်း ၈၀ ကျော် ဆွေးနွေးခဲ့ကြောင်း ဘားကမ့်ရန်ကုန်ဖြစ်မြောက်ရေး အဖွဲ့မှ သတင်းထုတ်ပြန်သည်။

ပထမနေ့တွင် တက်ရောက်ခဲ့သူပေါင်းမှာ ၃,၀၀၀ ကျော်ရှိခဲ့ပြီး အွန်လိုင်းမှ မှတ်ပုံတင်ပြီး တက်ရောက်သူများအပြင် ရောက်မှ ချက်ချင်းမှတ်ပုံတင်ကာ တက်ရောက်သူများလည်းရှိပြီး ပြောဆို ဆွေးနွေးရန်အတွက် အခန်း ၁၂ ခန်း စီစဉ်ပေးထားကြောင်း သိရသည်။

အဆိုပါ ဘားကမ့်ရန်ကုန်တွင် နိုင်ငံခြားသား ဘားကမ့်တက်ရောက်သူ ရှစ်ဦးရှိခဲ့ကြောင်း သိရသည်။

Barcamper တစ်ဦးဖြစ်သူ Mr.Thomas Feichter က " ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံမှာ လုပ်တဲ့ ဘားကမ့်ကို တက်ဖူးတာပါ။ အခု ကျွန်တော်လည်း Drupal Hosting on Aegir and Nginx ခေါင်းစဉ်နဲ့ ဝင်ရောက်ဆွေးနွေးသွားဖို့ အစီအစဉ်ရှိပါတယ်။ နောက်နှစ်တွေမှာလည်း တက်ရောက်ဖို့ရှိပါတယ်"ဟု ပြောသည်။

ဘားကမ့်ရန်ကုန် Organizer တစ်ဦးဖြစ်သူ ကိုကိုရဲက "ဘားကမ့်ကို နည်းပညာ မျှဝေတဲ့ကမ့်တစ်ခုအပြင် အသိပညာနဲ့ နည်းပညာတွဲပြီး မျှဝေတာမျိုး ဖြစ်စေချင်ပါတယ်။ ပြီးတော့ နည်းပညာသစ် မိတ်ဆက်အပြင် လက်တွေ့အသုံးတည့်မဲ့ အသုံးချလို့ရမဲ့ နည်းပညာ အသိပညာတွေလည်း ပိုမိုပါဝင်စေလိုပါတယ်"ဟု ပြောသည်။

ယခု ပြုလုပ်ပြီးစီးခဲ့သည့် ဘားကမ့်ရန်ကုန်အပြင် နယ်မြို့များ၌ ကျင်းပပြုလုပ်ခဲ့သည့် ပွဲအရေအတွက်မှာ၁၀ ကြိမ် ဖြစ်ပြီး ဇန်နဝါရီလ ၂၆ ရက်နှင့် ၂၇ ရက်တွင် ဘားကမ့်မန္တလေးနှင့် ဖေဖော်ဝါရီလ ၂ ရက်နှင့် ၃ ရက်နေ့များတွင် ဘားကမ့်ပုသိမ်ကို ပြုလုပ်သွားမည်ဖြစ်သည်။ ■

အိပ်ချ်တီစီရဲ့ မြန်မာ့စျေးကွက်ချဲ့ထွင်မှု ကမ္ဘာ့စျေးကွက်မှာ နေရာရနိုင်ရေးကြိုးပမ်းမှုကို အထောက်အကူမဖြစ်နိုင်ဟုဆို

ဖွံ့ဖြိုးပြီးစျေးကွက်တွင်းမှာ အက်ပဲလ်နဲ့ ဆမ်ဆောင်းအီလက်ထရွန်းနစ်တို့လို အင်အားတောင့်တင်းတဲ့ ပြိုင်ဘက်တွေ ရှိနေတဲ့အတွက် တိုင်ဝမ်ကုမ္ပဏီ အိပ်ချ်တီစီဟာ မြန်မာနိုင်ငံလို ဖွံ့ဖြိုးစစျေးကွက်ဘက်ကို ခြေဦးလှည့်လာပါတယ်။ ဒါပေမဲ့ တိုင်ဝမ်ကုမ္ပဏီဟာ ကမ္ဘာ့စျေးကွက်တွင်း နေရရဖို့အတွက် အခက်အခဲတွေ ရှိနေဆဲဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ပြောကြပါတယ်။

အိပ်ချ်တီစီဟာ နည်းပညာပစ္စည်းနဲ့ ပတ်သက်တဲ့ အင်အားကြီး ကုမ္ပဏီတွေ ခြေမချရသေးတဲ့ မြန်မာစျေးကွက်တွင်း ခြေကုပ်ယူဖို့အတွက် ရန်ကုန်မြို့မှာ သူ့ရဲ့ စတိုးတစ်ခုကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ဒါပေမဲ့ တိုင်ဝမ်ကုမ္ပဏီရဲ့ဒီလိုကြိုးပမ်းမှုဟာ သူ့ရဲ့ပြိုင်ဘက်ဖြစ်တဲ့ အမေရိကန်နဲ့ တောင်ကိုရီးယားကုမ္ပဏီကို ယှဉ်ပြိုင်နိုင်ဖို့ အထောက်အကူဖြစ်ဖွယ်ရာမရှိဘူးလို့ အိုင်ဘီတီအက်စ်ရင်းနှီးမြှုပ်နှံမှုအကြံပေးကုမ္ပဏီရဲ့ ကျွမ်းကျင်သူ အယ်လ်ဘတ်ချန်းက တယ်လီဖုန်းနဲ့ ဖြေကြားပေးခဲ့ပါတယ်။

"မြန်မာနိုင်ငံဟာ အသေးစားစျေးကွက်လေးတစ်ခုပါ။ ကမ္ဘာ့စျေးကွက်ဝေစုရဖို့ ကြိုးပမ်းနေတဲ့ အိပ်ချ်တီစီအတွက် ဒီစျေးကွက်ကနေ အခွင့်အလမ်းကောင်းတွေ သိပ်မရနိုင်ပါဘူး" လို့ သူက ပြောပါတယ်။

"ဒါ့ပြင် မြန်မာနိုင်ငံမှာ 3G၊ ဒါမှမဟုတ် 4G LTE မိုဘိုင်းကွန်ရက်တွေကို အထောက်အပံ့ပေးနိုင်မဲ့ ခေတ်မီနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံ မရှိတဲ့အတွက် မြန်မာနိုင်ငံကို စမတ်ဖုန်း ထိုးဖောက်ဝင်ရောက်နိုင်မှုနှုန်းထားဟာ နည်းပါတယ်" လို့ ချန်းက ပြောပါတယ်။

> **မြန်မာနိုင်ငံတွင်း ထိုးဖောက်ဝင်ရောက်နိုင်မှု နှုန်းထား မြန်မလား နှေးမလား ဆိုတာသိရဖို့…"**

မြန်မာနိုင်ငံရဲ့ ဂျီဒီပီဟာ ၁၉၉၉ ခုနှစ်နောက်ပိုင်းမှာ ၁၀ ရာခိုင်နှုန်းကျော် ရှိနေပေမဲ့ စားသုံးသူတွေရဲ့ ဝယ်နိုင်အားကို ဖော်ပြနိုင်တဲ့ နိုင်ငံရဲ့ လူတစ်ဦးချင်းတစ်နှစ်ဝင်ငွေဟာ ဒေါ်လာ ၁,၃၀၀ အောက်မှာပဲရှိပါတယ်။ ဒါကြောင့်မြန်မာနိုင်ငံသားတွေ အများစုအသုံးပြုတဲ့ မိုဘိုင်းဖုန်းတွေဟာ စျေးကြီးတဲ့ အဆင့်မြင့် နောက်ဆုံးပေါ် မော်ဒယ်တွေ ထက် စျေးသက်သာတဲ့ မော်ဒယ်အမျိုးအစားတွေပဲ ဖြစ်ကြပါတယ်။

အိပ်ချ်တီစီရဲ့ မြန်မာစျေးကွက်တွင်း ထိုးဖောက်ဝင်ရောက်ဖို့ကြိုးပမ်းတာဟာ အထောက်အကူဖြစ်ကောင်းဖြစ်နိုင်ပေမဲ့ စျေးကွက်ထဲ အဆင့်တစ်ခုမှာ အခိုင်အမာရပ်တည်နိုင်ဖို့နဲ့ သူ့ရဲ့ ကော်ပိုရေးရှင်းပုံရိပ် တိုးတက်ကောင်းမွန်လာစေဖို့အတွက်တော့ မဖြစ်နိုင်ပါဘူး လို့ ချန်းက ပြောပါတယ်။

"အခုအချိန်မှာ အိပ်ချ်တီစီ အာရုံစိုက်လုပ်ဆောင်သင့်တာကတော့ တရုတ်(တိုင်ပေ)နဲ့ဂျပန်နိုင်ငံက သူ့ရဲ့ အိပ်ချ်တီစီ မော်ဒယ်သစ် Butterfly ရဲ့ ရောင်းအားအရှိန်အဟုန်ကို ဆက်ထိန်းထားနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးစစျေးကွက်ထဲ ဝင်ရောက်ဖို့ ကြိုးစားတာထက် အိပ်ချ်တီစီအတွက် ပိုပြီးအကျိုးရှိတဲ့နည်းလမ်းကတော့ အရောင်းသွက်စေပြီး သူ့ရဲ့ ထုတ်ကုန်တွေ အလျင်အမြန်ရောင်းထွက်သွားစေနိုင်မဲ့ အဆင့်မြင့်စမတ်ဖုန်းတွေ ထုတ်လုပ်တာပဲ ဖြစ်ပါတယ်"လို့ သူကပြောပြပါတယ်။

အိပ်ချ်တီစီရဲ့စျေးသက်သာတဲ့စမတ်ဖုန်းအမျိုးအစားတွေ ဝယ်လိုအားမြင့်နိုင်တာကြောင့် ဒီနှစ်မှာ အိပ်ချ်တီစီရဲ့ ဖွံ့ဖြိုးစစျေးကွက်တွင်း တင်ပို့ရောင်းချမှုဟာ ၅၀ ရာခိုင်နှုန်းအထိ ရှိလာနိုင်တယ်လို့ Fubon Securities Co မှ စျေးကွက်သုတေသန ကျွမ်းကျင်သူ Jeff Pu က ခန့်မှန်းထားပါတယ်။

အိပ်ချ်တီစီထုတ်ကုန်တွေ တရုတ်နိုင်ငံကို တင်ပို့မှုဟာ ပြီးခဲ့တဲ့ နှစ်မှာ ၆ ဒသမ ၃ သန်းယူနစ်ရှိခဲ့ရာကနေ ဒီနှစ်မှာ ၉ ဒသမ ၁ သန်းအထိ တိုးလာနိုင်ပြီး တခြားဖွံ့ဖြိုးစ စျေးကွက်တွေကို တင်ပို့မှုဟာလည်း ပြီးခဲ့တဲ့နှစ်မှာ ၁၅ သန်းရှိ ရာကနေ ဒီနှစ်မှာ ၂၀ သန်းအထိ တိုး မြင့်တင်ပို့နိုင်ဖွယ်ရာရှိတယ်လို့ Pu က ဖုန်းနဲ့ ပြောကြားခဲ့ပါတယ်။

အိပ်ချ်တီစီဟာ သူ့ရဲ့ ဖုန်းမျိုးဆက်သစ် Butterfly မော်ဒယ်ကို ဒီလအကုန်ပိုင်းမှာ တစ်လုံး ယွမ် ၃,၀၀၀ (ကန် ၄၈၂ဒေါ်လာ) အောက်နဲ့ တရုတ်နိုင်ငံမှာ စတင်ရောင်းချပေးဖို့ ရှိပါတယ် လို့ သူကပြောပါတယ်။

အိပ်ချ်တီစီရဲ့ မြန်မာစျေးကွက်တွင်း ဝင်ရောက်ဖို့ကြိုးစားတာနဲ့ ပတ်သက်ပြီး Pu က ဒီကြိုးပမ်းမှုနဲ့ ပတ်သက်ပြီး ကျွန်တော် ခန့်မှန်းပြောကြားတာမျိုး မလုပ်သေးပါဘူး။

"မြန်မာနိုင်ငံရဲ့ စမတ်ဖုန်းစျေးကွက် ဒါမှမဟုတ် မြန်မာနိုင်ငံတွင်း ထိုးဖောက်ဝင်ရောက်နိုင်မှု နှုန်းထား မြန်မလား နှေးမလားဆိုတာ သိရဖို့ အချိန်လိုပါတယ်"လို့ သူက ပြောကြားခဲ့ပါတယ်။

(တိုင်ပေတိုင်းမ်စ်)

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

ဆမ်ဆောင်း Galaxy S ဖုန်း ရောင်းရမှု သန်း ၁၀၀ ပြည့်

ကိုရီးယားနိုင်ငံ၊ ဆမ်ဆောင်းကုမ္ပဏီမှ ဝန်ထမ်းများက Galaxy S **အမျိုးအစား မိုဘိုင်းဖုန်းများဖြင့် သန်း ၁၀၀ စကားလုံးကို ပုံဖော်ပြသနေကြစဉ်။ ၂၀၁၀ ပြည့်နှစ်က စတင်ရောင်းချခဲ့သည့်** Galaxy S **မိုဘိုင်းဖုန်းများ ကမ္ဘာတစ်ဝန်း ရောင်းချရမှုမှာ အလုံးရေ သန်း ၁၀၀ ပြည့်သွားပြီဖြစ်ကြောင်း ဆမ်ဆောင်းက ဇန်နဝါရီ လ ၁၄ ရက်နေ့က ကြေညာခဲ့သည်။ ထို့ကြောင့်ကမ္ဘာ့စျေးကွက်တွင် ဆမ်ဆောင်းသည် ၎င်း၏ပြိုင်ဘက်** Apple **ထက် အသာစီးရရှိနေသည့်အခြေအနေကို ထပ်မံခိုင်မြဲသွားစေသည်။** ဓာတ်ပုံ - အေအက်ဖ်ပီ

amt. mobile mart
retails & whole sales
AMT MOBILE MART
CDMA GSM WCDMA TDMA
Mobile phone Handset & Accessories
No.(A-7), Aung San Stadium, Upper Pansodan Road, Yangon.
Tel: 01-371923-4, Email : amtmobilemart@gmail.com

KMD mobile
htc quietly brilliant | lenovo | SAMSUNG | Sony Xperia | HUAWEI | NOKIA Connecting People | g-fone
Sales HotLine: 373026, 385077, 503511, 503522
Email : kmdsales-psd@kmdcomputer.com

ကွန်ပျူတာ နှင့် မိုဘိုင်းပစ္စည်းစျေးနှုန်း (၂၀၁၃ ခုနှစ် – ဇန်နဝါရီ – (၂၂) ရက်နေ့ပေါက်စျေး)

ကွန်ပျူတာ	စျေးနှုန်း
KMD Basic Model • Intel Dual Core G645(2.9GHz)	၂၂၉,၀၀၀ကျပ်
KMD Innovator Model • Intel Core i-3 3.3GHz (2120)	၂၆၁,၀၀၀ကျပ်
Lenovo H520(i3) • Intel Core i3, DVD-RW	၃၈၆,၀၀၀ကျပ်

နုတ်ဘုတ်(စ်)	
Toshiba Satellite C800 • Intel B960 (2.2GHz), 2GB, 500HD	၃၄၅,၀၀၀ကျပ်
Fujitsu LifeBook LH532V • Intel i5(2.5GHz), Graphic 2GB	၅၅၄,၀၀၀ကျပ်
Lenovo G480(B980)Graphic • Intel B980 (2.4GHz)	၄၂၀,၀၀၀ကျပ်

မိုဘိုင်း	
Lenovo A789(Dual SIM)	၁၁၉,၀၀၀ ကျပ်
Lenovo A60+	၇၄,၀၀၀ ကျပ်
Huawei U8825D	၁၁၀,၀၀၀ ကျပ်
hTC Desire C	၁၄၉,၀၀၀ ကျပ်
hTC Desire X	၂၄၆,၀၀၀ ကျပ်
Samsung Note II	၅၃၀,၀၀၀ ကျပ်
Samsung Galaxy Pocket	၈၃,၀၀၀ ကျပ်

Apple 1 Year Warranty (International)	
iPod 2GB Shuffle(New)	၄၉,၀၀၀ ကျပ်
iPod Touch 4G 32GB(New)	၂၅၅,၀၀၀ ကျပ်
iPhone 5 16GB(white)	၆၄၉,၀၀၀ ကျပ်
MacBook Pro(New) (13", Intel Core i7,8GB, 750GB HDD)	၁,၂၉၀,၀၀၀ ကျပ်

အမေရိကန် အင်တာနက်အရေးလှုပ်ရှားသူ အဆုံးစီရင်ခဲ့ပြီးနောက် ကွန်ပျူတာပြစ်မှုဥပဒေကို အုတ်အော်သောင်းတင်း ဝေဖန်လာကြ

သူ့ရဲ့အပြစ်ကို သူကွယ်လွန်သွားပြီးနောက်ပိုင်းမှာ ခွင့်လွှတ်ပေးဖို့ တောင်းဆိုထားတဲ့ အသနားခံလွှာမှာတော့ လူပေါင်း ၂၁,၀၀၀ က လက်မှတ်ထိုးပေးထားကြ

အင်တာနက်အရေး တက်ကြွစွာလှုပ်ရှားသူတစ်ဦးဖြစ်တဲ့ ကွယ်လွန်သူ Aaron Swartz အတွက် ဝတ်ပြုဆုတောင်းပွဲတွေ ကျင်းပပေးနေကြချိန်မှာ စိတ်ခါတ်ပြင်းထန်လွန်းတဲ့ အစိုးရရှေ့နေတွေ အသုံးပြုလေ့ရှိရာ 'အရမ်းပြင်းထန်လွန်း'တဲ့ ဥပဒေလို့ပြောကြတဲ့ အမေရိကန် ကွန်ပျူတာပြစ်မှုဥပဒေနဲ့ ပတ်သက်ပြီးတော့ ဝေဖန်ဆွေးနွေးမှုတွေလည်း အများအပြားပေါ်ထွက်လာပါတယ်။

သူ့အမှုအတွက် လိုက်ပေးနေတဲ့ အစိုးရရှေ့နေကို ပြောင်းပေးဖို့ တောင်းဆိုထားတဲ့ အွန်လိုင်းအသနားခံလွှာ တစ်စောင်မှာ ထောက်ခံလက်မှတ်ထိုးပေးထားသူအရေအတွက်ဟာ အင်္ဂါနေ့မှာ ၃၁,၀၀၀ ရှိနေပြီး Swartz သူ့ကိုယ်သူ သတ်သေသွားရတာဟာ ၁၉၈၆ ခုနှစ် ကွန်ပျူတာပြစ်မှုဥပဒေကြောင့်ဖြစ်တယ်လို့ သူ့ကို ထောက်ခံသူတချို့က အပြစ်တင်ထားကြပါတယ်။

သတင်းအချက်အလက်တွေကို အွန်လိုင်းမှာတင်တဲ့အခါ နောက်ဆုံးရအချက်အလက်တွေကို မကြာခဏ ပြောင်းတင်ဖို့အတွက် အခုအချိန်မှာ အသုံးပြုနေကြပြီဖြစ်တဲ့ RSS feeds ကို ၁၄ နှစ်သားမှာ ပူးတွဲတည်ထောင်ခဲ့သူ၊ Reddit လူမှုရေးဝက်ဘ်ဆိုက်စတင်ရာမှာ အကူအညီပေးခဲ့ဖူးသူ Swartz ဟာ နယူးယော့ခ်က သူ့ရဲ့တိုက်ခန်းမှာ သောကြာနေ့က ကြိုးဆွဲချပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့ပါတယ်။

ကွယ်လွန်သွားချိန်မှာ အသက် ၂၆ နှစ်ပဲရှိသေးတဲ့ Swartz ဟာ စိတ်ကျဝေဒနာ အပြင်းအထန်ခံစားခဲ့ရတယ်လို့ ပြောကြပါတယ်။

မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်ရဲ့ ကွန်ပျူတာခန်းထဲခိုးဝင်ပြီး ကွန်ပျူတာကွန်ရက်ချိတ်ဆက်ကာ JSTOR က ဝန်ဆောင်မှုပေးထားတဲ့ ပညာရပ်ဆိုင်ရာ ဂျာနယ်ဆောင်းပါးတွေကို ခိုးကူးခဲ့တယ်လို့ စွပ်စွဲပြီး သူ့ကို ဧပြီလထဲမှာ ရုံးတင်စစ်ဆေးခဲ့ပါတယ်။

သူ့ကို စွပ်စွဲထားတဲ့ ထောင်ဒဏ်အများဆုံး ၃၅ နှစ်နဲ့ ဒဏ်ငွေဒေါ်လာ တစ်သန်းကျခံရနိုင်တဲ့ ကွန်ပျူတာလိမ်လည်မှု၊ နည်းပညာသုံးလိမ်လည်ငွေရှာမှုနဲ့ တခြားပြစ်မှုတွေနဲ့ပတ်သက်ပြီး မကျူးလွန်ခဲ့ကြောင်း သူက တရားရုံးမှာ လျှောက်လဲခဲ့ပါတယ်။ ဒီစွဲချက်တွေကို သူကွယ်လွန်သွားပြီးတဲ့ နောက်မှာ ပလပ်လိုက်ပါပြီ။

"Swartz ကျခံရနိုင်တဲ့ ပြစ်ဒဏ်ဟာ လူသတ်သမားတွေ၊ လူကုန်ကူးသူတွေနဲ့ ဘဏ်ဓားပြတွေ ကျခံရနိုင်တဲ့ ပြစ်ဒဏ်ထက် ပိုများနေပါတယ်" လို့ American Progress Action Fund(အမေရိကန်တိုးတက်ရေးလှုပ်ရှားမှု ရန်ပုံငွေဌာန)မှ Ian Millhiser က ပြောပါတယ်။

"Swartzရဲ့ လုပ်ရပ်နဲ့ ပတ်သက်ပြီး တရားမဝင်တဲ့လုပ်ရပ် ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါမှမဟုတ် တရားမဝင်တဲ့ လုပ်ရပ်ဖြစ်တယ်လို့ ဘယ်သူတွေက ဘယ်လိုထင်ထင် အစ်ကိုရင်းကို ဒေါသနဲ့ သတ်မိကြသူတွေထက် ပိုပြီး ကြောက်စရာကောင်းတဲ့ ရာဇဝတ်သားတစ်ယောက်လို့ သူ့ကိုယူဆတာကတော့ မသင့်လျော်ပါဘူး"လို့ သူကပြောပါတယ်။

Electronic Frontier Foundation က Marcia Hofmann ကတော့ Swartz ကို ဂုဏ်ပြုတဲ့အနေနဲ့ အကောင်းဆုံး လုပ်သင့်တာကတော့ ပြင်းထန်လွန်းတဲ့ ကွန်ပျူတာဥပဒေကို ပြင်ဖို့ပဲ ဖြစ်တယ်လို့ ပြောပါတယ်။

"မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်ရဲ့ကွန်ရက်ကို ချိတ်ဆက်ပြီး ကျောင်းက သုတေသနဆောင်းပါးတွေကို ဒေါင်းလုပ်ဆွဲခဲ့တာနဲ့ ပတ်သက်ပြီး သူ့ကို အစိုးရက ဒီလောက်အထိ အရေးယူစေချင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဥပဒေပါတချို့အချက်တွေဟာ ပြင်းထန်လွန်းတဲ့အတွက် သူ့ကို ပြင်းပြင်းထန်ထန် အပြစ်ပေးရတဲ့ အခြေအနေမျိုး ရောက်သွားစေပါတယ်"လို့ Hofmann က ရေးထားပါတယ်။

"ဒါပေမဲ့ Swartz ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်တဲ့ဖြစ်ရပ်ဟာ ကွန်ပျူတာလိမ်လည်မှုနဲ့ အလွဲသုံးစားပြုမှု ဥပဒေရဲ့ အားနည်းချက်တွေကို ပေါ်လွင်သွားစေပါတယ်။ဒီဥပဒေပါ စကားရပ်တွေဟာ မရှင်းလင်းသလို ပြစ်ဒဏ်ကလည်း ပြင်းထန်တဲ့အတွက် ကြွတက်လွန်းနေတဲ့ အစိုးရရှေ့နေတွေ၊ သူတို့ မနှစ်သက်တဲ့ သူတွေကို ပြင်းပြင်းထန်ထန် အပြစ်ပေးနိုင်စေတဲ့ ထိရောက်တဲ့ လက်နက်တစ်ခုလို ဖြစ်သွားစေပါတယ်"

emptywheel လို့ခေါ်တဲ့ ဘလော့ကို ရေးခဲ့တဲ့ Marcy Wheeler ကတော့ တရားစီရင်ရေးဌာနဟာ အမေရိကန် စီးပွားရေးလုပ်ငန်းက လူကြီးမင်းမဟုတ်တဲ့သူတွေအတွက်တော့ မညှာမတာ စွဲချက်တင်တတ်တဲ့အဖွဲ့ပဲလို့ အပြစ်တင်ထားပါတယ်။

ကွယ်လွန်သွားပြီဖြစ်တဲ့ Aaron Swartz။

အမေရိကန်သမ္မတရုံးဆီ တင်သွင်းထားတဲ့ နောက်ထပ်အသနားခံလွှာ တစ်စောင်မှာလည်း ၁၉၈၆ ကွန်ပျူတာ ဥပဒေကို ပြင်ဆင်ပေးဖို့ တောင်းဆိုထားပြီး ထောက်ခံသူ ၂၃,၀၀၀ က ဒီအသနားခံစာကို လက်မှတ်ထိုးပေးထားကြပါတယ်။

တတိယ အသနားခံစာမှာတော့ Swartz ရဲ့ အပြစ်ကို သူကွယ်လွန်သွားပြီးနောက်ပိုင်းမှာခွင့်လွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။ ဒီအသနားခံလွှာမှာတော့ လူပေါင်း ၂၁,၀၀၀ က လက်မှတ်ထိုးပေးထားကြသလို စွဲချက်တွေနဲ့ ပတ်သက်ပြီး အမျိုးမျိုးဝေဖန်ပြောဆိုထားကြပါတယ်။

ဘရွတ်ကလင်းကောလိပ်က နိုင်ငံရေးသိပ္ပံပညာရှင် ရော်ဘင်ကော်ရေးက "Swartz ရဲ့ အပြစ်ကို ခွင့်လွှတ်ပေးလိုက်ခြင်းဟာ အစိုးရဟာ အစိုးရကိုယ်တိုင်ကို ခွင့်လွှတ်ပေးအောင် လုပ်ရာလည်းရောက်ပါတယ်" လို့ ပြောပါတယ်။

ဟားဘတ်ဥပဒေကျောင်းမှာ ဧည့်ပညာသင်အဖြစ်ရောက်နေတဲ့ မိုက်ခရိုဆော့ဖ်သုတေသီတစ်ဦးဖြစ်တဲ့ Danah Boyd ကတော့ အစိုးရရဲ့ လုပ်ပုံကိုင်ပုံကို ဒေါသဖြစ်မိတယ်လို့ ပြောပါတယ်။

"ပြည်ထောင်စုအစိုးရက သူ့အမှုကို စုံစမ်းစစ်ဆေးရာမှာ သူဟာ မိုက်မဲတဲ့ လုပ်ရပ်မျိုး လုပ်ခဲ့တယ်၊ မလုပ်ခဲ့ဘူးဆိုတာမျိုးတွေ မသတ်မှတ်သင့်ပါဘူး။ဒီဖြစ်ရပ်က သူတို့အတွက် သင်ခန်းစာတစ်ခုပဲရှင့်" လို့ သူ့ရဲ့ဘလော့မှာ ရေးထားပါတယ်။

> ဟက်ကာတွေကို ဒီမိုကရေစီ ဆန့်ကျင်ရေးသမားတွေအဖြစ် ကျွန်မတို့မြင်ခဲ့ကြပါတယ်။ သူတို့ကတော့ သူတို့ကိုသူတို့ ခေတ်ပေါ် လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေအဖြစ် သတ်မှတ်ကြ . . . ”

"ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ ကွန်ပျူတာအချက်အလက် ခိုးယူသူ ဟက်ကာတွေကို ဒီမိုကရေစီ ဆန့်ကျင်ရေး သမားတွေအဖြစ် ကျွန်မတို့ မြင်ခဲ့ကြပါတယ်။ သူတို့ကတော့ သူတို့ကိုသူတို့ ခေတ်ပေါ် လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေအဖြစ်သတ်မှတ်ကြပါတယ်"

Swartz ရဲ့ နာရေးအခမ်းအနားကို ရှီကာဂိုမြို့မှာ အင်္ဂါနေ့က ကျင်းပခဲ့ပြီးတဲ့နောက် Swartz အထိမ်းအမှတ်ဝက်ဘ်ဆိုက်မှာ သူ့မိသားစုဝင်တွေနဲ့ အပေါင်းအသင်းတွေက "Swartz ကွယ်လွန်သွားတဲ့ ဖြစ်ရပ်ကတော့ သာမန်အဖြစ်ဆိုးတစ်ခုမဟုတ်ပါဘူး။ ခြိမ်းခြောက်မှုတွေနဲ့ အလွန်အကျွံတရားစွဲဆိုမှုတွေ တင်းကြမ်းပြည့်နှက်နေတဲ့၊ တရားမဲ့တဲ့ တရားစီရင်မှုစနစ်ရဲ့ သားကောင် ဖြစ်ခဲ့ရတာပါ" လို့ ရေးထားကြပါတယ်။

Swartz ရဲ့ပြစ်မှုကို ထောင်ဒဏ် ၃၅ နှစ် ကျခံရနိုင်တဲ့အဖြစ်ကနေ ထောင်ခြောက်လလောက်ပဲ ကျခံစေရမဲ့ ပြစ်မှုအဖြစ် လျှော့ချပေးနိုင်မဲ့ လျှောက်လဲချက်ကို ထွက်ဆိုဖို့ ညှိနှိုင်းခဲ့တာကို မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်က လက်မခံခဲ့ဘူးလို့ တချို့က ပြောပါတယ်။

မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်ရဲ့ ဥက္ကဌ Rafael Rief က JSTOR အမှုမှာ သူတို့ဌာနရဲ့ ပါဝင်မှုကို "အသေးစိတ် စိစစ်ရာမှာ ပါမောက္ခ Hal Abelson က ဦးဆောင်ပေးဖို့ တောင်းဆို ထားပါတယ်"လို့ ပြောပါတယ်။

ဒါပေမဲ့ အစိုးရဟာ သူတို့လုပ်ပိုင်ခွင့်ဘောင်ထက်ကျော်ပြီး လုပ်တာမျိုး မရှိခဲ့ဘူးလို့ ဥပဒေကြောင်း ကျွမ်းကျင်သူတချို့က ပြောပါတယ်။

ကွန်ပျူတာပြစ်မှုဥပဒေကို အထူးလေ့လာနေတဲ့ ဂျော့ဝါရှင်တန်ဥပဒေကျောင်းက ပါမောက္ခ Orin Kerr က Swartz ကို စွဲထားတဲ့ စွဲချက်တွေဟာ "ဥပဒေပါ အချက်တွေကို အခြေခံထားတာဖြစ်ပြီး အလွန်အကျွံ စွဲချက်တင်ထားတာမျိုး မရှိဘူး"လို့ ပြောပါတယ်။

"သူ့ကို စွဲထားတဲ့စွဲချက်အားလုံးဟာ ချမှတ်ခဲ့ပြီးတဲ့ စီရင်ချက်တွေကို အခြေခံပြဋ္ဌာန်းထားတဲ့ ဥပဒေကို အခြေခံပြီး တရားစွဲထားတာပါ။ ပြီးတော့ အစိုးရရှေ့နေအားလုံး ဒီလိုပဲ စွဲချက်တင်ကြမှာပါပဲ"လို့ သူ့ရဲ့ ဘလော့စာမျက်နှာမှာ ရေးထားပါတယ်။

ဒါပေမဲ့ မန်ဟက်တန်တက္ကသိုလ်ရဲ့ ဥပဒေရေးရာ မူဝါဒဌာနက လက်ထောက်ဌာနမှူး တက်ဒ်ဖရန့်က Kerr ရဲ့ သုံးသပ်ချက်တွေဟာ မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်နည်းရဲ့ 'ဟက်ကာအပေါ်ထားတဲ့ အမြင်'ကို လျစ်လျူရှုထားတယ်လို့ ပြောပါတယ်။

"ကွန်ပျူတာအတတ်ပညာဟာ အပြင်ပန်းရုပ်ဝတ္ထုနဲ့ ယှဉ်လိုက်ရင် ပရိယာယ်များတယ်လို့ ထင်ရနိုင်ပါတယ်"လို့ ဖရန့်က ပြောပါတယ်။

(အေအက်ဖ်ပီ)

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

SINGAPORE
THE BUSINESS TIMES THE STRAITS TIMES
INTERNATIONAL PUBLICATIONS
SUBSCRIBE NOW!!
RVi CENTRE YANGON READ TEAM
CALL : 01-541 886, 551 697, 09-731 84450
E-mail : rvcentre.read@gmail.com

လေဟုန်စီး စွန့်စားခဲ့ကြသည့် မြန်မာ့လေထီးစစ်သမီးများ

သီဟတိုး

ကိုယ်ပိုင်ဆန္ဒနဲ့ ယုံကြည်ချက်တွေကြောင့် ပြင်းပြင်းထန်ထန် အားကြိုးမာန်တက် လေ့ကျင့်မှုတွေပြုလုပ်ခဲ့ပြီး စိတ်ရော ကိုယ်ပါ ကြံ့ခိုင်ခဲ့တဲ့ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး စွန့်စွန့်စားစား လေဟုန်စီးပြီး လေထီးခုန်ခဲ့ကြတဲ့ လွန်ခဲ့တဲ့ ၁၉ နှစ်ကျော်က သမိုင်းကြောင်းဟာ မြန်မာလူမျိုးတွေအတွက် မြန်မာ့ပထမဦးဆုံး ‘လေဟုန်စီးတဲ့ မြန်မာ့လေထီးစစ်သမီး’ တွေအဖြစ် ဂုဏ်ယူဖွယ် သမိုင်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။

မြန်မာ့ လေထီးစစ်သမီးတွေရဲ့ လေဟုန်စီးခဲ့ကြတဲ့ အတိတ်ကာလ သမိုင်းရက်စွဲနေ့ရက်တွေဟာ လွန်ခဲ့တဲ့ ၁၉ နှစ်၊ ခုနှစ်သက္ကရာဇ်အားဖြင့် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့၊ မှော်ဘီမြို့ ပူးပေါင်းစစ်ဆင်ရေးနဲ့ လေထီး သင်တန်းကျောင်းမှာ ဖွင့်လှစ်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော အမျိုးသမီး အထူး လေထီးသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကနေ စတင်ခဲ့ပါတယ်။

‘မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်’ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ထူးထူးခြားခြား အမျိုးသမီး လေထီး သူရဲကောင်းတွေကို လေဟုန်စီးပြီး လေထီးခုန်စေကာ မီးရှူးတိုင်သယ်ယူထွန်းညှိတဲ့အစီအစဉ်နဲ့ အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပလိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီလေထီးသင်တန်းကို ဖွင့်ခဲ့တာဖြစ်ပါတယ်။

သင်တန်းကို တပ်မတော်မှ ခြောက်ဦး၊ ပြည်သူ့ရဲတပ်ဖွဲ့မှ ခြောက်ဦး၊ လဝကမှ သုံးဦး၊ ရုပ်ရှင်နှင့်ဂီတအစည်းအရုံးမှ လေးဦး၊ အဆင့်မြင့်ပညာရေးဦးစီးဌာနမှ သုံးဦး၊ အာကစားနှင့် ကာယသိပ္ပံမှ လေးဦး၊ သူနာပြုတက္ကသိုလ်မှ သုံးဦး၊ မီးသတ်ဌာနမှ သုံးဦး စတဲ့ အလွှာပေါင်းစုံက အမျိုးသမီး စုစုပေါင်း ၃၄ ဦးဟာ မိမိတို့ ကိုယ်ပိုင်ဆန္ဒ၊ ကိုယ်ပိုင်ယုံကြည်ချက်တို့နဲ့ တက်ရောက်ခဲ့ကြပါတယ်။ သင်တန်း တက်ရောက်ခဲ့တဲ့ အမျိုးသမီးတွေထဲမှာ အပျိုတွေသာမက အိမ်ထောင်သည် အမျိုးသမီးတွေလည်း ပါဝင်ပါတယ်။

သင်တန်းကာလ ခြောက်ပတ်တာကို မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့နဲ့ အားကြိုးမာန်တက် တက်ရောက်ခဲ့ကြတဲ့ သင်တန်းသူတွေဟာ မြေပြင်လေ့ကျင့်ခန်းကို ရက်သတ္တ ငါးပတ်၊ လေထီးမခုန်မီ စင်မြင့်မှ အမြင့်ပေ နှစ်ပေ၊ လေးပေကနေ စလို့ မဆုတ်မနစ် ဇွဲရှိရှိနဲ့ အပင်ပန်းခံ လေ့ကျင့်ခဲ့ကြရပါတယ်။ သင်တန်းသူတွေအတွက် ထူးခြားချက်ကတော့ သင်တန်းသူ ၃၄ ဦးစလုံး ကြောက်စိတ် အဝင်ဆုံးဖြစ်တဲ့ ၃၄ ပေ အမြင့်ကိုငါးကြိမ် ခုန်နိုင်မှသာ လေယာဉ်ပေါ်ကို တက်ရောက်ခုန်နိုင်ခွင့်ရရှိခဲ့တာပဲ။ ဖြစ်ပါတယ်။ ၃၄ ယောက်စလုံး အခက်အခဲတွေ ‘ပူးပေါင်းကြံစည် အောင်ရမည်’ ဆိုတဲ့အတိုင်း တက်ကြွမှု၊ ပူးပေါင်းကူညီဆောင်ရွက်မှုတို့ကြောင့် ခန့်မှန်းထားတာထက် ပိုအောင်မြင်ခဲ့ကြပါတယ်။

“ဒီ အမျိုးသမီးလေထီးသင်တန်းကို ဖွင့်ခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ အခြေခံအားဖြင့်တော့ အားကစားပါပဲ။ အားကစားနဲ့နွှယ်ပြီးတော့မှ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင်ပါ။ လေထီးခုန်လေ့ကျင့်တဲ့အခါ ရဲရဲတင်းတင်း ခုန်ရတယ်ဆိုတော့ လူငယ်လူရွယ်တွေ အထူးသဖြင့် ယောက်ျားလေးတွေပေါ့။ ‘မိန်းကလေးတွေတောင် လေထီးခုန်တာ ငါတို့လည်း ခုန်ရမှာပေါ့’ ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရအောင် ဆောင်ရွက်ပေးခဲ့တာပါ”လို့ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်က သင်တန်း စီစဉ်ဖြစ်ပုံနဲ့ပတ်သက်ပြီး ပြောပါတယ်။

နိုင်ငံတကာမှာ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး အမျိုးသမီးတွေပါ လေထီးခုန် အားကစားပြိုင်ပွဲတွေမှာ ပါဝင်ကြပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီလို ရဲရင့်တက်ကြွပြီး အမျိုးသားတွေနဲ့ ရင်ပေါင်တန်းနိုင်မယ့် မြန်မာ့လေထီး သူရဲကောင်း အမျိုးသမီးတွေ ပေါ်ထွက်လာစေလိုတဲ့ဆန္ဒကြောင့် ဒီလေထီး သင်တန်းကို ပထမဦးဆုံးဖွင့်လှစ်ပေးခဲ့တာလို့ ဦးခင်ညွန့်က ပြောပါတယ်။

“တို့မြန်မာနိုင်ငံမှာဆိုရင် မိန်းကလေးတွေက အားနည်းတယ်။ ယောက်ျားလေးတွေက ပိုပြီးတော့ အားသာတယ်၊ အားကောင်းတယ်ဆိုတဲ့ အနေအထားတွေရှိတယ်။ ဒီနေရာမှာတော့ အဘက မိန်းကလေးတွေလည်း ယောက်ျားလေးတွေလိုမျိုး တန်းတူလုပ်နိုင်တယ်ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာပေါ့ကွယ်။ အဲဒါကို အဘကခံယူပြီးတော့ ဒီသင်တန်းကို ဖွင့်လှစ်ခဲ့တယ်။ ဒီလိုဖွင့်လှစ်လိုက်တော့ မိန်းကလေးတွေက ခန့်မှန်းတာထက်ကို ပိုပြီးတော့ သတ္တိရှိတယ်။ ရဲစိတ်ရဲမာန် ရှိတယ်။

“အဲဒါကြည့်ပြီးတော့ အဘက ယောက်ျားလေးတွေမှာ တချို့က အရမ်းတော်၊ အရမ်းကြိုးစားတဲ့သူတွေ ရှိသလို တချို့ကျပြန်တော့ ဘာမှအရာမရောက်ဘဲ လမ်းဘေးထိုင်ပြီး ဘာမှအလုပ်မလုပ်တဲ့ ယောက်ျားလေးတွေလည်းရှိတော့ သူတို့တွေက ‘ဟာ မိန်းကလေးတွေတောင်မှ ခုန်နိုင်သေးတာပဲ၊ ငါတို့လည်း ဒီလိုခုန်နိုင်တာပဲ’ ဆိုတဲ့ ရဲစိတ်ရဲမာန်ပေါ့ကွာ။ သတ္တိရှိတဲ့စိတ်တွေ ပေါ်ထွန်းလာအောင်လို့ လုပ်ပေးလိုက်တာ။ ဒါက အားကစားမှာတင် မဟုတ်ပါဘူး။ နိုင်ငံတော်အတွက်ကို ဘက်စုံကနေ အထောက်အကူပြုတယ်။ လုံခြုံရေးကော၊ ကာကွယ်ရေးကော၊ စိတ်ပိုင်းဆိုင်ရာကော အဘက်ဘက်ကနေ အထောက်အကူဖြစ်တယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးအတွက်လည်း အထောက်အကူဖြစ်တယ်”လို့ သူကပြောပါတယ်။

အမျိုးသမီး အထူးလေထီးသင်တန်း အမှတ်စဉ်(၁)တွင် လေ့ကျင့်နေကြသည့် အမျိုးသမီးများ။

ယနေ့ခေတ် နိုင်ငံတကာမှာ ဒီလို အမျိုးသမီးလေထီးခုန် အားကစားနည်းတွေကို တွင်တွင်ကျယ်ကျယ် ပြုလုပ်လာကြပြီး အာဆီယံနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင် အစရှိတဲ့ နိုင်ငံတွေမှာလည်း ပြုလုပ်ကြပါတယ်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာလည်း ဒီလိုမျိုးရှိသင့်ပါတယ်လို့ ဦးခင်ညွန့်က ဆိုပါတယ်။

လေထီးသင်တန်း တက်ရောက်စဉ်က လေထီးသင်တန်းသူ ဖြစ်ခဲ့ဖူးတဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှာ လက်ထောက်ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေါ်မြတ်သန္တာစိုးက “အစ်မက လေယာဉ်နဲ့ပတ်သက်ပြီးတော့ ဝါသနာပါတယ်။ အရင်ကတည်းက လေယာဉ်မယ်ဆိုရင်လည်း ဝင်လျှောက်တယ်။ လေယာဉ်နဲ့ပတ်သက်ပြီး ဝါသနာပါတော့ ရုံးမှာက လေထီးခုန်မယ်ဆိုပြီး ခေါ်တယ်။ ခေါ်တဲ့အခါကျတော့ ဝင်လျှောက်တယ်။ အဲဒီတုန်းက အဆင့်ဆင့်ရွေးခေါ်တယ်။ အစ်မတို့တုန်းက ဝန်ကြီးဌာနတစ်ခုကနေ လေးယောက်ရွေးခေါ်တယ်။ အဆင့်ဆင့် ရွေးရင်းနဲ့ ပါသွားတာပါ။ ၁၉၉၃ မှာ အစ်မတို့ အမျိုးသမီး အထူး လေထီးသင်တန်းအမှတ်စဉ်(၁)ကိုရက် ၃၀ တက်ခဲ့ရတယ်။ ၁၉၉၄ မှာ မွမ်းမံသင်တန်း သုံးလထပ်တက်ရတယ်”လို့ သူ့ရဲ့ လေထီးသင်တန်းတက်တုန်းက အတွေ့အကြုံတွေကို ပြောပါတယ်။

“အဲဒီတုန်းက ဆရာတွေသင်ပေးတဲ့အတိုင်း ကြိုးစားခဲ့ပါတယ်။ အစပိုင်း တစ်ပတ်လောက်ကတော့ မူးတာတို့မောတာတို့ ရှိတာပေါ့။ နောက်ပိုင်းကျတော့ လုပ်နိုင်သွားတာပေါ့နော်။ သင်တန်းကလည်း အစစအရာရာ ဂရုစိုက်တယ်။ အားဆေးတွေတိုက်တယ်။ တစ်ပတ်တစ်ခါ ကျန်းမာရေးစစ်ပေးတယ်။ သင်တန်းသူတွေ အကုန်လုံးကလည်း လူငယ်ပိုင်းတွေပဲဆိုတော့ အကုန်လုံး လုပ်နိုင်ကြပါတယ်။ ဒီနေ့ခေတ်မှာ ဒီလို သင်တန်းမျိုးတွေရှိရင်တော့ ကောင်းတာပေါ့”လို့ သူကဆိုပါတယ်။

“မြန်မာပြည်မှာ အမျိုးသမီး လေထီးစပြီး ခုန်မယ်ဆိုကတည်းက အမှတ်တရပဲ။ ဒီအမျိုးသမီးတွေ အင်မတန် တော်ပါတယ်။ သူတို့ကို သင်စဉ်အခါက ကိုယ့်သားသမီးတွေလိုပါပဲ။ သူတို့ကို ပညာလည်း သင်ပေးခဲ့တယ်။ အုပ်လည်း အုပ်ချုပ်ပေးခဲ့တယ်။ သူတို့ကို လိုလေသေးမရှိအောင် မိဘသဖွယ် စောင့်ရှောက်ပေးခဲ့တယ်။ သင်ယူတဲ့အခါမှာလည်း သူတို့က နားလည်လွယ်တယ်၊ ပြောတာဆိုတာ နားထောင်တဲ့အတွက် အခက်အခဲလည်း မရှိခဲ့ပါဘူး။ အလွှာပေါင်းစုံက အမျိုးသမီးတွေ တစ်ခါမှ မကြုံဖူးတဲ့ အမျိုးသမီးလောကကို ကဏ္ဍဖွင့်လိုက်တာပဲ။ ထပ်ပြီးလည်း ဒီလို အမျိုးသမီး လေထီးသင်တန်းတွေ ဖွင့်စေချင်ပါတယ်”လို့ အဆိုပါ လေထီးသင်တန်းကျောင်းမှာ နည်းပြအဖြစ် နှစ် ၂၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့တဲ့ နည်းပြ၊ အရာခံဗိုလ်ဘမော်က ပြောပါတယ်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ကိုယ်စားပြုအနေနဲ့ တက်ရောက်ခဲ့တဲ့ သင်တန်းသူ ဒေါ်အေးနန္ဒာကလည်း “အဲဒီတုန်းက ရုပ်ရှင်အစည်းအရုံးကနေ အက်ရှင်တွေ၊ အားကစားတွေ ရတဲ့သူကို ခေါ်တယ်။ အစ်မက အဲတုန်းက အားကစား ဖိုက်တင် အက်ရှင်ကားတွေ ရိုက်ပါတယ်။ ရိုက်တော့ အဲဒီမှာ ရုပ်ရှင်အစည်းအရုံးကလည်း ခေါ်တာနဲ့ အစ်မက အစ်မဆန္ဒနဲ့ ဝင်လိုက်တယ်။ အစ်မ လေထီးခုန်တုန်းကဆို ပျော်လည်းပျော်တယ်။ ရင်တွေလည်း အရမ်းခုန်တယ်။ ဒီခေတ်မှာလည်း အဲလိုသင်တန်းမျိုးတွေ ရှိစေချင်ပါတယ်။ ဒီထက်မကလည်း ရှိသင့်ပါတယ်။ ဒီလိုလေထီးခုန်ဖို့ဆိုတာ အမျိုးသမီးတစ်ယောက်အနေနဲ့ အဓိကကတော့ စိတ်ဓာတ်ပေါ့နော်။ ပြီးတော့ ကြံ့ခိုင်မှု၊ လူတစ်ယောက်က ကြံ့ခိုင်မှု အင်အားမရှိဘူးဆိုရင် အားကစားပွဲကို ကစားနိုင်မှာ မဟုတ်ဘူးပေါ့နော်”လို့ သူလေထီးခုန်ခဲ့ရစဉ်က ခံစားချက်တွေနဲ့ ဒီလိုလေထီးသင်တန်းတွေ ထပ်ဖွင့်စေချင်တဲ့ သူ့ဆန္ဒတွေကို ပြောပါတယ်။

အမျိုးသမီး လေထီးစစ်သမီးတွေ အနေနဲ့ ဒုတိယအကြိမ် အားကစားပွဲတော်မှာ ခုနစ်ကြိမ်၊ တတိယအကြိမ် အားကစားပွဲတော်မှာ သုံးကြိမ်နဲ့ စုစုပေါင်း ၁၀ ကြိမ် ခုန်ခဲ့ရပါတယ်။ ■

SAVE CASH
TAKE OUR SPECIAL OFFER
SUBSCRIBE TODAY
FOR FREE DELIVERY
Subscribe to any of our four publications and have them delivered free to your home or office.
www.mmtimes.com

Subscription	Issues	MYANMARTIMES	မြန်မာတိုင်း(မ်)	CRIME WHEELS	NOW!
☐ 3 Months	☐ 13 Issues	☐ 14,000 Kyats	☐ 8775 Kyats	☐ 4680 Kyats	☐ 5850 Kyats
☐ 6 Months	☐ 26 Issues	☐ 27,300 Kyats	☐ 17,100 Kyats	☐ 8840 Kyats	☐ 11,050 Kyats
☐ 1 Year	☐ 52 Issues	☐ 53,000 Kyats	☐ 33,150 Kyats	☐ 16,640 Kyats	☐ 20,800 Kyats

Name ....
NRC Number ....
Address ....
Township ....
Division ....
Telephone ....
Fax ....
E-mail ....

ငွေပေးသွင်းသည့်အခါ (စတင်သည့် ဂျာနယ်အမှတ်၊ ရက်စွဲ)၊ (ကုန်ဆုံးသည့် ဂျာနယ်အမှတ်၊ ရက်စွဲ) တို့ ပါရှိသည့် ငွေရပြေစာ (Cash Receipt) ပန်းရောင်ကို စစ်ဆေးရယူကြပါရန် မေတ္တာရပ်ခံပါသည်။
ပန်းရောင် ငွေရပြေစာများကိုသာ မြန်မာတိုင်း(မ်)က တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

Yangon
No.379/383, Bo Aung Kyaw St, Kyauktada Township, Yangon. Tel: (951)392 928, 253 642
•Fax: (951)254 158 •E-mail: circulation@myanmartimes.com.mm, subscribe.mt@gmail.com
Mandalay
No.180, 74th St (Between 31st & 32nd St) Mandalay.
Tel: (02) 24450, 24460, 65391, 65392 •Fax: (02) 24460 •E-mail: mdycirculate@myanmartimes.com.mm
Capital
No.10/72, Bo Tauk Htein St, Yan Aung (1) Quarter, Pyinmana.
Tel: (067) 23064, 23065 •E-mail: capitalbureau@myanmar.com.mm

Four Publications (MTE,MTM,Crime,NOW)		
1 year	25% off	K111,150/-
6 months	22.5% off	K57,500/-
3 months	20% off	K29,700/-

Three Publications (MTM,Crime,NOW!)		
1 year	25% off	64,350/-
6 months	20% off	34,350/-
3 months	15% off	18,300/-

THE MYANMAR TIMES
မြန်မာတိုင်း
Business Times
■ နိုင်ငံတကာ ■ ပြည်တွင်း
သောကြာနေ့၊ ဇန်နဝါရီ ၂၅ – ၃၁၊ ၂၀၁၃

မြန်မာ့ရွှေနှင့် သတ္တု ကုန်ပစ္စည်းဈေးကွက် ဖွင့်လှစ်သွားမည်

စမ်းယုမင်းအောင်

ရန်ကုန်နှင့် မန္တလေးမြို့များတွင် ရွှေအရောင်းအဝယ်ဗဟိုဈေးကွက်မဖွင့်မီ ရွှေနှင့် အခြားသတ္တုများ ကုန်ပစ္စည်းဈေးကွက် Commodity Exchange Market ကို ဦးစွာဖွင့်နိုင်ရန် ကြိုးစားနေကြောင်း မြန်မာနိုင်ငံရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးခင်မောင်ဟန်က ပြောသည်။

"ပြည်တွင်းထွက်သတ္တုတွေ အားလုံးကို နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့အမီ ထုတ်လုပ်နိုင်ပြီး အာဆီယံနဲ့ နိုင်ငံတကာဈေးကွက်ဝင်အောင် လေ့ကျင့်ပေးဖို့အတွက် ကုန်ပစ္စည်းဈေးကွက်ကို ဖွင့်မှာပါ" ဟု ၎င်းက ပြောသည်။

ကုန်ပစ္စည်းဈေးကွက် အကောင်အထည်ပေါ်လာပါက နိုင်ငံတကာစံချိန်စံညွှန်းများကိုသိရှိနိုင်ပြီး ကုန်ပစ္စည်းထုတ်လုပ်မှုတွင်လည်း ကုန်ကြမ်းမှ ကုန်ချော၊ ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ကုန်ချောအဆင့်အတန်းအထိ ထုတ်လုပ်နိုင်သောစက်ရုံများ ပေါ်ပေါက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ပထမက ရွှေအရောင်းအဝယ်ဗဟိုဈေးကွက်ကိုဖွင့်မယ်ဆိုပေမယ့် အခုရွှေနဲ့အခြားသတ္တုတွေပါပါတဲ့ ရွှေနဲ့သတ္တုဗဟိုဈေးကွက်ကို ဖွင့်မယ်လို့ ကြားပါတယ်။ ဘယ်ဟာကို အရင်ဖွင့်ဖြစ်မယ်တော့မသိဘူး" ဟု မြန်မာနိုင်ငံရွှေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီမှ ဈေးကွက်ပိုင်းဆိုင်ရာအုပ်ချုပ်မှုဒါရိုက်တာ ဦးထုံရွှေပန်းထိမ်ဆိုင်ပိုင်ရှင် ဦးကျော်ဝင်းက ပြောသည်။

ရွှေအရောင်းအဝယ်ဗဟိုဈေးကွက်သည် ခိုင်မာသည့်ဈေးကွက်တွင် အရောင်းအဝယ်များကို စနစ်တကျပြုလုပ်နိုင်ပြီး ဘဏ်စနစ်များနှင့်ပါ ချိတ်ဆက်ထားမည့်ဈေးကွက် ဖြစ်သည်။

"ရွှေဈေးကွက်မှာရောင်းသူနဲ့ ဝယ်သူကို အာမခံပေးနိုင်တဲ့ အဖွဲ့အစည်းရှိလာရင် အရောင်းအဝယ်က ပိုမိုခိုင်မာလာပြီး လိမ်လည်မှုတွေလည်းမရှိနိုင်တော့ဘူး" ဟု ဦးကျော်ဝင်းက ပြောသည်။

ဈေးကွက်ကိုအကောင်အထည်ဖော်ရန်အတွက် နေရာအကျယ်အဝန်းနှင့် လုံခြုံမှုရှိရန်လိုပြီး နိုင်ငံတော်၏ပံ့ပိုးမှုလည်းလိုအပ်ကာ ဈေးကွက်ကျသည့်နေရာနှင့် ဘဏ်များကိုပါချိတ်ဆက်ရလွယ်ကူသည့်နေရာဖြစ်ရန်လိုပြီး နည်းပညာပိုင်းနှင့် နိုင်ငံတကာအတွေ့အကြုံများလည်း လိုအပ်ကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့က ၂၀၁၅ ခုနှစ်ရဲ့ Capital Market အမီဖွင့်ချင်တာပါ။ သတ္တုစင်တာကို အရင်ဖွင့်တာထက် ရွှေအရောင်းအဝယ်ဗဟိုဈေးကွက်ကို အရင်ဖွင့်တာက ပိုပြီးမြန်ဆန်နိုင်တယ်လို့ မြင်ပါတယ်။ သတ္တုကတော့ ပိုမိုကျယ်ပြန့်သွားတာပေါ့" ဟု မြန်မာနိုင်ငံရွှေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေအရောင်းအဝယ်ဗဟိုဈေးကွက် အကောင်အထည်ပေါ်လာလျှင် နိုင်ငံတကာဈေးကွက်တရားဝင်ပေါ်ပေါက်လာပြီး ရွှေလုပ်ပုံအဆင့်ဆင့်ကိုပါ အခြားနိုင်ငံများနည်းတူပြသကာ ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်းရွှေဈေးကွက်အတွက်များစွာအလားအလာကောင်းမွန်ကြောင်း မြန်မာနိုင်ငံရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီအဖွဲ့ဝင် အောင်သမာဓိရွှေဆိုင်ပိုင်ရှင် ဦးအောင်က ပြောသည်။

လက်ရှိတွင် ဇန်နဝါရီ ၂၁ ရက်နေ့က အခေါက်ရွှေတစ်ကျပ်သားမှာ ၇၆၉,၀၀၀ ကျပ်ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် 'ကန်'ဒေါ်လာ ၁,၆၆၂ မှ ၁,၆၈၈ ဒေါ်လာအကြား ရှိခဲ့သည်။

"သတ္တုစင်တာတွေ ဖွင့်ဖို့ကတော့ အချိန်အခါကို စောင့်ရဦးမှာပါ။ ပြည်ပနဲ့ကူးသန်းရောင်းဝယ်ရာမှာ ပို့ကုန်သွင်းကုန်ဆိုင်ရာဥပဒေတွေနဲ့ အခွန်ဆိုင်ရာဥပဒေတွေလည်းလိုအပ်သလို၊ အားလုံးညီညွတ်မှ ဈေးကွက်ကို အကောင်အထည်ဖော်နိုင်မှာပါ" ဟု မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌဦးခင်မောင်ဟန်က ပြောသည်။

ယခုလက်ရှိတွင် ရွှေနှင့် အခြားသတ္တုများအတွက် ကုန်ပစ္စည်းဈေးကွက်စင်တာများကို ဖွင့်လှစ်ရန် ရန်ကုန်နှင့် မန္တလေးမြို့များ တွင် ပြင်ဆင်လျက်ရှိပြီး အဆိုပါ စင်တာများဖွင့်လှစ်ရန်အတွက် Stock Exchange Taiwan Institute နှင့် ပြည်တွင်းရှိ ကုမ္ပဏီကြီးများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ■

မန္တလေးမြို့ရှိ ရွှေသန့်စင်ထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်ခုအား ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းက တွေ့ရစဉ်။ ဓာတ်ပုံ - ကောင်းထက်

ငွေကြေးဈေးကွက်

နိုင်ငံတကာ ငွေကြေးဈေးကွက်

= ၀. ၇၅၁၃	ယူရို
= ၀. ၆၃၁၅	ဗြိတိသျှပေါင်
= ၁. ၂၂၉၃	စင်ကာပူဒေါ်လာ
= ၆. ၂၂၄၁	တရုတ်ယွမ်
= ၃၀. ၀၄၇၅	ထိုင်းဘတ်
= ၃. ၀၄၄၅	မလေးရှားရင်းဂစ်

ပြည်တွင်း ငွေကြေးဈေးကွက်

သိမ်ဖြူငွေလဲကောင်တာဈေးနှုန်း

'ကန်'တစ်ဒေါ်လာ	= ကျပ် ၈၅၅-၈၆၂
FEC တစ်ယူနစ်	= ကျပ် ၈၅၅-၈၆၂

ပြင်ပပေါက်ဈေး

'ကန်'တစ်ဒေါ်လာ	= ကျပ် ၈၅၇-၈၅၈
FEC တစ်ယူနစ်	= ကျပ် ၈၅၅-၈၆၂
ပို့ကုန်ရတစ်ဒေါ်လာ	= ကျပ် ၈၆၀
ဗဟိုဘဏ်ဈေးနှုန်း	= ကျပ် ၈၅၈

(ဇန်နဝါရီ ၂၂ ရက်နေ့ ဈေးနှုန်းများ)

အထည်ချုပ်လုပ်ငန်းကဏ္ဍ၌ စက်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်မှုကို ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင်သာ ဦးစားပေးသွားမည်

မြတ်မေဇင်

မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အသစ်တိုးချဲ့ဖွင့်လှစ်မည့် အထည်ချုပ်စက်ရုံများကို လုပ်သားအင်အားအများဆုံးရရှိနိုင်သော ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်သာ ဖွင့်လှစ်သွားစေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးအောင်ဝင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

အထည်ချုပ်လုပ်ငန်းသည်မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ခြင်းကြောင့် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အထည်ချုပ်စက်ရုံများတိုးချဲ့တည်ဆောက်ရာတွင် လုပ်သားအင်အားအများစုရှိရာ ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တည်ဆောက်စေမည်ဖြစ်ပြီး လာမည့် ၂၀၁၅ ခုနှစ် မတိုင်မီ အထည်ချုပ်စက်ရုံပေါင်း ၇၀၀ ကျော်ထိ တိုးချဲ့သွားမည်ဖြစ်သည်ဟု ၎င်းက ပြောသည်။

"အထည်ချုပ်စက်ရုံအရေအတွက် ၉၀ ကနေ ၉၅ ရာခိုင်နှုန်းလောက်က ရန်ကုန်မှာ အခြေစိုက်တာပါ။ ဒါပေမဲ့ ရန်ကုန်က အထည်ချုပ်စက်ရုံတွေမှာ အလုပ်လုပ်နေတဲ့ လုပ်သားတွေက နယ်တွေကများပါတယ်။ ဒီတော့ လုပ်သားအင်အားရှိတဲ့ နေရာမှာ စက်ရုံတည်တာဟာ ပိုကောင်းပါတယ်။ ရန်ကုန်မှာဆို သူတို့ရဲ့ လုပ်ခလစာထဲကနေ ကုန်ကျမှု ပိုရှိနိုင်တယ်။ နယ်မှာဆိုတော့ မိသားစုနဲ့ အိုးမကွာ အိမ်မကွာ အလုပ်လုပ်နိုင်တာပေါ့"ဟု ဦးအောင်ဝင်းက ပြောသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ဘားအံမြို့တွင် ဖွင့်လှစ်ခဲ့သော UMH **အထည်ချုပ်စက်ရုံအသစ်ရှိ အထည်ချုပ်လုပ်သားများအား တွေ့ရစဉ်။** ဓာတ်ပုံ - မြတ်မေဇင်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ တရားဝင်စာရင်းများအရ ရန်ကုန်မြို့တွင် အထည်ချုပ်စက်ရုံပေါင်း ၂၈၀ ခန့်ရှိပြီး မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အထည်ချုပ်စက်ရုံ ၃၀၀ ကျော်နီးပါး ရှိသည်။

"ကျွန်တော်အနေနဲ့ လူပေါင်း တစ်သိန်းလောက်ကို အလုပ်ပေးနိုင်အောင် ကြိုးစားနေပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံသည် အရည်အသွေးအစစ်ဆေးဆုံးနိုင်ငံများဖြစ်သည့် ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံများသို့ချုပ်ထည်များ တင်ပို့နိုင်သဖြင့် မြန်မာနိုင်ငံ၏ အထည်ချုပ်အရည်သွေးမှာ အသိအမှတ်ပြုခံရပြီး ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံသို့ တင်ပို့မှု 'ကန်'ဒေါ်လာသန်း ၁၇၀ ကျော်ရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် သန်း ၃၅၀ ကျော်ထိ မြင့်တက်ခဲ့ပြီး ပို့ကုန်ရငွေနှစ်ဆကျော် မြင့်တက်ခဲ့သည်ဟု မြန်မာ့ အထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၏ ကျောင်းအုပ်ကြီး ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဘားအံမြို့၌ဖွင့်လှစ်ခဲ့သော UMH အထည်ချုပ်စက်ရုံသည် ကရင်ပြည်နယ်တွင်ဖွင့်လှစ်သော ပထမဆုံးအထည်ချုပ်စက်ရုံဖြစ်ပြီး အထည်ချုပ်စက်ရုံများကို ကရင်ပြည်နယ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဟု UMH အထည်ချုပ်လုပ်ငန်းပိုင်ရှင် ဦးမြင့်ဌေးက ပြောသည်။

၂၀၁၃ ခုနှစ်တွင် မေလတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ထပ်မံဖွင့်လှစ်မည့် Delta Industrial Group (DIG) မှ အထည်ချုပ်လုပ်သားများအား မြန်မာ့အထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် အုပ်ချုပ်မှု၊ စက်ချုပ်လုပ်သားနှင့် စက်ပြင်စသည့် ဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း သင်တန်းကျောင်းဆရာ မစ္စတာဟီရိုရာဆူအဆာက ပြောသည်။

"ဒီအထည်ချုပ်သင်တန်းကျောင်းကနေ အုပ်ချုပ်သူအယောက် ၅၀၀ ကျော်၊ စက်ချုပ်လုပ်သား ၇၀၀ ကျော်နဲ့စက်ပြင်လုပ်သားအယောက်၃၀ကိုမွေးထုတ်ပေးခဲ့ပြီးပါပြီ။ ဂျပန်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ တိုးချဲ့ဖို့ရှိတာမို့ ကျွမ်းကျင်လုပ်သားတွေကို ဒီသင်တန်းက မွေးထုတ်ပေးမှာပါ"ဟု ၎င်းက ပြောသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် DIG အထည်ချုပ်စက်ရုံအား ဆောက်လုပ်လျက်ရှိပြီး ၂၀၁၃ ခုနှစ်၊ မေလတွင် ဖွင့်လှစ်မည်သွားမည်ဖြစ်ကာ နောက်ထပ်အထည်ချုပ်စက်ရုံ ၅၀ နီးပါး ထပ်မံဖွင့်လှစ်ရန် အစီစဉ်ရှိကြောင်း ဦးအောင်ဝင်းက ပြောသည်။

"ရန်ကုန်မှာ အထည်ချုပ်စက်ရုံဖွင့်ရတာရဲ့အားသာချက်က သယ်ယူပို့ဆောင်ရတာ လွယ်ကူတယ်လေ။ ဆိပ်ကမ်းကလည်း ရန်ကုန်မှာပဲရှိတော့ အဆင်ပြေပါတယ်။ ဒါပေမယ့်အဓိက အားနည်းချက်က မြေဈေးပါ။ ရန် ကုန်မှာ စက်ရုံဖွင့်ဖို့အတွက် ပေးရတဲ့ မြေဈေးက အဆမတန်မြင့်လွန်းတော့ သိပ်မလွယ်ဘူး။ ဒါကြောင့် နယ်မှာ စက်ရုံတည်တာက သယ်ယူပို့ဆောင်ရေးမှာ ကြန့်ကြာတယ်ဆိုပေမယ့် လုပ်သားအင်အားအရရော စက်ရုံမြေနေရာအတွက် စရိတ်ပါ အားလုံးအဆင်ပြေတယ်"ဟု ၎င်းက ပြောသည်။ ■

လာမည့်ဘဏ္ဍာနှစ် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသုံးစွဲမှု ပိုလာနိုင်

အေးသီတာကျော်

နိုင်ငံတော်၏ ရသုံးခန့်မှန်းငွေစာရင်းရေးဆွဲမှုတွင် လာမည့်ဘဏ္ဍာနှစ်သစ်ဖြစ်သော ၂၀၁၃-၁၄အတွက်ရေရှည်စီမံကိန်းများဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေးတို့တွင် ပိုမိုဦးစားပေးအကောင်အထည်ဖော်သွားရန် ခန့်မှန်းကြောင်း ဘဏ္ဍာရေးကျွမ်းကျင်သူများက ပြောသည်။

လာမည့်နှစ်များတွင်ထပ်မံဝင်ရောက်လာနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအကူအညီများထံမှလည်း ငွေကြေးများဝင်ရောက်လာနိုင်ရာ ယင်းသည် ငွေကြေးဖောင်းပွမှုကို ထိန်းကွပ်ပေးရုံသာမက လိုငွေကြောင့် ငွေရိုက်ထုတ်ရမှုလျော့နည်းသွားနိုင်ကြောင်း သုံးသပ်ကြသည်။

လွှတ်တော်ငွေစာရင်းကော်မတီဥက္ကဋ္ဌဦးသူရိန်ဇော်က လာမည့်နှစ်အတွက် ဘတ်ဂျက်စီမံခန့်ခွဲမှုပုံစံသည် ပညာရေး၊ ကျန်းမာရေးအပြင် ရေတိုစီမံကိန်းဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးအတွက်ပါ ဦးစားပေးရေးဆွဲသွားနိုင်ရန် အစီအစဉ်ရှိကြောင်း ပြောသည်။

၂၀၁၂ - ၁၃ ဘတ်ဂျက်ရေးဆွဲမှု အစီအစဉ်တွင် ပညာရေးတွင် ၄ ဒသမ ၁၃ ရာခိုင်နှုန်းမှ ၄ ဒသမ ၉၁ ရာခိုင်နှုန်း (ကျပ် ၆၁၇ ဘီလျံ)နှင့် ကျန်းမာရေးအတွက် ၁ ဒသမ ၁ ရာခိုင်နှုန်းမှ ၃ရာခိုင်နှုန်း(ကျပ်၃၆၇သန်း)အထိမြင့်တက်ခဲ့ပြီး လာမည့် ၂၀၁၃ - ၁၄ ဘဏ္ဍာနှစ်တွင်လည်း ထပ်မံတိုးလာနိုင်ကြောင်း ၎င်းက ပြောသည်။

"ပညာရေးနဲ့ ကျန်းမာရေးမှာ အရင်ကထက် နှစ်ဆတိုးလာတယ်လို့ ပြောလို့ရတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် တခြားနိုင်ငံတွေနဲ့တော့ ယှဉ်လို့မရသေးဘူး။ စစချင်းမှာ သတ္တုတူးဖော်ရေး၊ စက်မှုကဏ္ဍနဲ့ ပို့ဆောင်ရေးစတဲ့ဝင်ငွေရတဲ့ လုပ်ငန်းတွေကနေ အရင်လုပ်ရဦးမယ်"ဟု ၎င်းက ပြောသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက လာမည့်လွှတ်တော်တွင် သက်ဆိုင်ရာအစိုးရက ဘတ်ဂျက်မည်သို့ရေးဆွဲထားသည်နှင့် ပြီးခဲ့သည့်နှစ်အတွက် မည်သို့သုံးစွဲထားသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ပြောသည်။

"ဘတ်ဂျက်တက်လာတဲ့လမှာပဲ သက်ဆိုင်ရာနယ်မြေအလိုက်၊ ဌာနအလိုက် ကြည့်မယ်။ စာရင်းဇယားတွေကို စာရွက်ပေါ်မှာပဲ စစ်ဆေးတာမျိုးထက် ထိရောက်တဲ့နည်းလမ်းတွေ တကယ်သုံးရဲ့လားဆိုတာ ကြည့်ရမယ်"ဟု ၎င်းက ပြောသည်။

"ဒီနှစ်ကျွန်တော်တို့ တိုက်တွန်းထားတာတွေ ပညာရေးနဲ့ ကျန်းမာရေးပေါ့။ တိုးပြီးပြန်ဆွဲဖို့ အကြံပေးထားတယ်။ ဘယ်မှာ ဘယ်လောက်အတိအကျထည့်ဝင်ဖို့ကတော့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဝင်ရောက်စွက်ဖက်တာမျိုးမရှိပါဘူး"ဟု ၎င်းက ပြောသည်။

သို့သော် နိုင်ငံတော်၏အရ - အသုံးစာရင်းတွင် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် လိုငွေ ကျပ် ၂ ဒသမ ၁၅၉ ဘီလျံရှိခဲ့ပြီး ၂၀၁၂-၁၃ မှာကျပ် ၁ ဒသမ ၉၅၃ ဘီလျံ ရှိနေခဲ့ကြောင်း ယခုနှစ်လယ်ပိုင်းက ပြောကြားခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းတွင် ပါရှိသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အခြားစီးပွားရေးပညာရှင်များ၏ ထောက်ပြချက်အရ လိုငွေပြဘတ်ဂျက်ဖန်တီးပြီး တိုင်းပြည်စီးပွားရေးတိုးတက်မှုရအောင်လုပ်ယူ၍ ရနိုင်ကြောင်း၊ ဥပမာအားဖြင့် လတ်တလောလိုအပ်သည့် ကိစ္စမဟုတ်သော

လွှတ်တော်တွေ စပြီး နောက်ပိုင်း ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍမှာ ဖြစ်သင့်တာတွေ မဖြစ်သေး ...

လေယာဉ်ကွင်းဖောက်လုပ်ခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင်ရအောင် ဖန်တီးပေးနိုင်ကြောင်း ပြောသည်။

"ဘတ်ဂျက်လိုငွေပြတိုင်းလည်း ကြောက်စရာမလိုဘူး။ ဘတ်ဂျက်လိုငွေပြမှုဟာ များလား၊ နည်းလား၊ ဆက်တိုက်ဖြစ်လားမဖြစ်ဘူးလားဆိုတဲ့ အပေါ်ပဲမူတည်တယ်။ အဓိကက ငွေလဲနှုန်းပေါ်ကောင်းတဲ့ အကျိုးသက်ရောက်မရှိဖို့နဲ့ စားသုံးသူနဲ့ လယ်သမားတွေကို ငဲ့ဖို့ပဲ"ဟု ဦးဝင်းသန်းက ပြောသည်။

ဦးသူရိန်ဇော်က ဘတ်ဂျက်လိုငွေပြမှုနှင့် ဂျီဒီပီအချိုးချမှုတို့ ငါးရာခိုင်နှုန်းထက်မကျော်ပါက နိုင်ငံတစ်နိုင်ငံအတွက် ကြီးမားသောပြဿနာ မဖြစ်ပေါ်လာနိုင်ကြောင်းနှင့်မြန်မာနိုင်ငံသည် ၂၀၁၂ - ၁၃ အတွက် ၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ပြောသည်။

"ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက်တော့ လိုငွေက ပြနေဦးမှာပဲ။ လုပ်ငန်းတွေ ထူထောင်နေရတာကိုး။ တစ်ဖက်မှာကလည်း ပံ့ပိုးမှုပေးရတာပေါ့"ဟု ၎င်းက ပြောသည်။

ရှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက "လွှတ်တော်တွေ စပြီး နောက်ပိုင်း ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍမှာ ဖြစ်သင့်တာတွေမဖြစ်သေးဘူး။ ယေဘုယျအားဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို သွယ်ဝိုက်ပြီးပြောတာက နိုင်ငံခြားတိုင်းပြည်တွေမှာဆိုရင် ပညာရေး၊ ကျန်းမာရေးစသဖြင့် အသုံးစရိတ်မြင့်တယ်။ ဒီမှာကတော့ ဖြစ်သင့်ဖြစ်ထိုက်တာထက် ပိုနည်းနေတယ်ဆိုပြီးပေါ့"ဟု ၎င်းက ပြောသည်။

ထို့ပြင်အစိုးရ၏ ပြည်သူလူထုပေါ် ဝန်ဆောင်မှုအချို့မှာ ခေတ်နှင့်မလျော်ညီဖြစ်နေပြီး (ဥပမာအားဖြင့် မှတ်ပုံတင်လုပ်ခ ခြောက်ကျပ်) အစားသင့်လျော်သည့် နှုန်းထားသတ်မှတ်လိုက်ပါက အစိုးရဝင်ငွေပိုရလာပြီး လာဘ်စားမှုလည်း လျော့နည်းသွားနိုင်ကြောင်း ပြောသည်။

၎င်းက ကာကွယ်ရေးအသုံးစရိတ်များကို လျှော့ချသင့်ကြောင်းနှင့် အစိုးရအနေဖြင့် တပ်မတော်အင်အားဖြည့်တင်းရန်အတွက် များစွာသုံးရန် မလိုကြောင်းနှင့် ပဋိပက္ခများကို နိုင်ငံရေးအရ ဖြေရှင်းရနိုင်ကြောင်း ပြောသည်။

"ရှင်းရှင်းပြောရရင် စာရင်းဇယားတွေက သိပ်ယုံလို့မရဘူး။ စပါးဘယ်လောက်စိုက်တယ်။ သစ်တောဘယ်လောက်ခုတ်တယ်၊ မြေပဲ၊ နှမ်းဘယ်လောက်ထွက်တယ်ဆိုတာက လက်တွေ့လေ့လာမှ ရမယ်"ဟု ၎င်းက ပြောသည်။ ■

တရားဝင်ငွေလဲကောင်တာများကြောင့် ငွေဈေး ပိုမိုတည်ငြိမ်လာ

အေးသီတာကျော်

ဗဟိုဘဏ်က ပြင်ပအဖွဲ့အစည်းများအား နိုင်ငံခြားငွေရောင်းဝယ်လုပ်ကိုင်ခွင့်ပြုပြီးနောက်ပိုင်း ၁၀ လ အကြာတွင် တရားဝင်ဈေးကွက်နှင့် ပြင်ပဈေးကွက် ငွေလဲလှယ်နှုန်းများမှာ များစွာကွာဟမှု မရှိတော့ကြောင်း ငွေကြေးကျွမ်းကျင်သူများက သုံးသပ်သည်။

မြန်မာနိုင်ငံတွင် ယမန်နှစ် ဧပြီလတွင် ငွေလဲနှုန်းရှင်စနစ်ကို စတင်ကျင့်သုံးခဲ့ပြီး နိုင်ငံခြားငွေရောင်းဝယ် လုပ်ကိုင်နေသော ပုဂ္ဂလိကဘဏ်များအတွက် ဗဟိုဘဏ်က နေ့စဉ်ပျမ်းမျှငွေလဲနှုန်းသတ်မှတ်ပေးကာ ငွေလဲနှုန်းတစ်စုတစ်စည်းထဲဖြစ်စေရန် ဆောင်ရွက်ခဲ့သည်။

"စလုပ်ခါစက ပထမဆုံးအတွေ့အကြုံဖြစ်တာကြောင့် ကွာဟမှုက ၂၀ နဲ့ ၃၀ ကြားဖြစ်တဲ့အခါလည်း ရှိတယ်။ ဒါပေမယ့်နောက်ပိုင်းမှာ တည်ငြိမ်မှုဘက်ကိုပဲ ဦးတည်လာပါတယ်"ဟု ဗဟိုဘဏ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစနစ်မတိုင်မီ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှစတင်ခါ ဘဏ် ၁၇ ခုတွင် နိုင်ငံခြားငွေလဲကောင်တာများ ဖွင့်ခွင့်ပေးခဲ့ပြီး နောက်တစ်လအကြာတွင် ဘဏ် ၁၁ ခုကို နိုင်ငံခြားငွေရောင်းဝယ်ဖောက်ကားခွင့် ပြုခဲ့သည်။

"ငွေလဲနှုန်းတည်ငြိမ်အောင် လုပ်တယ်ဆိုတာ ဗဟိုဘဏ်ရဲ့ငွေကြေးမူဝါဒတွေထဲက တစ်ခုပါပဲ"ဟု ၎င်းက ပြောသည်။

ဘဏ်မဟုတ်သော ငွေလဲကောင်တာများကို တရားဝင်လဲလှယ်ခွင့်ပေးလိုက်ခြင်းဖြင့် ပြင်ပဈေးကွက်၏ စွမ်းဆောင်မှုကိုလျော့ပါးစေကာ ငွေဈေးတည်ငြိမ်လာကြောင်း ၎င်းက ပြောသည်။

"ငွေလဲနှုန်းတည်ငြိမ်လာတဲ့အတွက် ပို့ကုန်၊ သွင်းကုန်လုပ်တဲ့သူတွေလည်း ရဲရဲတင်းတင်းလုပ်နိုင်လာတယ်။ ကုန်သွယ်မှုကို အထောက်အပံ့ပေးနိုင်လာတာပေါ့"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ဇန်နဝါရီလ ၂၂ ရက်နေ့ဈေးအရ ဗဟိုဘဏ်က သတ်မှတ်လိုက်သောအမေရိကန်ဒေါ်လာဈေးနှုန်းမှာ ကျပ် ၈၅၈ ဖြစ်ပြီး ပြင်ပဈေးကွက်တွင်လည်း ဝယ်ဈေး ၈၅၇ ကျပ်နှင့် ရောင်းဈေး ၈၅၈ ကျပ်သာ ဈေးပေါက်သည်။

ဈေးကွက်အတွင်း အက်ဖ်အီးစီမှာ မော်တော်ကားတင်သွင်းသူများနှင့် သဘော်ာကုမ္ပဏီများ၏ လိုအပ်ချက်ကြောင့် ဈေးတက်လျက် ရှိသည်။

"အက်ဖ်အီးစီကတော့ ဘယ်သူမှ ကိုင်မထားရဲဘူး။ ကားသွင်းတဲ့ သူတွေကတော့ လိုနေတယ်။ ဒါကြောင့် ဈေးတက်လာတယ်"ဟု နိုင်ငံခြားငွေရောင်းဝယ်သူတစ်ဦးက ပြောသည်။

ဒီဇင်ဘာလဆန်းပိုင်းမှစတင်ခါ ဘဏ်မဟုတ်သော အဖွဲ့အစည်းများနိုင်ငံခြားငွေရောင်းဝယ်လုပ်ကိုင်ခွင့်ရမည်ဖြစ်ကြောင်း ကြေငြာအပြီး ဗဟိုဘဏ်တွင် လျှောက်ထားသော အဖွဲ့အစည်းပေါင်း ရာနှင့်ချီရှိပြီး ယင်းသို့ ငွေလဲကောင်တာများ ဖွင့်လှစ်ခြင်းအတွက် ဗဟိုဘဏ်က အရေအတွက် ကန့်သတ်ထားမည် မဟုတ်ကြောင်းလည်း ဗဟိုဘဏ်တာဝန်ရှိသူက ပြောသည်။

ဇန်နဝါရီလအတွင်း ဘဏ်မဟုတ်သော ကုမ္ပဏီနှစ်ခုတို့မှာ ငွေလဲကောင်တာများ ဖွင့်လှစ်နိုင်ခဲ့သည်။ Farmer Pho Yazar ကုမ္ပဏီက ငွေလဲကောင်တာများကို မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်၊ ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်နှင့် ဗိုလ်မြတ်ထွန်း လမ်းတို့တွင် ဖွင့်လှစ်ထားပြီး Today Top Star ကုမ္ပဏီက ကရင်ပြည်နယ်၊ မြဝတီမြို့တွင် ငွေလဲကောင်တာ ဖွင့်လှစ်ထားသည်။

အဆိုပါ ငွေလဲကောင်များ၏ ဆောင်ရွက်သောစည်းမျဉ်းများမှာ ဘဏ်များ အတိုင်းဖြစ်ပြီး ဗဟိုဘဏ်ကသတ်မှတ်သော ငွေလဲနှုန်းနှင့် ကိုက်ညီမည့်နှုန်းကို ဘဏ်များကဲ့သို့ပင် နေ့စဉ်သတ်မှတ်ရကြောင်း ၎င်းက ပြောသည်။

"ကုမ္ပဏီတွေက ငွေလဲကောင်တာဖွင့်တဲ့အတွက် ဈေးတွေလည်း အမျိုးမျိုး မဖြစ်တော့ဘူးပေါ့။ ငွေလဲနှုန်းတည်ငြိမ်တော့ ပို့ကုန် သွင်းကုန်ကဏ္ဍအတွက်လည်း ပိုအဆင်ပြေသွားမယ်။ ပြင်ပဈေးကွက်လည်း အတော်လေးလျော့သွားမယ်လို့ ယုံကြည်ပါတယ်"ဟု ၎င်းက ပြောသည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်			မန္တလေး		
ရွှေ(တစ်ကျပ်သား)	ကျပ်	၇၆၆,၅၀၀	ရွှေ (တစ်ကျပ်သား)	ကျပ်	၇၇၀,၀၀၀
ဆီဈေးနှုန်း(တစ်ပိဿာနှုန်း)			**ဆီ(သန့်)**		
ပဲဆီ	ကျပ်	၄,၂၀၀	ပဲဆီ	ကျပ်	၃,၂၅၀
စားအုန်းဆီ	ကျပ်	၁,၄၃၀	စားအုန်းဆီ	ကျပ်	၁,၅၁၀
နှမ်းဆီ	ကျပ်	၃,၇၀၀	နှမ်းဆီ	ကျပ်	၃,၈၀၀
ဆန် (တစ်ပြည်)			**သန့်စင်ပြီးဆန် (တစ်တင်းခွဲအိတ်)**		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၅၀၀	ပေါ်ဆန်း	ကျပ်	၃၆,၀၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၂၀၀	မနော	ကျပ်	၂၉,၀၀၀
ဧည့်မထ	ကျပ်	၈၀၀	မဂျမ်းတော	ကျပ်	၃၂,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)			**အသားဈေးနှုန်း (တစ်ပိဿာနှုန်း)**		
ကြက်	ကျပ်	၅,၀၀၀	ကြက်(စီပီ)	ကျပ်	၄,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀	ကြက်(မြန်မာ)	ကျပ်	၅,၀၀၀
အမဲသား	ကျပ်	၄,၀၀၀	ဝက်သား	ကျပ်	၆,၀၀၀
ဆိတ်သား	ကျပ်	၈,၀၀၀	ဆိတ်သား	ကျပ်	၇,၀၀၀
ကြက်သွန်ဖြူ (လက်လီ)			**ကြက်သွန်ဖြူ (ပွဲရုံဈေးနှုန်း)**		
အမြင့်/အနိမ့်	ကျပ်	၇၇၅-၆၀၀	ရှမ်းကြက်သွန်ဖြူ	ကျပ်	၁,၉၀၀ - ၄၀၀
ကြက်သွန်နီ (လက်လီ)			**ကြက်သွန်နီ (လက်ကား)**		
အမြင့်/အနိမ့်	ကျပ်	၈၆၀ - ၅၅၀	အမြင့်/အနိမ့်	ကျပ်	၆၅၀ - ၁၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)			**စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)**		
ဓာတ်ဆီ	ကျပ်	၃,၇၀၀	ဓာတ်ဆီ	ကျပ်	၄,၀၀၀
ဒီဇယ်	ကျပ်	၃,၉၁၀	ဒီဇယ်	ကျပ်	၃,၆၀၀

နေပြည်တော်ပျဉ်းမနား

ရွှေ(တစ်ကျပ်သား)	ကျပ်	၇၆၉,၀၀၀	**တရုတ်ကြက်သွန်ဖြူကြီး**		
ဆန်(တစ်ပြည်) (အသစ်)			တစ်ပိဿာ	ကျပ်	၂,၄၀၀
ပေါ်ဆန်း	ကျပ်	၁,၀၀၀-၁,၄၀၀	ငရုတ်ခြောက်	ကျပ်	၂,၅၀၀
လုံးဆန်မွှေး	ကျပ်	၁,၃၀၀	**အသားဈေးနှုန်း (တစ်ပိဿာနှုန်း)**		
မဂျမ်းတော	ကျပ်	၁,၂၀၀	စီပီကြက်	ကျပ်	၅,၀၀၀
မနောသုခ	ကျပ်	၈၀၀-၇၀၀	မြန်မာကြက်	ကျပ်	၆,၀၀၀
ဆီ (တစ်ပိဿာနှုန်း)			ဝက်	ကျပ်	၄,၅၀၀
မြေပဲဆီ	ကျပ်	၃,၈၀၀	ဆိတ်	ကျပ်	၁၂,၀၀၀
နှမ်းဆီ	ကျပ်	၂,၆၀၀	**အာလူး (တစ်ပိဿာနှုန်း)**		
စားအုန်းဆီ	ကျပ်	၁,၅၀၀	အကြီး	ကျပ်	၁,၀၀၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)			အသေး	ကျပ်	၈၀၀
အမြင့်/အနိမ့်	ကျပ်	၁,၀၀၀ - ၈၀၀	**စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)**		
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)			ဓာတ်ဆီ	ကျပ်	၄,၅၀၀
အမြင့်/အနိမ့်	ကျပ်	၂,၀၀၀ - ၁,၈၀၀	ဒီဇယ်	ကျပ်	၃,၅၀၀

ရန်ကုန်ကားဈေးကွက်

Toyota Harrier (2.2)
၁၉၉၉ (၆ဂ)-သိန်း ၂၁၅
Toyota Hilux Surfs (SSRG)
၁၉၉၉ သိန်း ၂၅၀
Suzuki R+ ၈၅ သိန်း
Nissan Ad Van ၁၁၅ သိန်း
Toyota Mark X
၂၀၀၄ - သိန်း ၃၃၀
Mark II ရွှေငါး (၁ဃ) ၂၀၀၁- သိန်း ၂၅၀

Pajero (ဖားပြုပ်)၂၀၀၀ (၁ဃ) သိန်း ၂၆၅
Toyota Belta သိန်း- ၁၄၀
Myanmar Mini Wagon, Chery
၇၀ - ၇၅ သိန်း
Suzuki Swift ၁၃၀ သိန်း
Honda Fit ၁၂၅ သိန်း
Probox (၁,၅၀၀ စီစီ) - ၁၀၅ သိန်း
(၁,၃၀၀ စီစီ) - ၉၅ သိန်း
Honda CRV သိန်း ၂၂၀

(ဇန်နဝါရီ ၂၂ ရက်နေ့ ပေါက်ဈေး)



နွေရာသီဓာတ်အားလိုအပ်ချက် ဖြည့်တင်းရန် ပြည်ပနိုင်ငံထုတ် ဂက်စ်အင်ဂျင်များ ရောက်ရှိလာ

စိုးစန္ဒာဦး

ရန်ကုန်မြို့တွင် အသုံးပြုမည့် နွေရာသီ ဓာတ်အားလိုအပ်ချက်ကို အချိန်မီဖြည့် တင်းပေးနိုင်ရန်အတွက် ဓာတ်အားပေး စက်များ တိုးချဲ့တပ်ဆင်နိုင်ရန် ပြည်ပ နိုင်ငံများမှ ဝယ်ယူထားသော ဂက်စ် အင်ဂျင်ဓာတ်အားပေးစက် ၁၃ လုံးမှာ ဇန်နဝါရီလတတိယပတ်အတွင်း ရောက် ရှိလာပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

ယခုရောက်ရှိလာသော စက်များမှာ စပိန်၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံ များမှ ဂက်စ်အင်ဂျင် ဓာတ်အားပေးစက် များဖြစ်ပြီး Asia World ဆိပ်ကမ်း၊ ထီးတန်းဆိပ်ကမ်းနှင့် ဆူးလေဆိပ်ကမ်း အသီးသီးသို့ ယခုလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့များတွင် ရောက်ရှိလာခြင်း ဖြစ်သည်။

"စက်တွေအားလုံးကတော့ နောက် အကျဆုံး ဖေဖော်ဝါရီလနောက်ဆုံးပတ် ထဲမှာရောက်မယ်။ အခုက ပထမအသုတ် အနေနဲ့ ရောက်လာတာပါ။ မတ်လ ၃၁ ရက်နေ့အမီ အပြီးသတ်တပ်ဆင်ပြီးရင် မောင်းပြီးဓာတ်အားပေးဖို့ လုပ်သွား မယ်" ဟု ၎င်းက ပြောသည်။

အဆိုပါဓာတ်အားပေးစက်များအား သင်္ဘောမှချခြင်း၊ စစ်ဆေးခြင်း၊ စက်ရုံ အသီးသီးသို့သယ်ယူခြင်းနှင့် တပ်ဆင်ရန် စီစဉ်ခြင်းတို့ကို ရန်ကုန်မြို့တော် လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်ခြင်း ဖြစ်သည်။

"လာမယ့်နွေရာသီမှာ ရန်ကုန်မြို့ရဲ့ ဓာတ်အားလိုအပ်ချက်ကို မဂ္ဂါဝပ် ၂၀၀ လောက် အချိန်မီဖြည့်ဆည်းပေးနိုင်ဖို့ အခုလိုတိုးချဲ့တပ်ဆင်နိုင်အောင် ကြိုးစား နေတာပါ"ဟု ဦးအောင်ခိုင်က ပြော သည်။

ရောက်ရှိလာသောစက်၁၃လုံးအနက် Zeya&AssociatedsCo.,Ltd ကစပိန် နိုင်ငံနှင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသော SFGM 560, 1025 kv Guascor NG အမျိုးအစား မဂ္ဂါဝပ်ရှိ ၅၀ ဓာတ်အား ပေးစက်ရှစ်လုံးကို လှော်ကားဓာတ်အား ပေးစက်ရုံတွင် တပ်ဆင်မည်ဖြစ်ပြီး Consultant International Co.,Ltd က ဩစတြေးလျနိုင်ငံမှ ဝယ်ယူထားသော FA620F11150 အမျိုးအစား ၃ ဒသမ ၃၅ မဂ္ဂါဝပ် ၁၆ လုံးအနက် လက်ရှိရောက် လာသော လေးလုံးကို သာကေတ ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်မည် ဖြစ်သည်။ ကျန်သည့် စက်တစ်လုံးမှာ အမေရိကန်နိုင်ငံ GE Co.Ltd ထုတ် မဂ္ဂါဝပ် ၄၀ ဂက်စ်တာဘိုင်စက်ဖြစ်ပြီး ထိုစက်ကို အလုံဓာတ်အားပေးစက်ရုံတွင် တပ်ဆင်မည် ဖြစ်သည်။

လက်ရှိတွင် နွေရာသီဓာတ်အား မလုံ လောက်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိစက်မှုလုပ်ငန်းများကို လျှပ်စစ် ဓာတ်အား အလှည့်ကျစနစ်ဖြင့် စတင် ဖြတ်တောက်လျက် ရှိသည်။ ■

■ **ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိလာသော ဓာတ်အားပေးစက်အစိတ်အပိုင်းတစ်ခုကို တွေ့ရစဉ်။** ဓာတ်ပုံ - ထူးအောင်

ဆက်သွယ်ရေးကဏ္ဍတွင် Huawei က ကူညီမည်

အေးသီတာကျော်

မြန်မာ့ဆက်သွယ်ရေးနှင့် နည်းပညာ ကဏ္ဍတွင် Huawei Technologies အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အခက် အခဲများကို ဖြေရှင်းသည့်စနစ် ထောက်ပံ့ သူ (solution provider) အဖြစ် ရပ်တည် သွားလိုကြောင်းနှင့် ၂၀၁၃ ခုနှစ်တွင် အပြိုင်အဆိုင်များလာမည့် မြန်မာ့ ဆက်သွယ်ရေးကဏ္ဍတွင် ဆက်လက်ပူး ပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Huawei Technologies Co.,Ltd ရန်ကုန်ရုံးခွဲ၏ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Ren Geng က ပြောသည်။

"Huawei အတွက် အာရှမှာဆိုရင် မြန်မာဈေးကွက်က အတော်လေးအရေး ပါပြီး အာရုံလည်း စိုက်ထားပါတယ်"ဟု ၎င်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

၂၀၁၃ ခုနှစ်အတွင်း ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း ၎င်းတို့နည်းပညာ များအသုံးပြုကာ ဆက်သွယ်ရေးကဏ္ဍ ဖြင့်ပြည်သူများ ပိုမိုအဆင်ပြေလာစေရန် နှင့် Digital Device များဆောက်လုပ် ကာ စီးပွားရေးနှင့် လူမှုရေးပိုမိုဖွံ့ဖြိုးလာ စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Ren Geng က ပြောသည်။

Huawei သည် ၂၀၀၈ ခုနှစ်အတွင်း က နာဂစ်မုန်တိုင်းနောက်ပိုင်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သုံးသန်း လှူဒါန်းခဲ့ ပြီး ၂၀၀၉ ခုနှစ်တွင်မြန်မာ့ဆက်သွယ်ရေး နှင့် နည်းပညာလုပ်ငန်းအတွက် အရေး ပေါ် ဆက်သွယ်ရေးဝန်ဆောင်မှုစနစ် များလည်း အခမဲ့ပြုလုပ်ပေးခဲ့ကာ ၂၀၁၀ ပြည့်နှစ်တွင် အိုင်စီတီသင်တန်းသားများ အတွက် သင်တန်းကူညီမှုကိုလည်းပေး ခဲ့ကြောင်း ၎င်းက ပြောသည်။

"ပထမအဆင့်အနေနဲ့ ဈေးနှုန်းသင့် တင့်တဲ့ Advance Solution ကို မြန်မာ နိုင်ငံက သုံးစွဲသူတွေအတွက် ဆက်လက် ထောက်ပံ့ပေးပြီး ဒုတိယအနေနဲ့ မြန်မာ နိုင်ငံကို နည်းပညာလွှဲပြောင်းပေးဖို့ အတွက်လည်း အဓိကကြိုးစားနေပါ တယ်။ ဥပမာအားဖြင့် နေပြည်တော်မှာ ဒီနှစ်ထဲ သင်တန်းကျောင်းဖွင့်ဖြစ်လိမ့် မယ်"ဟု Mr. Ren Geng က ပြောသည်။

၎င်းပြင် တတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် ရန် နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်း များနှင့် မိတ်ဆက်ပေးသွားနိုင်မည် ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

"မြန်မာနိုင်ငံအတွက် ပိုပြီးအောင်မြင် တဲ့ နိုင်ငံတကာအော်ပရေတာဖြစ်လာ အောင် မိတ်ဆက်ပေးသွားမှာပါ။ နိုင်ငံ တကာနဲ့ ပြည်တွင်းကုမ္ပဏီတွေကို မိတ်ဆက်ပေးပြီး နိုင်ငံတကာနဲ့ ချိတ်ဆက် ပေးသွားဖို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ၂၀၁၃ နှစ်ကုန်တွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပွဲတွင် လည်း Huawei Technologies Co., Ltd အနေဖြင့် ပါဝင်ဆောင်ရွက်သွားမည် ဖြစ်သည်။

"ဆီးဂိမ်းက မြန်မာနိုင်ငံအတွက်အရမ်း အရေးကြီးပါတယ်။ အဲဒီကနေ တစ်ဆင့် မြန်မာနိုင်ငံက ကမ္ဘာနဲ့ပိုပြီး အဆက်အဆံ ရှိလာမယ်။ ကျွန်တော်တို့မှာလည်း ဒီလို ပြိုင်ပွဲအတွက် အတွေ့အကြုံအတော် လေးရှိပါတယ်"ဟု ၎င်းက ပြောသည်။

ကုမ္ပဏီအနေဖြင့် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက အမေရိကန် ဒေါ်လာ သုံးသန်းတန် ဆက်သွယ်ရေး နှင့် နည်းပညာဆိုင်ရာပစ္စည်းများကို ၂၀၁၃ အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကျင်းပရေးကော်မရှင်သို့ လှူဒါန်း ခဲ့ပြီး ဒေါ်လာ နှစ်သန်းကို မြန်မာ့ ဆက်သွယ်ရေးသို့ မိုဘိုင်းနည်းစနစ်များ ဆောင်ရွက်ရန် လှူဒါန်းခဲ့ပြီး ဖြစ်သည်။

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ၏ Telecom ဈေးကွက်၌ လာရောက်လုပ်ကိုင်သူများ အတွက် အခွင့်အရေးများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိနိုင်ကြောင်း ၎င်းက ပြောသည်။

Mr. Ren Geng က မြန်မာ့ဆက်သွယ် ရေးကဏ္ဍသည် ကနဦးအဆင့်တွင်သာရှိ သေးပြီး မိုဘိုင်းဖုန်းသုံးစွဲမှုမှာလည်း ငါးရာခိုင်နှုန်းသာရှိသေးသည့်အတွက် နိုင်ငံတကာမှ လာရောက်လုပ်ကိုင်လိုသူ များအတွက် အခွင့်အလမ်းကောင်း တစ်ရပ်ဖြစ်သော်လည်း ဘဏ္ဍာရေး၊ ရင်းနှီး မြှုပ်နှံမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရန်မှာ အဓိကစိန်ခေါ်မှုများဖြစ် နေသေးကြောင်း ပြောသည်။

"လေ့လာမိသလောက် ပြောရရင် တော့ အစိုးရရဲ့ အခွန်အကောက်ကရတဲ့ ဝင်ငွေကလည်း နိမ့်နေတယ်။ ဒါပေမဲ့ ဆက်သွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ကြီးတွေရောက်လာဖို့ဆိုရင် အခြေခံ အဆောက်အအုံတွေ မြှင့်တင်ထားဖို့ လည်း လိုအပ်တယ်။ ဒါကြောင့် ဘဏ္ဍာ ရေးက အဓိကစိန်ခေါ်မှုတစ်ရပ်ပါပဲ"ဟု ၎င်းက ပြောသည်။

"ဒီသုံးချက်က မြန်မာ့ဆက်သွယ်ရေး ကဏ္ဍအတွက် နောက်ငါးနှစ်လောက် အထိကို စိန်ခေါ်မှုတွေဖြစ်နေဦးမှာပဲ။ ဒီတော့ ကိုယ်တတ်နိုင်သလောက်ထည့် ဝင်ပေးပြီး ဒီအခက်အခဲတွေကို ကျော်လွှား ရမှာပဲ"ဟု ၎င်းက ပြောသည်။ ■

ငါးမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံငွေများ ပိုမိုလိုအပ်နေ

မြတ်ငြိမ်းအေး

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍသည် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားတင် ပို့မှုအခြေအနေ ကောင်းမွန်ခဲ့သော်လည်း ငါးမွေးမြူရေးလုပ်ငန်းရှင်များမှာ အစာ နှင့် ငါးသားပေါက်များ ဈေးတက်ခဲ့ခြင်း ကြောင့် အရှုံးပေါ်ခဲ့သဖြင့် ယခုနှစ်ငါး မွေးမြူရေးကဏ္ဍအတွက် လိုအပ်သည့် ရင်းနှီးငွေဖြစ်သော ကျပ် ၁၈၀ ဘီလျံ အား ထောက်ပံ့ပေးရန် နိုင်ငံတော်အစိုးရ အဖွဲ့သို့ တင်ပြတောင်းဆိုထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန် ရှိသူများက ပြောသည်။

"ငါးမွေးမြူရေးမှာ ဆုံးရှုံးသွားတဲ့ အရင်းအနှီးတွေကို တွက်ချက်ကြည့် တော့ ငါးကန် ဧကတစ်သိန်းခွဲလောက်ကို အရင်းထည့်ဖို့က မြန်မာငွေ ၁၈၀ ဘီလျံ လောက်လိုတယ်။ နိုင်ငံတော်အစိုးရကို တင်ပြသွားမှာပါ" ဟု ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်းအပြင် ပုစွန် လုပ်ငန်းကဏ္ဍအတွက်လည်း လိုအပ် သည့်ရင်းနှီးငွေကို တင်ပြတောင်းဆိုခဲ့ ကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့ကို ပြည်ထောင်စုဝန် ကြီးဌာနက ခေါ်ယူတွေ့ဆုံပြီးကတည်း ကစပြီး ကူညီဖြေရှင်းမှုတွေရလာခဲ့တယ်။ နိုင်ငံတော်က မကူညီနိုင်ခဲ့ရင်လည်း ကူညီထောက်ပံ့ပေးနိုင်မယ့် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး အကူ အညီတွေရအောင် ဇန်နဝါရီလထဲမှာပဲ နေပြည်တော်မှာ ဆွေးနွေးပွဲလုပ်ဖို့ရှိ တယ်။ ၂၂ နိုင်ငံလောက်လာကြလိမ့် မယ်။ ဒီဆွေးနွေးပွဲကနေ ကျွန်တော်တို့ ရဲ့ ငါးလုပ်ငန်းအတွက် အကူအညီကို တစ်နည်းမဟုတ်တစ်နည်းနဲ့ ရနိုင်မယ် လို့ ယူဆပါတယ်။ ဒီလိုအကူအညီတွေ ရရင် ၂၀၁၃ မှာ မြန်မာ့ရေလုပ်ငန်းဟာ ပြန်လည်ဦးမော့လာနိုင်မှာပါ"ဟု ဦးဝင်း ကြိုင်က ပြောသည်။

ငါးလုပ်ငန်းကဏ္ဍတွင် လက်ရှိဘဏ္ဍာ နှစ်အတွင်း ထူးခြားမှုအဖြစ် ဒီဇင်ဘာ ၃၀ ရက်နေ့ထိ နိုင်ငံခြားတင်ပို့မှုမှာ မက်ထရစ်တန် ၂၆၉,၂၉၃ ဒသမ ၅၄၈ တန်ရှိခဲ့ပြီး အဆိုပါပမာဏမှာ ပြီးခဲ့သည့် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်၏ အလားတူ အချိန်က ပြည်ပတင်ပို့မှုပမာဏဖြစ် သော ၂၆၆,၆၈၂ ဒသမ ၀၈၄ တန်ထက် ၂,၆၁၁ ဒသမ ၄၆၄ တန် ပိုမိုတင်ပို့ နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြောသည်။

"လုပ်ငန်းပိုင်းက မကောင်းပေမယ့် တင်ပို့မှုတွေကတော့ ရလဒ်ကောင်းတွေ ထွက်ပါတယ်။ ဒါပေမယ့် ဒီတင်ပို့မှုတွေ က နယ်စပ်တင်ပို့မှုဘက်ကနေများနေ တာကိုတွေ့ရတယ်။ Normal Trade က တော့ တန် ၃၀၀ လောက် လျော့နည်း တာကို တွေ့ရတယ်။ မွေးမြူရေးငါးတွေ က Normal Trade ကနေ သွားတာဆို တော့ ငါးမွေးမြူရေးလုပ်ငန်းက ကျဆင်း တာကိုလည်း ပြန်မြင်နေရပါတယ်။ ဒီလို ကျဆင်းနေပေမယ့်လည်း ငွေတန်ဖိုးနဲ့ တင်ပို့မှုက မလျော့ဘူး ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ကို နိုင်ငံတော်က အကူအညီပေးမယ်ဆိုရင် ငါးလုပ်ငန်းက အခြေအနေပြန်လည် ကောင်းလာမယ် လို့ မျှော်လင့်ပါတယ်" ဟု ငါးမွေးမြူရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ■

မြန်မာ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲ ကျင်းပမည်

စမ်းယုမင်းအောင်

မြန်မာ – အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကို ဖေဖော် ဝါရီလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်း ရှင်များအသင်းချုပ်နှင့် အမေရိကန် ကုန်သည်များအသင်းတို့ ပူးပေါင်း ကာ ကျင်းပမည် ဖြစ်သည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပ မည့်အဆိုပါကွန်ဖရင့်သို့ အမေရိကန် ကုန်သည်များနှင့် အာရှပစိဖိတ်ဒေသရှိ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက် မည်ဖြစ်ပြီး ဆွေးနွေးပွဲတွင်စီးပွားရေး အဖွဲ့အစည်းများမှ လုပ်ငန်းရှင်များက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရေး၊ ကုန်သွယ် ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီပေး ရေး၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးမှုအတွက် သတင်း အချက်အလက် နှင့် နည်းပညာတွန်းအားပေးရေးတို့ကို အဓိကထားကာ ဆွေးနွေးသွားကြမည် ဖြစ်သည်။ ■

THE MYANMAR TIMES အလွန်မြန်မာ့ကြေးမုံ

Property

■ နိုင်ငံတကာ ■ ပြည်တွင်း

သောကြာနေ့၊ ဇန်နဝါရီ ၂၅ – ၃၁၊ ၂၀၁၃

Swarovski Lighting တရားဝင်တင်သွင်းခွင့်အတွက် Silver Tiger Co., Ltd နှင့် Swarovski Lighting Business တို့ သဘောတူ လက်မှတ်ရေးထိုးခဲ့

ထားထားခင်

Silver Tiger **ကုမ္ပဏီမှ** ဥရောပမှ တင်သွင်းသည့် Swarovski အမှတ်တံဆိပ်အဆင့်မြင့် Lighting ပစ္စည်းများအတွက် authorized lighting partner ရရှိသည့်အကြောင်း စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၊ Executive Club တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် Silver Tiger ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မာလာမြင့်နှင့် Swarovski Lighting Business မှ Global VP. Sales and Marketing မှ Mr David White တို့က တက်ရောက်လာသည့် media partner များအား စာနယ်ဇင်းရှင်းလင်းပွဲနှင့်အတူ authorized lighting partner အဖြစ် တင်သွင်းခွင့်ရခြင်းအပေါ် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြသည်။

အခမ်းအနားတွင် Silver Tiger Luxury မှ ဒါရိုက်တာဒေါ်မာလာမြင့်က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍အဖွင့်အမှာစကားပြောကြားခဲ့သည်။

"ဒီနေ့ကတော့ ကျွန်မတို့ Silver Tiger ကုမ္ပဏီကို ဥရောပနဲ့ အမေရိကမှ တင်သွင်းဖြန့်ချိတဲ့ Swarovski အမှတ်တံဆိပ်အဆင့်မြင့် Lighting brand အတွက် authorized lighting partner အဖြစ် ပေးအပ်တဲ့အခမ်းအနားဖြစ်ပါတယ်၊ Silver Tiger ကုမ္ပဏီက ၂၀၀၇ ခုနှစ်ကစတင်ပြီးတော့ Swarovski Lighting ပစ္စည်းတွေကို မြန်မာနိုင်ငံအတွက် စတင်တင်သွင်းရောင်းချခဲ့ပါတယ်၊ အခုအချိန်ဟာ စီးပွားရေးအရ ပွင့်လင်းတဲ့အချိန်အခါ ရောက်လာပြီဖြစ်တဲ့အတွက် အမေရိကက တိုက်ရိုက်လာပြီးတော့ authorized lighting partner အဖြစ် ပေးအပ်တဲ့ပွဲဖြစ်ပါတယ်"ဟု ၎င်းကပြောကြားခဲ့သည်။

Swarovski Lighting Business မှ Mr David White က Swarovski Lighting Business ၏ brief overview ကိုလည်း power point များဖြင့် အဆိုပါအခမ်းအနားတွင် ဆွေးနွေးတင်ပြသွားခဲ့သည်။

"Swarovski Lighting Business ရဲ့ brief overview ကို ရှင်းလင်းပြောကြားမှာဖြစ်ပါတယ်၊ ဒါကိုမပြောခင်မှာ ပထမဦးစွာ ပြောလိုတာက မြန်မာပြည်မှာ Silver Tiger ကုမ္ပဏီနဲ့ တွဲဖက်လုပ်ကိုင်ခွင့်ရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူဝမ်းမြောက်ပါတယ်လို့ ဦးစွာပြောကြားချင်ပါတယ်၊ Silver Tiger Luxury ဟာဆိုရင် မြန်မာပြည်မှာ Swarovski နဲ့ Schonbek ပစ္စည်းတွေကို တစ်ဦးတည်း တင်သွင်းရောင်းချခွင့်ရရှိတဲ့ တရားဝင်ကိုယ်စားလှယ်ဖြစ်ပါတယ်၊ ဒီနေ့အခမ်းအနားကို ကြွရောက်လာတဲ့သူအားလုံးကို Swarovski Lighting Business ရဲ့ executuive board ကိုယ်စားကျေးဇူးတင်ကြောင်းလည်း ပြောကြားလိုပါတယ်" ဟု Mr David White က အဆိုပါနေ့အခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

"Swarovski Lighting အဆင့်မြင့်မီးဆိုင်းနဲ့အသုံးအဆောင်ပစ္စည်းတွေက မြန်မာပြည်ဈေးကွက်မှာ potential အများကြီးရှိပါတယ်၊ အနာဂတ်ကာလမှာ မြန်မာပြည်မှာဟာ Swarovski

Silver Tiger **ကုမ္ပဏီ၏** authorized lighting partner **ရရှိခြင်းအတွက် ကုမ္ပဏီဒါရိုက်တာ ဒေါ်မာလာမြင့်နှင့်** Swarovski Lighting Business **မှ** Global VP. Sales and Marketing Mr David White **တို့ စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် သဘောတူလက်မှတ်ရေးထိုးနေကြစဉ်။** ဓာတ်ပုံ - Silver Tiger ကုမ္ပဏီ

Lighting တွေကို သုံးစွဲနိုင်ဖို့အခွင့်အရေးတွေပိုမိုရရှိလာမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်၊ဒီအတွက် Swarovski က မြန်မာပြည်ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုမှာ ပါဝင်သွားမှာဖြစ်တယ်လို့ ပြောချင်ပါတယ်"ဟု Mr David White က ပြောကြားခဲ့သည်။

အဆိုပါနေ့တွင် ကမ္ဘာတစ်ဝန်းရှိ Swarovski Lighting Business ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကို video presentation များဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင်ရှိသော Swarovski Business လုပ်ငန်းကြီးကို ၁၈၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ သက်တမ်း ၁၁၈ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းတွင် အလုပ်သမားပေါင်း ၅၀၀ နှင့်အထက်ရှိပြီး အမေရိကန်နိုင်ငံ New York မြို့ရှိ Swarovski Business Headquarter တွင် အလုပ်သမားပေါင်း ၄၀၀ ကျော်ရှိကြောင်း သိရသည်။ ၂၀၀၇ ခုနှစ်တွင် Swarovski Lighting Business မှ Schonbek worldwide Lighting ကုမ္ပဏီကို ဝယ်ယူခဲ့ကြောင်းလည်း Mr David White ကရှင်းလင်းပြောကြားခဲ့သည်။

Swarovski Lighting အဆင့်မြင့်အလှဆင်ပစ္စည်းများကို USA နှင့် ဩစတြေးလျနိုင်ငံရှိ စက်ရုံများမှ ထုတ်လုပ်လျက်ရှိပြီး ကမ္ဘာနိုင်ငံများဖြစ်သော ဂျပန်၊ စင်ကာပူ၊ USA၊ ဗီယက်နမ်၊ ဂျာမနီ၊ ဩစတြေးလျ၊ တရုတ်၊ ဟောင်ကောင်တို့ရှိ အဆင့်မြင့်စီးပွားရေးအဆောက်အအုံများစွာတို့တွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် retailers ပေါင်း ၁,၃၀၀ ရှိပြီး မြန်မာနိုင်ငံမှ Silver Tiger ကုမ္ပဏီမှာ တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာပြည်အတွက် စင်ကာပူရုံးချုပ်မှ မြန်မာပြည်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

Swarovski အမှတ်တံဆိပ်အဆင့်

စာမျက်နှာ ၃၁ သို့

Timberland မှ အရောင်းပြခန်း ဖွင့်လှစ်ခြင်းနှင့်အတူ Furniture Exhibition ကျင်းပခဲ့

Timberland ၏ Furniture showroom နှင့် အရောင်းပြခန်းကို ဒဂုံမြို့နယ်၊ မနော်ဟရီလမ်းနှင့်မြို့မကျောင်း လမ်းထောင့်တွင်ရှိသော မနော် ဟရီ အိမ်ရာရှိတိုက် B တွင် ဇန်နဝါရီ ၁၉ ရက်မှစတင်ကာဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

အရောင်းပြခန်းဖွင့်လှစ်ခြင်းနှင့်အတူ ပရိဘောဂပြပွဲ ၂၀၁၃ (Furniture Exhibition 2013)ကိုအဆိုပါနေ့တွင် ကျင်းပခဲ့သည်။

မနော်ဟရီအိမ်ရာရှိအရောင်းပြခန်းတွင် သစ်သားဖြင့် ပြုလုပ်ထားသည့် လူနေမှုပစ္စည်းအသုံးအဆောင်အမျိုးအစားပေါင်း ၅၀ ကျော်ကို ပြသထားသည်။ အိမ်တွင်းအသုံးအဆောင်များသာမက နေအိမ်ခြံတွင်းများတွင်ပါ အသုံးပြုနိုင်မည့် ပရိဘောဂပစ္စည်းများကို ပြသထားသည်။ အရောင်းပြခန်းဖွင့်လှစ်သည့်နေ့တွင် ဝယ်ယူသူများအတွက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ အထူးဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

"Showroom ဖွင့်လိုက်တဲ့အတွက် customer တွေအတွက်လည်း ပိုအဆင်ပြေသွားသလိုမဝယ်ယူရသေးတဲ့သူတွေအတွက်လည်းဒီဇိုင်းအသစ်အဆန်းတွေကိုကြည့်ရှုနိုင်မှာဖြစ်ပါတယ်၊Timberland အနေနဲ့ မြန်မာ

စာမျက်နှာ ၃၁ သို့

RR KĀBEL
wires without worries

CLASSIC
wires & cables

RR KĀBEL
wires without worries

Yangon Office: No. 140, 25th St (Middle Block), Pabedan Tsp, Yangon. Tel: 01-251922, 243073, 384481 , www.ramratma.com
Mandalay Branch: No.161, 23rd St., Betwee 83 x 84 St., Pyi Gyi Kyatayay Quarter, Aung Myay Thar Zan Tsp, Mandalay. Tel: 02-39745, 09 50 64817

အစိုးရဝန်ထမ်းများ သတ်မှတ်ရုံးချိန်အတိုင်း အတိအကျလိုက်နာ၍ လုပ်ငန်းများ ဆောင်ရွက်ရန် ကြေညာချက်ထုတ်ပြန်

နိုနိုအောင်

အစိုးရဝန်ထမ်းများကို သတ်မှတ်ရုံးချိန်အတိုင်း အတိအကျလိုက်နာရန်နှင့် အလုပ်တာဝန်များကို သတ်မှတ်တာဝန်ချိန်အတွင်း၌ ပြီးစီးအောင် ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ဇန်နဝါရီ ၇ ရက်နေ့မှစတင်၍ ညွှန်ကြားချက်ထုတ်ပြန်လိုက်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဝန်ထမ်းများအနေဖြင့် သတ်မှတ်ရုံးချိန်ထက် ကျော်လွန်၍ တာဝန်ထမ်းဆောင်နေရခြင်းများအပါအဝင် အစိုးရရုံးပိတ်ရက်များတွင်ပါ တာဝန်ထမ်းဆောင်နေရသည်တို့ကို ဆက်လက်မဖြစ်စေရန်နှင့် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်တို့ကို သက်မှတ်ရုံးချိန်အတွင်း၌သာ ဆောင်ရွက်ရန် ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အနေဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု စနစ်တိုးတက်ကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲရာတွင် ဝန်ထမ်းများ၏ နေရေးစားရေးသာမက ဝန်ထမ်းများအား တာဝန်ပေးအပ်ရာတွင် သတ်မှတ်ရုံးချိန်အတွင်း၌သာ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ သတင်းထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

အဆိုပါ ကြေညာချက်တွင် ဝန်ထမ်းများကို သတ်မှတ်ထားသော ရုံးချိန်ဖြစ်သည့် နံနက် ၉ နာရီ ၃၀ မိနစ်မှ ညနေ ၄ နာရီ ၃၀ မိနစ်အတွင်း၌သာ တာဝန်ထမ်းဆောင်စေရန်နှင့် ရုံးဆင်းချိန်အတိအကျ ပြန်လွှတ်ရန်၊ ရုံးလုပ်ငန်းများ မပြီးပြတ်သေး၍သော်လည်းကောင်း၊ အရေးကြီးဆောင်ရွက်စရာရှိ၍သော်လည်းကောင်း၊ အချိန်ပို ဆက်လက်ဆောင်ရွက်ရန် ရှိပါကလည်း တာဝန်ရှိသူနှင့် လိုအပ်သည့် ဝန်ထမ်းအရေအတွက်ကိုသာ ည ၇ နာရီတွင် ပြန်လည်ခေါ်ယူပြီး တာဝန်ပေးဆောင်ရွက်ရန် စသည်တို့အပြင် အချိန်ပိုတာဝန်အတွက် ထိုက်သင့်သော ခံစားခွင့်များ ရရှိစေရန်၊ စနေ၊ တနင်္ဂနွေနှင့် အများပြည်သူအလုပ်ပိတ်ရက်များတွင် မလိုအပ်ပါက တာဝန်ပေးခြင်းမပြုလုပ်ရန်၊ သတ်မှတ်ရုံးချိန်အတွင်း၌သာ တာဝန်ပေးအပ်ရသည်ဖြစ်၍ ရုံးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရန်အတွက် ဝန်ထမ်းများအား သတ်မှတ်ချိန်အတွင်း ရုံးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် လုပ်ဆောင်တတ်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ လေ့ကျင့်သင်ကြားပြသပေးရန်၊ ရုံးလုပ်ငန်းတာဝန်နှင့် ပတ်သက်၍ ဝန်ထမ်းများကိုယ်တိုင်က လုပ်ချင်ကိုင်ချင်စိတ်ရှိလာသည်အထိ တာဝန်ပေး လေ့ကျင့်ဆောင်ရွက်သွားရန် စသည့်အချက်များ ပါဝင်သည်။

အဆိုပါ ကြေညာချက် စတင်ထုတ်ပြန်သည့် ဇန်နဝါရီလ ၇ ရက်နေ့မှစတင်၍ အကြောင်းအရာပါ သတ်မှတ်ချက်များအတိုင်း ဝန်ကြီးဌာနအားလုံးတွင် လိုက်နာဆောင်ရွက်နေရပြီဖြစ်ကြောင်း ရန်ကုန်တိုင်းအင်ဂျင်နီယာမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

> **ဝန်ထမ်းများအနေဖြင့် သတ်မှတ်ရုံးချိန်ထက် ကျော်လွန်၍ တာဝန်ထမ်းဆောင်နေရခြင်းများ အပါအဝင် အစိုးရ ရုံးပိတ်ရက်များတွင်ပါ . . .**

CMD Australia ကုမ္ပဏီမှ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မိဘမဲ့ကလေးကျောင်းများသို့ ကျပ်သိန်း ၅၈၀ ကျော်နှင့် ဩစတြေးလျဒေါ်လာ သုံးသောင်းတန်ဖိုးရှိ ကွန်ပျူတာများ လှူဒါန်းခဲ့

လူမှုဝန်ထမ်းဦးစီးဌာနအောက်တွင်ရှိသော မိဘမဲ့သင်တန်းများသို့ ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း လှူဒါန်းခဲ့

ထားထားခင်

ဇန်နဝါရီ ၃ ရက်နေ့တွင်ကျင်းပခဲ့သည့် မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ရန်ကုန်)၏ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ဩစတေးလျနိုင်ငံအခြေစိုက် Consolidated Marine Developments-CMD (Australia) Pty Ltd မှ ဦးဆောင်ဦးရွက်ပြုကျင်းပပေးခဲ့ပြီး နှစ်စဉ်လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မိဘမဲ့ကလေးကျောင်းများသို့ လှူဒါန်းခဲ့သည်မှာ မြန်မာငွေကျပ် ၅၈၄ သိန်းခန့်နှင့် ဩစတေးလျဒေါ်လာ ၃၀,၀၀၀ ရှိသွားပြီဖြစ်ကြောင်း CMD ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ Mr Joe Rotondella က မြန်မာတိုင်း(မ်) သို့ အခမ်းအနားကျင်းပသည့်နေ့တွင် ပြောကြားခဲ့သည်။

"ဒီနိုင်ငံမှာ လှူဒါန်းမှုပြုလုပ်ဖြစ်သွားတာကတော့ မြိတ်ကျွန်းစုမှာရှိတဲ့ ဒုံးပုလဲအော်စခန်းမှာ ပုလဲမွေးမြူရေးထုတ်လုပ်တဲ့ လုပ်ငန်းကို လာရောက်လုပ်ကိုင်တဲ့ အခါမှာ အဲဒီအနီးအနားမှာရှိတဲ့ ရွာနှစ်ရွာဟာ စာသင်ကျောင်းမရှိလို့ စာမသင်ကြားနိုင်ဘဲ ပညာရေးဆင်းရဲချို့တဲ့တာတွေ တွေ့ကြုံခဲ့ရတဲ့အတွက် ဒီကနေအစပြုပြီး လှူဒါန်းဖြစ်သွားတာပါ။ အဲဒီမှာ စာသင်ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သလို ပညာသင်ကြားရေးအတွက် လိုအပ်နေတဲ့ဆရာ၊ ဆရာမတွေအတွက်လည်း ကူညီထောက်ပံ့ခဲ့ပါတယ်၊ ဒီကနေအစပြုပြီး ဒီနိုင်ငံမှာရှိတဲ့ ပညာရေးဆင်းရဲချို့တဲ့သူတွေ၊ မိဘမဲ့ကလေးတွေကို ကူညီဖို့ စိတ်ကူးပေါ်ပေါက်ခဲ့တာပါ၊ အထူးသဖြင့် မိဘမဲ့ကလေးတွေရှိတဲ့ သင်တန်းကျောင်းတွေမှာမိဘမဲ့ကလေးတွေ ပညာသင်ကြားရာမှာ ပိုပြည့်စုံဖို့အတွက် ပညာသင်ကြားရေးမှာ လိုအပ်တဲ့ပစ္စည်းအပြင်အသုံးအဆောင်တွေကိုပါ လှူဒါန်းပေးတာဖြစ်ပါတယ်၊ အနာဂတ်မှာလည်း charity works တွေကို ဆက်လက်လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်"ဟု Mr Joe Rotondella က အဆိုပါနေ့တွင် မြန်မာတိုင်း(မ်)သို့ ပြောကြားခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနအောက်တွင်ရှိသော မိဘမဲ့သင်တန်းများသို့ ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း လှူဒါန်းခဲ့ကြောင်း သိရသည်။ ယခုနှစ် ၅၀ ပြည့်ရွှေရတုကျင်းပသည့် မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးသင်တန်းကျောင်းသို့ ပညာသင်ကြားရေးအထောက်အကူပြုပစ္စည်းတွေအပြင် လိုအပ်တဲ့ အသုံးအဆောင်တွေကိုပါ လာရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ – supplied

ဩစတြေးလျအခြေစိုက် Consolidated Marine Developments-CMD (Australia) Pty Ltd **မှ အုပ်ချုပ်မှု ဒါရိုက်တာ** Mr Joe Rotondella **လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများသို့ အလှူငွေများပေးအပ်လှူဒါန်းနေစဉ်။**

CMD ကုမ္ပဏီမှ လာရောက်လှူဒါန်းသကဲ့သို့ ကုမ္ပဏီကြီးများဖြစ်သည့်Htoo Group of Companies၊ Asia World စသည့် ကုမ္ပဏီကြီးများကိုလည်း လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မိဘမဲ့အမျိုးသမီးကျောင်းများမှ အမျိုးသမီးငယ်များအတွက် လာရောက်လှူဒါန်းခြင်းအပြင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဆိုလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

> **CMD ကုမ္ပဏီမှ လာရောက်လှူဒါန်းသကဲ့သို့ Htoo Group of Companies၊ Asia World စသည့် ကုမ္ပဏီကြီးများကိုလည်း . . .**

ခံစားမှုအမျိုးမျိုးပေးနိုင်တဲ့စက္ကူဘူးခွံ . .

စာမျက်နှာ ၄၄ မှ

ပါတယ်။ Fonvene ကတော့ အရသာမရှိတဲ့ဝိုင်ဖြစ်တဲ့အတွက် အရက်မူးလွယ်ပြီး မူးလဲတတ်တဲ့သူတွေအတွက် သီးသန့်ထားပေးသင့်တဲ့ ဝိုင်မျိုးပါ။ ဒီနေ့ရဲ့ အဆိုးဝါးဆုံးကာလကတော့ ဝိုင်ဘူးထဲမှာ ထိတ်လန့်ချောက်ချားမှုတွေ ထည့်ထားတယ်လို့ ညွှန်းလောက်တဲ့ Berri Estatesကို ဖွင့်မိတာပဲ ဖြစ်နိုင်ပါတယ်။ တကယ့်ကို ကြောက်စရာလန့်စရာပါဗျာ။

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

နော်ဝေ-မြန်မာ ပန်းပုပညာရှင်နှစ်ဦး လက်ရည်စမ်းပန်းပုထုလုပ်ကြမည်

ငြိမ်းအိအိထွေး

မြန်မာပန်းပုပညာရှင် ဦးကျော်ကျော်မင်းရဲ့ ဖိတ်ခေါ်ချက်အရ နော်ဝေနိုင်ငံမှ အမျိုးသမီးပန်းပုပညာရှင် Ms Merete Sejersted Bodtkr နဲ့ မြန်မာပန်းပုပညာရှင် ဦးကျော်ကျော်မင်းတို့ဟာ လာမယ့် ဇန်နဝါရီလ ၂၅ ရက်နေ့မှာ သူတို့ရဲ့ပုံတူတွေကို အပြန်အလှန် တစ်ထိုင်တည်း ထုလုပ်ဖန်တီးကြမယ်လို့ သိရပါတယ်။

မနက် ၁၀ နာရီကနေ မွန်းလွဲ ၂ နာရီအထိ (ထမင်းစားချိန် တစ်နာရီအပါအဝင်) သုံးနာရီကြာ လက်တွေ့ပန်းပုထုလုပ်မယ့် အစီအစဉ်ကို ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်မှာ ဖွင့်လှစ်ထားတဲ့ Art Plus Art Gallery မှာ ကျင်းပမှာဖြစ်ပြီး မည်သူမဆို သွားရောက်လေ့လာနိုင်မှာဖြစ်ပါတယ်။

ဖခင်ဖြစ်သူပန်းပုဆရာကြီးရဲ့သင်ပြမှု ပန်းပုအမွေအဆင့်အတန်းကို နိုင်ငံတကာနဲ့ ...”

ပန်းပုထုလုပ်မယ့် အစီအစဉ်ဖြစ်ပေါ်လာပုံကို ဦးကျော်ကျော်မင်းက အမေရိကန်နိုင်ငံကနေ ပန်းပုမဟာဘွဲ့ရယူခဲ့တဲ့ Ms Merete Sejersted Bodtker မြန်မာနိုင်ငံကို အလည်အပတ်ရောက်ရှိနေစဉ် သိကျွမ်းရာက စိတ်ကူးရပြီး စီစဉ်ဖြစ်တာပါလို့ မြန်မာတိုင်း(မ်)ကို ပြောပြပါတယ်။

"ပြီးခဲ့တဲ့ သီတင်းပတ်နှစ်ပတ်ကျော်လောက်က သူ မြန်မာနိုင်ငံကို အလည်အပတ်ရောက်လာပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံတူပန်းပုကို တစ်ထိုင်တည်း ထုလုပ်ခဲ့တယ်။ အဲဒီပန်းပုရုပ်ကို ကျွန်တော့်ကိုဖိတ်ခေါ်လို့ သွားလေ့လာကြည့်တော့ သူ့ရဲ့ လက်ရည်က တော်တော်လေး အဆင့်မြင့်တာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့အတူ လက်တွေ့အပြန်အလှန် ပန်းပုထုလုပ်ဖို့ ဖိတ်ခေါ်ဖြစ်တော့ သူကလည်း လက်ခံပါတယ်" လို့ ပြောပြပါတယ်။

ဓာတ်ပုံရိုက်ယူပြီးမှ ပန်းပုထုလုပ်ခြင်းမျိုးမဟုတ်ဘဲ လက်တွေ့တစ်ယောက်နဲ့တစ်ယောက်ကြည့်ကာ မျက်နှာကနေ ပခုံးအထိ အပြန်အလှန်ပန်းပုထုလုပ်ကြမှာဖြစ်ပြီး ပန်းပုထုမယ့်ပစ္စည်းကိုတော့ ရွှံ့စေးကို အသုံးပြုမှာ ဖြစ်ပါတယ်။

"ကျွန်တော်တို့ ရွှံ့စေးနဲ့ ပုံတူပန်းပုအရင်ထုလုပ်မှာပါ။ ပြီးတော့မှ အဲဒီရွှံ့စေးပန်းပုကို မိုပြန်လောင်းပြီး ပလတ်စတာကိုင်ဖို့ စီစဉ်ထားပါတယ်။ ဓာတ်ပုံရိုက်ယူလိုက်တာနဲ့ ပုံထဲမှာ ပန်းပုထုလုပ်ဖို့အတွက် မျဉ်းတွေနဲ့ လိုအပ်တာတွေ တစ်ပုံကြီး ထွက်လာပါတယ်။ အဲဒါကို ကြည့်ပြီးမှ ပန်းပုပြန်ထုရရင် အရမ်းလွယ်နေပြီး လက်တွေ့က ပိုစိတ်ဝင်စားစရာကောင်းမယ်လို့ထင်လို့ ဓာတ်ပုံကို အသုံးမပြုဘဲ လက်တွေ့ထုလုပ်ဖြစ်တာပါ"လို့ ဦးကျော်ကျော်မင်းက ပြောပါတယ်။

ပညာရှင်နှစ်ဦး အပြန်အလှန်ပန်းပုထုလုပ်နေစဉ်အတွင်း နော်ဝေနိုင်ငံမှ ဓာတ်ပုံပညာရှင်များက မှတ်တမ်းရုပ်ရှင်ရိုက်ကူးသွားကြမှာ ဖြစ်ပါတယ်။

"အဲဒီမှတ်တမ်းရုပ်ရှင်ကိုတော့ သူတို့နိုင်ငံမှာ တည်းဖြတ်ပြီး ပြန်လည်ပြသမယ်လို့ သိရပါတယ်။ ထုလုပ်ပြီးတဲ့ပုံတူပန်းပုရုပ်တွေကိုတော့ ကျွန်တော်ကပဲ ဆက်ထိန်းသိမ်းထားမှာဖြစ်ပြီး နောက်ထပ် ကျွန်တော့်ရဲ့ပန်းပုပြပွဲမှာ ထည့်သွင်းပြသသွားမှာပါ"လို့ ပြောပြပါတယ်။

'တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပုံတူ ပန်းပုထုလုပ်ခြင်း' အစီအစဉ်ကို အကောင်အထည်ဖော်ဖြစ်တဲ့ အဓိကရည်ရွယ်ချက်ကိုလည်း ဖခင်ဖြစ်သူပန်းပုဆရာကြီး ဦးလွင်မောင်ရဲ့ သင်ပြမှုပန်းပုအမွေအဆင့်အတန်းကို နိုင်ငံတကာပန်းပုလက်ရည်နဲ့ ယှဉ်တွဲတင်ပြချင်တာကြောင့်လို့လည်း ဦးကျော်ကျော်မင်းက ပြောပါသေးတယ်။ ■

ခံစားမှုစုံပေးနိုင်တဲ့ စက္ကူဘူးခွံနဲ့ ဝိုင်မျိုးစုံကို မြည်းစမ်းကြည့်ခြင်း

ဘားနဘတ်စ်မက်ကွိုင်း

မြန်မာနိုင်ငံမှာ လာရောက်အခြေချတဲ့ နိုင်ငံခြားသားတွေဟာ ရန်ကုန်က ဆိုင်တွေမှာ တော်တီလာကြော်တို့၊ နာနတ်သီးပီဇာတို့ ဝယ်လို့ရပ့်ါမလား၊ ခရစ္စမတ်ပွဲတော်အတွက် အလှဆင်ပစ္စည်းတွေနဲ့ လိုအပ်တဲ့ဇွန်းမျိုးစုံကို အစုံအလင်ဝယ်လို့ရပ့်ါမလားလို့ တွေးပူတတ်ကြပါတယ်။

ဝိုင်ချစ်သူတွေ အပူပန်ဆုံးကတော့ နေ့စဉ်သောက်နေကျ စက္ကူဘူးခွံနဲ့ ဝိုင်တွေ ဝယ်လို့ရမရဆိုတာပဲ ဖြစ်ပါတယ်။ အရင်အစိုးရလက်ထက် စီးပွားရေးပိတ်ဆို့မှုဒဏ်ခံနေရတဲ့ အချိန်တုန်းကဆိုရင် ငါးလီတာပါ စက္ကူဘူးခွံဝိုင်ဘူးတစ်ဘူးကို ဖွင့်ပြီး သောက်လိုက်ရလို့ကတော့ အဲဒီနေ့ရဲ့ ညခင်းလေးကို အကောင်းဆုံးဖြတ်ကျော်နိုင်သွားပြီလို့ ပြောလို့ရပါတယ်။

ကံကောင်းစွာနဲ့ပဲ ဒီမိုကရေစီလမ်းကြောင်းပေါ် သွားနေတဲ့ မြန်မာနိုင်ငံရဲ့ မကြာသေးခင်က အပြောင်းအလဲတွေကြောင့် ရလာတဲ့ အခွင့်ကောင်းတွေထဲမှာ စက္ကူဘူးခွံနဲ့ ဝိုင်ဘူးတွေ အမျိုးစုံရလာတာလောက် ကောင်းတာ ဘာမှ မရှိတော့ဘူးပေ့ါဗျာ။

ဒီလိုမျိုးဝိုင်မျိုးစုံ ဝယ်ယူလို့ရလာတဲ့အတွက် ဘယ်ဝိုင်ကို ရွေးချယ်သောက်ရမှန်း မသိသေးသူတွေအတွက် အစီအစဉ်ကောင်းတစ်ခုကို မြန်မာတိုင်း(မ်)က စီစဉ်ပေးခဲ့ပါတယ်။ အဲဒါကတော့ အကောင်းဆုံးဝိုင်ဘူးဟာ ဘယ်တံဆိပ်လဲဆိုတာ ဆုံးဖြတ်ပေးဖို့ ဩစတြေးလျ၊ ဗြိတိန်၊ အမေရိကန်၊ ပြင်သစ်နဲ့ မြန်မာနိုင်ငံက ဝိုင်အရသာအကောင်းဆုံးခံစားနိုင်သူတွေကို ရသလောက်စုစည်းပြီး မြည်းစမ်းစေတာပဲ ဖြစ်ပါတယ်။

ဝိုင်တွေရဲ့အရသာကို မြည်းစမ်းပေးမယ့်သူရှစ်ဦး ရခဲ့ပါတယ်။ သူတို့တွေကတော့ ဘရွန်ကို၊ စကီတာ၊ တွက်ရာ၊ ဘလက်ခ်ဝီဒို၊ ဆက်ဘင်းန်၊ ရော်ဘတ်တိုရော်ဘတ်ဆန်၊ ဂရိပ်လစ်ပ်နဲ့ အက်တစ်လာ သည်အင်ဗစ်စီဂို့သ်တို့ပဲ ဖြစ်ပါတယ်။

(မှတ်ချက် - ဝိုင်မြည်းစမ်းပေးမယ့်သူတွေဟာ ပုံပန်းသွင်ပြင်က စူပါဟီးရိုးပုံပေါက်ရမှာဖြစ်သလို နာမည်တွေကလည်း အမိုက်စားဖြစ်ဖို့ လိုပါတယ်။)

ကျွန်တော်တို့အားလုံး ဝိုင်နီကိုပဲ မြည်းစမ်းသောက်ကြည့်ပြီး မှတ်ချက်ပေးကြဖို့ သတ်မှတ်လိုက်ပါတယ်။ အီတလီက Cantine Ronco၊ ဩစတြေးလျက Berri Estates နဲ့ပြင်သစ်က Fonvene ဆိုတဲ့ ဝိုင်နီသုံးမျိုးကို မြည်းစမ်းသောက်ဖို့ အဆင်သင့်ဖြစ်နေအောင် ငါးလီတာဝင်ဝိုင်ဘူးတွေကို ပူသွားအောင် အလုံပိတ်ထားတဲ့ ကားထဲမှာ ၂၄ နာရီ ထားပေးထားပါတယ်။

ဝိုင်မြည်းစမ်းပေးမယ့် ကျွမ်းကျင်ပညာရှင်တွေဟာ ဝိုင်တွေကို ၃၀ ဒီဂရီဆဲလ်စီးယပ်စ်အပူချိန်လောက်မှာ မြည်းစမ်းပေးရမှာဖြစ်ပါတယ်။ ဝိုင်တွေကို မြည်းစမ်းနေတဲ့အချိန်မှာတော့ အပျင်းပြေအဖြစ် All Sports Network ကနေပြသနေတဲ့ NASCAR ကားပြိုင်ပွဲကို အားပေးကြည့်ရှုကြပါတယ်။ မြည်းစမ်းထားတဲ့ဝိုင်တွေရဲ့ အရသာတွေကို တစ်မျိုးချင်းစီအောက်မှာ ဖော်ပြပေးထားပါတယ်။

Cantine Ronco ဝိုင်ဘူးနဲ့ Berri Estates ဝိုင်ဘူးကို ဖန်ပုလင်းဝိုင်နဲ့အတူ တွေ့ရစဉ်။ ဓာတ်ပုံ - စိုင်းကျော်ကျော်

Fonvene
(ကျပ် ၁၇,၃၀၀)

မကျွမ်းကျင်တဲ့ ဝိုင်မြည်းစမ်းသူတချို့က ဝိုင်ဘူးတွေကို ဘယ်လိုဖွင့်ရမှန်း မသိတာကြောင့် ဝိုင်တွေကို မြည်းစမ်းမသောက်ကြည့်ရဘဲ ဝိုင်ဘူးတွေကိုပဲ ထိုင်ကြည့်ရမလိုဖြစ်လိုက်ပါသေးတယ်။ ဒါပေမဲ့ ဩစတြေးလျက ဆက်ဘင်းန်ကယ်လိုက်လို့ ဝိုင်တွေ အပြင်ကို ထွက်လာနိုင်ပြီး မြည်းစမ်းခွင့်ရသွားကြပါတယ်။ သူကတော့ စက္ကူဘူးနဲ့လာတဲ့ ဝိုင်ဘူးတွေ ဖွင့်ရမယ့်အထာကို ကောင်းကောင်းကြီး သိတယ်ဗျ။

ဒီဝိုင်ကို အရင်ဆုံး စတင် မြည်းစမ်းလိုက်တဲ့သူကတော့ ဘရွန်ကိုပါ။ သူက အားပါးတရ တစ်ကျိုက်မော့ချလိုက်ပြီးတာနဲ့ သူ့ရဲ့ညစ်ထေးထေးလည်စည်းပဝါနဲ့ သူ့နှုတ်ခမ်းတွေကို တစ်ချက်သုတ်လိုက်ပါတယ်။ ပြီးတော့မှ " ဝိုင်တစ်ဆရေလေးဆ ပါတယ်လို့ ထင်ရလောက်အောင် ဒီဝိုင်ရဲ့ အရသာက ပေ့ါလိုက်တာ"လို့ ထင်မြင်ချက်ပေးပါတယ်။

စကီတာရဲ့ အမြင်ကတော့ "ဒီဝိုင်ဟာ သောက်သောက်ချင်းတော့ အယ်လ်ကိုဟောနဲ့ ခပ်ပြင်းပြင်းရပေမယ့် နောက်ဆုံးမှာတော့ အရသာက ပေ့ါပါတယ်"တဲ့။ "Fonvene က ခံတွင်းကို ခြောက်စေပါတယ်။ ဒီဝိုင်က ခြောက်သွေ့လွန်းတဲ့အတွက် ကျွန်တော့်ခွက်ရဲ့ တစ်ပေပတ်လည်က ရေငွေ့တွေအားလုံးကို စုပ်ယူသွားတယ်" လို့ သူက မှတ်ချက်ပေးထားပါသေးတယ်။

အနံ့ပြင်းလွန်းတယ်ဆိုတဲ့အချက်ကို ဘလက်ခ်ဝီဒိုကလည်း "အီသနောနံ့တွေ မွှန်ထူနေသလိုပါပဲ"လို့ ဥပမာပေးထောက်ခံပေးထားပါတယ်။

"စသောက်ခါစမှာ အနံ့က အရမ်းကို ပြင်းလွန်းပါတယ်။ ဒီဝိုင်ကတော့ မိတ်ဆွေရင်းတွေ၊ မိသားစုဝင်တွေနဲ့ ကျင်းပတဲ့ပါတီပွဲအတွက်ပဲ ကောင်းတယ်"လို့ သူက ပြောပါတယ်။ ဒါပေမဲ့ ဝိုင်ဘူးတွေထဲမှာတော့ အလှဆုံးပဲလို့ မှတ်ချက်ပေးထားသဗျ။

ဒီဝိုင်ရဲ့ အဆင်းအလှကို ချီးကျူးသူနောက်တစ်ဦးကတော့ ဂရိပ်လစ်ပ်ပါ။ သူ့ရဲ့သွားတွေမှာ စွန်းထင်းကျန်ရစ်ခဲ့တဲ့ ဒီဝိုင်ရဲ့အရောင်နဲ့ပတ်သက်ပြီး သူကတော့ နောင်တရစရာမရှိပါဘူးလို့ ပြောပါတယ်။

ရော်ဘတ်တိုရော်ဘတ်ဆန်ကတော့ ဒီဝိုင်ရဲ့ရနံ့နဲ့ပတ်သက်ပြီး "ခံတွင်းမှာ စွဲကျန်ခဲ့တဲ့ အယ်လ်ကိုဟောနံ့ပြင်းပုံကတော့ အိမ်ကပါတီပွဲကို ရောက်လာပြီး မပြန်နိုင်သေးတဲ့ သူစိမ်းအမူးသမားလိုပါပဲ"လို့ မှတ်ချက်ပေးပါတယ်။

စကားနည်းတဲ့ တွက်ရာကတော့ "ဒီဝိုင်က ဟင်းချက်ဝိုင်နဲ့ပဲ တူပါတယ်"

ဆိုးလိုက်တဲ့ ဘယ်ရီဝိုင်နှယ်၊ ရန်သူကိုတောင် ဒီလိုဝိုင်ဆိုးမျိုးမသောက်မိစေချင်ဘူး ...

လို့ မှတ်ချက်ပေးထားပါတယ်ခင်ဗျ။

အသေးစိတ် အရသာခံစားတတ်သူတစ်ဦးဖြစ်တဲ့ ဆက်ဘင်းန်က Fonvene ဝိုင်နီဟာ "အယ်လ်ကိုဟော ၁၃ ရာခိုင်နှုန်းပါတဲ့ ဝိုင်တစ်မျိုးအနေနဲ့ အံ့ဩစရာကောင်းလောက်အောင် အရမ်းကိုပျော့ပြီး သစ်သီးအရသာ ရပါတယ်" လို့ ပြောပါတယ်။ အက်တစ်လာကတော့ ကြည့်ရတာ ဖန်ပုလင်းထဲက ဝိုင်ကို ပိုပြီးကြိုက်ပုံရပါတယ်။ သူကတော့ ဒီဝိုင်ကို သောက်လိုက်တာ စပျစ်နီသီးတွေကို သတိရသွားတယ်လို့ ပြောပါတယ်။

"သစ်သီးအရသာတော့ အပြည့်အဝရပါတယ်။ ဒါပေမယ့် ဘယ်အသီးလည်း အတိအကျပြောဖို့ ခက်ခဲပါတယ်"လို့ သူက ပြောပါတယ်။

Cantine Ronco
(ကျပ် ၁၄,၅၀၀)

ဒီဝိုင်ကို ပထမဦးဆုံးမြည်းစမ်းဖူးတဲ့ ရော်ဘတ်ဆန်က အက်တစ်လာလိုပဲ အချဉ်ဖောက်ထားတဲ့ အရည်ကနေ ဖြစ်လာတဲ့ ယမကာရဲ့ နားလည်ဖို့ခက်ခဲတဲ့ လျှို့ဝှက်ချက်ကို ထုတ်ဖော်ခဲ့ပါတယ်။ "ဖန်ပုလင်းထဲကဝိုင်လို အရသာမျိုးကို ရှာနေတဲ့ သူတွေအတွက် ဝိုင်ဘူးပဲ"လို့ ပြောပါတယ်။

"အဝင်ကောင်းသလို နောက်ပိုင်းအရသာကလည်း ဆိုးဝါးတဲ့ပုံမပေါ်ပါဘူး။ ဒီဝိုင်ကတော့ သောက်လို့အဆင်ပြေတဲ့ ဝိုင်တစ်မျိုးပါ"လို့ သူကဆိုပါတယ်။

အမြင်ချင်းတူတဲ့ ဘလက်ခ်ဝီဒို ကလည်း ဒီဝိုင်ကတော့ သူ့ကို လွင့်ပစ်ချင်စိတ်မပေါက်စေပဲ အံ့ဩသွားစေတယ်လို့ပြောပါတယ်။ "ဒီဝိုင်က စွဲစွဲလမ်းလမ်းဖြစ်ရလောက်အောင်ကြီး မဟုတ်ပေမယ့် သောက်ပျော်ကြောင်းနဲ့ ညနေခင်းလေးမှာ ဒီဝိုင်လေးနဲ့ အချိန်ဖြုန်းဖို့တောင် စဉ်းစားမိတယ်"လို့မှတ်ချက်ပေးထားပါတယ်။

ဆက်ဘင်းန်က Cantine Ronco ဝိုင်ဟာ တခြားနာမည်ကြီးဝိုင်တွေနဲ့ ယှဉ်လိုက်ရင် သူ့ကို ချွေးထွက်စေပေမယ့်လည်း "မနှစ်သက်စရာ" မရှိပါဘူးလို့ ပြောပါတယ်။

ဖန်သားပြင်ပေါ်က ကားပြိုင်ပွဲကို စိတ်ဝင်တစားကြည့်နေတဲ့ စကီတာဟာ ဒီတစ်ခါတော့ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ်လုပ်နိုင်သွားပါပြီ။ ဝိုင်ကို တစ်ငုံလောက်သောက်လိုက်ပြီး "သစ်သီးရနံ့ရတယ်။ Fonvene ဝိုင်လိုတော့အယ်လ်ကိုဟောနံ့မရဘူး။ သစ်သီးရဲ့အရသာကိုတော့ အသေးစိတ်ဖော်ပြဖို့ခက်တယ်" လို့ တတွတ်တွတ် ပြောပါတော့တယ်။

တခြားသူတွေကတော့ သိပ်စိတ်မပါကြပါဘူး။ ဂရိပ်လစ်ပ်က ဒီဝိုင်ကို နောက်တစ်ငုံထပ်မသောက်ချင်တာကြောင့် အသုပ်အတွက်သုံးတဲ့ ဆီနဲ့ရှလကာရည်ရောထားတဲ့အရည်ပဲ သူ့ကိုပေးပါလို့ ပြောပါတယ်။ အက်တီလာကလည်း Fonvene ဝိုင်စက်ရုံရဲ့ကိုယ်စားလှယ်များလားလို့ တခြားသူတွေ သံသယဝင်ရလောက်အောင်ပဲ ဒီအီတလီဝိုင်ကို "ချဉ်စုပ်နေပြီး သောက်မကောင်းတဲ့ဝိုင်ပဲ"လို့ မှတ်ချက်ချပါတယ်။

ဘရွန်ကိုတစ်ယောက် သူ့ခွက်ထဲ Cantine Ronco ဝိုင်နီထည့်ပြီး သောက်ချလိုက်တဲ့အချိန်မှာ အားလုံးက ငြိမ်နေကြပါတယ်။ သူကတော့ သောက်ပြီးတာနဲ့ သူ့နှုတ်ခမ်းကို မွဲညစ်နေတဲ့ သူ့ရဲ့လည်စည်းပဝါနဲ့သုတ်လိုက်ပြီး "ဒီဝိုင်က သာပေါင်းညာစား မိတ်ဆွေတုလိုပဲ။ အစပိုင်း ဘယ်လောက်သောက်သောက် ဘာမှမဖြစ်သလိုပါပဲ။ ဒါပေမဲ့ သုံးလီတာလောက် ဝင်သွားလို့ကတော့ သူ့အကြောင်းကို သိသွားတော့မှာပါ" လို့ အာပေါင်အာရင်းသန်သန်နဲ့ ပြောချလိုက်ပါတယ်။

"ရေခဲသေတ္တာထဲမှာ ဘာပဲရှိရှိ Ronco ဝိုင်ကတော့ ဂရုမစိုက်ပါဘူး" တဲ့။ ဘရွန်ကိုရဲ့ ဒီထောက်ခံချက်ကတော့ တော်တော်လေးကို တာသွားပါတယ်။

စကားနည်းတဲ့ တွက်ရာကတော့ Cantine Ronco ဝိုင်ဟာ အခုစမ်းသောက်ကြည့်တဲ့ ဝိုင်သုံးမျိုးထဲမှာ အကောင်းဆုံးပဲလို့ ပြောပါတယ်။

Berri Estates ဝိုင်
(ကျပ် ၂၁,၆၀၀)

နောက်ဆုံး စမ်းသောက်တာကတော့ Berri Estates ဆိုတဲ့ ဩစတြေးလျနိုင်ငံထုတ် ဝိုင်ပဲ ဖြစ်ပါတယ်။ ဒီဝိုင်က အခု စမ်းသောက်ကြည့်ကြတဲ့ ဝိုင်တွေထဲမှာ ဈေးအကြီးဆုံးဖြစ်သလို ကတ်ထူဘူးနဲ့ ဝိုင်စတင်ထုတ်လုပ်ရာ နိုင်ငံကနေလာတာဖြစ်တဲ့အတွက် ကြိုက်ကြမယ်လို့ထင်ရပါတယ်။ ဒါပေမဲ့ ဒီဝိုင်ကို မြည်းစမ်းကြည့်တဲ့သူတွေရဲ့ မျက်နှာမှာ ထူးဆန်းတဲ့ အရိပ်အယောင်တွေကို တွေ့ရပါတယ်။ သူတို့မျက်နှာမှာ ဘာကြောင့် အရောင်ပြောင်းသွားတာလဲ။ ဘာကြောင့် မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားရတာပါလိမ့်။

ဒီဝိုင်နဲ့ပတ်သက်ပြီး ပထမဦးဆုံး မှတ်ချက်ပေးကြတာကတော့ ဝိုင်ရဲ့ အရောင်ပါ။ ကျွန်တော်တို့ရဲ့ အိပ်မက်ဆိုးတွေကိုများ ဝိုင်အဖြစ် စက္ကူဘူးနဲ့ ထုပ်ပိုးထားသလားထင်ရပါတယ်။ အရောင်က ရွှံ့ပုပ်ရောင်လို၊ တင်လဲရည်အနက်ရောင်လိုအရောင်မျိုးကြီးပဲလို့ ဆိုကြပါတယ်။

စကီတာရဲ့ အပြောကတော့ ဒီဝိုင်ကို မော့ချလိုက်တာနဲ့ "လူကို သွက်သွက်ခါသွားစေတယ်" တဲ့။ ဝိုင်ကိုမြည်းစမ်းကြည့်ပြီးတော့ သူ့စိတ်ထဲ ဖြစ်ပေါ်လာတာကတော့ အခု သူတို့ရှိနေတဲ့ ခြောက်ထပ်ကနေ ဝိုင်ဘူးကို ပစ်ပေါက်ချလိုက်ပြီး လမ်းပေါ်မှာ ဝိုင်ဘူးကြီး ပွင့်ထွက်သွားတာကို စောင့်ကြည့်လိုက်ချင်တဲ့အထိပါပဲတဲ့။

အက်တီလာကတော့ ဒီဝိုင်ဟာ ဆိုးရွားတဲ့ဝိုင်ပဲလို့ပြောသလို ဘလက်ခ်ဝီဒိုကလည်း ဒီဝိုင်ရဲ့အနံ့ဟာ တော်တော်စိတ်ပျက်စရာကောင်းတယ်လို့ပြောပါတယ်။

ဘရွန်ကိုကတော့ ဝိုင်တစ်ငုံလောက်သောက်လိုက်ပြီးတာနဲ့ ပါးစပ်ကလည်း အော်၊ ခြေထောက်ကလည်း ကော်ဇောကို ဆောင့်ဆောင့်ပြီး နင်းနေပါတယ်။ ပြီးတော့ သူ့ပါးစပ်ကို သူ့ရဲ့ညစ်ထေးထေးလည်စည်းပဝါစနဲ့ သုတ်လိုက်ပြီး "Berri Estatesကတော့ အချစ်မခံရတဲ့၊ ဂရုစိုက်မခံရတဲ့ ကလေးတစ်ယောက်လိုပါပဲ။ အရသာက ခါးလိုက်တာ သည်းခြေရည်နဲ့ Ribena ဘယ်ရီသီးဖျော်ရည်ကို ရောစပ်ထားသလား အောက်မေ့ရတယ်" လို့ မှတ်ချက်ပေးလိုက်ပါတယ်။

ဆက်ဘင်းန်ကလည်း "ဆိုးလိုက်တဲ့ ဘယ်ရီဝိုင်နှယ်၊ ရန်သူတွေကိုတောင် ဒီလိုဝိုင်ဆိုးမျိုး မသောက်မိစေချင်ဘူး" လို့ပြောပါတယ်။ သူ့ရဲ့ မှတ်ချက်ကို မစ္စတာရောဘတ်ဆန်ကလည်း ခုလိုထောက်ခံထားပါတယ်။ "ဗုဒ္ဓဝင်ငရဲခန်းကို နံရံဆေးရေးပန်းချီဆွဲပေးမယ့် ပန်းချီဆရာဟာ အပြစ်သားတွေကို ဘယ်ရီဝိုင်ထဲနစ်နေတဲ့ပုံမျိုး ဆွဲသင့်လောက်အောင်ကို ဒီဝိုင်က အစွမ်းထက်ပါတယ်"တဲ့။

ဂရိပ်လစ်ပ်ကတော့ သူစာပေကျမ်းဂန်နှံ့စပ်တာကို ကြွားလုံးထုတ်တဲ့အနေနဲ့ ချက်သမ္မတနိုင်ငံဘာသာစကားမှာ တစ်ယောက်ယောက် စိတ်မချမ်းမသာဖြစ်နေတာကိုညွှန်းတဲ့ စကားလုံး ရှိပါတယ်။ အဲဒီစကားလုံးကတော့ ဒီဝိုင်အတွက် ကွက်တိပါပဲလို့ ပြောပါတယ်။

တွက်ရာကတော့ ဒီဝိုင်ရဲ့အရသာက ပြင်းလွန်းပါတယ်လို့ မှတ်ချက်ပေးထားပါတယ်။

သုံးသပ်ချက်

ဒီဝိုင်သုံးမျိုးမှာ Cantine Ronco ဝိုင်က လွတ်လွတ်ကျွတ်ကျွတ် အနိုင်ရသွား

စာမျက်နှာ ၄၃ သို့

၆၅ နှစ်အရွယ်မှာ နှစ်ထပ်ကွမ်း ဖေဖေဖြစ်လာတဲ့ အယ်လ်တန်ဂျွန်

ဗြိတိန် ပေါ့ပ်အဆိုတော်ကြီး အယ်လ်တန်ဂျွန်နဲ့ သူ့အမျိုးသား အဖော် ဒေးဗစ်တို့ရဲ့ ဒုတိယမြောက် သားလေးကို လော့စ်အိန်ဂျလိစ်မှာ အငှားကိုယ်ဝန်ဆောင်နဲ့ အောင်မြင်စွာ ဖွားမြင်ပေးလိုက်ပြီ ဖြစ်တာကြောင့် သူတို့နှစ်ယောက်ဟာ နှစ်ထပ်ကွမ်းဒက်ဒီတွေ ဖြစ်သွားပြီလို့ ကြေညာမောင်းခတ်လိုက်ပါတယ်။

'အယ်လီဂျာဂျိုးဇက်ဒယ်နီ ယယ်လ်ဖားနစ်ရှ်ဂျွန်' လို့အမည် ပေးထားတဲ့ သားငယ်လေးကို ဇန်နဝါရီလ ၁၁ ရက်နေ့မှာ မျက်နှာမြင်ခဲ့တဲ့အကြောင်းကို အသက် ၆၅ နှစ်ရှိပြီဖြစ်တဲ့ ဖေဖေ အယ်လ်တန်ဂျွန်က ဇန်နဝါရီလ ၁၅ ရက်နေ့က သူ့ရဲ့ဝက်ဘ်ဆိုက်ကနေ အသိပေးခဲ့တာဖြစ်ပါတယ်။

သူတို့စုံတွဲရဲ့ ပထမဆုံးသားလေးက တော့ Zachary လို့အမည်ရပြီး အသက် နှစ်နှစ် ရှိနေပါပြီ။

"ကျွန်တော်တို့ နှစ်ယောက်စလုံး ကလေးလိုချင်နေကြတာပါ။ ဒါပေမဲ့ အခု ကျွန်တော်တို့မှာ သားလေးနှစ်ယောက်တောင် ရှိနေပြီဆိုတော့ တကယ့်ကို မယုံနိုင်စရာပါပဲ။ ဒုတိယသားလေး မွေးလာတာဟာ ကျွန်တော်တို့မိသားစု ကို အရမ်းပြည့်စုံသွားစေပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ခံစားနေ ရတာကို အပြည့်အဝပြောပြဖို့ရာ စကားလုံး မရှိပါဘူး။ ကျွန်တော်တို့ အရမ်းကို ပျော်နေကြပါတယ်"လို့ သူတို့စုံတွဲက ပြောကြားခဲ့တာကို 'ဟယ်လို'မဂ္ဂဇင်းမှာ ဖော်ပြထား ပါတယ်။

အယ်လ်တန်ဂျွန်ဟာ လိင်တူချစ်သူ ဖြစ်တဲ့ ဒေးဗစ်ဖားနစ်ရှ် (၅၀ နှစ်) နဲ့ ၁၂ နှစ်ကြာတွဲနေခဲ့ပြီးတဲ့နောက် ၂၀၀၅ ခုနှစ်မှာ လက်ထပ်ခဲ့တာဖြစ်ပါ တယ်။ **(ယူပီအိုင်)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

အနီရဲရဲဖက်ရှင်နဲ့ ခင်ပွန်းသည်ရဲ့ရာထူးလက်ခံပွဲမှာ တင့်တယ်လှပနေတဲ့ မီရှဲလ်အိုဘားမား

အမေရိကန်သမ္မတ ဘာရက်အိုဘား မားရဲ့ဇနီးသည် မီရှဲလ်အိုဘားမားကို တရုတ်(တိုင်ပေ)ဖွား အမေရိကန်အခြေ စိုက် ဒီဇိုင်နာဂျေဆန်ဝူးရဲ့ လက်ရာကို အားပေးတဲ့ သစ္စာရှိဖောက်သည်တစ်ဦး လို့ ပြောရတော့မှာပါ။ ဒီအတွက် ခိုင်လုံ တဲ့ သက်သေတွေလည်း ရှိနေပြန်ပါ တယ်။

ယူအက်စ်ရဲ့ First Lady ဟာ ဇန်နဝါ ရီလ ၂၁ ရက်နေ့က ကျင်းပခဲ့တဲ့ ခင်ပွန်း သည်ရဲ့ ဒုတိယအကြိမ် သမ္မတရာထူး လက်ခံပွဲမှာ ဝူးရဲ့ဝတ်စုံနဲ့ ပွဲထွက်ခဲ့သလို လွန်ခဲ့တဲ့လေးနှစ်က ပထမအကြိမ် သမ္မတရာထူးလက်ခံပွဲမှာလည်း ဝူးရဲ့ လက်ရာကိုပဲ ရွေးချယ်ဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။

ဝါရှင်တန်ရှိ ညီလာခံခန်းမကြီးထဲက လူထောင်ပေါင်းများစွာရှေ့ကို မီရှဲလ် ဟာ ဒီဇိုင်နာဝူးရဲ့လက်ရာ ပတ္တမြားသွေး နီရောင်ပိုးကတ္တီပါ ကုပ်သိုင်းဂါဝန်ကို Jimmy Choo လေဒီရှူးနဲ့ တွဲဖက်ဝတ် ဆင်ပြီး ဘယ်ဘက်လက်သွယ်ကြွယ်မှာ Kimberly McDonald ဆိုင်က စိန်စီ ထားတဲ့လက်စွပ်ကို ဆင်မြန်းပြီး လှပတင့် တယ်လွန်းစွာ ရောက်ရှိလာခဲ့ပါတယ်။

ပေါ့ပ်အဆိုတော် ဂျနီဖာဟဒ်ဆန်က Al Greenရဲ့သီချင်းဖြစ်တဲ့ "Let's Stay Together" နဲ့ သီဆိုဖျော်ဖြေပေးနေတဲ့ အချိန်မှာ သားနားတဲ့ တပ်ခ်စီဒိုဝတ်စုံ ကို ဆင်မြန်းထားတဲ့ သမ္မတကြီး အိုဘား မားဟာ မီရှဲလ်ရဲ့လက်ကိုဆွဲပြီး စင်ထက် မှာ စည်းချက်နဲ့အညီ ညင်ညင်သာသာ လေး တွဲကခဲ့ပါတယ်။

"ကျွန်မရဲ့ခင်ပွန်း အမေရိကန်သမ္မတ ဘာရက်အိုးဘားမားနဲ့အတူ Let's Stay Together သီချင်းလေးနဲ့ တွဲကခဲ့ပါ တယ်။ ဘာရက်အတွက် ကျွန်မ အရမ်း ကို ဂုဏ်ယူမိပါတယ်"လို့ မီရှဲလ်က သူ့ရဲ့တွစ်တာစာမျက်နှာမှာ ရေးတင် ထားပါတယ်။

လွန်ခဲ့တဲ့လေးနှစ် ၂၀၀၉ ခုနှစ်က အိုဘားမား သမ္မတရာထူးလက်ခံပွဲမှာ မီရှဲလ်ဝတ်ဆင်ခဲ့တဲ့ ပခုံးတစ်ဖက်ပျောက် အဖြူရောင်ဂါဝန်ရဲ့ဖန်တီးရှင် ဝူးက သူ့ရဲ့လက်ရာကို မီရှဲလ် နောက်တစ်ကြိမ် ရွေးချယ်ဝတ်ဆင်ခဲ့တဲ့ အတွက် အရမ်းကို အံ့ဩဝမ်းသာသွားတယ်လို့ ဖက်ရှင်ဂျာနယ် Women's Wear Daily ကို ပြောကြားခဲ့ပါတယ်။

"မစ္စစ်အိုဘားမားကတော့ လျှို့ထားတတ်ပုံရ ပါတယ်။ ဒီတစ်ခါလည်း ကျွန်တော့်ကို အံ့အား သင့်အောင် လုပ်လိုက်ပြန်ပါပြီ" လို့ ဝူးက WWD ကို ပြောကြားခဲ့ပါတယ်။

တနင်္လာနေ့ မနက်ပိုင်းမှာပဲ ဝါရှင်တန် က လွှတ်တော်အဆောက်အအုံတစ်ခု ဖြစ်တဲ့ Capitol မှာ ကျင်းပခဲ့တဲ့ အိုဘား မားရဲ့ သမ္မတဒုတိယသက်တမ်း ကျမ်း သစ္စာကျိန်ဆိုပွဲမှာတော့ လမ်းမပေါ် ထွက်ပြီးတော့လည်း ပရိသတ်တွေကို နှုတ်ဆက်ကြတာကြောင့် မီရှဲလ်အိုဘား မားဟာ ရေခဲလုနီးပါးအေးနေတဲ့အချိန် အခါနဲ့ လိုက်ဖက်အောင် Thom Browne ရဲ့ လက်ရာအပြာရောင် ကုတ် အင်္ကျီ၊ J.Crew တံဆိပ်ခါးပတ်နဲ့ လက်အိတ်တွေ ဆင်မြန်းပြီး ပွဲတက်လာ ခဲ့ပါတယ်။ **(အေအက်ဖ်ပီ)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

ခင်ပွန်းသည်ဖြစ်သူရဲ့ ဒုတိယအကြိမ် သမ္မတရာထူး လက်ခံပွဲနဲ့ သစ္စာကျမ်းကျိန်ဆိုပွဲမှာ မီရှဲလ်အိုဘားမားဟာ တင့်တယ်လှပလှတဲ့ ဝတ်စုံများနဲ့ ပရိသတ်တွေကို ဖမ်းစားနိုင်ခဲ့ ပါတယ်။
ဓာတ်ပုံ-အေအက်ဖ်ပီ

Living Square

Yangon Showroom — Room 4008 / 4054 Level (3), Taw Win Centre, Pyay Road, Dagon Township. www.livingsquaremm.com
Email: ls@everseikomm.com Tel: 8600013, 8600014 (Ext: 4008,4054), 09-73022463, 09-5166291, 09-5180454.
Mandalay Showroom — No.151, Road 80, Between 28th & 29th street, Tel : 02-32883
Taung Gyi Showroom — Kalaw Plaza, No.141, Myoma Market (West), Satsamhtun Street, Zaypine Ward. Tel:09-73022461

၁၉-၁-၂၀၁၃ နေ့ ညနေပိုင်းမှာ ကုန်သည်ကြီးများဟိုတယ်က
Red Mountain Estate Wine ညစာစားပွဲ

Mr. Chad Van Den Hoek၊ Ms. Kathlee Sitachitt နှင့် Mr. Wiwat Pattarachupong

Mr. Dididier Belmonte၊ Mr. Romain Caillaud နှင့် Mr. Jared Bissinger

မနှင်းနော်နော်အေး၊ Ms. Patchramon နှင့် မနှင်းလဲ့အောင်

Mr. Douglas Long နှင့် ပွဲတက်သူတစ်ဦး

ဦးအေးကျော်နှင့် မနန်းရွှေယဉ်

Miss Now How 2013 မှ မိုးယုစံ

၁၉၊ ၂၀-၁-၂၀၁၃ ရက်နေ့မှာ ဂမုန်းပွင့်(ကမ္ဘာအေး)က
စိန်နန်းတော် ဆိုင်သစ်ဖွင့်ပွဲ

အောင်ရဲလင်း

အွန်ဆိုင်း

သက်မွန်မြင့်

မိုးဟေကို

သန္တာလှိုင်

၁၉-၁-၂၀၁၃ ရက်နေ့မှာ ပြည်သူ့ရင်ပြင်က
City Mart Fun Game

ဒေါ်ဝင်းဝင်းတင့်

ကိုဖြိုးမင်းကျော်

ကိုဇော်မင်းလတ်

ကိုမျိုးဝင်းကျော်

Ms. Wang Li Jun

၁၄-၁-၂၀၁၃ ရက်နေ့မှာ ကုန်သည်ကြီးများဟိုတယ်က
Miss Now How 2013

ဝင့်ယမုံလှိုင်

မချို၊ မခိုင်၊ ဦးမျိုးနှင့် လင်းလင်း

ယုသန္တာတင်

ငြိမ်းအိအိထွေး
စီစဉ်သည်။

သိပ်မအေးတော့တဲ့ဘက်ကို
ရောက်လာပြီဆိုတော့
အအေးကြိုက်တဲ့ ဆောင်းချစ်သူ
ဆိုရှယ်ပရိသတ် အဆင်ပြေပါရဲ့လား။
ဘယ်လိုရာသီဥတုပဲ ဖြစ်နေပါစေ၊
ပြီးခဲ့တဲ့ သီတင်းပတ်က
တက်ရောက်ခဲ့တဲ့ ဆိုရှယ်ပွဲ
တော်တော်များများကို ပရိသတ်အတွက်
ဖော်ပြလိုက်ပါတယ်ရှင်. . .။

မော့စ် အကယ်ဒမီညစာစားပွဲ

ဒိန်းဒေါင်နှင့် ခင်လှိုင်

ဒေါ်ဆွေဇင်ထိုက်

အကယ်ဒမီ မော့စ်

အေးမြတ်သူနှင့် မော့စ်၏သား

ပုလဲဝင်းနှင့် ချစ်စန်းဦး

၁၆–၁–၂၀၁၃ ရက်နေ့မှာ ကုန်သည်ကြီးများဟိုတယ်က Asus ပရိုမိုးရှင်းပွဲ

ကိုကျော်ထွန်း

ကိုကျော်ဆန်းဦးနှင့် မအေးမြတ်မွန်


မသူဇာ

ဒေါ်သင်းသင်းလှိုင်

ဦးသန့်ဇင်ထွေး

၁၉–၁–၂၀၁၃ ရက်နေ့မှာ M3 Restaurant က New V.Rohto ကာစမ်းမဲဖွင့်ပွဲ

Rohto Mentholatum(Myanmar) ဝန်ထမ်းများ

ဒေါ်သိဂ်ဝင်းခိုင်၊ ဒေါ်စန္ဒာရွှေနှင့် မခင်ယုယုဇော်

၈–၁–၂၀၁၃ ရက်နေ့မှာ ဆီဒိုးနားဟိုတယ်က Cotto Thank You Party

မမိုးနှင့် မနယ်လီထွန်း

မော်ဒယ်တစ်ဦး

မမော်

ဦးစိုင်းယီ၊ ဒေါ်သင်းသင်း မိသားစု

တစ်ပတ်စာ သင့်ဗေဒင်ဟောစာတမ်း

ပရောဖက်မြတ်သစ် (နက္ခတ္တဝေဒပညာရှင်)
အခန်း(၂၀၁)၊ ဒုတိယထပ်၊ တိုက်(၄)၊
သီရိဂုဏ်အိမ်ရာ ဝေဇယန္တာလမ်း၊ ၁၆/၂
ရပ်ကွက်၊ သဃ်န်းကျွန်း။
ဖုန်း - ၀၉ ၇၃၀၀ ၄၉၃၂၊ ၅၆၇၇၆၅၊ ၅၇၇၉၉၁။

၂၀၁၃၊ ဇန်နဝါရီလ
၂၅ ရက်မှ ၃၁ ရက်အထိ

မိဿရာသီဖွား (Aries) မတ် ၂၂ မှ ဧပြီ ၂၀ - အဆက်အသွယ်ကောင်းများ ပေါ်ပေါက်လာမည်။ ညီအစ်ကိုသားချင်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အောင်မြင်မည်။ အိမ်၊ ခြံ၊ မြေ၊ ကားတို့နှင့်ပတ်သက်၍ အသင့်အတင့် အကျိုးရှိလိမ့်မည်။ မိမိ၏ လုပ်ငန်းအခြေအနေများလည်း ကောင်းမွန်တိုးတက်မည်။ အိမ်ထောင်ဖက်ကြောင့် လျှပ်တစ်ပြက်ဝင်ငွေ တိုးနိုင်၏။ ၂၅ ရက်၊ ၂၆ ရက်တို့သည် ကံကောင်းနေ၍ အရေးကြီးသော အလုပ်များ ဦးစားပေးဆောင်ရွက်သင့်၏။ **ယတြာ - တရားစာအုပ်များ ဓမ္မဒါနပြုပါ။**

ပြိဿရာသီဖွား (Taurus) ဧပြီ ၂၁ မှ မေ ၂၁ - ယေဘုယျကံကောင်းသည့် ရက်များဖြစ်သည်။ ဝင်ငွေတိုးတက်ကောင်းမွန်နိုင်သည်။ မိမိ၏ ကြိုးစားလုပ်ဆောင်မှုကြောင့် လုပ်ငန်းသစ်များ အရှိန်အဟုန်နှင့် တိုးတက်အောင်မြင်လာမည်။ ပိုမို၍ အကျိုးအမြတ် အခွင့်အလမ်းကောင်းသည့် လုပ်ငန်းများလည်း ပေါ်ပေါက်လာတတ်သည်။ ကုသိုလ်ရေးအဓိဌာန်အောင်မည်။ **ယတြာ - တရားတိပ်ခွေ၊ စီဒီချပ်များ ဓမ္မဒါနပြုပါ။**

မေထုန်ရာသီဖွား (Gemini) မေ ၂၂ မှ ဇွန် ၂၂ - ကံကောင်းသည့် ရက်များဖြစ်သည်။ ငွေကြေးကိစ္စများ အဆင်ပြေမည်။ အကြံအစည်အောင်မည်။ အကြံဉာဏ်ကောင်းများလည်း ပေါ်ထွက်လိမ့်မည်။ ဝေးကွာနေသော ဆွေမျိုးမိတ်သင်္ဂဟတို့နှင့် ပြန်လည်ဆုံစည်းရတတ်သည်။ ရပ်ဝေးအဆက်အသွယ်ကောင်းရမည်။ ယာယီအရောင်းအဝယ်လုပ်ငန်းများ ရေရှည်တည်တံ့အကျိုးပေးလာမည်။ အခက်အခဲပြဿနာတို့ကို အောင်မြင်ကျော်လွှားနိုင်မည်။ **ယတြာ - ရွှေသင်္ကန်းကပ်လှူပေးပါ။**

ကရကဋ်ရာသီဖွား (Cancer) ဇွန် ၂၃ မှ ဇူလိုင် ၂၃ - ပြောသမျှဆိုသမျှ ထိရောက်အောင်မြင်မည်။ ကိုယ်ရည်ကိုယ်သွေး အစွမ်းအစလည်း တိုးတက်လာမည်။ အိမ်၊ ခြံ၊ မြေ၊ ကားတို့နှင့်ပတ်သက်၍ လိုအင်ဆန္ဒပြည့်ဝတတ်၏။ အများနှင့် ပူးပေါင်းဆောင်ရွက်ရသောကိစ္စများတွင် ကြီးပွားတိုးတက်အောင်မြင်နိုင်၏။ ရာထူးဂုဏ်သိန်တိုးမည်။ အစုစပ်အလုပ်များ ဆောင်ရွက်အကျိုးရှိနိုင်၏။ အိမ်ထောင်ရေးကိစ္စတို့၌မူ ရွေးချယ်ဆုံးဖြတ်ရန် အခက်အခဲရှိလိမ့်မည်။ **ယတြာ - မွေးနံ့ထောင့်၌ အခင်း (သို့) ကော်ဇောတစ်မျိုးမျိုး လှူပါ။**

သိဟ်ရာသီဖွား (Leo) ဇူလိုင်၂၄ မှ ဩဂုတ် ၂၃ - အကြံအစည်များ အကောင်အထည်ဖော်ရန် အချိန်စောင့်ရဦးမည်ဖြစ်သည်။ ဥပဒေနှင့် မညီသောပြောဆိုဆောင်ရွက်ခြင်းများ မပြုသင့်။ မမျှော်လင့်ဘဲ လုပ်ငန်းအကျိုးအမြတ်ပေါ်ထွက်မည်။ လုပ်ငန်းလက်ကျန်ငွေများလည်း ပြန်လည်ရရှိနိုင်၏။ အဓိကအလုပ်၌ ဆက်လက်တည်တံ့ အောင်မြင်နိုင်ပါသည်။ အိမ်ထောင်ဖက်နှင့်ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်ရလိမ့်မည်။ **ယတြာ - ရောင်စုံလျှပ်စစ်မီးများ ပူဇော်ပါ။**

ကန်ရာသီဖွား (Virgo) ဩဂုတ် ၂၄ မှ စက်တင်ဘာ ၂၃ - ကုသိုလ်ကံတရားပွင့်လန်းနေချိန်ဖြစ်သည်။ မိဘဆရာသမား၊ အကြီးအကဲတို့ထံမှ ကောင်းကျိုးများရရှိလိမ့်မည်။ အတိတ်နိမိတ်ကောင်း၊ အိပ်မက်ကောင်းများ မြင်မက်မည်။ ထိုအခါ အမွေအနှစ်၊ မြေယာနှင့် ရတနာအရောင်းအဝယ်တို့ အကျိုးကျေးဇူးပိုမိုဖြစ်ထွန်းလာမည်။ ၂၅ ရက်၊ ၂၆ ရက်၊ ၂၈ ရက်တို့ ကံကောင်းနေ၍ လုပ်ငန်းစတင်ခြင်း၊ ချဲ့ထွင်ခြင်းပြုသင့်၏။ အစားအသောက် အပြောအဆို ဆင်ခြင်ပါ။ **ယတြာ - စနေထောင့်၌ ရွှေဖယောင်းတိုင်များ ပူဇော်ပါ။**

တူရာသီဖွား (Libra) စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၂၃ - ကံကောင်းသည့် ရက်များဖြစ်သည်။ အခက်အခဲ၊ ရန်နှင့် ပြဿနာတို့ကို တည်ငြိမ်စွာ ဖြေရှင်းကျော်လွှားအောင်မြင်မည်။ အိမ်ထောင်ဖက်ကြောင့် ကောင်းကျိုးများစွာ ဖြစ်ထွန်းလိမ့်မည်။ **ယတြာ - မွေးနံ့ထောင့်၌ ရောင်စုံပန်းများ ကပ်လှူပေးပါ။**

ဗြိစ္ဆာရာသီဖွား (Scorpio) အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂ - အိမ်ထောင်ရေးသာယာမည်။ ချစ်သူခင်သူနှင့် ပြန်လည်ဆုံစည်းရတတ်၏။ အတိတ်ဘဝကုသိုလ်ကံပွင့်လန်းနေမည်။ ၂၈ ရက်၊ ၃၀ ရက်တို့သည် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ထွက်မည်။ ရပ်ဝေးဆက်သွယ်လုပ်ကိုင်မှုများ အောင်မြင်မည်။ မိဘဆရာသမားတို့ထံမှ ကောင်းကျိုးများရမည်။ ပညာရေးမျှော်လင့်ချက်များ ပိုမိုထိရောက်အောင်မြင်လာတော့မည်။ **ယတြာ - သစ်သီးများ လောင်းလှူကပ်လှူပါ။**

ဓနုရာသီဖွား (Sagittarius) နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၂ - ခက်ခဲနက်နဲသော ပညာရပ်များ လေ့လာသင်ယူရာ၌ ခရီးပိုရောက်နိုင်သည်။ လက်လွှနေသော ငွေကြေးများလည်း ပြန်လည်တောင်းခံရရှိနိုင်၏။ ပင်လယ်ပြင်လုပ်ငန်းများလည်း အကျိုးပေးနေတတ်သည်။ ယာယီအလုပ်များ၌ အကျိုးအမြတ်ကောင်းစွာ ရရှိမည်။ ဆေးဝါး၊ စက်ပစ္စည်း၊ စားသောက်ကုန် ဈေးသက်သက်သာသာနှင့် ဝင်နိုင်သည်။ အလယ်အလတ်တန်းစား စာရေးကိရိယာများ ထုတ်လုပ်ရောင်းချမှု အကျိုးအမြတ်တိုးတက်ရရှိလိမ့်မည်။ လုပ်ငန်းချဲ့ထွင်နိုင်မည်။ **ယတြာ - ကြာသာပတေးထောင့်၌ အောင်သပြေ၊ မေမြို့ပန်းများ ကပ်လှူပါ။**

မကာရရာသီဖွား (Capricorn) ဒီဇင်ဘာ ၂၃ မှ ဇန်နဝါရီ ၁၉ - ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၈ ရက်တို့၌ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများ အဆင်ပြေလိမ့်မည်။ မိမိ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် မှန်ကန်သော ရင်းနှီးမြှုပ်နှံတတ်မှုကြောင့် လုပ်ငန်းများအတွက် အနာဂတ်အောင်မြင်မှုများကို စတင်မျှော်မှန်းနိုင်လိမ့်မည်။ ပြောဆိုညှိနှိုင်းဆွေးနွေးမှုများ အောင်မြင်မည်။ တပည့်တပန်းဟောင်းများ၊ ညီအစ်ကိုသားချင်းများ အကျိုးပေးနေမည်။ အိမ်၊ ခြံ၊ မြေကိစ္စတို့နှင့်ပတ်သက်၍ လိုအင်ဆန္ဒပြည့်ဝနိုင်၏။ **ယတြာ - မွေးနံ့ထောင့်၌ အောင်သပြေနှင့် မေမြို့ပန်းများ ကပ်လှူပါ။**

ကုံရာသီဖွား (Aquarius) ဇန်နဝါရီ ၂၀ မှ ဖေဖော်ဝါရီ ၁၉ - ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ ၎င်းတို့နှင့်ပတ်သက်သော ပစ္စည်းများ အကျိုးပေးလိမ့်မည်။ မိမိ၏ အကြံအစည်ကောင်းများ အောင်မြင်ရန် အခြေအနေကောင်းများ ပေါ်ထွက်လာမည်။ အထူးသဖြင့် လူကြီးမိဘ၊ ဆရာသမားတို့နှင့် ပူးပေါင်းကူညီဆောင်ရွက်မှုများ အကျိုးရှိလိမ့်မည်။ ဂုဏ်သိက္ခာနှင့် ပြည့်စုံပြီး ထင်ပေါ်ကျော်ကြားနိုင်၏။ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းများ တက်ရောက်ရာ၌ အကျိုးရှိလိမ့်မည်။ **ယတြာ - ဘက်စုံပြုပြင်ရန် ငွေလှူပါ။**

မိန်ရာသီဖွား (Pices) ဖေဖော်ဝါရီ ၂၀ မှ မတ် ၂၁ - ၂၈ ရက်၊ ၃၀ ရက်တို့တွင် ယာယီပေါ်ပင်အလုပ်များ အကျိုးရှိနိုင်၏။ ၂၅ ရက်၊ ၂၆ ရက်နေ့တို့တွင် အပျော်မလွန်သင့်။ ပညာရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ကြုံတွေ့ရတတ်၍ဖြစ်သည်။ သားသမီးတပည့်တပန်း ကောင်းကျိုးပေးမည်။ နိုင်ငံရေးသမားများအဖို့ ဂုဏ်သိက္ခာနှင့် နာမည်ကောင်းပိုမိုတိုးတက်ရရှိလာနိုင်သည်။ ရန်နှင့်အခက်အခဲတို့ကို အောင်မြင်ကျော်လွှားနိုင်မည်။ အရောင်းအဝယ် ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းများ အထူးကောင်းကျိုးပေးနေမည်။ **ယတြာ - တနင်္လာထောင့်၌ ရွှေသင်္ကန်းကပ်ရန် အလှူငွေထည့်လှူပါ။**

ကဲ . . . ကိန်းဂဏန်းတွေကို နေရာချရအောင် . . .

ကိန်းဂဏန်းတွေကို စီစဉ်နေရာချရမှာပါ။ ကစားနည်းရဲ့စည်းကမ်းကတော့ အလျားလိုက်ပဲဖြစ်ဖြစ်၊ ထောင်လိုက်ပဲဖြစ်ဖြစ်၊ မညီမညာအကွက်ကလေးမှာ တစ်ခုချင်းစီအနေနဲ့ ခွဲကြည့်ပြီးဖြစ်ဖြစ် ၁ ကနေ ၉ အထိ စီစဉ်နေရာချပေးရမှာပါ။ ဒီကစားနည်းအဖြေကို လာမယ့် တနင်္လာနေ့နောက်ဆုံးထားပြီး Tea Break ကဏ္ဍလို့ ခေါင်းစဉ်တပ်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်ဖော်ပြလို့ မြန်မာတိုင်း(မ်)ဆီကို စာ (သို့) teabreak.timeout@gmail.com ကတစ်ဆင့် ပေးပို့ရပါမယ်။ ကံထူးရှင်တစ်ဦးတည်းကိုသာ ရွေးချယ်လို့ နေ့လယ်စာကျွေးမှာဖြစ်ပြီး အချိန်ကို ဖုန်းဆက်အကြောင်းကြားမှာဖြစ်ပါတယ်။

အမှတ်စဉ်(၃၃၁)

4			6	5				2
2	9						7	
		8	9		1	6		
			4			9	1	7
		1		8		4		
6	4	7			9			
		9	8		4	7		
	6						4	8
3				7	2			9

အမှတ်စဉ်(၃၃၀)အတွက် အဖြေမှန်

6	7	9	4	8	5	1	2	3
3	8	5	2	1	6	4	9	7
1	2	4	7	9	3	8	6	5
5	1	3	9	6	8	2	7	4
2	6	8	5	4	7	3	1	9
9	4	7	1	3	2	5	8	6
8	9	6	3	5	1	7	4	2
4	3	2	8	7	9	6	5	1
7	5	1	6	2	4	9	3	8

အမှတ်စဉ် (၃၃၀) ကံထူးရှင် – မအေးအေးသူ၊ H/RGN 020076၊ အမှတ်–၁၂၉၊ ပထမထပ်၊ ရွှေတောင်တန်းလမ်း၊ ရန်ကုန်။ ဖုန်း–၂၂၃၆၆၉။

Events flash

တစ်ပတ်အတွင်း ရုပ်ရှင်

ဇန်နဝါရီလ ၂၅ ရက်နေ့ကစတင်ပြီး သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ Junction မော်တင်နဲ့ Junction Squre က ရုပ်ရှင်ရုံတွေမှာ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးပြီး ရန်အောင်၊ မင်းမော်ကွန်း၊ နေတိုး၊ စိုးမြတ်သူဇာ၊ ချစ်သုဝေနဲ့ ဝတ်မှုံရွှေရည်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ "အထာအသစ်နဲ့ နှစ်ခါ ချစ်မယ်" ဆိုတဲ့ ဇာတ်ကားကို ရုံတင်ပြသမှာ ဖြစ်ပါတယ်။ နေပြည်တော်ရုံမှာတော့ "Guillotines" တရုတ်ကားကိုပဲ ဆက်ပြီး ရုံတင်မှာ ဖြစ်ပါတယ်။ ရွှေ့ဆောင်ရုံမှာလည်း "Dabangg-2" ကိုပဲ ဆက်လက်ရုံတင်သွားမှာဖြစ်ပါတယ်။

Art+Plug ပန်းချီပြပွဲ

ပန်းချီ ဟန်စန်း၊ မြင့်စိုးဦး၊ မြင့်သူရ၊ သိုးထိန်းနဲ့ ဝဏ္ဏအောင်တို့ ဖန်တီးထားတဲ့ ပန်းချီလက်ရာများကို ကြည့်ရှုခံစားရမယ့် ဒီပြပွဲကို ဇန်နဝါရီလ ၂၃ ရက်နေ့ကနေ ၂၇ ရက်နေ့ထိ တကောင်းပြခန်း (အမှတ် ၇၊ မဟာစည် သာသနာ့ရိပ်သာလမ်း၊ ဗဟန်း)မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပွဲအမည်ကို "Art+Plug" လို့ ပေးထားပြီး ပြပွဲဝင်ကြေးအဖြစ် တစ်ဦးအတွက် ကျပ် ၂၀၀ သတ်မှတ်ထားပါတယ်။

ငွေဖြိုးရဲ့ တစ်ကိုယ်တော်ပန်းချီပြပွဲ

ဒီပွဲလေးကို ဇန်နဝါရီလ ၂၆ ရက်နေ့ကနေ ၃၀ ရက်နေ့အထိ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းရှိ Gallery 65 မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

Art Field ပန်းချီပြပွဲ

လောကနတ် အနုပညာပြခန်းမှာတော့ "Art Field" လို့ အမည်ပေးထားတဲ့ အဖွဲ့လိုက်ပန်းချီပြပွဲကို ဇန်နဝါရီလ ၂၉ ရက်နေ့ကစပြီး ဖေဖော်ဝါရီ ၂ ရက်နေ့အထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။

စာအုပ်ဈေးရောင်းပွဲတော်

ဇန်နဝါရီ ၃၁ ရက်နေ့ကနေ ဖေဖော်ဝါရီ ၃ ရက်နေ့အထိ တော်ဝင်စင်တာနဲ့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတို့မှာ စာအုပ်ဈေးရောင်းပွဲတော်တွေ ရှိပါတယ်။ ဒီပွဲတော်တွေကို The Myanmar Publishers and Distributors Association မှ စီစဉ်ကျင်းပမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဟူးနေ့ဝိုင်ကလပ်

QP Inya Shop (အမှတ် - ၃၀၊ အင်းယားလမ်း)မှာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လူတစ်ဦးစာ ဝိုင်လေးမျိုး (သို့) ငါးမျိုးကို ကျပ်တစ်သောင်းနှုန်းနဲ့ ပျော်ပျော်ပါးပါး မြည်းစမ်းနိုင်တဲ့ Wednesday Wine Club အစီအစဉ်ရှိပါတယ်။ အသေးစိတ်သိချင်တယ်ဆိုရင် chad.quar to @gmail.com (သို့) ဖုန်း - ၀၉၇၃၂၁၈၇၁၁ ကိုဆက်သွယ်မေးမြန်းနိုင်ပါတယ်။

Salsa အကသင်တန်း

ချက်ထရီယံဟိုတယ်နား၊ ဦးထွန်းမြတ်လမ်းထဲမှာရှိတဲ့ The Hola Bar မှာ ကြာသာပတေးနေ့ညတိုင်း ၈ နာရီခွဲကနေ ၁၁ နာရီအတွင်း salsa အကသင်တန်းရှိပါတယ်။ စတင်လေ့လာ-တဲ့ သူတွေကို သင်တန်းကြေးအခမဲ့နဲ့ လက်ခံသင်ကြားပေးမှာဖြစ်ပါတယ်။ ဒါပေမယ့် ဖျော်ရည်ဝယ်ယူမယ်ဆိုရင် ပထမဆုံး တစ်ခွက်အတွက် ကျပ် ၅,၀၀၀ သတ်မှတ်ထားပါတယ်။

Classic Rock

သောကြာနေ့ညတိုင်း 50th Bar မှာ Friendship တီးဝိုင်းအဖွဲ့ရဲ့ classic rock သံစဉ်တွေကို နားဆင်ခံစားနိုင်တဲ့ အစီအစဉ်ရှိပါတယ်။

ရာဝတီစာပေပွဲတော်

ဒီစာပေပွဲတော်ကို ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ ၃ ရက်နေ့ထိ အင်းလျားလိတ်ဟိုတယ်မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲ၊ ရုပ်ရှင်ပြသမှုအစီအစဉ်၊ ဓာတ်ပုံပြပွဲနဲ့ ဈေးရောင်းပွဲတော်များပါဝင်မှာဖြစ်ပြီး ဝင်ခွင့်လက်မှတ်ဈေးနှုန်းကတော့ တစ်ဦးလျှင် ကျပ် ၁,၅၀၀ ဖြစ်ပါတယ်။ လက်မှတ်တွေကို အင်းလျားလိတ်ဟိုတယ်၊ ဗြိတိသျှကောင်စီ၊ မြန်မာဘွတ်ခ်စင်တာနဲ့ တူဒေးစာအုပ်ဆိုင်တွေမှာ ရရှိနိုင်ပါတယ်။

Y-Talk ရဲ့ နှစ်ပတ်လည်ဖျော်ဖြေပွဲ

ဟစ်ဟော့ပ်နဲ့ ရော့ခ်တေးဂီတများကို နားဆင်ခံစားနိုင်မယ့် ဖျော်ဖြေပွဲတစ်ခုကို ကန်တော်ကြီးမျှော်စင်ကျွန်းမှာ ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒီပွဲမှာတော့ R ဇာနည်၊ ဟဲလေး၊ ဆိုတေး၊ S.I.R တို့အပါအဝင် အနုပညာရှင်များစွာ ပါဝင်ဖျော်ဖြေကြမှာ ဖြစ်ပါတယ်။

ချက်ထရီရယ်ရဲ့ တရုတ်နှစ်သစ်ကူးအထူးအစီအစဉ်

မြွေနှစ်ကို ကြိုဆိုတဲ့အနေနဲ့ ဖေဖော်ဝါရီလ ၅ ရက်ကနေ ၁၅ ရက်နေ့အထိ ဟိုတယ်ရှိ Tiger Hill စားသောက်ဆိုင်မှာ ကံကောင်းခြင်းဟင်းလျာတစ်မျိုးဖြစ်တဲ့ ရီဆန်းအသုပ်နဲ့ အခြားနှစ်သစ်ကူးဟင်းလျာများကို ရောင်းချပေးသွားမှာဖြစ်ပါတယ်။ အနည်းဆုံးလူဦးရေ ၆ ယောက်မှ စတင်သုံးဆောင်နိုင်ပြီး ကြိုတင်ဘိုကင်ပြုလုပ်လိုပါက ဖုန်း - ၅၄၄၅၀၀ (လိုင်းခွဲ - ၆၂၅၃) ကို ဆက်သွယ်နိုင်ပါတယ်။ ■

ဉာဏ်ပြေးတဲ့ယောကျ်ား

ခင်ပွန်းဖြစ်သူဟာ ညနေခင်းတစ်ခုမှာ မိန်းမဖြစ်သူထံ ဖုန်းမက်ဆေ့ချ် တစ်စောင် ပို့လိုက်ပါတယ်။

"အချစ်ရေ . . ကိုယ်တော့ ဒီည အိမ်ပြန်နောက်ကျမယ်။ ဒါကြောင့်မို့ ကိုယ့်ဝတ်ထားပြီးသား ရုံးအင်္ကျီတွေကို လျှော်ပေးထားနော်။ ကိုယ်ပြန်လာရင် စားဖို့အတွက်လည်း ကိုယ်ကြိုက်တဲ့ဟင်းလည်း ချက်ထားပေးပါကွာ"လို့ စာထဲမှာ ရေးမှာထားပါတယ်။

ဒီလိုနဲ့ ပထမစာပို့ပြီး ခဏအကြာမှာ အမျိုးသားဟာ နောက်စာတစ်စောင် ထပ်ပို့လိုက်ပြန်ပါတယ်။ အဲဒီစာထဲမှာတော့ "စောစောက ပြောစရာတစ်ခု ကိုယ်မေ့သွားတယ် . . အချစ်ရေ၊ ဒီလကုန်ရင် ကိုယ်လစာတိုးမယ်သိလား။ ဒါကြောင့် မင်းကို ကားတစ်စီးဝယ်ပေးမယ်နော်"လို့ ရေးထားပါတယ်။

ဒီတစ်ကြိမ်မှာတော့ အမျိုးသားဟာ "ဘုရားရေ . . ယောကျ်ား ရှင်တကယ်ပြောတာလား"လို့ ရေးထားတဲ့ပြန်စာကို ချက်ချင်းဆိုသလို ရရှိတာကြောင့် စာပြန်လိုက်တာက "တကယ်ပြောတာ မဟုတ်ဘူး မိန်းမရေ . . ပထမစာ မင်းဖတ်ပြီးပြီလား၊ မဖတ်ရသေးဘူးလားဆိုတာ သိချင်လို့ တမင်ပို့လိုက်တာ"တဲ့။

မိုးမိုးသော် ဘာသာပြန်သည်။ ■

Phyo's Cooking Adventure

Phyo cuts through culture to reveal life's true taste

Pumpkin Desserts

ရွှေဖရုံသီးကို တစ်မျိုးပြီး တစ်မျိုးချက်စားနေတာ ဒီတစ်ပတ်မှာတော့ အချိုပွဲလုပ်နည်းကို တင်ပြလိုပါတယ်။ ဖရုံသီးကို အဓိကသုံးပြီးလုပ်တဲ့ မုန့်တွေက အများကြီးဆိုပေမယ့် oven ကို သုံးရတာမို့ မြန်မာမီးဖိုချောင်တွေမှာ အလွယ်တကူလုပ်စားလို့ရမယ့် ပေါင်းနည်းကို အသုံးပြုထားတဲ့ မုန့်ပဲသရေစာများကို တင်ဆက်လိုက်ပါတယ်။

ဖြိုးကတော့ ဖရုံသီးတွေကို ပေါင်းလိုက်၊ မုန့်တွေကို ပေါင်းလိုက်နဲ့ အလုပ်တွေရှုပ်နေပေမယ့်လည်း ထွက်လာတဲ့ ရလဒ်ကတော့ အမောပြေစရာမို့ ဒီတစ်ပတ်က အလုပ်ဖြစ်တယ်လို့ ပြောရမှာပါပဲ။ ထုံးစံအတိုင်း အရှေ့တိုင်းနှင့် အနောက်တိုင်းအရသာကို ပေါင်းစပ်တီထွင်တတ်တဲ့ အကျင့်ကြောင့် မလေးရှားစတိုင် ရွှေဖရုံသီးဆန်မုန့်ပေါင်းကို သစ်ဂျပိုးခေါက်မုန့်လေးထည့်ကာ လက်တည့်စမ်းထားပါတယ်။ အိုက်စ်ကရင်လေးနဲ့တွဲလိုက်လို့ကတော့ လျှာလည်သွားစေမှာ သေချာပါတယ်။

နောက်တစ်ခုကတော့ ထိုင်းနဲ့ ကမ္ဘောဒီးယားမှာ နာမည်ကြီးလှတဲ့ ရွှေဖရုံသီး ကြက်ဥပူတင်းပါ။ ရုံးပိတ်ရက်ရှည်တွေပြီးလို့ ရုံးပြန်တက်ဖို့ အင်အားတွေ မွေးနေရချိန်မှာ အင်အားတွေ ပြန်လည်ပြည့်လာစေအောင် ဒီပူတင်းလေးက ကူညီပေးနိုင်မယ်လို့ ထင်ပါတယ်။

သစ်ဂျပိုးမှုန့်နံ့သင်းသင်းလေးနှင့် ရွှေဖရုံသီးဆန်ကိတ်မုန့် ပါဝင်ပစ္စည်းများ (ခြောက်ယောက်စာ)

အောက်ခံမုန့်သားအတွက်

ပြုတ်ထားသော
ရွှေဖရုံသီး ဂရမ် ၂၀၀
အုန်းနို့ရည် (ပျစ်ပျစ်) ၁/၂ ခွက် (၁၂၅ မီလီမီတာ)
ဆန်မှုန့် စားပွဲဇွန်း ငါးဇွန်း
သကြား ဂရမ် ၆၀
ကြက်ဥနှစ်လုံး
ဆား
လက်ဖက်ရည်ဇွန်း ၁/၂ ဇွန်း
သစ်ဂျပိုးမှုန့်
လက်ဖက်ရည်ဇွန်း ၁/၂ ဇွန်း
ဟင်းသီးဟင်းရွက်ဆီ အနည်းငယ်

အပေါ်ယံမုန့်သားအတွက်

အုန်းနို့ရည် (ပျစ်ပျစ်) ၁/၄ ခွက် (မီလီမီတာ ၆၀)
ဆန်မှုန့် စားပွဲဇွန်း နှစ်ဇွန်း
ဆား လက်ဖက်ရည်ဇွန်း ၁/၂ ဇွန်း

ပြင်ဆင်ပုံ

အောက်ခံမုန့်သားအတွက်

ရွှေဖရုံသီးများကို အစေ့ထုတ်ပြီး အခွံမခွာပဲ အစိပ်ခပ်ကြီးကြီးလေးစိပ်ပါ။ ပြီးလျှင် ဖရုံသီးများကို ရေနွေးငွေ့နဲ့ ပေါင်းပါ။ အားလုံးနူးအိလာပြီဆိုရင် အအေးခံ၍ အခွံများသင်ထားပါ။ ဖရုံသီးပေါင်းပြီးသား အနှစ်များကို အုန်းနို့ရည်ပျစ်ပျစ်၊ သကြား၊ ဆန်မှုန့်၊ ကြက်ဥ၊ ဆားတို့နဲ့ ဖျော်ရည်စက်ထဲ အားလုံးပေါင်းစပ်သွားသည်အထိ ထည့်ကြိတ်ပြီးထားပါ။

အပေါ်ယံမုန့်သားအတွက်

အုန်းနို့ရည် ပျစ်ပျစ်၊ ဆန်မှုန့်နှင့် ဆားတို့ကို ဇလုံထဲတွင် ထည့်ကာ အားလုံးပေါင်းစပ်ပြီး ပျစ်လာသည်အထိ ဖြည်းဖြည်းခေါက်ကာ မွှေပေးပါ။ ပြီးလျှင် သပ်သပ်ထားပါ။

ပေါင်းအိုးပြင်ဆင်ခြင်း

အိုးခပ်ကြီးကြီးမြင့်မြင့်နဲ့ ၎င်းရဲ့ နှုတ်ခမ်းဝမှာ အတိအကျ တင်နေမယ့် ဆန်ခါခွက်တစ်ခုလိုအပ်ပါတယ်။ အဖုံးဖုံး၍လည်း ရရပါမယ်။ အဓိကကတော့ ဆန်ခါခွက်ဟာ ရေနွေးနှင့် မထိပဲ အဖုံးလည်း လုံရပါမယ်။ ပြီးလျှင် မုန့်သားများ ထည့်ပေါင်းမည့်ခွက်များကိုဟင်းသီးဟင်းရွက်ဆီ နည်းနည်းနဲ့ သုတ်ပါ။ ပေါင်းရာမှာ ခွက်နှင့် မုန့်သားများမကပ်ပဲ ထုတ်ရလွယ်ကူအောင် ဖြစ်ပါတယ်။

အားလုံးအဆင်သင့်ဖြစ်ပြီဆိုရင် မုန့်ပေါင်းရာတွင် သုံးမယ့်အိုးနဲ့ ရေနွေးအိုး

တည်ပါ။ နောက်ပြီး ပေါင်းခံအဖြစ်သုံးမည့် ဆန်ခါခွက်ကို ထည့်ပါ။ ရေနွေးများစပွက်ပြီဆိုရင် မီးကိုလျှော့ပြီး ဖြည်းဖြည်းညင်ညင်သာသာဖြင့် ရေနွေးပွက်နေပါစေ။ မုန့်များပေါင်းရန်အတွက် အဆင်သင့်ဖြစ်ပါပြီ။

အောက်ခံမုန့်သားကို ဇွန်းလေးနဲ့ ခေါက်မွှေသည့်ပုံစံဖြင့် ဖွဖွလေးခေါက်ပါ။ မုန့်အရည်အတွင်း လေများ ဝင်သွားအောင်ဖြစ်ပါတယ်။ ပြီးရင် ဆီသုတ်ထားတဲ့ ပုံစံခွက်များအတွင်းသို့ သုံးပုံနှစ်ပုံခန့်သာသာ မုန့်အရည်များ လောင်းထည့်ပါ။ ခြောက်ခွက်စာ အညီအမျှ ခွဲဝေပြီးထည့်ပါ။ ထိုခွက်များကို အပေါင်းခံမည့် ဆန်ခါခွက်ထဲသို့ ထည့်စီကာ အဖုံးအုပ်ပြီးပေါင်းပါ။ အဖုံးကိုလည်း သန့်ရှင်းတဲ့ အဝတ်နဲ့ ရစ်ပတ်ပြီး ဖုံးအုပ်ပါ။

မုန့်သားများ ကျက်ရန် ၇-၈ မိနစ်ခန့်လောက်ပေါင်းပါ။ အဲဒီနောက် အဖုံးဖွင့်ကာ ဖရုံသီးမုန့်သားများ အပေါ်သို့ အပေါ်ယံမုန့်သားအနှစ်ရည်ကို ဇွန်းနဲ့ လောင်းထည့်ကာ ခွက်နှုတ်ခမ်းဝ အပြည့်နီးနီးအထိ လောင်းထည့်ပါ။ အဲဒီနောက် အဖုံးပြန်ပိတ်ကာ ၄-၅ မိနစ်ခန့်မျှ ပေါင်းပါ။

မုန့်ကျက်မကျက် စစ်ရန်အတွက် ခားဦးချွန်သေးသေး (သို့) သတ္တုချောင်းသေးသေးနဲ့ မုန့်အတွင်းသို့ ထိုးထည့်ကာ ပြန်ဆွဲထုတ်ယူပါ။ ထိုသတ္တုချောင်းပေါ်တွင် မည်သည့်မုန့်သားမျှ ကပ်မကျန်ခဲ့ရင် မုန့်များကျက်ပါပြီ။ အကယ်၍ မုန့်များမကျက်သေးရင် နောက်ထပ်မိနစ်အနည်းငယ်ထပ်ပေါင်းကာ မုန့်များကျက်သည်အထိ ပေါင်းပေးပါ။ မုန့်များကျက်သွားပြီဆိုလျှင် ပေါင်းအိုးမှထုတ်ပြီး အအေးခံကာ မုန့်များကို ပုံစံခွက်မှ ဖြည်းဖြည်းခြင်း ထုတ်ယူပါ။

မုန့်များကို ခပ်နွေးနွေးအချိန်တွင် လက်ဖက်ရည် (သို့)ကော်ဖီနှင့် စားသုံးနိုင်သလို ဗင်နီလာ အိုက်စ်ကရင်ဖြင့်လည်း တွဲဖက်စားသုံးနိုင်ပါတယ်။ မုန့်တွေကို ခွက်သေးသေး (အကြမ်းပန်းကန်) တွေထဲတွင်ထည့်ကာ အသုတ်လိုက်ပေါင်းနိုင်ပါတယ်။

ရွှေဖရုံသီးနှင့် ကြက်ဥပူတင်း ပါဝင်ပစ္စည်းများ

ပြုတ်ထားသော ရွှေဖရုံသီး
ဂရမ် ၃၀၀
အုန်းနို့ရည် (ပျစ်ပျစ်)
မီလီမီတာ ၃၀၀
မုန့်ဖုတ်ရာမှာသုံးသည့်
သကြားအညို ဂရမ် ၆၀
ကြက်ဥ သုံးလုံး
ဆား တစ်တို့စာ
ထောပတ် အနည်းငယ်

ပါဝင်ပစ္စည်းများအားလုံးကို ဇလုံတစ်ခုထဲ စုပေါင်းထည့်၍ လျှပ်စစ်အားသုံးခေါက်မွှေတံ (electric whisk) နဲ့ ပျစ်ပြီးမုန့်ရည်ချောမွေ့လာသည်အထိ ခေါက်မွှေ မွှေပေးပါ။ အဲဒီနောက် အပူခံကြွေခွက် (သို့) မုန့်ဖုတ်ရာမှာသုံးတဲ့ အလူမီနီယံခွက်များကို ထောပတ်အနည်းငယ်နဲ့ သုတ်ပေးပါ။ ပြီးရင် အဲဒီခွက်များအတွင်းသို့ မုန့်အရည်များကို ပြည့်လုပြည့်ခင်အထိ လောင်းထည့်ပါ။

အဲဒီနောက် မုန့်များကို ပေါင်းရန် ပြင်ဆင်ပါ။ ရေနွေး တစ်လီတာခန့်မျှကို ကျိုချက်ပါ။ အိုးခပ်မြင့်မြင့် တစ်လုံးထဲတွင် ပန်းကန်များကိုတင်ရန် စင်အသေး wire rack ကိုထည့်ကာ ရေနွေးလောင်းထည့်ပါ။ စင်ဟာ ရေနွေးများအောက်ကို မြုပ်နေပါစေ။ အဲဒီနောက် မုန့်ထည့်ထားသော ပန်းကန်များကို စင်ပေါ်တွင် အစီအရီတင်ပါ။ ပန်းကန်ရဲ့ အောက်ခြေ ၁. ၅-၂ စင်တီမီတာအနက်ခန့်သည် ရေနွေးထဲတွင် မြုပ်နေရပါမယ်။ ရေနွေးတွေကိုသတိထားပြီးကိုင်တွယ်ပါ။

၁၅-၂၀ မိနစ်မျှ မုန့်များကို အဖုံးပိတ်၍ ပေါင်းပါ။ အဖုံးကိုလည်း သန့်ရှင်းသောအဝတ်နဲ့ ပတ်ပြီး ပေါင်းပါ။ မုန့်ကျက်မကျက်သိလိုရင် ခားဦးချွန်သေးသေး (သို့) သတ္တုချောင်းသေးသေးဖြင့် မုန့်အတွင်းသို့ ထိုးထည့်ကာ ပြန်ဆွဲထုတ်ယူပါ။ ထိုသတ္တုချောင်းပေါ်မှာ မည်သည့်မုန့်သားမှ ကပ်မကျန်ခဲ့ရင် မုန့်များကျက်ပါပြီ။ တကယ်လို့ လိုအပ်ရင် မိနစ်အနည်းငယ်မျှ ထပ်ပေါင်းပေးနိုင်ပါတယ်။

မုန့်များကျက်ပြီဆိုရင်တော့ အိုးထဲမှ ထုတ်ကာ အအေးခံပြီး အခန်းအပူချိန်မှာ စားသုံးနိုင်ပါပြီ။ ■

TIPS

ရွှေဖရုံသီးတွေကို ရေနွေးငွေ့နဲ့ ပေါင်းရာမှာ အခွံမခွာပဲပေါင်းပါ။ ကိုင်တွယ်ရွှေ့ပြောင်းရ လွယ်ကူပါတယ်။ မုန့်သားမျက်နှာပြင်ချောပြီး ညီညာစေရန်အတွက် အဖုံးကို သန့်ရှင်းသောအဝတ်ဖြင့် ပတ်ပြီးမှ ဖုံးအုပ်ကာ မုန့်များကို ပေါင်းပါ။ ရေများ ဆက်လက်ကျ၍ မုန့်မျက်နှာပြင်များစိုရွဲခြင်းမှ ကင်းဝေးစေပါတယ်။ အချိုကြိုက်တတ်ရင် သကြားကို ပိုထည့်နိုင်ပါတယ်။ မုန့်လုပ်နည်း နှစ်ခုစလုံးအတွက် အစိမ်းရင့်ရောင်ရှိသော ဖရုံသီးကို သုံးထားပါတယ်။

ဝိုင်နီ

Bernard Magrez Chateau Perenne 2009

ပြင်သစ်အနောက်တောင်ပိုင်းBordeaux ခရိုင်ထွက် ဝိုင်အရောအနှော (merlot ၉၁ ရာခိုင်နှုန်းနဲ့ cabernet sauvignon ကိုးရာခိုင်နှုန်းပါတဲ့) ဒီဝိုင်နီဟာ နှစ်လို့စဖွယ် မပြင်းလွန်း မပျော့လွန်းတဲ့ အရသာမျိုးရှိပြီး အမူးမကြမ်းတဲ့အတွက် အများကြီး မသောက်မိအောင် သတိထားရမယ့် ဝိုင်မျိုးဖြစ်ပါတယ်။

ကျပ် ၂၀,၇၀၀

Score Box
9/10

ဝိုင်ဖြူ

Marques de Caceres Satinela Semi-Dulce 2011

Semi-Duice ဆိုတဲ့ စကားလုံးက အသင့်အတင့် ချိုတယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ ဒီဝိုင်ကတော့ သိပ်မချိုလွန်းပါဘူး။ ပြီးတော့ အာရှစတိုင်ဟင်းလျာတွေနဲ့ လိုက်ဖက်လှပါတယ်။ အရစ်ပါတဲ့ ပုလင်းအဖုံးက ဝိုင်ရဲ့အနံ့ကို အကောင်းဆုံး ထိန်းပေးထားနိုင်တယ်ဆိုတာကို ဒီဝိုင်က သက်သေပြနေပါတယ်။

ကျပ် ၁၁,၇၀၀

Score Box
8/10

သီရိမင်းထွန်း ဘာသာပြန်သည်။

FOOD REVIEW > > အဖျော်ယမကာကောင်းတဲ့ Escape စားသောက်ဆိုင်

ဆိုင်ရဲ့ ကားပါကင်မှာ ရပ်ထားတဲ့ ကားတွေနဲ့ ဒရိုင်ဘာတစ်သိုက် စုရုံးနေကြတာကိုကြည့်ရင် ဒီဆိုင်ဟာ ရန်ကုန်က ငွေပေါတဲ့အသိုင်းအဝိုင်းက လူငယ်တွေ လာကြတဲ့ နေရာဆိုတာ ထင်ရှားပါတယ်။ Escape လို့အမည်ရတဲ့ ဒီဆိုင်လေးကတော့ အဖျော်ယမကာဦးစားပေး စားသောက်ဆိုင်လေးပဲ ဖြစ်ပါတယ်။

နှစ်ထပ် အဆောက်အအုံဖြစ်တဲ့ ဒီဆိုင်လေးမှာတော့ Earl Grey-infused jin လိုအမယ်တွေပါတဲ့ ဈေးကြီးကြီး ကော့တေးတွေကို တမြုံ့မြုံ့သောက်နေတဲ့ မိန်းကလေးတွေလည်း တွေ့ရပါတယ်။ သူတို့နဲ့အရွယ်တူ အဖော်ကောင်လေးတွေကတော့ တောင်ကိုရီးယားအဆိုတော် Psy ရဲ့ ဂန်နန်းစတိုင်ဗီဒီယိုခွေထဲကအတိုင်း ဝတ်စားထားပုံရပါတယ်။

ဒီဆိုင်လေးနဲ့ပတ်သက်ပြီး ကောင်းတဲ့အချက်တွေကို အရင်ပြောပြပါ့မယ်။ ဝန်ဆောင်မှုအရမ်းကောင်းပါတယ်။ လူများတဲ့သောကြာညမှာပဲဖြစ်ဖြစ် အေးအေးဆေးဆေးရှိလှတဲ့ ဗုဒ္ဓဟူးနေ့မှာပဲဖြစ်ဖြစ် စားသောက်စရာတစ်မျိုးမျိုးမှာဖို့ အကြာကြီး စောင့်နေစရာမလိုပါဘူး။ အနက်ရောင် တီရှပ်ဝတ်ဝန်ထမ်းတွေကို အစီအစဉ်တကျ နေရာချပေးထားတာကြောင့် ဘာပဲလိုလိုချက်ချင်းရပါတယ်။

စားစရာတွေကို ချက်ပြုတ်ပြင်ဆင်ပေးဖို့ အချိန်နည်းနည်းလိုတဲ့အခါမျိုးမှာ စောင့်ရတာမျိုး ရှိကောင်းရှိပေမယ့်

စားစရာတွေနဲ့ အဖျော်ယမကာတွေကို အချိန်မီ လာချပေးတာများပါတယ်။ အစားအသောက်နဲ့ ပတ်သက်ပြီးတော့ နောက်မှ ပြောပြပါမယ်။

ပတ်ဝန်းကျင်အနေအထားကို ပြောရမယ်ဆိုရင် နိုက်ကလပ်နဲ့ စားသောက်ဆိုင်တွဲဖွင့်ထားတာဖြစ်တဲ့အတွက် ညဥ့်နက်ပိုင်းမှာ တစ်ခုခုသွားစားမယ်ဆိုရင် သိပ်အဆင်မပြေလှပါဘူး။ မီးရောင်ခပ်မှိန်မှိန်လေးက စိတ်ကြည်နူးဖွယ်ရာကောင်းပေးမယ့် နိုက်ကလပ်က ထွက်လာတဲ့ ကျယ်လောင်တဲ့ဂီတသံတွေကြောင့် အတွင်းရေးဖွင့်ပြောဖို့ရာမျိုးဆို အခက်တွေ့နိုင်ပါတယ်။

ဆိုင်အပြင်ဘက်က စားပွဲတွေကတော့ ညစာစားမယ့်သူတွေ ရွေးချယ်တဲ့နေရာတွေလို့ ပြောရမှာပါ။ ဒါမှ ဆူညံတဲ့ ဂီတသံနဲ့ဝေးမှာ ဖြစ်သလို ချမ်းစိမ့်လွန်းတဲ့ လေအေးပေးစက်ရဲ့ဒဏ်ကလည်း လွတ်မှာပါ။ ဒီဆိုင်မှာ Hookah (တမာကူ) ရှူချင်ရင်လည်းရနိုင်ပြီး sisha အရသာမျိုးစုံ ရနိုင်ပါတယ်။

မီနူးစာရင်းမှာ မြည်းစမ်းကြည့်ချင်စရာ အထူးအဆန်းဟင်းတချို့ရှိပေမယ့် အများစုက သိပ်မဟန်ပါဘူး။ တော်တီလာပြားလေးတွေကလည်း Doritos chips ကြော်လေးတွေထက် နည်းနည်းပဲ ပိုသာပြီး ဆော့စ်ကလည်း အရည်ကျဲပါတယ်။ သိုးသားခြောက်အမြည်းကလည်း စိတ်ပျက်စရာကောင်းလောက်အောင် အဆီများပါတယ်။ ဒီဆိုင်ရဲ့ အကောင်းဆုံးဟင်းပွဲကတော့ ထိုင်းစတိုင်ကြက်သား ချက်ပါ။ စပါးလင်နံ့သင်းပြီး လတ်ဆတ်တဲ့အရသာရှိတဲ့ ဒီဟင်းပွဲကတော့ စိတ်တိုင်းမကျဖြစ်ခဲ့ရတဲ့ ဟင်းပွဲတွေကို မေ့သွားလောက်စေပါတယ်။

Escape စားသောက်ဆိုင်
အမှတ် ၃၁(ဒီ)၊ ကန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ■

DOMESTIC FLIGHT SCHEDULES

YANGON TO NAY PYI TAW

Days	Flight	Dep	Arr
MON	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
TUE	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
WED	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
THUR	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
FRI	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
SAT	UB-A1	08:00	09:00
SUN	UB-A1	15:30	16:30

NAY PYI TAW TO YANGON

Days	Flight	Dep	Arr
MON	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
TUE	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
WED	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
THUR	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
FRI	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
SAT	UB-A2	10:00	11:00
SUN	UB-A2	17:00	18:00

YANGON TO MANDALAY

Days	Flight	Dep	Arr
MON	W9 205	06:00	07:25
	YJ 901	06:00	08:05
	YJ 891	06:10	08:15
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	W9 143	07:00	09:05
	W9 011	07:30	08:30
	Y5 131	08:00	09:00
	YJ 911	10:00	11:25
	W9 119	10:30	12:55
	YJ 761	10:45	12:40
	W9 014	11:00	12:00
	YH 727	11:00	13:10
	K7 622	12:00	13:25
	6T 501	13:45	15:45
	W9 109	14:30	16:10
	6T 341	15:00	16:25
	YH 731	15:00	17:10
	YJ 791	15:45	17:10
	W9 211	16:00	17:25
TUE	W9 205	06:00	07:25
	YJ 901	06:00	08:05
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	W9 143	07:00	09:05
	W9 011	07:30	08:30
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	W9 251	10:30	11:55
	W9 014	11:00	12:00
	YJ 761	11:00	12:55
	YH 729	11:15	14:15
	K7 822	11:30	12:55
	K7 622	12:00	13:25
	6T 501	13:45	15:45
	W9 109	14:30	16:10
	6T 341	15:00	16:25
	YH 731	15:00	17:10
	YJ 791	15:45	17:40
	W9 211	16:00	17:25
WED	W9 205	06:00	07:25
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	6T 331	06:45	08:10
	W9 143	07:00	09:05
	W9 011	07:30	08:30
	Y5 131	08:00	09:00
	YJ 911	10:00	11:25
	W9 119	10:30	12:55
	YJ 751/W97751	11:00	12:55
	YH 737	11:15	13:25
	K7 622	12:00	13:25
	6T 501	14:30	16:30
	YJ 791	15:00	16:55
	YH 731	15:00	17:10
	W9 129	15:45	17:40
THUR	W9 205	06:00	07:25
	YJ 901	06:00	08:05
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	W9 143	07:00	09:05
	W9 011	07:30	08:30
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	W9 112	10:30	12:25
	W9 014	11:00	12:00
	YJ 761	11:00	12:55
	YH 729	11:15	14:15
	K7 226	12:00	13:25
	6T 501	13:45	15:45
	6T 341	15:00	16:25
	YH 731	15:00	17:10
	W9 129	15:45	17:40
FRI	W9 205	06:00	07:25
	YJ 211	06:00	08:05
	YJ 901	06:00	08:05
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	W9 143	07:00	09:05
	W9 011	07:30	08:30
	Y5 131	08:00	09:00
	W9 014	11:00	12:00
	YJ 751/W97751	11:00	12:55
	YH 727	11:15	13:25
	W9 116	11:45	13:40
	K7 824	13:00	14:25
	W9 255	13:00	14:25
	6T 501	13:45	15:45
	W9 109	14:30	16:10
	YJ 791	14:30	16:25
	6T 341	15:00	16:25
	YH 731	15:00	17:10
	W9 211	16:00	17:25
SAT	W9 205	06:00	07:25
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 341	06:15	07:40
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	K7 244	06:45	08:10
	W9 143	07:00	09:05
	W9 011	07:30	08:30
	Y5 131	08:00	09:00
	W9 119	10:30	12:55
	W9 009	11:00	12:40
	YJ 601/W97601	11:00	12:55
	YJ 761	11:00	12:55
	YH 729	11:15	14:15
	W9 109	14:30	16:10
	6T 501	14:45	16:45
	YH 731	15:00	17:10
	W9 211	16:00	17:25
SUN	W9 205	06:00	07:25
	YJ 891	06:10	08:15
	YH 917	06:10	08:30
	YJ 901	06:15	07:40
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	W9 143	07:00	09:05
	W9 011	07:30	08:30
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	W9 251	10:30	11:55
	YJ 751/W97751	10:30	13:45
	W9 014	11:00	12:00
	YJ 211	11:00	12:55
	YH 737	11:15	13:25
	W9 116	11:45	13:40
	K7 622	12:00	13:25
	6T 501	13:45	15:45
	6T 341	15:00	16:25
	YH 731	15:00	17:10
	W9 129	15:45	17:40

MANDALAY TO YANGON

Days	Flight	Dep	Arr
MON	W9 205	07:40	09:45
	YH 910	08:10	10:15
	YJ 902	08:20	09:45
	YJ 892	08:30	10:25
	6T 402	08:45	10:45
	W9 011	08:50	10:30
	K7 223	09:00	11:05
	W9 143	09:20	10:45
	Y5 132	09:30	10:30
	W9 015	12:20	13:20
	YH 728	16:00	17:50
	6T 502	16:05	17:30
	YJ 762	16:20	17:45
	W9 109	16:30	17:30
	K7 623	16:40	18:05
	W9 120	16:40	18:05
	6T 342	16:45	18:50
	YH 732	17:10	19:15
	YJ 792	17:25	19:30
	W9 211	17:40	19:45
TUE	W9 205	07:40	09:45
	YH 910	08:10	10:15
	YJ 902	08:20	09:45
	YH 918	08:30	10:25
	YJ 892	08:30	10:25
	6T 402	08:45	10:45
	W9 011	08:50	10:30
	K7 223	09:00	11:05
	W9 143	09:20	10:45
	Y5 132	09:30	10:30
	W9 015	12:20	13:20
	6T 502	16:05	17:30
	W9 109	16:30	17:30
	YJ 762	16:35	18:00
	K7 623	16:40	18:05
	6T 342	16:45	18:50
	8M 6604	17:20	18:30
	YH 732	17:10	19:15
	W9 252	17:35	19:00
	W9 211	17:40	19:45
	YJ 792	17:55	20:00
	YH 730	18:00	19:25
	K7 823	18:00	19:25
WED	W9 205	07:40	09:45
	YH 910	08:10	10:15
	6T 332	08:30	09:55
	YH 918	08:30	10:25
	YJ 892	08:30	10:25
	6T 402	08:45	10:45
	W9 011	08:50	10:30
	K7 223	09:00	11:05
	W9 143	09:20	10:45
	Y5 132	09:30	10:30
	W9 120	16:40	18:05
	K7 623	16:40	18:05
	6T 502	16:50	18:55
	YH 732	17:10	19:15
	YJ 792	17:10	19:15
	YH 738	17:25	18:50
	YJ 752/W97752	17:50	19:15
	W9 129	17:55	20:00
THUR	W9 205	07:40	09:45
	YH 910	08:10	10:15
	YJ 902	08:20	09:45
	YH 918	08:30	10:25
	YJ 892	08:30	10:25
	6T 402	08:45	10:45
	W9 011	08:50	10:30
	K7 223	09:00	11:05
	W9 143	09:20	10:45
	Y5 132	09:30	10:30
	W9 015	12:20	13:20
	K7 227	15:50	17:15
	6T 502	16:05	17:30
	YJ 762	16:35	18:40
	6T 342	16:45	18:50
	YH 732	17:10	19:15
	8M 6604	17:20	18:30
	W9 129	17:55	20:00
	W9 113	18:30	19:55
FRI	W9 205	07:40	09:45
	YH 910	08:10	10:15
	YH 918	08:30	10:25
	YJ 892	08:30	10:25
	6T 402	08:45	10:45
	W9 011	08:50	10:30
	K7 223	09:00	11:05
	W9 143	09:20	10:45
	Y5 132	09:30	10:30
	YJ 212	12:10	13:35
	W9 015	12:20	13:20
	6T 502	16:05	17:30
	YH 728	16:15	18:10
	W9 109	16:30	17:30
	YJ 792	16:40	18:45
	6T 342	16:45	18:50
	YH 732	17:10	19:15
	W9 117	17:20	18:45
	W9 211	17:40	19:45
	W9 256	17:45	19:10
	K7 825	17:40	19:05
	YJ 752/W97752	17:50	19:15
SAT	W9 205	07:40	09:45
	6T 342	08:00	10:05
	YH 910	08:10	10:15
	YH 918	08:30	10:25
	YJ 892	08:30	10:25
	6T 402	08:45	10:45
	W9 011	08:50	10:30
	K7 223	09:00	11:05
	W9 143	09:20	10:45
	Y5 132	09:30	10:30
	W9 009	13:00	14:00
	YJ 602/W97602	14:50	17:45
	W9 109	16:30	17:30
	YJ 762	16:35	18:00
	W9 120	16:40	18:05
	6T 502	17:05	19:10
	YH 732	17:10	19:15
	W9 211	17:40	19:45
	YH 730	18:00	19:25
SUN	W9 205	07:40	09:45
	YJ 901	07:55	09:50
	YH 910	08:10	10:15
	YH 918	08:30	10:25
	YJ 892	08:30	10:25
	6T 402	08:45	10:45
	W9 011	08:50	10:30
	K7 223	09:00	11:05
	W9 143	09:20	10:45
	Y5 132	09:30	10:30
	W9 015	12:20	13:20
	YJ 212	16:00	17:25
	6T 502	16:05	17:30
	6T 342	16:15	18:50
	K7 623	16:40	18:05
	YH 732	17:10	19:15
	8M 6604	17:20	18:30
	K7 823	17:20	18:45
	W9 117	17:20	18:45
	YH 738	17:25	18:50
	W9 252	17:35	19:00
	YJ 752/W97752	17:45	19:10
	W9 129	17:55	20:00

YANGON TO NYAUNG U

Days	Flight	Dep	Arr
MON	YJ 901	06:00	07:20
	W9 205	06:00	08:10
	YH 917	06:10	07:45
	YJ 891	06:10	07:30
	6T 401	06:20	07:40
	6T 351	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	YH 909	06:30	08:55
	YJ 911	10:00	12:10
	W9 143	07:00	08:20
	6T 341	15:00	17:15
	YH 731	15:00	17:55
	YJ 791	15:45	17:55
	W9 211	16:00	18:10
TUE	YJ 901	06:00	07:20
	W9 205	06:00	08:10
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	K7 222	06:30	07:50
	W9 141	06:30	07:50
	YH 909	06:30	08:55
	6T 351	06:30	07:50
	W9 143	07:00	08:20
	YH 711	10:30	12:50
	6T 341	15:00	17:15
	YH 731	15:00	17:55
	YJ 791	15:45	18:25
	W9 211	16:00	18:10
WED	YJ 901	06:00	07:20
	W9 205	06:00	08:10
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	K7 222	06:30	07:50
	W9 141	06:30	07:50
	YH 909	06:30	08:55
	K7 242	06:45	08:05
	W9 143	07:00	08:20
	6T 351	11:15	12:35
	YJ 791	15:00	17:40
	YH 731	15:00	17:55
	W9 129	15:45	18:25
THUR	YJ 901	06:00	07:20
	W9 205	06:00	08:10
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	K7 222	06:30	07:50
	W9 141	06:30	07:50
	6T 351	06:30	07:50
	YH 909	06:30	08:55
	W9 143	07:00	08:20
	YH 711	10:30	12:50
	6T 341	15:00	17:15
	YH 731	15:00	17:55
	W9 129	15:45	18:25
FRI	YJ 211	06:00	07:20
	W9 205	06:00	08:10
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	6T 351	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	YH 909	06:30	08:55
	K7 242	06:45	08:05
	W9 143	07:00	08:20
	YJ 791	14:30	17:10
	6T 341	15:00	17:15
	YH 731	15:00	17:55
	W9 211	16:00	18:10
SAT	YJ 911	06:00	07:20
	W9 205	06:00	08:10
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 341	06:15	08:30
	6T 401	06:20	07:40
	K7 222	06:30	07:50
	W9 141	06:30	07:50
	YH 909	06:30	08:55
	W9 143	07:00	08:20
	6T 451	10:30	11:50
	W9 009	11:00	11:55
	YH 731	15:00	17:55
	W9 211	16:00	18:10
SUN	W9 205	06:00	08:10
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	K7 222	06:30	07:50
	W9 141	06:30	07:50
	6T 351	06:30	07:50
	YH 909	06:30	08:55
	W9 143	07:00	08:20
	K7 224	14:15	16:25
	6T 341	15:00	17:15
	YH 731	15:00	17:55
	W9 129	15:45	18:25

NYAUNG U TO YANGON

Days	Flight	Dep	Arr
MON	YH 918	07:45	10:05
	6T 401	07:55	10:45
	W9 141	08:05	11:05
	6T 351	08:05	11:10
	W9 205	08:25	09:45
	W9 143	08:35	10:45
	YH 910	08:55	10:15
	6T 341	15:00	17:15
	K7 225	16:40	18:00
	YH 732	17:55	19:15
	YJ 792	18:10	19:30
	W9 211	18:25	19:45
TUE	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	W9 141	08:05	11:05
	6T 351	08:05	11:10
	W9 205	08:25	09:45
	W9 143	08:35	10:45
	YH 910	08:55	10:15
	YH 712	12:50	14:45
	6T 341	15:00	17:15
	YH 732	17:55	19:15
	YJ 792	18:40	20:00
	W9 211	18:25	19:45
WED	YH 918	07:45	10:25
	YJ 891	07:45	10:25
	6T 401	07:55	10:45
	W9 141	08:05	11:05
	W9 205	08:25	09:45
	W9 143	08:35	10:45
	YH 910	08:55	10:15
	6T 351	12:50	15:55
	K7 225	16:40	18:00
	6T 502	17:35	18:55
	YH 732	17:55	19:15
	YJ 792	17:55	19:15
	W9 129	18:40	20:00
THUR	YH 918	07:45	10:25
	YJ 891	07:45	10:25
	6T 401	07:55	10:45
	W9 141	08:05	11:05
	6T 351	08:05	11:10
	W9 205	08:25	09:45
	W9 143	08:35	10:45
	YH 910	08:55	10:15
	YH 712	12:50	14:45
	YJ 762	17:20	18:40
	6T 342	17:30	18:50
	YH 732	17:55	19:15
	W9 129	18:40	20:00
FRI	YH 918	07:45	10:25
	YJ 891	07:45	10:25
	6T 401	07:55	10:45
	W9 141	08:05	11:05
	6T 351	08:05	11:10
	W9 205	08:25	09:45
	W9 143	08:35	10:45
	YH 910	08:55	10:15
	K7 225	16:40	18:00
	YJ 792	17:25	18:45
	6T 342	17:30	18:50
	YH 732	17:55	19:15
	W9 211	18:25	19:45
SAT	YJ 911	07:35	10:40
	YH 918	07:45	10:25
	YJ 891	07:45	10:25
	6T 401	07:55	10:45
	W9 141	08:05	11:05
	W9 205	08:25	09:45
	W9 143	08:35	10:45
	6T 342	08:45	10:05
	YH 910	08:55	10:15
	6T 451	12:05	15:10
	W9 009	12:15	14:00
	K7 225	16:40	18:00
	YJ 602/W97602	16:25	17:45
	6T 502	17:50	19:10
	YH 732	17:55	19:15
	W9 211	18:25	19:45
SUN	YH 918	07:45	10:25
	YJ 891	07:45	10:25
	6T 401	07:55	10:45
	W9 141	08:05	11:05
	6T 351	08:05	11:10
	W9 205	08:25	09:45
	W9 143	08:35	10:45
	YH 910	08:55	10:15
	K7 225	16:40	18:00
	6T 342	17:30	18:50
	YH 732	17:55	19:15
	W9 129	18:40	20:00

YANGON TO MYITKYINA

Days	Flight	Dep	Arr
MON	K7 622	12:00	14:55
TUE	W9 251	10:30	13:25
	K7 622	12:00	14:55
WED	K7 622	12:00	14:55
THUR	W9 112	10:30	16:40
FRI	W9 255	13:00	15:55
SUN	YJ 211	10:30	13:20
	W9 251	10:30	13:25
	K7 622	12:00	14:55

MYITKYINA TO YANGON

Days	Flight	Dep	Arr
MON	K7 623	15:10	18:05
TUE	W9 252	16:05	19:00
	K7 623	15:10	18:05
WED	K7 623	15:10	18:05
THUR	W9 113	17:00	19:55
FRI	W9 256	16:15	19:10
SUN	YJ 212	13:35	16:55
	W9 252	16:05	19:00
	K7 623	15:10	18:05

YANGON TO HEHO

Days	Flight	Dep	Arr
MON	YH 917	06:10	08:40
	YJ 891	06:10	09:00
	6T 401	06:20	09:20
	W9 141	06:30	08:45
	6T 351	06:30	08:45
	W9 011	07:30	09:15
	K7 828	10:00	11:15
	YJ 911	10:00	13:05
	W9 119	10:30	11:40
	YJ 761	10:45	11:55
	YH 727	11:00	12:25
	6T 501	13:45	14:55
	K7 224	14:15	15:30
	W9 109	14:30	15:25
	YH 731	15:00	16:25
TUE	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	W9 141	06:30	08:45
	6T 351	06:30	08:45
	W9 011	07:30	09:15
	YH 711	10:30	11:55
	YJ 761	11:00	12:10
	K7 822	11:30	13:45
	6T 501	13:45	14:55
	W9 109	14:30	15:25
	YH 731	15:00	16:25
	YJ 791	15:45	16:55
WED	YJ 901	06:00	08:15
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	W9 141	06:30	08:45
	W9 011	07:30	09:15
	YJ 911	10:00	12:10
	W9 119	10:30	11:40
	YH 711	10:30	11:55
	YJ 751/W97751	11:00	12:10
	YH 737	11:15	12:40
	6T 351	11:15	13:30
	K7 826	12:30	13:45
	K7 224	14:15	15:30
	6T 501	14:30	15:40
	YJ 791	15:00	16:10
	YH 731	15:00	16:25
	W9 129	15:45	16:55
THUR	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	6T 351	06:30	08:45
	W9 141	06:30	08:45
	W9 011	07:30	09:15
	K7 828	10:00	11:15
တိုင်ဟိုသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း၌ ပြိုင်ပွဲ ၃၂ ပွဲတွင် စံချိန်တင် အနိုင်ရခဲ့ကာ အလွန်လူသိများကျော်စောခဲ့သော နပန်းသမားဖြစ်ခဲ့သည်။ ထိုစဉ်က ဆူမိုနပန်းအားကစားမှာ ယခုကဲ့သို့ ပေါ်ပေါက်ခဲ့သောအရှုပ်တော်ပုံများလို နာမည်ပျက်စရာမရှိခဲ့သေးသော အားကစားတစ်ရပ် ဖြစ်ခဲ့သည်။

တိုင်ဟို၏ နာရေးသတင်းကို ဂျပန်သတင်းစာများတွင် မျက်နှာဖုံးစာမျက်နှာက ဖော်ပြခဲ့ကြပြီး နစ်ကန်အားကစားနေ့စဉ်က 'သမိုင်းတွင် အားအကောင်းဆုံး ယိုကိုဇူးနား(ဆူမိုဂျပန်နပန်းသမား)" ဟူ၍ ကမ္ပည်းထိုးလိုက်သည်။

နာမည်ရင်းဖြင့် ကိုကီနာယာဟုခေါ်သော တိုင်ဟိုအား ထိုစဉ်က ဂျပန်က သိမ်းပိုက်ထားသော ဆက်ခါလင်ကျွန်းတွင် ဂျပန်မိခင်နှင့် ယူကရိန်းဖခင်တို့မှ မွေးဖွားခဲ့ပြီး ဟော့ကိုင်းဒိုးကျွန်းတွင် ဆင်းရဲစွာကြီးပြင်းလာခဲ့သည်။

နာယာသည် ၁၉၅၆ ခုနှစ်တွင် ဆူမိုနပန်းကို စတင်လုံးသတ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ပထမဦးဆုံးချန်ပီယံဖြစ်ကာ ဆူမိုနပန်း ထိပ်ဆုံးအဆင့်သို့ ၁၉၆၁ ခုနှစ်တွင် ရောက်ခဲ့ချိန်၌ အသက် ၂၁ နှစ်သာရှိသေး၍ အငယ်ဆုံးနပန်းသမား ဖြစ်ခဲ့သည်။

၁၉၇၁ ခုနှစ်တွင် နပန်းသတ်ခြင်းမှ အနားယူခဲ့သည်။ အနားမယူမီ ပြိုင်ပွဲခြောက်ခုတို့ကို တစ်ဆက်တည်း နှစ်ကြိမ်ဆက်နိုင်ခဲ့သည်။ ပြိုင်ပွဲရှစ်ခုတွင် တစ်ပွဲမှ မရှုံးဘဲ ၁၅ ကြိမ်ဆက်တိုက် အနိုင်ရခဲ့သည်။ သူသည် ပြိုင်ပွဲ ၄၅ ပွဲကို ဆက်တိုက်နိုင်ခဲ့သူဖြစ်သည်။

နာယာသည် အနားယူပြီးနောက် ကိုယ်ပိုင်သင်တန်းကျောင်းကို တည်ထောင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် လေဖြတ်ခဲ့သော်လည်း ပြန်လည်နာလန်ထခဲ့ပြီး ဆူမိုအသင်း၌ တာဝန်အမျိုးမျိုးတွင် ထမ်းဆောင်ခဲ့သည်။

ဂျပန်ဆူမိုနပန်းတွင် မကြာသေးမီက လုပ်ပွဲကစားခြင်း၊ ဆေးခြောက်သုံးစွဲခြင်း၊ နပန်းသမားများ ကိုယ်တိုင်က အလောင်းအစားလုပ်ခြင်းစသော အရှုပ်တော်ပုံများဖြင့် နာမည်ပျက်လာခဲ့သည်။

(အေအက်ဖ်ပီ) တင်ဦး ဘာသာပြန်သည်။ ■



ဆူမိုနပန်းသမား တိုင်ဟို ၁၉၆၆ ခုနှစ်က ကျင်းပသော ပြိုင်ပွဲတစ်ခုတွင် တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အမ်းစထရောင်းကြောင့် စက်ဘီးစီးအားကစား အတွက် စိတ်ဓာတ်ကျစရာ

မက်ဒရစ် – တိုးဒီဖရန့်တံခွန်စိုက်ဖလားကို နှစ်ကြိမ်ရထားသူ အဲလ်ဘတ်တိုကွန်တေဒါက မူးယစ်ဆေးဝါးသုံးစွဲခဲ့ကြောင်း လန့်စ်အမ်းစထရောင်း၏ ဝန်ခံလိုက်ခြင်းမှာ စက်ဘီးစီးအားကစားအတွက် စိတ်ဓာတ်ကျစရာပင်ဖြစ်သော်လည်း ယင်းအားကစားသည် အနာဂတ်တွင် မူးယစ်ဆေးဝါးကင်းစင်သော အားကစားဖြစ်သွားနိုင်ကြောင်း ပြောကြားလိုက်သည်။

ကွန်တေဒါသည် ၂၀၀၇ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် တိုးဒီဖရန့်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့ဖူးသူဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် မူးယစ်ဆေးဝါးသုံးစွဲမှုရှိမရှိ စမ်းသပ်စစ်ဆေးရာတွင် အောင်မြင်မှုမရသဖြင့် ချန်ပီယံဘွဲ့ ရုပ်သိမ်းခံခဲ့ရသူဖြစ်သည်။ အမ်စထရောင်းက မိမိ၏ အမှားကို ဝန်ခံလိုက်ခြင်းကြောင့် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော စက်ဘီးစီးအားကစား၏ စိတ်ပျက်ဖွယ်သမိုင်းကို တစ်ခန်းတစ်ကဏ္ဍ ပိတ်ပစ်လိုက်နိုင်မည်ဟု ကွန်တေဒါက ယူဆသည်။

"သူ့ရဲ့ဝန်ခံချက်ကြောင့် စက်ဘီးစီးအားကစားရဲ့ ဂုဏ်သိက္ခာပျက်ခဲ့ရတာတော့ မှန်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်ကတော့ ဒီဖြစ်ရပ်ကနေပြီး အကောင်းဘက်ကို ကြည့်မိပါတယ်။ ဒီလိုဝန်ခံပြောဆိုလိုက်ခြင်းကြောင့် ကျွန်တော်တို့ဟာ ဒီစိတ်ပျက်ဖွယ်သမိုင်းကဏ္ဍကို အပြီးအပိုင်ပိတ်လိုက်ပြီး လာမယ့်အနာဂတ်ကို ကောင်းအောင်ပဲ အာရုံစိုက်သွားနိုင်ပါလိမ့်မယ်"ဟု ၎င်းက ပြောသည်။

ကွန်တေဒါသည် လွန်ခဲ့သော ဩဂုတ်လတုန်းက အားကစားလောကသို့ ပြန်ဝင်လာခဲ့ပြီး စပိန်တိုးဖလားကို ရရှိခဲ့သည်။

၎င်းသည် ၂၀၁၃ ခုနှစ် ရာသီကို အာဂျင်တီးနားရှိ စန်လူဝစ္စတိုးဖြင့် တနင်္လာနေ့တွင် ၎င်း၏ ဆက်ဆိုတင့်ကောက်ဖ်အသင်းနှင့်အတူ စတင်ဖွင့်လိုက် မည်ဖြစ်သည်။ **(အေအက်ဖ်ပီ) တင်ဦး ဘာသာပြန်သည်။** ■

ဘိုင်ယန်မြူးနစ်ကို လာမည့်ရာသီတွင် ဂွာဒီယိုလာ ကိုင်တွယ်တော့မည်

ဘာလင် – အင်္ဂလန်ပရီမီယာလိဂ်သို့ ရောက်တော့မည်ဟု သတင်းပြေးနေသော ဘာစီလိုနာနည်းပြဟောင်း ပက်ဂွာဒီယိုလာသည် ၂၀၁၃-၁၄ ရာသီတွင် ဘွန်ဒက်စ်လီဂါမှ ဘိုင်ယန်မြူးနစ်အသင်းကို ကိုင်တွယ်သွားတော့မည်ဖြစ်ကြောင်း ယင်းကလပ်အသင်းက လွန်ခဲ့သော ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ဂွာဒီယိုလာသည် ဇူလိုင် ၁ ရက်နေ့မှစ၍ ဘိုင်ယန်မြူးနစ်နည်းပြတာဝန်ကို စတင်ထမ်းဆောင်တော့မည်ဖြစ်သည်။ ၎င်းသည် နည်းပြတာဝန်မယူမီစပ်ကြားကာလတွင် နယူးယော့ခ်မြို့တွင်ပင် ဆက်လက်ရှိနေဦးမည်ဟုဆိုသည်။

ဂွာဒီယိုလာ အင်္ဂလန်ပရီမီယာလိဂ်ကို မရွေးဘဲ ဘွန်ဒက်စ်လီဂါကို ရွေးလိုက်ခြင်းမှာ ဘွန်ဒက်စ်လီဂါပြိုင်ပွဲသည် ကွင်းဝင်ကြေးအနည်းဆုံးနှင့် ဥရောပ၏ မေဂျာလိဂ်ငါးခုတွင် လူဝင်အများဆုံးဖြစ်ပြီး ပွဲတစ်ပွဲလျှင် ပျမ်းမျှပရိသတ် ၄၂,၀၀၀ ရှိလောက်အောင် အားရဖွယ်ကောင်း နေသောကြောင့်ဟု ဆိုနိုင်ပေသည်။

ဂွာဒီယိုလာသည် ဘောလုံးသမားအကျော်အမော်တွေနှင့် ပြည့်နေပြီး ဘဏ္ဍာရေးအခြေအနေလည်း ကောင်းနေသည့် ဘိုင်ယန်ကို မည်သို့ကိုင်တွယ်လုပ်ဆောင်သွားရမည်ကို စဉ်းစားထားပြီးဖြစ်သည်။

ဘိုင်ယန်သည် လွန်ခဲ့သောနှစ်က ၂၀၁၁-၁၂ ရာသီအတွက် အခွန်မစည်းကြပ်မီ အမြတ်ငွေ ယူရို ၁၁ ဒသမ ၁ သန်းရှိခဲ့သောအသင်းဖြစ်သည်။

သို့ရာတွင် ဘိုင်ယန်သည် ၂၀၁၀ မေလနောက်ပိုင်းတွင် ဘာဖလားမှ မရတော့ဘဲဖြစ်နေသည့်အသင်းဖြစ်သည်။ ဖလား ၁၄ လုံးရယူပေးခဲ့ဖူးသည့် ဂွာဒီယိုလာ မည်သို့ကိုင်တွယ်သွားမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

(အေအက်ဖ်ပီ)
တင်ဦး ဘာသာပြန်သည်။ ■

Vacancy Announcement
For Cabin Crew with Yangon Airways

If you are confident, well presented, service oriented and meet the following requirements:

- Female
- Single (recommendation letter from Respective Ward General Administration Office)
- Age between 18- 23 years as at (15-02-2013)
- Must pass Matriculation Exam
- Minimum Height of 5.3 with proportionate weight
- No visual Aids
- Fluent in Spoken English and other language is more advantage

Anyone who meets the above mentioned requirements, send us a detailed Curriculum Vitae with recent full-length photo and two passport size photos and copy of NRC card and census as well as other testimonials.

Indicate kindly on the back of the envelope: sender's name, address and contact phone number and on the front, mark "Cabin Crew Application".

Application must not be later than (15-02-2013) at 4:30 pm.

Application is available from Yangon Airway's website www.yangonair.com and the following address.

Short listed applicants will be notified at the Yangon Airways Headquarters Admin Department,

No 166, MMB Tower, Upper Pansodan Road, MingalarTaungNyunt Township, Yangon on (28 -02 -2013)

Please send your application to the following address in person.

Yangon Airways Limited
No 166, MMB Tower, Upper Pansodan Road,
Mingalar Taung Nyunt Township, Yangon.



Shwedagon Pagoda

Mini Mart

Fitness Centre

" Yangon's Premier Luxury No 1 Lifestyle"
Diamond
INYA
Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
■ ခန်းနားထည်ဝါသော အိမ်ရာတစ်ခုတည်းတွင် လူနေမှုပုံစံ(၅)မျိုးကို ရွေးချယ်နိုင်ပါသည်။
■ Facilities ၄၅% အိမ်ခန်း ဧရိယာ ၅၅% အချိုးနှင့် တည်ဆောက်ပေးထားပါသည်။
■ Facility များ အနေဖြင့် Restaurant, Shops, Mini Mart, Bakery, Coffee Shop, Business Centre, Banquet, Playground, Squach, Table Tennis, Snooker, Yoga, Fitness Centre, Spa, Corridor, Lift, Car Wash, Stairs, Office, Lobby, Swimming Pool, Pond, Indoor Garden တို့ ပါဝင်မည်ဖြစ်ပါသည်။
■ Car Parking အဖြစ် ကားအစီးရေ(၃၆၀) ရပ်နားနိုင်ရန် ထည့်သွင်းထားပါသည်။
■ အမှတ်(၂) ဦးထွန်းမြိုင်လမ်း မရမ်းကုန်းမြို့နယ် အင်းယားကန်အနီး ရန်ကုန်မြို့မှာ တည်ရှိပါသည်။
■ ရန်ကုန်မြို့ရဲ့ အချက်အချာအကျဆုံး အကွက်အကွင်းတစ်ခုမှာ တည်ရှိနေတာကလည်း ထာဝရ အေးချမ်းသိတ်မြိမ်မှုကို အထောက်အကူပြုစေပါသည်။
■ ရွှေတိဂုံဘုရားကို ဖူးမျှော်ရင်း အင်းယားကန်ရေပြင်ပေါ်မှာ မေးတင်ရှုမျှော်ကြည့်နိုင်တဲ့ Diamond Inya Palace ဖြစ်ပါတယ်။
■ Diamond Inya Palace သည် လူတစ်ယောက်အတွက် လိုအပ်ချက်တွေကို အသေးစိတ် စိတ်ကူးစီမံပေးထားတဲ့ ထူးခြားကျယ်ပြန့်သော သိတ်မြိမ်သော နေရာထိုင်ခင်းတစ်ခု ကောင်းမွန်သတ်သာသော ဘဝအဆင့်အတန်းတစ်ခုကို ရည်ညွှန်းတည်ဆောက်ထားပါသည်။
■ Diamond Inya Palace သည် တိုးတက်ပြောင်းလဲလာမည့် မြို့ပြလူနေမှုဘဝကိုကြိုတင်တွက်ဆ၍ အလိုက်ဖက်ဆုံး အထွန်မြတ်ဆုံး စိမ်ခံနေရာထိုင်ခင်းတစ်ခုအဖြစ် ရုပ်လုံးပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။
MGW
MANDALAY GOLDEN WING
Construction Limited
Yangon Showroom
- No (39), 7 Mile, Pyay Road, Mayangone Township, Yangon, Myanmar.
Phone - 95 - 1 - 656851, 656852 - 09 420 097 992 , 09 420 097 993, 09 420 097 994, 09 420 097 995, 09 5039498
Fax : 95 - 1 - 656850 e-mail diamondinya@myanmar.com.mm
Mandalay Showroom
Diamond Plaza (M.G.W Construction Ltd.)
78 Street, Between 33 x 34, Chanayetharzan Township, Mandalay , Myanmar. Phone - 95 - 2 -69351, 69371- 09 420 097 996, 09 420 097 998 ,
09 2015287,096801904, 096801905 Fax : 95 - 2 - 69341
Banquet
Lobby
Restaurant

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၉)

မာစီးဒီးဘင့်ဇ်အရီနာမှာဆိုပေမယ့် ဘိုင်ယန်ကိုပဲ သဘောကျတယ်

ပွတ်ကာသီကာအသင်းတွေ ထိပ်တိုက် တွေ့မှုသိပ်မရှိတဲ့ သီတင်းပတ်ဖြစ်ပါတယ်။ ပြောရရင်အပေါ်အသင်းတွေနဲ့ အောက်အသင်းတွေ ထိပ်တိုက်တွေ့ကြတဲ့ပွဲပါပဲ။ ထိပ်ဆုံးက ဘိုင်ယန်ဟာ ဇယားအလယ်က စတုဂတ်နဲ့ ရင်ဆိုင်တွေ့ရမှာဖြစ်ပြီး အဆင့်(၂)နေရာက လေဗာကူဆင်က ဖရိုင်းဘတ်နဲ့ ဆုံရမှာမို့ ဒါက အလှည့်အပြောင်းတစ်ရပ်ဖြစ်သွားနိုင်....

ကိုထွင့်(စိန့်ဂျွန်း)

ဒေါ့မွန် – နုရင်ဘတ်

၁-၉-၁၂ နုရင်ဘတ် ၁-၁ ဒေါ့မွန်

လက်ရှိချန်ပီယံဒေါ့မွန်အသင်းဟာ အဆင့်(၃)မှာ ရောက်နေပြီး နုရင်ဘတ်က တန်းဆင်းဇုန်နားကပ်နေလို့ ဒါဟာ အပေါ်အသင်းနဲ့ အောက်အသင်းတွေ့တာပါပဲ။ နုရင်ဘတ်အနေနဲ့ တန်းဆင်းဇုန်ထဲတော့ ရောက်စရာအကြောင်းမရှိသေးပါဘူး။ ဒေါ့မွန်ကွင်း နောက်ဆုံးနှစ်ကြိမ်တွေ့ရာမှာ ၂-၀ အမှုတ်ပွဲဖြစ်ခဲ့တဲ့ နုရင်ဘတ် ဒီတစ်ကြိမ်မှာလည်း အမှားအယွင်းမရှိအနိုင်ယူမယ့် ဒေါ့မွန်ရဲ့ တိုက်စစ်အောက်မှာ ခံစားသွားရပါလိမ့်မယ်။

မိုချင်ဂလက်ဘတ်–ဒတ်ဆယ်လ်ဒေါ့ဖ်

၁-၁၁-၁၂

ဒတ်ဆယ်လ်ဒေါ့ဖ် ၁-၀ မိုချင်

အမှတ်ကွာဟမှုက ငါးမှတ်ပဲရှိပါတယ်။ ဒါကို အထူးသတိထားရပါမယ်။ မိုချင်က အပေါ်အသင်းဖြစ်နေပါတယ်။ နောက်ဆုံးခြောက်ပွဲစလုံး အရှုံးမရှိပါဘူး။ ဒတ်ဆယ်လ်ဒေါ့ဖ်မှာက အမှားအယွင်းတွေရှိနေပါတယ်။ နောက်ဆုံးခြောက်ပွဲမှာ နှစ်ပွဲပဲနိုင်ပွဲရှိပါတယ်။ အဲဒါတွေကလည်း အိမ်ကွင်းမှာပါ။ အဝေးကွင်းနောက်ဆုံးသုံးပွဲမှာ လုံးဝ ဂိုးတောင်မသွင်းနိုင်ခဲ့ပါဘူး။ ဒီအဆင်နဲ့ ဒီအဆင် ကျွန်တော်တို့ မိုချင်ဘက်က ဘာကြောင့် အားမပေးရဲရမှာလဲ။

ဟန်နိုဗာ – ဝုဖ်ဘတ်

၂-၉-၁၂ ဝုဖ်ဘတ် ၀-၄ ဟန်နိုဗာ

ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပွဲလို့ သတ်မှတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမှတ်ကွာဟချက် တစ်မှတ်ရှိတဲ့အနေအထားကြောင့်ပါ။ ဟန်နိုဗာကြွေပျက်နေတာများပါပြီ။ လေးပွဲဆက်တိုက်ရှုံးထားတဲ့ ဟန်နိုဗာ၊ ဒါက အဝေးကွင်းတွေမှာချည်းဖြစ်ခဲ့တယ်ဆိုတာကိုလည်း သတိထားရပါမယ်။ ဂိုးပေါင်းများတတ်တဲ့ ဟန်နိုဗာဟာ အိမ်ကွင်းမှာ ဝုဖ်ဘတ်ကို ကျိန်းသေ အနိုင်ယူမယ်လို့ ထင်နေမိတယ်။

အော့စ်ဘတ် – ရှော်လ်ကေး

၁-၉-၁၂

ရှော်လ်ကေး ၃-၁ အော့စ်ဘတ်

အော့စ်ဘတ်အနေနဲ့ ရှော်လ်ကေးကို လှန်လို့မရပါဘူး။ ပြီးတော့ အော့စ်ဘတ်က တန်းဆင်းဇုန်ထဲရောက်နေတဲ့အသင်းပါ။ ၁၈ ပွဲကစားပြီး ၁၂ မှတ်သာရသေးတဲ့ အော့စ်ဘတ်ကို အဝေးကွင်းဖြစ်ပေမယ့်လည်း ရှော်လ်ကေးအနိုင်ယူမယ်။ နှစ်သင်းပေါင်း သွင်းဂိုးများလိမ့်မယ်။

ဖရန့်ဖတ် – ဟော့ဖန်ဟိမ်း

၁-၉-၁၂ ဟော့ဖန်ဟိမ်း ၀-၄ ဖရန့်ဖတ် ရှုံးကြွေးကို ပေးဆပ်ဖို့မလွယ်ဘူး ထင်တယ်။ ဖရန့်ဖတ်က တန်းတက်အသင်းဆိုပေမယ့် ဒေါ့မွန်ကိုတောင် သုံးမှတ်အကွာနဲ့ ဖိအားပေးနေနိုင်တယ်။ ဖရန့်ဖတ်ရဲ့ အိမ်ကွင်းကလည်းဖြစ်နေပြန်၊ သုံးပွဲဆက် ရှုံးထားမှုကိုလည်း ချေဖျက်ပြနိုင်နေတဲ့ ဖရန့်ဖတ်တို့ ၁၀ ပေစည်းထဲမှာ ဟော့ဖန်ဟိမ်းကို အပြတ်အသတ်ရိုက်ချပြပါလိမ့်မယ်။

ဖရိုင်းဘတ် – လေဗာကူဆင်

၁-၉-၁၂

လေဗာကူဆင် ၂-၀ ဖရိုင်းဘတ်

အကြိတ်အနယ်ရှိမယ့်ပွဲလို့ ပြောနိုင်ပါတယ်။ ဖရိုင်းဘတ်ကွင်းမှာတော့ လေဗာကူဆင်က ၀-၁ ဂိုးရလဒ်နဲ့ နှစ်ကြိမ်ဆက်တိုက်နိုင်ဖူးပါတယ်။ လေဗာကူဆင် အမှားခံမှာမဟုတ်ပါဘူး။ ညှေ့သည်ကို ကြိုက်ပါတယ်။

ဟမ်းဘတ် – ဝါဒါဘရီမင်

၁-၉-၁၂ ဝါဒါ ၂-၀ ဟမ်းဘတ်

ဟမ်းဘတ်နဲ့ ဝါဒါဘရီမင်ဟာ သုံးမှတ်ပဲ ကွာပါတယ်။ ဟမ်းဘတ်ကတောင် သရေကျရင် ၂၀ ရာခိုင်နှုန်း ရှုံးနိုင်မယ့် အနေအထားမျိုးရှိပါတယ်။ ဒါကြောင့် ဝါဒါဘရီမင်ဘက်ကပဲ ရပ်တည်သင့်ပါတယ်။

ဂရုသာဖတ်ချ် – မိန့်ဇ်

၁-၉-၁၂ မိန့်ဇ် ၀-၁ ဂရုသာဖတ်ချ်

ဇယားအောက်ဆုံးက ဂရုသာဖတ်ချ်ကို မိန့်ဇ်အနိုင်ကန်ဖို့ မခက်လောက်ပါဘူး။ အဝေးကွင်းဆိုပေမယ့် မိန့်ဇ် အရမ်းရစ်သမ်မှန်နေပါတယ်။ မိန့်ဇ်ဟာ ရှော်လ်ကေးကို ၁-၂၊ ဘရုဂျက်ကို ၀-၁၊ ချစ်ကြည်ရေးခြေစမ်းပွဲမှာလည်း ၀-၁ ဂိုးရလဒ်တွေနဲ့ နိုင်ထားလို့ မိန့်ဇ်ကိုပဲ သဘောကျပါတယ်။

စတုဂတ် – ဘိုင်ယန်မြူးနစ်

၂-၉-၁၂ ဘိုင်ယန် ၆-၁ စတုဂတ်

ဘိုင်ယန်ဟာ ၁၈ ပွဲကစားပြီး ၄၅ မှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ စတုဂတ်ကလည်း ရမှတ် ၂၅ မှတ်နဲ့ အဆင့်(၁၀)မှာ ရပ်တည်နေတာပါ။ စတုဂတ်ရဲ့ကွင်းမှာ ဘိုင်ယန်နိုင်ခဲ့ဖူးတာတွေရှိပါတယ်။ နောက်ဆုံးလေးကြိမ်မှာ ၃-၅၊ ၃-၆၊ ၁-၂၊ ၀-၂ ဂိုးရလဒ်တွေနဲ့ အသီးသီးနိုင်ခဲ့ခြင်းက ဘိုင်ယန်ဆိုတဲ့ ဘာဗေးရီးယန်းသားတွေဟာ ကွင်းမရွေးဘူးဆိုတာ ပြသနေပါတယ်။ အဲဒီဘာဗေးရီးယန်းသားတွေနဲ့အတူ ဓာတ်တိုင်နှစ်တိုင်လောက် အလျှော့ပေးလိုက်ချင်ပါရဲ့။ ■

ဘိုင်ယန် ၂–၀ ဂရုသာဖတ်ချ်ပွဲစဉ်မှ နှစ်ဖက်ကစားသမားနှစ်ဦး ဘောလုံးယှဉ်လုနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၈)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘိုင်ယန်	၁၈	၁၄	၃	၁	၄၆	၇	၄၅
လေဗာကူဆင်	၁၈	၁၁	၃	၄	၃၆	၂၃	၃၆
ဒေါ့မွန်	၁၈	၉	၆	၃	၄၀	၂၀	၃၃
ဖရန့်ဖတ်	၁၈	၉	၃	၆	၃၄	၃၀	၃၀
ရှော်လ်ကေး	၁၈	၈	၄	၆	၃၂	၂၉	၂၈
ဖရိုင်းဘတ်	၁၈	၇	၆	၅	၂၄	၁၈	၂၇
မိန့်ဇ်	၁၈	၈	၃	၇	၂၄	၂၀	၂၇
ဂလက်ဘတ်	၁၈	၆	၈	၄	၂၅	၂၆	၂၆
ဟမ်းဘတ်	၁၈	၇	၄	၇	၁၉	၂၂	၂၅
စတုဂတ်	၁၈	၇	၄	၇	၂၀	၃၀	၂၅
ဟန်နိုဗာ	၁၈	၇	၂	၉	၃၆	၃၆	၂၃
ဝါဒါဘရီမင်	၁၈	၆	၄	၈	၂၈	၃၄	၂၂
ဝုဖ်ဘတ်	၁၈	၆	၄	၈	၁၉	၂၇	၂၂
ဒတ်ဆယ်လ်ဒေါ့ဖ်	၁၈	၅	၆	၇	၂၂	၂၅	၂၁
နုရင်ဘတ်	၁၈	၅	၆	၇	၁၈	၂၃	၂၁
ဟော့ဖန်ဟိမ်း	၁၈	၃	၄	၁၁	၂၃	၄၁	၁၃
အော့စ်ဘတ်	၁၈	၂	၆	၁၀	၁၅	၃၁	၁၂
ဂရုသာဖတ်ချ်	၁၈	၁	၆	၁၁	၁၁	၃၀	၉

ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၈)

လေဗာကူဆင်	၃-၁	ဖရန့်ဖတ်
ဘိုင်ယန်	၂-၀	ဂရုသာဖတ်ချ်
မိန့်ဇ်	၀-၀	ဖရိုင်းဘတ်
ဟော့ဖန်ဟိမ်း	၀-၀	ဂလက်ဘတ်
ဝုဖ်ဘတ်	၂-၀	စတုဂတ်
ဝါဒါဘရီမင်	၀-၅	ဒေါ့မွန်
ရှော်လ်ကေး	၅-၄	ဟန်နိုဗာ
နုရင်ဘတ်	၁-၁	ဟမ်းဘတ်
ဒတ်ဆယ်လ်ဒေါ့ဖ်	၂-၃	အော့စ်ဘတ်

သွင်းဂိုးအများဆုံး

ကိုင်းဘလိန်း (လေဗာကူဆင်)	၁၃ ဂိုး
မီယာ (ဖရန့်ဖတ်)	၁၂ ဂိုး
မန်ဇူကစ် (ဘိုင်ယန်)	၁၁ ဂိုး
လီဝမ်ဒေါစကီး (ဒေါ့မွန်)	၁၁ ဂိုး

မြန်မာ့စက်ဘီးသမားများ နိုင်ငံခြားသားနည်းပြများဖြင့် လေ့ကျင့်နေ

နေပြည်တော်ရှိ လေ့ကျင်းရေးကွင်းတွင် လေ့ကျင့်နေသော မြန်မာစက်ဘီးစီးအားကစားသမားများ။ ဓာတ်ပုံ - ကျော်ဇင်လှိုင်

ကျော်ဇင်လှိုင်

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့စက်ဘီးအားကစားသမားများအတွက် လေ့ကျင့်မှုများကို နိုင်ငံခြားမှ နည်းပြများဖြင့် ပြုလုပ်ပေးလျက်ရှိပြီး အကောင်းဆုံး ပြင်ဆင်မှုအနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။

နေပြည်တော် စက်ဘီးလေ့ကျင့်ရေးစခန်းတွင် အမျိုးသားစက်ဘီးသမား ၃၆ ဦးနှင့် အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၆၀ ဦးကို စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး တရုတ်လူမျိုးနည်းပြသုံးဦး၊ ထိုင်းလူမျိုးနည်းပြနှစ်ဦးနှင့် မြန်မာနည်းပြ ခြောက်ဦး စုစုပေါင်းနည်းပြ ၁၁ ဦးဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ Down Hill, Cross Country, Road race, BMX အမျိုးအစား အားလုံးအတွက် ပြိုင်ပွဲဝင် အယောက် ၆၀ ကို လေ့ကျင့်ပေးနေပြီး တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အိမ်ရှင်အခွင့်အရေးကို အသုံးချ၍ အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကြီးတွင် စက်ဘီးအားကစားနည်းမှ ရွှေတံဆိပ် ၁၆ ခု ချီးမြှင့်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်အနေဖြင့် ရွှေတံဆိပ် ခုနစ်ခုရရှိရန် မျှော်မှန်းထားသည်။

မြန်မာ့စက်ဘီးအားကစားနည်းတွင် အင်အားကြီးနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားစသော နိုင်ငံများကို မြန်မာစက်ဘီးအားကစားသမားများ အနေဖြင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး အင်ဒိုနီးရှားသည် စက်ဘီးအားကစားတွင် လက်ရှိချန်ပီယံဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံအသီးသီးမှ အားကစားသမားများသည် မိမိတို့နိုင်ငံအောင်မြင်မှုရရှိရန်အတွက် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသကဲ့သို့ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအလိုက်ရပ်တည်မှုတွင် ထိပ်ဆုံးသို့ရောက်ရှိရန် အားကစားနည်းမျိုးစုံအတွက် ကြိုးပမ်းလျက်ရှိပြီး စက်ဘီးအားကစားနည်းတွင်လည်း ရွှေတံဆိပ်အများဆုံးဆွတ်ခူးနိုင်ရန်အတွက် အစွမ်းကုန် ကြိုးပမ်းလျက်ရှိကြောင်းလည်း သိရသည်။ ■

၂၀၁၃ ဖော်မြူလာဝမ်းပြိုင်ပွဲကို မာစီးဒီးနဲ့ လက်တွဲပြီး စတင်ယှဉ်ပြိုင်တော့မယ့် လူးဝစ္စ ဟမ်မီလ်တန်

ကျော်ကျော်မင်း

McLaren နဲ့ ဆယ်စုနှစ်တစ်ခုကြာ လက်တွဲလာသူ နာမည်ကျော်ပြိုင်ကားမောင်းချန်ပီယံလူးဝစ္စဟမ်မီလ်တန်ဟာ မနှစ်ရာသီက အောင်ပွဲခံခဲ့တဲ့ Red Bull Team နဲ့ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သူဗက်တဲလ်ကို ပခုံးချင်းယှဉ်နိုင်ဖို့ အခု Mercedes Team နဲ့လက်တွဲကာ ၂၀၁၃ ဖော်မြူလာဝမ်းပြိုင်ပွဲကို စတင်တော့မှာကို အင်္ဂလန်မီဒီယာတွေက တခုတ်တရ ရေးသားဖော်ပြနေကြပါတယ်။

၂၀၀၈ ဖော်မြူလာဝမ်း ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သူ ဗြိတိန်စတား ဟမ်မီလ်တန်ဟာ ဖော်မြူလာဝမ်းပြိုင်ပွဲကမ္ဘာကို ဝင်ရောက်လာခဲ့ပြီး အချိန်ကာလတိုအတောအတွင်းမှာ အောင်မြင်မှုတွေ အဆင့်ဆင့်တက်လှမ်းရယူနိုင်ခဲ့သူဖြစ်ပြီး အမေရိကန်အဆိုကျော်မလေး နစ်ကိုးလ်ဆွာဇင်ဂါနဲ့ တွဲခဲ့တဲ့အရှိန်ကြောင့်လည်း ပေါ့ပ်ကမ္ဘာမှာပါ ထင်ရှားခဲ့သူတစ်ဦးပဲဖြစ်ပါတယ်။ အခုမန်ယူမှာ ခြေစွမ်းပြနေသူ အင်္ဂလန်တိုက်စစ်မှူး အက်ရှ်လေယန်းနဲ့ ငယ်ပေါင်းရောင်းရင်းတွေဖြစ်ပြီး အက်စတွန်ဗီလာပရိသတ်တွေပဲဖြစ်ပါတယ်။ ခရစ်ယာန်ဘာသာကို ယုံကြည်သက်ဝင်ပြီး ယှဉ်ပြိုင်ခဲ့သမျှ ပြိုင်ပွဲတိုင်းမှာ လက်ဝါးကပ်တိုင် Cross ကို ဝတ်ဆင်မောင်းနှင်တတ်သူဟာ အသက် ၁၀ နှစ်အရွယ် ချာတိတ်ငယ်ဘဝမှာတင် ကရာတေးခါးပတ်နက် ဂျူနီယာအဆင့်ရရှိထားသူဖြစ်ပြီး ဖော်မြူလာဝမ်းပြိုင်ပွဲကမ္ဘာကိုလည်း အသက် ၁၃ နှစ်အရွယ်မှာ စတင်ဝင်ရောက်နိုင်ခဲ့ပြီး အသက်အငယ်ဆုံးပြိုင်ပွဲဝင်တစ်ယောက်အဖြစ်နဲ့ အားကစားစာမျက်နှာသစ် ဖွင့်လှစ်ထားနိုင်သူ ငွေကြယ်ပွင့်ပဲဖြစ်ပါတယ်။

၂၀၀၈ ဖော်မြူလာဝမ်း ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သူ ဟမ်မီလ်တန်ရဲ့ပုံတူဖယောင်းရုပ်တုကို မဒမ်တူဆော့ပြတိုက်မှာ ဂုဏ်ပြုထားရှိခဲ့တာက ၂၀၀၉ မတ်လ ၁၉ ရက်နေ့မှာဖြစ်ပြီး ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့ ပထမဆုံးသော Black-Driver အဖြစ်နဲ့လည်း တချို့က ကင်ပွန်းတပ်လေ့ရှိတာတွေ့ရပါတယ်။ အခုပြိုင်ပွဲရာသီကို Mcrcedes Team နဲ့အတူ စတင်တော့မယ့် ဟမ်မီလ်တန်ဟာ မာစီးဒီးမိခင်မြေ စတုဂတ်ကို သွားရောက်ခဲ့ပြီး နာမည်ကြီး Red Bull ကို နေရာလုဖို့ ညှိနှိုင်းစီစဉ်နေခဲ့တာကိုလည်း ဂျာမနီစာစောင်တွေက ဖွဲ့နွဲ့ဖော်ပြနေကြပါတယ်။ ၂၀၀၇ ရာသီက McLaren နဲ့အတူ လက်တွဲယှဉ်ပြိုင်ခဲ့ဖူးသူ စပိန်ငွေကြယ်ပွင့် ဖာနန်ဒိုအလွန်ဆိုကလည်း အခုရာသီမှာ အသင်းပြောင်းသွားသူ ဟမ်မီလ်တန်ဟာ ကြောက်မက်ဖွယ်အကောင်းဆုံး ပြိုင်ဘက်ဖြစ်လာမှာသေချာနေပြီး ကမ္ဘာ့ချန်ပီယံဖြစ်ဖို့ အလားအလာအကောင်းဆုံးသူတစ်ယောက်ပါလို့ အတိအလင်း ထုတ်ဖော်ချီးကျူးခဲ့တာကိုလည်း အင်္ဂလန်ပရိသတ်တွေ၊ မာစီးဒီးပရိသတ်တွေက သဘောတွေ့နေကြပါတယ်။

မာစီးဒီးအသင်းနှင့် ပထမဆုံး မီဒီယာတွေ့ဆုံပွဲတွင် တွေ့ရသည့် ဟမ်မီလ်တန်။

၂၀၁၂ ပြိုင်ပွဲရာသီမှာ အလွန်ဆိုဟာ မြင်းကောင်းခွာလိပ်အဖြစ်မျိုးနဲ့ကြုံခဲ့ရတာဖြစ်ပြီး ပွဲစဉ်တစ်လျှောက် တောက်လျှောက်ဦးဆောင်လာခဲ့ပြီးမှ ဂျာမနီစတား ဗက်တဲလ်ကို နှာတစ်ဖျားအလိုနဲ့ပဲ ဒုတိယလူဖြစ်ခဲ့ရတာဖြစ်ပါတယ်။ မနှစ်က အသင်းလိုက်ဆုမှာ ပဉ္စမသာ ရရှိခဲ့တဲ့ မာစီးဒီးအသင်းအတွက်တော့ ၂၀၀၈ ကမ္ဘာ့ချန်ပီယံရောက်ရှိလာခြင်းဟာ ၂၀၁၃ အတွက် ကံကောင်းခြင်းလက်ဆောင်တွေ ရောက်ရှိလာမယ့်သင်္ကေတပဲလို့ ယူဆနေကြပါတယ်။ ဂန္ထဝင်ဖော်မြူလာဝမ်းချန်ပီယံ မိုက်ကယ်ရှူးမေကာကလည်း မာစီးဒီးနဲ့ ဟမ်မီလ်တန် လက်တွဲလိုက်တာနဲ့ပတ်သက်ပြီး "Mercedes Team ရဲ့ ရွှေရောင်ကာလတွေဆီ တစ်ကျော့ပြန်ရောက်ရှိအောင် ဟမ်မီလ်တန် ကူညီပေးနိုင်မှာ သေချာပါတယ်။ လက်ရှိချန်ပီယံ Red Bull ကို ယှဉ်နိုင်ဖို့အတွက် လူအား၊ စက်အား အစစအဆင်သင့်ပြောင်းလဲပြုပြင်သွားရမှာပါ။ တစ်ချိန်က ဂုဏ်ပြောင်ခဲ့တဲ့ ကျွန်တော့်အသင်းဟောင်းအတွက် ၂၀၁၃ ရာသီဟာ အောင်ပွဲရာသီဖြစ်ဖို့ များနေပါပြီ"ဟု ချီးကျူးစကားဆိုသွားခဲ့ပါတယ်။ ဂရင်းပရီပြိုင်ပွဲရာသီခြောက်ခုလုံးလုံး McLaren Driver ဖြစ်ခဲ့သူ ဗြိတိန်ချန်ပီယံဟမ်မီလ်တန်ကလည်း "ဒီနှစ်ဟာ ကျွန်တော့်အတွက်လည်း စိန်ခေါ်မှုသစ်ကြုံတွေ့တဲ့နှစ်ပါပဲ။ Red Bull လက်ထဲက ချန်ပီယံဆုကို Mercedes နဲ့အတူ ပြန်လည်ရယူနိုင်ဖို့ ရည်မှန်း ကြိုးစားနေပါတယ်။ ကားသစ်၊ အဖွဲ့သစ်၊ ပရိသတ်သစ်တွေရဲ့ အားပေးမှုနဲ့အတူ ကမ္ဘာ့ချန်ပီယံခရီးကို အသော့နှင်နိုင်မှာ သေချာပါတယ်။ ကမ္ဘာ့ချန်ပီယံ နှစ်ထပ်ကွမ်းဖြစ်ဖို့လည်း ရည်မှန်းထားပါတယ်"ဟု စတုဂတ်ရောက်ရှိစဉ်မှာ ကတိစကားဆိုသွားခဲ့ပါကြောင်း သတင်းကောင်းပါးရင်း Mercedes ရဲ့ အောင်ပွဲခရီးကို ရင်ခုန်အားပေးကြပါစို့လား။ ■

ဇေကမ္ဘာ မြန်မာ အိုးပင်း ၂၀၁၃ ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပမည်

ကျော်ဇင်လှိုင်

မြန်မာ PGA **နှင့်** မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့က ကြီးမှူးပြီး Asian Tour က စီစဉ်ကျင်းပသော ZAYKABAR MYANMAR OPEN 2013 ဂေါက်သီးရိုက်ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၄ နေ့အထိ Royal Mingaler Golf & Country Club ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၅ နိုင်ငံမှ နိုင်ငံခြားသားဂေါက်သီးအားကစားသမား ၁၃၀ ကျော်ပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဂေါက်သီးအားကစားသမား ၂၀ ဖြင့် အားလုံးပေါင်း ဂေါက်သီးအားကစားသမား ၁၅၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင် ၁၅၀ အနက် အဆင့်(၁)မှ အဆင့် (၆၅)အထိ ဆုချီးမြှင့်သွားမည်ဖြစ်ပြီး ဆုကြေးငွေအားလုံးပေါင်း အမေရိကန် ဒေါ်လာသုံးသိန်းအထိ ပေးအပ်ချီးမြှင့်သွားမည့် အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲသူကို အမေရိကန်ဒေါ်လာ ၅၄,၀၀၀၊ ဒုတိယဆု ရရှိသူကို ဒေါ်လာ ၃၃,၀၀၀၊ တတိယဆုရရှိသူကို ဒေါ်လာ ၁၈,၉၀၀ အသီးသီးချီးမြှင့်သွားမည်ဖြစ်ပြီး အနိမ့်ဆုံးအဆင့် (၆၅) ရရှိသူကို ဒေါ်လာ ၈၁၀ ချီးမြှင့်မည်ဖြစ်သည်။

"မြန်မာနိုင်ငံဂေါက်သီးအားကစားသမားတွေကို ဒီလိုကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာ အတွေ့အကြုံရအောင် ယှဉ်ပြိုင်ခိုင်းတာပါ။ ပြီးတော့ ဒီလိုပြိုင်ပွဲမျိုးတွေ များများယှဉ်ပြိုင်လာရရင် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေကို ယှဉ်ပြိုင်ဖို့ အတွေ့အကြုံကောင်းတွေ ရရှိလာနိုင်ပါတယ်"ဟု မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ပြောသည်။ ■

CONGRATULATIONS!

Palm Spring

WE WISH TO CONGRATULATE YOU ON THE GRAND OPENING OF Palm Spring Resort (Myitkyina) ON 10 TH JANUARY, 2013.
WE FELT REMARKABLY SPECIAL TO BE PART OF SUCH AN IMPRESSIVE GRAND OPENING.
MAY YOU ACHIEVE HUGE SUCCESS IN THE FUTURE.
CONGRATULATIONS!

THE TIMBERLAND FURNITURE

မြန်မာလက်ဝှေ့ကျော်များ အနိုင်ရခဲ့သည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

ကျော်ဇင်လှိုင်

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် H & S Group တို့ စီစဉ်သော မြန်မာနှင့် ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ပြီးခဲ့သည့် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သိပ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ လက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ပြည်တွင်း လေးချီ၊ ငါးချီ စိန်ခေါ်ပွဲ ခြောက်ပွဲပါဝင်ပြီး မြန်မာနှင့်ထိုင်း လက်ဝှေ့စိန်ခေါ်ပွဲစဉ် နှစ်ပွဲပါဝင်ခဲ့သည်။ လက်ဝှေ့ပွဲ မကျင်းပမီက နိုင်ငံတကာပွဲ သုံးပွဲပါဝင်မည်ဟု ကြေညာထားခဲ့သော်လည်း မြန်မာဘက်မှ တူးတူးနှင့် ယှဉ်ပြိုင်မည့် ထိုင်းလက်ဝှေ့သမားပက်ပကိုင်သည် အပြင်းဖျားပြီး မထိုးသတ်နိုင်သောကြောင့် အဆိုပါပွဲစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်းသိရသည်။

ပြည်တွင်း လေးချီပွဲစဉ်များတွင် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် လင်းထက်မောင် (ဝါဆို)၊ ခွန်းရှိုင်းထက် (ဝါဆို)နှင့် ထွန်းလုံရှိန်(ငြိမ်းချမ်းရေး) တို့၏ပွဲစဉ်များသာ အကြိတ်အနယ်ဖြင့် သရေပွဲများဖြစ်ခဲ့ပြီး ကျန်ပြည်တွင်း ပွဲများအားလုံး အနိုင်အရှုံး အဖြေပေါ်ခဲ့ပြီး ပရိသတ်အားရခဲ့ကြသည်။ ဝမ်းဝမ်း (နဂါးမာန်)က တာဝိတ်(Top One)ကို ဒုတိယအချီ နှစ်မိနစ်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ဖျံသွေး (ငြိမ်းချမ်းရေး)က ရဲရင့်ထွန်း(မုဒုံသား)ကို တတိယ အချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ မင်းမဟာ(ဘိလပ်မြေစက်ရုံ)က အောင်သူရိန်(Top One)ကို ဒုတိယအချီ နှစ်မိနစ်တွင် အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး အထူး ပြည်တွင်းငါးချီစိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြသည့် မိုက်တန်စန်(အလင်းရောင်)နှင့် ရဲရင့်(နဂါးမာန်)တို့၏ ပွဲစဉ်တွင် ရဲရင့်(နဂါးမာန်)က လက်ရည်အသာဖြင့် ဒုတိယအချီတွင် မိုက်တန်စန်(အလင်းရောင်)ကို နောက်ကောက်ချနိုင်ခဲ့သည်။

မြန်မာ့လက်ဝှေ့ကျော် တွေ့မရှောင် ဆုယူအပြီး တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ - ကျော်ဇင်လှိုင်

မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ အထူး စိန်ခေါ်ပွဲစဉ်များတွင် ထွန်းထွန်းမင်း (မြန်မာ)က ပွန်ပက်(ဝမ်းစုံချိုင်းကလပ်)ကို ပထမအချီတွင် အလဲထိုးဖြင့်အနိုင်ရခဲ့သလို တွေ့မရှောင်(မြန်မာ)က လဲဂျီဝီဟ(ဝမ်းစုံချိုင်းကလပ်)ကို လက်ရည်အသာဖြင့် ပထမအချီ၌ပင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

အဓိကတွဲဆိုင်းများအဖြစ် မြန်မာလက်ဝှေ့ကျော်များနှင့် ထိုင်းလက်ဝှေ့သမားများ၏ ယှဉ်ပြိုင်ထိုးသတ်မှုများသည် ပရိသတ်များအတွက် ပြည်တွင်း ပွဲစဉ်များလောက်ပင် ဆွဲဆောင်မှုမရှိခဲ့ဘဲ မြန်မာလက်ဝှေ့သမားများအတွက် နိုင်ပွဲများ အလွယ်တကူရရှိခဲ့ခြင်းဖြစ်ပြီး ပရိသတ်များ၏ ဝေဖန်သံများစွာ ကြားခဲ့ရသော လက်ဝှေ့ပွဲဖြစ်ခဲ့သည်။

ထိုပွဲတွင် တွေ့မရှောင်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ဂျီဝီဟအနေဖြင့် ခေါင်းကို အသုံးပြု၍ တိုက်ခိုက်ခြင်းကို လက်မခံနိုင်ကြောင်း ကြိုတင်ညှိနှိုင်းမှုများရှိခဲ့သော်လည်း မြန်မာ့ရိုးရာလက်ဝှေ့တွင် အဆိုပါ တိုက်ခိုက်နည်းပါဝင်သဖြင့် မြန်မာလက်ဝှေ့ကျော် တွေ့မရှောင်က အသုံးပြုတိုက်ခိုက်ခဲ့ပြီး ထိုင်းလက်ဝှေ့သမားအနေဖြင့် မကျေနပ်မှုများဖြစ်ပေါ်ခဲ့သည်။ ပွဲစီစဉ်သူ ဇော်ပစ်တိုင်းထောင်မှ ဦးစိုင်းဇော်ဇော်က "ကျွန်တော် ပွဲစီစဉ်တုန်းက သူတို့ဘက်က မြန်မာ့ရိုးရာ စည်းမျဉ်းစည်းကမ်းအတိုင်း ယှဉ်ပြိုင်ဖို့ သဘောတူညီပြီးသားပါ။ ပြိုင်ပွဲနီးကပ်မှ သူတို့ဘက်က ဒီလိုတောင်းဆိုမှုတွေ ဖြစ်လာတာပါ။ ကျွန်တော်နောက် စီစဉ်တဲ့ ပွဲတွေမှာ ဒီပွဲကို ဥပမာယူပြီး အကောင်းဆုံးစီစဉ်သွားပါမယ်။ နောက်ပြီး မြန်မာလက်ဝှေ့သမားတွေနဲ့ လက်ရည်ညီမျှတဲ့ ဘန်ကောက်က ချန်ပီယံလက်ဝှေ့သမားတွေကို ခေါ်ယူပြီး ယှဉ်ပြိုင်ထိုးသတ်နိုင်ဖို့ စီစဉ်သွားပါမယ်"ဟု မြန်မာတိုင်း(မ်)ကို ပြောသည်။

တွေ့မရှောင်၏ ခေါင်းတိုက်ချက်ကို ခံစားခဲ့ပြီး ဒဏ်ရာရရှိခဲ့သော ဝမ်းစုံချိုင်းကလပ်မှ ထိုင်းလက်ဝှေ့သမား ဂျီဝီဟအား ထိုးသတ်ကြေးအပြင် ဆေးဖိုးဝါးခအဖြစ် ဒေါ်လာ ၂၀၀ ပေးချေခဲ့ရကြောင်း သိရသည်။ ■

MNL-2 ပြိုင်ပွဲ ပွဲစဉ်ဇယား မဲနှိုက်ရွေးချယ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူးကျင်းပမည့် MNL-2 ပြိုင်ပွဲအတွက် ပွဲစဉ်ဇယား မဲနှိုက်ရွေးချယ်ခြင်း အခမ်းအနားကို ပြီးခဲ့သည့် တနင်္လာနေ့က MFF ရုံးချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

၂၀၁၃ MNL-2 ပြိုင်ပွဲအား မူလက အသင်းရှစ်သင်းဖြင့် ကျင်းပရန်စီစဉ်ခဲ့သော်လည်း ယခုအခါ Michelia FC အသင်းတစ်သင်း ထပ်တိုးလာသဖြင့် စုစုပေါင်းအသင်းကိုးသင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ MNL-2 ပြိုင်ပွဲအား ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် စတင်မည်ဖြစ်ပြီး တစ်ပတ်လျှင် လေးပွဲနှုန်းဖြင့် ၂၃-၆-၂၀၁၃ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။ အမှတ်ပေး ပွဲစဉ်များပြီးဆုံးသည်နှင့် ၂၈-၆-၂၀၁၃ ရက်နေ့တွင် အမှတ်ပေးဇယား ပထမနှင့် ဒုတိယအသင်း နှစ်သင်း MNL-2 ပြိုင်ပွဲချန်ပီယံအဖြစ် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

MNL-2 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တန်းတက်ခွင့်ရရှိမည်မဟုတ်ပေ။ MNL-2 ပြိုင်ပွဲဝင်အသင်းများမှာ Royal Land ၊ ယူ-၁၉၊ ချင်းယူနိုက်တက်၊ မြဝတီ၊ ဒဂုံအက်ဖ်စီ၊ GFA ၊ Michelia ၊ Horizon နှင့် မောရဝတီတို့ဖြစ်သည်။ ■

ဟံသာဝတီယူနိုက်တက်ကို အနိုင်ရပြီး ရတနာပုံအက်ဖ်စီ နိုင်ပွဲစတင်တွေ့ရှိခဲ့တဲ့ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၃)

အောင်စည်ဟိန်း

မြန်မာနေရှင်နယ်လိဂ် ၂၀၁၃ ဘောလုံးရာသီအစတွင် ရလဒ်များဆိုးရွားနေသော ရတနာပုံဘောလုံးအသင်းသည် ပွဲစဉ်(၃)တွင် ပထမဦးဆုံးနိုင်ပွဲကို ရရှိခဲ့သည်။ ဇန်နဝါရီလ ၁၉ ရက်နေ့ သုဝဏ္ဏဘောလုံးကွင်းတွင် မြန်မာနေရှင်နယ်လိဂ်၏ အသင်းကြီးတစ်သင်းဖြစ်သော ရတနာပုံက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ အဖိုးတန်သုံးမှတ် ရယူခဲ့သည်။

"မြန်မာနေရှင်နယ်လိဂ်မှာ ပွဲသိပ်မများဘူးဆိုတော့ နှစ်ပွဲ၊ သုံးပွဲလောက် ရှုံးသွားပြီဆိုရင် ချန်ပီယံရဖို့ သိပ်မလွယ်တော့ပါဘူး"ဟု ရတနာပုံအသင်း၏ နည်းပြသစ် ဘောရစ်ဘန်ဂျတ်က ပြောသည်။

ရတနာပုံအသင်းအတွက် ပထမဂိုးကို ပွဲချိန် ငါးမိနစ်တွင် ပိုင်စိုးက သွင်းယူပေးခဲ့ပြီး ယုံကြည်မှုပျောက်နေသော ရတနာပုံအသင်းသားများ စိတ်အားတက်လာခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် ပေါ်လိုပီမန်တယ်က အဝေးကန်ဘောဖြင့် အသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

"ကျွန်တော့်ကစားသမားတွေ ပထမပိုင်းမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေရှိလာပါတယ်။ ပြီးခဲ့တဲ့ ပွဲတွေက ရလဒ်တွေ ဆိုးရွားတာကြောင့် ကစားသမားတွေရဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုထိခိုက်ခဲ့ပါတယ်။ ဒီပွဲမှာ နှစ်ဂိုး-တစ်ဂိုး ဒါမှမဟုတ် သုံးဂိုး-နှစ်ဂိုးလောက်နဲ့ ကပ်နိုင်မယ်လို့ မှန်းထားတာပါ" ဟု ဘောရစ် ဘန်ဂျတ်က ပြောသည်။

ဟံသာဝတီအသင်းသည် ဂိုးရမည့်အခွင့်အရေးများ ဖန်တီးနိုင်ခဲ့ပြီး အနီးကပ် ကန်သွင်းမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်း အဆုံးသတ်ညံ့ခဲ့သည်။

ဟံသာဝတီ ၀–၂ ရတနာပုံပွဲစဉ်မှ နှစ်ဖက်ကစားသမားများ အကြိတ်အနယ် ဘောလုံးယှဉ်လုနေစဉ်။ ဓာတ်ပုံ - ဘူးသီး

"လူငယ်များကို ပွဲထုတ်စမ်းသပ်နေတာကြောင့် တိုက်စစ်ပိုင်းမှာ အားနည်းနေတယ်။ ရသင့်ရထိုက်တဲ့ ဂိုးတွေ မရခဲ့ဘူး"ဟု ဟံသာဝတီယူနိုက်တက် အသင်း၏ နည်းပြဦးဝင်းတင်က ပြောသည်။

ပွဲစဉ်(၃) အပြီးတွင် ရန်ကုန်ယူနိုက်တက်သည် ရမှတ် ကိုးမှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်သည် မနောမြေအသင်းကို ခက်ခက်ခဲခဲကစားခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အတွက် ပထမဂိုးကို ကျော်ကိုကိုက ပွဲချိန်ငါးမိနစ်တွင် ခေါင်းတိုက်သွင်းယူလိုက်သည်။ ဒုတိယပိုင်းတွင် မနောမြေအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ခြေစွမ်းပြကစားကာ ၆၄ မိနစ်တွင် ကန်ဘူး၏ ပိတ်သွင်းချက်ကြောင့် မနောမြေအသင်း ချေပဂိုး ရရှိသွားသည်။ ရန်ကုန်ယူနိုက်တက်အတွက် အနိုင်ဂိုးကို ၈၁ မိနစ်တွင် ကိုနေးက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။

အသင်းကြီးနှစ်သင်း ဆုံတွေ့ကြသော မကွေးအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ပွဲသည် နှစ်ဂိုးစီဖြင့် သရေကျသွားသည်။ မကွေးအသင်းသည် ပွဲပြီးခါနီးထိ နှစ်ဂိုးအသာဖြင့်ဦးဆောင်ခဲ့ရာမှ ဧရာဝတီယူနိုက်တက်အသင်း၏ နောက်ဆုံးမိနစ် ဒုတိယချေပဂိုးကြောင့် သရေတစ်မှတ်သာရရှိခဲ့သည်။ မကွေးအတွက် ဂိုးများကို အဲလ်မေဒါနှင့် မျိုးဇော်ဦးတို့က သွင်းယူခဲ့ပြီး ဧရာဝတီမှ မာရန်းက ပထမချေပဂိုးကို မိနစ် ၈၀ နှင့် ဒေါ်မိနစ်က ဒုတိယချေပဂိုးကို နာကျင်အချိန်ပို၌ သွင်းယူခဲ့သည်။ ■

ဟယ်ရီမင်းသား အာဖဂန်စစ်ပွဲမှအပြန် မီဒီယာကို ဝေဖန်

ဗြိတိန်နန်းဆက် တန်းစီဇယားတွင် တတိယအဆင့်နေရာတွင်ရှိသူ မင်းသားဟယ်ရီသည် မတည်မငြိမ်ဖြစ်နေသော အာဖဂန် နစ္စတန် ဟဲလ်မန်း ပြည်နယ်၏ ကောင်းကင်ပြင်တွင် အပက်ချီ တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် တိုက်ပွဲဝင် ပျံသန်းရင်း သီတင်းပတ် ၂၀ ကြာ တာဝန်ချထားမှုခံခဲ့ရ

လန်ဒန်– ဗြိတိန်နိုင်ငံမှ ဟယ်ရီမင်းသားက ၎င်းသတင်းမီဒီယာအပေါ် အမျက်ထွက်မှုအကြောင်းကို ပြောကြားပြီး သတင်းစာများက မဟုတ်မဟတ်တွေကို သတင်းလုပ်ပြီး ရေးနေကြသည်ဟု စွပ်စွဲပြောကြားလိုက်ပြီး ဇန်နဝါရီလ ၂၁ ရက်နေ့က တာဝန်ထမ်းဆောင်မှုခရီးစဉ်အပြီးတွင် ထုတ်ဝေသော သဘောထားဝေဖန်ချက်များဖြင့် မိမိ၏ ကိုယ်ပိုင်အချိန်ကို အနှောင့်အယှက်ကင်းမဲ့စွာ အေးအေးချမ်းချမ်း အသုံးမချနိုင်အောင်ပြုခဲ့ကြသည်ဟု ပြစ်တင်ဝေဖန်လိုက်သည်။

"သူတို့ စွမ်းဆောင်နိုင်တာကတော့ သူတို့တစ်တွေ ဒီလိုမဟုတ်မဟတ်တွေ ရေးလို့ သူတို့ဒီလိုဟာတွေလုပ်ပြီး ဘယ်သူမှ ဘာမှမတတ်နိုင်တဲ့ ကျွန်တော့်ကို စိတ်ကသိကအောက်ဖြစ်ပြီး ဒေါသဖြစ်စေတာပဲဖြစ်ပါတယ်"ဟု ၎င်းက အာဖဂန်နစ္စတန် စစ်စခန်းမှနေ၍ အိုင်တီဗီရုပ်သံအစီအစဉ်သို့ ၎င်းစစ်ဆင်ရေးနယ်မြေမှ ထွက်ခွာပြီးနောက်မှ ထုတ်လွှင့်ခွင့်ရှိသော လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားလိုက်သည်။

"ပြည်သူလူထုသည် အဆိုပါသတင်းစာများကို ဝယ်ယူသည့်အတွက် အပြစ်မကင်းကြောင်း" ၎င်းက အလေးပေးပြောကြားလိုက်ပြီး ဆက်လက်၍ "ဘယ်သူကမှ သူတို့ရေးတဲ့အတိုင်း ယုံကြည်လက်ခံကြတာ မဟုတ်ဘူးဟု မျှော်လင့်ကြောင်း"နှင့် "ကျွန်တော့်ဘက်က ပြောရရင်တော့ ဒါတွေကို ကျွန်တော် မယုံကြည်တာအမှန်ပါပဲ" ဟု လည်း ဆက်လက်ပြောကြားသည်။ ဟယ်ရီမင်းသားက ၎င်း၏မီဒီယာအား အယုံအကြည်မရှိမှုကို ၁၉၉၇ ခုနှစ်က ဓာတ်ပုံသတင်းထောက်များ သဲကြီးမဲကြီး နောက်မှလိုက်ရာမှ ၎င်း၏မိခင် ပါရီမြို့တွင် ကားမှောက်သေဆုံးခဲ့ရသည့်အဖြစ်အပျက်သို့တိုင် ပြန်ပြောင်းအမှတ်ရခဲ့သည်။

"ကျွန်တော့်အဖို့ ဒီအဖြစ်အပျက်ဟာ အတိတ်ကို ဘယ်လောက်ထိ ပြန်ရောက်သွားခဲ့တယ်ဆိုတာ အထင်အရှားဖြစ်တယ်လို့ယုံကြည်ပါတယ်။ ကျွန်တော် အလွန်နုနယ်သေးတဲ့ ကလေးငယ်ဘဝထိဖြစ်ပါတယ်"ဟု၎င်းက အဆိုပါသတင်းကွန်ရက်အား ပြောကြားလိုက်သည်။

ဗြိတိန်နိုင်ငံ၏ Press Association သတင်းအေဂျင်စီက မင်းသား ရဟတ်ယာဉ်ထိုင်ခုံပေါ်ကဝမှနေ၍ စက်သေနတ်သမားတာဝန်ဖြင့် ရန်သူများအား ပစ်ခတ်သတ်ဖြတ်ခဲ့ပါသလားဟု မေးမြန်းရာတွင် ဟယ်ရီမင်းသားက "ဟုတ်ပါတယ် သတ်ဖြတ်ခဲ့ပါတယ်။ ကျွန်တော့်လိုပဲ တခြားလူတွေအများအပြားကလည်း သတ်ဖြတ်ခဲ့ကြပါတယ်" ဟု ဖြေကြားသည်။

ဗြိတိန်နိုင်ငံတွင် မင်းလုပ်ရန် တန်းစီဇယားတွင် တတိယအဆင့်နေရာတွင်ရှိသူ မင်းသားဟယ်ရီသည် မတည်မငြိမ်ဖြစ်နေသော အာဖဂန် နစ္စတန် ဟဲလ်မန်း ပြည်နယ်၏ ကောင်းကင်ပြင်တွင် အပက်ချီ တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် တိုက်ပွဲဝင် ပျံသန်းမှုပေါင်း အမြောက်အမြားပြုလုပ်ရင်း သီတင်းပတ် ၂၀ ကြာ တာဝန်ချထားမှုခံခဲ့ရသည်။

ဝေလပြည်နယ်တွင် ဘုရင့်လေတပ်မတော်၏ ရှာဖွေရေးနှင့် ကယ်တင်ရေး ရဟတ်ယာဉ်၏ ယာဉ်မှူးတာဝန် ထမ်းဆောင်နေသော ဝီလျံမင်းသား အာဖဂန်နစ္စတန်သို့ သွားရောက် တာဝန်ထမ်းဆောင်ရမည့်ကိစ္စ၌ ၎င်းသည် ဘုရင်ရာထူးယူရမည့် တန်းစီဇယားတွင် ဒုတိယအဆင့်ရှိသူ မင်းသားတစ်ဦးအတွက် အန္တရာယ်များလွန်းသောကြောင့် ပိတ်ပင်တားဆီးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဟယ်ရီမင်းသားကမူ "သူ(ဝီလျံ) လည်း အဲဒီလိုဝေးလံတဲ့နေရာမှာ တာဝန်ထမ်းဆောင်ရမှာကို နှစ်သက်လိုလားမှာပေါ့။ ခင်ဗျားတို့နဲ့ ကျွန်တော့်ရင်ထဲမှာရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ သူဘာကြောင့် မသွားသင့်သလဲဆိုတာ တွေးမရပါဘူးဗျာ။ အန္တရာယ်များရအောင် ကောင်းကင်မှာ ပျံနေတဲ့လေယာဉ်တစ်စင်းရဲ့ထိုင်ခုံမှာ ဘယ်သူထိုင်နေတယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး"ဟု ပြောကြားလိုက်သည်။ **(အေအက်ဖ်ပီ)**

ခင်အောင် ဘာသာပြန်သည်။ ■

တာဝန်ထမ်းဆောင်နေသည့် မင်းသားဟယ်ရီကို အပက်ချီရဟတ်ယာဉ်တွင် တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

စင်ကာပူနိုင်ငံ လူဦးရေတိုးတက်စေရေး အစိုးရက ကလေးဆုကြေးပေးမည်

စင်ကာပူ– စင်ကာပူအစိုးရသည် နိုင်ငံလူဦးရေတိုးရေးနှင့် နိုင်ငံခြားသားများအပေါ် မှီခိုမှုလျှော့ချရေးအတွက် ရည်ရွယ်၍ ကလေးမွေးဖွားသော မိဘများအား ငွေကြေးထောက်ပံ့သည့် ကလေးဆုကြေး (baby bonus) တိုးမြှင့်ခြင်းနှင့် ကလေးပြုစုရန်အတွက်ဖခင်အား ခွင့်ခံစားခွင့် (paternity leave) စတင်ခွင့်ပြုခြင်းဆိုင်ရာ ကြေညာချက်ကို ဇန်နဝါရီလ ၂၁ ရက်က ထုတ်ပြန်သည်။

ယခင်နှစ် ဩဂုတ်လ ၂၆ ရက်နှင့် ယင်းနေ့နောက်ပိုင်းတွင် ကလေးမွေးဖွားပေးသည့် စင်ကာပူနိုင်ငံသားမိဘများသည် ကလေးတစ်ယောက်အတွက် အပိုဆုကြေးငွေ ၅၀ ရာခိုင်နှုန်းတိုးကာ စင်ကာပူဒေါ်လာ ၆,၀၀၀ (အမေရိကန်ဒေါ်လာ ၄,၉၀၀) ရရှိကြမည်ဖြစ်သည်။ ပထမကလေး နှစ်ယောက်အတွက်သာ ဆုကြေးရရှိမည်ဟုလည်းဆိုသည်။

စင်ကာပူလူငယ် အိမ်ထောင်သည်များ မကြာခဏညည်းညူနေကြသည့် မိသားစုစရိတ်ကြီးလေးမှုကို ထေမိစေရန်အတွက် တတိယနှင့် စတုတ္ထကလေး မွေးဖွားသည့် မိဘများကိုလည်း ကလေးတစ်ဦးအတွက် စင်ကာပူဒေါ်လာ ၈,၀၀၀ ထိ တိုးမြှင့်ထောက်ပံ့သွားမည်ဖြစ်သည်။ ယင်းထောက်ပံ့ကြေး ခံစားခွင့်ရရန် အနည်းဆုံးမိဘတစ်ဦး စင်ကာပူနိုင်ငံသားဖြစ်ရန် လိုအပ်သည်။

ကလေးတစ်ဦးဆုကြေး ၅၀ % တိုး

စင်ကာပူအစိုးရသည် ယခုနှစ် မေလ ၁ ရက်နေ့နှင့် ယင်းနေ့နောက်ပိုင်းတွင် မွေးဖွားသော ကလေးများ၏ ဖခင်များအား ကလေးစောင့်ရှောက်ရန် ခွင့်ရက် ရက်သတ္တပတ်ခံစားခွင့်ပြုမည်ဟု စင်ကာပူ အမျိုးသားလူဦးရေနှင့် ပင်ကိုအရည်အသွေး တိုးပွားရေးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကလေးဖခင်သည် ကလေးပြုစုခွင့် ဒုတိယရက်သတ္တပတ် ထပ်မံခံစားလိုပါက မိခင်ပုံမှန်ရရှိသည့် မီးဖွားခွင့် (maternity leave) ရက်သတ္တ ၁၆ ပတ်ထဲမှ ရယူခံစားနိုင်သည်။

ကလေးရှိသော မိသားစုများ၏ နေထိုင်ရေးကိုလည်း အစိုးရ၏ အိမ်ထောင်ရေးနှင့် မိသားစုအစီအစဉ် (Marriage and Parenthood Package) ဖြင့် စင်ကာပူဒေါ်လာ နှစ်ဘီလျံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃ ဘီလျံ) ကို အသုံးပြုဖြေရှင်းပေး လျက်ရှိသည်။

ပြည်ပအလုပ်သမားကို အခြေပြု၍ စီးပွားဖွံ့ဖြိုးနေသော စင်ကာပူနိုင်ငံ၏ လူဦးရေ ၅ ဒသမ ၃ သန်းတွင် နိုင်ငံသား ၃ ဒသ ၃ သန်းသာရှိသည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■

တရုတ်လေထုညစ်ညမ်းမှု အစိုးရမီဒီယာတွင် ဖော်ပြခဲ့

ပေကျင်း – ပေကျင်းမြို့ပြဒေသတစ်ခွင်လုံး မီးခိုးမြူ (Smog) များ ပြည့်ဖုံးလာစေသည့် လေထုညစ်ညမ်းမှုအန္တရာယ် ပိုမိုဆိုးဝါးမှုအပေါ် ပြည်သူများ၏ ဒေါသ ဒီဇင်ဘာလ ၁၄ ရက်က ကူးစက်ပျံ့နှံ့လာပြန်သောကြောင့်၊ သက်ဆိုင်ရာဌာန များ၏ ပွင့်လင်းမြင်သာရှိမှုနှင့် နိုင်ငံ၏ အန္တရာယ်ဖြစ်လောက်အောင် လျင်မြန်သည့် ဖွံ့ဖြိုးတိုးတက်မှုကို အစိုးရမီဒီယာများက ထောက်လှမ်းမေးမြန်းခဲ့သည်။

မြို့ပြဒေသများလျင်မြန်စွာ တိုးချဲ့ထူထောင်မှု၊ သဘာဝပတ်ဝန်းကျင်ကို အရင်းအနှီးပြုလျက် စီးပွားရေးတစ်ဟုန်ထိုးတိုးတက်မှုများကို ရရှိစေသည့် တရုတ်နိုင်ငံ၏ ခေတ်မီတိုးတက်မှုအစဉ်ကို ပြန်လည်အကဲဖြတ်ရန်အတွက် မီဒီယာများက အင်တာနက်အသုံးပြုသူများထံ ချဉ်းကပ်ခဲ့ကြသည်။

ယခုလ စနေ၊ တနင်္ဂနွေနေ့များက တရုတ်နိုင်ငံမြောက်ပိုင်းဒေသ အများအပြားပေါ်တွင် မီးခိုးမြူများ ထူထဲစွာကျရောက်နေ၍ လမ်းသွားလမ်းလာများ မီတာ ၁၀၀ အထိသာ မြင်ကြရပြီး လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းထားရသည်။ အိုးအိမ်တည်ဆောက်ရေးလုပ်ငန်းခွင်များနှင့် ကားထုတ်လုပ်ရေးစက်ရုံတစ်ခုတို့တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် လုပ်ငန်းခွင်များကို ရပ်နားထားကြသည်။

ပေကျင်းမြို့ဆေးရုံကြီးနှစ်ခုမှ ဆရာဝန်များ၏ အဆိုအရအသက်ရှူလမ်းကြောင်းဆိုင်ရာဝေဒနာရှင်ဦးရေရက်အနည်းငယ်အတွင်း အထူးပင်များပြားလာကြောင်း အစိုးရမီဒီယာများတွင် ဖော်ပြသည်။

ညစ်ညမ်းလေထုထဲတွင် ပြည်သူများ သုံးရက်အထိ ပိတ်လှောင်ခံရသောကြောင့် ပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင် မည်မျှအရေးကြီးပုံကိုသိလာကြလောက်ပြီဖြစ်သည်ဟု တရုတ်နိုင်ငံမှ တွစ်တာနှင့်ဆင်တူသော ဆိုင်နာဝိုင်ဘိုဝက်ဘ်ဆိုက်က သတိပေးထားသည်။

ပေကျင်းမြို့၌ မီးခိုးမြူအများဆုံးကျရောက်ချိန်တွင် လေထုထဲရှိ PM 2.5

ပေကျင်းမြို့တွင် မီးခိုးမြူများကျရောက်သည့်အန္တရာယ်ကို ကာကွယ်၍သွားလာနေကြသူများ။ ဓာတ်ပုံ - အေအက်ဖ်ပီ

အမှုန်များ (အဆုတ်တွင်းသို့နက်ရှိုင်းစွာကျရောက်လောက်အောင် သေးငယ်သည့် အမှုန်များ) ၏ပမာဏမှာ တစ်ကုဗမီတာတွင် ၉၉၃ မိုက်ခရိုဂရမ် ရှိနေရာ၊ ယင်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အန္တရာယ်ကင်းသတ်မှတ်ချက် ပမာဏထက် အဆ ၄၀ နီးပါးပိုများနေသည်။

မီးခိုးမြူကျရောက်ခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူတို့က အနိမ့်ပိုင်းတိုက်လေ (Low Winds) များအပေါ် သတ္တုချသည်။ မြူများသည် ယာဉ်များနှင့် စက်ရုံများမှ ထုတ်လွှတ်သည့် မီးခိုးနှင့် ရောနှောပြီးနောက် ပေကျင်းမြောက်ဘက်နှင့် အနောက်ဘက် တောင်တန်းများပေါ်တွင် တွဲခိုနေကြတော့သည်။

ဆောင်းရာသီတွင် မီးသွေးအသုံးပြုမှုသည်လည်း မီးခိုးမြူဖြစ်ရသည့် အကြောင်းတစ်ခုဟုဆိုသည်။

အစိုးရသတင်းစာ တစ်ခုဖြစ်သည့် ဇန်နဝါရီ ၁၄ ရက်ထုတ် Global Times ခေါင်းကြီးပိုင်းတွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ စာရင်းဇယားကိန်းဂဏန်းများကို ပို၍ထင်သာမြင်သာအောင် ထုတ်ပြန်ရန်နှင့် ပြဿနာများကို ယခင်အတိုင်း ဖုံးကွယ်ထားခြင်းမျိုး လုံးဝမပြုလုပ်ဘဲ မှန်ကန်သည့်အကြောင်းရပ် အချက်အလက်များကို ထုတ်ပြန်ပေးရန် အစိုးရအား အကြံပြုတိုက်တွန်းထားသည်။

တရုတ်တာဝန်ရှိ ပုဂ္ဂိုလ်များသည် သဘာဝပတ်ဝန်းကျင်ပြဿနာနှင့် အခြားပြဿနာများကို သတင်းမထုတ်ပြန်ဘဲ လုံးဝဖုံးကွယ်ထားတတ်ကြသည်။ ယခုနှစ် ဒီဇင်ဘာလအစောပိုင်းက မြစ်တစ်စင်းအတွင်းသို့ ဓာတုပစ္စည်းများ ယိုဖိတ်မှုကို ငါးရက်ကြာမှ လူထုကို တရားဝင် အသိပေးခဲ့သည်။ ၂၀၀၃ ခုနှစ်က ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါ (SARS) စတင်ကူးစက်ဖြစ်ပွားစဉ်ကလည်း ဖြစ်ဖြစ်ချင်း သတင်းမှန်မထုတ်ပြန်ခဲ့၍ အာဏာပိုင်များ ဝေဖန်ပြစ်တင်ခြင်း ခံခဲ့ကြရသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒီမိုကရေစီနည်းကျသော နည်းစဉ်များနှင့်သာ ရိုးသားစစ်မှန်စွာ ညှိနှိုင်းလုပ်ကိုင်သွားသင့်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြဿနာများကို နိုင်ငံရေးပြဿနာများနှင့် မရောထွေးစေသင့်ကြောင်း Global Times သတင်းစာက သတိပေးရေးသားခဲ့သည်။

တရုတ်အစိုးရသည် နိုင်ငံ၏ အကြီးမားဆုံး တိုးချဲ့မြို့ပြဒေသ၏တရားဝင် 'PM 2.5' အမှုန်များ အခြေပြစာရင်းဇယားကိုပင် ယခင်နှစ် ၂၀၁၁ နှစ်ဆန်းတွင်မှ ထုတ်ပြန်ပေးခဲ့ပြီး ယခုနှစ် ဒီဇင်ဘာအစောပိုင်းတွင် အခြား ၇၄ မြို့များ၏ အခြေပြဇယားများကို တိုးချဲ့ထုတ်ပြန်ပေးခဲ့သည်။

Global Times သတင်းစာတွင် ဖော်ပြချက်များအရ လေထုအရည်အသွေးညွှန်းကိန်းဆိုင်ရာ ကိန်းဂဏန်းများသည် တရုတ်အာဏာပိုင်များ၏ ထုတ်ပြန်ချက်နှင့် ပေကျင်းရှိ အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်များ ကွာခြားလျက်ရှိသည်။

ပေကျင်းမြို့ရှိ ကိုယ်ပိုင်ကားပိုင်ရှင်များနှင့် အစိုးရပိုင်အသုံးပြုနေသည့် အရာရှိများ ဦးရေ ငါးသန်းဝန်းကျင်တို့ အနေဖြင့် မိမိတို့၏ ယာဉ်မောင်းခလေ့စရိုက်များကို ပြန်လည်သုံးသပ်ကြရန်နှင့် အစိုးရအနေဖြင့်လည်း စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် ညစ်ထေးမှုများကို ဖြေရှင်းပေးရန် China Daily သတင်းစာက နှိုးဆော်သတိပေးထားသည်။

“မြို့ပြဒေသများကို လျင်မြန်စွာ တိုးချဲ့တည်ဆောက်နေသည့် ကာလတွင် မြို့ပြဒေသ၏ လူမှုဘဝအရည်အသွေးနှင့် ပိုမိုဆိုးရွားလာနေသော ယနေ့သဘာဝပတ်ဝန်းကျင်တို့ကို ချိန်ညှိခြင်းမရှိဘဲ ယင်းတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ဟူသည့် အချက်ကို တရုတ်အစိုးရက ချက်ချင်းတွေးဆသင့်နေပါပြီ”ဟုလည်း ယင်းသတင်းစာ ခေါင်းကြီးပိုင်းတွင် တိုက်တွန်းရေးသားထားသည်။

ပေကျင်းမြို့တော်ပေါ်တွင် အုံ့မှိုင်းနေသော မီးခိုးမြူအခြေအနေမှာ ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းက ပါးလာပြီး လေထုညစ်ညမ်းမှုအခြေအနေမှာ PM 2.5 AQI ၁၈၃ အဆင့်၊ သို့မဟုတ် ‘ပါးလွှာညစ်ထေးမှု’အဆင့် (light pollution) သို့ ရောက်လာကြောင်း အစိုးရလေထုစောင့်ကြည့်ရေးဌာနမှ ကြေညာသော်လည်း ပေကျင်းရှိ အမေရိကန်သံရုံးက ပေကျင်း၏ မီးခိုးမြူအခြေအနေမှာ ‘အန္တရာယ်များသည့်’ ၃၃၅ အဆင့်၌ ရှိနေသည်ဟု ဆိုသည်။

တရုတ်နိုင်ငံဒေသများစွာတွင် လေထုညစ်ညမ်းမှုမြင့်မားလျက်ရှိနေရာ ပေကျင်းတောင်ဘက်ရှိ ကျဲင်ကျိုးမြို့တွင် ၄၀၅၊ ပေကျင်း အနောက်တောင်ဘက်ရှိ ရှန်းမြို့တွင် ၃၄၂ အဆင့်တို့၌ ရှိနေသည်။

မီးခိုးမြူများ ထူထပ်စွာကျရောက်နေမှုကြောင့် သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ဆက်နွှယ်လုပ်ကိုင်နေသော ကုမ္ပဏီများ၏ ရှယ်ယာဈေးနှုန်းများ မြင့်တက်လာသည်။ လေထုညစ်ညမ်းမှုကာကွယ်သည့် မျက်နှာဖုံးများထုတ်လုပ်သော Shanghai Dragon ကုမ္ပဏီ၏ ရှယ်ယာဈေးကွက်နှုန်း နေ့စဉ် ၁၀ ရာခိုင်နှုန်းတက်လျက် ရှိသည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■

တရုတ်ပြည်တွင် ဗိုက်ခွဲမွေးဖွားခြင်း ခေတ်စားလာ

ပေကျင်း–ပေကျင်းမြို့ရှိကြီးကျယ်သော ဆေးရုံခန်းတစ်ခန်းသည် ဥရောပ၌ ၁၈ ရာစုနှစ်အတွင်း ခေတ်စားသော အပြောက်အမွမ်း တန်ဆာဆင်ထားသော ဆိုဖာနှင့် မိုနာလီဇာ ပန်းချီကားဖြင့် ဆင်ယင်ထားပြီး သားယောက်ျားကလေးမွေးခဲ့သော အသက် ၂၈ နှစ်ရှိ ဝမ်ဒန်က “ခမ်းနားကြီးကျယ်ပြီး ကောင်းစွာတန်ဆာဆင်ထားတဲ့ ‘အိမ်ဖြူတော်’ မှာ နေချင်တယ်”ဟု ဆိုသည်။

ပေကျင်းမြို့ အင်တိုင်ဆေးရုံရှိ ဤအခန်းသည် သမ္မတတစ်ဦးအတွက် အခန်းလို ခမ်းနားလှပြီး မြို့တော်၏ ချမ်းသာသော လူလတ်တန်းစားအတွက် ရည်ရွယ်သည့် တန်ဖိုးကြီး သီးသန့်အခန်းဖြစ်သည်။ ဝမ်ဒန်သည် သူ၏ သားဦးကလေးကို မွေးဖွားရာတွင် တန်ဖိုးကြီး ဤအခန်းကိုအသုံးပြုခြင်း တစ်ခုသာ ထူးခြားသည်မဟုတ်သေးပေ။

မြို့ပေါ်နေ ကျွမ်းကျင်သော အတတ်ပညာရှင် အများစုအကြား ဗိုက်ခွဲမွေးဖွားမှု ခေတ်စားနေသည့် တရုတ်နိုင်ငံတွင် ဝမ်သည် သဘာဝအတိုင်း မွေးဖွားခြင်းကို ရွေးချယ်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နောက်ဆုံးထုတ် ကိန်းဂဏန်းများအရ ဗိုက်ခွဲမွေးလိုကြသည့် တရုတ်မိခင်အချိုးသည် ၂၀၀၁ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းခန့်နှင့် ၂၀၀၈ ခုနှစ်တွင် ၄၆ ရာခိုင်နှုန်းကျော်ရှိရာ ဆယ်စုနှစ်မရှိတရှိလောက်အတွင်း နှစ်ဆကျော်တက်လာရာ မြို့ကြီးများတွင် သုံးပုံနှစ်ပုံနား နီးလာကြောင်း သိရသည်။

သဘာဝအလျောက် မွေးဖွားရာတွင် မိခင်နှင့် ကလေး၏ ကျန်းမာရေး အခြေအနေ စိုးရိမ်ရသော အခြေအနေတွင် ဗိုက်ခွဲမွေးဖွားခြင်းလိုအပ်ကြောင်း၊ သို့သော် ဗိုက်ခွဲမွေးခြင်း၏ အန္တရာယ်သည် အကျိုးပြုမှုထက် တစ်ခါတစ်ရံ ပိုကြီးကြောင်း ကျွမ်းကျင်သူများက ပြောသည်။

တရုတ်နိုင်ငံတွင် ဗိုက်ခွဲမွေးခြင်းနှုန်းသည်လွန်စွာမြင့်မားလာကြောင်း၊ အဓိကအကြောင်းရင်းသည် ဆေးရုံငွေကြေးထောက်ပံ့မှုဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ Duke University တွင် တရုတ် ကျန်းမာရေးစောင့်ရှောက်မှုကို လေ့လာနေသော သုတေသီ ရှင်လန်တန်က ပြောသည်။

တရုတ်ဆေးရုံများသည် အစိုးရထံမှ ထောက်ပံ့ငွေ အနည်းငယ်ရရှိပြီး ဝင်ငွေထက်ဝက်နီးပါးသည် ဗိုက်ခွဲမွေးသည့် ခွဲစိတ်မှုများကရသည်။ အခြားဝင်ငွေများသည် ရောဂါစစ်တမ်းများနှင့် ဆေးဝါးများမှရသည်။

သဘာဝအလျောက် မွေးဖွားခြင်းထက် ဗိုက်ခွဲမွေးခြင်းသည် သုံးဆ၊ လေးဆပိုကုန်ကျသဖြင့် ဆေးရုံအနေဖြင့် ပိုဝင်ငွေရသည်ဟု တန်ကပြောသည်။

တရုတ်နိုင်ငံ၏ မိသားစုတစ်စု ကလေးတစ်ဦးစီမံကိန်း မူဝါဒကြောင့် ပိုက်ဆံရှိမိဘများက တစ်ဦးတည်းသော ကလေးမွေးဖွားမှုတွင် ပိုဘေးကင်းသည်ဟု ၎င်းတို့ယူဆကြသော ထိုလုပ်ငန်းစဉ်၌ ငွေကို ရေလိုသုံးနေကြသည်ဟု တန်က ပြောသည်။

အမျိုးသမီးများ သဘာဝအလျောက် မီးဖွားခြင်းကို ရွေးချယ်ရန်အားပေးသည့် အနေဖြင့် အင်တိုင်ဆေးရုံက ရေထဲတွင် မီးဖွားခြင်းကိုကမ်းလှမ်းပြီး သားဖွားခြင်းဝေဒနာနှင့်ပတ်သက်၍ စိတ်ညှိ့ခြင်းနည်းပညာကို ကိုယ်ဝန်ဆောင်မိခင်များကို သင်ကြားပေးသည်။ ထိုသို့ပြုလုပ်ပေးခြင်းသည် ဗိုက်ခွဲမွေးခြင်း နီးပါးကုန်ကျသည်။

“အဓိကပြဿနာတစ်ခုက တရုတ်ကိုယ်ဝန်ဆောင် အမျိုးသမီးတွေဟာ နာမှာ သိပ်ကြောက်တယ်။ ရေထဲမီးဖွားခြင်းက လူနာရဲ့ကြောက်စိတ်ကို မလျှော့ပါးစေနိုင်ပါ။ ဒါကြောင့်လည်း စိတ်ညှိ့ခြင်းကို စတင်ခဲ့ရတယ်” ဟု အင်တိုင်ဆေးရုံ၏ ညွှန်ကြားရေးမှူး ချန်ဖင်ဂလင်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောပြသည်။

ဝမ်ဒန်ဆေးရုံကြီးမှ ‘အိမ်ဖြူတော်’၌ မွေးဖွားခဲ့သည့်ကလေးတစ်ဦး။ အေအက်ဖ်ပီ

ဆေးရုံအခန်းများကို ‘အိမ်ဖြူတော်’၊ ‘အစ္စလမ္မာဘတ်နန်းတော်’ စသည်ဖြင့် နာမည်ပေးထားခြင်းနှင့် ကော်ဇောနီခင်းပေးခြင်းသည် မိဘများအား ၎င်းတို့၏ ကလေးကြီးပြင်းလာသောအခါ နိုင်ငံ့ခေါင်းဆောင် ဖြစ်လာဖို့ မျှော်လင့်ချက်ကို စိတ်ကူးယဉ်စေလိုကြောင်းနှင့် မင်္ဂလာတေးဂီတ တီးပေးခြင်းမှာ မီးဖွားခြင်းသည် ထိမ်းမြားလက်ထပ်ခြင်းကဲ့သို့ ပျော်ရွှင်မှုတစ်ခုဖြစ်ကြောင်း ချန်က ဆိုသည်။ **(အေအက်ဖ်ပီ)**

ညွှန့်ညွှန့်ဝင်း ဘာသာပြန်သည်။ ■

ရှုထောင့်

ဖိလစ်ပိုင်နိုင်ငံ- အခြားသတင်းကောင်း ပုံပြင်လေးတစ်ခု

သမ္မတအကွီနိုဟာ ဖိလစ်ပိုင်နိုင်ငံရဲ့အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အခွန်ပေးဆောင်ရန် ရှောင်တိမ်းမှုတွေကို တိုက်ဖျက်ရာမှာအောင်မြင်မှုတွေအတွက် ချီးကျူးခံနေရသူတစ်ဦးလည်း ဖြစ်နေတယ်။ သူ့ရဲ့အကွီနိုမျိုးနွယ်စုအပါအဝင် အထက် လွှာမျိုးနွယ်စုကိုလည်း ချန်ထားခြင်း မရှိပါဘူး။

အာရှအမြင်
ရော်ဂျာမစ်တန်

ရောမမြို့ဖြစ်တဲ့ ပွန်ပီမြို့ဟာ အနီးရှိ ဗီဆူးဗီးယပ်စ်မီးတောင် ပေါက်ကွဲခဲ့တဲ့အတွက် ငါးမီတာ ပြာပုံတွေအောက်ပိပြီး ပျက်စီးသွားခဲ့တာကို ကျွန်တော်တို့ အားလုံးသိကြမှာပါ။ ဒါပေမဲ့လူများသတိမထားမိတဲ့အချက်ကတော့ ပွန်ပီမြို့သူမြို့သား အများအပြားဟာ ခေါင်းမာတဲ့ သူအချို့ကလွဲရင် ဖြစ်လာတော့မယ့် အန္တရာယ်ကိုသိပြီး မီးတောင်မပေါက်ကွဲခင် ထွက်ပြေးခဲ့ကြတာ မြို့ကလေးမှာ သရဲခြောက်မလားတောင် ထင်ရတယ်။

ဒါပေမဲ့ ဒီဖြစ်ရပ်မှန်ကို လူတွေက လက်မခံကြဘဲ မြို့ရဲ့ လူဦးရေအားလုံး ပြာပုံအောက်ရောက်ခဲ့တယ်လို့ယုံကြည်ချင်ကြတယ်။

ဖိလစ်ပိုင်နိုင်ငံဟာလည်း ဒေသတွင်းရဲ့ ဘာမှမစွမ်းနိုင်တဲ့နိုင်ငံလို့ လူအများက ထင်မြင်မှတ်ယူနေကြတယ်။

ဒီလိုမဟုတ်တမ်းတရမ်း အမြင်အယူအဆတွေကို စင်ကာပူနိုင်ငံလိုမြို့ ကျေနပ်စွာ ပြောဆိုကြတယ်။ တစ်ချိန်တည်းမှာပဲ ဘီဘီစီအသံလွှင့်ဌာနကလည်း ရေးကျနေပြီဖြစ်တဲ့ အတွေးအခေါ်နဲ့ စင်ကာပူရဲ့ ကောင်းခြင်းလက္ခဏာတွေကို အမွှမ်းတင်လို့ကို မပြီးနိုင်ဘူး။

စင်ကာပူမြေအောက် ရထားကိုစီးနင်းနေကြတဲ့လူတွေကိုစင်ကာပူရဲ့ ကောင်းလှပါတယ်ဆိုတဲ့ ပြည်သူ့ သယ်ယူပို့ဆောင်ရေးစနစ်ကို မေးကြည့်လိုက်ပါ။ နားကလောတဲ့ ပြောဆိုချက်တွေကိုသာ ကြားဖို့ အသင့်ပြင်ထားလိုက်ပါ။

စင်ကာပူအကြောင်းပြောနေရင် မူလအကြောင်းကနေ ဘေးချော်သွားမှာစိုးရတယ်။ ရောမနိုင်ငံကနေဖြစ်ပေါ်လာတဲ့ ဒဏ္ဍာရီဘက်ကိုလှည့်ပြီး ပေါပေါကြောင်ကြောင်ကိစ္စကိုပဲ ပူပူနွေးနွေး သတင်းကောင်းနဲ့ အရှုံးဖောက်ကြရအောင်လား။

ဖိလစ်ပိုင်နိုင်ငံဟာ တိုးတက်ဖွံ့ဖြိုးနေတယ်။ ဗီယက်နမ်ရဲ့ စီးပွားရေးကျဆင်းနေတော့ သူ့ကို လျစ်လျူရှုထားလိုက်။ ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေတဲ့ မြန်မာနိုင်ငံကိုလည်း မေ့ထားလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ နောင်ဘာတွေဖြစ်လာမလဲဆိုတာကို ပြောဖို့ စောလွန်းသေးတယ်။

ဖိလစ်ပိုင်နိုင်ငံကိုသာ အာရုံစူးစိုက်ကာ သူ့စီးပွားရေးဟာ နှစ်စဉ်ပုံမှန် ငါး၊ ခြောက်ရာခိုင်နှုန်း ပုံမှန်ကြီးထွားနေရာက နောက်ဆုံးသုံးလပတ်မှာ ၇ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သွားကာ ဒီနှစ်မှာဆိုရင်လည်း ရှစ်ရာခိုင်နှုန်းဖြစ်သွားလိမ့်မယ်လို့ ခန့်မှန်းထားတယ်။

နှုန်းထားပြတဲ့ အေဂျင်စီတွေကလည်း ထိုနိုင်ငံရဲ့အဆင့်ကို ရင်းနှီးမြှုပ်နှံမှု အဆင့်နီးနီး တင်ထားပေရာ စတော့ဈေးကွက်မှာလည်း ပြီးခဲ့တဲ့နှစ်က ၃၂ ဒသမ ၅ ရာခိုင်နှုန်း တက်လာတယ်။ ပီဆိုငွေကလည်း တန်ဖိုးရှိတယ်။ ငွေကြေးဖောင်းပွမှုဟာလည်း သုံးရာခိုင်နှုန်းအောက်မှာ ရှိနေတယ်။ ပင်လယ်ရပ်ခြားမှပေးပို့တဲ့ ငွေတွေကလည်း အမေရိကန်ဒေါ်လာ ဘီလျံ ၂၀ ထိ သုံးဆမြင့်တက်သွားတယ်။ ဘာတွေကို မချစ်မနှစ်သက်ပဲနေရမှာလဲ။

တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ အခြားရွေးချယ်မှုတွေကို ရှာနေကြတဲ့ များလာတဲ့ နိုင်ငံခြားကုမ္ပဏီတွေကလည်း ဖိလစ်ပိုင်နိုင်ငံမှာ ပစ္စည်းထုတ်လုပ်တဲ့ စက်ရုံတွေတည်ဆောက်ဖို့ ပြန်လည် စိတ်ဝင်စားလာကြတယ်။

ပြန်လည်ခေါ်ဆိုတဲ့ ဌာနရဲ့ဝင်ငွေဟာ အိန္ဒိယနိုင်ငံကို ကျော်သွားခဲ့ပြီဖြစ်သလို ရုံးနောက်ကွယ် လုပ်ငန်းဟာလည်း ၂၀၁၆ ခုနှစ်ကျရင် ဒေါ်လာ ၂၅ ဘီလျံရလာလိမ့်မယ်လို့ မနီလာအစိုးရက မျှော်မှန်းထားတယ်။

ဒီလိုအခြေအနေတွေ ကောင်းနေတဲ့ကြားက မင်ဒါနာအိုကျွန်းမှာ နှစ် ၄၀ ကြာ Moro Islamic Liberation Front သူပုန်ထတာကို ငြိမ်းချမ်းရေးနဲ့ မနီလာအစိုးရက အဆုံးသတ်နိုင်ခဲ့တယ်။ ဒီအောင်မြင်မှုဟာလည်း ဖိလစ်ပိုင်စီးပွားရေး ပိုကောင်းစေဦးမှာ ဖြစ်တယ်။

ဖိလစ်ပိုင်သမ္မတ ဘင်နစ်နို အကွီနိုဟာလည်း ထိပ်တန်းကက်သိုလစ် ဂူအောင်းလူသားတွေရဲ့အတိုက်အခံကို ကျော်နိုင်ခဲ့ကာ Reproductive Health Bill ကိုတင်သွင်းနိုင်ခဲ့ရာ ဇန်နဝါရီလ ၁၇ ရက်က ဥပဒေဖြစ်လာခဲ့တယ်။ ဒီဥပဒေဟာ အခမဲ့ ပဋိသန္ဓေတားဆေး ပေးနိုင်တယ်။ မိသားစုစီမံကိန်း လုပ်နိုင်ခွင့်ရှိတယ်။ နောက်ပြီး ကျောင်းတွေမှာလည်း မျိုးပွားမှုကျန်းမာရေး သင်တန်းကျောင်းများမှာ သင်ကြားခွင့်ရှိလာတယ်။

> **ဖိလစ်ပိုင်နိုင်ငံစီးပွားရေးဟာ နောက်ဆုံး သုံးလပတ်မှာ ၇ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်သွားပြီး ဒီနှစ်မှာ ၈ ရာခိုင်နှုန်း...**

ကျွမ်းကျင်သူတွေရဲ့ အဆိုအရတော့ အလွန်မြင့်မားနေတဲ့ မွေးဖွားမှုနှုန်းကို သုံးပုံတစ်ပုံအထိ လျှော့သွားစေနိုင်တယ်။

အကွီနိုဟာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အခွန်ပေးဆောင်ရန် ရှောင်တိမ်းမှုတွေကို တိုက်ဖျက်ရာမှာ အောင်မြင်မှုတွေအတွက် ချီးကျူးခံနေရသူတစ်ဦးလည်း ဖြစ်နေတယ်။ သူ့ရဲ့ အကွီနိုမျိုးနွယ်စုအပါအဝင် အထက် လွှာမျိုးနွယ်စုကိုလည်း ချန်ထားခြင်းမရှိပါဘူး။ သိက္ခာအချခံရတဲ့ တရားသူကြီးချုပ် ဖယ်ရှားလိုက်ခြင်းနဲ့ သူ့အရင် သမ္မတဖြစ်ခဲ့တဲ့ ဂလိုရီယာ အာယိုရိုအပေါ် တရားစွဲဆိုခြင်းတွေ အတွက်လည်း အကွီနိုမှာ ချီးကျူးမှုတွေခံခဲ့ရတဲ့အပြင် တရုတ်နိုင်ငံနဲ့ ပိုင်နက် အငြင်းပွားမှုတွေအပေါ် မယိမ်းယိုင်တာလည်း သူ့အတွက် ကောင်းကျိုးကို ဖြစ်စေခဲ့တယ်။

ဒါပေ့။ နောင်လုပ်စရာတွေလည်း အများကြီးကျန်သေးတာပဲ။ ဘာကြောင့်လဲဆိုရင် ဖိလစ်ပိုင်နိုင်ငံသား ငါးယောက်မှာနှစ်ယောက်က တစ်နေ့ကိုနှစ်ဒေါ်လာနဲ့ ရှင်သန်နေကြရတယ်။ ဒီအချက်ကို ပပျောက်ဖို့ဆိုရင် ဖိလစ်ပိုင်နိုင်ငံဟာ ရင်းနှီးမြှုပ်နှံမှုကို ပိုပြီး ဖွင့်ပေးရမယ်။ နောက်တော့ နိုင်ငံခြားကုမ္ပဏီတွေ၊ လူအထက်လွှာတွေရဲ့ ကိုယ်ကျိုးအတွက် ရင်းနှီးမြှုပ်နှံမှုတွေနဲ့ လွယ်ကူစွာ ပြိုင်ဆိုင်နိုင်ဖို့ ဥပဒေတွေကိုလည်း ပြင်ဆင်ဖို့လိုတယ်။ လက်ရှိအခြေအနေမှာ နိုင်ငံခြားသားတွေဟာ မြေကွက်ပိုင်ဆိုင်ခွင့်မရှိဘဲ စက်မှုကဏ္ဍ အတော်များများမှာ ၄၀ ရာခိုင်နှုန်းထိသာ ပိုင်ဆိုင်ခွင့်ကို ကန့်သတ်ထားတယ်။

၂၀၁၆ ခုနှစ်မှာ အကွီနို သမ္မတရာထူးကမဆင်းမီ ဒီပြောင်းလဲမှုတွေကို လုပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပဲ။

ဒါပေမဲ့ ဒီအချိန်လေးမှာတော့ ဒဏ္ဍာရီပုံပြင်တွေကို လျစ်လျူရှုနိုင်ရမယ်။ ပြီးတော့ နေရောင်ခြည်နဲ့တူတဲ့ အောင်မြင်တိုးတက်မှုကို အားရပါးရသာ အရသာခံလိုက်ပါ။

ခရီးသွားလုပ်ငန်းမြှင့်တင်တဲ့ ကြော်ငြာတစ်ခုလိုပေ့ါ။ "ဖိလစ်ပိုင်နိုင်ငံမှာ ပိုပျော်စရာကောင်းပါတယ်" တကယ်ပြောတာပါ။

(ဤဆောင်းပါးသည် စာရေးသူ ရော်ဂျာ မစ်တန်၏ အာဘော်သာဖြစ်သည်။)

(MTE) **သောင်းညွန့် ဘာသာပြန်သည်။** ■

We have the largest classified listings in Myanmar.

In our print editions

THE MYANMAR TIMES   မြန်မာတိုင်း(မ်)

And now online at
www.mmtimes.com/classifieds

Post a classified ad for free now!

YANGON: 01-392928 , 01-253642 | MANDALAY: 02-24450-60 , 02-65391-2 | NAYPYITAW: 067-23064 , 067-23065

ပါကစ္စတန်ဝန်ကြီးချုပ် စုံစမ်းစစ်ဆေးမှုဆိုင်းငံ့

စုံစမ်းရေးမှူး ကမ်ရန်ဖိုင်ဆယ်လ်သေဆုံးခဲ့ရသည့် အကြောင်းရင်းကိုသိရန် အလောင်းကို ခွဲစိတ်စစ်ဆေးရာမှ ကနဦးတွေ့ရှိချက်များအရ ၎င်းသည် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ခြင်းဖြစ်သည်ဟုဆို

အစ္စလမ္မာဘတ် – ပါကစ္စတန် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအဖွဲ့ (အမျိုးသားတာဝန်ခံ ဗျူရိုအဖွဲ့) သည် ပါကစ္စတန်ဝန်ကြီးချုပ် ပါဝင်ပတ်သက်နေသည့် ငွေကြေးမသမာမှုအရှုပ်တော်ပုံတစ်ခုကို စုံစမ်းစစ်ဆေးနေသည့် စုံစမ်းရေးအရာရှိ၏ သေမှုသေခင်း အကြောင်းရင်းကို စုံစမ်းဖော်ထုတ်မပြီးမချင်း ငွေကြေးမသမာမှု စုံစမ်းရေးကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၁ ရက်တွင်ပြောသည်။

ဝန်ကြီးချုပ်၏ အဂတိလိုက်စားမှုကို စုံစမ်းနေသည့်စုံစမ်းရေးမှူး ကမ်ရန်ဖိုင်ဆယ်လ်ကို အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအဖွဲ့မှ အခြားမိတ်ဆွေများနှင့်အတူ ၎င်းနေထိုင်ခဲ့သော အစ္စလမ္မာဘတ်မြို့ရှိ အစိုးရည့်ဂေဟာဆောင်အတွင်း ဇန်နဝါရီလ ၁၉ ရက်နေ့က သေဆုံးလျက်တွေ့ရှိခဲ့ရသည်။

သေဆုံးခဲ့ရသည့် အကြောင်းရင်းကို သိရန် အလောင်းကို ခွဲစိတ်စစ်ဆေးရာမှ ကနဦးတွေ့ရှိချက်များအရ ၎င်းသည် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ခြင်းဖြစ်သည်။ ကမ်ရန်ဖိုင်ဆယ်လ်ကို မျက်နှာကြက်ပန်ကာတစ်ခုမှ ကြိုးဆွဲချလျက်တွေ့ရှိခဲ့ရကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ၎င်း၏မိသားစုကမူ ဖိုင်ဆယ်လ်၏ လက်ကောက်ဝတ်များပေါ်တွင် အမှတ်အသားများရှိခဲ့ကြောင်းပြောဆိုခဲ့ကာ ကိုယ့်ကိုယ်ကို အဆုံးစီရင်သည်ဆိုခြင်းအပေါ် အငြင်းပွားခဲ့သည်။

"ကမ်ရန်ဖိုင်ဆယ်လ် သေဆုံးမှုအတွက် စုံစမ်းစစ်ဆေးမှု အဆုံးသတ်မပြီးမချင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ငှားရမ်းခဆိုင်ရာ မသမာမှုအတွက် တရားစွဲဆိုတာကို ယာယီရပ်ဆိုင်းထားပါမယ်" ဟု အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရာဂျာပါဗက်ဇ် အက်ရှ်ရက်ဖ်နှင့် အခြားအစိုးရအရာရှိများသည် အက်ရှ်ရက်ဖ်၏ ရေအရင်းအမြစ်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဖြစ်စဉ်က ငွေကြေးမသမာမှုများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲမှုများဖြင့် စုံစမ်းစစ်ဆေးခံလျက်ရှိသည်။

ဖိုင်ဆယ်လ်၏ သေဆုံးမှုကို စုံစမ်းစစ်ဆေးရန် ပါကစ္စတန်အစိုးရက အငြိမ်းစားတရားသူကြီးတစ်ဦးကို တာဝန်ပေးထားသော်လည်း ကျေလည်သည့်အထိ စုံစမ်းမဖော်ထုတ်နိုင်ပါက အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့က ယင်းတို့ကိုယ်တိုင်ပင် သီးသန့် စုံစမ်းဖော်ထုတ်သွားမည်ဟု ဆိုထားသည်။ တရားရုံးချုပ်မှ အငြိမ်းစားတရားသူကြီးသည် စုံစမ်းရေးကော်မရှင်ကို ဦးဆောင်သွားကာ နှစ်ပတ်အတွင်း အစီရင်ခံသွားမည်ဟု ပြည်ထဲရေးဝန်ကြီး ရေမန်မာလိခ်က ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ဇော်ဝင်း ဘာသာပြန်သည်။ ■

ဘေးလွတ်ရာ မြေမြင့်ဒေသသို့ထွက်ပြေးနေကြသော အာချေးမှမိသားစု။

အင်ဒိုနီးရှားတွင်ငလျင်လှုပ်၊ တစ်ဦးသေ ခုနစ်ဦးဒဏ်ရာရ

ဘန်ဒါအာချေး (အင်ဒိုနီးရှား)– အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ပြင်းအား၅ဒသမ၉အဆင့်ရှိငလျင်တစ်ခု လှုပ်ခဲ့ရာ ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးပြီး ဒဏ်ရာရသူ ခုနစ်ဦးရှိခဲ့ကြောင်း ဇန်နဝါရီလ ၂၂ ရက်နေ့တွင် တာဝန်ရှိသူများကပြောကြားသည်။

အဆိုပါငလျင်သည်ပြည်နယ်မြို့တော် ဘန်ဒါအာချေးမြို့ အရှေ့တောင်ဘက် ၁၁၂ ကီလိုမီတာ (မိုင် ၇၀) အကွာ မြေအောက်အနက် ၃၇ ကီလိုမီတာတွင် လှုပ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် ဘူမိဗေဒဆိုင်ရာ ဆန်းစစ်လေ့လာရေးအဖွဲ့ကဆိုသည်။

"ငလျင်လှုပ်ချိန်မှာ ပီဒီးခရိုင်က အိပ်ခန်းတွင်းက ဗီရိုလဲကျပြီး ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးခဲ့တယ်" ဟု ယင်းခရိုင်အတွင်းမှ ဘေးအန္တရာယ် ကိုင်တွယ်ဖြေရှင်းရေးဌာနမှ အရာရှိချုပ် အပရီယာဒီက အေအက်ဖ်ပီသို့ ပြောကြားသည်။

ဒဏ်ရာရသူခုနစ်ဦးရှိပြီး ၎င်းတို့ထဲမှ လေးဦးမှာ နံရံများပြိုကျသောကြောင့် ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိခဲ့သည်ဟု ၎င်းအရာရှိက ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ကျောက်လွှာထုများအချင်းချင်း ပြင်းပြင်းထန်ထန် တိုက်မိထားသော ပစိဖိတ် မီးတောင်ရပ်ဝန်းဒေသ (Ring of Fire) ဟုခေါ်ကြသည့် ပစိဖိတ်ဒေသမီးတောင်ဒေသပေါ်တွင် တည်ရှိသောကြောင့် မီးတောင်လှုပ်ရှားမှုနှင့် မြေငလျင်များ မကြာခဏလှုပ်ခတ်ခြင်း ဖြစ်သည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

ဖိလစ်ပိုင် အလုပ်သမားသူရဲကောင်း ပန်းချီ

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် လမ်းဘေးနံရံတစ်ခု၌ ရေးဆွဲထားသော ဖိလစ်ပိုင် အလုပ်သမားလူတန်းစား သူရဲကောင်း အန်းဒရီးစ်ဘိုနီ ဖာဆီယို၏ ပန်းချီကားရှေ့တွင် ကလေးငယ်တစ်ဦး ထိုင်နေပုံဖြစ်သည်။ ဘိုနီဖာဆီယိုသည် ၁၈၉၆ ခုနှစ်က စပိန်ကိုလိုနီနယ်ချဲ့သမားများအား ကာတီပူနီရော့စ်၌ မအောင်မြင်သည့် လွတ်လပ်ရေးတိုက်ပွဲကို ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ ဖိလစ်ပိုင် အလုပ်သမားသူရဲကောင်းဖြစ်သည်။

ဓာတ်ပုံ - အေအက်ဖ်ပီ

ဟင်းလျာဖြစ်မည့် ကြောင်များ ကုန်ကားတိမ်းမှောက်ပြီး လွတ်မြောက်ခဲ့

တရုတ်နိုင်ငံ တောင်ပိုင်းတွင် ကုန်တင်ယာဉ်တိမ်းမှောက်ပြီးနောက် ကြောင်ကောင်ရေ ၆၀၀ နီးပါး ပါဝင်သည့် သစ်သားပုံးများကို တိရစ္ဆာန်ကာကွယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် စေတနာ့ဝန်ထမ်းများက ဖမ်းမိခဲ့ကြောင်း စေတနာရှင်တစ်ဦးက ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြောကြားသည်။ အဆိုပါကြောင်များကို ညနေစာ ဟင်းပွဲအတွက် အဓိကရည်ရွယ်ပြီး ရောင်းချကြခြင်းဖြစ်သည်ဟုဆိုသည်။

အဓိက အချက်အချာမြို့ဖြစ်သည့် ချန်ရှားတွင် ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကုန်ကားအတွင်းမှ ကြောင်များကို စေတနာ့ဝန်ထမ်းများက ဆွဲထုတ်ခဲ့ရပြီး အကောင် ၁၀၀ ခန့်မှာ သေဆုံးပြီးဖြစ်ကြောင်း ချန်ရှား တိရစ္ဆာန်ငယ်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (Changsha Small Animal Protection Association) မှ ရှီချင်ရှင်းက ပြောသည်။

စောင့်ရှောက်ရေးအဖွဲ့များ၏ ကယ်ဆယ်ခံလိုက်ရသော ကြောင်ကလေးများ။

ဖြူဖွေးပြီး ဖွံ့ထွားသည့် ကြောင်များစွာသည် အအေးခန်းထဲတွင် ၂၄ နာရီ ကျော်ကြာနေခဲ့ရပြီးနောက် သေဆုံးခြင်းများရှိခဲ့သလို မသေဘဲ ကျန်ရစ်ခဲ့သည်များလည်းရှိသည်ဟုဆိုသည်။ တရုတ်နိုင်ငံတောင်ပိုင်းတွင် ကြောင်သားများ ဟင်းလျာတစ်မျိုးအဖြစ် ပေါ်ပေါ်ထင်ထင် ရောင်းချလေ့ရှိသည်ဟု ရှီက အေအက်ဖ်ပီသို့ ပြောသည်။

ကြောင်များကို နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ စားသောက်ဆိုင်များအတွက် ရည်ရွယ်ရောင်းချကြသည်ဟု နိုင်ငံပိုင် တရုတ် နေ့စဉ်သတင်းစာက ဆိုသည်။

စေတနာ့ဝန်ထမ်းအုပ်စုသည် တိရစ္ဆာန်များကို ယွမ် ၁၀,၀၀၀ (အမေရိကန်ဒေါ်လာ၁,၆၀၀)ဖြင့်ဝယ်ရန်ကုန်ကားမောင်းသူတစ်ဦးနှင့် ညှိနှိုင်းခဲ့ပြီး ၎င်းတို့သည် ယခုအချိန်တွင် မွေးစားရန် စောင့်ဆိုင်းနေကြောင်း ရှီကဆိုပြီး "ချန်ရှားတစ်မြို့လုံးရှိ မိသားစုတွေဆီက သတင်းတွေကိုလည်း ကျွန်တော်တို့ စုံစမ်းရရှိထားပြီးပါပြီ" ဟုဆိုသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

မြန်မာတိုင်း(မ်) နေ့စဉ်ထုတ်တော့မည်
အင်အားကောင်းတဲ့ မီဒီယာကုမ္ပဏီမှာ အလုပ်လုပ်ချင်သူများအတွက်

53 Newspaper Jobs

ရာထူးပေါင်းစုံ (၅၃) နေရာ

မြန်မာတိုင်း(မ်)စာစောင်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေနေသော မြန်မာကွန်ဆိုလီဒိတ်တက်မီဒီယာလီမိတက်သည် ဦးဆောင်နေသည့် မီဒီယာအဖွဲ့အစည်းများအနက် တစ်ခု ဖြစ်ပါသည်။ လက်ရှိတွင် ဝန်ထမ်း (၃၆၀) ကျော်ရှိပြီး မန္တလေးနှင့် နေပြည်တော်တို့၌ ရုံးခွဲများထားရှိကာ သတင်းစုဆောင်းသူအင်အား (၁၀၀) ကျော်ရှိသော ကျွမ်းကျင်အဖွဲ့အစည်း ဖြစ်ပါသည်။ ယခုအခါ မြန်မာတိုင်း(မ်)နေ့စဉ်သတင်းစာကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေရန် ပြင်ဆင်နေပြီဖြစ်ပါသဖြင့် အောက်ဖော်ပြပါ အလုပ်အကိုင်ရာထူးနေရာများအတွက် အရည်အချင်းရှိသူများအား အလိုရှိပါသည်။

လျှောက်လွှာပိတ်ရက် – ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်၊ သောကြာနေ့၊ ညနေ (၅)နာရီ။

ရန်ကုန်သတင်းခန်းမ	-	သတင်းထောက်	(၁၅) ဦး
ရန်ကုန်သတင်းခန်းမ	-	လက်ထောက်အယ်ဒီတာ	(၂) ဦး
ရန်ကုန်သတင်းခန်းမ	-	ဓာတ်ပုံသတင်းထောက်	(၂) ဦး
ရန်ကုန်သတင်းခန်းမ	-	ဘာသာပြန်	(၆) ဦး
နေပြည်တော်ရုံးခွဲ	-	သတင်းထောက်	(၃) ဦး
နေပြည်တော်ရုံးခွဲ	-	ဓာတ်ပုံသတင်းထောက်	(၁) ဦး
မန္တလေးရုံးခွဲ	-	ဓာတ်ပုံသတင်းထောက်	(၁) ဦး
အထူးထုတ်အချပ်ပို	-	သတင်းဆောင်းပါးရေးသူ	(၂) ဦး
အထူးထုတ်အချပ်ပို	-	လက်ထောက်အယ်ဒီတာ	(၁) ဦး
ထုတ်လုပ်ရေးဌာန	-	DTP	(၃) ဦး
ကြော်ငြာဌာန	-	Marketing Assistants	(၇) ဦး
မှုခင်း/ကားလောက	-	သတင်းထောက်	(၂) ဦး
IT/ System	-	ပညာရှင်	(၂) ဦး
စီမံရေးရာဌာန	-	Executive Assistants	(၂) ဦး
On Line/ Web	-	Web Developer	(၂) ဦး
ပုံနှိပ်ဌာန	-	ပုံနှိပ်စက်မောင်း	(၂) ဦး

ရာထူးတစ်ခုစီအတွက် လျှောက်ထားလိုပါက အောက်ပါအချက်ကို အထူးဂရုပြုပါ။
လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံပါ (၁) မျက်နှာနှင့် လျှောက်ထားသည့် ရာထူးအတွက် အရည်အချင်းပြည့်မီကြောင်း ရေးသားထားသည့် စာ(၁)မျက်နှာကို လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း၊ အီးမေးလ်ဖြင့် သော်လည်းကောင်း ပေးပို့ရပါမည်။

administration@myanmartimes.com.mm
The Human Resources Manager
Myanmar Consolidated Media Ltd
၃၇၉ – ၃၈၃ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

THE MYANMAR TIMES မြန်မာတိုင်း
World
■ အမေရိကား ■ ဥရောပ ■ အရှေ့အလယ်ပိုင်း
သောကြာနေ့၊ ဇန်နဝါရီ ၂၅ – ၃၁၊ ၂၀၁၃

အစ္စရေးဝန်ကြီးချုပ် ရွေးကောက်ပွဲအနိုင်ရသော်လည်း နောက်ပေါ် ဗဟိုဝါဒီများကြောင့် အင်အားနည်းလာ

လီကွတ်ပါတီအင်အားစုသည် အမတ်နေရာ ၁၂၀ ရှိကနက်ဆက်လွှတ်တော်တွင် ၃၁ မှ ၃၃ နေရာသာရ

ဂျေရုဆလင်– အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် ၎င်း၏ လီကွတ်နှင့် ဘေတင်နျူး နှစ်ပါတီပေါင်း အင်အားစုအတွက် မဲပေးသူ အင်အားနည်းပါးသော်ငြားလည်း ယင်းနည်းပါးမှုက ၎င်းအား ဇန်နဝါရီလ ၂၂ ရက်နေ့ မဲပေးပွဲတွင် အံ့အားသင့်လောက်အောင် အနိုင်ရရှိခဲ့သူ ဗဟိုဝါဒီ ယက်ရှ်အေတစ်နှင့် မဟာမိတ်ပြုရန် တွန်းအားပေးလိမ့်မည်ဖြစ်ရာ ၎င်း၏ လက်ရှိရာထူးတွင် ဆက်လက်ရပ်တည်ဦးမည်ဟု မျှော်လင့်ရပေသည်။

မဲရုံမှထွက်လာသူများအား ကောက်ယူသည့် 'မဲရုံထွက်စာရင်း'အရ နေတန်ယာဟု၏ လီကွတ်ပါတီနှင့် သဘောထားတင်းမာသည့် အမျိုးသားရေးဝါဒီ ယစ္စရေးယယ်လ်ဘေတင်နျူး၏ ပါတီ နှစ်ပါတီပေါင်း အင်အားစုသည် အမတ်နေရာ ၁၂၀ ရှိသော ကနက်ဆက်လွှတ်တော်တွင် ၃၁ မှ ၃၃ နေရာထိသာရရှိခဲ့သည်။ ယင်းသည် ယခင်ပြီးဆုံးသွားသော ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ၄၂ နေရာထိရှိခဲ့ရာမှ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ယခင် ရုပ်/သံအစီအစဉ်မှူးဟောင်း ယာအီယာလာပစ် ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် တည်ထောင်ခဲ့သော အလယ်လမ်းစဉ် ယက်ရှ်အေတစ်ပါတီသည် မဲပေးပွဲတွင် မျှော်လင့်မထားသော အောင်မြင်မှု ရရှိခဲ့ပြီး အစ္စရေးနိုင်ငံ၏ ဒုတိယပါတီအဖြစ်သို့ လွှတ်တော်ကိုယ်စားလှယ် ၁၈ မှ ၁၉ ဦးဖြင့် ရောက်ရှိခဲ့ရာ လက်ဝဲယိမ်းလေဘာပါတီ၏ ကိုယ်စားလှယ် ၁၅ မှ ၁၇ ဦး ထက်ရှေ့မှပြေးလျက်ရှိပေသည်။

၎င်းသည် လာပစ်အား တယ်လီဖုန်းဖြင့်ဆက်သွယ်ပြီး "ကျွန်တော်တို့အစ္စရေးနိုင်ငံအတွက် မြင့်မားတဲ့လုပ်ဆောင်ဖွယ်တွေ ပူးပေါင်းလုပ်ဆောင်ကြဖို့ အခွင့်အလမ်းတွေ ပေါ်ပေါက်လာပါပြီ။ ရွေးကောက်ပွဲ မဲဆွယ်မှုတွေလည်း ပြီးဆုံးသွားပါပြီ။ ဒါကြောင့် ကျွန်တော်တို့အခု အစ္စရေးတစ်နိုင်ငံလုံးရဲ့ အကျိုးအတွက် လက်တွေ့လုပ်ဆောင်မှုတွေအပေါ် အာရုံစိုက်နိုင်ကြပါပြီ" ဟု ပြောကြားလိုက်သည်။

ညတွင်းချင်းပင် ခုံညားသေသပ်သော ရုပ်အသွင်ဆောင်သည့် အစ္စရေး၏ ယခင်မီဒီယာစတားဖြစ်သူ လာပစ်သည် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်တစ်ဦး၏ ရာထူးတည်မြဲရေးကို အဆုံးအဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်ကြီးဘဝသို့ ရောက်ရှိခဲ့လေပြီ။

"အစ္စရေးနိုင်ငံမှာ အစစ်အမှန် ပြောင်းလဲမှုကြီး ဖြစ်ပေါ်လာအောင် လက်ဝဲနဲ့ လက်ယာ နှစ်ဖက်စလုံးက သဘောထား အလယ်အလတ်ရှိသူများအပါအဝင်ဖြစ်တဲ့ အကျယ်ပြန့်ဆုံး အစိုးရအဖွဲ့ ဖွဲ့စည်းဖို့ ကျွန်တော်နဲ့အတူ လက်တွဲဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု လာပစ်က တယ်လ်အဗစ် မဲဆွယ်ရေးအဖွဲ့ချုပ်တွင် ၎င်းကို အားပေးထောက်ခံသူများအား ပြောကြားလိုက်သည်။

ယက်ရှ်အေတစ် ပါတီတွင် ဒုတိယလွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရသူ ရှိုက်ပီရွန်ကလည်း "ဒီပါတီဟာလည်း အတွေးအခေါ် ပုံမှန်တွေးခေါ်တတ်သူတွေရဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အစ္စရေးမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ပြီး အစ္စရေးလူ့အဖွဲ့အစည်းတွင်းက ပေါင်းစပ်မှုတွေအားလုံး ပါဝင်အောင် စုစည်းထားတာပါ"ဟု ပြောကြားလိုက်သည်။ **(အေအက်ဖ်ပီ)**

ခင်အောင် ဘာသာပြန်သည်။ ■

■ **အနိုင်ရခဲ့သူ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု။** အေအက်ဖ်ပီ

ဓာတ်ငွေ့စက်ရုံစီးနင်းမှု နိုင်ငံခြားသား ၃၇ ဦးသေဆုံးဟု အယ်လ်ဂျီးရီးယားဆို

အယ်လ်ဂျားစ် – ဆာဟာရသဲကန္တာရအတွင်းရှိ သဘာဝဓာတ်ငွေ့စက်ရုံ၌ အစ္စလမ္မစ်စစ်သွေးကြွများ၏ အစီအစဉ်တကျ တိုက်ခိုက်မှုတစ်ခုအတွင်း နိုင်ငံခြားသား ၃၇ ဦး အသတ်ခံခဲ့ရကြောင်းနှင့် အချို့မှာ ဦးခေါင်း၌ သေနတ်ဖြင့် ပစ်သတ်ခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း အယ်လ်ဂျီးရီးယားဝန်ကြီးချုပ် အက်ဘ်ဒယ်လ်မာ လက်ခ်ဆယ်လာက ပြောသည်။

မာလီနိုင်ငံ၌ လွန်ခဲ့သည့်သီတင်းပတ်များအတွင်း ပြင်သစ်စစ်တပ်၏ ဝင်ရောက်တိုက်ခိုက်မှုကို လက်တုံ့ပြန်ခြင်း ဖြစ်သည်ဟုဆိုသော စစ်သွေးကြွများက ဓားစာခံများကို ဖမ်းဆီးထိန်းသိမ်းခဲ့အပြီးတွင် ဝန်ကြီးချုပ်ဆယ်လာက အယ်လ်ဂျီးရီးယား နိုင်ငံသားတစ်ဦးနှင့် အခြား နိုင်ငံခြားသားငါးဦးတို့ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ပြောကြားသည်။

နိုင်ငံခြားသား ၃၇ ယောက်ဟာ ကျွန်တော်တို့ဝင်စီးတဲ့ အချိန်အတွင်းမှာ အသတ်ခံခဲ့ရတာပါ။ တချို့ဆို သွေးအေးအေးနဲ့ ခေါင်းကိုပစ်သတ်ခံခဲ့ရတယ်"ဟု ဝန်ကြီးချုပ်ကဆိုသည်။

နိုင်ငံခြားသားများမှာ မည်သည့်နိုင်ငံသားများဖြစ်ကြောင်း ဆယ်လာက အတိအကျ ပြောဆိုသွားခြင်းမရှိသော်လည်း သက်ဆိုင်ရာနိုင်ငံများက ဂျပန် ခုနစ်ဦး၊ ဖိလစ်ပိုင်ခြောက်ဦး၊ အမေရိကန်သုံးဦး၊ ဗြိတိန်သုံးဦး၊ ရိုမေးနီးယား နှစ်ဦးနှင့် ပြင်သစ်တစ်ဦးတို့ဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်။

သဘာဝဓာတ်ငွေ့စက်ရုံအတွင်း ပုန်းအောင်းကာ ကျန်ရှိနေသည့်စစ်သွေးကြွများနှင့် အထူးတပ်ဖွဲ့များအကြား ဇန်နဝါရီလ ၁၉ ရက်နေ့ အပြီးသတ်တိုက်ပွဲတွင် စစ်သွေးကြွ ၂၉ ဦးကို သုတ်သင်နိုင်ခဲ့ပြီး သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။ စစ်သွေးကြွများတွင် ကနေဒါလူမျိုးတစ်ဦး၊ တူနီးရှားလူမျိုး ၁၁ ဦး၊ အယ်လ်ဂျီးရီးယားသုံးဦးနှင့် အာဖရိကမြောက်ပိုင်းမှ အခြားသူများ ပါဝင်ကြောင်း ဆယ်လာကပြောသည်။

အာမီနက်စ် သဘာဝဓာတ်ငွေ့စက်ရုံအတွင်း စစ်သွေးကြွသေနတ်သမားများက မည်သို့မည်ပုံ ဝင်ရောက်သောင်းကျန်းသည်ဆိုခြင်းနှင့် နိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် မည်သို့ ထိခိုက်မည်ဆိုခြင်းများအပေါ် မေးခွန်းများထွက်ပေါ်နေသလိုပင် အယ်လ်ဂျီးရီးယား၏ အင်အားကြီးလှပါသည်ဆိုသော လုံခြုံရေးသိက္ခာ ကျဆင်းစေခဲ့သည်။

"ဓာတ်ငွေ့စက်ရုံကို ဝင်တိုက်တာကြောင့် နိုင်ငံခြားကုမ္ပဏီကြီးတွေရဲ့ ဘဏ္ဍာရေးကုန်ကျစရိတ်တွေဟာ လုံခြုံရေးအနေအထားအရ ပြောင်းလဲသွားပါလိမ့်မယ်" ဟု ဒေသဆိုင်ရာ စွမ်းအင်ကျွမ်းကျင်ပညာရှင် ရာဖစ်လတ် တာကပြောသည်။

တိုက်ခိုက်မှုကို မတားဆီးနိုင်ခဲ့ခြင်းသည် ကြီးမားလှသည့် ဆိုးရွားမှုတစ်ခုဖြစ်ကာ လုံခြုံရေးဆောင်ရွက်ချက်များအပေါ် လျစ်လျူရှုထားခြင်း၊ သို့မဟုတ် ချွတ်ယွင်းခြင်းသည် ယုံကြည်နိုင်ဖွယ်မရှိဟု ၎င်းကဆိုသည်။ အယ်လ်ဂျီးရီးယား စွမ်းအင်ကဏ္ဍသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ်၌ အားပြုထားရခြင်းဖြစ်သည်။ **(အေအက်ဖ်ပီ)**

ဇော်ဝင်း ဘာသာပြန်သည်။ ■

ဓာတ်ငွေ့စက်ရုံအပြင်ဘက်တွင် ရပ်နိုင်းထားသောအလုပ်သမားများ။ အေအက်ဖ်ပီ

HM AEROSPACE FLIGHT TRAINING SCHOOL MALAYSIA

မြန်မာကျောင်းသား လေယာဉ်မှူးလောင်း (CADET PILOT)များ အများဆုံး တက်ရောက်လျက်ရှိသော အရှေ့တောင်အာရှ နိုင်ငံများအတွင်း အကောင်းဆုံး လေယာဉ်မှူး သင်တန်းကျောင်း

(၂၀၁၃ ဖေဖော်ဝါရီ ၁၈) ဖွင့်လှစ်မည့် သင်တန်းအတွက် Scholarship အထူးအစီအစဉ်...

ဝါရင့်လေယာဉ်မှူးကြီး Captain Albert Aung မှ မလေးရှားသင်တန်းကျောင်း၊ တာဝန်ရှိသူများနှင့်အတူ တွေ့ဆုံဆွေးနွေး အကြံဉာဏ်ပေးပါမည်။

တွေ့ဆုံဆွေးနွေးမည့် နေရာနှင့် အချိန် –
PARK ROYAL HOTEL (YANGON)
၂၆ ဇန်နဝါရီ ၂၀၁၃၊ (စနေနေ့)၊
နံနက် ၉ နာရီမှ ၁၁ နာရီထိ။

ဆက်သွယ်စုံစမ်းရန် –
ဦးသက်ဝေ (မြန်မာနိုင်ငံအတွက်တစ်ဦးတည်းကိုယ်စားလှယ်)
COMMERCIAL AVIATION SERVICES SDN.BHD.
Ph: 09 5016906, 01-502653
Email: captalbertaung@gmail.com, kothetwai@gmail.com

www.hmaerospace.com
HM AEROSPACE SDN BHD
A MEMBER OF THE HM HALIM MAZMIN GROUP

အယ်လ်ဂျီးရီးယား ဓာတ်ငွေ့စက်ရုံတိုက်ခိုက်မှုကို ကြိုးကိုင်ခဲ့သူ

အယ်လ်ဂျီးရီးယား နိုင်ငံသားတစ်ဦး ဖြစ်သူ မွတ်ခ်တာ ဘယ်လ်မွတ်ခ်တာက အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့ဘက်၌ ရှိသော အမ်မီနက်စ် ဓာတ်ငွေ့စက်ရုံကို အကြမ်းဖက်သမားများက ဝင်ရောက် တိုက်ခိုက်ခဲ့မှုတွင် ၎င်းသည် ဦးဆောင် ခဲ့သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘယ်လ်မွတ်ခ်တာကို ၁၉၇၂ ခုနှစ်က မွေးဖွားခဲ့ပြီး အယ်လ်ဂျီးရီးယားနိုင်ငံ တောင်ပိုင်းရှိ သဲကန္တာရ အစွန်အဖျား ဒေသတွင် ကြီးပြင်းခဲ့သူဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ သို့ရောက်ရှိခဲ့ပြီး ကွန်မြူနစ်အစိုးရကို တိုက်ခိုက်ခဲ့သည်။

ဂျီဟာ့ဒ်ခေါ် ဘာသာရေးစစ်ပွဲဆင်နွှဲ သည့် ဝါရင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဘယ်လ် မွတ်ခ်တာမှာ ၎င်း ဆယ်ကျော်သက် အရွယ်၌ အာဖဂန်နစ္စတန်နိုင်ငံတွင် တိုက်ခိုက်ရင်း မျက်စိတစ်ဖက်ဆုံးရှုံး ခဲ့သူဖြစ်သည်။ Mr. Marlboro ဟူသော အမည်ဖြင့် စီးကရက်မှောင်ခိုလုပ်ကိုင်ကာ ဒုက္ခသည် များအဆုံး မှောင်ခိုလုပ်ကိုင်ကာ

> ဘယ်လ်မွတ်ခ်တာမှာ ဆယ်ကျော်သက် အရွယ်က အာဖဂန်တွင် တိုက်ခိုက်ရင်း မျက်စိတစ်ဖက်ဆုံးရှုံးခဲ့သူဖြစ် … ”

နာမည်ကျော်ကြားနေသော ဘယ်လ် မွတ်ခ်တာကို ပြင်သစ်အကြမ်းဖက် တိုက်ဖျက်ရေးအဖွဲ့များက အလိုရှိနေ သည်မှာ ကြာပြီဖြစ်သည်။

ယခုအခါ ၎င်းက အယ်လ်ကေဒါနှင့် ဆက်စပ်နေသည့် အယ်လ်-မူလာ သမင်းန်တပ်မဟာဟုခေါ်သည့် အဖွဲ့ တစ်ဖွဲ့ကို ဦးဆောင်လျက်ရှိသည်။ ပြီးခဲ့ သည့် နှစ်အနည်းငယ်အတွင်း ၎င်းက မဟာမိတ်များကို စည်းရုံးသိမ်းသွင်း ခဲ့ပြီး အဖွဲ့ငယ်များကိုလည်း နိုင်ငံအနှံ့ အပြားတွင် တည်ထောင်ထားခဲ့သည်။

ဇန်နဝါရီလ ၁၆ ရက်နေ့ အရှေ့ တက်ချိန်တွင် အမ်မီနက်စ်စက်ရုံကို ဘယ်လ်မွတ်ခ်တာ၏ နောက်လိုက်များ တိုက်ခိုက်သိမ်းပိုက်ခြင်းမှာ ယင်းစက်ရုံ သည် မကြာသေးမီနှစ်များအတွင်းက ဘာသာရေးစစ်ပွဲလှုပ်ရှားမှု အမြောက် အမြားပေါ်ပေါက်ခဲ့သော ဒေသအတွင်း တည်ရှိပြီး ယင်းမှ ကီလိုမီတာ ၅၀ (၃၁ မိုင်) အကွာ၌ရှိသော လစ်ဗျား နယ်စပ်တစ်လျှောက်တွင် အစိုးရ၏ ဩဇာသက်ရောက်မှု မရှိတော့ခြင်း ကြောင့်လည်းဖြစ်သည်။

အယ်လ်ဂျီးရီးယား အကျဉ်းထောင် များတွင် ဖမ်းဆီးထားသော အယ်လ် ကေဒါအဖွဲ့သားများကို ပြန်လွှတ်ပေး ရန် ဘယ်လ်မွတ်ခ်တာ အပေးအယူ လုပ်လာနိုင်ကြောင်း AQIM အကြမ်း ဖက်အဖွဲ့ကို ကာလကြာရှည်စောင့်ကြည့် အကဲခတ်နေသည့် အင်ဒရူးလီ ဗိုဗစ်က ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

ဝင်းသော်တာ ဘာသာပြန်သည်။ ■

■ **ဓာတ်ငွေ့စက်ရုံတိုက်ခိုက်မှုကို ဦးဆောင်ခဲ့သူ မွတ်ခ်တာ။** ဓာတ်ပုံ - အေအက်ဖ်ပီ

အယ်လ်ဂျီးရီးယား၌ ဓားစာခံများ လူသားတံတိုင်းအဖြစ် အသုံးချခံခဲ့ရ

မနီလာ – အစ္စလာမ်စစ်သွေးကြွများ သည် အယ်လ်ဂျီးရီးယားစစ်တပ်များ၏ ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်မှုများကို ကာကွယ်ရန် ဓားစာခံများအား လူသား တံတိုင်းအဖြစ် အသုံးပြုခဲ့သည်ဟု လေးရက်ကြာ ကယ်ဆယ်ရေးစစ်ဆင်ရေး တွင် လွတ်မြောက်လာခဲ့သော ဖိလစ်ပိုင် နိုင်ငံသား အလုပ်သမားတစ်ဦးက ပြော ပြသည်။

ကလေးလေးယောက်၏ ဖခင်ဖြစ် သော ဂျိုးဇက်ဘယ်မာစီဒါသည် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အဆုံးသတ် သွားခဲ့သော ဆာဟာရကန္တာရမှ အာမီ နက်စ် သဘာဝဓာတ်ငွေ့စက်ရုံတွင် အယ်လ်ဂျီးရီးယား ကယ်ဆယ်ရေး စစ်တပ်များနှင့် ယင်းစက်ရုံအား ဝင်ရောက်စီးနင်းကာ စက်ရုံအလုပ် သမားများအား ဓားစာခံအဖြစ် ဖမ်းဆီး ခေါ်ဆောင်သွားသော အယ်လ် ကေဒါနှင့် ဆက်စပ်နေသည့် အစ္စလာမ် စစ်သွေးကြွများနှင့် ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံမှုတွင် လွတ်မြောက်လာခဲ့သော ဖိလစ်ပိုင်နိုင်ငံသား အလုပ်သမား တစ်ဦး ဖြစ်သည်။

ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသူ ဖိလစ်ပိုင်နိုင်ငံသား ဘယ်မာစီဒါ။ အေအက်ဖ်ပီ

သူနှင့်အတူ ဖမ်းဆီးခံရသော ဂျပန် ဓားစာခံတစ်ဦးကိုမူ ပေါက်ကွဲပစ္စည်းများ နှင့် ချိတ်ဆွဲထားပြီး သူနှင့် တခြားသူများ ကိုမူ ပိုင်ယာကြိုးများနှင့် ချည်နှောင်ထား ကာ အယ်လ်ဂျီးရီးယားကယ်ဆယ်ရေး တပ်များက ရဟတ်ယာဉ်ဖြင့် ၎င်းတို့ကိုပစ် ခတ်သောအခါတိုင်း ၎င်းတို့မှာ လူသား တံတိုင်းအဖြစ် အသုံးပြုခံရသည်ဟု ဘယ်မာစီဒါက ကယ်ဆယ်ရေးစစ်ဆင် ရေးမှ လွတ်မြောက်လာအပြီး ဖိလစ်ပိုင် နိုင်ငံကို ပြန်ရောက်ရောက်ချင်း သတင်း ထောက်များကို ပြောကြားခဲ့သည်။

ထရပ်ကားတစ်ခုအတွင်း ဘယ်မာစီ ဒါအပါအဝင် ဓားစာခံကိုးဦးကို သယ် ဆောင်လာပြီး ကားတွင် ချိတ်ဆွဲထား သော ပေါက်ကွဲပစ္စည်းများက ပေါက်ကွဲ သွားသောအခါ ဘယ်မာစီဒါမှာ အပို တာယာနှစ်ခုကြား၌ ညပ်မိနေ၍ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ၎င်း ထရပ်ကားတွင် စီ - ၄ ဖောက်ခွဲရေး ပစ္စည်းများကို စစ်သွေးကြွများက ချိတ် ဆွဲကာ ဓားစာခံအဖြစ် ခေါ်လာခြင်း ဖြစ်သည်။

၎င်းတို့ ပါဝင်သော ထရပ်ကားကို စစ်သွေးကြွနှစ်ဦးက မောင်းနှင်လာကာ ဓာတ်ငွေ့စက်ရုံ၏ ဗဟိုဌာနသို့ ခေါ် ဆောင်အလာ လမ်းတွင် အယ်လ်ဂျီးရီး ယား လုံခြုံရေးတပ်များနှင့် ထိပ်တိုက် တွေ့ဆုံမှုတွင် ပေါက်ကွဲခဲ့ခြင်းဖြစ် သည်။ ထရပ်ကားကို မောင်းနှင် လာသော စစ်သွေးကြွနှစ်ဦးနှင့် ကျန် ဓားစာခံ ရှစ်ဦးစလုံး သေဆုံးသွားကာ ၎င်းတစ်ဦးတည်း လွတ်မြောက်လာခဲ့ ခြင်းဖြစ်သည်။

ဘယ်မာစီဒါမှာမူ ပွန်းပဲ့ဒဏ်ရာများ နှင့် တခြားပြန်ပေးသမားများက သူ့ကို ပစ်ခတ်၍ ဦးခေါင်းရှပ်ထိကာ အကြား အာရုံထိခိုက်ခဲ့ရသည်ဟု သူကဆိုသည်။

ထို့နောက် သူက အစိုးရတပ်များရှိ သောနေရာကို မီတာ ၃၀၀ ခန့် တွားသွားကာ ထိုအရောက်တွင် မေ့မြော သွားခဲ့ခြင်းဖြစ်သည်။

အယ်လ်ကေဒါနှင့် ဆက်စပ်နေသော Signatories in Blood ဟူသော အဖွဲ့က ယင်းဓာတ်ငွေ့စက်ရုံကို တိုက်ခိုက်ရခြင်း မှာ အိမ်နီးချင်းမာလီနိုင်ငံမှ အစ္စလာမ် စစ်သွေးကြွများကို ပြင်သစ်စစ်တပ်က ကူညီတိုက်ထုတ်ပေးခြင်းကို လက်တုံ့ပြန် ခြင်းဖြစ်သည်ဟု ဆိုသည်။

ဘယ်မာစီဒါတို့ ထရပ်ကားပေါက်ကွဲ မှုမှာ လေးရက်ကြာ ကယ်ဆယ်စစ်ဆင် ရေး၏ ဒုတိယမြောက်နေ့တွင် ဖြစ်သည် ဟု ၎င်းက ဆိုသည်။ ဖိလစ်ပိုင်အစိုးရ၏ အဆိုအရ ဖိလစ်ပိုင်လူမျိုးခြောက်ဦး သေဆုံးခဲ့ပြီး လေးဦးပျောက်ဆုံးနေ သည်ဟုသိရသည်။

ဘယ်မာစီဒါနှင့် တခြားသော ဖိလစ် ပိုင်ဓားစာခံများကိုပြန်ပေးသမားများက ပြောဆိုရာတွင် ၎င်းတို့သည် ပြင်သစ် နှင့် အမေရိကန်နိုင်ငံသားများကိုသာ အဓိကလက်တုံ့ပြန်ရန် ရည်ရွယ်သည်ဟု ဆိုသည်။ ၎င်းစက်ရုံကို ဗြိတိသျှရေနံ ကုမ္ပဏီ BP က လုပ်ဆောင်နေခြင်း ဖြစ်သည်။

(အေအက်ဖ်ပီ)

ဖြိုးဝင်းကိုကို ဘာသာပြန်သည်။ ■

စထရော့ခန်း အမျိုးသမီးကို လျော်ကြေးပေးခဲ့ရ

သိက္ခာကျဆင်းသွားခဲ့သော အိုင်အမ် အက်ဖ်အကြီးအကဲဟောင်း ဒိုမီနစ် စထရော့ခန်းသည် နယူးယော့ခ်ဟိုတယ် အမျိုးသမီးအကူအား ကျေအေးခ ဒေါ်လာ ၁ ဒသမ ၅ သန်း (ယူရို ၁ ဒသမ ၁ သန်း) ပေးလိုက်ရသည်။ အမျိုးသမီး ကကျူးလွန်မှုဖြင့် စွပ်စွဲခြင်းဖြစ်သည်ဟု ပြင်သစ်သတင်းစာက ရေးသားသည်။

သူမ၏ သူ့အပေါ် တရားစွဲဆိုမှု ကျေအေးရန် လျှို့ဝှက်သဘောတူညီမှု ရယူပြီးနောက် နာဖစ်ဆာတူး ဒီယာလို သည် ယင်းငွေကြေးကို လက်ခံရရှိခဲ့ သည်ဟု စထရော့ခန်းနှင့် နီးစပ်သော ပြောရေးဆိုခွင့်များကိုကိုးကား၍ ပြင်သစ် သတင်းဂျာနယ်တွင် ဖော်ပြခဲ့သည်။

သတင်းစာက ဒီယာလိုသည် သူ၏ ရှေ့နေအဖွဲ့ကို ငွေကြေးပေးပြီးနောက် ကျေအေးငွေ၏ ၇၀ ရာခိုင်နှုန်းခန့်ကိုယူ ၍ ထွက်သွားပြီဟုဆိုသည်။ ကျေအေးခ ဒေါ်လာငါးသန်းစထရော့ခန်း ကပေးရန် အဆိုပြုချက် သတင်းနှင့် စာချုပ်ကို လွန်ခဲ့သည့်လက တရားသူကြီးတစ်ဦးက ကြေညာခဲ့သည်။ **(အေအက်ဖ်ပီ)**

သန်းလွင် ဘာသာပြန်သည်။ ■

UNOPS

The United Nations Office for Project Services (UNOPS) in Myanmar is inviting qualified candidates to apply for the following positions:

Sr.	Title and level	Duty Station	Position	Deadline
1.	Admin Associate (LICA4)	Yangon	National	31-Jan-13
2.	Gender and Health Specialist (IICA2)	Yangon	International	31-Jan-13
3.	Assistant to Partnership Specialist (LICA3)	Yangon	National	1-Feb-13
4.	Procurement Associate (LICA4)	Yangon	National	1-Feb-13

For details please visit UNOPS website-https://gprs.unops.org/pages/ viewvacancy/VAListing.aspx and click on the post you are interested in applying for. All applications must be made through UNOPS E-recruitment system.

အိန္ဒိယ နွားလွှတ်ပွဲ

အိန္ဒိယနိုင်ငံ ချင်နိုင်းမြို့တောင်ဘက် ကီလိုမီတာ ၅၀၀ အကွာရှိ မာဒူရိုင်မြို့အနီးမှ ပါလာမီဒူးရွာတွင် ဂျာလ်လီကတ္တူခေါ် နွားလွှတ်ပွဲတော်ကို ဇန်နဝါရီလ ၁၅ ရက်နေ့ကကျင်းပခဲ့ရာ လွှတ်လိုက်သော နွားသိုးတစ်ကောင်ကို ဖမ်းဆီးသူတစ်ဦးက တွန်းလှန်တိုက်ခိုက်နေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

မြောက်အာဖရိကအရေး 'ကန်'နှင့် မဟာမိတ်များကို စိန်ခေါ်

ဝါရှင်တန်– အယ်လ်ဂျီးရီးယားတွင် ဓားစာခံဖမ်းဆီးမှု အကျပ်အတည်းအား သွေးထွက်သံယိုနည်းလမ်းအရ ဖြေရှင်းခဲ့မှုက အာဖရိကနိုင်ငံမြောက်ဘက်ဒေသတစ်လွှားတွင် ဘေးမသီရန်မခဘဲ ဝင်ရောက်ခိုလှုံလျက်ရှိကြသော အကြမ်းဖက်မှုအုပ်စုဝင် ကလာပ်စည်းတပ်ဖွဲ့များအား ရင်ဆိုင်ရေးနှင့်ပတ်သက်၍ အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများ ရင်ဆိုင်ရမည့် ပိုမိုကျယ်ပြန့်သော စိန်ခေါ်မှုများကို မြင်ကွင်းထက်သို့ ကွင်းကွင်းကွက်ကွက် ရောက်ရှိလာစေခဲ့ပေသည်။

အမေရိကန်ပြည်ထောင်စုနှင့် ပြင်သစ်နိုင်ငံတို့သည် အစ္စလမ္မစ်စစ်သွေးကြွများအား မာလီနိုင်ငံမြောက်ပိုင်းဒေသမှ ဖယ်ရှားပစ်ရန် နိုင်ငံတကာ၏ ကြိုးပမ်းမှုကို အယ်လ်ဂျီးရီးယားနိုင်ငံ၏ ကူညီထောက်ခံမှုရရှိရန် နားချပြောကြားခဲ့သည်မှာ လပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။

သို့သော် မာလီအစိုးရက ပြင်သစ်နိုင်ငံအား စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုပြုရန် အကူအညီတောင်းခံမှု ဖြစ်ပေါ်စေခဲ့သော အဆိုပါ စစ်သွေးကြွများ၏ တောင်ပိုင်းသို့ တိုးချဲ့ဝင်ရောက်လာမှုနှင့် မာလီမြောက်ပိုင်း ဆာဟာရာဒေသရှိ သဘာဝဓာတ်ငွေ့

မာလီနိုင်ငံတွင် ဝင်ရောက်တိုက်ခိုက်ပေးသော ပြင်သစ်တပ်ဖွဲ့ဝင်များ။ ဓာတ်ပုံ - အေအက်ဖ်ပီ

ထုတ်လုပ်ရေးစက်ရုံ ကွန်ပလက်စ်များတွင် ပြန်ပေးဆွဲမှုတို့သည် အမေရိကန်ပြည်ထောင်စုအား အငိုက်မိစေခဲ့ပြီး အိမ်ဖြူတော်က အဆိုပါဒေသများတွင် အကြမ်းဖက်မှုများအား ရင်ဆိုင်တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချမှုအသစ်များကို ရုတ်ခြည်းဖြစ်ပေါ်စေခဲ့သည်။

အဆိုပါစစ်သွေးကြွများအား ရင်ဆိုင်တိုက်ခိုက်ရာတွင် အနောက်တိုင်းနိုင်ငံများသည် နိုင်ငံအများအပြားမှ စစ်သွေးကြွများပါဝင်ပြီး ဝင်ရောက်ရန်လွယ်ကူသည့် ဝင်ပေါက်လမ်းအများအပြား ရှိသော အာဖရိကနယ်နိမိတ်ဒေသအား လွယ်လင့်တကူဖြတ်ကူး လှုပ်ရှားလျက်ရှိသော စစ်သွေးကြွများနှင့် ရင်ဆိုင်ကြရဖွယ်ရှိသည်။ ၎င်းပြင် အဆိုပါ အကြမ်းဖက်ကလာပ်စည်း တပ်ဖွဲ့များသည် ရွေးချယ်တိုက်ခိုက်ချင်စဖွယ်ကောင်းလှသည့် အောက်ပါပစ်မှတ် အများအပြားမှ ရွေးချယ်တိုက်ခိုက်နိုင်ကြမည်ဖြစ်သည်။ အဆိုပါဒေသကြီး တစ်ခုလုံးသည် အနောက်တိုင်းနိုင်ငံများ၏ အကျိုးအမြတ်နှင့် အတိအလင်း ဆက်စပ်မှုရှိပြီး အချို့မှာကာကွယ်စောင့်ရှောက်မှု မဆိုစလောက်သာရှိသော နိုင်ငံတကာ စွန့်စားရှာဖွေရေးကုမ္ပဏီကြီးများ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ယူရေနီယံ ထုတ်လုပ်တူးဖော်ရေး လုပ်ငန်းများနှင့် ပြည့်နှက်လျက်ရှိပေသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ဘက်မှ မြောက်အာဖရိကသို့ တိုက်ခိုက်ရေးတပ်များ ပို့လွှတ်ခြင်း မပြုရန် သန္နိဋ္ဌာန်ချထားပြီး ပြင်သစ်နိုင်ငံကလည်း မာလီနိုင်ငံသို့ စမိလျှင်ဆုံးနိုင်ခဲ့သော စစ်တပ်ပို့လွှတ် ကာကွယ်မှုများမပြုလုပ်ရန် မျှော်လင့်ထားပေရာ အနောက်တိုင်းနိုင်ငံများသည် ဒေသတွင်း အစိုးရတပ်ဖွဲ့များအပေါ်တွင်သာ ကြီးမားစွာ အားကိုးအားထားမှုပြုရန်မှ တစ်ပါး တခြားနည်းလမ်းများ ရွေးချယ်ရန်မရှိသော အခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိသည့်ပြင် အဆိုပါနိုင်ငံ အစိုးရများသည် ပြင်ပနိုင်ငံများကပေးသော အကြံဉာဏ်များကို လက်ခံကျင့်သုံးလေ့ရှိသော နိုင်ငံများမဟုတ်ပေ။

ယခင်ပင်တဂွန်၏ အကြမ်းဖက်မှုကို တန်ပြန် ဆန့်ကျင်တိုက်ခိုက်ရေး အရာရှိဟောင်း ရူဒေ့ါဖ် အာတဲလားကမော်ရိုကို၊ တူနီးရှားနှင့် အယ်လ်ဂျီးရီးယားဒေသများပါဝင်သည့် အစ္စလာမ်ဘာသာဝင်များ၏ Maghreb ခေါ် အာဖရိကအနောက်မြောက် ဒေသကြီးမှ အယ်လ်ကေဒါကွန်ရက်သည် ၎င်းတို့ဒေသ၏ နယ်နိမိတ်များကို ဖြတ်ကျော်၍ တစ်စတစ်စဖြင့် အယ်လ်ကေဒါ ဂိုဏ်းခွဲများ တည်ထောင်ခဲ့ကြကြောင်း မှတ်တမ်းတင် ပြောကြားခဲ့ဖူးလေသည်။ ၎င်းက အဆိုပါ အယ်လ်ကေဒါတို့၏ ကွန်ရက်ကိုဖြိုခွင်းရန် အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏မဟာမိတ် အာဖရိကနှင့် ဥရောပနိုင်ငံကြီးများဘက်မှ အသေအချာ စနစ်တကျ တွေးခေါ်ချမှတ်ထားသည့် ဒေသဆိုင်ရာ မဟာဗျူဟာတစ်ရပ် လိုအပ်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ယင်း မဟာဗျူဟာအတွင်း၌ ပါဝင်သည့် နိုင်ငံများ၏ အခြေအနေအရပ်ရပ်အရ အဆိုပါ မဟာဗျူဟာအား အကောင်အထည်ဖော်ရန် လွယ်ကူဖွယ်မရှိပေ။ အယ်လ်ဂျီးရီးယားတွင် အဖွဲ့အစည်း အားကိုးဖြင့် အနိုင်ကျင့်လုပ်ဆောင်တတ်သော်ငြားလည်း အရည်အချင်းပြည့်ဝသော စစ်တပ်ရှိပေသည်။ သို့သော် ၎င်းနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့်သော်လည်းကောင်း ကျယ်ပြန့်စွာ ပူးပေါင်းလုပ်ဆောင်ရန် စိတ်အားထက်သန်ခြင်း မရှိပေ။ လစ်ဗျားနိုင်ငံ၏ အစိုးရအဖွဲ့သစ်သည် ပူးတွဲလုပ်ဆောင်လိုပုံရသော်ငြားလည်း ၎င်းတို့တွင် အရည်အချင်း မရှိသလောက်နည်းပါးသည်။ မာလီနိုင်ငံတွင်မူ စစ်ရေးအရ ကျွမ်းကျင်မှု မရှိသလောက်ဖြစ်သည့်ပြင် ရေရှည်ခံမည့် အဖြေတစ်ရပ်ရရှိရန် အတွက်စစ်ဘက်တွင် ၎င်းတို့၏ပြည်တွင်း နိုင်ငံရေးအခြေအနေကို မျက်ခြည်မပြတ် ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပေသည်။ **(အေအက်ဖ်ပီ)**

ခင်အောင် ဘာသာပြန်သည်။ ■

STAR CITY
Thanlyin

CAREER OPPORTUNITIES AT STAR CITY

သံလွင်ရိပ်မွန်အိမ်ရာတွင်နေထိုင်သူ မိတ်ပြည်သူများအား နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်ရန် အောက်ပါဌာနများတွင် အလုပ်လျှောက်ထားနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်၊

Estate Management and Administration
- Hospitality Services
- Building Supervisor
- Housekeepers
- Cleaners
- Storekeeper
- Transport(Supervisor)
- Drivers (City bus and utility vehicles)
- IT, Communications and Computer Networking Specialists

Sales & Marketing
- Sales Executives

Project Management
- Senior Architects
- Site Engineers (Structural / M&E / Finishing)
- Assistant Site Engineers (Structural / M&E / Finishing)

Interested candidates are requested to submit the detailed resumes with a recent photo and salary expectations before 31 January 2013 to : **Khin Sandy Linn - 056-23150~3 Ext: 127 E-mail : khinsandylinn88@gmail.com**

Star City -Kyaik Khauk Pagoda Road, Thanlyin Township. Tel: 056- 23150, 23151, 23152, 23153

A Quality Project of YOMA STRATEGIC HOLDINGS FMI

မြောက်ကိုရီးယား နျူကလီးယား စမ်းသပ်မှုလုပ်မည့် လက္ခဏာပြ

ဆိုးလ် – ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားထုတ်လုပ်မှု လျှော့ချရေး ဆွေးနွေးမှုများ ပြန်လည်စတင်ခြင်းမရှိသည့်အချိန်တွင် မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂက အရေးယူမှုထပ်မံလုပ်ဆောင်လိုက်သည်ကို မြောက်ကိုရီးယားက လက်မခံဘဲ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြစ်တင်ပြောဆိုလိုက်ပြီး နျူကလီးယား စမ်းသပ်မှုကို ဆက်လက်လုပ်ဆောင်မည်ဆိုသော စောင်းပါးရိပ်ခြည် စကားများထွက်ပေါ်လာသည်။

"ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မျှတမှုမရှိဘဲ တစ်ဖက်သတ် ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ဘက်က လုံးဝပြတ်ပြတ်သားသား ပယ်ချပါတယ်။ ဒီလို ဆုံးဖြတ်တာဟာ ကျွန်တော်တို့နိုင်ငံရဲ့ လုပ်ပိုင်ခွင့်ကို သက်သက် နှောင့်ယှက်တာပါပဲ" ဟု မြောက်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုရီးယားဗဟိုသတင်း ထုတ်ပြန်ရေးဌာန (Korean Central News Agency) တွင် တရားဝင်ဖော်ပြထားသည်။

မြောက်ကိုရီးယား၏ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များတွင် ပြုလုပ်ခဲ့သော နျူကလီးယား စမ်းသပ်မှုများပြီးနောက် ထုတ်ပြန်ထားသော စည်းကမ်းများကို ချိုးဖောက်ပြီး ပဲ့ထိန်းဒုံးစမ်းသပ်မှုအဖြစ် ဟန်ဆောင်ခြင်းသာဖြစ်သည်ဟု ကုလသမဂ္ဂက ရှုတ်ချပြောဆိုခဲ့သည်။

အခြားနိုင်ငံများအား ဂြိုဟ်တုများ စမ်းသပ်လွှတ်တင်ခွင့်ပြုထားပြီး မြောက်ကိုရီးယားကိုမူ အပြစ်ပေးခြင်းသည် ဥပဒေအတိုင်း လုပ်ဆောင်သည်ဆိုပါက လိုသူကိုတစ်မျိုး၊ မလိုသူကိုတစ်မျိုးဖြင့် စံနှုန်းနှစ်မျိုး သတ်မှတ်ထားခြင်းလားဟု ဝန်ကြီးဌာနဘက်မှ ထုတ်ပြန်ချက်တစ်ရပ်တွင်ဆိုထားသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

ဂျကာတာ ရေဘေး

ဇန်နဝါရီလ ၂၁ ရက်နေ့က လူပေါင်းအနည်းဆုံး ၁၅ ယောက် သေဆုံးခဲ့ရသော အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရေဘေးတွင် မိသားစုတစ်စုသည် ရေလွှမ်းမိုးနေသောလမ်းများကိုဖြတ်၍ ရေဘေးလွတ်ရာသို့ သွားနေကြပုံ။ အိုးအိမ်များရေနစ်မြုပ်ခဲ့ရသဖြင့် ထောင်ပေါင်းများစွာသော ဂျကာတာမြို့သူမြို့သားများသည် ၎င်းတို့၏နေအိမ်များကိုစွန့်လွှတ်၍ ရေလွတ်ရာသို့ ရှောင်တိမ်း နေထိုင်နေကြရကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က ရေးသားခဲ့သည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အီဂျစ်နိုင်ငံ၏ သတင်းလွတ်လပ်ခွင့် စိုးရိမ်စရာအခြေအနေဖြစ်

ကိုင်ရို – ရုပ်/သံ အစီအစဉ်မှူးတစ်ဦးဖြစ်သည့် ဘက်ဆန်မ်ယူစွပ်ဖ်က ၎င်း၏အပတ်စဉ်ထုတ်လွှင့်နေကျ အစီအစဉ်တစ်ခုတွင် သမ္မတ မိုဟာမက်မော်စီကို သရော်သည့် ပြက်လုံးများဖြင့် မနားတမ်း တင်ဆက်နေမှုကို ကိုင်ရိုမြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ပြသခဲ့ရာ ဆိုင်အတွင်း အားပေးထောက်ခံသူများဖြင့် ပြည့်ကျပ်သွားခဲ့သည်။ သို့သော် ၎င်းမှာ သမ္မတကိုစော်ကားမှုဖြင့် စွဲချက်တင်ခံနေရသည့် ရာထူးနေရာအသီးသီးမှ မီဒီယာလောကသားများနည်းတူပင် စွဲချက်တင်ခံနေရသည်။

သတင်းထောက်များကို တရားစွဲဆိုသည့်အရေးအတွက် တစ်ဟုန်ထိုးမြင့်တက်လာခြင်းကြောင့် သတင်းလွတ်လပ်ခွင့်ပေးမည်ဟုဆိုသည့် သမ္မတ မော်စီ၏ ကတိကဝတ်မှာ သံသယဖြစ်စရာဖြစ်လာခဲ့သည်။ သတင်းလွတ်လပ်ခွင့်ပေးရေးမှာ ၂၀၁၁ ခုနှစ်က ဟော့စနီမူဘာရက်ဖ်ကိုဖြုတ်ချခဲ့သည့် လူထုအုံကြွမှုတွင် အဓိကတောင်းဆိုခဲ့သည့် အကြောင်းအရာတစ်ခုဖြစ်သည်။

> **သတင်းလွတ်လပ်ခွင့်ပေးမည်ဟုဆိုသည့် ကတိကဝတ်မှာ သံသယဖြစ်စရာ ...**

မော်စီ သမ္မတရာထူးကို စတင်တာဝန်ယူချိန်မှစ၍ ပထမခြောက်လအတွင်း သမ္မတကို စော်ကားမှုဖြင့် တရားစွဲဆိုထားသော အမှုများမှာ မူဘာရက်ဖ် အုပ်ချုပ်ခဲ့သောနှစ် ၃၀ အတွင်းကထက် လေးဆပိုများနေကြောင်း လူ့အခွင့်အရေးဆိုင်ရာ ထင်ရှားသည့် ရှေ့နေတစ်ဦးဖြစ်သူ ဂမယ်လ်အိဒ်က နိုင်ငံပိုင်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် အာရမ်ကို ပြောကြားခဲ့သည်။

ရွေးကောက်ပွဲ မဲဆွယ်စဉ်အခါက သတင်းလွတ်လပ်ခွင့်ပေးမည်ဟု မော်စီက ကတိပြုခဲ့ပြီး ၎င်း၏သမ္မတသက်တမ်းအတွင်း မည်သူတစ်ဦးတစ်ယောက်၏ ရေးသားခွင့်နှင့် သဘောထားအယူ အဆတို့ကိုမျှ တားမြစ်ပိတ်ပင်မည် မဟုတ်ဟုလည်း ကတိပေးခဲ့သည်။ သို့သော်လည်း မကြာသေးမီလများအတွင်းက တရားစွဲဆိုမှုများတိုးပွားလာသည်။

ထောင်ကျခဲ့ဖူးသော မော်စီက စိတ်ရောဂါခံစားနေရသူ တစ်ဦးဖြစ်ကြောင်း ပြောဆိုခဲ့ခြင်းကြောင့် သမ္မတကို စော်ကားမှုဖြင့် ဝါရင့်သတင်းထောက်တစ်ဦးလည်းဖြစ် ရုပ်/သံ အစီအစဉ်မှူးတစ်ဦးလည်းဖြစ်သူ မာမွတ်ဆာအိဒ်နှင့် ၎င်း၏ဧည့်သည် စိတ်ပညာရှင်မာနယ်လ်အိုမာတို့ တရားစွဲဆိုခံခဲ့ရသည်။

အီဂျစ်နိုင်ငံတွင် သတင်းလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး မည်သည့်ကန့်သတ်ချုပ်ချယ်မှုမျိုးကိုမဆို အမေရိကန်ပြည်ထောင်စုက ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်းနှင့် သတင်းလွတ်လပ်ခွင့်ကို အလေးထားရန် အီဂျစ်အစိုးရကို ဆက်လက်တိုက်တွန်းသွားမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်တိုးရီးယားနျူလန်က မကြာသေးမီကပြုလုပ်သည့် အစည်းအဝေးတစ်ခုတွင် သတင်းထောက်များအားပြောကြားခဲ့သည်။

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။ ■

အီဂျစ်သမ္မတ မိုဟာမက် မော်စီ။ ဓာတ်ပုံ - အေအက်ဖ်ပီ

ပုံနှိပ်စက်များရောင်းမည်

1. Fuji 65 One Unit 1981
2. Fuji 65 One Unit 1984
3. Excell 32 Two Unit 1986
4. ဓားစက် (43'') Saito (Japan) Model - HC-102

ဆက်သွယ်ရန် – ဦးငွေမောင်
09- 730 53353
01- 392928, 392905

'ကန်'ဆယ်ကျော်သက် လူငါးဦးပစ်သတ်

ဝါရှင်တန်– အမေရိကန် အနောက်တောင်ပိုင်းပြည်နယ် နယူးမက္ကဆီကိုတွင် ကလေးသုံးဦးအပါအဝင် လူငါးဦးအား ထိုးစစ်သုံးမောင်းပြန်ရိုင်ဖယ်ဖြင့် ပစ်သတ်မှုဖြင့် ဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦးအား ဇန်နဝါရီလ ၂၀ ရက်က ဖမ်းဆီးထားသည်။

ဇန်နဝါရီလ ၁၉ ရက် ညပိုင်းက အယ်လ်ဘူကတ် စခန်းတစ်ခုသို့ မိမိတို့ရောက်ရှိစဉ် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် မူလတန်း၊ အလယ်တန်းကျောင်းသားအရွယ် မိန်းကလေးနှစ်ဦး၊ ယောကျ်ားကလေးတစ်ဦးတို့ကို တွေ့ခဲ့ရကြောင်း ရဲတပ်ဖွဲ့ဝင်တို့ကဆိုသည်။

ဘာနာလီလိုခရိုင် ရဲမှူးရုံးမှ ပြောခွင့်ရပုဂ္ဂိုလ် အာရွန်ဝီလျံဆန်၏ အေအက်ဖ်ပီသို့ပြောပြချက်အရ ရုပ်အလောင်းများကိုတွေ့ရှိသည့်နေရာတွင် တွေ့ရသည့် လက်နက်အမျိုးမျိုးထဲ၌ ပစ်သတ်ရာတွင်အသုံးပြုခဲ့ဟန်တူသော ထိုးစစ်သုံးမောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်ကိုတွေ့ခဲ့သည်။လူသတ်မှုနှစ်မှု၊ ကလေးများသေသည်အထိ နှိပ်စက်ညှဉ်းပန်းမှု သုံးမှုဖြင့် အသက် ၁၇ နှစ်နှင့် ၁၉ နှစ် အရွယ် လူငယ်တစ်ဦးအား မိမိတို့ ဖမ်းဆီးထားသည်ဟုလည်းဆိုသည်။

ရဲက ထိန်းသိမ်းထားသူနှင့် သေဆုံးသူများ၏ အသက်နှင့် ပုံပန်းသဏ္ဌာန်ကို သက်ဆိုင်ရာက ထုတ်ဖော်ကြေညာခြင်းမပြုပေ။ ယခုသတ်ဖြတ်မှုမှာ ယခင်နှစ်ဒီဇင်ဘာလက ကွန်နက်တီးကပ်ပြည်နယ် နယူးတောင်းမြို့ ကျောင်းတစ်ကျောင်းအတွင်း ပစ်ခတ်မှုနှင့်ပတ်သက်၍ အမေရိကန်သမ္မတ အိုဘားမား၏ သေနတ်အကြမ်းဖက်မှု ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကြေညာပြီးနောက် ရက်ပိုင်းအကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆောင်ရွက်မည့် ကန့်သတ်ချက်များတွင် ထိုးစစ်သုံးမောင်းပြန်ရိုင်ဖယ် အသုံးပြုမှု ပိတ်ပင်ရန်နှင့် သေနတ်ဝယ်ယူသူများလက်သို့ သေနတ်များရောက်ရှိသွားစေနိုင်သည့် စည်းကမ်းဥပဒေများကို ပယ်ဖျက်ရန်တို့ပါဝင်သည်။

ကွန်နက်တီကပ်ကျောင်း အရေးအခင်းကြောင့် သေနတ်ထိန်းချုပ်ရေး ဦးဆောင်လှုပ်ရှားမှုများ ကျယ်ပြန့်ခဲ့သော်လည်း လွှတ်တော်တွင် အတိုက်အခံပါတီမှ တင်ပြလာသည့် လက်နက်ကိုင်ဆောင်ခွင့် ကန့်သတ်ချက်သစ်များကို စဉ်းစားရဖွယ်ရှိနေသည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■

FOCUS
COTTO
THANK YOU PARTY
THE 2nd STEP TO
Share the World...Pleasure
COTTO
Share the World...Pleasure
8th January 2013
SEDONA HOTEL
YANGON
MYANMAR

THE MYANMAR TIMES
သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင်
www.mmtimes.com
အတွဲ ၃၁၊ အမှတ် ၆၀၅ (၂၅ - ၃၁၊ ၁၊ ၂၀၁၃)

သမ္မတအိုဘားမား ဒုတိယသက်တမ်း ကျမ်းသစ္စာကျိန်ဆို

ဝါရှင်တန်– သမ္မတ ဘာရက်အိုဘားမားသည် အမေရိကန်ပြည်ထောင်စု၏ သမ္မတအဖြစ် ဒုတိယအကြိမ်မြောက် သမ္မတ သက်တမ်း တာဝန်ထမ်းဆောင်ရန် တရားဝင် ကျမ်းသစ္စာကျိန်ဆိုပွဲကို ဝါရှင်တန်ဒီစီတွင် ဇန်နဝါရီလ ၂၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ သမ္မတက ၎င်း၏မိန့်ခွန်းတွင် သူ၏ရန်သူ ရီပတ်ဘလီကန်များအား အကြွင်းမဲ့အာဏာပိုင်စိုးရေး မူဝါဒဖြင့် ရာသီဥတုပြောင်းလဲမှုပြဿနာ၊ လူဝင်မှုကြီးကြပ်ရေးပြဿနာနှင့် သေနတ်ကိုင်ဆောင်ခွင့် ထိန်းချုပ်မှုပြဿနာတို့နှင့် ပတ်သက်၍ ကိုင်တွယ်လုပ်ဆောင်မှု နှောင့်နှေးအောင် မလုပ်ဆောင်ကြပါရန် သတိပေးလိုက်သည်။

ဝါရှင်တန်မြို့ ကက်ပီတောလ် အဆောက်အအုံကြီးရှေ့ရှိ ခန့်မှန်းခြေ ပရိသတ် တစ်သန်းခန့်ရှေ့တွင် မိန့်ခွန်းပြောကြားရာ၌ “ဒီနိုင်ငံမှာ လွတ်လပ်မှုနဲ့ ပျော်ရွှင်ချမ်းမြေ့မှုဟာ ကံကောင်းသူ လူတစ်စုအတွက် သီးသန့်ထားတယ်လို့ ကျွန်တော်တို့မယုံကြည်ပါဘူး။ ကျွန်တော်တို့ဟာ နှောင့်နှေးမနေဘဲ အဆုံးအဖြတ်ပေးဖို့ အချိန်ရောက်လာပါပြီ။ အကြွင်းမဲ့အာဏာပိုင်စိုးရေးဝါဒကို အခြေခံသဘောတရားတွေလို့ ထင်မှတ်မှားလို့ မဖြစ်ပါဘူး။ နိုင်ငံရေးကို လူမြင်ကောင်းအောင်လုပ်တဲ့ ပွဲလမ်းသဘင် အခမ်းအနားနဲ့ အစားထိုးလို့မရပါဘူး။ အမနာပ အပုပ်ချဆဲရေးနေတာကို ကျိုးကြောင်းပြ ဆွေးနွေးငြင်းခုံမှုလို့ မယူဆနိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုတွေဟာ ပြီးပြည့်စုံ ကောင်းမွန်မှာ မဟုတ်မှန်းသိသိနဲ့ပဲ လက်တွေ့လုပ်ဆောင်နေကြရတော့မှာ ဖြစ်ပါတယ်”ဟု အိုဘားမားကပြောသည်။

အမေရိကန်၏ ၄၄ ယောက်မြောက် သမ္မတဖြစ်ပြီး ပထမဆုံး လူမည်းသမ္မတဖြစ်သော အိုဘားမားက ကျမ်းသစ္စာကျိန်ဆိုရာတွင် ခရစ်ယာန်သမ္မာကျမ်းစာအုပ်ဟောင်း နှစ်အုပ်ပေါ်တွင် လက်ကိုတင်၍ ကျိန်ဆိုခဲ့ရာ၌ သမ္မာကျမ်းစာတစ်အုပ်မှာ အမေရိကန်တွင် ကျွန်စနစ်ကို အဆုံးသတ်ပေးခဲ့သော သမ္မတဟောင်း အေဗရာဟင် လင်ကွန်း တစ်ခါကပိုင်ဆိုင်ခဲ့သော ကျမ်းစာအုပ်ဖြစ်ပြီး နောက်တစ်အုပ်မှာ လူ့အခွင့်အရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့သူ မာတင်လူသာကင်း (ဂျူနီယာ) ၏ ကျမ်းစာအုပ်ဖြစ်သည်။

သမ္မာကျမ်းစာအုပ်ပေါ် လက်ကိုတင်၍ကျမ်းကျိန်နေသော သမ္မတအိုဘားမား။

ယခု အိုဘားမား ကျမ်းသစ္စာကျိန်ဆိုသောနေ့မှာ မာတင်လူသာကင်း၏ မွေးနေ့ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသောနေ့ဖြစ်သည်။

“ကျွန်တော်တို့ဟာ တခြားနိုင်ငံတွေနဲ့ မတူကွဲလွဲချက်တွေကို ငြိမ်းချမ်းသောနည်းနဲ့ ဖြေရှင်းဖို့ကြိုးစားရဲတဲ့ သတ္တိကို ပြသရမှာဖြစ်ပါတယ်။ ဒါဟာ ရင်ဆိုင်နေရတဲ့ အန္တရာယ်ကို မမြင်နိုင်အောင် ရိုးအနေလို့မဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဟာ သံသယတွေနဲ့ စိုးရိမ်ကြောက်ရွံ့မှုတွေကို ရေရှည်ဖယ်ရှားပေးနိုင်လို့ဖြစ်ပါတယ်”

“အင်အားကြီးမားတဲ့ နိုင်ငံတစ်နိုင်ငံဟာ အားသေးပြီး ချည့်နဲ့တဲ့နိုင်ငံနဲ့ သူ့လူတွေကို ဘဝရဲ့ အဆိုးရွားဆုံးအန္တရာယ်တွေ၊ ကံမကောင်းအကြောင်းမလှမှုတွေကနေပြီး အကာအကွယ်ပေးဖို့ ဆုံးဖြတ်ထားပါတယ်”

“အမေရိကန်ဟာ အင်အားချည့်နဲ့သူတွေ၊ ဆင်းရဲနွမ်းပါးသူတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကင်းမဲ့နေသူတွေကို အကာအကွယ်ပေးရပါမယ်။ လူမျိုးနွယ်အားလုံး သာတူညီမျှရေး၊ လိင်တူဆက်ဆံသူများရဲ့ အခွင့်အရေးနဲ့ ကလေးများကို သေနတ်နဲ့ကျူးလွန်တဲ့ ရာဇဝတ်မှုတွေမှ ဘေးကင်းလုံခြုံရေးကို လုပ်ဆောင်ပေးရပါမယ်”

“အမေရိကန်ကို ဘဝအခွင့်အလမ်းကောင်းတွေရှိတဲ့မြေလို့ ယုံကြည်ပြီး ပြောင်းရွှေ့နေထိုင်လိုကြတဲ့ သူတွေကို လက်ခံကြိုဆိုနိုင်ဖို့ ပိုမိုကောင်းမွန်တဲ့ နည်းလမ်းတွေကို ရှာဖွေကြရပါမယ်”ဟု နက်နက်ရှိုင်းရှိုင်း အငြင်းပွားဖွယ် လူဝင်မှုကြီးကြပ်ရေး ပေါ်လစီကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

“ဒက်ထရွိုက်ရဲ့ လမ်းမတွေပေါ်မှာ အပလချီးယန်းတောင်ကုန်း ဒေသတွေမှာ၊ နယူးတောင်းမြို့ရဲ့ တိတ်ဆိတ်တဲ့ လမ်းကြားလေးတွေမှာ ကျွန်တော်တို့ရဲ့ ချစ်ခင်ဖွယ်ကလေးငယ်တွေဟာ သေနတ်ကိုင် အကြမ်းဖက်အန္တရာယ်တွေက ကင်းဝေးအောင် မလုပ်ဆောင်နိုင်မချင်း ကျွန်တော်တို့ရဲ့ခရီးဟာ မပြီးဆုံးသေးပါဘူး”

ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ရီပတ်ဘလီကန်အချို့ အဆိုးမြင်ဝါဒရှိနေကြပြီး နိုင်ငံရေးနှင့် စီးပွားရေး အတားအဆီးများ ရှိနေသော်ငြားလည်း ကမ္ဘာကြီးပူနွေးလာမှု အန္တရာယ်ကို ရင်ဆိုင်ကိုင်တွယ်ရန် သမ္မတ အိုဘားမား ကတိပြုထားသည်။

သမ္မတ၏ ညီညွတ်ကြရေးအဆိုကို သူ၏ပြိုင်ဖက် ရီပတ်ဘလီကန်တွေကလည်း ကြိုဆိုကြသည်။

“သမ္မတရဲ့ ဒုတိယသက်တမ်းဟာ ကျွန်တော်တို့ ယနေ့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုကြီးတွေကို ကိုင်တွယ်ဖို့ အထူးသဖြင့် ပြည်ထောင်စု အသုံးစရိတ်နဲ့ ကြွေးမြီကိစ္စတွေကိုင်တွယ်ဖို့ အသစ်က ပြန်စကြရမှာပါပဲ”ဟု ဆီးနိတ်လွှတ်တော် ရီပတ်ဘလီကန် လူနည်းစုခေါင်းဆောင် မစ်ချ်မက်ကော်နဲလ်က ပြောသည်။

နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခဲ့သူ ရီပတ်ဘလီကန် ဒုတိယသမ္မတလောင်း ပေါလ်ရိုင်ယင်ကလည်း သမ္မတ အိုဘားမားကို ချီးမွမ်းစကားပြောကြားရင်း “ကျွန်တော်တို့ဟာ တစ်နိုင်ငံတည်းကို အလုပ်အကျွေးပြု နေကြတာပဲ။ ဒီနိုင်ငံက ပြင်ဆင်ဖို့ လိုအပ်နေဆဲနိုင်ငံလေ”ဟု ပြောကြားသည်။

၂၀၀၈ ခုနှစ်က သမ္မတရွေးပွဲတွင် အိုဘားမားကို ရှုံးသွားသူ ရီပတ်ဘလီကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက “အထူးကောင်းမွန်တဲ့ မိန့်ခွန်းတစ်ခုပါ။ တင်ပြပုံအထူးကောင်းမွန်တာ ထင်ရှားပါတယ်။ ကျေရာကျေကြောင်း မှတ်ချက်စကားတွေလည်း ကျွန်တော်တစ်ခုမှ မကြားမိပါဘူး”

မိန့်ခွန်းပြောကြားအပြီး သမ္မတအိုဘားမားသည် အိမ်ဖြူတော်သို့မပြန်မီ ကွန်ဂရက်လွှတ်တော်မှ အရေးကြီးပုဂ္ဂိုလ်များနှင့် ပုစွန်တုပ်ဟင်း၊ အမေရိကန်ပြောင်ရိုင်းသားဟင်းများဖြင့် အထူးညစာကို သုံးဆောင်ခဲ့သည်။

ညစာစားအပြီးတွင် အိမ်ဖြူတော်သို့ သမ္မတသစ် အခမ်းအနားလမ်းတစ်လျှောက်အတိုင်း ပြန်လည်ထွက်ခွာသည့် စစ်တီးဝိုင်းဘင်ခရာအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့များ၊ စစ်တပ်စုအဖွဲ့များ ချီတက်သွားသည်ကို ကျည်မဖောက်နိုင်သည့် ဗိုလ်ရှုခံနေရာမှကြည့်ရှုရင်း သမ္မတအိုဘားမား၊ ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်နှင့် အခြား ဂုဏ်သရေရှိပုဂ္ဂိုလ်များက လက်ခုပ်သြဘာပေးခဲ့ကြသည်။

(အေအက်ဖ်ပီ)

ကိုကို ဘာသာပြန်သည်။ ■

THE MYANMAR TIMES

Mandalay

■ ပြည်တွင်း

သောကြာနေ့၊ ဇန်နဝါရီ ၁၈ – ၂၄၊ ၂၀၁၃

ကချင်ပြည်နယ် တာလောကြီးတွင် ပြည်သူ့စစ်သင်တန်း ထပ်မံပေးဦးမည်

ခင်ဆုဝေ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မိုင် ၂၀ ခန့်အကွာ ဧရာဝတီမြစ်ကမ်းဘေးရှိ တာလောကြီးရွာတွင် အခြေအနေပေးပါက ပြည်သူ့စစ်သင်တန်း ထပ်မံပေးဦးမည်ဖြစ်ကြောင်း အဆိုပါရွာရှိ ပြည်သူ့စစ်နာယက ဦးဆန်းဝင်းက ပြောသည်။

ယခုနှစ်ဇန်နဝါရီလတွင် ပြည်သူ့စစ်သင်တန်းကို ဒုတိယအကြိမ်မြောက် ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပထမအကြိမ်ကို ယမန်နှစ်မေလတွင် စတင်ခဲ့ပြီး လက်နက်နှင့်ငြိမ်းချမ်းရေးယူပြီး ပြန်လာသည့်လူငယ်များဖြင့် ပြည်သူ့စစ်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"အနီးအနားက ရွာလေးရွာလည်း သင်တန်းပေးကြပါတယ်။ ဒီသင်တန်းတွေက ရပ်ရွာကာကွယ်ဖို့အတွက်ပဲ ရည်ရွယ်တာ။ ရှမ်းလူမျိုးတွေ အေးအေးဆေးဆေး လုပ်ကိုင်စားသောက်နိုင်အောင် ဆောင်ရွက်ဖို့ပဲရည်ရွယ်ခဲ့တာပါ" ဟု ဦးဆန်းဝေက ဆိုသည်။

တာလောကြီးတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပြီး ယခုအချိန်၌ စိုက်ပျိုးရေးနှင့် လုံခြုံရေးကို အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်နေကြကြောင်း ၎င်းက ဆိုသည်။

"လူအင်အား ၂၅၀ လောက်ရှိပါတယ်။ ဒီနှစ်ဆန်းလောက်က ဖွဲ့ထားခဲ့တာပါ။ ဒီလိုမျိုး ကိုယ့်ရပ်ရွာကလူငယ်တွေနဲ့ ပြည်သူ့စစ်ဖွဲ့ထားတဲ့ ရွာတွေက ရှမ်း၊ ဗမာရွာတွေပဲ ဖွဲ့ကြတာပါ။ အခုဆိုရင် လက်နက်ကိုင်တွေ ကျွန်တော်တို့ကို မထိရဲဘူး။ အရင်တုန်းက ကျွန်တော်တို့ရွာကို နောက်ခံထားပြီး လက်နက်ကိုင်တပ်ဖွဲ့ စစ်တပ်နဲ့စစ်ဖြစ်ကျတော့ ကျွန်တော်တို့ ရွာနာပါတယ်"ဟု ဧရာဝတီမြစ်ကမ်းဘေးမှ ရှမ်းရွာတစ်ရွာမှ အမည်မဖော်လိုသူတစ်ဦးက ပြောသည်။

ကချင်ပြည်နယ်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး ခရိုင်လေးခု၊ မြို့နယ် ၁၈ ခု၊ မြို့နယ်ခွဲ ၁၁ ခုဖြင့် ဖွဲ့စည်းထားကာ လူဦးရေ ၁၆ သိန်း ကျော်ရှိသည့်အနက် ကချင်တိုင်းရင်းသား ငါးသိန်းကျော်၊ ဗမာ လေးသိန်းကျော်၊ ရှမ်း သုံးသိန်းကျော်နှင့် အခြားတိုင်းရင်းသား လူမျိုးသုံးသိန်းကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။ ■

လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ပြီး ပြန်လာသည့်လူငယ်များကို ပြည်သူ့စစ် သင်တန်း ပေးနေစဉ်။ ဓာတ်ပုံ - ခင်ဆုဝေ

မန္တလေးကွန်ဗင်းရှင်းစင်တာတည်ဆောက်တော့မည်

နိုင်ငံတကာအဆင့်မီ ဆွေးနွေးပွဲများ လက်ခံ ကျင်းပသွားနိုင်ရေးအတွက် မန္တလေးမြို့ သိပ္ပံလမ်းတောင်ဘက် မြို့သစ် (၁) တွင် ကွန်ဗင်းရှင်းစင်တာ တည်ဆောက်သွားမည်ဖြစ်သည်။

ကွန်ဗင်းရှင်းစင်တာ၌ နိုင်ငံတကာအဆင့်မီ လူဦးရေ ၁,၅၀၀ ဆံ့ အခမ်းအနားကျင်းပရာ ခန်းမကျယ်တစ်ဆောင်၊ အခမ်းအနားကျင်းပမည့် စင်မြင့်၊ ဆလိုက်နှင့် ပရိုဂျက်တာများ၊ စကားပြောစင်များနှင့် အစည်းအဝေးပွဲများ တစ်ပြိုင်တည်း ကျင်းပနိုင်စေရန် အစည်းအဝေးခန်းမ ခြောက်ခုအပြင် အခြားစီမံလန်းဧရိယာနှင့် ကားအစင်း ၂၀၀ ထားနိုင်မည့်နေရာများစီစဉ်ထားသည်။

"အခု မြို့တော်ခန်းမက ဈေးရောင်းပွဲတော်တွေအတွက် အသုံးပြုခွင့်ပေးထားတာများလာတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့်မီ အစည်းအဝေးတွေကို သီးသန့်လုပ်နိုင်ဖို့အတွက် Convention Center တည်ဆောက်ဖို့ရှိပါတယ်"ဟု ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလအတွင်းက မီဒီယာများနှင့်တွေ့ဆုံစဉ် မြို့တော်ဝန် ဦးအောင်မောင်းက ပြောခဲ့သည်။

စင်တာတည်ဆောက်တော့မည့် မြေနေရာအကျယ်အဝန်းမှာ ၂ ဒသမ ၃၈ ဧက ရှိသည်။ **စည်သူလွင်** ■

မြို့တွင်းကုန်တင်ကားဂိတ်များ ပြည်ကြီးမဂ်လာစခန်းသို့ ဖေဖော်ဝါရီလ ၁၅ ရက် နောက်ဆုံးထား ရွှေ့ပြောင်းရမည်

သန့်နိုင်စိုး

မန္တလေးမြို့တွင်းရှိ ကုန်တင်ကားဂိတ်များသည် ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းသို့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထား ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းက ပြောကြားသည်။

"ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်ရပ်နားစခန်းအနေနဲ့လည်း လိုအပ်သမျှ ပြည့်ပြည့်စုံစုံဖြစ်စေရေးအတွက် ရေ၊ မီးကအစ၊ လမ်းအရည်အသွေးကအစ အားလုံးပြည့်စုံအောင် ကော်မတီအနေနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဒီအခြေအနေထိအောင် ကြာလာခဲ့တာဖြစ်ပါတယ်။

"ရှေးဦးစွာ ကျွန်တော်စတင်ပြီးတော့ လက်ခံရယူစဉ်ကအတိုင်း ချက်ချင်း ရွှေ့ရွှေ့ဆိုပြီးတော့ လုပ်လိုက်လို့ရှိရင် တခြားအဆင်မပြေမှုတွေ အများကြီးဖြစ်လာနိုင်တယ်ဆိုတာ မြင်ထားပြီး ကော်မတီဝင်တွေနဲ့ ဆွေးနွေးတိုင်ပင်ပြီးတော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင်တော့ အခန်းတွေလည်း ပြည့်စုံပြီ။ နေရာတွေလည်း ပြည့်စုံပြီ။ ဂိုဒေါင်တွေကလည်း အဆင်သင့် ဖြစ်နေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်ရပ်နားစခန်းကို ကုန်တင်ဂိတ်တွေက လာမဲ့ ဖေဖော်ဝါရီလ ၅ ရက်ကနေ ၁၅ ရက်အတွင်း၊ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ရွှေ့ရပါမယ်"ဟု မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်ရပ်နားစခန်းတွင် ၂၅ ပေ၊ ပေ ၆၀ရှိ အာရ်စီနှစ်ထပ်ကွန်ကရစ် အခန်းပေါင်း ၁၅၀ ကိုစတင်ဆောက်လုပ်ခဲ့ကြောင်း၊ ဂိတ်ခန်းတစ်ခန်းလျှင် ကျပ်သိန်း ၁,၃၅၀ ဖြင့်ရောင်းချပြီး ကျပ်ခုနစ်သိန်းဖြင့် ငှားရမ်းခွင့်ပြုခဲ့ကြောင်း၊ အဆိုပါ ကုန်တင်ဂိတ်ခန်း ၁၅၀ အနက် ၁၂ ခန်းကိုသာ ကုန်တင်ဂိတ်များက ဝယ်ယူခဲ့ကြောင်း၊ ကျန်ဂိတ်ခန်းများကို ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကသာ ဝယ်ယူခဲ့သည်ကို တွေ့ရကြောင်း မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။

"ပထမတည်ဆောက်ခဲ့တဲ့ ကုန်တင်ခန်းတွေရဲ့တန်ဖိုးဟာများတယ်။ တန်ဖိုးနည်းကုန်ဂိတ်တွေ တည်ဆောက်ဖို့တင်ပြလာတာရယ်၊ ကုန်တင်ဂိတ်တွေကလည်း လက်ရှိအခန်းနဲ့ မလုံလောက်တာရယ်ကြောင့် ကော်မတီအနေနဲ့ ပြည်ကြီးမဂ်လာ ယာဉ်ရပ်နားစခန်းမှာ ကုန်တင်ဂိတ်ခန်းပေါင်း ၁၃၉ ခန်း ထပ်မံဆောက်လုပ်ခဲ့ပါတယ်။ အခုထပ်မံဆောက်ခဲ့တဲ့ကုန်တင်ဂိတ်ခန်း ၁၃၉ ခန်းကို တစ်ခန်း ကျပ်သိန်း ၇၀၀ နဲ့ ရောင်းချသွားမှာဖြစ်ပါတယ်။ ငှားရမ်းလိုရင်လည်း တစ်ခန်းကို ကျပ်သုံးသိန်းနဲ့ ငှားရမ်းမှာဖြစ်ပါတယ်။ ကျွန်တော် တို့ စတင်ဆောက်လုပ်ကတည်းက တန်ဖိုးနည်းအနေနဲ့ ဆောက်လုပ်ခဲ့တဲ့အတွက်ကြောင့်မို့ လက်ရှိသတ်မှတ်ထားတဲ့ ကုန်ဂိတ်ခန်းတန်ဖိုးတွေကို ဈေးနှုန်းလျှော့ချပေးလို့မရပါဘူး"ဟု မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှူးဦးအောင်စိုးကလည်း "ဒီကုန်ဂိတ်ခန်းတွေကို အမှန်တကယ်လုပ်မယ့်လုပ်ငန်းရှင်တွေကိုပဲ ရောင်းချခြင်း၊ ငှားရမ်းခြင်းပြုသွားမှာဖြစ်ပါတယ်။ ဒီကုန်ဂိတ်ခန်းတွေမှာ တခြားဘယ်လုပ်ငန်းကိုမှ လုပ်ကိုင်ခွင့်ပြုမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကုန်ဂိတ်လုပ်ငန်းရှင်တွေအနေနဲ့ သတ်မှတ်ကာလအတွင်း ရွှေ့ပြောင်းနိုင်ရေးအတွက် အခွန်ဌာနကို ဆက်သွယ်ပြီးတော့ အမှန်တကယ်လုပ်လိုသူတွေ အဆောက်အအုံဌာနကို ငွေသွင်းပြီးတော့ အခန်းရောင်းချခြင်း၊ ငှားရမ်းခြင်းတွေ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဇန်နဝါရီလ ၁၇ ရက်နေ့က ပြုလုပ်သော ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်ရပ်နားစခန်းသို့ ကုန်တင်ဂိတ်များ ပြောင်းရွှေ့ဖွင့်လှစ်ရန်နှင့် ကုန်တင်ဂိတ်များ ဝယ်ယူငှားရမ်းရေးတွေ့ဆုံဆွေးနွေးပွဲတွင် ပြောသည်။

မန္တလေးမြို့တွင်းမှ ကုန်တင်ဂိတ်များသည် ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းသို့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့နောက်ဆုံးထားပြောင်းရွှေ့ရန်ညွှန်ကြားထားသော်လည်း ပြောင်းရွှေ့မည်မဟုတ်ကြောင်း မန္တလေးတိုင်းဒေသကြီးအဝေးပြေးကုန်စည်ပို့ဆောင်ရေးနှင့်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ပြောသည်။

"တန်ဖိုးနည်းဆိုင်ခန်းဆိုပြီးတော့ သူတို့ပြောတယ်။ ပေ ၂၀နဲ့ ပေ ၄၀ ခန်းကို စည်ပင်က စာရင်တင်ခိုင်းတုန်းက တစ်ခန်းကိုကျပ်သိန်း ၂၅၀ နဲ့ ၃၀၀ ကြား တင်ထားတယ်။ သူတို့က တစ်ခန်းကို ကျပ်သိန်း ၇၀၀ လို့ပြောတယ်။ ဒါက ရောင်းမှာဝယ်မှာ။ ငှားမယ့်အပိုင်းကလည်း တစ်လကို တစ်သိန်းခွဲတင်ထားတယ်။ သူတို့က သုံးသိန်းပြောတယ်။ အဲဒီတော့ ဘယ်လိုမှအဆင်မပြေနိုင်ဘူး။ အန်ကယ်တို့ လိုချင်တဲ့နှုန်းထားမရရင် မပြောင်းဘူး။ ကိုယ့်နေရာမှာပဲ ကိုယ်နေမယ်"ဟု ၎င်းက ပြောသည်။

"ရန်ကုန်က တန်ဖိုးနည်းစီမံကိန်းတစ်ခုမှာ ကျပ်သိန်းနှစ်ရာနဲ့ ရောင်းတာကို ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေနဲ့ ပြည်သူတွေက လက်မခံပါဘူး။ သိန်းနှစ်ရာက တန်ဖိုးနည်းမဟုတ်ပါဘူးဆိုပြီး ငြင်းတယ်။

"ဒီလိုဖြစ်နေတဲ့အချိန်မှာ ကျပ် သိန်း ၇၀၀ ကိုတန်ဖိုးနည်းလို့ပြောလို့ရမလား။ ကျွန်တော်တို့ အသင်းအနေနဲ့လည်း ငှားဖို့ကို ဦးမတည်ဘူး။ သူတို့က ကားကြီးကွင်းထဲက ဂိတ်တွေမရှိပြီးရောဆိုပြီး တောင်းတဲ့ဈေးနဲ့ ပြောင်းပေးလိုက်မယ်။ ဟိုရောက်ပြီး တစ်နှစ်ပြည့်ပြီးမှ နှစ်သိန်း၊ သုံးသိန်းပြောမယ်။ မငှားတော့ဘူး။ ဝယ်မှဖြစ်မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ။ ငှားမယ်ဆိုရင်လည်း နှစ်ရှည်ငှားမှ ငှားနိုင်မယ်။ အဓိကက ဝယ်ဖို့ပဲဦးတည်တယ်။ ဝယ်တာလည်း အရစ်ကျနဲ့မှ ဝယ်နိုင်မယ်"ဟု တွဲဖက်အ တွင်းရေးမှူး(၁) ဦးအောင်ဇော်ညိုက ပြောသည်။

ပြည်ကြီး မဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းသည် မန္တလေးမြို့တွင်းရှိ ကုန်တင်ကားဂိတ်များနှင့် ညှိနှိုင်းခြင်းမရှိဘဲ တစ်ဖက်သတ်ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ပြောသည်။

"အန်ကယ်တို့အသံကို နားမထောင်ဘဲနဲ့ တစ်ဖက်သတ်ရေးဆွဲထားတဲ့ စီမံကိန်းကို လက်မခံနိုင်ပါဘူး။ ပြည်သူကို ဘာမှအသိမပေးဘဲ သူတို့ဘာသာသူတို့ စီမံကိန်းတွေ ရေးဆွဲတယ်။ သူတို့ဘာသာ သူတို့ ပြောင်းရွှေ့ရက်ကို သတ်မှတ်တယ်။ အဲဒါကို အန်ကယ်တို့က ဘယ်လိုလက်ခံရမှာလဲ"ဟု ဦးခင်မောင်ဌေးက ပြောကြားသည်။

"အခုဟာက ဂိတ်လုပ်ငန်းရှင်တွေကို ခိုင်းသလိုဖြစ်နေတယ်။ ဒီချမ်းမြရွှေပြည်ကားကြီးကွင်းတည်တုန်းကလည်း တောကြီး။ ဒီကားကြီးကွင်းတည်လိုက်တော့ အိမ်ခြံမြေဈေးတွေ တက်လာတယ်။ စည်ကားလာတော့ ကြပ်တယ်ဆိုပြီး ဖယ်ခိုင်းပြန်ရော။ အခုပြောင်းလည်း ကြပ်ဦးမှာပဲ။ လုပ်စားသလိုဖြစ်နေတယ်"ဟု ဒုတိယဥက္ကဋ္ဌဦးဝင်းမြင့်က ပြောသည်။ ■

အင်းလေးကန်၌ ဓာတုဆေးဝါးလျှော့ချ၍ သီးနှံများစိုက်မည်

ခင်ဆုဝေ

ယခုနှစ် ၂၀၁၃ ဖေဖော်ဝါရီလတွင် အင်းလေးရှိကျွန်းပေါင် ၆၅ ပေါင်၌ ဓာတုဆေးဝါးလျှော့ချသည့် စိုက်ပျိုးခင်းများ ပျိုးထောင်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း အင်းလေးအထူးဖွံ့ဖြိုးရေး အဖွဲ့ခေါင်းဆောင် ကိုရေအေးက ပြောသည်။

"အော်ဂဲနစ်တော့ မဟုတ်ဘူး။ GAP ဆိုတဲ့ Good Agriculture Practices ပေ့ါ။ GAP ကို ကျွန်တော်တို့ ကြိုးပမ်းပုံဖော်နေပါတယ်။ လာမယ့်ဖေဖော်ဝါရီလမှာ စလုပ်မှာပါ။ အဆင်ပြေပါတယ်။ ခက်တာက ကျွန်တော်တို့ဆီမှာ Market မရှိဘူး။ ဒီက စားသုံးသူတွေကလည်း အော်ဂဲနစ်ဆိုတာလည်း မသိဘူး။ နားလည်မလည်ဘူး။ စိတ်လည်း မဝင်စားဘူး။ ဈေးနှုန်းတစ်ခုတည်းပဲကြည့်တယ်။ ဈေးသက်သာရင် ဝယ်စားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆီမှာ နိုင်ငံခြားသားအလာများတဲ့အတွက် ဈေးကွက်ကို နိုင်ငံခြားထိုးဖောက်မယ်ပေ့ါဗျာ။ အဲလိုလုပ်မယ် စဉ်းစားထားပါတယ်" ဟု ၎င်းက ဆိုသည်။

အော်ဂဲနစ်သီးနှံများ ဈေးကွက်ထိုးဖောက်ရန် မလွယ်ကြောင်း၊ ဂျီပီအေသီးနှံများပင်လျှင် မလွယ်လှကြောင်း ကိုရေအေးက ဆက်လက်ပြောပြသည်။

"ဒီမှာက mindset ပြောင်းဖို့ အရမ်းခဲယဉ်းတယ်။ ထိုင်းမှာဆိုရင် သူတို့ဘုရင်ကြီးက ဒီပန်းမျိုးလာကြည့်တယ်။ ဝယ်စားတယ်။ လုပ်ပြလိုက်တယ်ဆိုရင် အဲဒီအတိုင်း ချက်ချင်းလိုက်လုပ်ကြတယ်။ သူတို့ရဲ့ attitude က ပြောင်းရတာ အရမ်းလွယ်တယ်။ အကုန်လုံး အဲဒါပဲ လိုက်လုပ်ကြတာ။ ဒီမှာကျတော့ မလွယ်ဘူး။ ဝန်ကြီးက ဒါလုပ်ဆိုပေမယ့် ဘယ်သူမှ လိုက်မလုပ်ဘူး။ မြန်မာလူမျိုးတွေက အရမ်းခက်တယ်။ ကျွန်တော်တို့ကြိုးစားကြည့်တယ်။ မရဘူး၊ ခိုးထည့်တာပဲ။ အော်ဂဲနစ်ပါ၊ အော်ဂဲနစ် မဟုတ်ပါဘူးလို့ certificate ပေးတဲ့ အဖွဲ့အစည်းလည်း မရှိဘူး။ အော်ဂဲနစ်မပြောနဲ့ GAP အဖြစ် အသိအမှတ်ပြုပေးတာတောင် မရှိဘူး။ ဝန်ကြီးကိုယ်တိုင်က ပုလဲသွယ်ကို focus ထားထားတယ်။ တခြားဥစ္စာတွေကို မလုပ်ပေးနိုင်ဘူး ဖြစ်နေတယ်။ တော်တော်လေးလည်း မလွယ်ဘူး။ ထိုင်း GAP ၊ ဂလိုဘယ် GAP ၊ အာဆီယံ GAP စသည်ဖြင့်လုပ်ကြတာပေ့ါလေ။ ကျွန်တော်တို့လည်း စိတ်ကူးယဉ်ချင်တာပေ့ါ။ ၂၀၁၃ မှာအော်ဂဲနစ်မဟုတ်တောင် safety food လုပ်ချင်တာပေ့ါ။ တော်တော်လေးတော့ မလွယ်ပါဘူး။ အနည်းဆုံးတော့ အင်းလေး GAP လုပ်ချင်တာပေ့ါ" ဟု ၎င်းက ဆိုသည်။

အင်းလေးကန်ရှိ ကျွန်းမျော ၆၅ ပေါင်တွင် ပြုလုပ်မည်ဖြစ်ပြီး နော်ဝေအစိုးရက ထောက်ပံ့ထားခြင်းဖြစ်ကြောင်း သိရသည်။

"အဲဒီအတွက် သိန်း ၂၀၀ ရထားပြီးပြီ။ ၈၈ ကျောင်းသား ကိုဂျင်မီကတစ်ဆင့် ရခဲ့တာပါ။ ကျွန်းမျောသန့်ရှင်းရေးက တစ်ပေါင်ကို တစ်သိန်းဝန်းကျင်ရှိတယ်။ ၆၅ ပေါင်ဆိုတော့ ၆၅ သိန်း။ မျိုးစေ့က ရှမ်းမောမြေက ထောက်ပံ့မယ်လို့ ပြောတယ်။ အစ္စရေးက စိုက်ပျိုးရေးပညာရှင်လည်း လာပါမယ်။ ဂျပန်သခွားစိုက်မယ်။

"တရုတ်ပြည်က စမ်းသပ်တဲ့ ငရုတ်သီးခြောက်မျိုး၊ အစေ့မပါတဲ့ သင်္ဘောသီး စိုက်ဖို့ ရည်မှန်းထားတယ်။ အဲဒီအတွက် ရွာသုံးရွာကို ကော်မတီ ဖွဲ့ခိုင်းထားတယ်" ဟု ကိုရေအေးက ရှင်းပြသည်။ ■

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် ကျွန်းမျောပေါ်မှ ခရမ်းချဉ်သီးစိုက်ခင်းကို တွေ့ရစဉ်။ ဓာတ်ပုံ - မြန်မာတိုင်း(မ်)

မန္တလေး-မြို့သာ စက်မှုဥယျာဉ်စီမံကိန်း တိုင်းရင်းသားအများပိုင်ဖြစ်ရန် ဖေဖော်ဝါရီလအတွင်း အစုရှယ်ယာရောင်းမည်

မန္တလေး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့နှင့် တော်ဝင်အဆင့်မြင့် နည်းပညာအဖွဲ့ ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးထားသော မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့ စီမံကိန်းကို တိုင်းရင်းသားအများပိုင်ဖြစ်စေရန် ဖေဖော်ဝါရီလအတွင်း အစုရှယ်ယာများ ရောင်းသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးထံမှ သိရသည်။

"ဒီစီမံကိန်းက အကျိုးအမြတ်တွေကို တိုင်းရင်းသားတွေပဲရနိုင်ဖို့၊ တိုင်းရင်းသားအများပိုင်ဖြစ်ဖို့အတွက် အစုရှယ်ယာတွေကို ဖေဖော်ဝါရီလပိုင်းလောက်မှာ ရောင်းနိုင်ဖို့စီစဉ်နေတယ်" ဟု အဆိုပါစီမံကိန်းဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်နေသော မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူက ယခုလ ၂၁ ရက်နေ့က ၎င်း၏ရုံးခန်းတွင် ပြောသည်။

နောင်လာမည့်အခြေအနေတွင် နိုင်ငံတကာစံနှုန်းများဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြတော့မည်ဖြစ်သည့် အတွက် အစုရှယ်ယာတန်ဖိုးများကို နိုင်ငံတကာဥပဒေများနှင့်အညီ သတ်မှတ်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာများရောင်းချရာတွင်လည်း ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် ပြည်ပနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား နိုင်ငံတကာဥပဒေနှင့်သာ ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ အင်္ဂလန်နှင့် နယ်သာလန်နိုင်ငံများက စီမံကိန်း၌ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက်ကိုပင် ကမ်းလှမ်းနေပြီဖြစ်ကြောင်း သိရသည်။

"စက်မှုဥယျာဉ်အတွက် သွင်းကုန်ထုတ်ကုန်တွေ သယ်ယူပို့ဆောင်ဖို့ အရင်ဦးဆုံး ဆိမ်းခိုမှာ နိုင်ငံတကာအဆင့်မီဆိပ်ကမ်းကို ဆောက်နေပါပြီ" ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

မန္တလေး-မြို့သာ စက်မှုဥယျာဉ်တည်ဆောက်မည်ဖြစ်သည့်အတွက် ဆိမ်းခိုနှင့် မြို့သာမြို့မှ မိုင်ငါးဆယ်အတွင်းရှိ မြင်ခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ တံတားဦးမြို့နယ်၊စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပခုက္ကူမြို့နယ် စသည်မြို့နယ်များတွင် ကုန်သန်းရောင်းဝယ်ရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကာ ဒေသခံလူငယ်များအတွက် နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း တော်ဝင်အဆင့်မြင့် နည်းပညာအဖွဲ့ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ဆိုသည်။

"ဒီစီမံကိန်းက မြေဧက တစ်သောင်းကျော်ပေါ်မှာ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် အသေးစား၊ အလတ်စားနဲ့ အကြီးစားစက်မှုလုပ်ငန်းတွေ၊ စက်ရုံအလုပ်ရုံတွေ ၂,၅၀၀ ကျော်ရှိမယ်။ ဒေသခံလူဦးရေ နှစ်သိန်းဝန်းကျင်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမှာပါ။ စီမံကိန်းမြေနေရာအတွက် တောင်သူတွေကိုလည်း ထိုက်သင့်တဲ့ မြေတန်ဖိုးကိုလည်း ပေးခဲ့ပါတယ်"ဟု ဇန်နဝါရီလ ပထမပတ်အတွင်း ဦးအောင်ဝင်းခိုင်က ပြောခဲ့သည်။

စည်သူလွင် ■

လျောင်ဒဏ်ခံရသူများကို လှူဒါန်းရန် ရန်ကုန်နှင့် မန္တလေးမြို့မှ လူရွှင်တော်များစုပေါင်း၍ မန္တလေးမြို့တွင်း၌ အလှူခံထွက်နေကြသည်ကို ယခုလ ၁၅ ရက်က တွေ့ရစဉ် (သတင်းဖော်ပြပြီး)။ နောက်ဆက်တွဲ သတင်းအရ အဆိုပါနေ့က ရရှိသော အလှူငွေ ကျပ်သိန်း ၂၀ ကျော်နှင့် အဝတ်အထည်၊ အစားအသောက်များကို အကူအညီရောက်ရန်ခက်ခဲသော ရွှေဘိုမြို့နယ်မှ မလယ်ကျေးရွာ၊ ရွှေဧကာကျေးရွာနှင့် မြင်သာကျေးရွာတို့သို့ သွားရောက် ခွဲဝေလှူဒါန်းခဲ့ကြောင်း လူရွှင်တော် နှုတ်ခမ်းမွေးပါပါလေးက ယခုလ ၂၂ ရက်နေ့က ပြောသည်။ သတင်းနှင့်ဓာတ်ပုံ - ဖြိုးဝေကျော်

ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ (၁) က ကျပ်သိန်း ၆၀၀ ကျော်တန်ဖိုးရှိ အမှုတွဲ ၁၉ ခု အရေးယူနိုင်ခဲ့

စည်သူလွင်

နိုင်ငံတော် ကုန်သွယ်မှုပမာဏပိုမို တိုးမြှင့်စေရန်၊ စားသုံးသူ ကာကွယ်ရေးနှင့် တရားမဝင်ကုန်စည် စီးဆင်းမှု တားဆီးထိန်းချုပ်နိုင်ရေးအတွက် Mobile Team အဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ မန္တလေး-မူ ဆယ်လမ်းကြောင်းပေါ်ရှိ အဖွဲ့(၁)က ငွေကျပ် သိန်းပေါင်းခြောက်ရာကျော်တန်ဖိုးရှိ အမှုတွဲ (၁၉)မှုကို အရေးယူ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းကဲ့သို့ စစ်ဆေးအရေးယူရာတွင် ပညာပေးကာလအဖြစ် ၂၀၁၂ခုနှစ်နိုဝင်ဘာ ၁ ရက်နေ့မှ ဒီဇင်ဘာ ၃၁ ရက်နေ့ထိသတ်မှတ်ခဲ့ပြီး၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ အရေးယူခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

"အက်ဖ်ဒီအေ ခွင့်ပြုချက်မရဘဲ တင်သွင်းလာတဲ့ အေးခဲကြက်သား၊ ဘဲသား၊ ကြက်အဆီဘူး၊ အသားတုနဲ့ ကြက်အူချောင်းတွေကို မီးရှို့ဖျက်ဆီးခဲ့တာ ငါးကြိမ်ရှိပြီ။

"တခြားဖမ်းဆီးထားတဲ့ ပစ္စည်းတွေကို ဒဏ်ရိုက်တဲ့အနေနဲ့ တစ်လအတွင်း ပစ္စည်းတန်ဖိုးနှစ်ဆနဲ့ ပြန်ရွေးခိုင်းမယ်။ တစ်လကျော်သွားလို့မှ ပြန်မရွေးဘူးဆိုရင်တော့ လေလံစနစ်နဲ့ ပြန်ရောင်းချသွားမှာပါ"ဟု မူဆယ်-မန္တလေး Mobile Team အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ပြောသည်။

> **ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေ အနေနဲ့ အခွန်ဆောင် လိုင်စင်တွေလုပ်ပြီး ”**

တရားမဝင် မှောင်ခိုတားဆီးရေးအဖွဲ့ (၁) မှ ပညာပေးကာလအတွင်း ယာယီသိမ်းဆည်းထားသည့် ကုန်ပစ္စည်းများမှ တရားဝင်တင်ပို့ တင်သွင်းခွင့်ပြုထားသော ကုန်ပစ္စည်းများ လိုင်စင်ပြန်လည်ဆောင်ရွက်ပေးခဲ့ရာမှာ ပို့ကုန်၊ သွင်းကုန် လိုင်စင် ၇၄ စောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၈၇,၀၉၉ ဒသမ ၂၈၊ ယွမ် ၅၇၈,၆၁၆ ဒသမ ၃၉၊ ကျပ် ၂၆၄,၃၁၁ ဒသမ ၄၆ တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကုန်သွယ်မှုပမာဏ တိုးမြှင့်လာနိုင်စေရန် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသအုပ်ချုပ်ရေးအဖွဲ့၊ နယ်စပ်ကုန်သည်အသင်းနှင့် သတင်းမီဒီယာအပါအဝင် အင်အား ၃၁ ဦးတို့ဖြင့် စစ်ဆေးအရေးယူခဲ့ကြသည်။

"ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေ အနေနဲ့ အခွန်ဆောင် လိုင်စင်တွေလုပ်ပြီး ကုန်သွယ်မှုတိုးလာအောင် လုပ်တာပါ။ သိမ်းတယ်၊ဖမ်းတယ်ဆိုတာကိုလည်း ဒေါသနဲ့ လုပ်ဖို့မသင့်ပါဘူး။ လမ်းကြောင်းပေါ် ရောက်အောင် လုပ်ပေးနေတာပါ။

"တရားမဝင်အနေနဲ့ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ ကလေးတွေ စားသုံးဖို့မသင့်တဲ့ အစားအစာတွေ၊ ဆေးဝါးအတုတွေ ဝင်လာပါတယ်။ဒါက နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။ ဒါတွေကြောင့် အခုလို စစ်ဆေးမှုတွေ လုပ်ပေးနေရတာပါ။

"ကုန်သွယ်မှု ပမာဏ ရည်မှန်းချက် ၁၉ ဘီလျံဖြစ်ဖို့လိုအပ်နေပါသေးတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် က ပြောသည်။

အရေးယူကာလအတွင်း တရားမဝင်ကုန်သွယ်မှုများကို သတင်းပေးသူများကိုလည်း ပစ္စည်းတန်ဖိုး၏ ရာခိုင်နှုန်းတွက်ချက်ပြီး အကျိုးပြုပေးသွားရန်ကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း ဝန်ကြီးက ဆက်လက် ပြောသည်။

မူဆယ်ရှိ ၁၀၅ မိုင် စစ်ဆေးရေးဂိတ်တွင် ကုန်စည်ပို့ဆောင်ရေးယဉ်များ မကြာခဏဆိုသလို ယဉ်ကြောများ ပိတ်ဆို့နေရခြင်းမှာ Mobile Team အဖွဲ့ စစ်ဆေးမှုများကြောင့် ဖြစ်နေရခြင်း ဖြစ်ကြောင်း မန္တလေး-မူဆယ် ကားဆရာ အများစုက ဝေဖန်နေကြသည်။

"၁၀၅ မိုင်ဂိတ်မှာက ကားတွေ လေးမိုင် လောက်ထိ ကားတန်းကြီးဖြစ်သွားတယ်။ ၁၀၅ မိုင် စစ်ဆေးရေးဂိတ်မှာ စစ်ဆေးဖို့ လူအင်အားလည်း လိုအပ်နေတယ်။ X Ray နဲ့စစ်ဆေးတယ် ဆိုပေမဲ့ ကုန်ပစ္စည်းက အမျိုးစုံပါတော့ တစ်ခုချင်းစစ်နေလို့ အချိန်တွေကြာ ကုန်တာပေါ့။

"တရားမဝင်ကုန် စီးဆင်မှုစစ်ဆေးဖို့ အတွက် တခြားနည်းစနစ်တွေကို အသုံးပြုသင့်ပါတယ်"ဟု မန္တလေး-မူဆယ် ကားဆရာတစ်ဦးဖြစ်သူ ကိုမောင်ထူးက ပြောသည်။

Mobile Team အဖွဲ့ဖြင့် စစ်ဆေးမှုများဆောင်ရွက်နေသော်လည်း စစ်ဆေးရေးဂိတ်များကိုရှောင်သော ကွင်းရှောင်လမ်းများမှနေ၍ တရားမဝင် ကုန်စည်စီးဆင်းမှုများ ရှိနေဆဲဖြစ်ကြောင်းသိရသည်။

"တရားမဝင် ကုန်စည်စီးဆင်းမှုစစ်ဆေးဖို့အတွက် စစ်ဆေးရေးဝန်ထမ်းတွေကိုလည်း ထပ်မံတိုးချဲ့သွားမယ်။ X Ray စစ်ဆေးစက်တစ်လုံးကိုလည်း ထပ်တပ်ဖို့အတွက်ကိုလည်း ဆောင်ရွက်နေပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

စားသုံးသူ ကာကွယ်ပေးရေးနှင့် တရားမဝင်ကုန်စည်စီးဆင်းမှုများ ဖမ်းဆီးစစ်ဆေးရေး Mobile Team အဖွဲ့များအား မန္တလေး-မူဆယ်လမ်းကြောင်းနှင့် မြဝတီ-ရန်ကုန် လမ်းကြောင်းပေါ်တွင် ထားရှိစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း၊ မန္တလေးမြို့ရှိ ဘူတာကြီးနှင့် ဧရာဝတီမြစ် ဂေါဝိန်ဆိပ်ကမ်းတို့တွင်လည်း ဆက်လက်ထားရှိစစ်ဆေးသွားရန်ကိုလည်း ဆောင်ရွက်နေကြောင်း နယ်စပ် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။ ■

သုခရိပ်မြုံလူငယ် ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဖွင့်ပွဲအခမ်းအနား တက်ရောက်လာသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - ရွှေဝါလွင်

အိပ်ချ်အိုင်ဗီပိုး ကူးစက်ခံရသော မိဘမဲ့ကလေးများအတွက် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ဖွင့်လှစ်

ရွှေဝါလွင်

ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ဖြစ်သော အိပ်ချ်အိုင်ဗီ-အေ့ဒ်စ် ဝေဒနာသည် ကလေးငယ်များနှင့် ယင်းရောဂါပိုး၏ ဆိုးကျိုးများ သက်ရောက်မှုခံစားနေရသော ကလေးငယ်များအတွက် နွေးထွေးသည့် သီးသန့်ဂေဟာတစ်ခုဖြစ်သော သုခရိပ်မြုံ (မန္တလေး) လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကို ဇန်နဝါရီလ ၁၉ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါဂေဟာ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ အိပ်ချ်အိုင်ဗီရောဂါပိုး ကူးစက်ခံ မိဘမဲ့ကလေးငယ်များအား စနစ်တကျ ပြုစုစောင့်ရှောက်ပြီး မိသားစုပုံစံဖြင့် နေထိုင်ကြီးပြင်းသွားနိုင်ကြစေရန်ဖြစ်ကြောင်း မန္တလေးသုခရိပ်မြုံ ပရဟိတဂေဟာ ဥက္ကဌ ဒေါက်တာကိုကိုလေးက ပြောသည်။

"ဒီဂေဟာမှာ အသက်တစ်နှစ်ခွဲကနေ ၁၂ နှစ်ထိရှိတဲ့ကလေးတွေကို မိဘရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စာချုပ်စာတန်းနဲ့ အပြီးအပိုင်မွေးစားပါတယ်။ တစ်ပတ်တစ်ခါ အိမ်ကိုပြန်တာမျိုးလည်း လက်မခံပါဘူး။ အသက်တစ်နှစ်ခွဲအောက် ကလေးတွေကိုလည်း လက်မခံပါဘူး။ ကလေးကသိပ်ငယ်လွန်းရင် အလုပ်လည်း ပိုလာနိုင်ပါတယ်။ နောက်ပြီးအသက် ၁၂ ကျော်တဲ့ကလေးတွေကလည်း အပြင်ကမကောင်းတဲ့ အကျင့်တွေပါလာနိုင်ပြီး ဒီမှာရှိတဲ့ ကလေးတွေကို အဲဒီအကျင့်စရိုက်တွေ ကူးစက်နိုင်တဲ့အတွက် လက်မခံပါဘူး" ဟု ၎င်းက ဆိုသည်။

သုခရိပ်မြုံဂေဟာက လက်ခံစောင့်ရှောက်ပေးမည့် ကလေးများမှာ အမိ၊ အဖနှစ်ဦးစလုံး မရှိတော့သည့် အိပ်ချ်အိုင်ဗီပိုး ကူးစက်ခံရသည့် ကလေးငယ်များ၊ အမိ (သို့) အဖတစ်ဦးရှိသော်လည်း ကိုယ်တိုင်ဝေဒနာခံစားနေရသောကြောင့် ကလေးငယ်အားစောင့်ရှောက်ရန် အခြေအနေမရှိသည့် အိပ်ချ်အိုင်ဗီ ကူးစက်ခံနေရသည့် ကလေးငယ်များနှင့် အခြေအနေအရ ပြုစုစောင့်ရှောက်ရန် လိုအပ်နေသည့် ရောဂါသည် ကလေးငယ်များဖြစ်ကြောင်းသိရသည်။

"ဒီဂေဟာမှာ ရှိတဲ့ကလေးတွေရဲ့ ကျောင်းပညာရေးကိုလည်း ဆရာ၊ ဆရာမတွေထားပြီး သင်ကြားပေးမှာပါ။ အနုပညာရပ်တွေ၊ လက်မှုပညာတွေကို သင်ကြားပေးနိုင်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ ကျောင်းမှာရှိနေတဲ့ကလေးတွေရဲ့စာသင်ချိန်၊ အိပ်ချိန်နဲ့ ကစားချိန်တွေကို စနစ်တကျဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကလေးငယ်များ စိတ်အပန်းပြေစေရန်၊ ပြည်သူအများနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်တတ်စေရန် အခြေအနေများ ဖန်တီးပေးခြင်းနှင့် ပြင်ပခရီးစဉ်များ စီစဉ်ပို့ဆောင်ပေးခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

သုခရိပ်မြုံဂေဟာသည် ၂၀၁၂ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ အလှူငွေကျပ် ၈၁၃ သိန်း လက်ခံရရှိပြီးဖြစ်သည်။

သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ လက်ရှိတွင်မိဘမဲ့ အိပ်ချ်အိုင်ဗီ-အေ့ဒ်စ်ဝေဒနာသည် ကလေး ၁၁ ဦးရှိနေကြောင်းနှင့် ယင်းဂေဟာမှာ ပြည်ကြီးတံခွန်မြို့နယ်၊ ဘုံပျံတောရ၊ မြဝတီမင်းကြီး တိုက်အတွင်းတွင် တည်ရှိကြောင်း သိရသည်။ ■

သတင်းတို

လူသတ်၍ နွားကွင်းနှင့်ငွေယူ

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ခွက်ကျေးရွာနေ အမျိုးသမီးငယ်တစ်ဦးမှာ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း၊ အလေးချိန် တစ်ပဲ သုံးရွေးခန့်ရှိ ဘောလုံးပုံ ရွှေနားဆွဲမှာ ပျောက်ဆုံးနေကြောင်း တွေ့ရှိရ၍ ဗဟင်း ရဲစခန်းမှ (ပ) ၅/၁၃ ပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်ခဲ့ပြီး ဇန်နဝါရီ ၁၉ ရက်နေ့က အသက် ၁၆ နှစ်အရွယ် မိုးခိုင်ထံမှ ရွှေနားကွင်းနှင့်ငွေ ၂,၁၅၀ တို့အား ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့၍ တရားစွဲတင်ပို့နိုင်ရန် စီစဉ်လျက်ရှိသည်။

စောလှနွယ်(မကွေး)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်မိတ်ဆွေကြီး **ဦးစိုးမော်** (နိုင်ငံခြားသစ်ကိုယ်စားလှယ်)၏
၂၇-၁-၂၀၁၃ နေ့တွင်ကျရောက်မည့်
အသက်(၇၀)ပြည့်မွေးနေ့မှသည်
နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုအကျိုး၊
တိုင်းပြည်အကျိုး၊ ဘာသာသာသနာအကျိုးကို
ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးကိုကို + ဒေါ်ဓဝဓဝ
ဒေါ်တင်တင် သဓော်ာဆေးဆိုင်
UPG CO.,Ltd ၏ အရောင်းကိုယ်စားလှယ်၊ မန္တလေးမြို့

WHEN **ADVERTISING** DOES **ITS JOB**, **THOUSANDS** OF PEOPLE **KEEP** THEIRS.

Good advertising doesn't just inform.
It sells. It helps move product and keep business.
Every time an ad arouses a consumer's
interest enough to result in a purchase,
it keeps a company going strong.
And it helps secure the jobs of the people who work there.

Advertise Now And See People Work.

THE MYANMAR TIMES

Call us now to discuss your requirements.

Tel: 392828, 256342 *E-mail: advertising@myanmartimes.com.mm*

တိုင်းရင်းသားလူမျိုးအမည်အမှန် ရရှိရေး ဆောင်ရွက်သွားမည်

ကချင်ပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားများကို ကိုယ်စားပြုဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ၎င်းတို့၏ တိုင်းရင်းသားမှတ်ပုံတင်များတွင် လူမျိုးအမည် အမှန်ဖြစ်စေရေးအတွက် ဆောင်ရွက်သွားမည်ဟု အဆိုပါပါတီ၏ အတွင်းရေးမှူးဖြစ်သူ ဦးစောဝင်းထွန်းက ဆိုသည်။

"ရှမ်းဆိုလည်း အမျိုးမျိုးရှိတာပေါ့။ ကိုယ်ပိုင် ယဉ်ကျေးမှု ကိုယ်ပိုင်စာပေဆိုတာရှိတယ်။ နိုင်ငံတော်ကလည်း လူမျိုးအဖြစ် အသိအမှတ်ပြုပြီးသား။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံသားကတ်ပြားတွေမှာ လူမျိုးအမည်မှာ ဗမာဆိုတာ ရှိတယ်။ ရှမ်းလည်းဖြစ်ချင်ဖြစ်မယ်။ ရှမ်းနီဆိုတဲ့ လူမျိုးအမည်နဲ့ နိုင်ငံသားစိစစ်ရေးကတ် မရှိသလောက်ပဲ။ အဲဒါကြောင့် ရှမ်းနီတိုင်းရင်းသားတွေရဲ့ လူမျိုးအမည်အမှန်ရဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ကချင်ပြည်နယ်တွင်လူဦးရေ ၁၀ သိန်းခန့်ရှိပြီး ၆၀ ရာခိုင်နှုန်းမှာ ရှမ်းနီအပါအဝင် ရှမ်းတိုင်းရင်းသားများဖြစ်ကြောင်း ၎င်းက ဆိုသည်။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တိကျခိုင်မာသည့် သန်းခေါင်စာရင်း ကောက်မည်ဖြစ်ရာ ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းနီလူမျိုးများ လူမျိုးအမည် အမှန်ရရေး ဆောင်ရွက်သွားမည်ဟု ၎င်းက ဆိုလိုခြင်းဖြစ်သည်။

"တခြားလူမျိုးအမည်တွေလည်း လူမျိုးအမည် အမှန်မဖြစ်တာရှိပါတယ်။ မြေပြန့်က ချင်းတွေ၊ ပဲခူးဘက်က မွန်တွေ စသဖြင့်ပေါ့လေ။ အဲလိုမျိုး ဆောင်ရွက်ဖို့ တိုင်းရင်းသားပါတီတွေနဲ့ ပူးတွဲဆောင်ရွက်သွားမှာပါ" ဟု ၎င်းကပြောသည်။

မြောက်ဒဂုံတွင် နေထိုင်သော မသန္တာက ၎င်းအဖေသည် ရှမ်းနီလူမျိုးဖြစ်ကာ အမေက ရှမ်းကြီးဖြစ်ကြောင်း၊ မှတ်ပုံတင်ထဲတွင် ဗမာလူမျိုးဖြစ်နေကြောင်း၊ အခွင့်အရေးရပါက မဲပေးနိုင်ခွင့်အတွက် လူမျိုးအမည် ပြောင်းလိုကြောင်း ပြောသည်။

ရှမ်းနီတိုင်းရင်းသားများသည် ကချင်ပြည်နယ်အတွင်းရှိမြစ်ကြီးနား၊ ဝိုင်းမော်၊ မိုင်းနား၊ အင်းတော်ကြီး၊ ဖားကန့်၊ မိုးညှင်း၊ ဟိုပင်၊ ဗန်းမော်၊ မိုးမိတ်၊ စစ်ကိုင်းတိုင်းအတွင်းရှိ ကသာ၊ ဝန်းသို၊ ချင်းတွင်းမြစ်တစ်လျှောက်ရှိ ပင်လယ်ဘူး၊ ဗန်းမော်၊ ဟူမ္မလင်းတို့တွင် နေထိုင်လေ့ရှိကြသည်။ **ခင်ဆုဝေ** ■

သွေးလှူရှင်များအား ဂုဏ်ပြု လက် မှတ်ပေးအပ်နေသည်ကိုတွေ့ရစဉ်။ ယခုလ ၁၉ ရက်နေ့က မန္တလေးမြို့ မြန်မာနိုင်ငံဆရာဝန်များအသင်းတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံ အမျိုးသားသွေးလှူဒဏ်က ၂၅ ကြိမ်နှင့် အထက် သွေးလှူရှင်များအား ဂုဏ်ပြုလက်မှတ်ပေး အပ်ပွဲကျင်းပခဲ့ရာ အခမ်းအနားတွင် သွေးလှူရှင်ပေါင်း သုံးရာကျော် တက်ရောက်ခဲ့ကြကြောင်းနှင့် အကြိမ်တစ်ရာနှင့်အထက် သွေးလှူရှင် ၃၀ ဦး ထိရှိကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ - ဖြိုးဝေကျော်

ရွှေ့နေများကွန်ရက် (အထက်မြန်မာနိုင်ငံ)ကို တရားဝင်ဖွဲ့စည်းနိုင်ရန် စီစဉ်လျက်ရှိ

မန္တလေးမြို့ကိုအခြေပြု၍ ရွှေ့နေများကွန်ရက် (အထက်မြန်မာနိုင်ငံ) ကို တရားဝင်ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တရားလွှတ်တော်ရွှေ့နေကြီး တော်ဝင်ဦးခင်မောင်သန်းက ပြောသည်။

"ရွှေ့နေများကွန်ရက် (အထက်မြန်မာနိုင်ငံ)ရဲ့ အခြေခံအဖွဲ့အစည်းကို မန္တလေးမှာ အခြေပြုပြီး ယာယီဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့ကနေ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ယာယီဖွဲ့စည်းမယ်။ ကွန်ရက်တွေကတစ်ဆင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ရွှေ့နေများကောင်စီကို မှတ်ပုံတင်သွင်းသွားမှာပါ"ဟု တော်ဝင်ဦးခင်မောင်သန်းက ပြောသည်။

ရွှေ့နေများကွန်ရက်သည် တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများ၊ ဥပဒေနှင့် နည်းဥပဒေများပြဋ္ဌာန်းရာ၌ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများသို့ ဥပဒေအကဲဖြတ်ချက်များ၊ သုံးသပ်ချက်များ၊ မိမိတို့သဘောထားများ ထုတ်ဖော်ရန်၊ ရွှေ့နေများ၏ တရားဝင်အခွင့်အရေးများ မတရားချိုးဖောက်ခံရမှုကို ပြတ်ပြတ်သားသားကာကွယ်ရန်၊ ဂုဏ်သိက္ခာမြင့်မားသည့် တရားစီရင်ရေးဖော်ဆောင်ရာတွင် ရွှေ့နေများ၏အခန်းကဏ္ဍ ဂုဏ်သိက္ခာရှိရှိပြန်လည်ရပ်တည်ခွင့် ရရှိလာစေရန် ရည်ရွယ်ကြောင်းသိရသည်။

ထို့ပြင် ရွှေ့နေများ၏ အရည်အသွေးမြင့်တင်ရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာသင်တန်းများသို့ စေလွှတ်ရန်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဝါရင့်ရွှေ့နေကြီးများ၏ အတွေ့အကြုံဩဝါဒခံယူပွဲများ၊ သက်ကြီးရွှေ့နေပူဇော်ပွဲများ ပြုလုပ်ကျင်းပရန်နှင့် ဥပဒေနှင့်အညီ လူ့အခွင့်အရေးဖော်ဆောင်ရာတွင် အလုပ်သမား၊ လယ်သမား၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ဆင်းရဲနွမ်းပါးပြည်သူများဘက်မှ အမှုလိုက်ပါဆောင်ရွက်ရန်နှင့် ပြည်သူများအား ဥပဒေအသိပညာပေးမှုများပြုလုပ်ရန် ရည်ရွယ်သည်။

"ယာယီအားဖြင့် ကွန်ရက်မှာ သဘာပတိအဖွဲ့၊ ဥပဒေအတိုင်ပင်ခံအဖွဲ့နဲ့ လုပ်ငန်းကော်မတီဆိုပြီး ဖွဲ့စည်းထားတယ်။ နောက်ပြီးလုပ်ငန်းကော်မတီမှာ ဥပဒေကော်မတီ၊ ဆက်သွယ်ရေးနဲ့ ပြန်ကြားရေး၊ ဘဏ္ဍာရေးနဲ့ ရုံးအဖွဲ့တွေ ပါဝင်ပါတယ်"ဟု ၎င်းက ပြောသည်။

ရွှေ့နေများကွန်ရက်သည် ၂၀၁၁ ခုနှစ် ဩဂုတ်လက ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာကင်တားနားနှင့် တွေ့ဆုံ၍ နိုင်ငံရေးအကျဉ်းသားဟောင်း ရွှေ့နေ ၁၆ ဦး၏ လိုင်စင်ရုပ်သိမ်းခံရခြင်းကိစ္စတင်ပြရာမှ အခြေတည်လာခြင်းဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့က ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမ၌ ဥပဒေဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ရွှေ့နေများကွန်ရက်ကို ကျယ်ပြန့်စွာဖွဲ့စည်းပြီး တစ်နိုင်ငံလုံးဆိုင်ရာ အတိုင်းအတာဖြင့်ဆောင်ရွက်ရန် သဘောတူခဲ့ကြောင်း သိရသည်။ **သန်းနိုင်စိုး** ■

မန္တလေး-မြစ်ကြီးနား မီးရထား အချိန်ပြောင်းလဲ သတ်မှတ်

မန္တလေး–မြစ်ကြီးနား ပြေးဆွဲနေသော မီးရထားခရီးစဉ်များ ဇန်နဝါရီ ၂၅ ရက်နေ့မှ စတင်ပြီး ခရီးစဉ်အချိန်များ ပြောင်းလဲ ပြေးဆွဲသွားမည်ဖြစ်သည်။

မန္တလေး-မြစ်ကြီးနား မီးရထားမှာ နေ့စဉ်ခြောက်စင်းရှိပြီး ငါးစင်းသော အချိန်များပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

ပြောင်းလဲပြေးဆွဲရာတွင် မန္တလေးမှ မြစ်ကြီးနား ၃၇ အဆန်အမြန်ရထား မှာ နံနက်၄နာရီမိနစ်၃၀၊ ၃၃ အဆန်အိပ်စင်ရထားမှာ ညနေ ၅ နာရီ ၅၅ မိနစ်၊ ၅၅ အဆန်အမြန်ရထားမှာ ည ၇ နာရီ ၁၅ မိနစ်၊ ၅၇ အဆန်အမြန်ရထားမှာ ည ၈ နာရီ၊ ၄၁ အဆန်စာပို့ရထားမှာ ၁၂ နာရီနှင့် ၄၃ အဆန်ကုန် တွဲရထားမှာ နံနက် ၅ နာရီ ၀၅ မိနစ်တို့တွင် ပြောင်းလဲပြေးဆွဲမည်သွားမည်ဖြစ်သည်။

မြစ်ကြီးနားမှ မန္တလေးသို့ ၃၈ အစုန်အမြန်ရထားမှာ နံနက် ၄ နာရီ မိနစ် ၃၀၊ ၃၄ အစုန်အိပ်စင်ရထားမှာ နေ့လည် ၁ နာရီ မိနစ် ၅၀ ၊ ၅၆ အစုန်အမြန်ရထားမှာ နံနက် ၇ နာရီ ၄၀ မိနစ်၊ ၅၈ အစုန်အမြန်ရထားမှာ နံနက် ၁၁ နာရီမိနစ် ၄၀၊ ၄၂ အစုန်စာပို့ရထားမှာ နံနက် ၅ နာရီနှင့် ၄၄ အစုန်ကုန်ရထားမှာ နံနက် ၇ နာရီ မိနစ် ၃၀ ၌ ပြေးဆွဲမည်ဖြစ်သည်။

မန္တလေးမှ နဘားသို့ ပြေးဆွဲနေသော ၄၇ အဆန်လောကယ်မှာ နံနက် ၆ နာရီ ၁၅ မိနစ်သို့ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ် ပြီး နဘားမှ မန္တလေးသို့ ၄၈ အစုန်ရထားမှာ နံနက် ၇ နာရီ မိနစ် ၃၀ တို့တွင် ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။

"အချိန်ပြောင်းသွားတာ ဘာကြောင့်လဲတော့မသိဘူး။ ရုံးချုပ်က စာထုတ်တာပါ"ဟု မန္တလေးဘူတာကြီးမှ ဒုတိယရုံးပိုင်ချုပ်ကပြောသည်။ **စည်သူလွင်** ■

ရေသယံဇာတဆုံးရှုံးမှု နည်းပါးသွားစေရန် ထိန်းချုပ်ရန် လိုအပ်နေ

အောင်ရဲသွင်

နေ့စဉ်ဘဝတွင် ဘက်စုံထောင့်စုံ အသုံးပြုနေရသော ရေသယံဇာတများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် အမြော်အမြင်ရှိရှိနှင့် စည်းကမ်းတကျ အသုံးချတတ်ကြစေရန် ဥပဒေများဖြင့် ထိန်းချုပ်သွားဖို့ လိုအပ်ကြောင်း တာတမံ၊ မြစ်ကြောင်း ထိန်းသိမ်းရေးပညာရှင်တစ်ဦးက ပြောသည်။

လက်ရှိကမ္ဘာပေါ်တွင် လူဦးရေတိုးပွားလာမှုနှင့်အတူ ရေသယံဇာတ ရှားပါးမှုများ ဖြစ်ပေါ်လာခြင်းကြောင့် မြန်မာနိုင်ငံ၌လည်း ရေသယံဇာတများ ပေါများနေသည်ဟု တွေးထင်ကြရန် မသင့်လျော်တော့ဘဲ စနစ်တကျဥပဒေများဖြင့် စီမံခန့်ခွဲအသုံးချဖို့ အချိန်ကျရောက်လာပြီဖြစ်ကြောင်း တာတမံ၊ မြစ်ကြောင်း ထိန်းသိမ်းရေးပညာရှင် ဦးချိုချိုက ပြောသည်။

"အရင်ကရေကို ဖောဖောသီသီသုံးလို့ရတဲ့ပစ္စည်းတစ်ခုလို့ မြင်ခဲ့ကြတယ်။ ဒါပေမဲ့အခုကမ္ဘာကြီးက လှုံ့ဆော်နေပါပြီ။ ကျွန်တော်တို့နေတဲ့ ကမ္ဘာကြီးမှာ ရေဟာ ရှားပါးပစ္စည်းတစ်ခုဖြစ်လာပါပြီ။ ဒီအချက်ကို သတိပြုရမှာပါ။ လွန်ခဲ့တဲ့ နှစ် ၂၀ တုန်းက ကမ္ဘာ့အဖွဲ့အစည်းတစ်ခုက ခန့်မှန်းခဲ့ပါတယ်။ ကမ္ဘာမှာ ရေနံကြောင့် စစ်ဖြစ်တာကနေ ရေကြောင့် စစ်ဖြစ်ရတဲ့ဘဝတွေလည်း ရောက်နိုင်တယ်ဆိုပြီး ပြောခဲ့ပါတယ်။

"ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ရေသယံဇာတတွေကို သောက်ရေသုံးရေ၊ နေ့တိုင်းစားသောက်ရတဲ့ စားနပ်ရိက္ခာထုတ်လုပ်မှုတွေ၊ သတ္တုတူးဖော်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစတဲ့ နေရာတွေမှာ အသုံးပြုနေရတဲ့အတွက် ပေါများနေတယ်လို့ထင်ထားဖို့ မသင့်တော့ပါဘူး။ ရေတွေပေါများနေတယ် ထင်ပြီး စည်းကမ်းမရှိ အသုံးပြုလိုက်ရင် ဆုံးရှုံးသွားနိုင်တာကြောင့် ဥပဒေတွေနဲ့ ကန့်သတ်ဖို့ လိုအပ်နေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ရေသယံဇာတဆိုင်ရာ ဥပဒေများမှာ အင်္ဂလိပ်ကိုလိုနီလက်ထက်မှ စ၍ရှိခဲ့သော်လည်း နိုင်ငံတွင်းဥပဒေစိုးမိုးမှုအားနည်းသဖြင့် လိုက်နာမှုမရှိခဲ့ကြခြင်းကြောင့် လက်ရှိအချိန်တွင် အဆိုပါဥပဒေများ ပြန်လည်စတင်ကျင့်သုံးရန်လိုအပ်ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အရင်ကရှိခဲ့ပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ထုံးစံအတိုင်း ဒီဥပဒေတွေ ချောင်ထဲရောက်ပြီး သုံးရကောင်းမှန်း မသိခဲ့ဘူး။ ဥပမာပြောရရင် ရန်ကုန်မြို့ထဲမှာ မြေအောက်ရေသုံးစွဲမှုလုပ်တဲ့ အခါမှာ မြေအောက်ရေတွေကို စက်နဲ့ အရမ်းစုပ်လိုက်ရင် ပင်လယ်နဲ့နီးတဲ့အခါကျတော့ ရေငန်တွေပါလာတယ်။ ဒါဆို မြေအောက်ရေကောင်းရဖို့ မလွယ်တော့ဘူး။

"ဒါပေမဲ့ အင်္ဂလိပ်လက်ထက်တုန်းက ရန်ကုန်မြို့ဘယ်နေရာမှာ အဝီစိတူးခွင့်မရှိဘူးဆိုပြီး ဥပဒေတွေနဲ့ သတ်မှတ်ချက်လေးတွေထားတယ်။ ဩစတြေးလျနိုင်ငံမှာလည်း မြေမျက်နှာပြင်ဘယ်လောက်ထက်နိမ့်ရင် ရေမစုပ်ရဘူးဆိုပြီး ဥပဒေရှိတယ်။ ဒါကြောင့် ရေသယံဇာတတွေကို စည်းကမ်းမရှိသုံးနေရာကနေ စည်းကမ်းရှိရှိသုံးတတ်အောင် ပေါ်လစီတွေ၊ ဥပဒေတွေနဲ့ ထိန်းချုပ်ပေးရပါမယ်"ဟု ဦးချိုချိုက ပြောသည်။ ■

သင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန်
မန္တလေးအချပ်ပိုစာမျက်နှာတွင် ကြော်ငြာပါ။

SUPER MOBILE
MOBILE PHONE RETAIL & WHOLE SALE CENTER
Branded
Huawei Handset
htc
NOKIA
SAMSUNG
Sony Ericsson
ZTE中兴
HUAWEI
5000/10000
Ph: 02-68405,68406,24809

အိမ်သစ်တက်ပွဲ

တက်ရောက်သူ
ဒေါ်ခင်စန်းလင်း
မောင်အာကာသင်
တက်ရောက်သူ
ဦးမောင်မောင်သင်နဲ့ဒေါ်နန္ဒာယိစိုး
တက်ရောက်သူ
မစောယုနန္ဒာ

ဤကဏ္ဍတွင်ကြော်ငြာလိုပါက
ဆက်သွယ်ရန်
၀၂-၆၅၃၉၁-၂၊ ၀၂-၂၄၄၅၀

Vertex®
2 ACTIONS in 1
ORIGINAL
Vertex
STRONG
SUPER TOILET CLEANER
ဗားတက်စ်
အကောင်းစား
Distributed by , OLIVE MARKETING GROUP Ph : 02-36795, 02-62138, 01-720464, 01-553409
E-mail ; oliveco@mandalay.net.mm

YAR ZAR TUN EXPRESS
ရာဇာထွန်း
2013
Business Class Higer (2+1)
Business Class One by One (Toilet)
Bus
MDY: 09-91020822, YGN:09-73078900, LSO: 09-47300442

BKK
RESTAURANT
Juice & Snack
Ph:09 43 202 909,09 40 156 7676,09 44 800 7142
Ph:09 40044 2944

KHAING HTUN TRADING CO.,LTD.
ခိုင်ထွန်း
01-591243, 590579, 595466, 8100422, 8100423, 09-5126299, 09-2002255
01-400788, 09-73078066
Shop House
01-8550929, 09-73127594, 09-73127595
02-68560, 72627, 34927, 63799, 09-2011317, 91021061

GI Group
EXPRESS
ရန်ကုန် ↔ မန္တလေး ↔ မူဆယ်
Yutong Bus
(Man,Neoplan,Mercedes)
Yangon : Hot Line : 09-73787777, 09-421012000
Mandalay : Hot Line : 09-73221800, 09-43337788

စီးပွားရေးလုပ်ချင်တဲ့သူတွေအတွက် အောင်ပင်လယ်က တိုက်သုံးလုံး

အောင်ရဲသွင်
အိမ်ခြံမြေသတင်းထောက်



ဆက်သွယ်ရန် - ၅၂ လမ်းနှင့် ၅၃ လမ်းကြား၊ အောင်ပင်လယ်။ သိပ္ပံလမ်း တောင်ဘက် ကပ်လျက်
ဈေးနှုန်း - ညှိနှိုင်း (အငှား)
ဖုန်း - ၀၉-၉၁၀၁၁၂၉၂၊ ၀၉-၉၁၀၄၂၀၂၂

ဒီတစ်ပတ်တော့ စီးပွားရေးလုပ်ချင်တဲ့ လုပ်ငန်းရှင်တွေနဲ့ မိသားစုဆွေမျိုးတွေ သိုက်သိုက်ဝန်းဝန်း နေထိုင်လို့ရမဲ့အောင်ပင်လယ်မြို့သစ်ထဲက တိုက်အိမ်လေး သုံးလုံးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီတိုက်အိမ်လေးတွေရှိတဲ့ နေရာ ပတ်ဝန်းကျင်ဟာ အကွက်အကွင်း ကောင်းတဲ့နေရာတစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ မန္တလေးမြို့ရဲ့အထင်ကရ လမ်းမကြီးတစ်ခုဖြစ်တဲ့ သိပ္ပံလမ်းနဲ့ ကပ်လျက်မှာရှိပြီး ပြင်ဦးလွင်သွားတဲ့ လမ်းနဲ့လည်းနီးတာကြောင့် သွားရေးလာရေးအတွက်က အဆင်ပြေစေတဲ့ အပြင် လုပ်ငန်းရှင်တွေအတွက်လည်း ဝန်ထမ်းများများနဲ့ အဆင်ပြေရာစီးပွားရေးလုပ်နိုင်တဲ့နေရာ အကျယ်အဝန်း ရှိပါတယ်။

ဒီတိုက်အိမ်လေးတွေထဲက ပထမဆုံး အိမ်လေးကတော့ပေ ၄၀×၃၀ စတုရန်းပေ ၁,၂၀၀အကျယ်အဝန်းရှိတဲ့နှစ်ထပ်တိုက်လေးပါ။ အောက်ထပ်မှာတော့ အခန်းဖွဲ့စည်းမှုမရှိပဲ ဧည့်ခန်းပုံစံပြုလုပ်ထားပါတယ်။ အပေါ်ထပ်မှာတော့ အိပ်ခန်းတစ်ခန်း ဖွဲ့စည်းပေးထားပြီး၊ ကျန်တဲ့နေရာလွတ်တွေကိုတော့ မိမိစိတ်ကြိုက်ဖွဲ့စည်းနိုင်ပါတယ်။ အိမ်အောက်ထပ်မှာ အိမ်သာရေချိုးခန်းတွဲရက်ပါရှိပြီး အိမ်အရောင်ကိုတော့ အဖြူရောင်ဆေးခြယ်ထားပါတယ်။

နောက်ထပ်တစ်လုံးကတော့ပေ ၂၀ × ၅၀ စတုရန်းပေ ၁,၀၀၀ အကျယ်အဝန်းမှာ ဆောက်ထားတဲ့တစ်ထပ်တိုက်အိမ်လေးပါ။ ဒီအိမ်လေးမှာတော့ အိပ်ခန်းအနေနဲ့ နှစ်ခန်းဖွဲ့စည်းထားပါတယ်။ အိမ်သာရေချိုးခန်း တွဲရက်ပါရှိပါတယ်။ အိမ်လုံခြုံရေးအတွက် သံပန်း တံခါး တပ်ဆင်ပေးထားပါတယ်။

နောက်ဆုံးတိုက်အိမ်လေးကတော့ ပေ ၁၂ × ၅၀ စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိတဲ့ နှစ်ထပ်အိမ်လေးပါ။ အိမ်အောက်ထပ်ကိုတော့ အခန်းဖွဲ့စည်းထားခြင်းမရှိတာကြောင့် မိမိစိတ်ကြိုက်ပြင်ဆင်နိုင်ပြီး အပေါ်ထပ်မှာတော့ အိပ်ခန်းတစ်ခန်း ဖွဲ့စည်းထားပါတယ်။ ရေချိုးခန်းအိမ်သာတွဲရက်ပါရှိပါတယ်။

ဒီတိုက်အိမ်သုံးလုံးကို ပေ ၈၀ မျက်နှာပြည့် တည်ဆောက်ထားတာဖြစ်ပါတယ်။ ရေအတွက် အခက်အခဲမဖြစ်ရအောင် အဝီစိတွင်းပါရှိပြီး လျှပ်စစ်မီးအတွက်လည်း မီတာနှစ်လုံးတပ်ဆင်ထားပါသေးတယ်။ တိုက်သုံးလုံးစလုံးက ငှားရမ်းဖို့ဖြစ်တာကြောင့် သုံးလုံးစလုံး ငှားမည်ဖြစ်ပြီး တစ်လုံးစီလိုချင်ရင်လည်း ငှားရမ်းသွားမှာဖြစ်ပါတယ်။ စိတ်ဝင်စားတယ်ဆိုရင် အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါတယ်။ ■

စီမံကိန်းအလားအလာကိုစောင့်ကြည့်ရင်း မရောင်းလိုသေးဘဲ ကိုင်ထားသူတွေရှိတဲ့ မြို့သစ်အိမ်ခြံမြေဈေးကွက်

ဖြိုးဝေကျော်

မန္တလေးမြို့ရဲ့ အခြေကျပြီးဖြစ်တဲ့ မြို့သစ်ရပ်ကွက်ကြီးက အိမ်မြေအကွက်အကွင်းတွေမှာ ပိုင်ရှင်တချို့ဟာ ရပ်ကွက်ကြီးတွေအနီးမှာ တည်ဆောက်အကောင်အထည်ဖော်နေတဲ့ စီမံကိန်းတစ်ခုရဲ့ အလားအလာကိုစောင့်ကြည့်လိုတာကြောင့် လက်ရှိမှာ ပိုင်ဆိုင်မှုကို လက်မလွှတ်သေးဘဲ ဆက်လက်ဆုပ်ကိုင်ထားလိုကြကြောင်း အိမ်ခြံမြေအကျိုးဆောင်တွေက ပြောပါတယ်။

မန္တလေးမြို့ရဲ့ လူဦးရေသိပ်သည်းတဲ့ လူနေရပ်ကွက်ကြီးတွေနဲ့ ဆက်စပ်နေတဲ့ ၇၃ လမ်းမပေါ်၊ သိပ္ပံလမ်းရဲ့ တောင်ဘက်မှာ စည်ပင်သာယာနဲ့ ဆောက်လုပ်ရေး ကုမ္ပဏီနှစ်ခုတို့ အကျိုးတူပူးပေါင်းပြီး အကောင်အထည်ဖော်နေတဲ့ မင်္ဂလာမန္တလေးစီမံကိန်းရှိနေပါတယ်။

အထပ်မြင့် ကွန်ဒိုတွေ၊ ဈေးဝယ်စင်တာ၊ ကားပါကင်၊ လုံးချင်းအိမ်ရာနဲ့ အဆင့်မီဟိုတယ်တွေ ပါဝင်ထားတဲ့ ဒီစီမံကိန်းကြောင့် စီမံကိန်းဧရိယာအနီးက အိမ်ခြံမြေပိုင်ရှင်တချို့ဟာ ပိုင်ဆိုင်မှုကို ရောင်းချဖို့ထက် ရှေ့အလားအလာကို ဆက်ပြီး စောင့်ကြည့်ချင်တဲ့ဘက်ကို အလေးသာနေကြောင်း သိရပါတယ်။

ဒီစီမံကိန်းဟာလည်း တကယ်တော့ လူနေထိုင်မှု အထိုင်ကျပြီးဖြစ်တဲ့ရပ်ကွက်ကြီးတွေနဲ့ အနီးဆုံးမှာ စတင်အကောင်အထည်ဖော်လိုက်တဲ့ စီမံကိန်းတစ်ခုလို့ ဆိုနိုင်ပါတယ်။

စီမံကိန်းတည်ရှိနေတဲ့ ၇၃ လမ်းရဲ့ အရှေ့ဘက်ခြမ်းမှာ လူဦးရေသိပ်သည်းတဲ့ မြို့သစ်ရပ်ကွက်ကြီးတွေဖြစ်တဲ့ 'ဆ' ရပ်ကွက်၊ 'စ' ရပ်ကွက်၊ 'ဏ' ရပ်ကွက်၊ 'တ' ရပ်ကွက်၊ 'င' ရပ်ကွက်တွေဟာ ဆက်စပ်တည်ရှိနေပါတယ်။ ဒီလိုတည်ရှိနေရာမှာ ၇၃ လမ်းပေါ်တင်နဲ့ ဒီလမ်းနဲ့ အနီးဆုံး အပိုင်းတွေက အိမ်မြေအကွက် အကွင်းတွေဟာ စီမံကိန်းအလားအလာအပေါ် ပိုမိုမျှော်လင့်ချက်ထားနေတဲ့ အပိုင်းတွေပဲ ဖြစ်ပါတယ်။

လက်ရှိအနေအထားမှာတော့မန္တလေးမြို့ရဲ့ အိမ်ခြံမြေဈေးကွက်ဟာ မြို့တွင်းရော၊ မြို့သစ်နဲ့ မြို့ပြင်မှာပါ ကြိုက်ရောင်းကြိုက်ဝယ်အနေအထားမှာသာ ရှိနေပါတယ်။ စီမံကိန်းနဲ့နီးတဲ့ အိမ်မြေအရောင်းအဝယ်ဟာလည်း ထိုနည်းတူစွာပါပဲ။ ဒါပေမဲ့ ၇၃ လမ်းပေါ်တင်တွေကတော့ ခေါ်ဈေးတွေစွာနေတယ်လို့ အိမ်မြေအကျိုးဆောင်တွေက ဆိုပါတယ်။

"မင်္ဂလာမန္တလေးစီမံကိန်းနဲ့နီးပြီး ၇၃ လမ်းပေါ်တင်တဲ့ အိမ်မြေတွေက ကျပ်သိန်း ၄,၅၀၀၊ ၅,၀၀၀ စသဖြင့် ဈေးခေါ်နေကြပါတယ်။ တချို့ကလည်း ရှေ့အလားအလာကို စောင့်ကြည့်ချင်ကြသေးလို့ မရောင်းဘဲကိုင်ထားကြတယ်" လို့ မြို့သစ်က ဝါရင့်အိမ်မြေအကျိုးဆောင်တွေက ပြောပါတယ်။

ဒီနေရာမှာ အထက်က ဆိုခဲ့သလို ပေ ၄၀ × ပေ ၆၀ အကျယ်မြေတစ်ကွက်ကို ကျပ်သိန်း၄,၅၀၀၊၅,၀၀၀ဈေးခေါ်နေပေမဲ့ ခေါ်ဈေးသာဖြစ်ပြီး လက်တွေ့ပေးဝယ်မယ့်သူ ရှားပါးကြောင်း အကျိုးဆောင်တွေက ဆိုပါတယ်။

"တချို့ကလည်း စီမံကိန်းထဲမှာပါတဲ့ ကွန်ဒိုတိုက်ခန်းတို့ အိမ်ရာတို့ကို စိတ်ဝင်စားနေကြတယ်။ အခုခေါ်နေတဲ့ မြေကွက်ဈေးနှုန်းတွေကို အဲဒီကဈေးနှုန်းတွေနဲ့ ယှဉ်ကြည့်ချင်ကြသေးတယ်လေ။ ဈေးပိုသက်သာပြီး နေထိုင်လို့ကောင်းရင် ကွန်ဒို၊ အိမ်ရာတွေကို စိတ်ကူးချင်ကြတာလည်း ပါမှာပေါ့"လို့ အကျိုးဆောင်တွေက သုံးသပ်ပြောပါတယ်။

စီမံကိန်းထဲမှာပါဝင်တဲ့ လူနေအဆောက်အအုံတွေကို လက်ရှိမှာ ဈေးနှုန်း မဖွင့်သေးဘူးလို့ စီမံကိန်းကို အကျိုးတူ အကောင်အထည်ဖော်ရာမှာ ပါဝင်တဲ့ C.A.D ဆောက်လုပ်ရေးက ဦးဇင်မင်းဆွေက ဒီလတတိယပတ်က ပြောပါတယ်။

စီမံကိန်းနဲ့နီးတဲ့ အိမ်မြေအကွက်အကွင်းတွေမှာ ၇၃ လမ်းမပေါ် မတင်ဘဲ အတွင်းပိုင်းကျတဲ့ အိမ်ခြံမြေတွေကတော့လက်ရှိမှာ မြေတစ်ကွက်ကို ကျပ်သိန်း ၂,၀၀၀ ဝန်းကျင်ဈေးခေါ်ကြတယ်လို့ အကျိုးဆောင်တွေဆီက သိရပါတယ်။ အကွက်အကွင်းလှတဲ့ ရပ်ကွက်ကြီးတွေမှာ အဲဒီထက်ဈေးပိုပေးရပါလိမ့်မယ်။

လက်ရှိအခြေအနေနဲ့ ချိန်ထိုးကြည့်ရင် စီမံကိန်းအနီးက အိမ်မြေတွေရဲ့ ခေါ်ဈေးနှုန်းဟာ မြင့်နေတာမှန်ပေမယ့် ၇၃ လမ်းပေါ်မှာ မင်္ဂလာမန္တလေးစီမံကိန်း အပြင် ဘောလုံးကွင်း၊ ဘောလုံးအကယ်ဒမီစတာတွေလည်းရှိနေတာကြောင့် မြို့သစ်ရပ်ကွက်ရဲ့ အိမ်မြေအကွက်အကွင်းဟာ လာမယ့်ကာလမှာ ပိုလှလာမယ်လို့ အိမ်မြေအကျိုးဆောင်တွေက ခြုံငုံသုံးသပ်ပါတယ်။ ■

၇၃ လမ်းပေါ်တွင် အကောင်အထည်ဖော်နေသော မင်္ဂလာမန္တလေး စီမံကိန်းကို လွန်ခဲ့သောအပတ်က တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

Award အကယ်ဒမီပွဲ

ဆူးငှက်
အကယ်ဒမီနောင်နောင်
ကျော်ရင်မြင့်
နေဝင်းမြင့်
ညီပုလေး
သင့်နော်
နတ်မောက်ထွန်းရှိန်
ညိုထွန်းလူ
ဆရာမသန်းမြင့်အောင်
ဆွေနိုင်စစ်
ညီစေမင်း

စေတနာမွန်ပွဲ

ဦးဇော်မင်းဦး
ဒေါ်ခင်သီတာနဲ့ဒေါ်ညိုညိုမာ
ဒေါက်တာစိုးဝင်း
ဦးမြင့်ဟန်

ကြေးမုံဝင်း
စီစဉ်သည်

မင်္ဂလာပါ ဆိုရှယ်ပရိသတ်ကြီးရေ။ ရက်တွေလတွေ အလီလီကုန်ဆုံးနေသလို မေလေးရဲ့ ဆိုရှယ်ကဏ္ဍကလည်း ပုံမှန်လေးပဲ လည်ပတ်နေဆဲပါပဲ။ မေလေးရဲ့ ဒီတစ်ပတ်ဆိုရှယ်ကဏ္ဍမှာ ဖော်ပြချင်တဲ့ပွဲ ခြောက်ပွဲလောက် ရှိပါတယ်။ ပထမဆုံး သွားရတဲ့ပွဲလေးကတော့ "သိန်းထိုက်ရှင်"နဲ့ "ရွှေမန္တလေး" မြန်မာ့လက်မှု ပစ္စည်းရောင်းဝယ်ရေး မိသားစုက ဦးမောင်မောင်သင်နဲ့ ဒေါ်နုနွယ်စိုးတို့ရဲ့ ဘုရားအနေကဇာတင်နဲ့ တိုက်သစ်တက်ပွဲလေးပဲ ဖြစ်ပါတယ်။ ဇန်နဝါရီလ ၁၇ ရက်နေ့က ပြုလုပ်ခဲ့တာပါ။ ဒုတိယပွဲကတော့ ၁၉ ရက်နေ့မှာ ပြုလုပ်တဲ့ စေတနာမွန်လူမှုကူညီရေးအသင်းရဲ့ ကုသိုလ်ဖြစ်အခမဲ့ဆေးခန်း နှစ်ပတ်လည်ပွဲလေးပဲ ဖြစ်ပါတယ်။ အဲဒီနေ့မှာပဲ ဟိုတယ်ရွှေပြည်သာမှာ ကျင်းပတဲ့ ရန် ကုန်မြို့က SP Gems ရဲ့ မန္တလေးမြို့အတွက် Fine Jewellery အထူးရောင်းချပွဲနဲ့ မန္တလေးဟေးလ်ရီဆော့မှာ ကျင်းပတဲ့ အထက်မြန်မာပြည်က ဆေးကုန်သည်ကြီးများအတွက် CHAMPS ကလေးအားဆေးရဲ့ ကံထူးရှင် ရွေးချယ် ချီးမြှင့်ပွဲလေးတွေကိုလည်း မေလေး မပျက်မကွက် တက်ရောက်ခဲ့ပါတယ်။ ပုလဲပရဟိတဖောင်ဒေးရှင်းရဲ့ နှစ်ပတ် လည် အခမ်းအနားကိုတော့ ဇန်နဝါရီလ ၂၀ ရက်နေ့က ကျင်းပခဲ့တာပါ။ ဒီတစ်ပတ်ရဲ့ နောက်ဆုံးပွဲလို့ဆိုရမှာကတော့ မန္တလေးစာပေပညာရှင်များ လူမှုကူညီရေးအစီအစဉ်က ပြုလုပ်တဲ့ မန္တလေးမြို့ဂုဏ်ဆောင် စာပေ/ရုပ်ရှင် အနုပညာရှင်တွေကို ဂုဏ်ပြုတဲ့ပွဲလေးပါပဲ။ ဇန်နဝါရီလ ၂၁ ရက်နေ့က အိုရီရန် တယ်ဟောက်စ်မှာ ကျင်းပခဲ့တာပါ။ ကဲ ဒီတစ်ပတ်တော့ ဒီလောက်ပဲမို့ နောက် တစ်ပတ်မှ ပြန်ဆုံကြမယ်နော်. . . . ။

ပုလဲ ပရဟိတဖောင်ဒေးရှင်းပွဲ

ဒေါ်ခင်သန်းမူ
ဒေါ်နီ
ဦးရို
ဦးမင်းဆွေ
ဦးထွန်းလွင်

SP Gems ပွဲ

ကိုအောင်ကျော်ဇင်နဲ့ဒေါ်စန်းစန်းမြင့်
ဦးကျော်ဝင်း
ဒေါ်သင်းသင်းကျော်
မမီမီကျော်
ရွှေသမီး
ဝိုင်းရွှေရည်
အမရာဖြူးဖြူး
ယွန်းမှီမှီကျော်

Champs ပွဲ

ဒေါက်တာစန်းစန်းမြင့်
ဦးသန်းထွေး
မမြကေသွယ်မောင်နဲ့မနန္ဒအောင်
အခမ်းနားတင်ဆက်သူ
အိအိဖြိုးနဲ့မြငြိမ်းကျော်
မမူမူမြင့်နဲ့အဖွဲ့

အုတ်ဈေးနှုန်းများမြှင့်တင်နိုင်ရန် လုပ်အားခ တိုးမြှင့်ပေး

ကိုယ့်ရပ်ကိုယ့်ဒေသ သွားရေးလာရေး အဆင်ပြေစေဖို့ လမ်း၊ တံတားပြင်ဖို့ကိစ္စ တွေ ရှိနေသေးတယ်။ ဒါကြောင့် အလုပ် သမားတွေကို လုပ်အားခတိုးပေးပြီး အုတ်ဈေးကို ပြန်မြှင့်ယူရမယ်။ ဒီလို လုပ်အားခတိုးလိုက်တာနဲ့ အုတ်ဈေးနှုန်းတွေပြန်တက်တော့မယ်ဆိုတာ ဗျူဟာသုံးပြီး အုတ်ဈေးကွက်ကိုအသိပေး

အောင်ရဲသွင်

ဒုံးကုန်းကျေးရွာရှိ အုတ်ထုတ်လုပ်မှုလုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

မန္တလေးမြို့ အုတ်သူကြီးများသည် ကျဆင်းနေသော အုတ်ဈေးနှုန်းများကို ပြန်လည်မြှင့်တင်နိုင်ရန် အုတ်လုပ်သားများ၏လုပ်အားခများကို တိုးမြှင့်ပေးလိုက်ပြီဖြစ်ကြောင်း မန္တလေးမြို့ရှိ အုတ်သူကြီးတစ်ဦးက ပြောသည်။

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ဒုံးကုန်းကျေးရွာ၊ သရက်တစ်ပင်ကျေးရွာနှင့် ရဲထွဋ်ကျေးရွာရှိ အုတ်ကျင်းများ၌ လုပ်ကိုင်နေသော အလုပ်သမားများအား ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ ကျဆင်းလာသော အုတ်ဈေးနှုန်းများ ပြန်လည်တည်ငြိမ်စေရန်နှင့် အုတ်အလုပ်သမားများ၏စားဝတ်နေရေး ပြေလည်စေရန်တို့အတွက် လုပ်အားခများ တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း တီကေအုတ်လုပ်ငန်းမှ အုတ်သူကြီး ဦးကျော်တင့်က ပြောသည်။

"အုတ်ဈေးနှုန်းရဲ့ရိုက်ခတ်မှုက အခုအချိန်ထိ ပေါ်ပေါက်နေတုန်းပါ။ အုတ်တစ်ချပ်ကို ကျပ် ၉၀-၁၀၀ ဝန်းကျင်ကနေ အုတ်သူကြီးတွေရဲ့ဈေးကွက်ပြိုင်ဆိုင်မှုကြောင့် ၆၅ ကျပ်အထိကျသွားတာဆိုတော့ အုတ်သူကြီးတွေအနေနဲ့ ဒီဈေးထက်ဆက်ပြီးချဖို့ မဖြစ်နိုင်တော့ပါဘူး။

"အုတ်သူကြီးတွေအနေနဲ့ လူမှုရေးပိုင်းတွေလည်း လုပ်ဖို့ရှိနေသေးတယ်။ ကိုယ့်ရပ်ကိုယ့်ဒေသ သွားရေးလာရေး အဆင်ပြေစေဖို့ လမ်း၊ တံတားပြင်ဖို့ကိစ္စ တွေ ရှိနေသေးတယ်။ ဒါကြောင့် အလုပ်သမားတွေကို လုပ်အားခတိုးပေးပြီး အုတ်ဈေးကို ပြန်မြှင့်ယူရမယ်။ ဒီလို လုပ်အားခတိုးလိုက်တာနဲ့ အုတ်ဈေးနှုန်းတွေပြန်တက်တော့မယ်ဆိုတာ ဗျူဟာသုံးပြီး အုတ်ဈေးကွက်ကို အသိပေးလိုက်တဲ့သဘောပါ" ဟု ၎င်းက ပြောသည်။

ထို့ကြောင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်မှစတင်၍ အုတ်အလုပ်သမားများအား ၎င်းတို့၏လုပ်ကိုင်ရသော အဆင့်အလိုက် လုပ်အားခများ မတူညီသော်လည်း အလုပ်သမားအားလုံး၏ တစ်ရက်လုပ်အားခကို တစ်ဦးလျှင် ကျပ် ၅၀၀ စီ တိုးမြှင့်ပေးလိုက်ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"သူတို့ရဲ့အလုပ်မှာ အုတ်ပေါက် (အုတ်ပုံခွက်ထဲသို့ ရိုက်ထည့်ရသောသူ) အဆင့်တစ်ရက်လုပ်အားခ ကျပ် ၂,၈၀၀ ကနေ နောက်ဆုံးသန့်ရှင်းရေးအဆင့် အထိတစ်ဦးလျှင်လုပ်အားခကျပ်၅၀၀စီ တိုးသွားမှာပါ။ သူတို့ရဲ့စားဝတ်နေရေးကို ပြန်ကြည့်တာလည်းပါတာပေါ့။ ရာသီဥတုကြောင့် အုတ်လုပ်ဖို့မလွယ်တဲ့အခါ နေ့စားတွေမို့ သူတို့တွေနားကြရရင် အုတ်သူကြီးတွေက ကြိုတင်ငွေ ထုတ်ပေးရတတ်သေးတယ်။ ဒီအခါမျိုးမှာ သူတို့တွေ အကြွေးတင်လာကြတယ်" ဟု ဦးကျော်တင့်က ပြောပြ သည်။

ထိုသို့အုတ်လုပ်သားများ လစာတိုးမြှင့်ခြင်းနှင့်အတူ အုတ်သယ်ယာဉ်များ၏ ဈေးနှုန်းများမှာလည်း မြှင့်တက်လာကြောင်း ၎င်းက ပြောသည်။

"ဒီလိုအလုပ်သမားလုပ်အားခတိုးတော့ အုတ်သယ်ယာဉ်တွေဖြစ်တဲ့ ထော်လာဂျီ စတဲ့ကားတွေကလည်း အုတ်တစ်ချပ် ပြား ၈၀ ကနေ တစ်ကျပ်အထိ တိုးလိုက်ပါပြီ" ဟု ဦးကျော်တင့်က ပြောသည်။

အုတ်လုပ်သားတစ်ဦးလျှင် လုပ်ကိုင်ရသောအဆင့်အလိုက် လုပ်အားခများရရှိပြီး ၎င်းတို့၏လုပ်အားခများကို ခုနစ်ရက် (သို့မဟုတ်) ၁၀ ရက်တစ်ခါ ရှင်းပေးရကြောင်း၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ရွာသုံးရွာပါဝင်သော ဒုံးကုန်းအုတ်ခွင်ဟု လူသိများသည့် အဆိုပါအုတ်ကျင်းတွင် အုတ်အလုပ်သမား ၁၈,၀၀၀ကျော် ရှိသည်။ ■

တစ်ပတ်အတွင်း သတင်းတိုထွာ

မန္တလေးမြို့မှ ဂျာနယ်အသစ် တစ်စောင် ထွက်ဦးမည်

မန္တလေးမြို့ထုတ် ဂျာနယ်အသစ် တစ်စောင်ကို The Right Time News အမည်ဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေဖြန့်ချိတော့မည် ဖြစ်ကြောင်း ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် ရွှေမန္တလေးသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

သပိတ်စခန်းမှာ သံဃာတော်များ မပါဝင်ဖို့ မြို့နယ်သံဃာ့နာယကက မေတ္တာရပ်ခံထားပေမယ့် ဆက်ပြီးပါဝင်မယ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ် တုံရွာရှိ ပြန်လည်တည်ဆောက်ထားတဲ့ သပိတ်စခန်းကို သံဃာတော်များ ပါဝင်ပတ်သက်ခြင်းမပြုဖို့ မြို့နယ်သံဃာ့နာယကထံမှ ဇန်နဝါရီလ ၆ ရက်နေ့က အကြောင်းကြားစာ ပေးပို့ထားပေမယ့် သပိတ်စခန်းကို ဦးဆောင်နေတဲ့ သံဃာတော်တွေက လက်မခံဘဲ ဆက်လက်ဆောင်ရွက်မယ်လို့သိရကြောင်း ဇန်နဝါရီလ ၂၃ ရက်နေ့ထုတ် မြန်မာ့သတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

သိန်းပေါင်း ၇,၀၀၀ ကျော်အကုန်ကျခံပြီးဆောက်တဲ့ စမာသဲထုတ်တံခါး ငါးလအတွင်းမှာပဲ ပျက်စီးလာပြီလို့ ဒေသခံများယူဆ

နိုင်ငံတော်ကနေ သိန်း ၇၀၀၀ ကျော် အကုန်ကျခံပြီးဆောက်တဲ့ စမာရေလှောင်ဆည်ပေါ်က သဲထုတ်ရေတံခါးက ငါးလသာရှိသေးပေမဲ့ ပျက်စီးလာတယ်လို့ ယူဆရတဲ့အတွက် မြစ်သား ဒေသခံတွေ စိုးရိမ်နေကြကြောင်း ဇန်နဝါရီလ ၂၃ ရက်နေ့ထုတ် မြန်မာ့သတင်း ဂျာနယ်မှာ ဖော်ပြထားပါတယ်။ ■

ကရာတေးဒိုအဖွဲ့ချုပ် ရန်ပုံငွေပွဲအကြောင်းရှင်း

မန္တလေးတိုင်းဒေသကြီး ကရာတေးဒိုအဖွဲ့ချုပ်က (၂၇) ကြိမ်မြောက် ဆီးဂိမ်းတွင် အောင်မြင်မှုရရှိရေးအတွက် အင်အားအပြည့် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေရှာဖွေပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ကရာတေးဒိုအဖွဲ့ချုပ်သည် ရန်ပုံငွေရရှိရေးအတွက် နာမည်ကြီးတီးဝိုင်းတစ်ခုဖြစ်သော Iron Cross တီးဝိုင်းဖြင့် မန္တလေးမြို့ မြို့တော်ဥယျာဉ်အတွင်း၌ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်နိုင်က ပြောသည်။

"အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ကရာတေးဒိုအားကစားနည်းနဲ့ အောင်မြင်မှု ရရှိရေးအတွက် ရန်ပုံငွေရှာတဲ့ပွဲလေးဖြစ်ပါတယ်။ ၂၀၁၂ ဇွန်လတုန်းက ရန်ကုန်မှာတစ်ပွဲလုပ်ပါတယ်။ မတ်လ ၃၀ ရက်မှာ ရန်ကုန်မြို့မှာပဲ ဒီတီးဝိုင်းနဲ့ နောက်တစ်ပွဲထပ်လုပ်ပါဦးမယ်"ဟု ၎င်းက ပြောသည်။

လာမည့်ဆီးဂိမ်း ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများရရှိအောင် ပြင်းပြင်းထန်ထန်လေ့ကျင့်မှုများပြုလုပ်နေသော်လည်း နိုင်ငံခြားနည်းပြများ လိုအပ်နေပြီး နိုင်ငံတကာသို့သွားရောက်ယှဉ်ပြိုင်သည့်အခါ ငွေကြေးအခက်အခဲ လိုအပ်ချက်များရှိနေ၍ ပွဲကျင်းပရခြင်းဖြစ်ကြောင်း ဦးဇော်နိုင်က ပြောသည်။

"ကရာတေးမှာ ရွှေတံဆိပ်ရမထားသေးပါဘူး။ တခြားအားကစားတွေနဲ့ယှဉ်ရင်လည်း နောက်ကျနေတယ်။ အားနည်းချက်တွေ ရှိနေတယ်။ လက်ရှိအဖွဲ့ချုပ်အနေနဲ့ မလေးရှားနိုင်ငံက ဆရာတစ်ယောက်နဲ့ ကမ္ဘာ့ချန်ပီယံတွေ မွေးထုတ်ပေးတဲ့ အီရန်နိုင်ငံက နည်းပြဆရာကိုခေါ်ပြီး လေ့ကျင့်နေပါတယ်။ ဂျပန်ကဆရာတွေနဲ့ မြန်မာနိုင်ငံက လက်ရွေးစင်တွေကို လေ့ကျင့်ပေးဖို့ အစီအစဉ်တွေလည်းရှိပါတယ်" ဟု ၎င်းက ပြောသည်။

ယခုလာမည့်ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ ပြိုင်ပွဲတစ်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ကျန်ရှိခဲ့သည့်အလားအလာရှိ အားကစားသမားများအား နောက်ဆုံးအဆင့် ရွေးချယ်မည့်ပွဲဖြစ်ကြောင်း ဦးဇော်နိုင်က ပြောသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ နီးပါးက မန္တလေးတိုင်းတွင် ကရာတေးဒိုအားကစားမှာ ထိပ်ဆုံးတွင်ရပ်တည်ခဲ့သော်လည်း လက်ရှိအချိန်တွင် ကစားသမား အင်အားနည်းသည့်အပြင် ဆုတံဆိပ်ရရှိမှုလည်း ကျဆင်းလာခြင်းကြောင့် မန္တလေးတိုင်းကရာတေးဒို အဆင့်အတန်း ပြန်လည်မြင့်မားလာပြီး လူငယ်များ စိတ်ဝင်စားမှုရှိလာစေရန် အဆိုပါပွဲကို ကျင်းပခြင်းလည်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"အရင်ကဆိုရင် အကောင်းဆုံးဆုတွေ၊ ဒိုင်းဆုတွေအကြိမ်ကြိမ်ရရှိဖူးပါတယ်။ ကရာတေးဒိုအားကစားက တခြားအားကစားတွေနဲ့ ယှဉ်ရင် နှစ်ပေါင်းများစွာ ကျွမ်းကျင်အောင် လေ့ကျင့်ပြီးမှ ပြိုင်ပွဲဝင်ရောက်နိုင်တာဖြစ်တာကြောင့် ခက်ခဲပင်ပန်းပါတယ်" ဟု ဦးဇော်နိုင်က ပြောသည်။

မန္တလေးတိုင်းတွင် ကရာတေးဒို ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ ကျင်းပခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ဝင်ကြေးအဖြစ် ကျပ် ၁၀,၀၀၀ နှင့် ကျပ် ၃၀,၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ **လှိုင်ကျော်စိုး** ■

စာပေဈေးကွက်ကဏ္ဍာ

ခရီးသွား ဆောင်းပါးများ

ဖြိုးဝေကျော်

'ခတ်ပုံ ရိုက်ပြသလိုသာမက ခံစားရမှုနှင့်အတူ ပန်းချီရေးဆွဲတင်ပြသလို ရေးထားတဲ့ ခရီးသွားဆောင်းပါးတွေ'လို့ လူထုဦးလှက ညွှန်းဆိုထားတဲ့ သတင်းစာဆရာ မောင်မဲရဲ့ ခရီးသွားဆောင်းပါးတွေကို စုစည်းထားတဲ့စာအုပ်ဖြစ်ပါတယ်။

ရှားပါးတဲ့ ခရီးသွားစာပေအမျိုးအစားကို စွဲမက်ဖွယ်ဖြစ်အောင် မက်မက်မောမော ရေးဖွဲ့တတ်တဲ့ ဆရာမောင်မဲဟာ လူထုသတင်းစာမှာ အများဆုံးပါဝင်ရေးသားခဲ့တယ်လို့ သိရပါတယ်။ ဒီစာအုပ်ထဲက ခရီးသွားဆောင်းပါးတွေဟာ ၁၉၅၄ ခုနှစ်ကနေ ၁၉၅၉ ခုနှစ်အတွင်း လူထုဂျာနယ်မှာ ရေးခဲ့တဲ့ဆောင်းပါးတွေထဲက လက်ရွေးစင်တွေဖြစ်ပါတယ်။

ဆရာမောင်မဲဟာ ကချင်ပြည်နယ် လီဒိုလမ်းမတစ်လျှောက်က ကျေးရွာတွေ၊ ချင်း၊ နာဂလူမျိုးတို့ရဲ့ ရွာကလေးတွေ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ထဲ တောခေါင်ခေါင်နေရာတွေမှာ နေထိုင်ကြသူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုရိုးရာတွေကို ကိုယ်တိုင်အရောက်သွားပြီး ရေးဖွဲ့ထားတာဟာ စာဖတ်သူအတွက် တစ်ထိုင်တည်းနဲ့ နေရာမျိုးစုံကို အရောက်သွားပြီး စနည်းနာခွင့်ရသလို ကျေနပ်စရာဖြစ်မှာပါ။ ဒ့ါပြင် ရေးဖွဲ့ထားရာမှာ ရသဝတ္ထုတစ်ပုဒ်ကို ဖတ်ရှုရသလို ခံစားရမှာကြောင့် နှစ်သက်ကြမှာ အမှန်ပါပဲ။

စာအုပ်မှာ ခရီးသွားဆောင်းပါးပေါင်း ၃၅ ပုဒ်ပါဝင်ထားပါတယ်။ အားလုံးဟာ စိတ်ဝင်စားစရာဖြစ်ပြီး ရှေ့ပိုင်းမှာ 'လူနှင့်ငွေ'၊ 'ပျက်စီးလု နီးပေပြီ'၊ 'အသက်တစ်ချောင်း'၊ 'တစ်ယောက်နှင့်အများ'၊ 'နောက်ဆုံးကွဲကြလေသတည်း'၊ 'ဆင်ခြေဖုံး'၊ 'ကံကောင်းသူ'၊ 'ဘမောင်နှင့် နှစ်ထောင့်ငါးရာ'၊ 'နောက်ထပ် မတိုးလိုက်ပါနဲ့'၊ 'ကျဉ်းမြောင်းသော မဟာပထဝီမြေ'၊ 'မေးခွန်းနှင့် မေးခွန်း'၊ 'မြတ်သောသေခြင်း'၊ 'သုံးခါပြောင်းတော့ စလောင်းမကျန်'နဲ့ 'တူနိုင်ရိုးလား' တို့ ပါဝင်ထားပါတယ်။

ပါဝင်ထားတဲ့ ဆောင်းပါးတွေနဲ့ပတ်သက်ပြီး "ဆရာမောင်မဲသည် လောကကိုပြုံးပြုံးလေးမမြင်။ မဲ့တဲ့တဲ့ မြင်၏။ လောကဓံကို မဲ့တဲ့တဲ့မခံ။ ပြုံးပြုံးလေးခံ၏။ လောက၏ ပြနေသောဘက်ကို မကြည့်။ တစ်ဖက်ကို ကျော်ကြည့်တတ်၏။ အားကြီးသူကို သဘောမတွေ့။ အားနည်းသူကို ကူညီတတ်၏။

"ဆရာ၏ဆောင်းပါးများတွင် အတွေးများ တွေးစရာ ပေးနိုင်၏။ အဆွေးများ လွမ်းပင်လယ်ဝေနိုင်၏။ ဒေါသများ လှိုင်းထနိုင်၏။ ဆရာမောင်မဲ၏အရေးအသားကို ကျွန်တော် ညွှန်းဆိုနေလျှင် လျှာရှည်သည်မှလွဲ၍ တခြားဘာမျှမဖြစ်"လို့ ဒီစာအုပ်ကို ထုတ်ဝေသူက ဆိုပါတယ်။

ဒီလိုဆိုထားတဲ့အတိုင်းပဲ စာဖတ်သူဟာ ဆရာမောင်မဲရဲ့ဇာတ်ကောင် 'ဘမောင်'နဲ့အတူ နေရာစုံကို လှည့်လည်ခရီးသွားရင်း လူတွေကြားထဲမှာ အမြင်မတော်မှု၊ ချို့ယွင်းအားနည်းမှု၊ ဝမ်းသာရွှင်မြူးမှု၊ ဝမ်းနည်းမှု စတဲ့ရသအမျိုးမျိုးကို ခံစားကြရပါလိမ့်မယ်။ ဒီလိုနေရာမှာ ကချင်ပြည်နယ်က ရွာကလေးတစ်ရွာမှာ



ယောက္ခမတွေကို နတ်ဖိုးမပေးနိုင်လို့ မိန်းမနဲ့ကလေးတွေကို ယောက္ခမတွေက တခြားသူလက်ထဲ ထိုးအပ်ဖို့လုပ်နေတဲ့ ရှားပါးတဲ့ဓလေ့ထုံးစံမျိုးကိုပါ တွေ့ကြရမှာပါ။

စာအုပ်ရဲ့နောက်ပိုင်းမှာ 'မောင်းမရွာ'၊ 'ဇိကုတ်၍ နတ်ပြည်တင်ခြင်း'၊ 'နာဂတို့ဒေသမှ အမွေမူ'၊ 'မရင်ပူ'၊ 'မိသားစုရွာတဲ့လေ'၊ 'ခွေးရှမ်းရွာ'၊ 'မေတ္တာ'၊ 'ရွှေမြို့တော်'၊ 'ဒီသာခီး'၊ 'သိကြားသာသနာတဲ့ဗျား'၊ 'ဘယ်သောခါ သာပါလိမ့်'၊ 'သူ၏လက်လှမ်း'၊ 'ဘဝပေးအသိ'၊ 'ကျားကိုက်ရွာ'၊ 'နာဂသံသရာ'၊ 'အပြင်၃၇မင်းအရေးတော်ပုံ'၊ 'အတ္တဟိတပရဟိတ'၊ 'နယ်ခြားတို့၏ဓမ္မတာ'၊ 'အရှုံးရွာ'၊ 'ညောင်ရေလောင်းသူ'နဲ့ 'ဒေါနတောင်ခြေ ကရင်ပြည်'တို့ကို ဖတ်ချင်စဖွယ် တွေ့ရပါလိမ့်မယ်။

ဆရာမောင်နေဝင်းက 'မောင်မဲ၏ သတင်းဆောင်းပါးများမှာ တစ်ခါတစ်ရံ လောကသဘာဝ၊ လူ့သဘာဝကို ဖွဲ့လိုက်သော ဝတ္ထုလေးများ'လို့ ညွှန်းဆိုထားတဲ့ ဒီစာအုပ်ကို သံလွင်ငြိမ်းချမ်း စာပေကနေ ၂၀၁၂၊ ဒီဇင်ဘာလမှာ ဒုတိယအကြိမ် အုပ်ရေ ၅၀၀ ထုတ်ဝေထား ပြီး တန်ဖိုး ကျပ် ၂,၅၀၀ ဖြစ်ပါတယ်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ

ကြေးမုံဝင်း

ဒီတစ်ပတ်တော့ ဖော်ပြနေကျ လျှပ်စစ်ပစ္စည်းအမျိုးအစားတွေထဲကနေ ခွဲထွက်ပြီး ရေချိုးခန်းသုံးပစ္စည်း အသစ်အဆန်းလေးတွေအကြောင်း မိတ်ဆက်ဖော်ပြလိုက်ပါရစေ။

Sensor y|a&ykdfac|if

စတီးအစစ်နဲ့ပြုလုပ်ထားပြီး Sensor ပါဝင်တာကြောင့် ရေပိုက်ခေါင်းအောက်မှာ လက်ခံရုံနဲ့ ရေအလိုအလျောက် ထွက်လာစေမယ့် ပစ္စည်းမျိုးပါ။ ဒီဇိုင်းက ခြောက်မျိုးလောက်ရှိပါတယ်။ လက် ဆေးကန် အသေးမှာဆိုရင်ဘေးနားမှာလူဖြတ်သွားရုံနဲ့ ပိုက်က ရေကျလာတာမျိုးမဖြစ်အောင်လည်း Sensor ရဲ့ အာရုံခံနိုင်မှုကို အနီး၊ အဝေး ချိန်ထားလို့ ရပါသေးတယ်။ လျှပ်စစ်နဲ့ ချိတ်ဆက်စရာမလိုတာကြောင့် ဓာတ်လိုက်မှာလဲ ပူစရာမလိုတော့ပါဘူး။ Sensor အလုပ် လုပ်ဖို့အတွက်က AA ဓာတ်ခဲလေး လုံးကိုပဲ အသုံးပြုရမှာ ဖြစ်ပါတယ်။ အဲဒီ AA ဓာတ်ခဲလေးလုံးရဲ့အားက အိမ်မှာသုံးတယ်ဆိုရင် အချိန်တစ်နှစ် လောက် ထိ အသုံးခံတယ်လို့ သိရပါတယ်။ Maxten အမှတ်တံဆိပ် ဖြစ်ပြီး တစ်နှစ် အာမခံ ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထိ ကျပ် ၇၀,၀၀၀ ကျော်ကနေ ကျပ် ၁၀၀,၀၀၀ ကျော်နှုန်းနဲ့ ဝယ်ယူ ရရှိနိုင်ပါတယ်။ ကျပ် တစ်သိန်းကျော်တန်က ရေပူနဲ့ ရေအေး ကို ချိန်ညှိလို့ရတဲ့ ခလုတ်တစ်ပါ တည်း ပါဝင်ပါတယ်။

Sensor y|qyjf,m&nfbl

ဆပ်ပြာရည်ဘူးအောက်မှာ လက်ခံထားလိုက်ရုံနဲ့ ဆပ်ပြာအလိုအလျောက် ထုတ်ပေးတဲ့ ပုံစံမျိုးပါ။ သူ့ရဲ့ Sensor ကလည်း လျှပ်စစ်ဓာတ်အားမလိုဘဲ AA ဓာတ်ခဲ လေးလုံးပဲ သုံးရမှာပါ။ လူသုံး များတဲ့နေရာမှာဆို သုံးလလောက်ထိ ခံပါတယ်တဲ့။ အများသုံးအတွက် အသုံး ပြုရင် ဆပ်ပြာရည်ဘူးကို အလေ အလွင့် မဖြစ်ရအောင် သော့ခတ်ထားလို့လည်း ရပါတယ်။ ဆေးရုံ၊ ဆေးခန်းတွေ အတွက် ပိုမိုသင့်တော်ပြီး ဈေးနှုန်းက ကျပ် ၁၈,၀၀၀ ဖြစ်ပါတယ်။

LED a&yef

ရေပန်းထိပ်ခေါင်းမှာ LED မီးသီးလေး တွေ ပါဝင်ပြီး လျှပ်စစ်နဲ့ ချိတ်ဆက်စရာမလို၊ ဓာတ်ခဲလည်း သုံးစရာမလိုဘဲ ရေအားနဲ့တင် မီးအလင်းကို ရရှိစေ မှာဖြစ်ပါတယ်။ ရေပန်းပုံစံကလည်း မိုးရွာတဲ့ပုံစံ (Rain Shower) ပုံစံမျိုး ဖြစ်တာကြောင့် ရေထွက်အားလည်း ကောင်းပါတယ်။ မီးအပြာရောင်တစ်မျိုး တည်း (Single)ထွက်တာရှိသလို ရေ အပူချိန်ပေါ်လိုက်ပြီး အစိမ်း၊ အပြာ၊ အနီ အရောင်သုံးရောင် ပြောင်းတဲ့ အမျိုးအစား(Multiple) လည်းရှိပါတယ်။ Single က ကျပ် ၁၂,၅၀၀ ဖြစ်ပြီး

မန္တလေးအထူးကဏ္ဍ ၈ သို့

ယခုနှစ်ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၂၀၀ နီးပါးရှိ

မန္တလေးခရိုင် မြို့နယ်ခုနစ်မြို့နယ်အတွင်း ပြီးခဲ့သော ၂၀၁၂ ခုနှစ်တစ်နှစ်လုံးတွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူမှာ ယခင် ၂၀၁၁ ခုနှစ်ထက် ၆၀ ခန့်ပိုမိုကာ ၂၀၀ နီးပါးအထိ ရှိခဲ့သဖြင့် ယာဉ်လမ်းစည်းကမ်းများကို အထူးသတိထား လိုက်နာကြရ၊ ထိန်းသိမ်းကိုင်တွယ်ကြရမည့်အနေအထားသို့ ရောက်လျက်ရှိသည်။

မန္တလေးမြို့၌ ၂၀၁၂ ခုနှစ်တွင် ယာဉ်တိုက်မှု ၅၆၀ ခန့်ရှိခဲ့ရာ ဆိုင်ကယ်ပါဝင်ပတ်သက်သော အမှုမှာ ၃၄၀ နီးပါးရှိကာ ယင်းကြောင့်သေဆုံးသူမှာ ၁၂၀ ရှိခဲ့သည်။ ၎င်းတို့အနက် ဆိုင်ကယ်ချင်းတိုက်မှုမှာ စံချိန်တင်များပြားပြီး အမှု ၁၁၀ ရှိခဲ့ကြောင်း သိရသည်။

"အခုဆို ရုံးတက်ရုံးဆင်းချိန်တွေမှာ ယာဉ်ကြောပိတ်တာတွေက အရမ်းသိသာလာပြီ။ အရေးအကြီးဆုံးက ဆိုင်ကယ်၊ ကားတွေကို အရှိန်နဲ့မဆင်မခြင်မောင်း၊ အရမ်းကာရောမောင်းနှင်တာတွေကို ထိထိရောက်ရောက် အရေးယူနိုင်ဖို့လိုတယ်လို့ထင်ပါတယ်။ အဓိကကျတာက တခြားသူတွေကိုပါထိခိုက်အောင် အရှိန်နဲ့မောင်းတဲ့သူမျိုးကို အရေးယူစေချင်ပါတယ်"ဟု မန္တလေး မြို့ခံတစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အား၊ ခေတ်မီအချက်ပြ ယာဉ်ထိန်းကိရိယာပံ့ပိုးနိုင်မှုမှာလည်း များစွာအရေးပါကြောင်း မြို့ခံများက သုံးသပ်သည်။ မန္တလေးခရိုင်အတွင်း ယာဉ်ထိန်းအင်အားမှာ ၂၅၀ ခန့်ရှိကြောင်းသိရပြီး တိုင်းကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ လက်ရှိတွင် တိုင်းအတွင်း စက်တပ်ယာဉ်စီးရေ ၅၄၇,၀၀၀ ကျော်ရှိကာ ဆိုင်ကယ်စီးရေမှာ ၄၇၀,၀၀၀ ကျော်ရှိကြောင်း သိရသည်။

ဖြိုးဝေကျော်နှင့် သန်းနိုင်စိုး ■

မင်္ဂလာမန္တလေးစီမံကိန်း လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

မင်္ဂလာမန္တလေးစီမံကိန်း ပထမအဆင့် ၃၅ ရာခိုင်နှုန်းပြီးစီး၊ ဆီးဂိမ်းအမီအပြီးသတ်တည်ဆောက်မည်

ဖြိုးဝေကျော်

မန္တလေးမြို့ စည်ပင်သာယာ၊ C.A.D Construction နှင့် New Star Light ဆောက်လုပ်ရေးတို့ အကျိုးတူပူးပေါင်းကာ မန္တလေးမြို့ ၇၃ လမ်းပေါ်တွင် တည်ဆောက် အကောင်အထည် ဖော်နေသော အစီအစဉ်များစွာပါဝင်သည့်မင်္ဂလာ မန္တလေးစီမံကိန်းပထမ အဆင့်မှာ ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီး လာမည့်ဆီးဂိမ်းအမီ အပြီးသတ်မည်ဖြစ်သည်။

မြို့တွင်း အချက်အချာနေရာနှင့် မြို့သစ်ရပ်ကွက်ကြီးများကြား၊ နေရာကောင်းပေါ်ရှိမြေအကျယ် ၄၇ ဧကပေါ်

မန္တလေးအထူးကဏ္ဍ ဃ သို့

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ . . .

မန္တလေးအထူးကဏ္ဍ ခ မှ

Multiple က ကျပ် ၁၅,၀၀၀ ပါ။ ရေချိုးရမှာကြောက်တဲ့ သားသားမီးမီးတွေအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်စေနိုင်သလို ကိုယ်ကိုယ်တိုင်အတွက်လည်း စိတ်ကြည်နူး အပန်းပြေစေတဲ့ ရသမျိုး ရရှိနိုင်မှာပါ။

t ydef;ESifh&c;ydefo kHpif;f

အနည်းဆုံး အဆင့်နှစ်ဆင့်ပါဝင်ပြီး အပေါ်ဆင့်က ဗျက်ပိုကျယ်တဲ့အတွက် အဝတ်အပြင် အခြားပစ္စည်းအမျိုးမျိုး အတွက်လည်း နေရာပေးနိုင်မှာပါ။ ဥပမာ-ရေချိုးခန်းသုံးပစ္စည်းနဲ့ အဝတ်တွေ အထပ်လိုက်တင်ဖို့အတွက်ပေါ့။ အပေါ်ဆင့်က မှန်ပြားတပ်စင်တွေ ရှိ သလို စတီးတန်း၊

စတီးပြားတပ် စင်တွေလည်း ရှိ ပါတယ်။ ဒီဇိုင်း ၁၀မျိုး လောက်ရှိပြီး ဈေးနှုန်းက ကျပ် ၁၀,၀၀၀ ဝန်းကျင်ကနေ ၂၅,၀၀၀ ခန့်ထိရှိပါတယ်။

O kHjy Shower Set

ရေပိုက်ခေါင်း၊ လက်ကိုင်ရေပန်းနဲ့ ရိုးရိုးရေပန်း သုံးမျိုးတွဲလျက်ပါဝင်တဲ့ တစ်စုံစာပါ။ စတီးအစစ်ဖြစ်တဲ့အတွက် ရေ အားများတဲ့ ဒဏ်ကိုလည်း ခံနိုင်ပါတယ်တဲ့။ ထူးခြားတာတစ်ခုက ရေထွက်တဲ့ နေရာသုံးခုစလုံးအတွက် အဖွင့်အပိတ်ကို တစ်နေရာတည်းကနေ ပြုလုပ်နိုင် တာပါပဲ။ ဒီဇိုင်း သုံးမျိုးလောက်ရှိပြီး ဒီဇိုင်းပေါ်မူတည်လို့ ဈေးနှုန်းက ကျပ် ၁၂၀, ၀၀၀ ကနေ ၁၇၀,၀၀၀ ထိ ရှိပါတယ်။ Maxten တံဆိပ်ပဲ ဖြစ်ပါတယ်။

t vlrD,rf&, f0ifwHcg;

အလူမီနီယမ်ဖြစ်တဲ့အတွက် ဈေးကွက်မှာ ရှိပြီးသား PVC တံခါးတွေထက် ခိုင်ခံ့မှုရှိမှာတော့ သေချာပါတယ်။ ဘောင်ကို အလူမီနီယမ်တွေနဲ့ လုပ်ထားပြီး အလယ်က မှန်ကို အသုံးပြုထားပါတယ်။ မှန်ကလည်း အတွင်းတစ်ထပ်၊ အပြင်တစ်ထပ် နှစ်ထပ်ပါဝင်ပြီး မှန်ရဲ့ ဒီဇိုင်းကလည်း ရွေးချယ်စရာ ငါးမျိုးလောက် ရှိပါတယ်။ မှန်ရဲ့ အောက်ခြေမှာ လေပေါက်ပါတာကြောင့် ရေနွေးနဲ့ချိုးရင် ရေငွေ့ပျံတာမျိုးတွေ သက်သာစေမှာပါ။ တံခါးရွက်ရဲ့ အရွယ်အစားက ၂ပေ×၆ပေဖြစ်ပြီး လက်ကိုင်ဘုကလည်း အကြမ်းခံတဲ့ ကွဲချိုလက်ကိုင်ပုံစံ ဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၄၅,၀၀၀ ပါ။

အခု ဖော်ပြသွားတဲ့ ပစ္စည်းတွေကို ပရိသတ်ကြီး စိတ်ဝင်စားလို့ ဝယ်ယူချင်တယ်ဆိုရင် လမ်း ၈၀ နဲ့ ၂၆ လမ်းထောင့်၊ မစိုးရိမ်တိုက်တန်းက Maxten ရေချိုးခန်းသုံးပစ္စည်းဖြန့်ချိရောင်းဝယ်ရေးမှာ ရရှိနိုင်တဲ့အကြောင်း သတင်းပေးလိုက်ပါရစေနော်။ ■

ကုန်ပစ္စည်းကဏ္ဍ

မင်္ဂလာမန္တလေးစီမံကိန်း . . .

မန္တလေးအထူးကဏ္ဍ ၈ မှ

တွင် တည်ဆောက်နေသည့် အဆိုပါစီမံကိန်းတွင် လေးထပ်လူနေဆိုင်ခန်းပေါင်း ၁၂၇ ယူနစ်၊ စည်ပင်သာယာ၏ အခန်း ၅၀ ပါဝင်သော ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်နှင့် ၄၈ ယူနစ်ပါ ကွန်ဒိုမီနီယံ၊ အထပ်ငါးထပ်ရှိ ဈေးဝယ်စင်တာနှင့် ကားစီးရေ ၁,၀၀၀ ရပ်နားနိုင်မည့် အထပ်ငါးထပ်ရှိ multi-storey building၊ နိုင်ငံတကာ ကြယ်လေးပွင့်အဆင့်ရှိ အခန်း ၃၀၀ ပါ Novotel (Mandalay) ဟိုတယ်၊ ရှစ်ထပ်ရှိပြီး ၉၆ ယူနစ်ပါ Novotel Condominium နှင့် အဆင့်သုံးမျိုးခွဲခြားထားသော အိမ်ရာ ၆၉ ကွက်တို့ ပါဝင်သည်။

"လူနေတိုက်ခန်း ၁၂၇ ယူနစ်၊ ကားပါကင်၊ ဟိုတယ်တွေနဲ့ ဈေးဝယ်စင်တာတွေကို ပထမအဆင့်အနေနဲ့ ဆီးဂိမ်းအမီ တည်ဆောက်ဖွင့်လှစ်သွားမှာပါ။ လက်ရှိမှာ ၃၅ ရာခိုင်နှုန်း တည်ဆောက်ပြီးပါပြီ။ တိုက်ခန်းတွေကို လောလောဆယ် အရောင်း မဖွင့်သေးပါဘူး"ဟု CA.D ဆောက်လုပ်ရေးမှ ဦးဇင်မင်းဆွေက ယခုလ ၂၁ ရက်နေ့က ပြောသည်။

ပြီးခဲ့သော ၂၀၁၂၊ စက်တင်ဘာလဆန်းက စတင်အကောင်အထည်ဖော်နေသော အဆိုပါစီမံကိန်းတွင် နိုင်ငံသားများသာ ရင်းနှီးထားပြီး ရင်းနှီးငွေကျပ်ဘီလျံ ၁၂၀ ဖြစ်ကြောင်း သိရသည်။

"ဒီနေရာက ပတ်ဝန်းကျင်အနေအထားနဲ့ အလားအလာလည်း ကောင်းတယ်။ စီးပွားရေးအချက်အချာကျတဲ့ နေရာတစ်ခုဖြစ်လာအောင်လုပ်ဖို့လည်း ရည်ရွယ်ပါတယ်။ ကျွန်တော့်အနေနဲ့ တကယ်ဆိုင်လာဖွင့်မယ့်သူတွေ၊ နာမည်ရထားတဲ့ ကုန်အမှတ်တံဆိပ်ပိုင်ရှင်တွေကို နေရာဦးစားပေး ရောင်းချသွားမယ်။ ဆီးဂိမ်းပြီးတဲ့နောက် ကျန်တဲ့အပိုင်းတွေကို ၂၀၁၄ ခုနှစ်အတွင်း လက်စသတ်အကောင်အထည် ဖော်သွားကြမှာပါ" ဟု ဦးဇင်မင်းဆွေက ပြောသည်။

ကိုယ်ပိုင် လျှပ်စစ်ဓာတ်အားခွဲရုံနှင့် အဝီစိတွင်းများပါဝင်ပြီး Night Life အတွက် လမ်းလျှောက်ဈေးတစ်ခုကို ထည့်သွင်းဖန်တီးသွားမည့် အဆိုပါစီမံကိန်း ပြီးစီးအကောင်အထည်ပေါ်လာပါက မြို့သစ်ရပ်ကွက်ကြီးများနှင့် မြို့တွင်းဆက်စပ်မှု ပိုမိုအားကောင်းလာနိုင်ပြီး အိမ်မြေဈေးကွက်ပါ အကွက်အကွင်း ပိုမိုလှုလာနိုင်ကြောင်း အကျိုးဆောင်တချို့ကသုံးသပ်နေကြသည်။ ■

စစ်ကိုင်း၊ ချင်းယာဉ်လိုင်းများ ရွှေ့ပြောင်းနေရာချရန်စီစဉ်

လှိုင်ကျော်စိုး

ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ကားဝင်းကို အဆင့်မြှင့်တင်ပြီး လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်ကာ စစ်ကိုင်း၊ ချင်းပြည်နယ်များသို့ ပြေးဆွဲနေသော ယာဉ်လိုင်းများကို ပြောင်းရွှေ့ချထားပေးရန် လျာထားကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီ တာဝန်ပေးအပ်ပွဲတွင် ပြောသည်။

လမ်းများ ကောင်းမွန်အောင်ပြုပြင်ပြီး၊ ကားကျပ်ခြင်းများမရှိအောင် ဆောင်ရွက်လျက်ရှိကာ ခေတ်နှင့်အညီ ဆောင်ရွက်ပေးရန် လွှတ်တော်သို့ စာတင်ထားကြောင်း ၎င်းက ပြောသည်။

"ချမ်းမြရွှေပြည် ကားဝင်းမှာက ခေါက် တို အဝင်အထွက်များပါတယ်။ ကားကြီးတွေကဟိုနားရပ်၊ ဒီနားရပ်တော့ ချိုင့်တွေဖြစ်တာပေါ့။ ကားအဝင်အထွက်လည်းများတော့ လမ်းတွေလည်းကျပ်ပြီး ပိတ်နေတာတွေရှိပါတယ်။ အခုတော့အားလုံးပြုပြင်ထားတဲ့အတွက် အဆင်ပြေနေပါပြီ။ လမ်းတွေကောင်းအောင် လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ပြောသည်။

သီရိမန္တလာ ကားဝင်းအတွင်း၌လည်း ကားအဝင်အထွက်များသောကြောင့် ကားလမ်းများပိတ်နေခြင်း၊ ကားအစီးရေတစ်နေ့လျှင်အဝင်အထွက် ၄၀၀ ကျော်ရှိသောကြောင့် ကားဝင်းအတွင်း ကားများကျပ်သိပ်ရခြင်းကို ဖြေလျှော့သည့်အားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်များသို့ လက်ရှိပြေးဆွဲနေသောယာဉ်လိုင်းများကို ကွဲဆည်ကန်ကားဝင်းသို့ပြောင်းရွှေ့ရန် ရည်ရွယ်ထားကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

"စစ်ကိုင်း၊ ချင်းပြည်နယ်ကားလိုင်းတွေကို ကွဲဆည်ကန် ကားဝင်းပြောင်းဖို့ ယာယီစဉ်းစားထားပါတယ်။ အသစ်ဆောက်နေတဲ့ စွယ်တော်ကားဝင်းပြီးလို့ ကွဲဆည်ကန်ကားဝင်း ပြောင်းပြီးပြီဆိုရင် အဲဒီလိုင်းတွေကို နေရာချပေးနိုင်ဖို့ စာတင်ထားပါတယ်။

"စစ်ကိုင်းတို့၊ ချင်းပြည်နယ်တို့ကို ပြေးဆွဲတဲ့ ကားလိုင်းတွေ ပြောင်းရွှေ့လိုက်ရင် ကားအရေအတွက်လျော့နည်းသွားမယ်။ အစီးရေအနေနဲ့ကြည့်ရင် ၁၈၇ စီးလျော့သွားမယ်။ သီရိမန္တလာကားဝင်းမှာလည်း ကားအစီးရေ ၂၅၀ လောက်ပဲကျန်တော့ အဆင်ပြေသွားတာပေါ့။ အခုတော့ စွယ်တော်ကားဝင်းက မပြီးသေးတဲ့အတွက် အဆင်မပြေသေးပါဘူး"ဟု လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။ ■

မန္တလေးပန်းချီဆရာများ ကျန်းမာရေးကူညီစောင့်ရှောက်ရေး အဖွဲ့ စတင်ဖွဲ့စည်း

မန္တလေးပန်းချီဆရာများ ကျန်းမာရေးကူညီစောင့်ရှောက်ရေးအဖွဲ့ကို ဇန်နဝါရီလ ပထမပတ်က ဖွဲ့စည်းခဲ့သည်။

"မန္တလေးပန်းချီဆရာတွေရဲ့ ကျန်းမာရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ဖွဲ့စည်းခဲ့ပါတယ်။ စေတနာနဲ့ထည့်ဝင်တဲ့ အလှူငွေနဲ့ပဲ လှူဒါန်းသွားမှာပါ။ ဒီအဖွဲ့က နေပြီး ရန်ပုံငွေပန်းချီပြပွဲတွေကျင်းပတာ၊ စီစဉ်တာတွေမလုပ်ပါဘူး"ဟု ဦးဇော်ဝင်း(သစ်ထွင်း)က ပြောသည်။

မန္တလေး ပန်းချီဆရာများ ကျန်းမာရေးကူညီစောင့်ရှောက်ရေးအဖွဲ့ကို ဦးဇော်ဝင်း(သစ်ထွင်း)၊ ဦးမာလာ၊ ဦးခင်မောင်စန်း၊ ဦးစိုးဝင်းအောင်၊ ဦးပုညဆွေတို့က ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ဇန်နဝါရီလ ၉ ရက်နေ့က မျက်စိခွဲစိတ်မှုခံယူထားသော ပန်းချီဆရာကြီးဦးထွန်းစိန်အား ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့သည်။

"အလှူငွေကို ပန်းချီဆရာတွေအပြင် ပြင်ပကလူတွေလည်း လှူဒါန်းပါတယ်။ ဒီအဖွဲ့ကနေပြီး ကျန်းမာရေးအတွက် အကူအညီပေးတဲ့အခါ လိုအပ်ချက်ပေါ်မူတည်ပြီး လှူဒါန်းပါတယ်။ နည်းရင်နည်းသလို၊ များရင်များသလို လှူဒါန်းပေးပါတယ်။ ဘယ်လောက်လှူမယ်လို့ သတ်မှတ်ထားတာမျိုးတော့ မရှိပါဘူး" ဟု ဦးဇော်ဝင်း(သစ်ထွင်း)က ပြောသည်။ **သန်းနိုင်စိုး** ■

MANDALAY QuickGuide

Advertising Hotline:
02 65391 | 02 24450
www.mmtimes.com

GEMS & JEWELLERY

တော်ဝင် စိန်တိုက်

အောင်သမာဓိ
စိန်ရွှေရတနာဆိုင်
(1) :89th st, Bet 21st & 22nd st,MDY Ph :02-39730, 02-71744
(2): No.115, 84th st, Bet: 29th & 30th st, MDY. Ph : 02-66786
(3): No.55, 29th st (Lower block), YGN. Ph : 01-389922, 01-374488
(4): 14th St, Bet 87th & 88th St, MDY. Ph : 02-73108

ဝိန္ဒစိန် စိန်ရတနာရွှေဆိုင်

ပွင့်ရတနာ
စိန်ရွှေရတနာဆိုင်

စိန်စမွယ်ဖူး
စိန်တိုက်
Email : diamondsabai@myanmar.com.mm
www.seinsabaiphoo.com

မိုးကုတ်
ကျောက်မျက်ရတနာရွှေဆိုင်

ဟောင်ကောင်
စိန်တိုက်

SILK

ယဉ်သူထိုက် ပိုးထည်

ရွှေသုန္ဒရီ
အထည်ဆိုင်

သဇင်နွယ်
မြန်မာ့ရိုးရာ ယက္ကန်းပိုးထည် နှင့် ချည်ထည်အမျိုးမျိုး

ရွှေဝတ်လွှာ
ပိုးထည်၊ချည်ထည်

ရတီမင်း
နိုင်ငံခြားဖြစ်ပိုးထည်အမျိုးမျိုး

Fashion

Diva fashion
Room(95), Level(2), Diamond Plaza,Mandalay.
Ph: 09-5168061 ,09-73237629

Ditto fashion
FUJI Classical fashion & Textiles Station
09-6814168 , 09-91042166

Sanstar
Handbag& Fashion
Ph; 02-78946, 09 2003436 , 09-2031029 ,09-6816952

Star Flower
Fashion

amara
fashion
32nd Street; Bet; 77th&78th St: MDY.
Tel:09-2022336

Beauty Salon

Diamond
Beauty Spa
78th & 77th Street,Bet 33rd & 34th Street,Diamond Plaza,4th Floor, Mandalay,Myanmar.
Tel: 095-9-47606698,2000260

LECEA
Mido Cosmetic
Customer Service 09-5137016

Beauty Mandalay
အလှပြုပြင်ရေး
09-5191469,47003373,402596333

Best Care
Beauty Center
Tel:95-9-2017308,91001084

Long Style
Beauty Saloon
76St,Bet: 32x33 St,
Ph;09-2053849,MDY.

Pink Lady
Beauty Salon
28th St,Bet:76thx77thSt,
Ph:09-43128086

Beauty Salon

Angle
Beauty Salon

မိုးမြင့်သူ
အလှပြုပြင်ရေး

Hotel

Hotel Mandalay
No. (652), 78th , Bet:37thX38th St, Maharaungmyay ,Township, Mandalay,Myanmar
Tel: 02- 71582, 71583, 71584, 71585,(95-2) 72630, 72631, 72632

HOTEL SHWE PYI THAR MANDALAY MYANMAR
b-8,PyinOoLwin Road, Bet:31x32St:Mandalay
02-74402, Fax: 02-74408

Hotel Queen
Mandalay

Mount Pleasant
Hotel
For more information , Please contact to
Tel; 067-431155 (16 lines)
067-431133
H.P: 09-8586902,8586903
Fax: 067-431133,431144

Education

VEC
ပညာ့ရိပ်သာ

NEC
Naypyidaw Engineering Centre

PEC
PROFESSIONALS' EDUCARE CENTRE (PEC)
09-5127007 ,09-91003859

ချင်းတွင်းကောလိပ်

Arirang
Korean Language Center
No.48, 40th St, Bet; 72nd & 73rd St, BJ Complex, First Floor, Mandalay.
09-2023200

Joy House
Food Center
09-43146445

Travel agencey

Seven Diamond
Express Travels

GI Group Express

Computer

CMSystemz
Communication & Management Systems
Cisco, Microsoft & Wireless Solutions Provider
No. B-25G
32nd St, Bet 77th & 78th Sts
Mandalay, Myanmar
Tel: +95 9 2060779
Tel: +95 9 444008188
info@cmsystemz.com
www.cmsystemz.com

Furniture

ROYAL ROOFING

Sea Bird
Foam Store

Service

Super Mobile
Phone Sale & Service
Ph: 02-68405,68406,24809

မြန်မာတိုင်း(မ်)

Advertising here with
ONLY 5000 KYATS
Hotline : 02 65391, 02 24450